## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ထာဝရလိုအင်သက်တော်စဉ်

(တတိယတွဲ)

အီး၊ဂျီ၊ဝှိုက်ရေးသားပြုစုသည့် “The Desire of Ages” စာအုပ်ကို
ဦးရဲကိုက “ထာဝရလိုအင်သက်တော်စဉ်” အမည်ဖြင့်
မြန်မာပြန်ဆိုသည်

ပထမအကြိမ်



**ထာဝရလိုအင်သက်တော်စဉ်**
**(တတိယတွဲ)**

**ပုံနှိပ်သူ**
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**
ဦးစောမဲမရီထွန်း (၀၀၅၉၄)
ဥက္ကဌ
သတ္တမနေ့အသင်းတော်သာသနာအဖွဲ့ချုပ်၊
၆၈ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၅၀၀၀

တန်ဖိုး – ၂၃၀၀.၀၀

ပထမအကြိမ်

နေရာအသီးသီးတွင် နေထိုင်လျက်ရှိကြသောလူသားတိုင်းတို့၏ စိတ်နှလုံးထဲတွင် မိမိတို့ပိုင်ဆိုင်ထားခြင်းမရှိသေးသည့်အရာများကို ပိုင်ဆိုင်လိုသည့်ဆန္ဒများသည် မဖော်ပြနိုင်အောင်များပြားလျက်ရှိတတ်ပါသည်။ လူသားများသည် ကောင်းစားသည်ဖြစ်စေ၊ ဒုက္ခရောက်သည်ဖြစ်စေ မိမိတို့၏ပစ္စုပ္ပန်အခြေအနေများနှင့်ရောင့်ရဲကျေနပ်မနေတတ်ကြဘဲ တစ်ခုခုကိုတောင့်တနေတတ်ကြပါသည်။ ဤစိတ်ဓာတ်ကလေးကို လူသားများ၏နှလုံးသားဝယ် ဘုရားသခင်ကိုယ်တော်တိုင်ဖန်တီးတော်မူခဲ့ခြင်းဖြစ်ပါသည်။ လူသားများသည် အကောင်းဆုံးသောအရာကို ကြိုးစားရှာဖွေကာ သူ့အသက်ဝိညာဉ်၏ထာဝရကောင်းချီးမင်္ဂလာအတွက် အကောင်းဆုံးသောအရာကို တွေ့ရှိသွားရန် ထာဝရဘုရားအလိုရှိတော်မူပါသည်။

လူသားများ၏ထိုလိုလားတောင့်တမှုကိုလမ်းလွှဲသွားရန် ကောက်ကျစ်သောနည်းလမ်းများကိုအသုံးပြုလျက် စာတန်ကြိုးစားနေပါသည်။ ထိုလိုလားတောင့်တမှုကိုအပျော်အပါး၊ စည်းစိမ်ဥစ္စာ၊ ချမ်းသာကုံလုံခြင်း၊ ကျော်စောကိတ္တိ၊ တန်ခိုးအာဏာစသည့်အရာများအားဖြင့် ဖြည့်စွမ်းပေးနိုင်မည်ဟု လူသားများအားစာတန်အယုံသွင်းခဲ့သော်လည်း၊ ဤအရာများသည် အသက်တာတွင်ငြီးငွေ့မှုကိုသာဖြစ်စေပြီး အသက်ဝိညာဉ်၏လိုလားတောင့်တမှုကို မဖြည့်စွမ်းနိုင်ကြောင်း ၎င်းတို့တွေ့ရှိခဲ့ကြရပါသည်။

လူသားများ၏နှလုံးသားတွင်ဖြစ်ပေါ်နေသော ထိုလိုလားတောင့်တစိတ်သည် ထိုပုဂ္ဂိုလ်အားထိုတောင့်တစိတ်ကိုဖြည့်ဆည်းပေးနိုင်သည့် ဘုရားသခင်ထံတော်သို့ပို့ဆောင်ပေးရန် ထာဝရဘုရားရည်စူးတော်မူပါသည်။ ကိုယ်တော်၏အကြောင်းကိုသိလိုသောဆန္ဒသည် ထိုလိုလားတောင့်တမှုကိုဖြည့်ဆည်းပေးနိုင်သည့် ကိုယ်တော်ရှင့်ထံသို့လမ်းပြပေးနိုင်မည်ဖြစ်ပါသည်။ အလိုပြည့်စုံမှုကို ထာဝရဘုရား၏သားတော်ယေရှုခရစ်တော်၌သာတွေ့ရပါသည်။ "ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ကိန်းဝပ်စေခြင်းငှာ ဘုရားသခင်အလိုတော်ရှိတော်မူ၏" အကြောင်းမူကား၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။





ဟဂ္ဂဲကကိုယ်တော်အား "လူမျိုးအပေါင်းတို့နှစ်သက်ဖွယ်သောအရာ" ဟုခေါ်ဝေါ်သမုတ်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း ကိုယ်တော်အား "ထာဝရလိုအင်သက်တော်စဉ်" ဟု ခေါ်ဝေါ်သမုတ်နိုင်ကြပါမည်။

ခရစ်တော်၏အသက်တော်စဉ်အကြောင်းကို စာအုပ်စာပေပေါင်းများစွာတွင် ရေးသားဖော်ပြထားခဲ့ကြသော်လည်း သက်တော်စဉ်၏အစိတ်အပိုင်းတစ်ဝက်ခန့်ကိုမူ မည်သည့်အချိန်ကမျှ မဖွင့်ဆိုခဲ့ဖူးကြပါ။ ထို့ကြောင့်ခရစ်တော်သည် လိုလားတောင့်တမှုအပေါင်းတို့ကို ဖြည့်ဆည်းပေးနိုင်သည့် တစ်ပါးတည်းသောဘုရားတစ်ဆူဖြစ်ကြောင်းကို ဤစာအုပ်ကဖွင့်ဆိုထားပါသည်။

ဤစာအုပ်တွင် ခရစ်တော်၏သက်တော်စဉ်နှင့်ပတ်သက်သော အရေးကြီးသည့်အဖြစ်အပျက်များနှင့် အံ့ဩဖွယ်ရာသင်ခန်းစာယူစရာများကို အချိန်ကာလအစဉ်အလိုက်ဖော်ပြထားပါသည်။ လူသားတိုင်းမျှဝေခံစားနိုင်သည့် ခရစ်တော်၏အသက်တာတွင် ထင်ရှားခဲ့သည့်ဘုရားသခင်၏အသရေတင့်တယ်မှုတည်းဟူသော ကိုယ်တော်၏မဟာမေတ္တာတော်အကြောင်းကိုလည်း ဖွင့်ဆိုထားပါသည်။

စာရေးသူအမျိုးသမီးကြီးသည် ခရစ်တော်၏သက်တော်စဉ်မှ အသစ်သောတင့်တယ်မှုများကိုဖော်ပြထားပြီး ရတနာသေတ္တာထဲမှ အသစ်စက်စက်သောကျောက်သံပတ္တမြားများကိုထုတ်ယူကာ စာဖတ်သူအားဖွင့်ပြထားပါသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝလျက်ရှိသော အသစ်သောအလင်းတော်များသည် ဤစာအုပ်၏စာမျက်နှာတိုင်းတွင် ထွန်းတောက်လျက်ရှိပါသည်။ အချုပ်အားဖြင့်ဆိုရသော် ဤစာအုပ်တွင် ခရစ်တော်အားဘုရားသခင်၏ပြည့်စုံတော်မူခြင်း၊ အပြစ်သား၏အနန္တကရုဏာနှင့်ပြည့်စုံသော ကယ်တင်ရှင်တရားတော်နေမင်း၊ ယဇ်ပုရောဟိတ်မင်းကြီး၊ အနာကိုပျောက်စေသည့်သမားတော်ကြီး၊ ကြင်နာမှုအပြည့်ရှိသောမိတ်ဆွေ၊ ငြိမ်သက်ခြင်းအရှင်ထာဝရအာဘစသည်စသည်ဖြင့် ဖော်ပြဖွင့်ဟထားပါသည်။

ဤစာအုပ်ထဲတွင်မှတ်တမ်းတင်ထားသည့် စကားလုံးများသည် ယခုတိုင်လိုလားတောင့်တမှုကိုဖြည့်ဆည်းခြင်းမခံရသေးသည့် လူသားများ၏

အသက်ဝိညာဉ်အတွက် အသက်နှင့်စပ်ဆိုင်သောစကားလုံးကလေးများဖြစ်ပါစေဟုဆုတောင်းယင်း ဘုရားသခင်၏စောင့်မမှုကိုခံယူလျက် မြန်မာပြည်တစ်လွှားရှိ ဘုရားသခင်၏သားသမီးများထံသို့ ဤ "ထာဝရလိုအင်သက်တော်စဉ်" စာအုပ်ကိုဖြန့်ဝေလိုက်ရပါသည်။

**ထုတ်ဝေဖြန့်ချိသူများ**

****





တတိယပိုင်း


၄၆ ထူးခြားသောအဆင်းအရောင်နှင့်ပြည့်စုံခြင်း ---------------- ၁
၄၇ အမှုတော်ဆောင်ရွက်ခြင်း ---------------------------- ၉
၄၈ မည်သူသည်အကြီးမြတ်ဆုံးဖြစ်သနည်း ---------------- ၁၉
၄၉ သကေနေပွဲနေ့၌ ---------------------------------- ၄၀
၅၀ ပရိယာယ်ထောင်ချောက်များအကြားဝယ် ---------------- ၅၃
၅၁ အသက်၏အလင်း ------------------------------ ၆၉
၅၂ မြတ်သောသိုးထိန်း ------------------------------ ၉၄
၅၃ ဂါလိလဲသို့နောက်ဆုံးခရီးစဉ် ---------------------- ၁၀၆
၅၄ ကောင်းသောရှမာရိ ------------------------------၁၂၆
၅၅ မျက်မြင်သောအရာ၌မတည် ---------------------- ၁၃၈
၅၆ ကလေးသူငယ်များအားကောင်းချီးပေးခြင်း ------------ ၁၄၇
၅၇ သင်သည်တစ်ခုလိုသေး၏ ---------------------- ၁၅၇
၅၈ လာဇရုထွက်၍လာလော့ -------------------------- ၁၆၆
၅၉ ယဇ်ပုရောဟိတ်များ၏မတရားကြံစည်မှုများ ------------ ၁၈၉
၆၀ နိုင်ငံတော်သစ်၏ပညတ်တော် -------------------- ၂၀၀
၆၁ ဇက္ခဲ ---------------------------------------- ၂၀၉
၆၂ ရှိမုန်အိမ်တွင်ကျင်းပသည့်စားသောက်ပွဲ ----------------၂၁၇
၆၃ အရှင်မင်းကြီးကြွလာခြင်း --------------------------၂၃၉
၆၄ အပြစ်ဒဏ်စီရင်ခြင်းခံရသောလူမျိုး ------------------ ၂၅၈
၆၅ ဗိမာန်တော်ကိုနောက်တစ်ဖန်ဆေးကြောခြင်း ------------၂၇၂
၆၆ အချေအတင်ပြောဆိုခြင်း ------------------------ ၂၉၅
၆၇ ဖာရိရှဲများအပေါ်ကျရောက်သည့်အမင်္ဂလာများ ---------- ၃၁၁
၆၈ ဗိမာန်တော်၏အပြင်ပရိဝုဏ်၌ -------------------- ၃၃၃

# tcef; (46)
# xl;jcm;aontqif;taNmifESifhjynfhpkHjcif;

ရှင်မဿဲ ၁၇း၁–၈၊ မာကု ၉း၂–၈၊ လုကာ ၉း၂၈–၃၆ ကိုအခြေပြုထားပါသည်။

သခင်ယေရှုသည် ပေတရု၊ ယာကုပ်၊ ယောဟန်တို့အားခေါ်တော်မူ၍ လယ်ကွင်းများကိုဖြတ်ကျော်ကာ မြင့်လှစွာသောတောင်ပေါ်သို့တက်သွားသော အချိန်တွင်၊ နေအတော်စောင်းနေပေပြီ။ တစ်နေ့လုံးခရီးသွားလာပြီး တရားဒေသနာများကိုသွန်သင်နေခဲ့ရသဖြင့် ကိုယ်တော်နှင့်တကွ တပည့်တော်သုံးယောက်တို့သည် မောပန်းနွမ်းရိစွာဖြင့်တောင်ပေါ်သို့တက်ခဲ့ကြရပါသည်။ ခရစ်တော်သည် ဒုက္ခသည်များစွာတို့၏ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခများကို ပေ့ါပါးစေခဲ့ပါသည်။ အားနည်းသောသူများအား ဝမ်းသာရွှင်လန်းစေခဲ့ပါသည်။ သို့သော်လည်း လူသားဇာတိနှင့်ပတ်ရစ်ထားသည့်ကိုယ်တော်သည် တပည့်တော်များနှင့်အတူ ပင်ပန်းမောဟိုက်စွာဖြင့် တောင်ပေါ်သို့တက်တော်မူခဲ့ရပါသည်။

ဝင်တော့မည့်ဆဲဆဲနေမင်းကြီး၏အလင်းသည် တောင်ထိပ်တွင်ဆက်လက်ထွန်းလင်းနေဆဲဖြစ်ပါသည်။ မှုန်ရီမှုန်ဝါးအလင်းရောင်တွင် သူတို့လျှောက်လှမ်းခဲ့သည့်လမ်းကြောင်းကလေးကိုလည်း မြင်တွေ့နိုင်ကြပါသေးသည်။ သို့သော်လည်း မကြာမီတွင် အနောက်မိုးကုပ်စက်ဝိုင်းကြီးထဲသို့ နေမင်းကြီးဝင်သွားကာပျောက်ကွယ်သွားသဖြင့် လွင်ပြင်များ၌အလင်းရောင်ကွယ်ပျောက်သွားသကဲ့သို့ တောင်ကုန်းများပေါ်တွင်လည်း မှောင်မည်းလာပါတော့သည်။ အဖော်မပါထိုခရီးသွားများအား ည၏အမှောင်ထုသည် လွှမ်းခြုံထားပါသည်။ မှောင်မည်းသောထိုပတ်ဝန်းကျင်သည် ဒုက္ခများဖြင့်ပြည့်ဝနေသော ဝမ်းနည်းဖွယ်ရာငင်းတို့၏အသက်တာများနှင့် ဆီလျော်သလိုဖြစ်နေပါသည်။

တမန်တော်များသည် ဘာရည်ရွယ်ချက်နှင့်ဘယ်ကိုသွားမှာလဲဟု ခရစ်တော်ကိုမမေးရဲကြချေ။ ကိုယ်တော်သည် တောင်ပေါ်တွင်တစ်ညလုံးသွားရောက်ဆုတောင်းလေ့ရှိပါသည်။ တောင်များနှင့်လွင်ပြင်များကိုဖန်ဆင်းတော်





မူသည့်လက်တော်ကိုပိုင်တော်မူသော ကိုယ်တော်ရှင်သည် သဘာဝတောတောင်များနှင့်ရင်းနှီးပြီးဆိတ်ငြိမ်မှုကိုမြတ်နိုးတော်မူပါသည်။ တမန်တော်များသည် ကိုယ်တော်ရှင်လမ်းပြတော်မူသည့်အတိုင်းလိုက်ခဲ့ကြသော်လည်း မောပန်းနွမ်းလျနေကြပြီး ကိုယ်တော်ရှင်ကိုယ်တိုင်လည်းအနားယူရန်လိုအပ်နေသောအချိန်အခါမျိုးတွင် အဘယ်ကြောင့် ယခုကဲ့သို့ကြမ်းတမ်းသောတောင်တက်ခရီးကိုငင်းတို့အားခေါ်လာရသနည်းဟု စဉ်းစားနေကြပါသည်။

ထို့နောက် တစ်နေရာသို့ရောက်သော် ရှေ့ဆက်သွားရန်မလိုတော့ဟု ခရစ်တော်မိန့်တော်မူပြီး ငင်းတို့နှင့်မလှမ်းမကမ်းနေရာသို့ထွက်ခွာကာ ငိုကြွေးမျက်ရည်ကျလျက် ဆုတောင်းပတ္ထနာပြုတော်မူပါသည်။ ကိုယ်တော်သည် လူသားများကိုယ်စားခံရမည့် ဒုက္ခဆင်းရဲခြင်းများကို ခံနိုင်ရည်ရှိရန်လိုအပ်သောခွန်အားများကို တောင်းခံနေပါသည်။ ကိုယ်တော်သည်အနန္တတန်ခိုးရှင်နှင့်အသစ်သောအဆက်အသွယ်ကို ပြုရမည်ဖြစ်ပါသည်။ အကြောင်းမူကားထိုနည်းအားဖြင့်သာ အနာဂတ်ရေးရာများကိုအာရုံပြုနိုင်မည်ဖြစ်ပါသည်။ ဒုက္ခဆင်းရဲခြင်းကာလတွင် တမန်တော်များ၏ယုံကြည်စိတ်များပျက်ပြားမသွားစေရန်လည်း ဖွင့်ဟဆုတောင်းတော်မူခဲ့ပါသည်။ ခါးကုန်း၍ဆုတောင်းနေသောခန္ဓာကိုယ်ပေါ်ဝယ် ဆီးနှင်းမှုန်များသိပ်သည်းစွာကျနေသော်လည်း ကိုယ်တော်သည် ထိုအရာများကိုအရေးမစိုက်ခဲ့ချေ။ ညမှောင်ရိပ်သည်ထူထပ်လာသော်လည်း ထိုအမှောင်ကိုကိုယ်တော်ဂရုမစိုက်ခဲ့ချေ။ အချိန်နာရီများသည်ကုန်ခဲလှပါသည်။ ရှေးဦးစွာ၌ ထိုတမန်တော်များသည် ကိုယ်တော်နှင့်အတူဆုတောင်းခဲ့ကြသော်လည်း ကြိုးစားလုပ်ဆောင်နေသည့်ကြားမှ ပင်ပန်းနွမ်းလျမှုကြောင့်နောက်ပိုင်းတွင်အိပ်ပျော်သွားခဲ့ကြပါသည်။ သခင်ယေရှုသည် မိမိခံစားရမည့်ဝေဒနာအကြောင်းကို ငင်းတို့အားပြောပြထားပြီးဖြစ်ပါသည်။ မိမိနှင့်အတူဆုတောင်းကြရန်လည်း ငင်းတို့အားမိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ယခုတွင်မူကိုယ်တော်သည် ငင်းတို့အတွက်ဆုတောင်းပေးနေရပါသည်။ ယေရှုသည် တပည့်တော်များ၏စိတ်ညှိုးငယ်မှုများကိုမြင်တွေ့တော်မူသဖြင့် ငင်းတို့၏ယုံကြည်ခြင်းအား အလဟဿဖြစ်မသွားစေရန်အလို့ငှာ ငင်းတို့ခံစားနေရ

သောဝမ်းနည်းကြေကွဲမှုကို အာမခံချက်တစ်ခုအားဖြင့် ပေါ့ပါးအောင်လုပ်ပေးရန် လိုလားတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ပေးလိုတော်မူသည့်အနာဂတ်တော်ကို ယုဒလူအားလုံးမဆိုထားနှင့် တမန်တော်တစ်ဆယ့်နှစ်ပါးပင်လျှင် ခံယူနိုင်စွမ်း မရှိပါချေ။ သို့အတွက် ဂေသရေမန်အရပ်တွင် ကိုယ်တော်ရှင်ခံစားရမည့် ဝေဒနာကို မြင်တွေ့ကြရမည့်တမန်တော်သုံးပါးကိုသာ တောင်ပေါ်သို့မိမိနှင့် အတူလိုက်ပါလာရန် ကိုယ်တော်ရွေးချယ်တော်မူခဲ့ပါသည်။ ထိုနောက် ကမ္ဘာ မတည်မရှိမီကတည်းက အဖဘုရားသခင်နှင့်အတူ ပိုင်ဆိုင်တော်မူခဲ့သည့် မိမိ၏ဘုန်းတော်ကိုလည်းကောင်း၊ မိမိ၏နိုင်ငံတော်ကိုလည်းကောင်း ၎င်း တို့၏လူသားမျက်စိများဖြင့်မြင်တွေ့နိုင်ဖို့ဖော်ပြရန်နှင့် ထိုအရာများကို မြင်တွေ့နိုင်ဖို့ ထိုတမန်တော်များအားခွန်အားပေးရန် ကိုယ်တော်ရှင် ဆုတောင်းတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ဒုက္ခဝေဒနာခံစားနေရသော အချိန်တွင် မိမိသည်ဘုရားသခင်သားတော်မှန်ကန်ကြောင်းနှင့် ရှက်ကြောက် ဖွယ်သောအသေခံခြင်းသည် ကယ်တင်ခြင်းစီမံကိန်း၏တစ်စိတ်တစ်ဒေသ ဖြစ်ကြောင်းကိုသိရှိကာ နှစ်သိမ့်မှုဖြစ်စေသည့် ကိုယ်တော်၏ဘုရားဇာတိ တော်အကြောင်းကို တမန်တော်များထင်ရှားစွာတွေ့မြင်နိုင်စေရန်အတွက်လည်း ကိုယ်တော်ရှင်တောင်းလျှောက်တော်မူခဲ့ပါသည်။

ထိုဆုတောင်းချက်ကို ဘုရားသခင်နားညောင်းတော်မူခဲ့ပါသည်။ ကျောက်မြေပေါ်တွင် ဦးညွှတ်ဒူးထောက်လျက်ရှိစဉ်တွင် ရုတ်တရက်ချက်ချင်း ကောင်းကင်တံခါးပွင့်လာပြီး ရောင်ခြည်တော်များသည် တောင်ပေါ်သို့ကျရောက် ထွန်းလင်းလာကာ ကိုယ်တော်ရှင်၏ပတ်လည်တွင် ဘုန်းရောင်ခြည်များကွန့် မြူးလျက်ရှိနေပါသည်။ ကိုယ်တော်၏အတွင်းဘုရားဇာတိတော်သည် လူသား ဇာတိမှတစ်ဆင့်ထွန်းလင်းလာပြီး အထက်ကောင်းကင်နိုင်ငံတော်မှကျလာသည့် ဘုန်းတော်နှင့်ပေါင်းစည်းသွားပါသည်။ ခရစ်တော်သည် ပျပ်ဝပ်နေသောအနေ အထားမှထလိုက်ပြီး ဘုရားကဲ့သို့ရှိသေဖွယ်သောအနေအထားမျိုးနှင့် ရပ်တော် မူလိုက်ပါသည်။ ကိုယ်တော်ခံစားရသောစိတ်ဆင်းရဲမှုများလည်း ပျောက်ကွယ် သွားပေပြီ။ မျက်နှာတော်သည် နေရောင်ကဲ့သို့တောက်ပလျက် ဝတ်ရုံတော် သည်အလင်းကဲ့သို့ဖြူဖွေးလျက်ရှိပါသည်။



အိပ်နေရာမှနိုးလာသည့်တမန်တော်များသည် တစ်တောင်လုံးတွင် ဘုန်းရောင်ခြည်များနှင့်ထွန်းလင်းနေသည်ကိုမြင်တွေ့သောအခါ ကြောက်ရွံ့ အံ့သြစွာဖြင့် သခင်ဘုရား၌ကွန့်မြူးနေသောရောင်ခြည်တော်များကို စူးစိုက် ၍ကြည့်ရှုနေကြပါသည်။ အံ့သြဖွယ်လင်းရောင်ခြည်များကို ကြည့်သားကျ လာသောအခါ ကိုယ်တော်ရှင်သည် တစ်ပါးတည်းရပ်နေသည်မဟုတ်ဘဲ နံဘေးတွင်ရပ်နေသည့်ကောင်းကင်သားနှစ်ဦးနှင့်စကားပြောနေသည်ကို သူတို့ တွေ့မြင်ကြရပါသည်။ ထိုသူများမှာ သိနာတောင်ပေါ်တွင် ဘုရားသခင်နှင့် စကားပြောခဲ့ဖူးသည့် မောရှေနှင့်သေခြင်းကိုမမြည်းစမ်းခဲ့ရသော အာဒံ၏သား များအနက် တစ်ဦးဖြစ်သည့်ဧလိယပင်ဖြစ်ကြပါသည်။

လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင့်ငါးရာအချိန်က မောရှေသည်ပိသဂါ တောင်ပေါ်တွင်ရပ်၍ ကတိထားတော်မူသည့်ပြည်ကိုကြည့်ခဲ့ပါသည်။ သို့သော် လည်း မောရိဘစမ်းနားတွင် ကျူးလွန်မိခဲ့သောအပြစ်ကြောင့် ထိုပြည်သို့ဝင် ခွင့်မရခဲ့ချေ။ ဘိုးဘေးများအားကတိထားခဲ့သောအမွေခံရာမြေသို့ ဣသရေလ များအား ဦးဆောင်ရခြင်းသည် ၎င်းအတွက်ပျော်ရွှင်စရာမကောင်းခဲ့ပါချေ။ "အကျွန်ုပ်သည် ယော်ဒန်မြစ်တစ်ဖက်သို့ကူး၍ ထိုကောင်းမွန်သောပြည် နှင့်လေဗနုန်တောင်မှစ၍ တင့်တယ်သောတောင်များကိုမြင်ရမည်အကြောင်း အခွင့်ပေးတော်မူပါ" ဟူသောခံစားချက်ပြင်းပြစွာဖြင့်ပြုလုပ်ခဲ့သော တောင်းဆို မှုကိုလည်းငြင်းပယ်ခံခဲ့ရပါသည်။ (တရားဟောရာ ၃း၂၅) တောထဲတွင်လှည့် လည်သွားလာစဉ် နှစ်ပေါင်းလေးဆယ်လုံးလုံး အမှောင်ထုအတွက်အလင်း ဖြစ်စေခဲ့သောမျှော်လင့်ချက်သည်လည်း ငြင်းဆန်ခြင်းခံရမည်ဖြစ်ပါသည်။ တောထဲမှသင်္ချိုင်းဂူသည် စိတ်ပင်ပန်းလူပင်ပန်းဖြင့်လုပ်ဆောင်ခဲ့သော ထိုနှစ် များ၏ပန်းတိုင်ဖြစ်ခဲ့ရပါသည်။ သို့ရာတွင် ငါတို့တောင်းပန်ကြံစည်သမျှ ထက် အလွန်ထူးခြားစွာပြုခြင်းငှာတတ်နိုင်တော်မူသောဘုရားသခင်သည် (ဧဖက် ၃း၂၀) ကိုယ်တော့်ကျွန်၏ဆုတောင်းသံကို အတိုင်းအတာတစ်ခုအားဖြင့် အဖြေပေးတော်မူခဲ့ပါသည်။ မောရှေသည် သေမင်း၏အရိပ်တွင်လျှောက်လှမ်းခဲ့ ရသော်လည်း သင်္ချိုင်းဂူထဲတွင်အစဉ်သဖြင့်နေခဲ့ရသည်မဟုတ်ချေ။ ခရစ်တော်

ကိုယ်တော်တိုင် ၎င်းအားထမြောက်စေတော်မူခဲ့ပါသည်။ (ယုဒ ၉)။ ထိုတောင်ပေါ်တွင်ရောက်ရှိနေသောမောရှေသည် အပြစ်နှင့်သေခြင်းတရားအပေါ် အောင်ပန်းဆွတ်ခဲ့သော ခရစ်တော်၏အောင်ပန်းအတွက် သက်သေခံတစ်ဦးဖြစ်ခဲ့ပါသည်။ သူသည် သင်္ချိုင်းတွင်းမှရှင်ပြန်ထမြောက်လာမည့် ဖြောင့်မတ်သူများကိုယ်စားပြုပါသည်။ သေခြင်းကိုမမြည်းစမ်းရဘဲ ကောင်းကင်နိုင်ငံတော်သို့ရောက်သွားသည့်ဧလိယသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအချိန်၌ အသက်ရှင်လျက်ရှိနေကြပြီး နောက်ဆုံးတံပိုးမှုတ်သောအချိန်၌ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း၊ ယခုမျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့လည်းကောင်း၊ သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့လည်းကောင်း ပြောင်းလဲသွားမည့်သူများကို ကိုယ်စားပြုပါသည်။ (၁ကော ၁၅း၅၁–၅၃) နောက်တစ်ဖန် ထိုသခင်အားမျှော်လင့်လျက်နေသောသူတို့ကို ကယ်တင်ရန်အလို့ငှာ အပြစ်နှင့်မဆိုင်ဘဲပေါ်ထွန်းလာမည့်အချိန်ကဲ့သို့ ယခုတွင်သခင်ယေရှုကို ကောင်းကင်၏အလင်းဖြင့်ပတ်ရစ်ထားခဲ့ပါသည်။ (ဟေဗြဲ ၉း၂၈)။ အကြောင်းမူကား ကိုယ်တော်သည် မိမိအဖခမည်းတော်၏ဘုန်းအာနုဘော်ကိုဆောင်လျက် ကြွလာမည်ဖြစ်သောကြောင့်တည်း။ မာကု ၈း၃၈။ တမန်တော်များအားပေးတော်မူခဲ့သောကတိတော်များသည် ယခုတွင်ပြည့်စုံလျက်ရှိပါသည်။ ဘုန်းဝင်စားမည့်အနာဂတ်နိုင်ငံတော် အသေးစားကလေးကို ထိုတောင်ပေါ်တွင်ရုပ်လုံးဖော်ခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်သည်ဘုရင်ကြီးဖြစ်၍ မောရှေသည်ထမြောက်သောသန့်ရှင်းသောသူများကိုကိုယ်စားပြုပြီး ဧလိယသည် သေခြင်းကိုမမြည်းစမ်းရဘဲ ပြောင်းလဲသွားသောသူများကိုကိုယ်စားပြုပါသည်။

တမန်တော်များသည် ဤမြင်ကွင်း၏အနက်အဓိပ္ပါယ်ကို မသိမြင်ကြသေးသော်လည်း ခိုကိုးရာမဲ့ညှိုးငယ်သည့်သည်တစ်ဦးအနေဖြင့် လှည့်လည်သွားလာနေရသည့် နူးညံ့၍နိမ့်ကျသော်လည်း သည်းခံခြင်းနှင့်ပြည့်ဝသော ၎င်းတို့၏သခင်ဘုရားအား ကောင်းကင်သားများကဂုဏ်ပြုကြသည့်အတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြပါသည်။ ဧလိယသည် မေရှိယ၏နိုင်ငံတည်ထောင်



ခြင်းကို ကြေညာရန်အတွက်ကြွလာခဲ့သည်ကိုလည်းကောင်း၊ ခရစ်တော်၏နိုင်ငံတော်သည် ဤကမ္ဘာမြေပေါ်တွင် မကြာမီအတွင်းတည်ထောင်တော့မည်ကိုလည်းကောင်း သူတို့ယုံကြည်ခဲ့ကြပါသည်။ ၎င်းတို့တွေ့ကြုံခဲ့ရသောကြောက်လန့်စရာများနှင့်စိတ်ပျက်စရာများကို သူတို့အမြဲပယ်ရှားထားရပါလိမ့်မည်။ ဘုရားသခင်၏ဘုန်းရောင်ခြည်တော်ကွန့်မြူးရာဤနေရာတွင် သူတို့နေထိုင်လိုကြပါသည်။ ထို့ကြောင့် "သခင်ဤအရပ်၌နေဖွယ်ကောင်းပါ၏။ ကိုယ်တော်ဖို့တဲတစ်ဆောင်၊ မောရှေဖို့တဲတစ်ဆောင်၊ ဧလိယဖို့တစ်ဆောင်တဲသုံးဆောင်ကိုအလိုတော်ရှိလျှင် အကျွန်ုပ်တို့သည်ဆောက်လုပ်ပါမည်" ဟုလျှောက်ထားကြ၏။ ဘုရားသခင်သည် မောရှေနှင့်ဧလိယအားဘုရင်တစ်ပါးအဖြစ် နိုင်ငံတော်တည်ထောင်မည့်၎င်းတို့၏သခင်ကို ကာကွယ်စောင့်ရှောက်ရန်စေလွှတ်တော်မူခဲ့သည်ဟု ၎င်းတို့ယုံကြည်ခဲ့ကြပါသည်။

သို့ရာတွင် သရဖူမဆောင်းမီ ကပ်တိုင်တက်ရမည်ဖြစ်ပါသည်။ ထိုသူတော်စင်နှစ်ပါးသည် ခရစ်တော်နှင့်တိုင်ပင်ဆွေးနွေးနေသည့်အရာမှာ ခရစ်တော်၏ဘိသိက်ခံပွဲအကြောင်းမဟုတ်ဘဲ၊ ယေရုရှလင်မြို့တွင် ကိုယ်တော်တွေ့ကြုံရမည့်အသေခံခြင်းအကြောင်းပင်ဖြစ်ပါသည်။ သခင်ယေရှုသည် ဝမ်းနည်းမှုနှင့်အပြစ်တရား၏ဝန်ထုပ်ဝန်ပိုးများအောက်တွင် လူသားများ၏အားနည်းချက်များကိုယူတင်ဝတ်ဆောင်လျက် လူ့လောကအလယ်တွင် တစ်ကိုယ်တည်းလျှောက်လှမ်းခဲ့ရပါသည်။ ချဉ်းကပ်လာလျက်ရှိသော ဒုက္ခဆင်းရဲခြင်း၏အမှောင်ထုသည် ကိုယ်တော်အပေါ်သို့ဖိစီးလာသည်နှင့်အမျှ မိမိအားမသိရှိကြသောကမ္ဘာတွင် ကိုယ်တော်သည်စိတ်အားငယ်ခဲ့ရပါသည်။ သံသယစိတ်များ၊ ဝမ်းနည်းခြင်းများနှင့် မျှော်လင့်ချက်ကြီးမားလွန်းခြင်းများတွင် မျောပါနေသော ကိုယ်တော်၏ချစ်သားတပည့်တော်များပင်လျှင် အမှုတော်မြတ်၏နက်နဲမှုကိုမသိနားမလည်ခဲ့ကြချေ။ ကိုယ်တော်သည် ကောင်းကင်အသိုက်အဝန်း၏မေတ္တာပတ်ဝန်းကျင်တွင် စိုးစံတော်မူခဲ့ရသော်လည်း၊ မိမိဖန်ဆင်းသောဤကမ္ဘာတွင်မူ အထီးကျန်နေထိုင်တော်မူခဲ့ရပါသည်။ ယခုတွင်မူ ဆင်းရဲဒုက္ခများနှင့်ဝမ်းနည်းမှုများကို ကိုယ်တိုင်ခံစားခဲ့ကြပြီး၊ ခရစ်တော်၏လောကအသက်တာကို စာနာထောက်ထားနိုင်ကြသည့်ကောင်းကင်နိုင်ငံတော်တွင်

ဘုန်းဝင်စားနေကြသော ကောင်းကင်တမန်မဟုတ်သည့်လူသားများကို ကိုယ်တော်ထံသို့ဘုရားသခင်စေလွှတ်တော်မူခဲ့ပါသည်။ မောရှေနှင့်ဧလိယတို့သည် ခရစ်တော်နှင့်အတူအမှုတော်ဆောင်ခဲ့သူများဖြစ်ကြပါသည်။ လူသားများ၏ ကယ်တင်ခြင်းအလို့ငှာ ကိုယ်တော်၏တောင့်တချက်များကို သူတို့မျှဝေခဲ့ကြပါသည်။ သူတို့အပြစ်ကိုလွှတ်ခြင်းငှာ အလိုတော်ရှိလျှင်လွှတ်တော်မူပါ။ (သို့မဟုတ်) ကိုယ်တော်စီရင်တော်မူသောစာရင်း၌ အကျွန်ုပ်နာမည်ကိုချေတော်မူပါဟူ၍ မောရှေသည်ဣသရေလများအတွက် ဘုရားသခင်ထံတွင် တောင်းလျှောက်ခဲ့ပါသည်။ (ထွက် ၃၂း၃၂)။

ဧလိယသည် အထီးကျန်ဘဝ၏စိတ်အားငယ်မှုများကို ခံစားခဲ့ဖူးပါသည်။ ယုဒပြည်တွင်သုံးနှစ်ခွဲလုံးလုံးငတ်မွတ်ခေါင်းပါးစဉ် ပြည်သူများ၏ မုန်းတီးမှုနှင့်ငြိုငြင်မှုများကိုခံခဲ့ရပါသည်။ ကရမေလတောင်ပေါ်တွင် သူတစ်ဦးတည်းသာဘုရားသခင်ဘက်၌ ရပ်တည်ခဲ့ပါသည်။ သူတစ်ဦးတည်းသာဝမ်းနည်းပူဆွေးစွာဖြင့် တောထဲသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ပလ္လင်တော်နားတွင်ခစားနေကြသော ကောင်းကင်တမန်များအထက် ရွေးချယ်ခြင်းခံရသော ဤသူများသည် ကိုယ်တော်ခံစားရမည့်အရာများနှင့်စပ်လျဉ်း၍ဆွေးနွေးရန်နှင့် ကောင်းကင်မှစာနာထောက်ထားမှုများကိုဖော်ပြ၍ ကိုယ်တော်အားနှစ်သိမ့်မှုပေးရန် လောကသို့ဆင်းသက်လာခဲ့ကြပါသည်။ လူသတ္တဝါတိုင်း ကယ်တင်ခြင်းရရှိရေးတည်းဟူသော လောကကမ္ဘာအပေါ်ထားရှိမည့်မျှော်လင့်ခြင်းအကြောင်းကိုအလေးပေး၍ ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

တမန်တော်များသည် အိပ်ငိုက်နေကြသဖြင့် ခရစ်တော်နှင့်ကောင်းကင်သားများပြောဆိုကြသည့်စကားများကို အနည်းငယ်သာကြားလိုက်ကြရပါသည်။ သူတို့သည်ဆုတောင်းလျက်စောင့်ဆိုင်းနေရန် ပျက်ကွက်ခဲ့ကြသဖြင့် ဘုရားသခင်အသိပေးလိုတော်မူသည့် ခရစ်တော်ခံစားရမည့်ဒုက္ခဝေဒနာများနှင့် ဆက်တိုက်ဖြစ်ပျက်လာမည့် သုခချမ်းသာများအကြောင်းကို သူတို့မကြားလိုက်ကြရချေ။ ကိုယ်တော်၏အနစ်နာခံမှုကြောင့် ၎င်းတို့ရရှိကြမည့် ကောင်းချီးမင်္ဂလာများကို သူတို့လက်လွှတ်ခဲ့ကြရသည်။ တမန်တော်များသည် ယုံကြည်မှုနှေးကွေးခဲ့ကြပြီး၊ ဘုရားသခင်က ၎င်းတို့ကြွယ်ဝချမ်းသာစေဖို့ ပေးလိုသည့်ရတနာများကို တန်ဖိုးမထားခဲ့ကြချေ။



သို့စေကာမူ ကြီးမားသောအလင်းကိုသူတို့ရရှိခဲ့ကြပါသည်။ ခရစ်တော်ကိုငြင်းဆန်ခဲ့ခြင်းကြောင့် ယုဒလူများတွင်အပြစ်ရှိသည်ကို ကောင်းကင်နိုင်ငံတော်တစ်ခုလုံးမှသိရှိကြောင်း သူတို့အားစိတ်ချစေခဲ့ပါသည်။ ကယ်တင်ရှင်၏အမှုတော်အကြောင်းကိုလည်း ရှင်းလင်းစွာသိရှိလာခဲ့ကြပါသည်။ လူသတ္တဝါများနားလည်နိုင်စွမ်းမရှိသောအရာများကို မျက်စိနှင့်မြင်၍နားဖြင့်ကြားခဲ့ကြရပါသည်။ သူတို့သည် "ဘုန်းအာနုဘော်ကိုကိုယ်တိုင်မြင်သောသူ" များဖြစ်ကြပါသည်။ (၂ပေ ၁း၁၆)။ ၎င်းပြင် သခင်ယေရှုသည် ရှေးဘိုးဘေးပုရောဖက်များသက်သေခံခဲ့သော မေရှိယအစစ်အမှန်ဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်အားမေရှိယအနေဖြင့် ကောင်းကင်မှအသိအမှတ်ပြုခဲ့သည်ကိုလည်းကောင်း သူတို့သိရှိခဲ့ကြပါသည်။

သူတို့သည် တောင်ပေါ်မှထိုမြင်ကွင်းကိုကြည့်ရှုနေကြစဉ်တွင် ထွန်းလင်းသောမိုးတိမ်သည် ထိုသူတို့ကိုလွှမ်းမိုး၍ "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း၊ သူ၏စကားကိုနားထောင်ကြလော့" ဟု မိုးတိမ်ထဲမှထွက်ပေါ်လာသောအသံတော်ကို ကြားခဲ့ကြရပါသည်။ တောထဲတွင်ဣသရေလများ၏ရှေ့မှသွားခဲ့သော မိုးတိမ်ထက်ထွန်းတောက်သော၊ ဘုန်းတော်နှင့်ပြည့်ဝသော ထိုမိုးတိမ်ကိုမြင်ကြရပြီး၊ တောင်များကိုလှုပ်ခါသွားစေသည့် ဩဇာတိက္ကမနှင့်ပြည့်စုံသောအသံတော်ကိုကြားရသဖြင့် တပည့်တော်များသည်ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ပျပ်ဝပ်လိုက်ကြပါသည်။ ခရစ်တော်သည် သူတို့အနားသို့ချဉ်းကပ်လာပြီး တို့ထိလိုက်ကာ "ထကြ၊ မကြောက်ကြနှင့်" ဟူ၍အကြောက်ပြေသွားစေရန် ၎င်းတို့ကျက်မိသောအသံဖြင့်မပြောမီတိုင်အောင် သူတို့သည်မျက်နှာများကိုငုံ့ထားကာ မြေတွင်ပျပ်ဝပ်လျက်နေကြပါသည်။ အရဲစွန့်၍မော့ကြည့်လိုက်သောအခါ ကိုယ်တော်အားရစ်ပတ်ထားသည့်ရောင်ခြည်တော်များနှင့်တကွ မောရှေ၊ ဧလိယတို့သည် ပျောက်ကွယ်သွားပြီဖြစ်ကြောင်း သူတို့တွေ့လိုက်ကြရပါသည်။ တောင်ပေါ်တွင် ခရစ်တော်နှင့်အတူ သူတို့သုံးဦးသာရှိနေကြပါတော့သည်။

****

# tcef; (47)
# trlTawmfaqmif&Guf;jcif;

ရှင်မဿဲ ၁၇း၉-၂၁။ ရှင်မာကု ၉း၉-၂၉။ ရှင်လုကာ ၉း၃၇-၄၅ တို့ကိုအခြေပြုထားပါသည်။

ခရစ်တော်နှင့်တပည့်တော်များသည် တောင်ပေါ်တွင်တစ်ညလုံးနေခဲ့ကြပြီးနောက်၊ အရုဏ်ကျင်း၍အလင်းသို့ရောက်လာသောအခါ တောင်ပေါ်မှဆင်းလာခဲ့ကြပါသည်။ ထိုတမန်တော်သုံးပါးသည် အတွေးရေယဉ်ကြောဝယ်နစ်မျော၍ စိုးရွံ့ထိတ်လန့်ပြီး၊ ငြိမ်သက်လျက်ရှိကြပါသည်။ ပေတရုပင်လျှင်စကားတစ်လုံးမျှမပြောနိုင်တော့ချေ။ ကောင်းကင်မှရောင်ခြည်တော်များကွန့်မြူးပြီး၊ သားတော်ဘုရား၏ဘုန်းတော်ကိုထင်ရှားစေခဲ့သော သန့်ရှင်းသည့်ထိုနေရာတွင် တစ်ညလုံးနေထိုင်ခဲ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြသော်လည်း၊ ခရစ်တော်အားရပ်ဝေးရပ်နီးသို့ သွားလာရှာဖွေနေကြသည့်လူအပေါင်းတို့အတွက် ကူညီလုပ်ဆောင်ပေးရန် သူတို့၌တာဝန်ရှိနေပါသေးသည်။ တောင်အောက်တွင်ကျန်နေရစ်ခဲ့သော်လည်း ခရစ်တော်သွားသည့်နေရာကိုမသိရှိကြသည့်တမန်တော်များ၏ဦးဆောင်မှုဖြင့် တောင်ခြေရင်းတွင် လူအုပ်ကြီးသည်စုရုံးနေကြပါသည်။ ကိုယ်တော်သည် တောင်အောက်သို့ဆင်းကြွလာစဉ်တွင် "လူသားသည် သေခြင်းမှမထမြောက်မီတိုင်အောင် သင်တို့ယခုမြင်သောရူပါရုံကို အဘယ်သူအားမျှမပြောကြနှင့်" ဟု တောင်ပေါ်မှမြင်ကွင်းကိုမြင်ခဲ့ရသောတမန်တော်သုံးပါးအား ပညတ်တော်မူ၏။ မြင်တွေ့ခဲ့ရသောမြင်ကွင်းများမှာငင်းတို့၏စိတ်ထဲတွင် လေးလေးနက်နက်စဉ်းစားဆင်ခြင်ရန်သာဖြစ်ပြီး၊ အခြားသူများအားသွားရောက်ပြောကြားရန်မဟုတ်ချေ။ ထိုအကြောင်းအရာကို လူအုပ်ကြီးအားပြောပြခြင်းအားဖြင့် ရယ်စရာ (သို့မဟုတ်) အချည်းနှီးအံ့သြစရာတစ်ခုသာဖြစ်သွားပေလိမ့်မည်။ တောင်အောက်တွင်ကျန်ရစ်ခဲ့သော တမန်တော်ကိုးပါးသည်ပင်လျှင် ထိုမြင်ကွင်းကိုခရစ်တော်ထမြောက်တော်မူသည့်အချိန်အထိ နားမလည်



ခဲ့ကြချေ။ ပေတရု၊ ယာကုပ်၊ ယောဟန်တည်းဟူသောတမန်တော်ကြီးများအားခရစ်တော်ကိုယ်တော်တိုင် အနာဂတ်တွင်ဖြစ်ပျက်မည့်အရာများအားလုံးကိုသွန်သင်တော်မူခဲ့သော်လည်း ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ ဒွိဟမကင်းကြောင်းသူတို့ထုတ်ဖော်ပြောဆိုခဲ့ခြင်းများအားဖြင့် တတ်သိနားလည်မှုနည်းပါးကြောင်းတွေ့မြင်ခဲ့ရပါသည်။ သို့ရာတွင် ခရစ်တော်ထံမှရှင်းလင်းချက်တစ်စုံတစ်ရာကိုမျှ သူတို့မတောင်းခံခဲ့ကြချေ။ အနာဂတ်ရေးနှင့်ပတ်သက်သောကိုယ်တော်၏နှုတ်ထွက်စကားများသည် သူတို့အားဝမ်းနည်းစေသောကြောင့်ဆက်လက်ဖြစ်ပျက်မည့်အရာများကို သူတို့သိရန်မကြိုးစားကြတော့ချေ။

လူအပေါင်းတို့သည် ကိုယ်တော်ရှင်အား လွင်ပြင်၌တွေ့မြင်လိုက်ကြသောအခါ ရိုသေဝမ်းမြောက်ဖွယ်စကားများဖြင့်နှုတ်ဆက်ရန် ကိုယ်တော်ထံပြေးသွားခဲ့ကြပါသည်။ သို့ရာတွင် ထိုသူများသည် စိတ်ဒုက္ခရောက်နေကြသည်ကိုလည်းကောင်း၊ တမန်တော်များသည် စိတ်ရှုပ်ထွေးနေကြသည်ကိုလည်းကောင်း ကိုယ်တော်ရှင်ထိုးထွင်းသိမြင်တော်မူလိုက်ပါသည်။ ဖြစ်ပျက်ခဲ့သောအခြေအနေများသည် ၎င်းတို့အားခါးသီးသောစိတ်ပျက်အားငယ်မှုနှင့်သိက္ခာကျစရာများကိုမြင်စေခဲ့ပါသည်။

တမန်တော်ကြီးများသည် တောင်ပေါ်သို့တက်သွားသည့်ခရစ်တော်နှင့်တမန်တော်သုံးပါးတို့အား တောင်ခြေရင်းတွင်စောင့်ဆိုင်းနေကြစဉ် လူတစ်ယောက်သည် နတ်ဆိုးစွဲ၍ဝက်ရူးပြန်နေသူသားငယ်အား သယ်ဆောင်လာကာထိုနတ်ဆိုးကိုနှင်ထုတ်ပေးပါမည့်အကြောင်းတောင်းပန်၏။ နတ်ဆိုးနှင်ထုတ်ခွင့်တန်ခိုးကို ဂါလိလဲနယ်ထဲသို့ ဧဝံဂေလိတရားဟောကြားရန်စေလွှတ်လိုက်စဉ်ကတည်းက ၎င်းတို့အားခရစ်တော်ပေးအပ်ထားပြီးဖြစ်ပါသည်။ သူတို့သည်ယုံကြည်ခြင်းအပြည့်ဖြင့် သွားရောက်အမှုတော်ဆောင်စဉ်တွင် နတ်ဆိုးများကိုနှင်ထုတ်နိုင်ခဲ့ကြပါသည်။ ယခုတွင်မူ ထိုကလေးငယ်အား နှိပ်စက်ကလူပြုနေသောနတ်ဆိုးအားထွက်သွားရန် ခရစ်တော်၏နာမတော်အားဖြင့် အမိန့်ပေးနှင်ထုတ်ခဲ့သော်လည်း နတ်ဆိုးသည်၎င်းတို့အားပြက်ရယ်ပြုကာ အထူးအဆန်းတန်ခိုးများကိုပြနေပါသည်။ တမန်တော်များသည် မိမိတို့၏ရှုံးနိမ့်မှုအတွက်

မည်သို့မျှရှင်းလင်းချက်ပေးခြင်းငှာမစွမ်းနိုင်တော့ဘဲ အရှက်တကွဲအကျိုးနည်းလျက်ရှိနေကြပါသည်။ ၎င်းတို့အားအရှက်တကွဲအကျိုးနည်းဖြစ်စေရန် ရရှိသောအခွင့်အရေးကို လက်မလွတ်တမ်းအသုံးပြုနေသည့် ကျမ်းတတ်ဆရာများသည် ထိုလူအုပ်ထဲတွင်ရှိနေကြပါသည်။ ၎င်းတို့သည် တမန်တော်များပတ်လည်တွင် စုရုံးချဉ်းကပ်လာကြကာ ခရစ်တော်နှင့်တကွ ထိုတမန်တော်များအား လူလိမ်လူညာများအဖြစ်ထင်ရှားစေရန် ကြိုးစားလျက်မေးခွန်းများကိုတစ်ခုပြီးတစ်ခု မေးမြန်းကာ တိုက်ခိုက်လာပါတော့သည်။ တမန်တော်များနှင့်တကွ ခရစ်တော်ကိုယ်တော်တိုင်သည် ၎င်းနတ်ဆိုးကိုအရှုံးပေးကြရတော့မည်ဟု ကျမ်းတတ်ဆရာများကအောင်မြင်စွာကြွေးကြော်ခဲ့ကြပါသည်။ ထိုယုဒလူအုပ်ကြီးသည်လည်း ခရစ်တော်တို့အပေါ်တွင် အထင်အမြင်သေးလာကာ ကျမ်းတတ်ဆရာများဘက်သို့ ယိမ်းယိုင်သွားခဲ့ကြပါသည်။

သို့ရာတွင် စွပ်စွဲပြောဆိုမှုများသည် ရုတ်တရက်ရပ်စဲသွားခဲ့ပါသည်။ ခရစ်တော်နှင့်တမန်တော်သုံးပါးတို့သည် တောင်ပေါ်မှဆင်းလာသည်ကိုမြင်ရသောထိုလူအုပ်ကြီးသည် ရုတ်တရက်ချက်ချင်းစိတ်ပြောင်းလဲသွားကာ ကိုယ်တော်တို့အဖွဲ့အားလှည့်၍ကြည့်လိုက်ကြပါသည်။ တစ်ညတာကောင်းကင်သားများနှင့် မိတ်သဟာယဖွဲ့ခြင်း၏အရိပ်အယောင်များသည် ကယ်တင်ရှင်နှင့်တကွ ထိုတပည့်တော်များ၏မျက်နှာပေါ်ဝယ်ထင်ရစ်ဆဲဖြစ်ပါသည်။ ၎င်းတို့၏မျက်နှာပေါ်တွင်တွေ့မြင်ရသည့်အလင်းတစ်ခုသည် တွေ့မြင်ရသူများအား စိုးရွံ့ထိတ်လန့်သွားစေခဲ့ပါသည်။ ထိုနောက် လူအုပ်ကြီးသည် သခင်ယေရှုအားကြိုဆိုနှုတ်ဆက်နေကြစဉ်တွင် ကျမ်းတတ်ဆရာများသည် ကြောက်အားကြီးစွာဖြင့်နောက်သို့ဆုတ်သွားခဲ့ကြပါသည်။

တောင်အောက်တွင်ဖြစ်ပျက်ခဲ့သောအရာများကို မျက်မြင်ကိုယ်တွေ့မြင်ခဲ့သည့်သက်သေခံတစ်ပါးကဲ့သို့ ကိုယ်တော်သည်ကျမ်းပြုဆရာများကိုစူးစိုက်စွာကြည့်လျက် "သင်တို့သည် သူတို့နှင့်အဘယ်သို့ဆွေးနွေးမေးမြန်းကြသနည်း" ဟုမေးမြန်းကာ ဆိုင်ပြိုင်တိုက်ခိုက်မှုထဲသို့ပါဝင်လာခဲ့ပါသည်။

သို့ရာတွင် ယခင်ကအော်ကြီးဟစ်ကျယ် ကလန်ကဆန်ပြောနေသောစကားသံများသည် ယခုတွင်တိတ်ဆိတ်သွားခဲ့ပါသည်။ လူအုပ်ကြီးတစ်ခုလုံး



သည်တိတ်ဆိတ်နေပါသည်။ ထိုအခါ ဒုက္ခသည်သားငယ်၏ဖခင်သည် ရှေ့သို့တိုးဝှေ့လာကာ ခရစ်တော်၏ခြေတော်ရင်းတွင်ပျပ်ဝပ်၍ မိမိ၏ဝမ်းနည်းဖွယ်ဖြစ်ရပ်များကို လျှောက်ထားခဲ့ပါသည်။

"အရှင်ဘုရား၊ အသောနတ်ဆိုးအစွဲခံရသည့် အကျွန်ုပ်၏သားကို အထံတော်သို့ဆောင်ခဲ့ပါပြီ၊ နတ်သည်ဖမ်းစားလေရာရာ၌ သူ့ကိုမြေပေါ်မှာလှဲ၍ သူသည်လည်းခံတွင်းမှအမြှုပ်ထွက်လျက်၊ အံသွားခဲကြိတ်လျက်၊ ပိန်ခြောက်လျက်နေရပါ၏။ ထိုနတ်ကိုနှင်ထုတ်ပါမည်အကြောင်း တပည့်တော်တို့အား အကျွန်ုပ်လျှောက်၍ သူတို့သည်မတတ်နိုင်ကြပါ" ဟုလျှောက်ထားလေ၏။

ခရစ်တော်သည် ပတ်လည်တွင်ဝန်းရံနေကြသည့် စိုးရွံ့ထိတ်လန့်နေသောလူအုပ်ကြီးကိုလည်းကောင်း၊ အပြစ်ရှာတတ်သောကျမ်းပြုဆရာများကိုလည်းကောင်း၊ စိတ်ပျက်နေကြသောတမန်တော်များကိုလည်းကောင်းကြည့်ရှုတော်မူလိုက်ရာ စိတ်နှလုံးများထဲတွင်ကိန်းအောင်းနေသော မယုံကြည်မှုများကိုမြင်တွေ့ကာ ဝမ်းနည်းစွာဖြင့်မိန့်တော်မူသည်ကား "ယုံကြည်ခြင်းမရှိသောအမျိုး၊ ငါသည် သင်တို့နှင့်အဘယ်မျှကာလပတ်လုံးနေရမည်နည်း။ သင်တို့ကိုအဘယ်မျှကာလပတ်လုံးသည်းခံရမည်နည်း။ သူငယ်ကိုငါ့ထံသို့ယူခဲ့ကြ" ဟုစိတ်အားငယ်သောထိုဖခင်ကို မိန့်တော်မူလိုက်ပါသည်။

မိန့်တော်မူသည့်အတိုင်း ထိုသူငယ်ကိုယူဆောင်လာခဲ့ကြရာ ခရစ်တော်သည် ၎င်းကိုကြည့်တော်မူလိုက်စဉ်တွင် နတ်ဆိုးသည်သူငယ်ကိုတောင့်မာစေသဖြင့် သူငယ်သည်မြေပေါ်မှာလဲ၍ အမြှုပ်ထွက်လျက်ကိုယ်ကိုလိမ့်လျက်နေ၏။

အသက်ပေးပိုင်ရှင်ယေရှုရှင်နှင့် အမှောင်ဘုရင်မာရ်နတ်တို့သည် ဤစစ်မြေပြင်ဝယ်တစ်ဖန်တွေ့ဆုံကြပြန်လေပြီ။ ခရစ်တော်သည် မိမိ၏အမှုတော်ပြည့်စုံခြင်းသို့ရောက်စေရန် "ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွှတ်ခြင်းအကြောင်းကို----ကြားပြော" နေသကဲ့သို့ စာတန်သည်လည်း မိမိဖမ်းစားထားသောသူကို ဆက်လက်ထိန်းချုပ်ရန်ကြိုးစားနေပါသည်။ မျက်မြင်မရသောအလင်း၏ကောင်းကင်တမန်များနှင့် အမှောင်၏ကောင်းကင်တမန်များ

သည် တိုက်လှန်ပွဲကြီးကိုကြည့်ရှုကြရန် အနီးသို့ချဉ်းကပ်လာခဲ့ကြပါသည်။ ကြည့်ရှုနေသူများသည် ပြုတော်မူမည့်မစခြင်းတန်ခိုးကို မြင်တွေ့ကြစေရန် အလို့ငှာ ခရစ်တော်သည်အခိုက်အတန့်အားဖြင့် နတ်ဆိုးအားတန်ခိုးပြခွင့် ပေးထားခဲ့ပါသည်။

လူအုပ်ကြီးသည် စိုးရွံ့စိတ်ပူနေသောထိုဖခင်အား အသက်ပင်မရှူဘဲ ကြည့်နေကြပါသည်။ ထိုအချိန်တွင်ကိုယ်တော်က "ဤသို့ဖြစ်သည်ကား အဘယ်မျှလောက်ကြာပြီနည်း" ဟုမေးတော်မူလိုက်ရာ ကာလကြာမြင့်စွာခံစား ခဲ့ရသည့်သား၏အဖြစ်ကိုပြောပြခဲ့ပါသည်။ ထို့နောက်၎င်းသည် သည်းမခံနိုင် တော့သည့်အလား "ကိုယ်တော်သည် တတ်နိုင်တော်မူလျှင် အကျွန်ုပ်တို့ကို သနား၍ကယ်မတော်မူပါ" ဟုလျှောက်ထားလေ၏။ "ကိုယ်တော်သည်တတ် နိုင်တော်မူလျှင်" ဟူသောစကားသည် ခရစ်တော်၏တန်ခိုးတော်ကို ယခုတိုင် အောင်သံသယရှိနေခြင်းကိုဖော်ပြနေပါသည်။

ထိုအခါ "သင်သည်ယုံကြည်နိုင်သလော၊ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုကိုတတ်နိုင်သည်" ဟု ယေရှုကမိန့်တော်မူလိုက်ပါသည်။ ခရစ်တော်သည် မိမိ၏လုပ်ဆောင်ရမည့်ကဏ္ဍအတွက် တန်ခိုးတော်ပြည့်စုံ တော်မူသည်ဖြစ်၍ သားငယ်ပြန်လည်ကျန်းမာလာစေရန် ထိုဖခင်၏ယုံကြည် မှုသည်သာ ပဓာနဖြစ်နေပါသည်။ မိမိအားနည်းချက်များကို ပြန်လည်သတိရ ကာ မျက်ရည်ကျလျက် ခရစ်တော်၏ရှေ့မှောက်တွင် မိမိကိုယ်ကိုပျပ်ဝပ်ပြီး နောက် "အကျွန်ုပ်ယုံကြည်ပါ၏သခင်၊ မယုံကြည်သည်ကိုမစတော်မူပါ" ဟု ဟစ်ကြော်လျှောက်ထားလေ၏။

ထို့နောက် ကိုယ်တော်သည် နတ်ဆိုးအစွဲခံနေရသောကလေးငယ် ဘက်သို့လှည့်တော်မူ၍ "နားပင်း၍စကားအသောနတ်၊ သူငယ်မှထွက်လော့၊ နောက်တစ်ဖန်မဝင်နှင့် ငါအမိန့်ရှိ၏" ဟုနတ်ဆိုးကိုဆုံးမ၍ နှင်ထုတ်တော် မူ၏။ ထိုအခါ နတ်ဆိုးသည်အော်ဟစ်၍ အလွန်တောင့်မာစေပြီးမှထွက်သွား လေရာ သူငယ်သည်လူသေကဲ့သို့ဖြစ်နေပါ၏။ ကြည့်ရှုနေကြသောသူများက သူငယ်သေပြီဟုတီးတိုးပြောဆိုကြ၏။ သို့ရာတွင် ခရစ်တော်သည် ထိုသူငယ်



၏လက်ကိုကိုင်၍ ချီထစေတော်မူပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာလန်းဆန်းနေ သောသားငယ်ကို ဖခင်၏လက်သို့အပ်ပေးတော်မူလိုက်ရာ ဖခင်ရောသားငယ်ပါ ကယ်တင်ရှင်၏ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းထောမနာပြုကြပါတော့သည်။ ထိုမြင်ကွင်းကိုမြင်တွေ့ခဲ့ကြရသောလူအပေါင်းတို့သည် ဘုရားသခင်၏မဟာ တန်ခိုးတော်ကိုအံ့အားသင့်ခဲ့ကြရပါသည်။ ထိုစဉ်တွင် ကျမ်းတတ်ဆရာများ သည်ရှုံးနိမ့်၍ ခေါင်းငိုက်စိုက်ကျကာ သုန်သုန်မှုန်မှုန်ဖြင့်ထွက်ခွာသွားကြ ပါသည်။

"ကိုယ်တော်တတ်နိုင်တော်မူလျှင် အကျွန်ုပ်တို့ကိုသနား၍ကယ်မတော် မူပါ" ဟူသောဆုတောင်းချက်မျိုးကို အပြစ်ဝန်ပိနေသောအသက်ဝိညာဉ်မည် မျှက တောင်းလျှောက်နေကြပါသနည်း။ လူအားလုံးအတွက်ကယ်တင်ရှင်၏ အဖြေမှာ "သင်သည်ယုံကြည်နိုင်သလော၊ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်း သောအမှုတို့ကိုတတ်နိုင်သည်" ဟူ၍ဖြစ်၏။ ကျွန်ုပ်တို့အား ကောင်းကင်နိုင်ငံ တော်နှင့်ဆက်သွယ်ပေး၍ အမှောင်၏အာဏာတန်ခိုးများကို ကျော်လွှားအောင် မြင်စေမည့်ခွန်အားများကို ကျွန်ုပ်တို့ထံသို့ယူဆောင်ပေးသည့်အရာမှာ ယုံကြည် ခြင်းပင်ဖြစ်ပါသည်။ ဒုစရိုက်အပြစ်တိုင်းကိုချေဖျက်ရန်နှင့် မည်မျှပင်ပြင်းထန် သောစုံစမ်းခြင်းကိုမဆို တွန်းလှန်ခုခံနိုင်ရန်နည်းလမ်းများကို ဘုရားသခင်သည် ခရစ်တော်၌ ပြင်ဆင်တော်မူပါသည်။ သို့ရာတွင် လူအများတို့သည် မိမိတို့၏ ယုံကြည်ခြင်းလျော့ပါးသွားကြောင်းသိရှိကာ ခရစ်တော်နှင့်လည်းဝေးကွာနေ ကြပါသည်။ မထိုက်တန်သောခိုကိုးရာမဲ့အခြေအနေ၌ပင် ကြင်နာသနားတတ် သည့်ကယ်တင်ရှင်၏ကရုဏာတော်၌ ထိုဝိညာဉ်များသည် မိမိကိုယ်ကိုအပ်နှံ ကြစေ။ ကိုယ်ကိုမကြည့်ဘဲခရစ်တော်ကိုကြည့်ကြစေ။ ထိုလူများအလယ်တွင် လျှောက်သွားတော်မူသောအချိန်၌ တွေ့ရှိရသောလူနာများနှင့် နတ်ဆိုးစွဲနေသူ များအားကုသပေးခဲ့သောကိုယ်တော်သည် ယနေ့တွင်လည်းမဟာကယ်တင်ရှင် အဖြစ် ဆက်လက်ရပ်တည်နေပါသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားစေပါသည်။ ငါ့ထံသို့လာသောသူကို ငါသည် အလျှင်းမပယ်ဟူသော ကိုယ်တော်၏ကတိတော်ကိုဆုပ်ကိုင်ပါ။ (ယောဟန်

၆း၃၇)။ အကျွန်ုပ်ယုံကြည်ပါ၏သခင်၊ မယုံကြည်သည်ကိုမစတော်မူပါဟု ခြေတော်ရင်းတွင်ပျပ်ဝပ်၍အော်ဟစ်ပါ။ ထိုသို့လုပ်ဆောင်နေပါလျှင် သင်သည် မည့်သည့်အခါမျှပျက်စီးခြင်းသို့မရောက်နိုင်ပါ။

တမန်တော်များသည် အချိန်တိုကလေးအတွင်းတွင် အလွန်ထူးခြားသည့်ဘုန်းအသရေတော်နှင့်မဟာနှိမ့်ချမှုကို မြင်တွေ့ခဲ့ရပါသည်။ လူသားဇာတိတွင် ဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီ ထွန်းတောက်ထင်ရှားခဲ့သည်ကိုလည်းကောင်း၊ လူသားဇာတိတွင်ပင် စာတန်၏သဏ္ဍာန်နှင့်တူညီသွားသည့်တိုင်အောင် ယုတ်ညံ့သွားခဲ့သည်ကိုလည်းကောင်း သူတို့မြင်တွေ့ခဲ့ကြရပါသည်။ ကောင်းကင်မှစေတမန်များနှင့်စကားလက်ဆုံကျခဲ့သော ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ဘုန်းရောင်ခြည်များထဲမှအသံတော်အားဖြင့် ကြေညာတော်မူခြင်းခံခဲ့ရသောခရစ်တော်သည် လူသားများ၏အစွမ်းဖြင့် သက်သာခွင့်မပေးနိုင်လောက်အောင် ပြင်းထန်သည့်နတ်ဆိုးစွဲခြင်းခံနေရသော အံသွားကြိတ်ခဲ၍မျက်နှာအဆင်းများပျက်ကာ ရှုံ့မဲ့နေသည့်သူငယ်အားတွေ့ဆုံရန် တောင်ပေါ်မှဆင်းသက်လာသည်ကို သူတို့မြင်တွေ့ခဲ့ကြပါသည်။ လွန်ခဲ့သောအချိန်ပိုင်းကလေးကမှ အံ့ဩတွေဝေနေသောတမန်တော်များရှေ့တွင် ဘုန်းတော်ပြည့်စုံစွာဖြင့်ရပ်တည်တော်မူခဲ့သော ဤမဟာကယ်တင်ရှင်သည် မြေကြီးပေါ်တွင်လူးလိမ့်နေသော စာတန်၏ယဇ်ကောင်ဖြစ်သည့်ထိုသူငယ်အား ချီထတော်မူ၍ ကိုယ်စိတ်နှစ်ပါးကျန်းမာစွာဖြင့် ဖခင်၏လက်ထဲသို့ပြန်ပေးရန် တောင်ပေါ်မှဆင်းကြွလာတော်မူခဲ့ပါသည်။

ထိုအခြင်းအရာသည် ကယ်တင်ခြင်း၏သရုပ်ပြသင်ခန်းစာတစ်ခုဖြစ်ပါသည်။ မြင့်မြတ်သောပုဂ္ဂိုလ်တစ်ပါးသည် ပျောက်ဆုံးနေသောလူသားများကိုကယ်တင်ရန် ခမည်းတော်ဘုရား၏ဘုန်းတော်မှစွန့်ခွာ၍ ဆင်းကြွလာတော်မူခဲ့ပါသည်။ ဤအရာသည် တမန်တော်များ၏အမှုတော်ကိုလည်း ရုပ်လုံးပေါ်စေပါသည်။ ခရစ်တော်စေတမန်များ၏အသက်တာများသည် ဘုန်းထွန်းတောက်လျက်ရှိသောတောင်ထိပ်ပေါ်တွင် ခရစ်တော်နှင့်အတူနေခြင်းအားဖြင့်သာ အချိန်ကုန်လွန်သွားရန်မဟုတ်ပါချေ။ တောင်အောက်သို့ဆင်း၍ လုပ်စရာ



အလုပ်များကိုလုပ်ဆောင်ရန် လိုအပ်ပါသည်။ စာတန်၏ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံနေရသည့်အသက်ဝိညာဉ်များက ၎င်းတို့အားလွတ်ခြင်းအခွင့်ပေးမည့်ယုံကြည်ခြင်းသတင်းစကားများနှင့် ဆုတောင်းသံများကိုစောင့်စားနေကြပါသည်။

တောင်အောက်တွင်ကျန်ရစ်ခဲ့သည့် တမန်တော်ကိုးပါးသည် မိမိတို့၏ရှုံးနိမ့်မှုအကြောင်းကိုအလေးအနက်စဉ်းစားနေကြပြီး ခရစ်တော်သည်၎င်းတို့ထံသို့တစ်ဖန်ပြန်လည်ရောက်ရှိလာသောအခါ “အကျွန်ုပ်တို့သည် ထိုနတ်ကိုအဘယ်ကြောင့်မနှင်ထုတ်နိုင်ကြပါသနည်း” ဟုမေးလျှောက်ကြ၏။ ထိုအခါယေရှုက “သင်တို့သည်ယုံကြည်ခြင်းမရှိသောကြောင့် မနှင်ထုတ်နိုင်ကြ၊ ငါအမှန်အကန်ဆိုသည်ကား သင်တို့သည် မုန်ညင်းစေ့ခန့်လောက်မျှသောယုံကြည်ခြင်းရှိလျှင် ထိုတောင်ကိုနေရာမှရွေ့လော့ဟုဆိုကြသော် နေရာမှရွေ့လိမ့်မည်။ ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သောအမှုမရှိ။ သို့သော်လည်း ဆုတောင်းခြင်း၊ အစာရှောင်ခြင်းမှတစ်ပါး ထိုအမျိုးသည်မထွက်တတ်ဟုမိန့်တော်မူ၏။” ခရစ်တော်၏ကရုဏာကိုခံစားခွင့်မရစေရန် ပိတ်ပင်တားဆီးထားသော သင်တို့၏မယုံကြည်မှုနှင့် မိမိတို့အားအပ်နှင်းထားသည့် မွန်မြတ်သန့်ရှင်းသောအမှုတော်ကို အလေးတယူမထားခြင်းများသည် အမှောင်၏တန်ခိုးများနှင့်တိုက်လှန်ပွဲတွင် သင်တို့အားရှုံးနိမ့်စေပါသည်။

မိမိ၏အသေခံခြင်းကိုရည်ညွှန်း၍ မိန့်မြွက်ခဲ့သောခရစ်တော်၏စကားများသည် ၎င်းတို့အားဝမ်းနည်းမှုနှင့်သံသယများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၎င်းပြင် ခရစ်တော်နှင့်အတူတောင်ပေါ်သို့တက်ခွင့်ရခဲ့ကြသည့် တမန်တော်သုံးပါးသည်လည်း ကျန်တမန်တော်ကိုးပါး၏ငြူစူမှုကိုနှိုးဆွနေခဲ့ပါသည်။ သူတို့သည် ခရစ်တော်၏စကားများအပေါ်ဆုတောင်းခြင်း၊ အာရုံပြုခြင်းများအားဖြင့် မိမိတို့၏ယုံကြည်ခြင်းခွန်အားများကိုတိုးပွားစေရမည့်အစား သူတို့ကိုယ်တိုင်စိတ်ဓာတ်ကျနေကာ ဝမ်းနည်းပက်လက်ဖြစ်နေကြပါသည်။ ထိုကဲ့သို့ဝိညာဉ်ရေးမှောင်မိုက်ကျနေသောအချိန်တွင် သူတို့သည် စာတန်နှင့်ဆိုင်ပြိုင်တိုက်လှန်ခဲ့ကြရပါသည်။

ထိုကဲ့သို့သောတိုက်လှန်ပွဲမျိုးကို အောင်မြင်ကျော်လွှားနိုင်စေရန်အလို ငှာ သူတို့သည် ဤအလုပ်ကိုထူးခြားသောစိတ်ဓာတ်တစ်မျိုးဖြင့် လုပ်ဆောင်ကြရပါမည်။ သူတို့၏ယုံကြည်ခြင်းကို စိတ်အားထက်သန်စွာဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ အစာရှောင်ခြင်းအားဖြင့်သော်လည်းကောင်း၊ စိတ်နှလုံးနှိမ့်ချခြင်းအားဖြင့်သော်လည်းကောင်း အားသစ်လောင်းရပါမည်။ ၎င်းတို့၏အသက်တာတွင် "ငါ" ပျောက်၍ ဘုရားသခင်၏ဝိညာဉ်တော်ဖြင့် ပြည့်ဝစေရပါမည်။ ကိုယ်တော်၏အမှုတော်အတွက်အကြွင်းမဲ့ဆက်ကပ်၍ ဘုရားသခင်အပေါ်လုံးလုံးလျားလျားမှီခိုအားထားခြင်းကို ထင်ရှားစေသော ယုံကြည်ခြင်းမျိုးဖြင့် မခြားမလပ်စိတ်အားထက်သန်စွာတောင်းလျှောက်ခြင်းသည်သာလျှင် အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌အစိုးတရပြုသောမင်းတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရာတွင် သန့်ရှင်းသောဝိညာဉ်တော်၏အမအစကို ရရှိနိုင်ကြမည်ဖြစ်ပါသည်။

"သင်တို့သည် မုန်ညင်းစေ့ခန့်မျှလောက်သောယုံကြည်ခြင်းရှိလျှင် ထိုတောင်ကိုနေရာမှရွှေ့လော့ဟုဆိုကြသော် နေရာမှရွှေ့လိမ့်မည်" ဟုယေရှုရှင်မိန့်တော်မူပါသည်။ မုန်ညင်းစေ့သည် အလွန်သေးငယ်သော်လည်း ၎င်း၌ သစ်ပင်ကြီးတစ်ပင်အဖြစ် ကြီးပွားတိုးတက်လာစေသည့် သိမြင်ရန်ခက်ခဲလှသောအသက်ကလေးပါရှိနေပါသည်။ ထိုမုန်ညင်းစေ့ကလေးကို မြေကြီးပေါ်သို့ ပစ်ချလိုက်သောအခါ ထိုသေးငယ်သောအစေ့ကလေးသည် အရာတိုင်းကိုစုပ်ယူစားသုံးပြီး များမကြာမီတွင် ခိုင်မာသောအပင်တစ်ပင်အဖြစ်သို့ အလျင်အမြန်ကြီးထွားလာပါသည်။ သင်၌ထိုကဲ့သို့သောယုံကြည်ခြင်းမျိုးရှိလျှင် သင်သည်ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသော်လည်းကောင်း၊ ဘုရားသခင်ပြဋ္ဌာန်းတော်မူသည့် အမအစဖြစ်စေမည့်တန်ခိုးခပ်သိမ်းတို့ကိုသော်လည်းကောင်း စုပ်ယူမှီဝဲပေလိမ့်မည်။ ဤနည်းအားဖြင့် သင်၏ယုံကြည်ခြင်းသည် ခွန်အားကောင်းလာကာ ကောင်းကင်တန်ခိုးတော်အမအစများကို သင့်အတွက်ယူဆောင်ပေးပါလိမ့်မည်။ သင်၏ဘဝလမ်းခရီးတွင် စာတန်စုပုံချထားသည့် ကျော်ဖြတ်





ရန်မဖြစ်နိုင်ဟုထင်ရသည့် မပျက်သုဉ်းနိုင်သောအခက်အခဲအဟန့်အတားများသည် ယုံကြည်ခြင်း၏တောင်းဆိုမှုကြောင့် ပျောက်ကွယ်သွားပေလိမ့်မည်။ ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သောအမှုမရှိ။

****

# tcef; (48)
# rnfolonftMuD;jrwfqHk;jzpfoenf;

ရှင်မဿဲ ၁၇း၂၂–၂၇။ ၁၈း၁–၂၀။ မာကု ၉း၃၀–၅၀။ လုကာ ၉း၄၆–၄၈ တို့ကိုအခြေပြုထားပါသည်။

သခင်ယေရှုသည် ကပေရနောင်မြို့သို့ပြန်လည်ရောက်ရှိလာသော အခါ၊ မိမိတရားဟောနေကျနေရာများသို့မသွားတော့ဘဲ၊ တမန်တော်များနှင့် အတူယာယီတည်းခိုရန် အိမ်တစ်အိမ်ကိုရှာဖွေခဲ့ပါသည်။ ဂါလိလဲနယ်၌ ယခု ကဲ့သို့ခေတ္တခဏနားနေစဉ် ခရစ်တော်သည် လူထုကြီးအတွက်သွန်သင်ခြင်း ထက် တမန်တော်များကိုသွန်သင်ရန် ရည်ရွယ်ထားတော်မူပါသည်။

ခရစ်တော်သည် ဂါလိလဲအိုင်နားတွင်နေထိုင်တော်မူစဉ် အနာဂတ် ဖြစ်ရပ်များအတွက် တမန်တော်များကိုစိတ်ဓာတ်ရေးရာပြင်ဆင်မှုများပြုလုပ် ပေးရန် ကြိုးစားတော်မူခဲ့ပါသည်။ မိမိသည် အသေသတ်ခြင်းကိုခံရန် ယေရုရှလင်မြို့သို့သွားရမည်အကြောင်းနှင့် သုံးရက်မြောက်သောနေ့တွင် တစ်ဖန် ထမြောက်မည်ဖြစ်ကြောင်းများကို တပည့်တော်များအား ပြောပြတော်မူခဲ့ပါ သည်။ မိမိသည်ရန်သူများလက်တွင်အပ်နှံခြင်းခံရမည့်အကြောင်းနှင့်ပတ်သက် သော ထူးဆန်းအံ့သြဖွယ်သတင်းကိုလည်း ထပ်လောင်းမိန့်မြွက်တော်မူခဲ့ပါ သည်။ တမန်တော်များသည် ယခုအချိန်တိုင်အောင် ကိုယ်တော်မိန့်တော်မူ သည့်စကားများကို နားမလည်နိုင်ကြသေးချေ။ ဝမ်းနည်းစရာအမှောင်ရိပ်သည် ၎င်းတို့အပေါ်သို့ကျရောက်နေသော်လည်း သူတို့၏စိတ်နှလုံးထဲတွင် တစ်ဦး နှင့်တစ်ဦးတုပြိုင်လိုသည့်စိတ်ထားများကိုတွေ့နေရပါသည်။ မည်သူသည် ကောင်းကင်နိုင်ငံတော်၌ သာ၍ကြီးမြတ်အံ့နည်းဟူ၍လည်း တစ်ဦးနှင့်တစ်ဦး ငြင်းခုံနေကြပါသည်။ မိမိတို့ငြင်းခုံနေသည်ကို ကိုယ်တော်ရှင်မသိရှိဟုအထင် နှင့် ကိုယ်တော်အနီးသို့မချဉ်းကပ်ကြဘဲ ကပေရနောင်မြို့သို့ဝင်သောအခါ ကိုယ်တော်ရှင်အားအလျင်သွားစေ၍ ၎င်းတို့သည်နောက်နားမှခွာ၍လိုက်လာ



ခဲ့ကြပါသည်။ ခရစ်တော်သည် သူတို့၏အကြံအစည်ကိုသိရှိထားတော်မူပြီး သွန်သင်ပဲ့ပြင်မှုပြုရန်တောင့်တတော်မူခဲ့ပါသည်။ သို့ရာတွင် ထိုကဲ့သို့သွန်သင် နိုင်ရန်အတွက် မိမိစကားများကို ၎င်းတို့လက်ခံနိုင်မည့် ဆိတ်ငြိမ်သာယာ သောအချိန်ကို စောင့်စားတော်မူခဲ့ပါသည်။

ကပေရနောင်မြို့သို့ရောက်ရှိလာပြီးနောက် မကြာမီတွင်ပင် ဗိမာန်တော် အခွန်ကောက်သူသည် ပေတရုထံသို့ရောက်ရှိလာကာ "သင်၏ဆရာသည် ဒိဒြမ္မကိုမပေးသလော" ဟုမေးလေ၏။ ဒိဒြမ္မသည် အစိုးရသို့ပေးရသည့်အခွန် မျိုးမဟုတ်ဘဲ ဗိမာန်တော်ကုန်ကျစရိတ်ကိုထောက်ပံ့ရန်အတွက် ယုဒလူများ နှစ်စဉ်ပေးလှူရသည့် အလှူငွေဖြစ်ပါသည်။ ထိုအလှူငွေမပေးဆောင်ခြင်းကို ဗိမာန်တော်အပေါ်သစ္စာစောင့်သိမှုမရှိခြင်းအဖြစ် သတ်မှတ်ကြပါသည်။ ဖာရိရှဲ များအနေနှင့် ထိုအပြုအမူမျိုးကို ဝမ်းနည်းဖွယ်ရာအကောင်းဆုံးပြစ်မှုတစ်ခု အဖြစ် မှတ်ယူကြပါသည်။ ယုဒဘာသာရေးပညတ်ချက်များအပေါ်ထားရှိသည့် ခရစ်တော်၏သဘောထားနှင့်ရိုးရာဓလေ့များကို ကာကွယ်စောင့်ရှောက်သူများ အား ကိုယ်တော်ပြုတော်မူခဲ့သည့် ရှင်းလင်းသောဆုံးမမှုများသည် ဗိမာန်တော် အခမ်းအနားများကို မှောက်လှန်နေသည်ဟူ၍ မိမိအားစွပ်စွဲချက်အတွက် အကြောင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ ယခုတွင် ကိုယ်တော်အားအရှက်တကွဲဖြစ် အောင် ပြုလုပ်ရန်အခွင့်ကောင်းတစ်ရပ်ကို သူတို့တွေ့ရှိခဲ့ကြပါသည်။ သူတို့ သည် ဗိမာန်တော်အခွန်ခံခြင်းအမှုတွင် ကျွမ်းကျင်သောမိတ်ဆွေတစ်ဦးကို တွေ့ခဲ့ကြပါသည်။

ထိုသူ၏မေးခွန်းသည် ဗိမာန်တော်အပေါ်ထားရှိသည့် ခရစ်တော်၏ သစ္စာစောင့်သိမှုကို စောင်းချိတ်ပြောဆိုမှုတစ်ရပ်ဖြစ်ကြောင်းပေတရုသိရှိပါသည်။ ထို့ကြောင့် မိမိသခင်၏ဂုဏ်အသရေကိုထိပါးမည်စိုးသည့်အတွက် စိတ်စေတနာ ထက်သန်စွာဖြင့် ကိုယ်တော်ကိုပင်မမေးမစမ်းတော့ဘဲ "ပေးပါသည်" ဟု ပေတရုအလျင်အမြန်ဖြေဆိုလိုက်ပါသည်။

သို့ရာတွင် ပေတရုသည် မေးခွန်းထုတ်နေသူ၏အကြံအစည်ကိုတစ် စိတ်တစ်ဒေသသာသိရှိခဲ့ပါသည်။ အချို့လူတန်းစားများသည် ဗိမာန်တော်ခွန်

ကင်းလွတ်ခွင့်ရကြပါသည်။ မောရှေအချိန်ကလေဝိအမျိုးသားများကို ဗိမာန်တော်လုပ်ငန်းများအတွက် သီးသန့်ခွဲခန့်ထားပါသည်။ ၎င်းတို့အနေနှင့် အခြားယုဒများနှင့်အတူအမွေဆက်ခံခွင့်မရှိကြပါ။ "လေဝိသားတို့သည် ညီအစ်ကိုတို့နှင့်ရော၍အဖို့ကိုမပိုင်၊ အမွေကိုမခံ---ထာဝရဘုရားသည် သူတို့ခံရသောအမွေဖြစ်တော်မူ၏" တရားဟော ၁၀း၁၁။ ခရစ်တော်၏နေ့ရက်များတွင်လည်း ယဇ်ပုရောဟိတ်များနှင့်လေဝိသားများကို ဗိမာန်တော်လုပ်ငန်းများအတွက် အထူးဆက်ကပ်ထားသူများအဖြစ်မှတ်ယူဆဲဖြစ်သောကြောင့် တစ်နှစ်တစ်ခါပေးလှူရသောဗိမာန်တော်ခွန်ပေးဆောင်ရန် မတောင်းဆိုကြချေ။ ပုရောဖက်များသည်လည်း ဗိမာန်တော်ခွန်လွတ်ငြိမ်းခွင့်ရရှိကြပါသည်။ ခရစ်တော်ထံမှဗိမာန်တော်ခွန်တောင်းခံခြင်းအားဖြင့် ပုရောဖက် (သို့မဟုတ်) ဆရာသမားတစ်ဦးကဲ့သို့ ကိုယ်တော်မိန့်ဆိုခဲ့သည်များကို ဖာရိရှဲများသည်ဘေးချိတ်ထားကာ သာမာန်ပုဂ္ဂိုလ်တစ်ဦးအားဆက်ဆံသကဲ့သို့ ကိုယ်တော်အားဆက်ဆံကြခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ဗိမာန်တော်ခွန်မပေးခဲ့ပါလျှင် ဗိမာန်တော်အပေါ် သစ္စာမဲ့သည်ဟု ရပ်လုံးဖော်ပြောဆိုကြလိမ့်မည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ဗိမာန်တော်ခွန်ပေးခဲ့ပါက မိမိအားပုရောဖက်တစ်ပါးအနေနှင့်လက်မခံကြသည်ကို အသိအမှတ်ပြုရာရောက်နေပါသည်။

မကြာမီအချိန်ကလေးကပင် ပေတရုသည် ခရစ်တော်ယေရှုအား ဘုရား၏သားတော်တစ်ပါးအနေဖြင့် အသိအမှတ်ပြုခဲ့ပြီးဖြစ်သော်လည်း ယခုတွင်မူ မိမိသခင်၏စာရိတ္တတော်ကိုဖော်ပြနိုင်မည့်အခွင့်အရေးကို လက်လွှတ်ခဲ့ရပါသည်။ သခင်ယေရှုသည် ဗိမာန်တော်ခွန်ကိုပေးပါသည်ဟု ထိုအခွန်ခံသူအားဖြေကြားလိုက်ခြင်းအားဖြင့် ယုဒလူအကြီးအကဲများနှင့်ယဇ်ပုရောဖက်များက အများလက်ခံရန်ကြိုးစားနေကြသည့် မှားယွင်းသောအယူအဆကို မထင်မှတ်ဘဲပေတရုအတည်ပြုလိုက်ခြင်းဖြစ်ပါသည်။

အိမ်ထဲသို့ပေတရုဝင်လာသောအချိန်တွင် ကိုယ်တော်သည် ဖြစ်ပျက်ခဲ့သည့်အရာများကိုမရည်ရွယ်ဘဲ "အချင်းရှိမုန်၊ သင်သည်အဘယ်သို့ထင်သနည်း၊ လောကီဘုရင်တို့သည် အဘယ်သူမှာအခွန်ကိုခံကြသနည်း၊ မိမိသားမှာခံသလော၊ သူတစ်ပါးမှာခံကြသလော" ဟုမေးတော်မူလိုက်ရာ "သူတစ်ပါးမှာခံပါသည်" ဟု ပေတရုလျှောက်လေ၏။ ထိုအခါယေရှုက သို့ဖြစ်လျှင် သားမူကားလွတ်ရ၏ဟုမိန့်တော်မူ၏။ ဘုရင်အတွက်အခွန်တော်ငွေကိုရရှိရန် တိုင်းသူပြည်သားများ၌သာကောက်ခံပြီး၊ ဘုရင်၏သားသမီးများကိုကား၊ ကင်းလွတ်ခွင့်ပြုပါသည်။ ထိုနည်းတူစွာ ဘုရားသခင်၏လူမျိုးဖြစ်သော ဣသရေလများသည် ကိုယ်တော်၏အမှုတော်ကို ဆက်လက်လုပ်ဆောင်ရန်အတွက် ဗိမာန်တော်ခွန်ထည့်ဝင်ကြရမည်ဖြစ်သော်လည်း ဘုရားသခင်၏သားတော်ဖြစ်တော်မူသောယေရှုရှင်သည် ထိုအခွန်မှကင်းလွတ်ခွင့်ရပါသည်။ ယဇ်ပုရောဟိတ်များနှင့်လေဝိအမျိုးသားများသည် ဗိမာန်တော်နှင့်ဆက်နွယ်နေကြသောကြောင့် ဗိမာန်တော်ခွန်ကင်းလွတ်ခွင့်ရလျှင် ဗိမာန်တော်၏အရှင်ဘုရားသခင်၏သားတော်ဖြစ်သောသူသည် ပို၍ပင်ကင်းလွတ်ခွင့်ရှိမည်ဖြစ်ပါသည်။

အကယ်၍ သခင်ယေရှုသည် ဗိမာန်တော်ခွန်ကို အကန့်အကွက်အငြင်းအဆိုမပြုဘဲပေးဆောင်ခဲ့ပါလျှင် ထိုသူများ၏ပြောဆိုချက်ကိုမှန်ကန်ကြောင်း မထင်မှတ်ဘဲအသိအမှတ်ပြုရာရောက်သွားမည်ဖြစ်ပြီး၊ မိမိ၏ဘုရားဇာတိတော်ကိုလည်း ငြင်းဆိုရာရောက်သွားပေလိမ့်မည်။ ဗိမာန်တော်ခွန်ပေးဆောင်ခြင်းသည် ကောင်းမြတ်ကြောင်းကိုယ်တော်သိမြင်သော်လည်း တောင်းဆိုမှုကိုအခြေခံထားသောသဘောထားကို ငြင်းပယ်ခဲ့ပါသည်။ ထိုအခွန်ငွေကိုရယူဖန်တီးရာတွင်လည်း ကိုယ်တော်ဘုရားဇာတိတော်ကိုထင်ရှားစေခဲ့ပါသည်။ မိမိသည် ဘုရားသခင်နှင့်တန်းတူရည်တူဖြစ်သောကြောင့် သာမန်နိုင်ငံသားတစ်ဦးကဲ့သို့ ဗိမာန်တော်ခွန်ပေးရန်တာဝန်မရှိကြောင်း ထင်ရှားစေခဲ့ပါသည်။

ထိုကြောင့် ကိုယ်တော်ကပေတရုအား "အိုင်သို့သွား၍ငါးမျှားကိုချလော့၊ ရှေးဦးစွာရသောငါးကိုယူ၍ပါးစပ်ကိုဖွင့်လျှင် သတာတဲတစ်ပြားကိုတွေ့လိမ့်မည်။ ထိုငွေကိုယူ၍ ငါ့အဖို့နှင့်သင့်အဖို့ကို သူတို့အားပေးလော့" ဟု မိန့်တော်မူ၏။

ကိုယ်တော်၏ဘုရားဇာတိတော်ကို လူသားဇာတိဖြင့်လွှမ်းခြုံထားသော်လည်း ဤနိမိတ်လက္ခဏာအားဖြင့် ဘုန်းတော်သည်ထင်ရှားလျက်ရှိနေပါသည်။

တောတိရစ္ဆာန်ရှိသမျှတို့နှင့် တစ်ထောင်သောတောင်ပေါ်မှာရှိသောတိရစ္ဆာန်တို့သည် ငါ၏ဥစ္စာဖြစ်ကြ၏။ တောင်ပေါ်မှာနေတတ်သော ငှက်အပေါင်းတို့ကိုငါသိ၏။ တောသားရဲတို့သည် ငါ၌ရှိကြ၏။ ငါသည်ငတ်မွတ်လျှင် သင့်ကိုမပြော၊ လောကဓာတ်နှင့်လောကဥစ္စာသည် ငါ၏ဥစ္စာဖြစ်၏ ဟူ၍ ဒါဝိဒ်အားဖြင့်မိန့်တော်မူခဲ့သောပုဂ္ဂိုလ်သည် ကိုယ်တော်ပင်ဖြစ်တော်မူကြောင်းကို ဤအရာအားဖြင့်ထင်ရှားနေပါသည်။ ဆာလံကျမ်း ၅၀း၁၀–၁၂။

ဗိမာန်တော်ခွန်ပေးရန် မိမိ၌တာဝန်မရှိကြောင်း ယေရှုရှင်ရှင်းရှင်းလင်းလင်းမိန့်တော်မူခဲ့သော်လည်း ဤကိစ္စနှင့်ပတ်သက်၍ ယုဒများနှင့်အတိုက်အခံမလုပ်လိုချေ။ အကြောင်းမူကား ထိုသူများသည်ကိုယ်တော်၏စကားများကိုတလွဲအနက်ဖွင့်၍ ကိုယ်တော်အားရန်မူကြလိမ့်မည်ဖြစ်သောကြောင့်တည်း။ အခွန်ငွေများကိုမပေးဘဲနေခြင်းအားဖြင့် ၎င်းတို့အတွက်အထအနကောက်စရာဖြစ်သွားမည်စိုးသဖြင့် တောင်းဆိုချက်သည်မမှန်ကန်သော်လည်း ကိုယ်တော်ပေးဆောင်တော်မူခဲ့ပါသည်။ ဤသင်ခန်းစာသည် တပည့်တော်များအတွက် အလွန်အဖိုးထိုက်တန်သော သင်ခန်းစာတစ်ခုဖြစ်ပါသည်။ သိသာထင်ရှားသောအပြောင်းအလဲများသည် ဗိမာန်တော်အခမ်းအနားများနှင့်စပ်လျဉ်း၍ မကြာမီတွင်ဖြစ်ပွားလာခဲ့ပါသည်။ အစဉ်အလာတစ်ခုကိုတည်ထောင်ရန် မလိုအပ်ဘဲရန်ဘက်ပြုခြင်းများကိုမလုပ်ကြရန် ၎င်းတို့အားခရစ်တော်သွန်သင်တော်မူခြင်းဖြစ်ပါသည်။ သူတို့သည် မိမိတို့၏ယုံကြည်ခြင်းအတွက် တလွဲအနက်ဖွင့်နိုင်မည့်အခွင့်အရေးများကိုမပေးမိရန်လည်း တတ်နိုင်သမျှရှောင်ရှားကြရပါမည်။ ခရစ်ယာန်များသည် သမ္မာတရား၏နိယာမတစ်ခုကိုမျှ လက်လွှတ်အရှုံးခံရန်မဟုတ်သော်လည်း တိုက်လှန်ခြင်းကိုတတ်သမျှရှောင်ရှားသင့်ကြပါသည်။

ပေတရုသည် ရေကန်သို့သွားနေစဉ် ခရစ်တော်သည်ကျန်တပည့်တော်များနှင့်အတူအိမ်တွင်ရှိနေတော်မူခဲ့ပါသည်။ ထိုစဉ်တွင် "သင်တို့သည် လမ်း၌အချင်းချင်းအဘယ်အမှုကိုငြင်းခုံကြသနည်း" ဟု မေးတော်မူလိုက်၏။ ကိုယ်တော်ရှင်နှင့်အတူရှိနေခြင်းနှင့် ကိုယ်တော်အမေးတို့သည် လမ်း၌၎င်းတို့ငြင်းခုံခဲ့စဉ်က ဖြစ်ပေါ်ခဲ့သောအခြေအနေထက် များစွာပေါ့ပါးသွားစေခဲ့ပါသည်။ ရှက်ကြောက်ခြင်းနှင့် ကိုယ့်စကားကြောင့် ကိုယ်အပြစ်ရောက်နေခြင်းများသည် ၎င်းတို့အားတိတ်ဆိတ်စေခဲ့ပါသည်။



မိမိသည် ၎င်းတို့အတွက် အသေခံရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏တစ်ကိုယ်ကောင်းဆန်သည့်ရည်မှန်းချက်များသည် ကိုယ်တော်၏အတ္တကင်းသောမေတ္တာတော်နှင့် လုံးလုံးဆန့်ကျင်ခြားနားနေကြောင်းများကို သူတို့အားယေရှုရှင်မိန့်တော်မူခဲ့ပါသည်။ မိမိသည်အသေသတ်ခံပြီး နောက်တစ်ဖန်ထမြောက်မည်ဖြစ်ကြောင်းကို တမန်တော်အပေါင်းအားမိန့်တော်မူသောအချိန်တွင် ၎င်းတို့၏ယုံကြည်ခြင်းကိုစမ်းသပ်စစ်ကြောခြင်းနှင့်စပ်ဆိုင်သော အကြောင်းအရာများကိုမိန့်မြွက်ရန် ကိုယ်တော်ကြိုးစားတော်မူခဲ့ပါသည်။ သူတို့သည် ကိုယ်တော်ရှင်အသိပေးလိုသောအရာများကို ခံယူရန်အသင့်ရှိခဲ့ကြလျှင်၊ ခါးသီးသောစိတ်ဒုက္ခရောက်မှုများမှ ကင်းဝေးကြလိမ့်မည်ဖြစ်ပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများသည် ဆုံးရှုံးသောအချိန်များတွင် နှစ်သိမ့်ရာသို့ဖြစ်စေပါလိမ့်မည်။ မကြာမီအချိန်အတွင်း မိမိ၌မည်သည့်အရာများဖြစ်မည်ကိုရှင်းလင်းစွာမိန့်မြွက်တော်မူခဲ့သော်လည်း၊ ယေရုရှလင်မြို့သို့သွားရမည်ဟူသောမိန့်ဆိုချက်သည် နိုင်ငံတော်တည်ထောင်တော့မည်ဟူသော ၎င်းတို့၏မျှော်လင့်ချက်ကို ပြန်လည်အသက်ဝင်စေခဲ့ပါသည်။ ထိုမျှော်လင့်ချက်သည် ၎င်းတို့အကြားတွင် မည်သူသည်အကြီးမြတ်ဆုံးဖြစ်မည်နည်းဟူသောမေးခွန်းကိုဖြစ်ပေါ်စေခဲ့ပါသည်။ ပေတရုသည် ရေကန်မှပြန်လာသောအချိန်တွင် တမန်တော်များသည် ခရစ်တော်၏အမေးကို၎င်းအားပြန်၍ပြောပြကြပါသည်။ နောက်ဆုံး၌တပည့်တော်တစ်ပါးသည်အရဲစွန့်ကာ ကောင်းကင်နိုင်ငံတော်၌အဘယ်သူသည်သာ၍ကြီးမြတ်ပါအံ့နည်းဟု ကိုယ်တော်အားမေးလျှောက်လေ၏။

ထိုအခါယေရှုသည် တပည့်တော်များအားအပါးသို့ခေါ်တော်မူပြီး အလျင်အဦးဖြစ်လိုသောသူမည်သည်ကား နောက်ဆုံးဖြစ်ရမည်။ အလုံးစုံတို့၏အစေခံလည်းဖြစ်ရမည်ဟု မိန့်တော်မူ၏။ ကိုယ်တော်၏စကားများထဲတွင် ထိတ်လန့်စိုးရွံ့စရာကောင်းပြီး အထူးစွဲမှတ်စရာကောင်းသည့်အရာတစ်ခုပါဝင်နေပါသည်။ ထိုအရာကိုတမန်တော်များမသိရှိခဲ့ကြချေ။ ထိုအရာကား၊ ၎င်းတို့

ငြင်းခုံပြောဆိုခဲ့သောအရာကို ခရစ်တော်သိရှိတော်မူသည်ဖြစ်ကြောင်းကို သူတို့မသိမြင်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ သူတို့သည် ခရစ်တော်တည်ထောင်မည့်နိုင်ငံတော်၏သဘာဝကိုလည်း၊ ကောင်းမွန်စွာနားမလည်ခဲ့ကြချေ။ ထိုသို့နားမလည်ခြင်းသည် ၎င်းတို့ငြင်းခုံနေခြင်း၏သိသာသောအကြောင်းရင်းတစ်ရပ်ဖြစ်နေပါသည်။ သို့ရာတွင် စစ်မှန်သောအကြောင်းအရင်းတစ်ရပ်သည် နက်ရှိုင်းစွာတည်ရှိနေပါသေးသည်။ ခရစ်တော်သည် မိမိတည်ထောင်မည့်နိုင်ငံတော်၏သဘာဝကို ရှင်းလင်းဟောကြားခြင်းအားဖြင့် ၎င်းတို့၏ငြင်းခုံနေမှုကို အခိုက်အတန့်အားဖြင့်ငြိမ်သက်သွားစေခဲ့သော်လည်း၊ အရင်းခံအကြောင်းကို ဖြေရှင်းနိုင်ခြင်းမရှိခဲ့ချေ။ အကြောင်းစုံကိုသိရှိပြီးနောက်၌ပင်၊ ယခင်ကမေးခဲ့ဖူးသည့်မေးခွန်းများသည် ၎င်းတို့၏ဒုက္ခကို အသစ်ဖြစ်စေခဲ့ပါသည်။ ထိုအကြောင်းကြောင့် ခရစ်တော်ကောင်းကင်သို့တက်ကြွသွားပြီးသည့်နောက်ပိုင်းတွင် အသင်းတော်သည် ဘေးဒုက္ခနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပါသည်။ ကြီးမြတ်သောရာထူးကိုရရှိရန်တိုက်ခိုက်ငြင်းခုံခြင်းသည် ကောင်းကင်နိုင်ငံတော်ဝယ် မဟာတိုက်ပွဲကြီးကိုအစပျိုးစေခဲ့သည့်စိတ်ဓာတ်မျိုး၏လုပ်ဆောင်မှုတစ်ခုဖြစ်ပြီး ထိုစိတ်ဓာတ်သည် ခရစ်တော်အားကပ်တိုင်သို့တက်ရန် ကောင်းကင်မှဆင်းကြွလာစေခဲ့ပါသည်။ ပလ္လင်တော်ဝန်းကျင်တွင်ခစား၍ သားတော်ဘုရားနှင့်ရင်းနှီးစွာအမှုတော်ဆောင်ခဲ့ကြသည့် ကောင်းကင်တမန်အားလုံးထက် ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံသော နံနက်သားမိုးသောက်ကြယ်တည်းဟူသော လူစီဖာ၏မြင်ကွင်းသည် ကိုယ်တော့်ရှေ့ဝယ်ထင်ရှားလာခဲ့ပါသည်။ သူသည်အမြင့်ဆုံးသောဘုရားကဲ့သို့နေမည်ဟုအကြံရှိခဲ့ပါသည်။ မိမိကိုယ်ကိုချီးမြှောက်ချင်သောစိတ်ဆန္ဒကြောင့် ကောင်းကင်ရွှေနန်းတော်၌ ငြင်းခုံတိုက်ခိုက်မှုဖြစ်ပွားလာကာ အလွန်များပြားလှစွာသော ကောင်းကင်သားများအား ကောင်ကင်မှနှင်ထုတ်စေခဲ့ပါသည်။ လူစီဖာသည် ဘုရားသခင်နှင့်တူရန်အမှန်တကယ်လိုလားခဲ့ပါက ကောင်းကင်နိုင်ငံတော်တွင် ၎င်းအားခန့်အပ်ထားသည့်လုပ်ငန်းတာဝန်ကို စွန့်ပစ်ထားခဲ့လိမ့်မည်မဟုတ်ချေ။ အကြောင်းမူကား ထာဝရဘုရားသခင်၏စိတ်နေသဘောထားကို တစ်ကိုယ်ကောင်းမဆန်သောလုပ်ဆောင်မှုတွင် ထင်ရှားစေပါသည်။



လူစီဖာသည် ဘုရားတန်ခိုးတော်ကိုသာလိုလားသော်လည်း စာရိတ္တတော်ကိုမူ မလိုချင်ခဲ့ချေ။ သူသည် မိမိကိုယ်ကျိုးအတွက် ထိုရာထူးကိုလိုလားခဲ့ခြင်းဖြစ်ပါသည်။ ထိုစိတ်ဓာတ်မျိုး၏လှုပ်ဆော်မှုကိုခံရသောလူတိုင်းသည်လည်း ထိုနည်းအတူလုပ်ဆောင်ကြပါလိမ့်မည်။ ထိုနည်းအားဖြင့် စိတ်ဝမ်းကွဲပြားခြင်း၊ တစ်ဦးနှင့်တစ်ဦးစိမ်းကားခြင်းနှင့် ငြင်းခုံတိုက်ခိုက်ခြင်းများသည် မလွဲမသွေဖြစ်ပေါ်လာပေလိမ့်မည်။ တန်ခိုးအာဏာသည် ခွန်အားအရှိဆုံးပုဂ္ဂိုလ်ဆွတ်ခူးမည့် ဆုတစ်ခုဖြစ်လာပါသည်။ စာတန်၏နိုင်ငံသည် ခွန်အားကိုအသုံးပြုသောနိုင်ငံဖြစ်ပါသည်။ ထိုနိုင်ငံမှပုဂ္ဂိုလ်များသည် အခြားသူများအား မိမိတို့၏တိုးတက်ကြီးပွားမှုလမ်းကြောင်းပေါ်မှ အဟန့်အတားများဟူ၍လည်းကောင်း၊ ပို၍မြင့်မားသောရာထူးကို မိမိရယူရန်အတွက်ခုတုံးများအနေဖြင့်လည်းကောင်း မှတ်ယူထားကြပါသည်။

လူစီဖာသည် ဘုရားသခင်နှင့်တန်းတူရည်တူဖြစ်နိုင်ရန် ဘုရား၏တန်ခိုးတော်များကို လိုလားတောင့်တနေသောအချိန်တွင် ခရစ်တော်သည် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက် လူကဲ့သို့သောအဖြစ်၌ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာအသေခံသည့်တိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။ ဖိလိပ္ပိ ၂း၇–၈။ ယခုတွင်မူ ကိုယ်တော်ရှင်သည် ကပ်တိုင်ထက်သို့တက်ရပေတော့မည်။ တမန်တော်များ၌ စာတန်နိုင်ငံ၏နိယာမဖြစ်သော တစ်ကိုယ်ကောင်းကြံလိုသည့်စိတ်များဖြင့် အထူးပြည့်ဝနေသဖြင့် ၎င်းတို့၏သခင်အားမထောက်ခံနိုင်ရန်သာမက မိမိတို့ကြောင့်အသရေရှုတ်ချခြင်းကိုခံခဲ့ရကြောင်း ပြောဆိုနေသည့်ခရစ်တော်ကိုပင် သူတို့နားမလည်နိုင်ခဲ့ကြချေ။

သခင်ယေရှုသည်နူးညံ့သိမ်မွေ့၍ ကြင်နာကြီးစွာဖြင့်မှားယွင်းမှုများကို ပြင်ပေးရန်ကြိုးစားတော်မူခဲ့ပါသည်။ အထက်ကောင်းကင်နိုင်ငံတော်မှ သွေဖည်သွားစေမည့်စည်းမျဉ်းများသည် မည်သည့်အရာများဖြစ်သည်ကိုလည်းကောင်း၊ စစ်မှန်သောကောင်းမြတ်ခြင်းများတွင် မည်သည့်အရာများပါရှိသည်ကိုလည်း

ကောင်း အထက်ရွှေနန်း၏စံအရတွက်ချက်၍ ကိုယ်တော်ရှင်ဖော်ပြတော်မူခဲ့ပါသည်။ မာနတရားနှင့်ထင်ပေါ်လိုသောစိတ်များဖြင့် ယစ်မူးနေသောသူများသည် ဘုရားသခင်ထံမှရရှိထားသည့်ဆုကျေးဇူးများအား ကိုယ်တော်ရှင်ထံသို့ မည်သို့ပြန်လည်ပေးဆပ်ရမည်ကိုစဉ်းစားခြင်းထက် မိမိကောင်းစားရေးအတွက်နှင့် ရရှိမည့်ဆုလာဘ်များအကြောင်းကိုသာ စဉ်းစားနေတတ်ကြပါသည်။ စာတန်နှင့် တထေရာတည်းဖြစ်နေသော ထိုသူများအတွက် ကောင်းကင်နိုင်ငံတော်တွင် နေရာမရှိချေ။

ချီးမြှောက်ခြင်း၏အလျင်အဦးတွင်နှိမ့်ချခြင်းရှိပါသည်။ လူအများရှေ့တွင်ရှိသော ကြီးမြတ်သည့်နေရာတစ်နေရာတွင်ခန့်ထားရန် ဘုရားသခင်သည် ဗတ္တိဇံဆရာယောဟန်ကဲ့သို့သော ဘုရားသခင်ရှေ့မှောက်တွင် နိမ့်ကျသည့်ရာထူးများ၌လုပ်ဆောင်မည့်အမှုဆောင်များကို ရွေးချယ်တော်မူပါသည်။ ကလေးငယ်နှင့်အတူဆုံးသောထိုတမန်တော်သည် ဘုရားသခင်အတွက်အစွမ်းဆောင်နိုင်ဆုံးသောသူဖြစ်ခဲ့ပါသည်။ မိမိကိုယ်ကိုမမြင့်တင်ဘဲ အသက်ဝိညာဉ်များကိုကယ်ဆယ်ရန် ကြိုးစားနေသောထိုသူမျိုးကို ကောင်းကင်သားများသည် လက်တွဲလုပ်ဆောင်နိုင်ကြပါသည်။ ဘုရားသခင်၏မစခြင်းကို အထူးလိုအပ်နေကြောင်းသိရှိသောသူသည် ထိုလိုအပ်ချက်ကိုမစရန် ဘုရားသခင်ထံတောင်းလျှောက်ပေလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုအသက်ဝိညာဉ်ကိုအားပေးမြှောက်တင်မည့် သခင်ယေရှု၏အရိပ်အယောင်ကို ထိုသူအားပြတော်မူလိမ့်မည်။ ထိုသူသည် ခရစ်တော်နှင့်မိတ်သဟာယဖွဲ့လျက် အပြစ်တရားတွင်ပျက်စီးဆုံးရှုံးကြတော့မည့်သူများအတွက် အမှုတော်ဆောင်ရန် ထွက်ခွာသွားပေလိမ့်မည်။ ထိုသူသည် ၎င်း၏အမှုတော်လုပ်ငန်းအတွက် ဘိသိက်ပေးခြင်းကိုခံရပြီး များစွာသောပညာတတ်များ၊ ဉာဏ်ရည်ကောင်းသောပညာရှိများမလုပ်ဆောင်နိုင်သည့်နေရာများတွင် အောင်မြင်စွာအမှုတော်ဆောင်နိုင်ပါလိမ့်မည်။

သို့ရာတွင် ဘုရားသခင်၏မဟာစီမံကိန်းကြီးအောင်မြင်မှုတွင် မိမိတို့သည်မရှိမဖြစ်အရေးပါသည်ဟုထင်ကာ လူများသည်မိမိကိုယ်ကိုမြှောက်စား



လာသောအချိန်တွင် ဘုရားသခင်သည် ၎င်းတို့အားဘေးဖယ်ထားရန်ကြံဆောင်တော်မူလိမ့်မည်။ ထိုနည်းအားဖြင့် ၎င်းတို့အပေါ်တွင် ဘုရားသခင်မှီခိုအားထားခြင်းပြုတော်မမူကြောင်း ထင်ရှားစေပါလိမ့်မည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်များကို ဖယ်ရှားပစ်လိုက်ခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်သည် ရပ်တန့်သွားခြင်းမရှိသည့်အပြင် ပို၍ပင်ရှေ့သို့တစ်ရှိန်ထိုးတိုးတက်သွားပေလိမ့်မည်။

တမန်တော်များအား ကိုယ်တော်တည်ထောင်မည့်နိုင်ငံတော်၏သဘာဝနှင့်ပတ်သက်၍ သွန်သင်ရုံနှင့်မလုံလောက်ပါချေ။ ၎င်းတို့လိုအပ်နေသောအရာမှာ စိတ်နှလုံးပြောင်းလဲခြင်းဖြစ်ပါသည်။ စိတ်နှလုံးပြောင်းလဲမှသာ ထိုသူများ၏အသက်တာသည် နိုင်ငံတော်၏စည်းမျဉ်းနှင့်ကိုက်ညီသွားမည်ဖြစ်ပါသည်။ ထိုနောက် သူငယ်တစ်ယောက်ကိုခေါ်တော်မူ၍ တပည့်တော်တို့အလယ်၌ထားပြီးမှ ထိုသူငယ်လေးကိုလက်တော်ဖြင့်ပွေ့ပိုက်တော်မူလျက် “ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့သည်ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့မရောက်ရကြ” ဟုမိန့်တော်မူ၏။ ကလေးငယ်တစ်ဦး၏ပရိယာယ်ကင်းခြင်း၊ အတ္တကိုမစဉ်းစားတတ်ခြင်းနှင့် စိတ်ချယုံကြည်သောမေတ္တာတရားများသည် ဘုရားသခင်တန်ဖိုးထားသည့် ကြန်အင်လက္ခဏာများဖြစ်ကြပါသည်။ စစ်မှန်သောကြီးမြတ်ခြင်း၏ထူးခြားချက်များလည်းဖြစ်ပါသည်။

ဘုရားသခင်၏နိုင်ငံတော်သည် လောကဂုဏ်ဒြပ်နှင့်ထည်ဝါမှုများအားဖြင့် သိသာထင်ရှားစေသည့်အရာမဟုတ်ကြောင်းကို ခရစ်တော်သည် တမန်တော်များအား တစ်ဖန်ရှင်းလင်းဖော်ပြတော်မူခဲ့ပါသည်။ ခရစ်တော်၏ခြေတော်ရင်းတွင် ဤအဆောင်အယောင်များကိုမေ့လျော့သွားကြပါသည်။ ဆင်းရဲသားများနှင့်သူဌေးများ၊ ပညာရှိများနှင့်ပညာမဲ့များသည် ဇာတ်နိမ့်ဇာတ်မြင့်နှင့် လောကကြီးမြတ်မှုများကို မေ့လျော့သွားကြကာ အတူတကွစုစည်းလာကြပါသည်။ ထိုသူအားလုံးသည် မိမိတို့အားထာဝရဘုရားထံသို့ပို့ဆောင်ပေးတော်မူသည့် ကိုယ်တော်ကိုသာ တူညီစွာမှီခိုအားထားလျက် အသွေးတော်နှင့်ဝယ်ယူခြင်းခံရသည့် အသက်ဝိညာဉ်များအနေဖြင့်တွေ့ဆုံစုစည်းလာကြပါသည်။

ထာဝရဘုရား၏ရှေ့မှောက်တွင် နှလုံးဖြူအူစင်း၍ စိတ်နှလုံးကြေကွဲနေသောအသက်ဝိညာဉ်များသည် အဖိုးထိုက်တန်လှပါသည်။ ဘုရားသခင်သည် မိမိ၏ကိုယ်ပိုင်အမှတ်တံဆိပ်ကို လူသားများအပေါ်ရိုက်နှိပ်တော်မူပါသည်။ ထိုသို့ရိုက်နှိပ်ရာတွင် ရာထူးရာခံဥစ္စာဓနေ၊ ပညာအဆင့်အတန်းရှိမှုအပေါ်တွင်မူတည်၍ရိုက်နှိပ်ခြင်းမဟုတ်ဘဲ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိခြင်းအပေါ်တွင်မူတည်၍ ရိုက်နှိပ်ခြင်းဖြစ်ပါသည်။ ဘုန်းတော်အရှင်ဘုရားသခင်သည် စိတ်နှလုံးနှိမ့်ချ၍နူးညံ့သိမ်မွေ့သောသူများကို ကျေနပ်အားရတော်မူပါသည်။ "ကိုယ်တော်သည်ကယ်တင်တော်မူခြင်းဒိုင်းလွှားကိုအပ်၍ လက်ယာလက်တော်အားဖြင့်မစတော်မူ၏။ သည်းခံတော်မူခြင်းအားဖြင့် အကျွန်ုပ်သည်ချီးမြှောက်ခြင်းသို့ရောက်ပါ၏" (ဆာလံ ၁၈း၃၅)။

"အကြင်သူသည်ငါ့မျက်နှာကိုထောက်၍ ဤကဲ့သို့သောသူငယ်တစ်စုံတစ်ယောက်ကိုလက်ခံ၏၊ ထိုသူသည်ငါ့ကိုပင်လက်ခံ၏။ ငါ့ကိုလက်ခံသောသူသည်လည်း ငါ့ကိုသာလက်ခံသည်မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသောသူကိုပင်လက်ခံသည်ဟုမိန့်တော်မူ၏။" "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ကောင်းကင်ဘုံသည်ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည်ငါ့ခြေတင်ရာခုံဖြစ်၏။–––စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့်တုန်လှုပ်ခြင်းရှိသောသူကိုသာ ငါကြည့်ရှုမည်။" (ဟေရှာယ ၆၆း၁–၂)။

ကိုယ်တော်ရှင်မိန့်တော်မူသည့်ထိုစကားများကြောင့် တမန်တော်များ၏စိတ်ထဲဝယ် မိမိကိုယ်ကိုမကိုးစားလိုသည့်စိတ်ဓာတ်များ ပေါက်ဖွားလာခဲ့ပါသည်။ မည်သူတစ်စုံတစ်ယောက်ကိုမျှပြန်လည်ဖြေကြားရန် ဦးတည်၍မပြောခဲ့သော်လည်း ရှင်ယောဟန်အနေဖြင့် မိမိ၏လုပ်ဆောင်မှုသည်မှားသည်၊ မှန်သည်ကိုသိရှိလိုသဖြင့် သူငယ်တစ်ဦး၏စိတ်ထားမျိုးဖြင့် "အရှင်ဘုရား၊ အကျွန်ုပ်တို့နှင့်အတူမလိုက်ဘဲလျက် ကိုယ်တော်၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်သောသူတစ်ယောက်ကို အကျွန်ုပ်တို့တွေ့ပါ၏။ သူသည်အကျွန်ုပ်တို့နှင့်အတူမလိုက်သောကြောင့် အကျွန်ုပ်တို့သည်မြစ်တားကြပါသည်" ဟူ၍လျှောက်ထားခဲ့ပါသည်။



ဤသူကိုစစ်ဆေးကြည့်သောအခါတွင် ၎င်းသည်ခရစ်တော်၏ဂုဏ်အသရေနှင့်ပြည့်စုံသည်ဟု ယာကုပ်နှင့်ယောဟန်တို့ကထင်မြင်ယူဆခဲ့ကြပါသည်။ ထိုကြောင့် မနာလိုဝန်တိုစိတ်များပေါက်ဖွားလာခဲ့ကြပါသည်။ သို့ရာတွင် ယခုတွင်မူ သူတို့သည်မိမိ၏အမှားများကိုပြန်လည်မြင်တွေ့လာကြပြီး "ထိုသူကိုမမြစ်တားကြနှင့်၊ ငါ့နာမကိုအမှီပြုလျက်တန်ခိုးကိုပြ၍ ငါ့ကိုအလွယ်တကူကဲ့ရဲ့နိုင်သောသူတစ်ယောက်မျှမရှိ" ဟူသော ခရစ်တော်၏ဆုံးမစကားကိုလည်းလက်ခံနာယူခဲ့ကြပါသည်။

တစ်နည်းနည်းအားဖြင့် ခရစ်တော်ဘုရား၏မိတ်ဆွေဖြစ်ကြောင်း မိမိကိုယ်ကိုဖော်ပြသည့်မည်သူကိုမဆို ငြင်းပယ်ရမည်မဟုတ်ချေ။ ခရစ်တော်၏စာရိတ္တတော်နှင့်လုပ်ဆောင်မှုများကြောင့် နက်နက်နဲနဲစိတ်လှုပ်ရှားခဲ့သူများစွာရှိပြီး ၎င်းတို့သည်ကိုယ်တော်ရှင်ကိုယုံကြည်ခြင်းအားဖြင့် စိတ်နှလုံးထဲမှကြိုဆိုလျက်ရှိနေကြပါသည်။ ထိုသူများ၏စိတ်နေသဘောထားကိုမသိရှိကြသောတမန်တော်များသည် ၎င်းတို့အားစိတ်ဓာတ်ကျအောင်မလုပ်မိဖို့ ဂရုစိုက်ကြရပါမည်။ သခင်ယေရှုသည် ၎င်းတို့နှင့်ခွဲခွာသွားသောအချိန်တွင် အမှုတော်ကို၎င်းတို့၏လက်ထဲတွင်အပ်နှံထားခဲ့ရမည်ဖြစ်သဖြင့်၊ တမန်တော်များအနေနှင့် သေးသိမ်သောစိတ်သဘောထားများကိုမထားရှိကြဘဲ၊ ကိုယ်တော်ရှင်၌တွေ့မြင်ခဲ့ကြရသောမဟာမေတ္တာတော်မျိုးကို ဖော်ပြရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ပုဂ္ဂလိကအတွေးအခေါ်အယူအဆများနှင့်ကွဲပြားသောကြောင့်၊ လူတစ်ယောက်အား ဘုရားသခင်အတွက်အမှုတော်မဆောင်ရန်တားမြစ်ခြင်းသည် တရားမျှတလိမ့်မည်မဟုတ်ချေ။ ခရစ်တော်သည် ကြီးမြတ်သောဆရာတစ်ပါးဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည် သူတစ်ပါးအားတရားစီရင်ရန် (သို့မဟုတ်) အမိန့်ပေးရန်တာဝန်မရှိကြဘဲ၊ ခြေတော်ရင်းတွင်နှိမ့်ချစွာဖြင့်ပျပ်ဝပ်ကာ ကိုယ်တော်ထံမှာနည်းနာခံကြရန်သာဖြစ်ပါသည်။ လိုအင်ဆန္ဒပြင်းပြအောင် ဘုရားသခင်ပြုပြင်ခြင်းခံရသောပုဂ္ဂိုလ်တိုင်းသည် ခရစ်တော်၏ခွင့်လွှတ်ခြင်းမေတ္တာတော်ကိုဖော်ပြရာတွင် အသုံးပြုခြင်းခံရသည့်ရေစီးမြောင်းတစ်ခုစီဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အလင်းတော်ကို

သယ်ဆောင်မည့်သူတစ်ဦးအား စိတ်ဓာတ်ကျစေခြင်းအားဖြင့် ကမ္ဘာလောကကို ကိုယ်တော်ရှင်ထွန်းလင်းစေလိုသည့်အလင်းရောင်ခြည်အား အဟန့်အတား မပြုမိရန် အထူးဂရုစိုက်သင့်လှပါသည်။

ခရစ်တော်၏နာမတော်ကိုအမှီပြု၍ နိမိတ်လက္ခဏာပြုနေသောသူတစ်ဦးအား ရှင်ယောဟန်မြစ်တားခဲ့သကဲ့သို့ ခရစ်တော်ဆွဲယူတော်မူလျက်ရှိသော သူတစ်ဦးတစ်ယောက်အပေါ်ပြုသည့် တပည့်တော်တစ်ဦးကြမ်းတမ်းသောဆက်ဆံခြင်း (သို့မဟုတ်) ဂရုမစိုက်သလိုဆက်ဆံခြင်းများသည် ထိုအသက်ဝိညာဉ်အားစာတန်ဘက်သို့ဦးလှည့်သွားစေပြီး ဆုံးရှုံးခြင်းသို့ရောက်သွားစေနိုင်ပါသည်။ ထိုသူတစ်ဦးအားမှားယွင်းစွာဆက်ဆံသည်ထက် လည်ပင်း၌ကြိတ်ဆုံကျောက်ကိုဆွဲ၍ နက်နဲသောပင်လယ်၌နစ်မြုပ်ခြင်းကိုခံရလျှင် အနေသာ၍ကောင်း၏ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ ၎င်းပြင် သင်၏လက်သည် သင့်ကိုမှားယွင်းစေလျှင် လက်ကိုဖြတ်လော့၊ ပိုးမသေမီးမငြိမ်းရာငရဲအတွင်း မငြိမ်းနိုင်သောမီးထဲသို့လက်နှစ်ဖက်စုံနှင့်ဝင်ရသည်ထက် လက်ချို့တဲ့၍အသက်ရှင်ခြင်းသို့ ဝင်စားသော် သာ၍ကောင်း၏ဟု ဆက်လက်မိန့်တော်မူခဲ့ပါသည်။ (မာကု ၉း၄၃–၄၅)။

ကိုယ်တော်ရှင်အသုံးပြုတော်မူခဲ့သော ရိုးရှင်းလှသည့်အသုံးအနှုန်းထက် မည်သည့်အသုံးအနှုန်းကမျှ ပို၍ထိရောက်နိုင်လိမ့်မည်မဟုတ်ချေ။ အကြောင်းမူကား ဘုရားသခင်၏သားတော်သည် ပျောက်ဆုံးနေသူများအား ကယ်တင်ရန်ကြွလာတော်မူခဲ့သည်။ ကိုယ်တော်၏တပည့်တော်များသည် ၎င်းတို့၏မိတ်ဆွေများ၏အကျိုးအလို့ငှာ ဘုရားသခင်ဂရုထားတော်မူသည်ထက် လျော့နည်းကြရမည်လား၊ အသက်ဝိညာဉ်တိုင်းသည် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသူများဖြစ်ကြပြီး ၎င်းတို့အပေါ်ထားရှိသည့်ခရစ်တော်၏မေတ္တာတော် ၎င်းတို့ကိုယ်စားကိုယ်တော်ပြုတော်မူခဲ့သည့်နှိမ့်ချမှုများနှင့် ခံစားခဲ့ရသည့်ပြင်းထန်သောဝေဒနာများကိုအလဟဿဖြစ်သွားစေရန် ဝိညာဉ်တစ်လုံးအား ခရစ်တော်ထံမှကျောခိုင်သွားစေသည့်အပြစ်သည် အလွန်ကြောက်ရွံ့စရာကောင်းလှပါသည်။ "မှားယွင်းစရာအကြောင်းများရှိသောကြောင့် လောကီသားတို့



သည်အမင်္ဂလာရှိကြ၏။ မှားယွင်းစရာအကြောင်းရှိရမည်။ သို့သော်လည်း မှားယွင်းစရာအကြောင်းကိုဖြစ်စေသောသူသည် အမင်္ဂလာရှိ၏။ "မဿဲ ၁၈း၇။ စာတန်၏ဩဇာခံလူသားများသည် ခရစ်တော်၏နောက်လိုက်များကို ဧကန်အမှန်ဆန့်ကျင်ကြလိမ့်မည်ဖြစ်ပြီး ထိုသူများ၏ယုံကြည်ခြင်းကို ချေဖျက်ပစ်ရန်ကြိုးစားကြပေလိမ့်မည်။ သို့ရာတွင် ခရစ်ယာန်အဖြစ်ခံယူ၍ ဤမှားယွင်းသောလုပ်ရပ်များကိုလုပ်ဆောင်နေသူများ၌ အမင်္ဂလာရှိကြ၏။ ကိုယ်တော်ရှင်အတွက်အမှုတော်ဆောင်ရန် အခိုင်အမာပြောဆိုသော်လည်း ကိုယ်တော်ရှင်၏စာရိတ္တတော်ကို မှားယွင်းစွာရုပ်လုံးဖော်နေကြသူများသည် သခင်ဘုရားအားအရှက်ရစေတော်မူပြီး လူအများအားလှည့်ဖြားကာ အမှားလမ်းထဲသို့ပို့ဆောင်နေကြခြင်းဖြစ်ပါသည်။

အပြစ်တရားသို့ပို့ဆောင်ကာ ခရစ်တော်အားဂုဏ်အသရေယုတ်ညံ့စေမည့် မည်သည့်အကျင့်ဓလေ့ကိုမဆို၊ မည်မျှပင်နစ်နာစေကာမူ၊ စွန့်လွှတ်ဖို့ကောင်းပါသည်။ ဘုရားသခင်ကိုအသရေယုတ်ညံ့စေသည့်အရာတစ်ခုသည် အသက်ဝိညာဉ်အားလည်းအကျိုးပြုနိုင်မည်မဟုတ်ချေ။ အမှန်တရား၏ထာဝရခိုင်မြဲသောစည်းမျဉ်းများကို ချိုးဖောက်သောလူသားများအပေါ်သို့ အထက်မှကောင်းချီးမင်္ဂလာများမကျရောက်နိုင်ပါချေ။ စွဲလမ်းခုံမင်နေသည့်အပြစ်တစ်ခုသည် စာရိတ္တမဏ္ဍိုင်ယုတ်ညံ့ပျက်စီးသွားစေရန်နှင့် အခြားသူများကိုလမ်းမှားသို့ပြပေးရန်လုံလောက်ပါသည်။ ကိုယ်ခန္ဓာအားသေခြင်းမှကယ်တင်ရန် မှားယွင်းသောခြေများလက်များနှင့် မျက်စိများကိုပင်ဖြတ်တောက်ထုတ်ပယ်သင့်သည်ဆိုလျှင် အသက်ဝိညာဉ်ကိုဆုံးရှုံးစေသည့်အပြစ်တရားကို ကျွန်ုပ်တို့မည်မျှစွန့်လွှတ်သင့်ကြပါသနည်း။

ဆက်ကပ်ပူဇော်သည့်အခမ်းအနားများတွင် ယဇ်ကောင်တိုင်းကိုဆားခတ်ရပါသည်။ နံ့သာပေါင်းမီးရှို့ပူဇော်ခြင်းမှာကဲ့သို့ ထိုဆားသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းတစ်ခုတည်းကသာ ထိုဆက်ကပ်ခြင်းကိုဘုရားသခင်လက်ခံနိုင်သည်ဖြစ်ကြောင်း ပုံဆောင်ထားခြင်းဖြစ်ပါသည်။ ထိုအလေ့အထကိုရည်ညွှန်း၍ ယဇ်ကောင်ရှိသမျှတို့၌ဆားခတ်ရ၏၊ သင်တို့၌ဆားရှိစေကြလော့

ဟု ခရစ်တော်မိန့်ကြားတော်မူခဲ့ပါသည်။ မိမိကိုယ်ကိုသန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာ၊ အသက်ရှင်ခြင်းလက္ခဏာနှင့် ပြည့်စုံသောယဇ်အဖြစ် ဘုရားသခင်ထံတော်၌ပူဇော်ဆက်သလိုသူများသည် ကယ်တင်ရှင်၏ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ကယ်တင်ခြင်းဆားကို လက်ခံရယူရပါမည်။ ဆားသည်အရာဝတ္ထုများကိုကြာရှည်ခံအောင်ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ၎င်းတို့သည်လည်း လူသားများအလယ်တွင်အသက်ရှင်နေထိုင်စဉ် ဒုစရိုက်ကိုဟန့်တားသော လောက၏ဆားများဖြစ်လာကြပါသည်။ သို့ရာတွင် ဆားသည်အငန်ကင်းပျောက်သွားသကဲ့သို့ ၎င်းတို့သည်ခရစ်တော်၏ မေတ္တာမပါသည့်ဘုရားတရားရှိကြောင်း နှုတ်အားဖြင့်ဝန်ခံရုံသာပြုကြလျှင် ထိုအသက်တာမျိုးသည် လောကီသားများအပေါ် မည်သည့်ကယ်တင်ခြင်းတန်ခိုးကိုမျှပေးဆောင်နိုင်မည်မဟုတ်ချေ။ ငါ၏နိုင်ငံတော်တည်ထောင်ခြင်းတွင် အသုံးပြုသည့် သင်၏အားအင်များနှင့်စွမ်းပကားများသည်၊ ငါ့ဝိညာဉ်တော်ကို သင်မည်မျှခံယူခြင်းအပေါ်တွင်မူတည်ပါသည်။ အသက်ရှင်ခြင်းသို့ဝင်စားနိုင်ဖို့ အသက်တာ၏အငန်အရသာနှင့် ပြည့်စုံစေရန် သင်သည်ငါ၏ကရုဏာတော်ကိုမျှဝေသုံးဆောင်သူတစ်ဦးဖြစ်ရမည်။ သို့မှသာလျှင် တစ်ဦးနှင့်တစ်ဦး တုပြိုင်လိုစိတ်များ၊ တစ်ကိုယ်ကောင်းကြံလိုစိတ်များနှင့် ကြီးမြတ်လိုသောစိတ်များပျောက်ကွယ်သွားပေလိမ့်မည်။ သင်၌မိမိကိုယ်ကျိုးကိုမကြည့်၊ အခြားသူများ၏ကြီးပွားချမ်းသာမှုကိုသာပြုစုတတ်သော ထိုမေတ္တာမျိုးရှိလာလိမ့်မည် စသည်ဖြင့် ခရစ်တော်မိန့်မှာတော်မူပါသည်။

နောင်တရသောအပြစ်သားသည် ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်ပါစေ။ ကြည့်ခြင်းအားဖြင့် သူ၏အသက်တာသည်ပြောင်းလဲလာပါသည်။ ထိုသူ၏စိုးရိမ်ကြောက်ရွံ့မှုများသည် ပျော်ရွှင်ဝမ်းမြောက်ခြင်းသို့လည်းကောင်း၊ သံသယစိတ်များသည် မျှော်လင့်ခြင်းသို့လည်းကောင်းပြောင်းလဲလာပါသည်။ ကျေးဇူးတင်ချီးမွမ်းလာပါသည်။ ကျောက်နှလုံးကြီးသည် ကြေမွပျက်စီးသွားကာ မေတ္တာဒီရေလှိုင်းများသည် အသက်ဝိညာဉ်အထဲသို့စီမ့်ဝင်လာပါသည်။ ခရစ်တော်သည် သူ့အထဲတွင်





ထာဝရအသက်တိုင်အောင်စီးဆင်းနေသောစမ်းရေတွင်းနှယ်ဖြစ်လာသည်။ ကျွန်ုပ်တို့သည်သခင်ယေရှုအား စိတ်ဒုက္ခများနှင့်ရင်းနှီး၍ ပျောက်ဆုံးနေသည့်များစွာသောအသက်ဝိညာဉ်များအတွက်အမှုတော်ဆောင်လျက်ရှိသော၊ အထင်အမြင်သေးခံရသော၊ မထီမဲ့မြင်ပြုခြင်းကိုခံရသော၊ ပြောင်လှောင်သရော်ခြင်းကိုခံရသော၊ အမှုတော်ပြီးမြောက်သည်တိုင်အောင် တစ်မြို့မှတစ်မြို့သို့နှင်ထုတ်ခြင်းခံခဲ့ရသော ဝမ်းနည်းဖွယ်လူသားတစ်ဦးအနေဖြင့် မြင်တွေ့လာသောအချိန်တွင်လည်းကောင်း၊ ဂေသရေမန်ဥယျာဉ်ဝယ်သွေးများသည် ချွေးများကျလာသလိုကျလာသောအချိန်နှင့် ကပ်တိုင်၏ပြင်းထန်သောဝေဒနာကိုခံစားနေရသောအချိန်များတွင် ကိုယ်တော်ကိုကြည့်ရှုမိသောအခါတွင်လည်းကောင်း ငါတည်းဟူသောအတ္တအလိုများသည် ပျောက်လွင့်သွားပေလိမ့်မည်။ ခရစ်တော်ကိုကြည့်ခြင်းဖြင့် မိမိတို့၏အေးတိအေးစက်နိုင်ခြင်းများ၊ အမှုမဲ့အမှတ်မဲ့နေခြင်းများနှင့် တစ်ကိုယ်ကောင်းကြံစည်ခြင်းများအတွက် ရှက်စိတ်များပေါ်လာလိမ့်မည်။ ကိုယ်တော်ရှင်အတွက် စိတ်ရောကိုယ်ပါလုပ်ဆောင်နိုင်စေရန်အလို့ငှာ ကျွန်ုပ်တို့သည် မည်သည့်ရာထူးဌာနန္တရကိုမှ ရလိုသောဆန္ဒရှိကြလိမ့်မည် မဟုတ်ချေ။ ခရစ်တော်၏လမ်းစဉ်အတိုင်း ကပ်တိုင်ထမ်းရသောအချိန်တွင်လည်းကောင်း၊ ကိုယ်တော့်အတွက်စုံစမ်းခြင်းခံရသောအချိန်တွင်လည်းကောင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းခံရသောအချိန်တွင်လည်းကောင်း ဝမ်းမြောက်ဝမ်းသာရှိလိမ့်မည်။

"သို့ဖြစ်၍ အားရှိသောငါတို့သည် ကိုယ်အလိုသို့မလိုက်၊ အားနည်းသောသူတို့၏အားနည်းခြင်းကို သည်းခံရကြမည်။" ရောမ ၁၅း၁။ ခရစ်တော်ကိုယုံကြည်သည့် မည်သည့်ယုံကြည်သူမဆို၊ ၎င်း၏ယုံကြည်ခြင်းသည် မည်သို့ပင်အားနည်းစေကာမူ၊ ကလေးငယ်လမ်းလျှောက်သလို သူ၏ခြေလှမ်းများသည် ဒယိမ်းဒယိုင်ဖြစ်စေကာမူ၊ သူ့အားပေါ့တန်စွာအလေးမထားသင့်ချေ။ သူတစ်ပါးထက်ပိုမိုပိုင်ဆိုင်ခွင့်ရထားသည့် ပညာအဆင့်အတန်း၊ ယဉ်ကျေးမှုအဆင့်အတန်း၊ စာရိတ္တကောင်းမြတ်ခြင်း၊ ခရစ်ယာန်ပညာနှင့်ဘာသာရေးအတွေ့အကြုံများကြောင့် ကျွန်ုပ်တို့သည် မိမိတို့ထက်အခွင့်အရေးနည်းပါးသူများ

အတွက် အကြွေးတင်နေကြပါသည်။ ထိုသူများအတွက် တတ်အားသရွေ့ အလုပ်အကျွေးပြုကြရမည်။ ကျွန်ုပ်တို့သည် အားကြီးသောသူများဖြစ်ကြလျှင် အားနည်းသောသူများ၏လက်ကို ထောက်မကြရမည်။ ကောင်းကင်နိုင်ငံတော်တွင်စိုးစံတော်မူသော ဘုရားသခင်၏မျက်နှာတော်ကို အစဉ်အမြဲဖူးမြော်နေကြသည့်ကောင်းကင်တမန်များသည် ကိုယ်တော်ရှင်၏သူငယ်ကလေးများအားမစခြင်းအမှုတွင် ဝမ်းမြောက်ဝမ်းသာရှိကြလိမ့်မည်။ အပြစ်တင်ခွင့်နှင့်ပြည့်ဝနေသော ကြောက်ရွံ့တုန်လှုပ်နေသည့်အသက်ဝိညာဉ်များသည် ၎င်းတို့အထူးတာဝန်ယူကာကွယ်စေရမည့်သူများဖြစ်ကြပါသည်။ ၎င်းပြင် မိမိအလိုကိုငြင်းပယ်ရန် အပြင်းအထန်ကြိုးစားနေကြသူများ စိတ်ဓာတ်ကျစရာအကောင်းဆုံးအခြေအနေတွင်ရောက်နေသူများနှင့် အကူအညီအထူးလိုအပ်နေသူများတို့၏အနီးပတ်ဝန်းကျင်တွင်လည်း ကောင်းကင်တမန်များသည် အမြဲရှိနေကြပါသည်။ ထိုသို့ခရစ်တော်၏နောက်လိုက်ကောင်းများသည်လည်း ဤအမှုတော်လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ကြလိမ့်မည်။

ဤကဲ့သို့သောသူငယ်တစ်စုံတစ်ယောက်ကို အနိုင်ကျင့်ကာမှားယွင်းစေခဲ့လျှင် ၎င်းအားပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိလာအောင်လုပ်ပေးရန်သင်၌တာဝန်ရှိပါသည်။ သူနှင့်သဘောကိုက်ညီမှုရလာရန် ကြိုးစားဖို့မစောင့်ဆိုင်းပါနှင့်။ "အဘယ်ကြောင့်ထင်ကြသနည်း၊ ၎င်းအားပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိလာအောင်လုပ်ပေးရန် သင်၌တာဝန်ရှိပါသည်။ သူနှင့်သဘောကိုက်ညီမှုရလာရန် သိုးတစ်ရာရှိသောသူ၌ သိုးတစ်ကောင်သည် လမ်းလွဲ၍ပျောက်လျှင် ထိုသူသည် ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောင်ပေါ်မှာထားခဲ့ပြီးမှ လမ်းလွဲ၍ပျောက်သောသိုးတစ်ကောင်ကို သွား၍ရှာတတ်သည်မဟုတ်လော။ တွေ့ပြီးလျှင် လမ်းမလွဲမပျောက်သောသိုးကိုးဆယ်ကိုးကောင်၌ ဝမ်းမြောက်ခြင်းရှိသည်ထက် ထိုသိုးတစ်ကောင်၌သာ၍ဝမ်းမြောက်ခြင်းရှိသည်ဟု ငါအမှန်ဆို၏။ ထိုနည်းတူ၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဤသူငယ်တစ်စုံတစ်ယောက်ကိုမျှ ပျက်စီးစေခြင်းငှာ အလိုတော်မရှိ။"



သင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့်ကိုယ်တိုင်လွတ်မည်အကြောင်း နူးညံ့သိမ်မွေ့သောစိတ်သဘောဖြင့် မှားယွင်းသောသူတို့ထံသို့သွား၍ နှစ်ယောက်တည်းချင်း သူ၏အပြစ်ကိုပြ၍ဆုံးမလော့။ "သူ၏အမှားကိုအခြားသူများအားပြောပြခြင်းဖြင့် သူ့အားအရှက်မကွဲပါစေနှင့်။ ကိုယ်တော်၏နာမတော်ကိုခံယူထားသည့် သူတစ်ဦး၏အမှားအယွင်း (သို့မဟုတ်) အပြစ်အနာအဆာများကိုလူသိရှင်ကြားဖြစ်စေခြင်းအားဖြင့် ခရစ်တော်အားအသရေမယုတ်ညှိုးစေပါနှင့်။ ၎င်းအားပြုပြင်ပြောင်းလဲမှုရှိလာစေရန် အမှားအယွင်းများကိုရှင်းရှင်းဘွင်းဘွင်းအသိပေးကာ၊ ပြောပြရပါမည်။ သို့ရာတွင် သင့်အနေဖြင့်၎င်းအားတရားစီရင်ဖို့၊ အပြစ်တင်ဖို့မဟုတ်ပါ။ ငါမှန်သည်ဆိုသည့်သဘောနှင့် ကြိုးစားလုပ်ဆောင်ရန်လည်းမဟုတ်ပါ။ သင်၏ကြိုးစားမှုသည် ၎င်းအားပုံမှန်အနေအထားသို့ပြန်ရောက်လာရန်အတွက်သာဖြစ်စေရပါမည်။ ထိုအသက်ဝိညာဉ်၏ဒဏ်ရာများကိုကုသရာတွင် နူးညံ့သောအထိ၊ သိမ်မွေ့သောအသိရှိဖို့လိုပါသည်။ ကရာနီကုန်းပေါ်မှယိုစီးလာသည့် ခရစ်တော်၏မေတ္တာတော်သည်သာ၊ ဤနေရာတွင်အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။ သင်သည် ဤအမှုတွင်အောင်နိုင်လျှင် ဝိညာဉ်ကိုသေခြင်းမှကယ်တင်၍ များစွာသောအပြစ်တို့ကိုဖုံးအုပ်လိမ့်မည်" ဟူသောအသိဖြင့်ချစ်ခင်ယုယစွာဖြင့် ထိုညီအစ်ကိုကိုဆက်ဆံပါ။ (ယာကုပ် ၅း၂၀)။

သို့ရာတွင် ဤကဲ့သို့ကြိုးစားခြင်းများသည်ပင်၊ အကျိုးရှိချင်မှရှိနိုင်မည်ဖြစ်ပါသည်။ သင်၏ကြိုးစားမှုမအောင်မြင်ခဲ့လျှင်၊ သင်နှင့်အတူလူနှစ်ဦးသုံးဦးကိုခေါ်သွားဦးလော့ဟု ခရစ်တော်မိန့်တော်မူပါသည်။ ပထမအကြိမ်ကြိုးစားမှုတွင် မအောင်မြင်ခဲ့သည့်နေရာ၌ အတူတကွပေါင်းဖက်လုပ်ဆောင်ခြင်းသည် အောင်မြင်နိုင်ကောင်းအောင်မြင်နိုင်မည်ဖြစ်ပါသည်။ ထိုသူများသည် ၎င်းပြဿနာတွင်ပါဝင်ပတ်သက်ခြင်းမရှိသောကြောင့် ဘက်လိုက်ခြင်းမရှိဘဲ ပို၍ပြုလုပ်ဆောင်ရွက်နိုင်ပါလိမ့်မည်။ ထိုကဲ့သို့သမာသမတ်ကျစွာလုပ်ဆောင်ခြင်းကြောင့်၊ မှားယွင်းသောထိုသူအတွက် ၎င်းတို့ပေးသောအကြံဉာဏ်များသည် အထူးထိရောက်ပါလိမ့်မည်။

ထိုသူသည် ၎င်းတို့စကားကိုမလိုက်နာသေးလျှင်၊ ထိုကိစ္စကိုအသင်းတော်ရှေ့တွင် တင်ပြကြရမည်ဖြစ်ပါသည်။ အသင်းသားများသည် ခရစ်တော်၏ကိုယ်စားလှယ်များအနေဖြင့် ထိုသူအားလမ်းမှန်သို့ပြန်လည်ရောက်ရှိလာစေရန် အတူတကွဘုရားသခင်ထံတွင်ဆုတောင်းကြပါစေ။ သန့်ရှင်းသောဝိညာဉ်တော်သည် လမ်းလွဲမှားယွင်းနေသောထိုသူအား ဘုရားသခင်ထံတော်သို့ပြန်လာရန် အနူးအညွတ်ဆွဲယူတော်မူလျက် ကိုယ်တော်၏စေတမန်များမှတစ်ဆင့် မိန့်တော်မူပါလိမ့်မည်။ ရှင်ပေါလုအားဖြင့်မိန့်တော်မူသည်ကား "သင်တို့သည်ရန်ငြိမ်း၍ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည် ငါတို့အားဖြင့်နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့ ငါတို့သည် ခရစ်တော်၏ကိုယ်စားဖြစ်၍ သင်တို့ကိုတောင်းပန်သွေးဆောင်ကြ၏။" ၂ကော ၅း၂၀။ ဤကဲ့သို့ပူးပေါင်းဆောင်ရွက်ခြင်းကိုငြင်းပယ်သောသူသည် ၎င်းနှင့်ခရစ်တော်အကြား ဆက်စပ်နှောင်ဖွဲ့မှုကိုဖြတ်တောက်ခြင်းဖြစ်သဖြင့်၊ မိမိကိုယ်ကိုအသင်းတော်နှင့်အဆက်ဖြတ်ခဲ့ခြင်းလည်းဖြစ်ပါသည်။ ထိုကဲ့သို့အသင်းတော်၏စကားကိုနားမထောင်လျှင် သာသနာပလူကဲ့သို့လည်းကောင်း၊ အခွန်ခံကဲ့သို့လည်းကောင်း ထိုသူကိုမှတ်လော့ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ သို့ရာတွင် ထိုသူသည်ဘုရားသခင်၏ကရုဏာတော်ကိုခံစားခွင့်မရရှိတော့ဟု မမှတ်ယူသင့်ပါချေ။ အသင်းသားများအနေဖြင့် ထိုသူအားအထင်အမြင်သေးသည့်သဘော (သို့မဟုတ်) ဂရုမထားသည့်သဘောဖြင့်မဆက်ဆံကြဘဲ၊ သိုးခြံထဲသို့ပြန်လည်ရောက်ရှိလာရန် ခရစ်တော်ရှာဖွေခဲ့ရသည့်ပျောက်ဆုံးနေသောသိုးကလေးတစ်ကောင်ကဲ့သို့ ယုယချစ်ခင်စွာဖြင့် ၎င်းအားဆက်ဆံကြဖို့ဖြစ်ပါသည်။

မှားယွင်းသောသူများအား ဆက်ဆံပြုမူခြင်းနှင့်စပ်လျဉ်း၍ ပိုမိုတိကျသောစကားရပ်များကိုအသုံးပြုကာ မောရှေအားဖြင့်ဣသရေလများအား ခရစ်တော်သွန်သင်တော်မူခဲ့သည်မှာ "သင်၏ညီအစ်ကိုကိုစိတ်အခုအခံမရှိရ။ ကိုယ်နှင့်စပ်ဆိုင်သောသူ၌ရှိသောအပြစ်ကို တတ်တိုင်းမရှိစေဘဲ၊ သူ့ကိုအမှန်ဆုံးမရမည်။" ဝတ်ပြု ၁၉း၁၇။ အဓိပ္ပါယ်မှာ မှားယွင်းသောညီအစ်ကိုကို



လမ်းမှန်သို့ပြန်လည်ရောက်ရှိရန် ခရစ်တော်ကိုယ်တော်တိုင်နှစ်သက်တော်မူသည့် ထိုအမှုကိုလျစ်လျူရှုခဲ့လျှင်၊ ထိုသူသည် ထိုအမှားအယွင်းများနှင့်အပြစ်များတွင် ပါဝင်ဆက်ဆံသူဖြစ်လာပါသည်။ ကျွန်ုပ်တို့သည် မိမိတို့တားဆီးနိုင်လောက်သောဒုစရိုက်များအား ကူညီတားဆီးပေးရန်တာဝန်ရှိကြပါသည်။

သို့ရာတွင် မှားယွင်းသောညီအစ်ကိုကိုသာ ကျွန်ုပ်တို့တိုက်ရိုက်ပြောပြသွန်သင်ရန်ဖြစ်ပြီး အသင်းတော်ရှေ့မှောက်တွင် တင်ပြပြီးသည့်အချိန်ပင်ထိုအကြောင်းကိုကျွန်ုပ်တို့အချင်းချင်း ထင်မြင်ချက်ပေးရန်၊ ဝေဖန်ပြစ်တင်မှုလုပ်ရန်မလိုပါချေ။ ခရစ်ယာန်များ၏မှားယွင်းသောလုပ်ရပ်များသည် မယုံကြည်သောသူများအတွက် ထိမိ၍လဲစရာအကြောင်းတစ်ခုဖြစ်နေပါသည်။ ၎င်းပြင် ထိုအကြောင်းအရာများကိုမကြာခဏပြောဆိုနေခြင်းအားဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်အတွက်လည်း ထိခိုက်နစ်နာမှုကိုသာဖြစ်စေနိုင်ပါသည်။ အကြောင်းမှာ ယုံကြည်ခြင်းအားဖြင့်ကျွန်ုပ်တို့သည် ပြောင်းလဲလာတတ်ခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ညီအစ်ကိုတစ်ဦး၏အမှားကိုပြင်ပေးရန်ကြိုးစားနေစဉ်တွင် ခရစ်ယာန်အချင်းချင်းတို့၏ပြစ်တင်ဝေဖန်မှုများမှလည်းကောင်း၊ မယုံကြည်သူများ၏ပြစ်တင်ဝေဖန်မှုများမှလည်းကောင်း ၎င်းအားတတ်နိုင်သမျှကာကွယ်ပေးနိုင်ရန် ခရစ်တော်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားလမ်းပြတော်မူလိမ့်မည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း အမှားအယွင်းများကိုလုပ်ဆောင်နေကြသူများဖြစ်သဖြင့် ခရစ်တော်၏သနားခြင်းကရုဏာတော်ကိုလည်းကောင်း၊ အပြစ်လွှတ်ခြင်းကိုလည်းကောင်း လိုအပ်နေကြပါသည်။ ကျွန်ုပ်တို့၌ကိုယ်တော်ရှင်ပြုစေလိုသည်အတိုင်း သူတစ်ပါး၌ကျွန်ုပ်တို့ပြုကြရန် ယေရှုရှင်မိန့်မှာတော်မူပါသည်။

"မြေကြီးပေါ်မှာသင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည်" သင်တို့သည် ကောင်းကင်နိုင်ငံတော်၏သံတမန်များအဖြစ် အမှုတော်ကိုဆောင်ရွက်နေကြပြီး သင်တို့လုပ်ဆောင်မှုများ၏ဖြစ်ထွန်းမှုရလဒ်များသည် ထာဝရကာလတိုင်တည်မြဲကြပါသည်။

သို့ရာတွင် ကျွန်ုပ်တို့သည်ကြီးမားလှသောဤတာဝန်ကို အကူအညီမဲ့ထမ်းဆောင်နေကြသည်မဟုတ်ချေ။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ရိုးသားသောစိတ်နှလုံးဖြင့်ခံယူလိုက်လျှောက်သည့်နေရာတိုင်းတွင် ခရစ်တော်ရှိတော်မူပါသည်။ ကိုယ်တော်သည် အသင်းသားများစွာစုရုံးနေကြသောနေရာများ၌သာမက နာမတော်အားဖြင့်စုရုံးနေကြသောလူနည်းစု၏အလယ်တွင်လည်း ရှိတော်မူပါသည်။ မြေကြီးပေါ်မှာသင်တို့တွင်နှစ်ယောက်တို့သည် သဘောချင်းတူ၍ဆုတောင်းလျှင် တောင်းသမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏ခမည်းတော်သည် ပေးတော်မူလတ္တံ့ဟုလည်း ကိုယ်တော်မိန့်ကြားခဲ့ပါသည်။

ဒုက္ခခံစားနေရသောလူသားများအား ကိုယ်တော်သည်စာနာသနားကာ၊ ၎င်းတို့နှင့်အတူဒုက္ခခံနေစဉ်မှာပင်၊ မိမိ၏ဘုရားဇာတိအားဖြင့် အနန္တတန်ခိုးရှင်၏ပလ္လင်တော်နှင့်အဆက်အသွယ်ရှိကြောင်း၊ တမန်တော်များအားသတိပေးသည့်အနေဖြင့် "ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏ခမည်းတော်" ဟူသောအသုံးအနှုန်းများကို အသုံးပြုတော်မူခဲ့ပါသည်။ အံ့ဩဖွယ်ကောင်းလှသည့်အာမခံချက်ပေတည်း။ ကောင်းကင်သားများသည် လူသားများနှင့်ပေါင်းဖက်ကာ ပျောက်ဆုံးနေသောလူသားများအားကယ်တင်နိုင်ရန် ကရုဏာသက်စွာဖြင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြပါသည်။ ၎င်းပြင် အသက်ဝိညာဉ်များကိုခရစ်တော်ထံသို့ဆွဲယူခြင်းလုပ်ငန်းတွင် ကောင်းကင်မှတန်ခိုးအာဏာအားလုံးကို လူသားများ၏စွမ်းအားများနှင့်ပေါင်းဖက်စေလျက်ရှိပါသည်။

****



# tcef; (49)
# oauaeyGJaeYü

ရှင်ယောဟန် ၇း၁–၁၅၊ ၃၇–၄၉ ကိုအခြေပြုထားပါသည်။

ယေရုရှလင်မြို့တွင်ပြုလုပ်ကျင်းပသည့် ဘာသာရေးပွဲများကိုတက်ရောက်ရန် ယုဒလူမျိုးတို့သည် သုံးနှစ်လျှင်တစ်ကြိမ်ထိုမြို့၌စုရုံးကြပါသည်။ မိုးတိမ်တိုင်အားဖြင့်မျက်မြင်မရသော ဣသရေလများ၏ဘုရားသခင်သည် ဤကဲ့သို့စုရုံးကြရန်ညွှန်ကြားတော်မူခဲ့ပါသည်။ သူ့ကျွန်ဘဝရောက်နေစဉ်အချိန်များတွင် ထိုဘာသာရေးအခမ်းအနားများကိုမကျင်းပနိုင်ခဲ့ကြသော်လည်း အမိတိုင်းပြည်သို့ပြန်လည်ရောက်ရှိလာကြသောအခါ တစ်ဖန်ပြန်လည်ကျင်းပနိုင်ခဲ့ကြပါသည်။ နှစ်ပတ်လည်ကျင်းပမြဲဖြစ်သောဤအခမ်းအနားများအားဖြင့် မိမိအား ဣသရေလလူများပြန်လည်သတိရစေရန် ဘုရားသခင်ကြံရွယ်တော်မူခဲ့ပါသည်။ သို့ရာတွင် အနည်းငယ်သောအခမ်းအနားများမှလွဲ၍ ကျန်အခမ်းအနားများတွင် ယဇ်ပုရောဟိတ်များနှင့်ယုဒခေါင်းဆောင်များသည် ထိုကြံရွယ်ချက်ကိုမျက်ခြည်ပြတ်ခဲ့ကြပါသည်။ ဤအခမ်းအနားများကို ကိုယ်တိုင်တည်ထောင်တော်မူခဲ့ပြီး၊ ၎င်းတို့၏အရေးပါမှုများကို သိရှိနားလည်တော်မူသည့်ကိုယ်တော်သည် ထိုအခမ်းအနားများ၏သွေဖည်မှုများကို မျက်မြင်ကိုယ်တွေ့မြင်တော်မူခဲ့ရပါသည်။

သကေနေပွဲသည် တစ်နှစ်တာ၏နောက်ဆုံးပိတ် ဘာသာရေးပွဲတစ်ခုဖြစ်ပါသည်။ ဤရက်မြတ်မဟာတွင် ယုဒလူများသည် ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့်သနားခြင်းကရုဏာများအပေါ် ရောင်ပြန်ဟပ်ကြရန် ဘုရားသခင်အကြံရှိတော်မူပါသည်။ တိုင်းပြည်တစ်ခုလုံးသည် ကောင်းချီးမင်္ဂလာများကိုခံစားရင်း ကိုယ်တော်၏လမ်းပြပို့ဆောင်မှုကိုရရှိခဲ့ပါသည်။ ကိုယ်တော်သည် နေ့ရောညပါ စောင့်ရှောက်ကာကွယ်တော်မူခဲ့ပါသည်။ နေရောင်ခြည်နှင့်မိုးရေတို့သည် မြေကြီးအားအသီးကိုသီးစေခဲ့ပါသည်။ ပါလေတ္တိနပြည်ရှိချိုင့်ဝှမ်းနှင့်

လွင်ပြင်များမှာရိတ်သိမ်းမှုများလည်းပြီးစီးခဲ့ပေပြီ။ သံလွင်သီးများကိုရွေးဆွတ်ကြိတ်နယ်ကာ သံလွင်ဆီများကိုလည်းပုလင်းများတွင်သိုထားပြီးပေပြီ။ စွန်ပလွံသီးများကိုလည်းသိုထားပြီးပေပြီ။ ခရမ်းရောင်စပျစ်သီးပြွတ်များကိုလည်း စပျစ်သီးနယ်ရာကျင်းတွင် နင်းချေခဲ့ပြီးပေပြီ။

ဤသကေနေပွဲကိုခုနစ်ရက်ပတ်လုံးကျင်းပပါသည်။ ပါလေတ္တိနပြည်သားများအပြင် အခြားတိုင်းပြည်များမှလူအများသည် ဤပွဲသို့တက်ရောက်ရန် မိမိတို့၏အိုးအိမ်များကိုပစ်ထားခဲ့ကြကာ ယေရုရှလင်မြို့သို့လာခဲ့ကြပါသည်။ ရပ်ဝေးရပ်နီးမှပုဂ္ဂိုလ်များသည် ဝမ်းမြောက်ဖွယ်အထိမ်းအမှတ်များကိုကိုင်ဆောင်လျက် ယေရုရှလင်မြို့သို့လာခဲ့ကြပါသည်။ လူအပေါင်းတို့သည် လူကြီးလူငယ်၊ ဆင်းရဲချမ်းသာမရွေး တစ်နှစ်တာကာလပတ်လုံး ကောင်းမြတ်ခြင်းများနှင့်လွှမ်းခြုံကာ သာယာဝပြောစေခဲ့သောကိုယ်တော်အားပူဇော်ရန်ကျေးဇူးတင်ခြင်းလှူဖွယ်ဝတ္ထုများကို ယူဆောင်လာခဲ့ကြပါသည်။ မျက်စိထဲတွင်စွဲမက်စေ၍ လူအများအားဝမ်းမြောက်စေသည့်လှူဖွယ်ဝတ္ထုတိုင်းသည် သစ်သားများကိုထုတ်လုပ်ထားသည့်အရာများဖြစ်သောကြောင့် ယေရုရှလင်မြို့ကြီးသည် လှပသောသစ်တောတစ်ခုအသွင်ကိုဆောင်နေပါသည်။

ဤပွဲသည် ကောက်ရိတ်သိမ်းခြင်းဆိုင်ရာကျေးဇူးတော်ချီးမွမ်းခြင်းပွဲသက်သက်သာမဟုတ်ဘဲ၊ တောတွင်လှည့်လည်စဉ် ဣသရေလများအားဘုရားသခင်ကာကွယ်စောင့်ရှောက်ခြင်းကို သတိရအောက်မေ့ခြင်းအထိမ်းအမှတ်ပွဲလည်းဖြစ်ပါသည်။ ဣသရေလများသည် တော၌လှည့်လည်စဉ် တဲများတွင်နေခဲ့ရသောငင်းတို့၏အသက်တာကို သတိရသည့်အနေဖြင့် ဤပွဲရက်များအတွင်းတွင် မဏ္ဍပ်များနှင့်သစ်ခက်တဲများထိုး၍နေထိုင်ကြပါသည်။ ထိုတဲများကိုလမ်းများပေါ်တွင်လည်းကောင်း၊ အိမ်ခေါင်မိုးများပေါ်တွင်လည်းကောင်း၊ ဗိမာန်တော်ဝင်းအတွင်းတွင်လည်းကောင်း တည်ဆောက်ကြပါသည်။ ယေရုရှလင်မြို့၏ပတ်ဝန်းကျင်တွင်ရှိသော တောင်ကုန်းများနှင့်လွင်ပြင်များသည် လူများဖြင့်လှုပ်ရှားသက်ဝင်နေသောတဲများဖြင့် ပြည့်ကျပ်နေပါသည်။

ဝတ်ပြုကိုးကွယ်သူများသည် သန့်ရှင်းကောင်းမွန်သောဓမ္မတေးများကိုချီးမွမ်းသီဆိုကာ ဤအခမ်းအနားကိုကျင်းပကြပါသည်။ သကေနေပွဲမတိုင်မီ



ကလေးတွင်ကျင်းပခဲ့သောအပြစ်ဖြေရာပွဲနေ့တွင် လူများသည်မိမိတို့၏အပြစ်များကိုဖွင့်ဟဝန်ချခဲ့ကြပြီးနောက် ဘုရားသခင်နှင့်ရန်ငြိမ်းပြီဖြစ်ကြောင်း ကြေညာခြင်းခံကြရပါသည်။ ထိုကြောင့်သကေနေပွဲ၏အခမ်းအနားများသည် ပျော်ရွှင်ဝမ်းမြောက်မှုကိုဖြစ်စေခဲ့ပါသည်။ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ကရုဏာတော်အစဉ်တည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့ဟူ၍ အောင်မြင်သောကြွေးကြော်သံများနှင့်အတူ တေးဂီတမျိုးစုံကိုတီးခတ်ကာချီးမွမ်းထောမနာသီချင်းများကို အတူတကွရွတ်ဆိုကြပါသည်။ ဗိမာန်တော်ကြီးသည် ပျော်ရွှင်ဝမ်းမြောက်နေသောလူအုပ်ကြီး၏အလယ်ဗဟိုတွင် တည်ရှိနေပါသည်။ ထိုနေရာတွင် ယဇ်ပူဇော်ခြင်းဆိုင်ရာအခမ်းအနားကို ကျင်းပပါသည်။ ကျောက်ဖြူလှေကားထစ်များ၏တစ်ဘက်တစ်ချက်တွင် လေဝိအမျိုးသားများသည် သံစုံတေးများကိုဦးဆောင်သီဆိုကြပါသည်။ ကိုးကွယ်ဝတ်ပြုနေကြသည့်ယုဒလူများသည် သံလွင်ခက်များနှင့်ကျူရွက်များကို ကိုယ့်လူမျိုးစုအလိုက်နေရာယူကာ ဝှေ့ယမ်းကြလျက် သီချင်းများကိုသံယောင်လိုက်၍သီဆိုကြပါသည်။ တစ်ဖန်ထိုသံစဉ်ကို အနီးအနားရှိလူအများကလိုက်ဆိုရာ၊ တောင်ကုန်းတစ်ခုလုံးကို ဂုဏ်တော်ချီးမွမ်းသံများဖြင့်လွှမ်းခြုံသွားပါတော့သည်။

ညအချိန်တွင် ဗိမာန်တော်နှင့်တကွပရိဝုဏ်တစ်ခုလုံးတွင် မီးရောင်များနှင့်ထိန်ညီးနေပါသည်။ တီးမှုတ်နေသောတေးဂီတသံများ၊ လှုပ်ယမ်းနေသောသံလွင်ခက်များ၊ ကြွေးကြော်နေသောသီချင်းသံများ၊ များပြားလှသောလူများ၊ ၎င်းတို့အပေါ်တွင်ထွန်းလင်းနေသောမီးအိမ်များ၊ ယဇ်ပုရောဟိတ်များ၏ဝတ်ဆင်မှုများနှင့် အခမ်းအနား၏ကြီးကျယ်ခမ်းနားမှုများတို့သည် ရှုမြင်ရသူများ၏စိတ်စွဲလမ်းသွားစေပါသည်။ ထိုပွဲတော်၏စိတ်စွဲလမ်းစရာအကောင်းဆုံးနှင့် ဝမ်းမြောက်စရာအကောင်းဆုံးအခမ်းအနားတစ်ခုမှာ တော၌ခရီးသွားစဉ် အဖြစ်အပျက်တစ်ခုကိုပြန်လည်သတိရစေသော ဖြစ်ရပ်တစ်ခုပင်ဖြစ်ပါသည်။

နံနက်အရုဏ်ကျဉ်းလာသည်နှင့်တစ်ပြိုင်နက် ထွက်ပေါ်လာသည့် စူးရှရှည်လျားသည့် ယဇ်ပုရောဟိတ်များ၏ငွေတံပိုးခရာသံများနှင့်တဲများ

အတွင်းမှယုဒများ၏တံ့ပြန်၍မှုတ်သောတံပိုးမှုတ်သံများ၊ အော်ဟစ်ကြွေးကြော်သံများသည် တောင်ကုန်းနှင့်လွင်ပြင်များတွင်ပဲ့တင်ထပ်လျက် ပွဲတော်နေ့ကိုကြိုဆိုခဲ့ပါသည်။ ထိုနောက်ယဇ်ပုရောဟိတ်သည် ကင်ဒရွန်ချောင်းတွင် စီးဆင်းနေသောချောင်းရေကို ကရားတစ်လုံးနှင့်ခပ်ယူလိုက်ပြီး၊ အထက်သို့မြှောက်လိုက်ကာ "အိုယေရုရှလင်မြို့၊ သင်၏တံခါးတို့အတွင်း၌ ငါတို့သည်ရပ်၍နေကြလိမ့်မည်" ဟုရွတ်ဆိုလျက် တံပိုးခရာများကိုမှုတ်၍ ဖြည်းဖြည်းချင်း၊ စည်းဝါးကိုက်စွာဖြင့် ဗိမာန်တော်လှေကားကျယ်ကြီးအတိုင်း တက်သွားခဲ့ပါသည်။ (ဆာလံ ၁၂၂း၂)။

ထိုယဇ်ပုရောဟိတ်သည် ရေအပြည့်ရှိသောထိုကရားကို ဗိမာန်တော်တွင်စုရုံးနေသည့် ယဇ်ပုရောဟိတ်များ၏အလယ်တွင် တည်ရှိနေသောယဇ်ပလ္လင်ဆီသို့သယ်ဆောင်သွားခဲ့ပါသည်။ ဤနေရာတွင် ငွေအင်တုံနှစ်လုံးရှိပါသည်။ တစ်လုံးစီအနီး၌ ယဇ်ပုရောဟိတ်တစ်ပါးစီရပ်၍စောင့်နေပါသည်။ ရေထည့်ထားသောကရားတစ်ခုထဲသို့လောင်းထည့်လိုက်ပြီး စပျစ်ရည်ထည့်ထားသောကရားတစ်ခုကို အခြားအင်တုံတစ်ခုထဲသို့ လောင်းထည့်လိုက်ပါသည်။ ထိုနောက် ထိုအင်တုံနှစ်ခုစလုံးကို ကင်ဒရွန်ချောင်းနှင့်ဆက်ထားသည့်ပြွန်ထဲသို့လောင်းထည့်လိုက်ရာ ထိုချောင်းမှတစ်ဆင့် ပင်လယ်သေထဲသို့စီးဝင်သွားပါသည်။ သီးသန့်ဆက်ထားသည့်ရေသည် တော၌က္ကသရေလများအားရေငတ်ပြေစေရန် ဘုရားသခင်၏အမိန့်တော်အားဖြင့် ကျောက်မှစီးထွက်လာသောစမ်းရေကို ပုံဆောင်ပါသည်။ ထိုအချိန်တွင် အားရဝမ်းမြောက်ဖွယ်သောဇာတိသွေးများပေါ်လာကာ "ထာဝရဘုရားသည် ငါ့ချီးမွမ်းရာ၊ ငါ့သီချင်းဆိုရာ၊ ငါ့ကိုကယ်တင်တော်မူသောအရှင်ဖြစ်တော်မူ၏" ဟူသော ဟစ်ကြော်ချီးမွမ်းခြင်းများကိုပြုကြပါသည်။ ဟေရှာယ ၁၂း၂၊၃။

ယောသပ်၏သားများသည် သကေနေပွဲသို့သွားရန်ပြင်ဆင်မှုများကိုလုပ်ဆောင်နေကြစဉ် ယေရှုသည် ထိုပွဲသို့တက်ရန်မည်သည့်ပြင်ဆင်မှုတစ်စုံတစ်ခုကိုမျှ မပြုလုပ်ကြောင်းတွေ့ကြပါသည်။ ဗက်ဇဲဒတွင်လူနာကုသပြီးကတည်းက လူထုအစည်းအဝေးပွဲများကို ကိုယ်တော်တက်ရောက်တော်မမူ



တော့ချေ။ ကိုယ်တော်သည် ယေရုရှလင်မြို့မှခေါင်းဆောင်များနှင့် အကျိုးမရှိသောတိုက်လှန်မှုများမဖြစ်ပွားစေလိုသဖြင့် ဂါလိလဲပြည်နယ်၌ပင် အမှုတော်ကိုဆောင်ရွက်တော်မူခဲ့ပါသည်။ ကြီးကျယ်သော ဤဘာသာရေးအခမ်းအနားကြီးအပေါ် သိသိသာသာကိုယ်တော်လျစ်လျူရှုခြင်းနှင့် ကိုယ်တော့်အပေါ် ယဇ်ပုရောဟိတ်နှင့် ကျမ်းတတ်ဆရာများထားရှိသည့်ရန်ငြိုးဖွဲ့မှုများသည် ကိုယ်တော့်အပါးတွင်စုရုံးနေကြသည့်လူထုကြီးကိုသာမက၊ တမန်တော်များနှင့်ကိုယ်တော်၏သားချင်းများကိုပါ စိတ်ပျက်စေပါသည်။

ကိုယ်တော်၏သွန်သင်ချက်များထဲတွင် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်သောသူများသည် ကောင်းချီးမင်္ဂလာရရှိမည့်အကြောင်း ထပ်ခါတလဲလဲမိန့်မြွက်တော်မူခဲ့သော်လည်း၊ ဘုရားသခင်တည်ထောင်တော်မူခဲ့သောဤအခမ်းအနားကို ကိုယ်တော်ကိုယ်တိုင်စိတ်မဝင်စားသယောင်ဖြစ်နေပါသည်။ အခွန်ခံများ၊ နာမည်ဆိုးရသောသူများနှင့်ပေါင်းဖက်ခြင်းသည်လည်းကောင်း၊ ယုဒဘာသာရေးခေါင်းဆောင်များ၏သီတင်းသီလဆောက်တည်မှုများကို ဂရုမထားခြင်းသည်လည်းကောင်း၊ ဥပုသ်နေ့နှင့်ပတ်သက်သော မိရိုးဖလာပညတ်ချက်များကို ဘေးဖယ်ထားခြင်းသည်လည်းကောင်း အားလုံးသောအရာများသည် ဘာသာရေးခေါင်းဆောင်များ၏မုန်းမာန်ပွားမှုကိုဖြစ်စေလျက် စောဒကများစွာကိုတက်စေခဲ့ပါသည်။ တိုင်းပြည်မှပညာတတ်ကြီးများနှင့်မိတ်ပျက်စေခြင်းသည် ကိုယ်တော်အတွင်းမှားယွင်းသောလုပ်ရပ်ဖြစ်သည်ဟု ညီအစ်ကိုတော်များကထင်မြင်ခဲ့ပါသည်။ ထိုပညာတတ်ကြီးများသည် အမှန်တရားဘက်မှရပ်တည်နေသည်ဟူ၍လည်းကောင်း၊ မိမိကိုယ်ကိုငင်းတို့နှင့်ရန်ဘက်ဖြစ်စေသောယေရှုသည် မှားယွင်းသည်ဟူ၍လည်းကောင်း သူတို့ထင်မြင်ခဲ့ကြပါသည်။ သို့ရာတွင် ကိုယ်တော်၏အသက်တာသည် အပြစ်ကင်းကြောင်းကိုသူတို့သက်သေခံခဲ့ကြပြီးဖြစ်ပါသည်။ ၎င်းတို့သည် တမန်တော်များအဖြစ်သတ်မှတ်ခြင်းမခံခဲ့ရသော်လည်း ပြုတော်မူသောနိမိတ်လက္ခဏာအားဖြင့် ကိုယ်တော့်အကြောင်းကိုကောင်းမွန်စွာသိရှိခဲ့ကြပြီးဖြစ်ပါသည်။ ဂါလိလဲပြည်တွင် ကိုယ်တော်ရှင်အားလူကြိုက်များမှုသည် ၎င်းတို့၏ရည်မှန်းချက်အတွက် ကျေနပ်

စေခဲ့ပါသည်။ မိမိမိန့်တော်မူခဲ့သည့်အတိုင်းဖြစ်တော်မူကြောင်းကို ဖာရိရှဲများမြင်တွေ့စေမည့်တန်ခိုးတော်၏အထောက်အထားတစ်ခုကို ကိုယ်တော်ပြတော်မူလိမ့်မည်ဟုလည်း သူတို့မျှော်လင့်ကြဆဲဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် မေရှိယတည်းဟူသော ဣသရေလတို့၏ဘုရင်ဖြစ်ခဲ့လျှင် အဘယ်သို့ဖြစ်ရမည်ဟူသော ဂုဏ်ယူကျေနပ်ဖွယ်၊ ဤအတွေးအခေါ်များကို သူတို့တွယ်တာနေကြပါသည်။

ထိုအကြောင်းအရာအတွက် သူတို့စိတ်စောနေကြသဖြင့် ညီတော်တို့က "သင်ပြုသောအမှုတို့ကို တပည့်တော်တို့သည်မြင်စေခြင်းငှာ ဤအရပ်မှထွက်၍ယုဒပြည်သို့ကြွပါ။ ကျော်စောကိတ္တိကိုအလိုရှိသောသူမည်သည်ကား မထင်ရှားသောအားဖြင့် အဘယ်အမှုကိုမျှမပြုတတ်၊ ဤအမှုတို့ကိုသင်သည်ပြုလျှင် ဤလောကဦကိုယ်ကိုထင်ရှားစွာပြပါ" ဟုဆိုကြ၏။ "လျှင်" ဆိုသည့်စကားလုံးအားဖြင့် သံသယနှင့်မယုံကြည်မှုကိုဖော်ပြခဲ့ကြပါသည်။ ကိုယ်တော်အားသူရဲဘောကြောင်သူဟု ယိုးစွပ်ခဲ့ကြသည်။ မိမိသည် မေရှိယဖြစ်သည်ဆိုလျှင်မည်သည့်အတွက်ကြောင့်ထိမ်ကွယ်နေရသနည်း၊ အဘယ်ကြောင့်လှုပ်လှုပ်ရှားရှားမပြုသနည်း၊ ထိုတန်ခိုးတော်မျိုးကိုကိုယ်တော်တကယ်ပိုင်ဆိုင်ထားလျှင် အဘယ်ကြောင့်ယေရုရှလင်မြို့သို့ရဲရဲဝံ့ဝံ့မသွားရဲသနည်း၊ အဘယ်ကြောင့်မိမိမိန့်မြွက်တော်မူသည့်အတိုင်းမလုပ်ဆောင်ခဲ့သနည်း၊ အဘယ်ကြောင့်ဂါလိလဲပြည်တွင်ပြုတော်မူခဲ့သည့် ထူးဆန်းသောနိမိတ်လက္ခဏာမျိုးများကို ယေရုရှလင်မြို့ဦမလုပ်ဆောင်ပါသနည်း၊ မထင်ရှားသောနေရာများတွင်ပုန်းကွယ်မနေဘဲ ပညာမဲ့လယ်သမားများနှင့် တံငါသည်များအကျိုးအလိုငှာ ကြီးစွာသောနိမိတ်လက္ခဏာများကိုပြပါ။ သင်၏ရှေ့မှောက်တွင် ယေရုရှလင်မြို့မှယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများ၏ထောက်ခံမှုကိုရယူ၍ တိုင်းပြည်ကိုစုစည်းကာ နိုင်ငံတော်သစ်တည်ထောင်ပါ စသည်ဖြင့်သူတို့တောင်းဆိုကြ၏။

ပကာသနကိုမြတ်နိုးသောသူများ၏စိတ်နှလုံးတွင် မကြာခဏတွေ့ရတတ်သော တစ်ကိုယ်ကောင်းစိတ်ထားများကိုအခြေခံ၍ ယေရှု၏ညီတော်များသည် ဆင်ခြင်သုံးသပ်ကြပါသည်။ ဤစိတ်ထားမျိုးသည် ကမ္ဘာတစ်ခုလုံး



ဦလွှမ်းမိုးနေသောစိတ်ထားမျိုးဖြစ်ပါသည်။ ခရစ်တော်သည်လောကနိုင်ငံတစ်ခုကိုတည်ထောင်မည့်အစား မိမိကိုယ်ကိုအသက်မုန့်ဖြစ်ကြောင်းကြေညာခဲ့သောကြောင့် ၎င်းတို့စိတ်ပျက်ခဲ့ကြရပါသည်။ ကိုယ်တော်အားများစွာသောတပည့်တော်များကစွန့်ခွာသွားကြသောအချိန်တွင် သူတို့အထူးစိတ်ပျက်ခဲ့ကြရပါသည်။ မိမိသည်ဘုရားသခင်စေလွှတ်တော်မူသောသူဖြစ်သည်ဟူသော ကိုယ်တော်၏ဖွင့်ဆိုချက်ကိုအသိအမှတ်ပြုရန် စုံစမ်းခြင်းမှလွတ်ကင်းစိမ့်သောငှာ သူတို့ကိုယ်တိုင်လည်း ကိုယ်တော်ကို ကျောခိုင်းခဲ့ကြပါသည်။

ထိုအခါ "ယေရှုကလည်း၊ ငါ့အချိန်မရောက်သေး၊ သင်တို့ဖို့ခပ်သိမ်းသောအချိန်သင့်လျက်ရှိ၏။ လောကီသားတို့သည် သင်တို့ကိုမမုန်းနိုင်၊ ငါ့ကိုမုန်းကြ၏။ အကြောင်းမူကား ငါသည်သင်တို့၏အကျင့်ဆိုးညစ်ကြောင်းကိုသက်သေခံ၏" ဟု ကိုယ်တော်မိန့်မြွက်ခဲ့ပါသည်။ လောကီသားများသည် ၎င်းတို့နှင့်စိတ်သဘောထားတူသူများအား မမုန်းတီးကြဘဲ၊ မိမိတို့ပိုင်ဆိုင်သောအရာများကဲ့သို့ ချစ်ခင်ကြ၏။

လောကကမ္ဘာသည် ခရစ်တော်အတွက်ဇိမ်ခံစရာနေရာ၊ မိမိကိုယ်ကိုကြီးမြတ်အောင်လုပ်ရမည့်နေရာတစ်ခုမဟုတ်ချေ၊ ၎င်းပြင် ကိုယ်တော်သည် လောက၏တန်ခိုးအာဏာနှင့်ဘုန်းစည်းစိမ်ကို ဖမ်းကိုင်ရမည့်အချိန်ကိုလည်း စောင့်စားတော်မမူခဲ့ချေ။ လောကကမ္ဘာသည် ထိုကဲ့သို့သောဆုလာဘ်တစ်စုံတစ်ရာကိုမျှ ကိုယ်တော်အတွက်မကမ်းလှမ်းခဲ့ချေ။ ဤလောကသည် ကိုယ်တော်အား အဖဘုရားသခင်စေလွှတ်တော်မူခဲ့သောနေရာဖြစ်ပါသည်။ မဟာကယ်တင်ခြင်းစီမံကိန်းကိုအကောင်အထည်ဖော်ရန် ကိုယ်တော်အားလောကအသက်တာကိုဝင်စားစေတော်မူခဲ့ပါသည်။ ကိုယ်တော်သည် အပြစ်တွင်ကျရောက်လျက်ရှိသောလူသားများအတွက် မိမိလုပ်ဆောင်ရမည့်အမှုတော်ကြီးကို ပြီးမြောက်စေလျက်ရှိပါသည်။ သို့ရာတွင် ကိုယ်တော်သည်အတင့်ရဲရဲဖြင့် အန္တရာယ်ကျရောက်အောင်လုပ်ဆောင်ခြင်းဖြင့် အကျပ်အတည်းကာလကိုအမြန်ဖြစ်ပေါ်လာအောင်ပြုလုပ်ရန်မဟုတ်ပါချေ။ အမှုတော်ကာလတွင်ဖြစ်ပျက်မည့်အရာတိုင်းအတွက် သတ်မှတ်ထားသည့်အချိန်များရှိကြပါသည်။ ထိုအချိန်

များကိုရောက်ရှိလာသည့်တိုင်အောင် သည်းခံလျက်စောင့်တော်မူရပါသည်။ မိမိသည်လောကီသားများ၏မုန်းတီးမှုကိုခံရမည်ကိုလည်းကောင်း၊ မိမိ၏အမှုတော်သည် အသေသတ်ခြင်းတွင်အဆုံးသတ်မည်ကိုလည်းကောင်း ကြိုတင်သိရှိတော်မူခဲ့သော်လည်း၊ အချိန်မတိုင်မီ မိမိကိုယ်ကိုထင်ရှားသိသာစေခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်လိမ့်မည်မဟုတ်ချေ။

ခရစ်တော်ပြုတော်မူခဲ့သည့် နိမိတ်လက္ခဏာများနှင့်ပတ်သက်သောသတင်းသည် ယေရုရှလင်မြို့မှသည်၊ ယုဒလူများရောက်ရှိသွားသည့်နေရာတိုင်းသို့ ပျံ့နှံ့သွားခဲ့ပါသည်။ ကိုယ်တော်သည် ဘာသာရေးပွဲတော်သို့ လပေါင်းများစွာတက်ရောက်ခြင်းမရှိသော်လည်း ကိုယ်တော်ရှင်အပေါ်ရှိနှင့်ပြီးသောစိတ်ဝင်စားမှုသည် လျော့နည်းမသွားခဲ့ချေ။ ကမ္ဘာအနှံ့မှလူများစွာတို့သည် ကိုယ်တော်ရှင်အားဖူးတွေ့ရမည်အထင်နှင့် သကေနေပွဲသို့တက်ရောက်ခဲ့ကြပါသည်။ လူများစွာတို့သည် ပွဲတော်စတင်ကျင်းပသည့်နေ့တွင် ကိုယ်တော်အားဖူးတွေ့လိုကြသဖြင့် မေးမြန်းစုံစမ်းခဲ့ကြပါသည်။ ဖာရိရှဲနှင့်ဇဒ္ဒုကဲများသည်လည်း အပြစ်တင်ရန်အခွင့်ကိုရရှိရန်မျှော်လင့်လျက် ကိုယ်တော်အလာကိုစောင့်စားနေကြပါသည်။ “ယေရှုသည်အဘယ်မှာရှိသနည်း” ဟု သူတို့စိတ်အားထက်သန်စွာဖြင့်မေးမြန်းစုံစမ်းခဲ့ကြသော်လည်း၊ မည်သည့်နေရာတွင် ကိုယ်တော်ရှိတော်မူကြောင်းကို မည်သူတစ်ဦးတစ်ယောက်မျှမသိခဲ့ကြချေ။ လူတိုင်း၏စိတ်တွင် ကိုယ်တော့်အကြောင်းကိုသာစဉ်းစားနေခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများကိုကြောက်ရွံ့သောကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ကိုယ်တော်ရှင်အားမေရှိယဖြစ်ကြောင်း အသိအမှတ်မပြုရဲကြချေ။ သို့ရာတွင် နေရာတိုင်းမှာမူ ကိုယ်တော့်အကြောင်းကို တိုးတိုးတိတ်တိတ်ဆွေးနွေးပြောဆိုနေကြပါသည်။ လူများစွာတို့ကကိုယ်တော်အား ဘုရားသခင်စေလွှတ်တော်မူသည့်သူဖြစ်ကြောင်း ကာကွယ်ပြောဆိုခဲ့ကြသလို အခြားသူများလည်း ကိုယ်တော်အားလှည့်ဖြားသူတစ်ဦးအဖြစ်ငြင်းဆိုခဲ့ကြပါသည်။

ထိုစဉ်တွင် ခရစ်တော်သည်ယေရုရှလင်မြို့သို့ တိတ်ဆိတ်ငြိမ်သက်စွာဖြင့်ရောက်ရှိလာခဲ့ပါသည်။ ယေရုရှလင်မြို့သို့ဦးတည်၍ အရပ်ရပ်မှလာ



နေကြသောခရီးသွားများကို ရှောင်လွှဲနိုင်ရန်အလို့ငှာ ကိုယ်တော်သည်သွားနေကျမဟုတ်သောလမ်းကို ရွေးချယ်၍လာခဲ့ခြင်းဖြစ်ပါသည်။ အကယ်၍ ထိုခရီးသွားများနှင့်အတူ သကေနေပွဲသို့လာခဲ့လျှင် မြို့ထဲသို့ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် လူထုတစ်ရပ်လုံးက မိမိအားအာရုံပြုလာမည်ဖြစ်ပြီး၊ မိမိအားနှစ်သက်ကြောင်းလူထုအင်အားပြမှုသည် ဆန့်ကျင်ဘက်အာဏာပိုင်များ၏ဒေါသကိုနှိုးဆွရာရောက်လိမ့်မည်ဖြစ်ပါသည်။ ဤအရာကိုရှောင်လွှဲရန်အတွက် ခရီးသွားရန်ကိုယ်တော်ရွေးချယ်တော်မူခဲ့ပါသည်။

သကေနေပွဲကျင်းပစဉ် ကိုယ်တော်ရှင်နှင့်ပတ်သက်၍ စိတ်လှုပ်ရှားမှုအထွတ်အထိပ်ရောက်နေသောအချိန်တွင် ကိုယ်တော်သည်လူထုရှေ့မှောက်ဝယ် ဗိမာန်တော်ထဲသို့ဝင်ရောက်လာခဲ့ပါသည်။ ထိုပွဲသို့မတက်ရောက်ခဲ့သောကြောင့် မိမိကိုယ်ကိုဖာရိရှဲများနှင့် ယုဒလူအကြီးအကဲတို့၏အာဏာစက်အလယ်တွင်မလာရဲဟုပြောဆိုခြင်းကိုလည်း ကိုယ်တော်ခံတော်မူခဲ့ရပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်ရောက်ရှိလာသောအခါ အားလုံးကအံ့အားသင့်သွားကြပြီး အသံများပင်တိတ်သွားခဲ့ပါသည်။ မိမိအားသုတ်သင်လိုသည့် အာဏာတန်ခိုးရှိသောရန်သူများ၏အလယ်တွင် သွားလာလုပ်ဆောင်ရဲသောကိုယ်တော်၏သိက္ခာသမာဓိနှင့်ရဲစွမ်းသတ္တိကို အားလုံးကအံ့ဩခဲ့ကြပါသည်။

သခင်ယေရှုသည် ထိုကဲ့သို့အာရုံစူးစိုက်နေသောပရိသတ်အလယ်တွင် ရပ်တော်မူလျက် မည်သူတစ်စုံတစ်ယောက်မျှမပြောခဲ့ဖူးသောစကားများကို မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်၏စကားများသည် ဣသရေလများ၏ဥပဒေသများနှင့်ထုံးစံဓလေ့များကိုလည်းကောင်း၊ ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သောအခမ်းအနားများနှင့် သွန်သင်ချက်များကိုလည်းကောင်း ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများထက် များစွာပို၍သိနားလည်တော်မူကြောင်း ဖော်ပြနေပါသည်။ အပေါ်ယံဟန်ပြလုပ်ဆောင်မှုများနှင့် မိရိုးဖလာတံတိုင်းများကို ကိုယ်တော်ချိုးဖျက်တော်မူခဲ့ပါသည်။ အနာဂတ်အသက်တာတွင် ဖြစ်ပျက်မည့်မြင်ကွင်းများသည် ကိုယ်တော့်ရှေ့မှောက်တွင် ဖြန့်ကြက်နေသယောင်ဖြစ်နေပါသည်။ သာမန်ပုဂ္ဂိုလ်များမြင်နိုင်စွမ်းမရှိသည့် ထာဝရဘုရားကိုကြည့်

မြင်တော်မူခဲ့သည့်ပုဂ္ဂိုလ်တစ်ပါးအနေဖြင့် ကိုယ်တော်သည်လောကနှင့်ဆိုင်သောအရာများနှင့် ကောင်းကင်နှင့်ဆိုင်သောအရာများကိုလည်းကောင်း၊ လူသားနှင့်ဆိုင်သောအရာနှင့်ဘုရားနှင့်ဆိုင်သောအရာများကိုလည်းကောင်း တန်ခိုးအာဏာဖြင့်မိန့်မြွက်တော်မူခဲ့ပါသည်။ နှုတ်တော်ထွက်စကားများသည် ရှင်းလင်းပြတ်သားပြီး နားလည်သဘောပေါက်လွယ်သဖြင့် ကပေရနောင်မြို့မှာတုန်းကကဲ့သို့ပင်၊ "အာဏာတော်နှင့်ဟောတော်မူသောကြောင့် ပရိသတ်တို့သည်ဒေသနာတော်ကိုအလွန်အံ့သြကြ၏" လုကာ ၄း၃၂။ မိမိယူဆောင်လာခဲ့သောကောင်းချီးမင်္ဂလာများကို ငြင်းပယ်သောသူအားလုံးအတွက် နောက်ဆက်တွဲခံစားရမည့်ဘေးဒုက္ခများအကြောင်းကို အမျိုးမျိုးရုပ်လုံးဖော်၍ တရားနာပရိသတ်အား ကိုယ်တော်ရှင်သတိပေးတော်မူခဲ့ပါသည်။ မိမိသည်ဘုရားသခင်ထံမှကြွလာတော်မူသောသူဖြစ်ကြောင်း၊ ရနိုင်သမျှသောသက်သေသာဓကများကိုပြတော်မူခဲ့ပြီး၊ ၎င်းတို့အားနောင်တရစေရန် တတ်နိုင်သမျှကြိုးစားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏လူများအား ထိုကဲ့သို့သောမှားယွင်းသည့်လုပ်ရပ်များမှကယ်တင်နိုင်ခဲ့မည်ဆိုလျှင် ၎င်းတို့သည် ကိုယ်တော်အားငြင်းပယ်ကြလိမ့်မည်မဟုတ်ချေ၊ အသေသတ်ကြလိမ့်မည်မဟုတ်ချေ။

လူအပေါင်းတို့သည် ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းများကို ကိုယ်တော်ရှင်သိကျွမ်းခြင်းအတွက်အံ့သြနေကြပြီး၊ ဤသူသည်စာမသင်ဘဲလျက်အဘယ်သို့တတ်ဘိသနည်းဟု တစ်ဦးကိုတစ်ဦးမေးမြန်းကြ၏။ ယုဒဘာသာရေးများကျောင်းတွင် စာပေကျမ်းဂန်များကိုသင်ကြားခဲ့သူမဟုတ်ခဲ့လျှင် မည်သူ့ကိုမျှအရည်အချင်းပြည့်သောဘာသာရေးဆရာတစ်ဦးဖြစ်သည်ဟု မမှတ်ယူကြချေ။ ထိုကျောင်းများတွင်မနေခဲ့ဖူးသောသခင်ယေရှုနှင့် နှစ်ခြင်းဆရာယောဟန်နှစ်ဦးစလုံးတို့အား ပညာမဲ့များအဖြစ်သတ်မှတ်ခဲ့ကြပါသည်။ မိန့်တော်မူသည်ကိုကြားရသူအပေါင်းတို့သည် စာမသင်ဘဲလျက်သမ္မာကျမ်းစာကိုသိရှိနားလည်ခြင်းအတွက် အံ့အားသင့်ခဲ့ကြပါသည်။ ကိုယ်တော်နှင့်ဆရာယောဟန်တို့တွင်လူသားဆရာများမရှိခဲ့ကြသော်လည်း ကောင်းကင်ဘုံ၌ရှိတော်မူသောဘုရားသခင်သည် ၎င်းတို့၏ဆရာဖြစ်တော်မူခဲ့ပြီး အမြင့်မားဆုံးသောဉာဏ်ပညာများကို ၎င်းတို့ရယူခဲ့ကြပါသည်။





သခင်ယေရှုသည် ဗိမာန်တော်တွင်တရားဟောစဉ် လူအများသည် မှင်သက်မိနေခဲ့ကြပါသည်။ ကိုယ်တော်ရှင်အားဆန့်ကျင်အကြမ်းဖက်လိုသူများသည်ပင်လျှင် ဒုက္ခပေးရန်တန်ခိုးခွန်အားမရှိတော့ဘဲ၊ အခြားမည်သည့်အရာကိုမျှ စိတ်မဝင်စားတော့ချေ။

ကိုယ်တော်သည် ပွဲတော်၏နောက်ဆုံးနေ့တိုင်အောင် တစ်နေ့ပြီးတစ်နေ့ ယုဒလူများအားသွန်သင်တော်မူခဲ့ပါသည်။ နေ့ဆက်ရက်ဆက်ကျင်းပခဲ့သောထိုပွဲတော်ကြောင့် နောက်ဆုံးသောနေ့ရက်၏နံနက်သို့ရောက်လာသောအခါ ယုဒလူများသည် မောပန်းနွမ်းရိနေကြပြီး၊ ထိုအချိန်တွင်ယေရှုသည် အသံကိုမြှင့်လျက်ဗိမာန်တော်၌ကြွေးကြော်တော်မူသည်ကား–

"ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့၊ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည့်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်" ဟုမိန့်တော်မူ၏။ ထိုသူများအခြေအနေသည် ဤတောင်းဆိုချက်ကိုအကျိုးသက်ရောက်စေပါသည်။ သူတို့သည်အဆက်မပြတ်ကျင်းပခဲ့သောအစီအစဉ်များနှင့်အခမ်းအနားများတွင် ပါဝင်ခဲ့ကြပါသည်။ ထွန်းတောက်လျက်ရှိသောမီးရောင်စုံများကြောင့် မျက်လုံးများလည်းကျိန်းနေပေပြီ၊ သာယာသောတေးဂီတသံများကိုလည်း နားဆင်ခဲ့ပြီးပေပြီ၊ သို့ရာတွင်ကျင်းပသွားခဲ့သောအခမ်းအနားများတွင် ဝိညာဉ်ရေးလိုအပ်ချက်များကိုဖြည့်ဆည်းပေးသည့်အစီအစဉ် တစ်ခုမျှမပါဝင်ခဲ့ချေ။ ယခုတွင်မူ သခင်ယေရှုသည် ၎င်းတို့အတွက်ထာဝရအသက်တာစီးဆင်းနေမည့် စမ်းရေတွင်းမှအသက်စမ်းရေကိုလာ၍သောက်ကြရန် ခေါ်ဖိတ်တော်မူနေပါသည်။

တော၌ပြင်းထန်စွာရိုက်နှက်ခြင်းကိုခံခဲ့ရသော ထိုကျောက်အကြောင်းကိုပြန်လည်သတိရစေသောအခမ်းအနားတစ်ခုကို ထိုနံနက်၌ပင် ယဇ်ပုရောဟိတ်ကကျင်းပခဲ့ပါသည်။ ထိုကျောက်သည် မိမိ၏အသေခံခြင်းအားဖြင့် ရေငတ်သူများထံသို့ ကယ်တင်ခြင်းဆိုင်ရာအသက်စမ်းရေစီးဆင်းစေမည့် ကိုယ်တော်ရှင်ကို ပုံဆောင်ထားပါသည်။ ခရစ်တော်၏နှုတ်ထွက်စကားများသည် အသက်စမ်းရေဖြစ်ပါသည်။ လောကီသားများထံသို့အသက်စမ်းရေစီးဆင်း

သွားစေရန်အလိုငှာ စုရုံးနေသောလူအုပ်ကြီး၏အလယ်တွင် ကိုယ်တော်သည် အရိုက်အနှက်ခံယူရန် မိမိကိုယ်ကိုသီးသန့်ခွဲခြားထားတော်မူခဲ့ပါသည်။ ခရစ်တော်ကိုရိုက်နှက်ခြင်းဖြင့် အလင်း၏ဘုရင်ကိုဖျက်ဆီးရန် စာတန်စိတ်ကူးခဲ့ပါသည်။ သို့ရာတွင် အရိုက်ခံရသည့်ထိုကျောက်မှအသက်ရေများထွက်လာခဲ့ပါသည်။ ထိုကဲ့သို့သခင်ယေရှုမိန့်တော်မူလိုက်သောအခါ ထိုလူများသည် ထူးဆန်းသောရိုသေကြောက်ရွံ့မှုများနှင့်အတူ ဝမ်းသာပီတိဖြစ်ကာ "ရေငတ်ခြင်းနှင့်----ကင်းလွတ်မည်အကြောင်း ထိုရေကိုပေးပါ" ဟု ရှမာရိအမျိုးသမီး တောင်းဆိုခဲ့သကဲ့သို့ တောင်းဆိုရန်အသင့်ရှိနေခဲ့ကြပါသည်။ ယောဟန် ၄း၁၅။

သခင်ယေရှုသည် အသက်ဝိညာဉ်များ၏လိုအပ်ချက်များကို သိရှိတော်မူပါသည်။ ကြီးကျယ်သောအခမ်းအနားများ ကြွယ်ဝချမ်းသာမှုများနှင့် ရာထူးဌာနန္တရများက စိတ်နှလုံး၏ကျေနပ်ရောင့်ရဲမှုကိုမပေးစွမ်းပါချေ။ ရေငတ်သူရှိလျှင် ငါ့ထံသို့လာပါစေဟု ယေရှုရှင်ဖိတ်ခေါ်နေပါသည်။ ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်နိမ့်ဂုဏ်မြင့်မရွေး၊ အားလုံးကိုကြိုဆိုဖိတ်ခေါ်နေပါသည်။ ဝန်လေး၍ပင်ပန်းနေသောစိတ်နှလုံးသားများကို သက်သာခွင့်ပေးရန်၊ ဝမ်းနည်းမှုများကိုနှစ်သိမ့်မှုပေးရန်နှင့် စိတ်ပျက်အားလျော့နေသူများအား မျှော်လင့်ချက်ပေးရန် ကိုယ်တော်ကတိထားတော်မူခဲ့ပါသည်။ ခရစ်တော်၏တရားတော်ကိုကြားနာခဲ့ရသူများထဲမှအများစုသည် မျှော်လင့်ချက်ပျက်ပြားနေကြသည့် ပူးဆွေးဒုက္ခရောက်နေကြသူများဖြစ်ကြပြီး၊ ထိုပူဆွေးဒုက္ခရောက်နေသူများထဲမှလူများစွာတို့သည် အခြားသူများမသိသေးသည့်ဝမ်းနည်းစရာများကို ရင်တွင်မျိုသိပ်ထားလျက်ရှိကြကာ အချို့တို့မှာ ၎င်းတို့၏တောင့်တချက်များကို လောကီအသုံးအဆောင်များနှင့် လူတို့၏ချီးမွမ်းဂုဏ်ပြုခြင်းများအားဖြင့် ကျေနပ်မှုရအောင်ကြိုးစားခဲ့ကြပါသည်။ ထိုအရာများကိုရရှိသောအခါတွင်လည်း မိမိတို့သည်ရေငတ်မပြေစေနိုင်သည့် ရေကန်ပျက်ကြီးဆီသို့ရောက်အောင်ကြိုးစားနေခဲ့ခြင်းသာဖြစ်ကြောင်း တွေ့ရှိကြရပါသည်။ အရောင်တဖိတ်ဖိတ်တောက်နေသော ဝမ်းမြောက်စရာမြင်ကွင်းအလယ်တွင်ရပ်နေကြသော၎င်းတို့သည်



အလိုဆန္ဒမပြည့်ဝကြဘဲ ဝမ်းနည်းပက်လက်ဖြစ်နေကြပါသည်။ ရေငတ်သောသူရှိလျှင်ဟူသော ရုတ်တရက်ထွက်ပေါ်လာသည့်အသံသည် ၎င်းတို့အား ဝမ်းနည်းဖွယ်အာရုံပြုမှုများမှ အလန့်တကြားဖြစ်သွားစေခဲ့ပြီး၊ နောက်ပိုင်းဆက်၍မိန့်တော်မူသောစကားများကိုကြားရသောအခါ ၎င်းတို့၏စိတ်နှလုံးတွင် မျှော်လင့်ချက်ရောင်ခြည်များသန်းလာခဲ့ပါသည်။ ထိုစကားများထဲတွင်ပါဝင်နေသည့် ကယ်တင်ခြင်း၏အဖိုးမဖြတ်နိုင်သောဆုကျေးဇူးအတွက်ကမ်းလှမ်းချက်ကို ၎င်းတို့တွေ့မြင်လာသည့်တိုင်အောင် သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့၏ရှေ့တွင် ထိုအထိမ်းအမှတ်ကိုတင်ဆက်တော်မူခဲ့ပါသည်။

ရေငတ်သောသူများအတွက် ခရစ်တော်ကြွေးကြော်နေသောအသံသည် ယခုထက်တိုင်ပဲ့တင်ထပ်လျက်ရှိပါသည်။ ၎င်းပြင် သကေနေပွဲ၏နောက်ဆုံးနေ့တွင် ဗိမာန်တော်ရှိတရားနာပရိသတ်အားမိန့်တော်မူခဲ့သောတန်ခိုးတော်ထက်ကြီးမြတ်သောတန်ခိုးတော်ဖြင့် ကျွန်ုပ်တို့အားတောင်းခံတော်မူလျက်ရှိပါသည်။ အသက်စမ်းရေကို လူအားလုံးအတွက်ဖွင့်ပေးထားပါသည်။ မောပန်းနွမ်းနယ်နေသောသူများအား ထာဝရအသက်နှင့်ဆိုင်သောရေကြည်တစ်ခွက်ကို ပေးကမ်းနေပါသည်။ ရေငတ်သောသူရှိလျှင်ငါ့ထံသို့လာပါစေဟု ခရစ်တော်ကြွေးကြော်တော်မူဆဲဖြစ်ပါသည်။ ရေငတ်သောသူလာပါစေ၊ အလိုရှိသောသူသည်အဖိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ၊ ငါပေးသောရေကိုသောက်သောသူမူကား ရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်၊ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလိုငှာ ထွက်သောစမ်းရေဖြစ်လိမ့်မည်။ ဗျာဒိတ် ၂၂း၁၇၊ ယောဟန် ၄း၁၄။

****

# tcef; (50)
# y&d,m,faxmifacsmufrsm;tM um;0,f

ရှင်ယောဟန် ၇း၁၆–၃၆၊ ၄၀–၅၃။ ၈း၁–၁၁ ကိုအခြေပြုထားပါသည်။

ယေရှုသည် သင်္ကေနေပွဲနေ့များအတွင်း၊ ယေရုရှလင်မြို့၌နေထိုင်တော်မူစဉ် သူလျှိုများသည် အရိပ်ကဲ့သို့နောက်မှလိုက်လျက်ရှိကြပါသည်။ ကိုယ်တော်ရှင်အားသုတ်သင်ပစ်ရန် တစ်နေ့ပြီးတစ်နေ့ မကောင်းသောအကြံအစည်သစ်များကို သူတို့ကြံစည်ခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများတို့သည် ကိုယ်တော်ကိုပရိယာယ်ပြု၍ ဖမ်းဆီးရန်စောင့်ကြည့်နေကြပါသည်။ အကြမ်းဖက်၍ ကိုယ်တော်ရှင်အားနှိပ်စက်ပစ်ရန်လည်း သူတို့စီမံနေကြပါသည်။ ၎င်းပြင် ဂါလိလဲသားယေရှုအား လူပုံအလယ်တွင် အသရေရှုတ်ချရန် သူတို့လိုလားနေကြပါသည်။

ထိုပွဲသို့ကိုယ်တော်ရှင်ရောက်ရှိလာသောနေ့တွင် ဖာရိရှဲများသည် ကိုယ်တော်အနီးသို့ချဉ်းကပ်လာကြကာ မည်သည့်အခွင့်အာဏာဖြင့်သွန်သင်နေကြောင်းမေးမြန်းခဲ့ကြပါသည်။ သူတို့သည် လူထုကြီး၏အာရုံစူးစိုက်မှုကို ကိုယ်တော်ထံမှ မည်သည့်အခွင့်အာဏာဖြင့်သွန်သင်ကြောင်း မေးသည့်မေးခွန်းအပေါ်သို့လည်းကောင်း၊ ၎င်းတို့၏အရေးပါမှုနှင့်အခွင့်အာဏာများအပေါ်သို့လည်းကောင်း ပြောင်းလဲပစ်လိုကြပါသည်။

ထိုအခါယေရှုက "ငါဟောသောဒေသနာသည် ငါ၏ဒေသနာမဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသောသူ၏ဒေသနာဖြစ်၏။ ထိုသူ၏အလိုတော်သို့လိုက်ချင်သောသူမည်သည်ကား ဤဒေသနာသည် ဘုရားသခင်၏ဒေသနာတော်ဖြစ်သလော၊ ငါသည်အလိုအလျောက်ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့်မည်" ဟု မိန့်တော်မူ၏။ ယောဟန် ၇း၁၆–၁၇။ သခင်ယေရှုသည် မိမိနှင့်တွေ့ဆုံလျက်ရှိသော အပြစ်ရှာလိုသူများ၏အမေးကိုမဖြေကြားတော့ဘဲ၊ အသက်ဝိညာဉ်များ၏ကယ်တင်ခြင်းအတွက် အရေးကြီးသောသမ္မာတရားကို ဖွင့်ဟလိုက်ပါ



သည်။ သမ္မာတရားကိုထိုးထွင်းသိမြင်ခြင်းနှင့် အလေးအမြတ်ထားခြင်းသည် စိတ်နေသဘောထားအပေါ်မှာထက် နှလုံးအပေါ်တွင်ပို၍မူတည်ပါသည်။ သမ္မာတရားကိုစိတ်နှလုံးထဲမှနေ၍ လက်ခံရယူရပါမည်။ ထိုအခါ ၎င်းသည် အလိုဆန္ဒ၏ကိုးစားမှုကိုဖြစ်စေပါသည်။ သမ္မာတရားကိုဆင်ခြင်တုံတရားသက်သက်၏လက်သို့ အပ်နှံလိုက်မည်ဆိုလျှင် ၎င်း၏ထင်မြင်ယူဆသည့်နည်းလမ်းများတွင် မာနတရားသည်အထိန်းအကွပ်မရှိဘဲ ဝင်ရောက်လာပေလိမ့်မည်။ သို့ရာတွင် သမ္မာတရားကိုကရုဏာတော်၏လုပ်ဆောင်မှုအားဖြင့် စိတ်နှလုံးတွင်ရယူရန်ဖြစ်ပြီး၊ ထိုသို့လက်ခံရယူခြင်းသည် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ဖော်ပြသည့်အပြစ်အတိုင်းသို့လိုက်ပါရန် ငြင်းဆန်မှုအပေါ်တွင်မူတည်ပါသည်။ လူတို့သည် သမ္မာတရား၏အသိပညာကိုရရှိရန်မည်မျှပင်အခွင့်သာစေကာမူ ၎င်းကိုလက်ခံရယူရန် စိတ်နှလုံးကိုဖွင့်မထားဘဲသမ္မာတရား၏စည်းမျဉ်းများနှင့်ဆန့်ကျင်သောအကျင့်စရိုက်များကို သြတ္တပ္ပစိတ်၏နှိုးဆော်ချက်အရ ဆက်ကပ်မှုများမပြုလုပ်ခဲ့လျှင် ထိုပုဂ္ဂိုလ်အတွက်အကျိုးထူးလိမ့်မည်မဟုတ်ချေ။ ဘုရားသခင်၏အလိုတော်ကိုသိရှိရန်နှင့်လိုက်လျှောက်ရန်ရိုးသားသောဆန္ဒမွန်ဖြင့် မိမိကိုယ်ကိုအပ်နှံသောသူများအား သမ္မာတရားကို ၎င်းတို့၏ကယ်တင်ခြင်းအတွက် ဘုရားသခင်၏တန်ခိုးတော်အနေဖြင့်ဖော်ပြကြပေလိမ့်မည်။ ဤအရာအားဖြင့် ဘုရားသခင်၏အလိုတော်အတိုင်းပြောဆိုနေသောသူနှင့် မိမိအလိုအတိုင်းဟောကြားနေသူကို ထင်ရှားစွာခွဲခြားသိရှိနိုင်ပါလိမ့်မည်။ ဖာရိရှဲများသည်မိမိတို့၏အလိုဆန္ဒများကို ဘုရားသခင်ထံတွင်မအပ်နှံကြပါ။ သမ္မာတရားကိုသိရှိရန်မကြိုးစားကြဘဲ၊ အမှန်တရားမှရှောင်လွှဲဖို့ဆင်ခြေဆင်လက်များကိုရှာဖွေရန်သာ ကြိုးစားနေကြပါသည်။ ထို့ကြောင့် ၎င်းတို့သည် မိမိ၏သွန်သင်ချက်များကို နားမလည်ခြင်းဖြစ်ကြောင်း ခရစ်တော်ဖော်ပြခဲ့ပါသည်။ "ကိုယ်အလိုအလျောက်ဟောပြောသောသူသည် မိမိ၏ဘုန်းအသရေကိုရှာတတ်၏၊ မိမိကိုစေလွှတ်တော်မူသောသူ၏ဘုန်းအသရေကိုရှာသောသူမူကား ယုံလောက်သောသူဖြစ်၏" ဟုမိန့်တော်မူလျက် ဆရာစစ်နှင့်ဆရာတုများကို ခွဲခြားနိုင်ရန်သွန်သင်တော်မူခဲ့ပါသည်။ (ယောဟန် ၇း၁၈)။

မိမိ၏ဘုန်းအသရေကိုသာရှာချင်သောသူသည် ကိုယ်အလိုအတိုင်းဟောတတ်၏။ တစ်ကိုယ်ကောင်းကြံလိုသောစိတ်ဓာတ်သည် ၎င်း၏မူရင်းသဘောထားကို မှုမှန်အတိုင်းထုတ်ဖော်တတ်၏။ သို့ရာတွင် ခရစ်တော်သည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်ကြိုးစားတော်မူပြီး၊ နှုတ်ကပတ်တော်ကိုသာမိန့်မြွက်တော်မူပါသည်။ ဤအရာသည် သမ္မာတရား၏ဆရာတစ်ပါးအနေဖြင့်အသုံးပြုဟောကြားတော်မူသော အာဏာတော်၏သက်သေအထောက်အထားဖြစ်ပါသည်။

ဖာရိရှဲများ၏စိတ်ထဲတွင်ကြံစည်နေသောအရာများကို မိမိသိရှိတော်မူကြောင်းဖော်ပြခြင်းအားဖြင့် မိမိ၏ဘုရားဇာတိတော်အတွက် အထောက်အထားတစ်ခုကို ၎င်းတို့အားခရစ်တော်ပေးတော်မူခဲ့ပါသည်။ ဗက်ဇဒမြို့တွင် လူနာတစ်ယောက်ကိုကုသပျောက်ကင်းစေခဲ့သည့်အချိန်ကတည်းက ကိုယ်တော်အားလုပ်ကြံရန် သူတို့ကြံစည်ခဲ့ကြပါသည်။ ဤနည်းအားဖြင့် ၎င်းတို့သည် မိမိတို့ကာကွယ်ပြောဆိုနေသော ပညတ်တော်ကိုကိုယ်တိုင်ချိုးဖောက်နေကြပါသည်။ ထို့ကြောင့်ယေရှုက "မောရှေသည် ပညတ်တရားကိုသင်တို့အားပေးမည်မဟုတ်လော၊ ထိုတရားကိုသင်တို့၌တစ်စုံတစ်ယောက်မျှမကျင့်၊ ငါ့ကိုသတ်အံ့သောငှာ အဘယ်ကြောင့်ရှာကြံကြသနည်း" ဟုမိန့်တော်မူ၏။

ဤစကားသည် လျှပ်တစ်ပြက်ထွန်းလင်းသောအလင်းရောင်တစ်ခုကဲ့သို့ ထိုဖာရိရှဲများကျရောက်အံ့ဆဲဆဲဖြစ်နေသောဒုက္ခတွင်းကြီးကို ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ရုတ်တရက်ချက်ချင်း သူတို့ကြောက်လန့်သွားကြပါသည်။ မိမိတို့သည် အနန္တတန်ခိုးရှင်တစ်ပါးနှင့်တိုက်လှန်နေကြကြောင်းကိုလည်း သတိပြုမိလာကြပါသည်။ သို့ရာတွင် ၎င်းတို့သည်ကြိုတင်သတိပေးခြင်းခံရလိမ့်မည်မဟုတ်ချေ။ ထိုလူများအပေါ်တွင်ရှိနေသည့် မိမိတို့၏ဩဇာအာဏာကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အလို့ငှာ ကိုယ်တော်ကိုလုပ်ကြံမည့် ၎င်းတို့၏အကြံကိုလျှို့ဝှက်ထားရပါမည်။ ခရစ်တော်၏အမေးကိုလမ်းလွှဲသည့်အနေဖြင့် "သင်သည်နတ်ဆိုးစွဲသောသူဖြစ်၏၊ သင့်ကိုသတ်အံ့သောငှာအဘယ်သူရှာကြံသနည်း" ဟူ၍မေးမြန်းကာ သခင်ယေရှုပြုတော်မူသည့်နိမိတ်လက္ခဏာ



များသည် မကောင်းသောနတ်ဆိုးများ၏တန်ခိုးကိုအသုံးပြု၍လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထိကပါးရိကပါးသူတို့ပြောဆိုကြပါသည်။

ခရစ်တော်သည် ၎င်းတို့၏ထိကပါးရိကပါးပြောဆိုခြင်းကို အရေးမစိုက်ခဲ့ချေ။ ဗက်ဇဒတွင်ပြုတော်မူခဲ့သောလူနာကုသမှုသည် ဥပုသ်နေ့ပညတ်နှင့်ကိုက်ညီဆီလျော်ကြောင်း ယုဒလူများကိုယ်တိုင်ပညတ်တရားအပေါ်တွင်အခြေစိုက်ခဲ့သည့်အနက်ဖွင့်ဆိုချက်အားဖြင့်လည်း ထိုလုပ်ဆောင်မှုသည်မှန်ကန်မှုရှိကြောင်း ဆက်လက်၍ကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။ "မောရှေသည် အရေဖျားလှီးခြင်းတရားကို သင်တို့အားပေး၏၊---ဥပုသ်နေ့၌သင်တို့သည် အရေဖျားလှီးခြင်းကိုပေးကြ၏" ဟုမိန့်တော်မူ၏။ ပညတ်တရားအရ ကလေးငယ်တိုင်းသည် ရှစ်ရက်မြောက်သောနေ့၌အရေဖျားလှီးခြင်းကိုခံယူရပါမည်။ ထိုနေ့သည် ဥပုသ်နေ့တွင်ကျရောက်လျှင်လည်း အရေဖျားလှီးခြင်းအစီအစဉ်ကိုကျင်းပရပါမည်။ ထို့ကြောင့် "ဥပုသ်နေ့၌လူတစ်ကိုယ်လုံးကိုကျန်းမာစေခြင်း" သည် ပညတ်တော်၏သဘောတော်နှင့်အလွန်ဆီလျော်လှပါသည်။ သို့အတွက် "မျက်နှာကိုသာကြည့်၍မစီရင်ကြနှင့်၊ တရားသဖြင့်စီရင်ကြလော့" ဟု သူတို့အားကိုယ်တော်သတိပေးတော်မူလိုက်ပါသည်။

ထိုအချိန်၌ယုဒလူအကြီးအကဲများသည် ဆိတ်ဆိတ်နေခဲ့ကြပါသည်။ လူများစွာတို့ကမူ "ဤသူကိုသတ်အံ့သောငှာရှာကြံသည်မဟုတ်လော၊ ကြည့်ပါ၊ သူသည်ထင်ရှားစွာဟောပြော၍ အဘယ်မြစ်တားခြင်းကိုမျှမပြုကြပါတကား၊ ဤသူသည် ခရစ်တော်ဖြစ်ကြောင်းကို မင်းများတို့သည်အမှန်သိကြသလော" ဟုမေးမြန်းပြောဆိုခဲ့ကြ၏။

ထိုတရားနာပရိသတ်ထဲမှ ယေရုရှလင်မြို့သားများစွာတို့နှင့်တကွ ကိုယ်တော်အားလုပ်ကြံရန် ယုဒလူများ၌အကြံရှိကြောင်းမသိကြသောသူများစွာတို့သည် တွန်းလှန်ခြင်းငှာမစွမ်းနိုင်သောတန်ခိုးတစ်ခုအားဖြင့် ကိုယ်တော့်ထံသို့ဆွဲယူခြင်းကိုခံစားကြရပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို သူတို့သိရှိခံစားလာကြရပါသည်။ သို့ရာတွင် စာတန်သည် သံသယစိတ်များကိုနှိုးဆွရန်အသင့်ရှိနေပါသည်။ ထိုသို့သံသယစိတ်

ကိုနှိုးဆွပေးရန် မေရှိယနှင့်မေရှိယကြွလာခြင်းအပေါ်ထားရှိသည့် ယုဒလူများ၏ မှားယွင်းသောအတွေးအခေါ်များအားဖြင့် ပြင်ဆင်ခဲ့ပါသည်။ ခရစ်တော်သည် ဗက်လင်မြို့တွင်မွေးဖွားခြင်းခံမည်ဖြစ်ကြောင်း၊ သို့ရာတွင် အခိုက်အတန့်အားဖြင့်ပျောက်ကွယ်နေမည်ဖြစ်ကြောင်း၊ တစ်ဖန်ပြန်လည်ပေါ်ထွန်းလာသောအချိန်တွင် မည်သည့်နေရာမှပြန်လည်ပေါ်ထွန်းလာမည်ကို မည်သူမျှမသိကြောင်း၊ စသည်တို့ကိုအများအားဖြင့်ယုံကြည်ခဲ့ကြပါသည်။ ၎င်းပြင် မေရှိယအရှင်သည် လူသားဇာတိကိုသဘာဝအားဖြင့် လုံးဝဆက်စပ်မှုရှိလိမ့်မည်မဟုတ်ဟုလည်း လူများစွာတို့ကခံယူထားပါသည်။ နာဇရက်မြို့သားယေရှု၏အသက်တာတွင် မေရှိယ၏ဘုန်းတော်နှင့်ပတ်သက်သော ရေပန်းစားသည့်ခံယူချက်များကိုမတွေ့ရှိရသောကြောင့် "ဤသူသည် အဘယ်ကဖြစ်သည်ကို ငါတို့သိကြ၏။ ခရစ်တော်သည်ကြွလာတော်မူသောအခါ အဘယ်ကဖြစ်တော်မူသည်ကိုအဘယ်သူမျှမသိရ" ဟူသောအကြံပေးတင်ပြချက်ကိုအာရုံပြုလာကြပါသည်။

ထိုကဲ့သို့ ၎င်းတို့သည်သံသယစိတ်နှင့်ယုံကြည်စိတ်နှစ်ခုအကြား၊ မတည်မငြိမ်ဖြစ်နေသောအချိန်တွင် သင်တို့သည်ငါ့ကိုသိကြ၏။ ငါသည်အဘယ်ကဖြစ်သည်ကိုလည်းသိကြ၏။ သို့သော်လည်း ငါသည်ကိုယ်အလိုအလျောက်လာသည်မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသောသူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ ထိုသူကိုသင်တို့မသိကြ" ဟု ယေရှုမိန့်တော်မူ၏။ သူတို့သည် ခရစ်တော်၏မူလဖြစ်ပွားရာကိုသိရှိကြောင်း အခိုင်အမာပြောဆိုခဲ့ကြသော်လည်း အမှန်မှာထိုအကြောင်းကိုသူတို့လုံးလုံးမသိရှိခဲ့ကြချေ။ ၎င်းတို့သည် ဘုရားသခင်၏အလိုတော်အတိုင်းကျ အသက်ရှင်နေထိုင်ခဲ့ကြမည်ဆိုလျှင် ၎င်းတို့၌သားတော်ဘုရားထင်ရှားပေါ်ထွန်းလာသောအချိန်တွင် ကိုယ်တော်ကိုသိရှိကြပေလိမ့်မည်။

တရားနာပရိသတ်သည် ခရစ်တော်၏နှုတ်ထွက်စကားကို နားမလည်နိုင်ခဲ့ကြချေ။ ထိုစကားများသည် လွန်ခဲ့သောလအနည်းငယ်က မိမိသည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကိုယ်တော်တိုင်ဆန်ဟီဒရင်အဖွဲ့ဝင်များရှေ့မှောက်တွင် ကြေညာခဲ့သည့်စကားများကို ပြန်၍ရှင်းလင်းစွာဖွင့်ဆိုနေခြင်း



သာဖြစ်ပါသည်။ ယုဒလူအကြီးအကဲများသည် ကိုယ်တော်ရှင်အားလုပ်ကြံရန်အတွက် ဖမ်းဆီးခြင်းအခွင့်ကိုရှာကြသော်လည်း မမြင်နိုင်သောတန်ခိုးတော်တစ်ခုအားဖြင့် ၎င်းတို့၏ဒေါသကိုအငန်းအတာပြု၍ ဟန့်တားတော်မူခဲ့ပါသည်။

ထိုလူအစုအဝေးထဲတွင်နေသောသူအများတို့သည် ကိုယ်တော်ကိုယုံကြည်သည်ဖြစ်၍၊ "ခရစ်တော်သည်ကြွလာတော်မူသောအခါ ဤသူပြသောနိမိတ်လက္ခဏာထက်သာ၍များသော နိမိတ်လက္ခဏာတို့ကိုပြတော်မူမည်လော" ဟုဆိုကြ၏။ အခြေအနေကိုစိုးရိမ်တကြီးစောင့်ကြည့်နေကြသော ဖာရိရှဲအဖွဲ့မှခေါင်းဆောင်များသည် ခရစ်တော်အပေါ်ကရုဏာသက်သည့်စကားကို ထိုလူအုပ်ကြီးထဲမှပေါ်ထွက်လာသည်ကို သတိပြုမိလိုက်ကြရာ၊ ယဇ်ပုရောဟိတ်မင်းတို့ထံသို့ အလျင်အမြန်သွားကြကာ၊ ကိုယ်တော်ရှင်ကိုဖမ်းဆီးရန်စီစဉ်ကြပါသည်။ ကိုယ်တော်ရှင်အား လူအုပ်ကြီး၏ရှေ့မှောက်တွင် မဖမ်းဆီးရဲကြသဖြင့် တစ်ပါးတည်းရှိသောအချိန်ကျမှဖမ်းဆီးရန်စီစဉ်ခဲ့ကြပါသည်။ ၎င်းတို့၏အကြံအစည်ကို မိမိသိရှိတော်မူကြောင်းထင်ရှားစေရန်အတွက် ယေရှုက "ငါသည်သင်တို့နှင့်အတူခဏသာနေပြီးလျှင် ငါ့ကိုစေလွှတ်တော်မူသောသူထံသို့သွားရမည်။ သင်တို့သည်ငါ့ကိုရှာကြလိမ့်မည်။ ရှာသော်လည်းမတွေ့ရကြ။ ငါရှိရာအရပ်သို့သင်တို့မရောက်နိုင်ကြ" ဟုမိန့်တော်မူ၏။ ကိုယ်တော်သည် ၎င်းတို့၏မထီလေးစားလုပ်မှုများနှင့် မုန်းတီးမှုများလက်လှမ်းမမီနိုင်သည့်ခိုလှုံရာအရပ်တစ်ခုကို မကြာမီတွင်တွေ့ရှိတော့ပေမည်။ အဖဘုရားသခင့်ထံတော်သို့တက်ကြွသွားကာ ကောင်းကင်တမန်များ၏ကိုးကွယ်မှုကို တစ်ဖန်ခံယူရပေတော့မည်။ ထိုလူသတ်သမားများသည် ထိုနေရာသို့မည်သည့်အခါမျှရောက်နိုင်ကြလိမ့်မည်မဟုတ်ချေ။

ထိုအခါယုဒလူတို့က "ငါတို့မတွေ့စေခြင်းငှာသူသည်အဘယ်အရပ်သို့သွားလိမ့်မည်နည်း။ ဟေလသလူတို့တွင် အရပ်ရပ်သို့ကွဲပြားလျက်နေသောသူတို့ရှိရာသို့သွား၍ ဟေလသလူတို့အားတရားဟောလိမ့်မည်လော" ဟုပြောင်လှောင်သည့်သဘောဖြင့်မေးခဲ့ကြပါသည်။ ကိုယ်တော်အားအပြစ်ရှာနေကြသောဤသူများသည် မိမိတို့ပြောသောပြောင်လှောင်သောစကားများအထဲ

တွင် ခရစ်တော်၏အမှုတော်ကိုရုပ်လုံးဖော်နေကြကြောင်း နည်းနည်းကလေးမျှသတိမထားမိခဲ့ကြချေ။ ကိုယ်တော်သည် နားမထောင်ငြင်းဆန်တတ်သောထိုသူများအား တစ်နေ့လုံးလက်တော်ကိုဖြန့်ခဲ့သော်လည်း၊ ကိုယ်တော်ကိုမရှာသောသူတို့သည်ကိုယ်တော်ကိုတွေ့ရကြ၍ ကိုယ်တော်အကြောင်းမမေးမြန်းသောသူတို့၌ ကိုယ်တော်အကြောင်းထင်ရှားတော်မူ၏။ ရောမ ၁၀း၂၀–၂၁။

သခင်ယေရှုသည် ဘုရားသခင်၏သားတော်စစ်မှန်ကြောင်း သဘောပေါက်သောသူများစွာတို့မှာလည်း ဖာရိရှဲ၏မှားယွင်းသောသွန်သင်ချက်များအားဖြင့် လမ်းမှားသို့ပို့ဆောင်ခြင်းခံကြရပါသည်။ မေရှိယသည် “ဇိအုန်တောင်ပေါ်မှာ ယေရုရှလင်မြို့၌မင်းပြု၍ အသက်ကြီးသူတို့ရှေ့တွင်ဘုန်းကြီးတော်မူမည်” ဟူသော အနာဂတ္တိစကားများကိုလည်းကောင်း၊ ပင်လယ်တစ်ပါးမှပင်လယ်တစ်ပါးတိုင်အောင်လည်းကောင်း၊ မြစ်မှသည်မြေကြီးစွန်းတိုင်အောင်လည်းကောင်း အစိုးရတော်မူမည်” ဟူသော အနာဂတ္တိစကားများကိုလည်းကောင်း ထိုသူများရွတ်ဆိုခဲ့ကြပါသည်။ ဟေရှာယ ၂၄း၂၃။ ဆာလံ ၇၂း၈။ ထိုနောက် ခရစ်တော်၏နိမ့်ကျသောရုပ်အသွင်ကို အထက်ကဖော်ပြခဲ့သည့်ဘုန်းတော်များနှင့်နှိုင်းယှဉ်ကာ မထီလေးစားပြုခဲ့ကြပါသည်။ အနာဂတ္တိစကားများအား မှားယွင်းမှုများကိုလက်ခံခွင့်ပြုရန်အတွက် အလွန်လွဲမှားစွာအသုံးပြုခဲ့ကြပါသည်။ ယုဒလူများသည် ရိုးသားသောသဘောဖြင့် နှုတ်ကပတ်တော်ကိုမိမိတို့ဘာသာလေ့လာခဲ့ကြမည်ဆိုလျှင် ယခုကဲ့သို့လမ်းမှားကိုပို့ဆောင်ခြင်းကို ခံကြရမည်မဟုတ်ချေ။ ခရစ်တော်သည် မိမိဆောင်ရွက်တော်မူခဲ့သောအမှုတော်ကိုလုပ်ဆောင်ရမည့်အကြောင်း ဟေရှာယအနာဂတ္တိကျမ်း ၆၁ တွင် သက်သေခံထားပါသည်။ အခန်းကြီး ၅၃ တွင် ကိုယ်တော်ခံယူရမည့်ငြင်းပယ်မှုများနှင့် လောကတွင်ခံစားရမည့်ဒုက္ခဝေဒနာများအကြောင်းကိုလည်းကောင်း၊ အခန်းကြီး ၅၉ တွင် ထိုယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများ၏စာရိတ္တများကိုလည်းကောင်း ဖော်ပြထားပါသည်။

ဘုရားသခင်သည် မိမိ၏မယုံကြည်မှုများကိုစွန့်လွှတ်ကြရန် ထိုသူများအားအတင်းအဓမ္မမခိုင်းစေပါ။ ၎င်းတို့၏ရှေ့တွင် အလင်းနှင့်အမှောင်၊



အမှန်နှင့်အမှားများရှိကြပါသည်။ မည်သည့်အရာကိုလက်ခံရယူမည်ကို ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်ချက်ချကြရပါမည်။ လူသားများ၏စိတ်ကိုလည်း အမှန်နှင့်အမှားခွဲခြားသိမြင်နိုင်သည့် တန်ခိုးနှင့်ပြည့်ဝစေတော်မူပါသည်။ လူများသည်စိတ်၏လှုံ့ဆော်ချက်အပေါ်တွင်မူတည်၍ဆုံးဖြတ်ရန်မဟုတ်ဘဲ၊ ကျမ်းပိုဒ်များကိုတစ်ခုနှင့်တစ်ခုနှိုင်းယှဉ်ကာ ဂရုတစိုက်လေ့လာခြင်းအားဖြင့် ထွက်ပေါ်လာသောအထောက်အထားများအပေါ်တွင်မူတည်၍ဆုံးဖြတ်ကြရန် ဘုရားသခင်ရည်စူးတော်မူခဲ့ပါသည်။ အကယ်၍ယုဒလူတို့သည် မိမိတို့၏တစ်ဖက်သတ်အထင်လွဲမှားမှုများကိုဖယ်ရှားကာ ရေးသားထားသည့်အနာဂတ္တိစကားများကို ခရစ်တော်၏အသက်တာတွင် ထူးခြားစွာဖြစ်ပေါ်ခဲ့သောအချက်အလက်များနှင့် နှိုင်းယှဉ်လေ့လာခဲ့ပါလျှင် ထိုအနာဂတ္တိကျမ်းနှင့် ခရစ်တော်၏အသက်တာတို့တွင် ပြည့်စုံခဲ့သောအဖြစ်အပျက်များသည် လိုက်လျောညီထွေဖြစ်ကြောင်းကို သိရှိကြရပါလိမ့်မည်။

များစွာသောယနေ့လူသားများသည် ထိုယုဒလူများကဲ့သို့ပင် အလှည့်ဖြားခံနေကြရပါသည်။ တရားဟောဆရာများသည် မိမိတို့၏ကိုယ်ပိုင်တတ်သိနားလည်မှုများ၊ ရိုးရာဓလေ့များ၏အလင်းတရားအပေါ်တွင်အခြေပြု၍ သမ္မာကျမ်းစာကိုဖတ်ရှုနေကြပါသည်။ အသင်းသားများသည်လည်း သမ္မာကျမ်းစာကိုမိမိတို့ဘာသာဖတ်ရှုလေ့လာ၍ မှန်ကန်သောအရာများကို မိမိတို့ကိုယ်တိုင်ရှာဖွေဆုံးဖြတ်ခြင်းမပြုကြဘဲ ၎င်းတို့၏ခေါင်းဆောင်များကိုသာဆုံးဖြတ်ခိုင်းကြပြီး မိမိတို့၏အသက်ဝိညာဉ်များကို ထိုသူများလက်သို့ဝကွက်အပ်နှံနေကြပါသည်။ အလင်းတရားပျံ့နှံ့ရန်အတွက် နှုတ်ကပတ်တော်ဟောကြားသွန်သင်ခြင်းအမှုသည် ဘုရားသခင်စီရင်ပြဋ္ဌာန်းခဲ့သည့်နည်းလမ်းများထဲမှတစ်ခုဖြစ်သော်လည်း သွန်သင်ဟောကြားချက်တိုင်းကို ကျမ်းစာတော်မြတ်နှင့်တိုက်ဆိုင်စစ်ဆေးရပါမည်။ သမ္မာတရား၏သွန်သင်ချက်များကို လိုက်လျှောက်ရန်အလို့ငှာ အမှန်တကယ်သိရှိလိုသောဆန္ဒဖြင့်ဆုတောင်းလျက် သမ္မာတရားကိုလေ့လာသောသူမည်သည်ကား သမ္မာတရား၏အလင်းကိုရရှိကြပါလိမ့်မည်။ ထိုသူသည် သမ္မာကျမ်းစာကိုနားလည်လာပါလိမ့်မည်။ “ထိုသူ၏အလိုတော်

သို့လိုက်ချင်သောသူမည်သည်ကား ဤဒေသနာသည် ဘုရားသခင်၏ဒေသနာတော်ဖြစ်သလော၊ ငါသည်ကိုယ်အလိုအလျောက်ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့်မည်" ယောဟန် ၇း၁၇။

သကေနေပွဲတော်၏နောက်ဆုံးနေ့တွင် သခင်ယေရှုကိုဖမ်းဆီးရန် ဖာရိရှဲများစေလွှတ်ထားသည့်မင်းလုလင်များသည် ကိုယ်တော်မပါဘဲသူတို့ ချည်းပြန်လာခဲ့ကြရာ "အဘယ်ကြောင့်သူ့ကိုမဆောင်ခဲ့သနည်း" ဟုစိတ်ဆိုးမာန်ဆိုးဖြင့် ဖာရိရှဲများကမေးမြန်းကြ၏။ ထိုအခါ မင်းလုလင်များကဣန္ဒြေကြီးစွာဖြင့် "ထိုသူဟောပြောသကဲ့သို့ အဘယ်သူမျှမဟောစဖူးပါ" ဟုပြန်လည်ဖြေဆိုကြ၏။

ထိုမင်းလုလင်များ၏စိတ်နှလုံးများသည် မာကျောခက်ထန်ကြသော်လည်း ကိုယ်တော်၏နှုတ်တော်ထွက်စကားများအားဖြင့် ပျော့ပျောင်းသွားခဲ့ကြပါသည်။ ကိုယ်တော်သည် ဗိမာန်တော်တွင်တရားဒေသနာတော်ဟောကြားစဉ် အပြစ်တင်ခွင့်အချက်အလက်များကိုရရှိစေရန် ကိုယ်တော်၏အနီးတွင် ၎င်းတို့ ရစ်သီရစ်သီလုပ်ခဲ့ကြပါသည်။ သို့ရာတွင် တရားတော်ကိုကြားနာရသောအချိန်တွင် မိမိလာရင်းစွဲရည်ရွယ်ချက်ကိုပင် မေ့လျော့သွားခဲ့ကြပါသည်။ ဗိမာန်တော်ထဲသို့လူများဝင်လာကြစဉ် သူတို့ရပ်၍ကြည့်ခဲ့ကြပါသည်။ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်းကို ၎င်းအသက်ဝိညာဉ်များအား ခရစ်တော်ဖော်ပြတော်မူခဲ့ပါသည်။ ဘုရားဇာတိလွှမ်းခြုံထားသည့် လူသားဇာတိတည်းဟူသော ဖာရိရှဲများမမြင်ခဲ့ကြရသည့်အရာကို သူတို့မြင်တွေ့ခဲ့ကြရပါသည်။ ထို့ကြောင့် "အဘယ်ကြောင့်သူ့ကိုမဆောင်ခဲ့သနည်း" ဟူသောအမေးကို ဤအတွေးအခေါ် မျိုးပြည့်ဝစွာဖြင့် ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကိုစွဲလမ်းစွာဖြင့် "ဤသူပြောသကဲ့သို့ အဘယ်သူမျှမပြောစဖူးပါ" ဟုသာပြန်လည်ဖြေဆိုခဲ့ကြပါသည်။

ထိုဖာရိရှဲများသည်လည်း ခရစ်တော်၏ရှေ့မှောက်တွင် ပထမဦးဆုံး အကြိမ်ရောက်ရှိကြစဉ်က ထိုကဲ့သို့ပင်ခံစားခဲ့ဖူးကြပါသည်။ ၎င်းတို့၏စိတ်နှလုံးသည် အကြီးအကျယ်လှုပ်ရှားသွားကာ "ဤသူပြောသကဲ့သို့အဘယ်သူမျှမပြောစဖူးပါ" ဟု အတွေးရောက်ခဲ့ဖူးပါသည်။ သို့ရာတွင် ၎င်းတို့သည်



သန့်ရှင်းသောဝိညာဉ်တော်၏ဖော်ပြချက်ကို အောင့်အည်းထားခဲ့ကြပါသည်။ ယခုတွင်မူ အသုံးတော်ခံမင်းလုလင်များကိုပင် မုန်းတီးစရာဤဂါလိလဲသား၏ ဩဇာသက်ရောက်မှုရှိနေကြောင်းတွေ့ရှိကာ စိတ်ဆိုးမာန်ဆိုးဖြင့် "သင်တို့ကို ပင်လှည့်ဖြားပြီလော၊ မင်းများ၊ ဖာရိရှဲများတို့တွင် သူ့ကိုယုံကြည်သောသူ တစ်စုံတစ်ယောက်မျှရှိသလော၊ တရားကိုမသိသောဤလူများတို့သည် ကျိန်ခြင်းကိုခံရသောသူဖြစ်သည်" ဟုပြောဆိုကြ၏။

တရားတော်ကိုနာကြားခဲ့ရသူများက "ဤအရာသည်မှန်သောအရာဖြစ်သလော" ဟုမေးမြန်းကြပြီး "မည်သူ့တန်ခိုးဖြင့်ဟောကြားတော်မူသနည်း" ဟုလည်းမေးမြန်းကြပါသည်။ မှန်သောတရားတော်နှင့် မှားယွင်းသောတရားကို ဆုံးဖြတ်ရာ၌ ထိုတရားကိုလက်ခံသောသူအရေအတွက်ကိုကြည့်၍ ဆုံးဖြတ်တတ်ကြပါသည်။ "ပညာတတ်များ (သို့မဟုတ်) ဘာသာရေးခေါင်းဆောင်များတွင် ထိုတရားကိုယုံကြည်သောသူတစ်စုံတစ်ယောက်ရှိသလော" ဟူသောမေးခွန်းကို ယနေ့ထက်တိုင်မေးမြန်းကြလျက်ရှိပါသည်။ ခရစ်တော်အချိန်ကအသက်ရှင်နေထိုင်ခဲ့ကြသူများထက် ယခုခေတ်လူသားများသည် စစ်မှန်သောဘုရားတရားရှိခြင်းအသက်တာကို ပို၍နှစ်သက်ကြသည်မဟုတ်ပါ။ လူများစုလက်ခံရန် အသင့်မရှိသောအရာ (သို့မဟုတ်) လောကီမင်းစိုးရာဇာများနှင့် ဘာသာရေးခေါင်းဆောင်ကြီးများလက်မခံခဲ့ကြသည့်အရာသည် သမ္မာတရားကိုဆန့်ကျင်ဘက်ပြုနေသော ငြင်းဆိုချက်တစ်ခုမဟုတ်ပါချေ။ ၎င်းတို့သည် ထာဝရချမ်းသာထဲသို့ဝင်စားခြင်းကိုလျစ်လျူရှုထားရန်အတွက် လောကီဘဝကောင်းစားဖို့ စွဲလမ်းတမ်းတစွာဖြင့်ကြိုးစားနေကြပါသည်။

ယခုတစ်ဖန်ဖာရိရှဲများနှင့်ယုဒအကြီးအကဲများသည် ခရစ်တော်ကို ဖမ်းဆီးရန်အတွက် ဆက်လက်ကြံစည်ဆောင်ရွက်နေကြပါသည်။ ကိုယ်တော်အားလွှတ်လွှတ်လပ်လပ်ဟောကြားရန် လွှတ်ထားမည်ဆိုလျှင် လူအများထို ခေါင်းဆောင်များထံမှဆွဲဆောင်သွားမည်ဖြစ်သဖြင့် စိတ်အချရဆုံးနည်းမှာ ကိုယ်တော်အားမဆိုင်းမတွလုပ်ကြံပစ်ရန်သာဖြစ်ပါသည်။ ဆွေးနွေးပွဲအရှိန် မြင့်နေစဉ်တွင် တစ်စုံတစ်ယောက်သောသူက သူတို့အားရုတ်တရက်တားဆီး

ပိတ်ပင်လိုက်ပါသည်။ ထိုသူမှာ နိကောဒင်ပင်ဖြစ်ပြီး "ငါတို့တရားသည် လူကိုမစစ်၊ သူ့အမှုကိုမသိမီကပင် ရှေးမဆွကဆုံးဖြတ်တတ်သလော" ဟု ဟန့်တားပြောဆိုလိုက်ပါသည်။ အစည်းအဝေးကြီးသည် တိတ်ဆိတ်သွားခဲ့ပါသည်။ နိကောဒင်၏စကားများသည် ၎င်းတို့၏သြတ္တပ္ပစိတ်တွင်စွဲငြိသွားခဲ့ပါသည်။ မကြားနာမစစ်ဆေးဘဲ လူတစ်ယောက်အားအပြစ်ပေးပိုင်ခွင့်မရှိကြချေ။ သို့ရာတွင် မာန်ထနေသောထိုသူများသည် အမှန်တရားဘက်မှရပ်တည်ကာ ဟောပြောရဲသောကိုယ်တော်ကိုကြည့်ရှုံသာကြည့်၍ ဆိတ်ဆိတ်နေခဲ့ကြသည်မှာ ထိုအကြောင်းတစ်ခုကြောင့်သာမဟုတ်ချေ။ မိမိတို့အဖွဲ့ထဲမှလူတစ်ယောက်သည် ခရစ်တော်အားအကာအကွယ်ပြုသည့်စကားတစ်လုံးပြောဆိုလောက်အောင် ကိုယ်တော်၏အကြောင်းကိုသတိရနေကြောင်းသိကြရသဖြင့် သူတို့အထိတ်ထိတ်အပျာပျာဖြစ်ကာ မခံချိမခံသာဖြစ်နေကြပါသည်။ မိမိတို့၏အံ့သြစိုးရွံ့မှုကိုပျောက်ပျက်သွားစေရန်အတွက် "သင်သည်လည်း ဂါလိလဲပြည်သားဖြစ်သလော၊ စစ်ဦးလော့၊ ဂါလိလဲပြည်၌အဘယ်ပုရောဖက်မျှမပေါ်မထွန်းသည်ကိုမှတ်လော့" ဟု နိကောဒင်အားခနဲ့တဲ့တဲ့စကားများကိုအသုံးပြု၍ သူတို့ပြောဆိုကြ၏။

သို့ရာတွင် နိကောဒင်၏ကန့်ကွက်မှုကြောင့် ထိုကောင်စီ၏ဆုံးဖြတ်လုပ်ဆောင်မှုများကို ဆိုင်းငံ့ထားခဲ့ရပါသည်။ ယုဒခေါင်းဆောင်များသည် သခင်ယေရှုကိုစစ်ဆေးကြားနာခြင်းမရှိဘဲ မိမိတို့၏အကြံအစည်ကိုဖော်၍ ကိုယ်တော်အားအပြစ်စီရင်နိုင်ကြမည်မဟုတ်ချေ။ "ထိုသူအပေါင်းတို့သည် အိမ်သို့သွားကြ၍ ယေရှုသည်လည်း သံလွင်တောင်ပေါ်သို့ကြွသွားတော်မူသဖြင့်" အခိုက်အတန့်အားဖြင့် သူတို့၏အကြံအစည်အထမမြောက်ခဲ့ချေ။ သခင်ယေရှုသည် လှုပ်လှုပ်ရှရှ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသော ထိုမြို့ကြီးမှလည်းကောင်း၊ စိတ်အားထက်သန်နေသောလူအုပ်ကြီးနှင့် လှည့်ဖြားတတ်သောဖာရိရှဲများထံမှလည်းကောင်း ကျော်ခိုင်းကာ ဘုရားသခင်နှင့်အနှောင့်အယှက်ကင်းမဲ့စွာအတူနေနိုင်မည့် ဆိတ်ငြိမ်ရာသံလွင်တောင်ပေါ်သို့တက်ကြွသွားတော်မူခဲ့ပါသည်။ သို့ရာတွင် နံနက်စောစောအချိန်တွင် ဗိမာန်တော်သို့ပြန်လည်



ကြွမြန်းလာခဲ့ရာ မိမိအပါးတွင်လူအများစုရုံးလာခဲ့ကြသဖြင့် ၎င်းတို့အားဟောကြားသွန်သင်တော်မူခဲ့ပါသည်။

မကြာမီပင် ကိုယ်တော်အားဖာရိရှဲများကနှောင့်ယှက်ခဲ့ကြပြန်ပါသည်။ သူတို့သည် ကြောက်ရွံ့တုန်လှုပ်နေသောအမျိုးသမီးတစ်ဦးအားတရွတ်တိုက်ဆွဲ၍ ကိုယ်တော်ထံသို့ခေါ်လာကြပါသည်။ သတ္တမပညတ်ကိုကျူးလွန်နေသည်ဟု သူမအားစူးရှမာကျောသောအသံဖြင့် စွပ်စွဲပြောဆိုနေကြပါသည်။ ထိုနောက်ထိုအမျိုးသမီးကို ကိုယ်တော့်ရှေ့မှောက်သို့တွန်းပို့လိုက်ပြီး၊ လျှို့ဝှက်သောလေးစားမှုမျိုးဖြင့် ထိုသို့သောမိန်းမကိုကျောက်ခဲနှင့်ပစ်ရမည်ဟု မောရှေသည်အကျွန်ုပ်တို့အား ပညတ်တရား၌စီရင်ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့မိန့်တော်မူမည်နည်းဟုမေးလျှောက်ကြ၏။

၎င်းတို့သည် ဟန်ဆောင်သောရိုသေလေးစားမှုအားဖြင့် ကိုယ်တော်အားသုတ်သင်ပယ်ရှင်းမည့်အကြံကို ဖုံးကွယ်ထားကြပါသည်။ မည်သည့်အဖြေကိုပင်ဖြေဆိုသည်ဖြစ်စေ၊ အပြစ်တင်ခွင့်ရလိမ့်မည်အထင်နှင့် ကိုယ်တော်အားအပြစ်စီရင်ရန်အခွင့်အလမ်းကို ဆုပ်ကိုင်လိုက်ကြပါသည်။ ဤအမျိုးသမီးကိုလွတ်ငြိမ်းခွင့်ပေးလိုက်မည်ဆိုလျှင် မောရှေ၏ပညတ်တရားကို မထီလေးစားလုပ်သူအဖြစ် ကိုယ်တော်အားစွပ်စွဲကြပါမည်။ သေပြစ်ထိုက်သည်ဟုကြေညာလျှင် ရောမအစိုးရတစ်ခုတည်းကသာပိုင်ဆိုင်သောအခွင့်အာဏာကိုအသုံးပြုသူအဖြစ် စွပ်စွဲနိုင်ကြမည်ဖြစ်ပါသည်။

သခင်ယေရှုသည် ကြောက်ရွံ့တုန်လှုပ်ကာအရှက်တကွဲဖြစ်နေသူ ထိုအမျိုးသမီးနှင့် ခက်ထန်မာကျောသောမျက်နှာပိုင်ရှင် ယုဒလူအကြီးအကဲများအကြားဖြစ်ပွားနေသည့် သနားခြင်းကရုဏာကင်းမဲ့သောထိုမြင်ကွင်းကို တစ်ခဏမျှမျှော်ကြည့်တော်မူခဲ့ပါသည်။ သနားခြင်းကရုဏာနှင့်ပြည့်ဝသောကိုယ်တော်သည် သနားစဖွယ်ထိုမြင်ကွင်းကြောင့်တွန့်ရွံ့သွားခဲ့ပါသည်။ မည်သည့်အကြံအစည်ဖြင့် ဤပြဿနာကို မိမိထံသို့ယူဆောင်လာကြောင်းကို ကိုယ်တော်သိတော်မူပါသည်။ မိမိရှေ့မှောက်တွင်ရောက်ရှိနေကြသောသူအပေါင်း၏စိတ်နှလုံးများကိုဖတ်ကြည့်တော်မူသဖြင့် ၎င်း၏စာရိတ္တများနှင့်အသက်တာသမိုင်း

စဉ်များကို သိရှိတော်မူခဲ့ပါသည်။ တရားစီရင်ခြင်းဆိုင်ရာအုပ်ချုပ်သူများသည် သခင်ယေရှုအတွက် ထောင်ချောက်ပြုလုပ်ဖို့ ထိုအမျိုးသမီးအပြစ်ပြုရန် သူတို့ကိုယ်တိုင်စီစဉ်လုပ်ဆောင်ခဲ့ကြပါသည်။ ခရစ်တော်သည် သူတို့မေးသည့်အရာကိုမကြားဟန်ပြု၍ အောက်သို့ခေါင်းငုံ့လျက်မြေ၌ရေးသားတော်မူ၏။

ကိုယ်တော်ရှင်၏အပြုအမူများသည် အေးအေးဆေးဆေးနိုင်ပြီး၊ စိတ်မဝင်စားသလိုဖြစ်နေသဖြင့် ထိုသူများသည်မခံနိုင်ကြတော့ဘဲ၊ ဤကိစ္စကိုအာရုံပြုစဉ်းစားဖို့တိုက်တွန်းရန် ကိုယ်တော့်အပါးသို့ချဉ်းကပ်လာကြပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်ကြည့်တော်မူနေသည့် ခြေတော်ရင်းရှိမြေကြီးပေါ်သို့ကြည့်လိုက်ကြသောအခါ သူတို့မျက်နှာပျက်သွားကြပါသည်။ ထိုနေရာတွင်ရေးသားထားသောအရာများသည် ၎င်းတို့အသက်တာတွင်ကျူးလွန်ခဲ့သောလျှို့ဝှက်သောဒုစရိုက်များဖြစ်နေပါသည်။ စောင့်ကြည့်နေသောလူအုပ်ကြီးသည် ရုတ်တရက်ပြောင်းလဲသွားသော ထိုသူများ၏မျက်နှာထားများကိုမြင်ရသောအခါ ထိုသူများအံ့သြရှက်ရွံ့စရာဟုသဘောထားသော ထိုအရာများသည် မည်သည့်အရာဖြစ်ကြောင်းသိလိုကြ၍ ရှေ့သို့တိုးလာခဲ့ကြပါသည်။ ပညတ်တရားကိုရိုသေလေးစားကြောင်း အကြွင်းမဲ့ဝန်ခံနေကြသောဤကျမ်းတတ်ဆရာများသည် ထိုအမျိုးသမီးကိုထိုကဲ့သို့စွဲချက်တင်ခြင်းအားဖြင့် ပညတ်တရား၏ပြဋ္ဌာန်းချက်များကို မိမိတို့ဂရုမထားကြောင်း ဖော်ပြနေကြပါသည်။ ထိုအမျိုးသမီးအားအရေးယူရန်မှာ ၎င်း၏ခင်ပွန်း၏တာဝန်သာဖြစ်ပြီး ထိုဒုစရိုက်လုပ်ငန်းတွင်ပါဝင်သူများကို တူညီစွာအပြစ်ပေးရမည်ဖြစ်ပါသည်။ ထို့ကြောင့်ဤကျမ်းတတ်ဆရာများ၏လုပ်ဆောင်မှုသည်၊ လုံးဝလုပ်ပိုင်ခွင့်မရှိသောအရာတစ်ခုကို လုပ်ဆောင်နေခြင်းသာဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ခရစ်တော်သည်သူတို့အသာရသည်ဟုထင်ရသောအခြေအနေ၌ပင် သူတို့နှင့်ရင်ဆိုင်ခဲ့ပါသည်။ ကျောက်ခဲနှင့်ပစ်ခြင်းအားဖြင့် အပြစ်ဒဏ်ပေးသည့်နည်းစနစ်အရထိုကိစ္စကိုမြင်တွေ့ခဲ့သည့်သက်သေသည် ပထမဦးဆုံးခဲနှင့်ပစ်ရမည်ဟု ပညတ်တရားကတိတိကျကျဖော်ပြထားပါသည်။ ထိုနောက်ကိုယ်တော်သည် ၎င်းတို့အားမော့ကြည့်လိုက်ပြီး "သင်တို့တွင်အပြစ်ကင်းသောသူသည် ရှေးဦးစွာ





ကျောက်ခဲနှင့်ပစ်စေ" ဟုမိန့်တော်မူကာ တစ်ဖန်အောက်သို့ငုံ့၍မြေ၌ရေးသားတော်မူပြန်၏။

ကိုယ်တော်သည် မောရှေအားဖြင့်ပေးထားတော်မူခဲ့သည့်ပညတ်တရားကို မိမိကိုယ်တိုင်ပယ်ဖျက်တော်မမူချေ။ ရောမအာဏာပိုင်များကိုလည်းမစော်ကားခဲ့ချေ။ အပြစ်ရှာတတ်သောထိုသူများသည် အရေးနိမ့်ခဲ့ကြပေပြီ။ ယခုတွင်မူ၎င်းတို့သည် ဟန်ဆောင်သန့်ရှင်းခြင်းဝတ်ရုံကြီးကို စုတ်ဖြဲခြင်းခံလိုက်ရသဖြင့် ဒုစရိုက်အပြစ်များ၊ ပြစ်တင်ခြင်းများတို့ဖြင့် အနန္တတန်ခိုးရှင်၏ရှေ့မှောက်တွင် မတ်တတ်ရပ်ခဲ့ကြပါသည်။ မိမိတို့၏အပြစ်များအားလုံးကို လူထုကြီးရှေ့တွင်ဖော်ကောင်လုပ်မည်စိုးသောကြောင့် ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် ထိုအမျိုးသမီးကိုကရုဏာအရှင်ထံတွင်ထားခဲ့ကာ တစ်ယောက်ပြီးတစ်ယောက်ခေါင်းငိုက်ဆိုက်ချလျက် တိတ်တဆိတ်ထွက်ခွာသွားကြပါသည်။

ထိုနောက်ယေရှုခရစ်သည် မတ်တတ်ရပ်တော်မူ၍ ထိုအမျိုးသမီးကိုကြည့်တော်မူလျက် "အချင်းမိန်းမ၊ သင့်ကိုအပြစ်တင်သောသူတို့သည် အဘယ်မှာရှိကြသနည်း။ သင်၏အမှုကိုအဘယ်သူမျှမစီရင်သလောဟုမေးတော်မူရာထိုအမျိုးသမီးက အဘယ်သူမျှမစီရင်ပါသခင်ဟုလျှောက်၏။ ငါသည်လည်းသင်၏အမှုကိုမစီရင်။ သွားလော့၊ နောက်တစ်ဖန်ဒုစရိုက်ကိုမပြုနှင့်" ဟုမိန့်တော်မူ၏။

ထိုအမျိုးသမီးသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ခရစ်တော်၏ရှေ့တွင်ရပ်နေခဲ့ပါသည်။ "သင်တို့တွင်အပြစ်ကင်းသောသူသည် ရှေးဦးစွာကျောက်ခဲနှင့်ပစ်စေ" ဟူသောကိုယ်တော်၏စကားများသည် သူမအတွက်သေဒဏ်ကျခံရန်စီရင်ချက်ချသံကဲ့သို့ဖြစ်ခဲ့ပါ၏။ ထို့ကြောင့် သူမသည် ခရစ်တော်၏မျက်နှာတော်ကိုမော်၍မကြည့်ဝံ့တော့ဘဲ ကျရောက်လာမည့်ပြစ်ဒဏ်ကိုသာငြိမ်သက်စွာဖြင့်စောင့်စားခဲ့ပါသည်။ သို့ရာတွင် အပြစ်တင်သောထိုသူများသည် စကားမပြောနိုင်ဘဲအရှက်တကွဲအကျိုးနည်းဖြစ်ကာ ထွက်ခွာသွားကြသည်ကိုအံ့အားသင့်စွာဖြင့် မြင်တွေ့ခဲ့ရပါသည်။ ထိုနောက် "ငါသည်လည်းသင်၏အမှုကိုမစီရင်၊ သွားလော့။ နောက်တစ်ဖန်ဒုစရိုက်မပြုနှင့်" ဟူသော

မျှော်လင့်ချက်နှင့်ပြည့်ဝနေသည့်စကားသံများကို သူမကြားခဲ့ရပါသည်။ သူမသည်စိတ်နှလုံးကြေကွဲကာ ရှိုက်ကြီးတငင်ငိုကြွေးပြီး ခါးသီးသောမျက်ရည်များကျလျက် မိမိ၏အပြစ်များကိုဝန်ချတောင်းပန်ကာ ကိုယ်တော်ရှင်၏ခြေတော်ရင်းတွင် ပျပ်ဝပ်ချလိုက်ပါသည်။

ဤအခြင်းအရာသည် ဘုရားသခင်၏အမှုတော်အတွက် ဆက်ကပ်သောသူမ၏စင်ကြယ်ငြိမ်သက်သည့် အသစ်သောအသက်တာ၏အစသာဖြစ်ပါသည်။ ခရစ်တော်သည် ခန္ဓာကိုယ်နာမကျန်းဖြစ်သူများကုသခြင်းမှာထက် အပြစ်တွင်ကျဆုံးနေသူများ၌ ကြီးမားသောနိမိတ်လက္ခဏာများကိုပြုတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထာဝရသေခြင်းသို့တိုင်ပို့ဆောင်မည့် ဝိညာဉ်ရေးနာမကျန်းမှုကိုကုစားတော်မူခဲ့ပါသည်။ နောင်တသံဝေဂရခဲ့သောထိုအမျိုးသမီးသည် ကိုယ်တော်ရှင်၏ခိုင်မြဲတည်ကြည်သောတပည့်တော်များတွင် တစ်ဦးအပါအဝင်ဖြစ်လာခဲ့ပါသည်။ သူမသည် ကိုယ်တော်ရှင်ပေးတော်မူသည့်အပြစ်လွှတ်ခြင်းကရုဏာအတွက် ကိုယ်ကျိုးစွန့်သောမေတ္တာနှင့် ဆက်ကပ်ပူဇော်ခြင်းများဖြင့် ပြန်လည်ပေးချေခဲ့ပါသည်။

ဤအမျိုးသမီးအားအပြစ်ခွင့်လွှတ်၍ ကောင်းမွန်သောအသက်တာဖြင့်နေထိုင်သွားရန် အားပေးခြင်းပြုခဲ့သောကိုယ်တော်၏ပြုမူဆောင်ရွက်မှုတွင် စုံလင်သောဖြောင့်မတ်ခြင်း၏တင့်တယ်မှုတွင် စာရိတ္တတော်ကိုထွန်းတောက်စေခဲ့ပါသည်။ ကိုယ်တော်သည် အပြစ်ကိုဖုံးဖိတော်မမူသည့်အပြင် ဒုစရိုက်နှင့်ပတ်သက်သောခံစားချက်ကိုလည်း မလျော့ပါးစေစဉ်တွင် အပြစ်စီရင်ရန်မကြိုးစားဘဲ ကယ်တင်ရန်ကြိုးစားတော်မူခဲ့ပါသည်။ လောကီသားများသည် ထိုအမျိုးသမီး၏မှားယွင်းသောလုပ်ရပ်အတွက် အော့နှလုံးနာ၍မထီလေးစားပြုခဲ့ကြသော်လည်း သခင်ယေရှုသည် နှစ်သိမ့်စကားနှင့်မျှော်လင့်စရာစကားများကိုမိန့်မြွက်ခဲ့ပါသည်။ အပြစ်ကင်းစင်တော်မူသောကိုယ်တော်သည် ထိုအပြစ်သား၏အားနည်းချက်များကို စာနာသနားတော်မူ၍ သူမအားတန်ခိုးကြီးသောလက်တော်ကိုကမ်းပေးခဲ့ပါသည်။ လျှို့ဝှက်သောဖာရိရှဲများသည် လူသိရှင်ကြားစွပ်စွဲပြစ်တင်နေစဉ်တွင် ခရစ်တော်သည် သူမအား "သွားလော့၊ နောက်တစ်ဖန်ဒုစရိုက်မပြုနှင့်" ဟုမိန့်တော်မူနေပါသည်။



မှားယွင်းစွာလုပ်ဆောင်နေသူထံမှမျက်နှာလွှဲကာ ၎င်းတို့ကျဆုံးနေသောအသက်တာများကို အဟန့်အတားမပြုဘဲပစ်ထားခြင်းသည် ခရစ်ယာန်များ၏လုပ်ရပ်မဟုတ်ချေ။ သူတစ်ပါးအားအပြစ်တင်၍တရားစီရင်ရန် စိတ်အားထက်သန်နေသောသူများ၏အသက်တာများတွင် ၎င်းတို့အပြစ်ရှာချင်သောသူများထက်ပင် ဒုစရိုက်များနေကြောင်းမကြာခဏတွေ့ကြရပါသည်။ လူသားများသည် အပြစ်သားကိုမုန်းတီး၍ အပြစ်ကိုချစ်မြတ်နိုးကြပါသည်။ ခရစ်တော်မှာမူ အပြစ်ကိုမုန်းတီး၍ အပြစ်သားကိုချစ်တော်မူပါသည်။ ဤစိတ်ဓာတ်မျိုးသည် ခရစ်တော်၏နောက်လိုက်အားလုံး၏ စိတ်ဓာတ်မျိုးလည်းဖြစ်ပါလိမ့်မည်။ ခရစ်ယာန်ချစ်ခြင်းမေတ္တာသည် သူတစ်ပါးအားအပြစ်တင်ရာတွင် နှေးကွေးစေ၏။ နောင်တရခြင်းကိုသိနားလည်ရာတွင် လျင်မြန်၏။ အပြစ်ကိုခွင့်လွှတ်ရန်အတွက်သော်လည်းကောင်း၊ အားပေးကူညီရန်အတွက်သော်လည်းကောင်း၊ လမ်းလွဲသူအားသန့်ရှင်းသောလမ်းသို့ပို့ဆောင်၍ မိမိကိုယ်တိုင်လည်းသန့်ရှင်းစွာနေထိုင်ရန်အတွက်သော်လည်းကောင်း အဆင်သင့်ရှိတတ်၏။

****

# tcef; (51)
# touf\tvif;

ရှင်ယောဟန် ၈း၁၂–၅၉။ ၉။ တို့ကိုအခြေပြုထားပါသည်။

“တစ်ဖန်တုံယေရှုက ငါသည်ဤလောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကိုရလိမ့်မည်ဟုမိန့်တော်မူ၏။”

ဤတရားတော်ကိုချီးမြှင့်နေသောအချိန်တွင် အထူးသဖြင့်သကေနေပွဲနှင့်ပတ်သက်သော အခမ်းအနားများနှင့်ဆက်နွယ်နေသည့်ဗိမာန်တော်ဝင်းအတွင်းတွင် ရှိနေတော်မူပါသည်။ ထိုပရိဝုဏ်၏အလယ်တည့်တည့်တွင်ငွါးငွါးစွင့်စွင့်တည်ရှိနေသောမီးတိုင်ကြီးနှစ်ခုကိုတွေ့ရပါသည်။ ညနေပိုင်းယဇ်ပူဇော်သောအချိန်တွင် ယေရုရှလင်မြို့ပေါ်၌ မီးရောင်များဖြင့်ထိန်လင်းစေရန် ထိုမီးတိုင်များကိုထွန်းညှိထားပါသည်။ မီးထွန်းသည့်ဤအခမ်းအနားသည် တောခ၌ဣသရေလများအားလမ်းပြပို့ဆောင်ခဲ့သည့်အလင်းမီးတိုင်ကိုသတိရအောက်မေ့စေရန်ဖြစ်ပြီး မေရှိယကြွလာခြင်းကိုညွှန်ပြခြင်းကဲ့သို့လည်းမှတ်ယူခဲ့ကြပါသည်။ ညအချိန်တွင် အလင်းတိုင်ကြီးများကို ထွန်းညှိလိုက်သောအခါ ဗိမာန်တော်ဝင်းသည် ဝမ်းမြောက်ပျော်ရွှင်စရာမြင်ကွင်းတစ်ခုအသွင်သို့ကူးပြောင်းသွားခဲ့ပါသည်။ ခေါင်းဖြူစွယ်ကျိုး၊ သက်ကြီးရွယ်အိုများ ဗိမာန်တော်မှယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့သည် လေဝိသားများ၏သီဆိုတီးမှုတ်ခြင်းများတွင် ပျော်ရွှင်မြူးထူးဖွယ်ကခုန်မှုများ၌ အတူတကွပါဝင်ဆင်နွှဲကြပါသည်။

ထိန်ထိန်ညီးနေသောယေရုရှလင်မြို့ထဲတွင် ဣသရေလများအားဘုန်းထွန်းလင်းစေမည့် မေရှိယ၏ကြွလာခြင်းအတွက် မျှော်လင့်ချက်များကိုဖွင့်ဟနေကြပါသည်။ ထိုမြင်ကွင်းသည် ခရစ်တော်အတွက်ထိုထက်ပင်အဓိပ္ပါယ်ရှိနေပါသည်။ ဗိမာန်တော်မှအလင်းတိုင်ကြီးများသည် ပတ်ဝန်းကျင်အရပ်



များကိုအလင်းပေးသကဲ့သို့ ဝိညာဉ်ရေးအလင်းတော်၏မူလဘူတဖြစ်တော်မူသောခရစ်တော်သည် အမှောင်ကမ္ဘာတစ်ခုလုံးကို အလင်းပေးတော်မူပါသည်။ သို့စေကာမူ ဤပုံဆောင်မှုသည် မစုံလင်သေးချေ။ ကောင်းကင်နိုင်ငံတော်တွင် မိမိ၏လက်တော်ဖြင့်အစပြုပေးတော်မူခဲ့သော ထိုအလင်းတော်သည် မိမိအမှုတော်၏ဘုန်းတော်အတွက် သာ၍မှန်ကန်သောပုံဆောင်ခြင်းတစ်ခုဖြစ်ခဲ့ပါသည်။

နံနက်မိုးသောက်၍အလင်းသို့ရောက်ခဲ့ပေပြီ၊ နေမင်းကြီးသည် သံလွင်တောင်အပေါ်ဝယ်ထွက်ပေါ်လာခဲ့ပါသည်။ မာဘယ်ကျောက်ဖြင့်တည်ဆောက်ထားသောနန်းတော်ကြီးနှင့် ဗိမာန်တော်၏ရွှေတံတိုင်းပေါ်သို့ကျရောက်ထွန်းလင်းလာသည့် အလင်းရောင်ခြည်များကိုပြညွှန်၍ “ငါသည်ဤလောက၏အလင်းဖြစ်၏” ဟု ယေရှုမိန့်မြွက်တော်မူခဲ့ပါသည်။

ဤနှုတ်ထွက်စကားများကိုကြားနာခဲ့ရသောတစ်ယောက်သောသူမှ တစ်ဆင့် နောက်ပိုင်းတွင်ခံ့ညားသောစကားများအားဖြင့် ပဲ့တင်ထပ်ခဲ့ပါသည်။ “ထိုနှုတ်ကပတ်တော်၌အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။ ထိုအလင်းသည် မှောင်မိုက်၌လင်း၍ မှောင်မိုက်သည်မခံမယူ–––ဟုတ်မှန်သောအလင်းမူကား ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူဖြစ်သတည်း” ယောဟန် ၁း၄–၅၊၉။ ကောင်းကင်နိုင်ငံတော်သို့ သခင်ယေရှုကြွသွားပြီးနောက်ပိုင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏ အလင်းပေးမှုအောက်၌ရေးသားစဉ်တွင် ပေတရုသည် ခရစ်တော်အသုံးပြုခဲ့သောပုံဆောင်စကားများကို သတိတရအသုံးပြုခဲ့ပါသေးသည်။ “ထိုမှတစ်ပါး သာ၍မြဲမြံသောအနာဂတ္တိစကားတော်သည် ငါတို့၌ရှိသေး၏။ စိတ်နှလုံးထဲ၌အရုဏ်တက်၍ ကြယ်နီပေါ်ထွက်သည့်ကာလတိုင်အောင် ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ထွန်းလင်းသောဆီမီးကဲ့သို့မှတ်၍ သင်တို့သည်အမှီပြုသင့်ကြ၏” ၂ပေ ၁း၁၉။

မိမိလူများအားဘုရားသခင်ကိုယ်ထင်ပြရာတွင် အလင်းသည်ကိုယ်တော်ရှင်ရှိတော်မူကြောင်းအတွက် အထိမ်းအမှတ်ဖြစ်ခဲ့ဖူးပါသည်။ အစအဦး၌ကမ္ဘာကြီးကိုဖန်ဆင်းစဉ်က အလင်းသည်အမှောင်ကိုထွန်းလင်းခဲ့ပါသည်။

ဣသရေလလူများအား တောခွဲလမ်းပြစဉ်က နေ့အချိန်တွင်တိမ်တိုင်၌လည်းကောင်း၊ ညအချိန်တွင်မီးတိုင်၌လည်းကောင်း ရောင်ခြည်တော်ကွန့်မြူးခဲ့ပါသည်။ သိနာတောင်ပေါ်ဝယ် ထာဝရဘုရား၏ပတ်လည်၌ ကြောက်ရွံ့စရာကောင်းလောက်အောင် လင်းရောင်ခြည်များကွန့်မြူးခဲ့ပါသည်။ တဲတော်ထဲမှ ကရုဏာပလ္လင်ဝယ် ရောင်ခြည်တော်ကွန့်မြူးခဲ့ပါသည်။ ဗိမာန်တော်ဆက်ကပ်ပွဲတွင် ရှောလမုန်၏ဗိမာန်တော်ထက်ဝယ် ရောင်ခြည်တော်ထွန်းလင်းခဲ့ပါသည်။ ကောင်းကင်တမန်များသည် သိုးကျောင်းသားများထံသို့ ကယ်တင်ခြင်းသတင်းစကားကိုယူဆောင်လာကြစဉ် ဗက်လင်မြို့၏တောင်ကုန်းများပေါ်ဝယ် ဘုန်းရောင်ခြည်များထွန်းလင်းခဲ့ပါသည်။

ထာဝရဘုရားသည် အလင်းဖြစ်တော်မူ၏။ "ငါသည်လောက၏အလင်းဖြစ်၏" ဟုမိန့်တော်မူခြင်းအားဖြင့် ခရစ်တော်ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ကြောင်းကိုလည်းကောင်း၊ လူသားမိသားစုတစ်ခုလုံးနှင့် မိမိ၏ဆက်နွှယ်မှုကိုလည်းကောင်း ကြေညာတော်မူပါသည်။ အစအဦး၌ မှောင်မိုက်ထဲက အလင်းထွန်းလင်းစေခဲ့သောသူသည် ကိုယ်တော်ဖြစ်ပါသည်။ ၂ကော ၄း၆။ ကိုယ်တော်သည် နေ၏အလင်း၊ လ၏အလင်း၊ ကြယ်၏အလင်းဖြစ်တော်မူ၏။ အထိမ်းအမှတ်အားဖြင့်သော်လည်းကောင်း၊ ပုံဆောင်မှုများတွင်သော်လည်းကောင်း၊ အနာဂတ္တိစကားများတွင်သော်လည်းကောင်း၊ ဣသရေလများ၌ ထွန်းလင်းတော်မူခဲ့သောဝိညာဉ်ရေးအလင်းတော်သည် ကိုယ်တော်ပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုအလင်းတော်သည် ယုဒလူများအတွက်သာထွန်းလင်းခဲ့သည်မဟုတ်ချေ။ နေရောင်ခြည်များသည် ကမ္ဘာ့အစွန်အဖျားဆုံးတိုင်အောင် ထိုးဖောက်ထွန်းလင်းသကဲ့သို့ ဖြောင့်မတ်ခြင်းနေမင်းကြီး၏အလင်းတရားများသည်လည်း အသက်ဝိညာဉ်တိုင်းအပေါ်တွင် ထွန်းလင်းတော်မူပါသည်။

ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူဖြစ်သတည်း။ ဤလောက၌ ကြီးမြတ်သောဆရာများ၊ အံ့သြဖွယ်သောစူးစမ်းလေ့လာမှုကိုပြုကြသည့် မဟာပညာရှင်များနှင့်အတွေးအခေါ်များကိုနိုးကြားလာအောင်၊ ကျယ်ဝန်းသောအတွေး



အခေါ်အသိဉာဏ်များကိုမြင်တွေ့လာအောင်ပြောဆိုနိုင်သည့် အာဝဇ္ဇန်းရှင်သူများရှိကြပါသည်။ ထိုပုဂ္ဂိုလ်များကိုလူသားအကျိုးပြုသူများ၊ ရှေ့ဆောင်လမ်းပြများအဖြစ်ဂုဏ်ပြုခဲ့ကြပါသည်။ သို့ရာတွင် ထိုသူများထက်ကြီးမြတ်သောပုဂ္ဂိုလ်တစ်ပါးသည် ပေါ်ထွန်းနေပါသည်။ "ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော၊ ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။" "ဘုရားသခင်ကိုအဘယ်သူမျှမမြင်ဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကိုထင်ရှားစေတော်မူပြီ။" ယောဟန် ၁း၁၂၊၁၈။ ကျွန်ုပ်တို့သည်ကြီးမြတ်သောကမ္ဘာ့ပညာရှိကြီးများ၏မျိုးရိုးစဉ်ဆက်များကို လူသားများ၏မှတ်တမ်းများရှိသလောက် ခြေရာကောက်လေ့လာနိုင်ကြသော်လည်း၊ ၎င်းပညာရှိကြီးများထက်အလျှင်အဦး၌ အလင်း၏သခင်ယေရှုရှင်သည် သက်တော်ထင်ရှားလျက်ရှိနေပါသည်။ စကြဝဠာအဖွဲ့အစည်းတွင် လနှင့်ကြယ်များသည် နေ၏အလင်းရောင်ကိုရောင်ပြန်ဟပ်၍ ထွန်းလင်းနေကြသကဲ့သို့၊ ထိုသူများ၏မှန်ကန်သောသွန်သင်ချက်များသည် တရားတော်နေမင်းကြီး၏လင်းရောင်ခြည်များကို ရောင်ပြန်ဟပ်ခြင်းသာဖြစ်ပါသည်။ ထူးကဲသောအတွေးအခေါ်တိုင်းနှင့် အသိဉာဏ်ပွင့်လင်းမှုတိုင်းသည် အလင်းတော်သခင့်ထံမှရောင်ပြန်ဟပ်ခြင်းသာဖြစ်ပါသည်။ ယခုမျက်မှောက်ကာလတွင် အဆင့်မြင့်ပညာရေးအကြောင်းကို ကျွန်ုပ်တို့များစွာသိနေကြပါသည်။ စစ်မှန်သောအဆင့်မြင့်ပညာသည် "ဘဏ္ဍာပညာ၊ ဉာဏ်ပညာရှိသမျှတို့ဝှက်ထားခြင်းခံရသော" ကိုယ်တော်မှုဝေပေးသောအရာသာဖြစ်ပါသည်။ "ကိုယ်တော်၌အသက်ရှိ၏၊ ထိုအသက်သည်လည်းလူတို့၏အလင်းဖြစ်၏။" ကောလောသဲ ၂း၃။ ယောဟန် ၁း၄။ "ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကိုရကြလိမ့်မည်" ဟုယေရှုရှင်မိန့်တော်မူ၏။

"ငါသည်ဤလောက၏အလင်းဖြစ်၏" ဟူသောစကားအားဖြင့် ယေရှုသည် မိမိကိုယ်ကိုမေရှိယဖြစ်ကြောင်း ကြေညာတော်မူခဲ့ပါသည်။ ခရစ်တော်ယခုတရားဟောနေသည့်ဗိမာန်တော်ထဲတွင် ရောက်ရှိနေကြသောသက်ကြီး

ရှယ်အိုရှုမောင်က “ကိုယ်တော်၏လူဣသရေလအမျိုးကို ချီးမြှောက်စေခြင်းငှာလည်းကောင်း၊ တစ်ပါးအမျိုးသားတို့ကိုလင်းစေခြင်းငှာလည်းကောင်း၊ လူအမျိုးမျိုးတို့ရှေ့မှောက်၌ပြင်ဆင်တော်မူသောအလင်းတည်းဟူသောကယ်တင်သောသခင်” ဟူ၍ ကိုယ်တော်ကိုတင်စားမြွက်ဆိုခဲ့ပါသည်။ လုကာ ၂း၃၂။ သူသည်ဣသရေလများအားလုံးကအကျွမ်းတဝင်ရှိထားပြီးသောမေရှိယအား ရည်စူးဖွင့်ဆိုထားသည့်အနာဂတ္တိစကားတစ်ခုကို ဆိုလိုခြင်းဖြစ်ပါသည်။ ၎င်းမှာဟေရှာယအားဖြင့် ဘုရားသခင်မိန့်တော်မူခဲ့သည့် “သင်သည်ယာကုပ်၏အမျိုးအနွယ်တို့ကိုချီးမြှောက်ခြင်း၊ ဘေးလွတ်သောဣသရေလသားတို့ကို အရင်ကဲ့သို့ဖြစ်စေခြင်းအလိုငှာသာ၊ ငါ့အမှုကိုဆောင်ရွက်သောအမှုသည် သာမညအမှုဖြစ်၏။ ထိုအမှုမကသင်သည်မြေကြီးစွန်းတိုင်အောင် ငါ၏ကယ်တင်ခြင်းကိုပြုစိမ့်သောငှာ၊ သင့်ကိုတစ်ပါးအမျိုးသားတို့ လင်းစရာဖို့ငါခန့်ထားသည်” ဟူသောအနာဂတ္တိစကားပင်ဖြစ်ပါသည်။ ဟေရှာ ၄၉း၆၊ ဤအနာဂတ္တိစကားသည်မေရှိယနှင့်ပတ်သက်သောအနာဂတ္တိဖြစ်ကြောင်းကို အများအားဖြင့်နားလည်သဘောပေါက်ထားကြသောကြောင့် “ငါသည်ဤလောက၏အလင်းဖြစ်၏” ဟုယေရှုမိန့်မြွက်သောအချိန်တွင် မိမိသည်ကတိထားတော်မူသောပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း အခိုင်အမာပြောဆိုချက်ကို ထိုလူများနားလည်သဘောပေါက်နိုင်ကြပါသည်။

ထိုပြောဆိုချက်သည် ဖာရိရှဲ၏နားထဲတွင် ကြွားဝါသောလိမ်လည်မှုတစ်ရပ်အဖြစ် မှတ်ယူခြင်းကိုခံခဲ့ကြပါသည်။ မိမိနှင့်တန်းတူရည်တူဖြစ်သောလူတစ်ယောက်က ထိုကဲ့သို့သောဟန်ဆောင်မှုမျိုးကိုပြုလုပ်လာသဖြင့် သူတို့သည်မခံနိုင်လောက်အောင်ဖြစ်ခဲ့ကြပါသည်။ ကိုယ်တော်၏စကားများကိုအသိအမှတ်မပြုဘဲ “သင်သည်အဘယ်သူနည်း” ဟု သူတို့မေးမြန်းလာခဲ့ကြပါသည်။ ကိုယ်တော်အနေနှင့် မိမိကိုယ်ကိုခရစ်တော်ဟုပြောလာအောင် ဖိအားပေးဖို့သူတို့စိတ်စောနေကြပါသည်။ ကိုယ်တော်ပုံပန်းလက္ခဏာနှင့်လုပ်ဆောင်မှုများသည် ယုဒများ၏မျှော်မှန်းချက်နှင့် တခြားစီဖြစ်နေသည့်အတွက် မိမိကိုယ်ကိုမေရှိယဖြစ်ကြောင်း တိုက်ရိုက်ကြေညာခြင်းသည် ၎င်းအားလိမ်လည်လှည့်



ဖြားသူတစ်ဦးအဖြစ် လူအများကငြင်းပယ်ကြလိမ့်မည်ဟု ကိုယ်တော်အားရန်ဘက်ပြုသူများက ယုံကြည်ခဲ့ကြပါသည်။

သို့ရာတွင် သင်သည်အဘယ်သူနည်းဟူသော ၎င်းတို့၏အမေးကို “ငါသည်သင်တို့အားအစဉ်ပြောဆိုသည့်အတိုင်းငါဖြစ်၏” ဟူသောအဖြေဖြင့်တုံ့ပြန်တော်မူခဲ့ပါသည်။ ယောဟန် ၈း၂၅။ ကိုယ်တော်၏စကားများထဲတွင်ဖော်ပြထားသည့်အရာများကို ကိုယ်တော်၏စာရိတ္တတော်တွင်လည်း ဖော်ပြထားတော်မူပါသည်။ ကိုယ်တော်သည်မိမိသွန်သင်တော်မူသည့်သမ္မာတရားများကို အသက်တာများအားဖြင့်ရုပ်လုံးဖော်ခဲ့ပါသည်။ “ငါသည်ကိုယ်အလိုအလျောက်အဘယ်အမှုကိုမျှမပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အားပေးတော်မူသည့်အတိုင်း ငါဟောပြောသည်ကိုသင်တို့သည်သိကြလိမ့်မည်” ဟုဆက်လက်၍ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည်မေရှိယဖြစ်ကြောင်းကိုသက်သေပြုရန်အတွက်ကြိုးစားတော်မမူဘဲ၊ ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြောင်းကိုသာ ထင်ရှားစေတော်မူခဲ့ပါသည်။ ထိုသူများသည် မိမိတို့၏နှလုံးတံခါးကိုဖွင့်ထားကြမည်ဆိုလျှင် ယေရှုရှင်ကိုလက်ခံကြလိမ့်မည်ဖြစ်ပါသည်။

တရားနာနေသည့်ပရိသတ်ထဲမှလူများစွာတို့သည် ကိုယ်တော်ကိုယုံကြည်ကြသဖြင့် “သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏၊ သမ္မာတရားကိုလည်းသိကြသဖြင့် ထိုတရားသည် သင်တို့ကိုလွတ်လိမ့်မည်” ဟုမိန့်တော်မူ၏။

ဤမိန့်မှာချက်သည် ဖာရိရှဲများ၏နှလုံးသားကိုနာကြည်းစေပြီး၊ ကာလရှည်လျားစွာ သူ့ကျွန်ဘဝရောက်နေသည်ကိုပင် သတိမပြုမိကြတော့ဘဲ “ငါတို့သည်အာဗြဟံအမျိုးဖြစ်ကြ၏။ အဘယ်သူ့ထံ၌တစ်ရံတစ်ခါမျှကျွန်မခံကြ၊ လွတ်လိမ့်မည်ဟူ၍ သင်သည်အဘယ်သို့ပြောဆိုသနည်း” ဟုစိတ်ဆိုးမာန်ဆိုးဖြင့် တုံ့ပြန်ပြောဆိုကြ၏။ ကလဲ့စားချေရန်ဆုံးဖြတ်ချက်ချထားကြသည့် ရန်ငြိုးဖွဲ့သောထိုသူများကို ခရစ်တော်ရှင်ကြည့်တော်မူ၍၊ “ငါအမှန်အကန်ဆိုသည်ကား၊ ဒုစရိုက်ကိုပြုသောသူတို့သည် ဒုစရိုက်ကိုပြုသမျှသော

သူတို့သည် ဒုစရိုက်၏ကျွန်ဖြစ်ကြ၏" ဟု မိန့်ကြားတော်မူလိုက်ပါသည်။ ထိုသူများသည် နတ်ဆိုး၏ဝိညာဉ်စိုးမိုးသော၊ အဆိုးဆုံးသောကျွန်ဘဝတွင် ကျရောက်နေခဲ့ကြပါသည်။

မိမိကိုယ်ကိုထာဝရဘုရားရှင်ထံတော်၌ ဆက်ကပ်အပ်နှံရန်ငြင်းပယ်သောသူတိုင်းသည်၊ အခြားတန်ခိုးရှင်တစ်ဦး၏အုပ်ချုပ်မှုအောက်တွင်ရောက်ရှိနေပါသည်။ သူသည်မိမိကိုယ်ကိုမိမိမပိုင်ဆိုင်ဘဲ ထိုတန်ခိုးရှင်၏ကျွန်တစ်ဦးသာဖြစ်နေပါသည်။ သူသည်လွတ်ခြင်းနှင့်ပတ်သက်သောစကားများကို ပြောဆိုနိုင်ကောင်းပြောဆိုနိုင်မည်ဖြစ်သော်လည်း၊ အောက်တန်းအကျဆုံးသောကျွန်တစ်ဦးသာဖြစ်နေပါသည်။ သူ၏စိတ်သဘောထားသည် စာတန်၏ထိန်းချုပ်မှုအောက်တွင်ရှိနေသောကြောင့် သမ္မာတရား၏တင့်တယ်မှုကိုသူကြည့်ခွင့်မရရှိချေ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်၏ဆင့်ဆိုချက်အရ လိုက်လျှောက်နေသည်ဟု သူတို့ဝါကြွားနေသော်လည်း သူသည်အမှောင်ကမ္ဘာအရှင်၏အလိုကိုသာလိုက်လျှောက်နေခြင်းဖြစ်ပါသည်။ "ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည် အပြစ်တရား၏လက်မှလည်းကောင်း၊ သေခြင်းတရား၏လက်မှလည်းကောင်း ငါ့ကိုကယ်လွှတ်ပြီ။" ရောမ ၈း၂။

အသက်ဝိညာဉ်တစ်လုံးကယ်တင်ခြင်းရရှိရန် အတင်းအကျပ်လုပ်ဆောင်စေခြင်းအားဖြင့် မပြီးမြောက်စေနိုင်ပါ။ အပြင်ပန်းလုပ်ဆောင်မှုများအားဖြင့်လည်း မပြီးမြောက်စေပါ။ ဘုရားသခင်၏ဝိညာဉ်တော်လွှမ်းမိုးမှုအောက်တွင် လူသည်မည်သူ့အားကိုးကွယ်မည်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိပါသည်။ ထိုသူသည်ခရစ်တော်ထံ မိမိကိုယ်ကိုဆက်ကပ်အပ်နှံလိုက်သောအချိန်တွင် ပြောင်းလဲမှုတစ်ခုဖြစ်ပေါ်လာပြီး၊ လွတ်လပ်မှု၏အထွတ်အထိပ်ကိုခံစားရပါသည်။ မိမိတွင်ရှိနေသောအပြစ်ကို အတင်းအကျပ်နှင်ထုတ်ပစ်ခြင်းသည် ထိုအသက်ဝိညာဉ်ကိုယ်တိုင်လုပ်ဆောင်ရမည့် အလုပ်သာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စာတန်၏အနှောင်အဖွဲ့မှလွတ်မြောက်နိုင်ရန် တန်ခိုးခွန်အားမရှိပါဆိုသည်မှာမှန်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် အပြစ်၏



အနှောင်အဖွဲ့မှလွတ်မြောက်ရန်ဆန္ဒရှိလာကာ မိမိတို့ထက်ကြီးမြတ်သောတန်ခိုးတစ်ခုကိုတောင်းခံလာသောအခါ၊ ထိုအသက်ဝိညာဉ်တွင် မူလကရှိနှင့်ပြီးသောတန်ခိုးအစွမ်းများသည် သန့်ရှင်းသောဝိညာဉ်တော်၏မြင့်မြတ်သောစွမ်းအင်များနှင့် ထိတွေ့ပေါင်းစပ်ကာ ဘုရားသခင်၏အလိုတော်ကိုဖြည့်ဆည်းရန် အလိုတော်၏သွန်သင်ချက်များကိုလိုက်လျှောက်လာပါသည်။

လွတ်လပ်ခြင်းအခွင့်ကိုရရှိနိုင်သည့် တစ်ခုတည်းသောအခြေအနေမှာ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိလာမှုပင်ဖြစ်ပါသည်။ "သမ္မာတရားကိုလည်းသိကြသဖြင့် ထိုတရားသည်သင်တို့ကိုလွှတ်လိမ့်မည်။" ထိုသမ္မာတရားသည် ခရစ်တော်ပင်ဖြစ်ပါသည်။ အပြစ်တရားသည် အသက်ဝိညာဉ်တစ်ခုလုံး၏စိတ်ဓာတ်များကို အားနည်းစေခြင်းအားဖြင့်သော်လည်းကောင်း၊ အသက်ဝိညာဉ်၏လွတ်လပ်ခွင့်ကိုဖျက်ဆီးပစ်ခြင်းအားဖြင့်သော်လည်းကောင်း အောင်နိုင်မှုကိုရယူနိုင်ပါသည်။ ထာဝရဘုရားထံတော်တွင် တိုးလျှိုးအညံ့ခံခြင်းသည် လူတစ်ယောက်၏စစ်မှန်သောအသရေနှင့် ဂုဏ်သိက္ခာကိုပြန်လည်ရရှိခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့လိုက်နာကျင့်ကြံကြရမည့် ဘုရားသခင်နှင့်ဆိုင်သောပညတ်တော်ဖြစ်ပါသည်။ ယာကုပ် ၂း၁၂။

ဖာရိရှဲများသည် မိမိကိုယ်ကိုအာဗြဟံ၏သားသမီးများဟု ဖွင့်ဆိုကြပါသည်။ သို့ရာတွင် အာဗြဟံကျင့်ဆောင်သည့်အတိုင်းကျင့်ဆောင်မှသာ အာဗြဟံ၏သားစစ်သမီးမှန်များဖြစ်သည်ဟု ဖွင့်ဆိုနိုင်မည်ဖြစ်ကြောင်း ယေရှုရှင်မိန့်မြွက်ခဲ့ပါသည်။ အာဗြဟံသားစစ်သမီးမှန်များသည် ဘုရားသခင်၏စကားကိုနားထောင်သည့်အသက်တာရှိခဲ့သော အာဗြဟံကဲ့သို့အသက်ရှင်နေထိုင်ကြရမည်ဖြစ်ပါသည်။ ၎င်းတို့သည် ဘုရားသခင်ပေးတော်မူသော သမ္မာတရားကိုဟောကြားနေသည့်ကိုယ်တော်အား သတ်ရန်ကြိုးစားကြလိမ့်မည်မဟုတ်ချေ။ ခရစ်တော်ကိုလုပ်ကြံရန်ပူးပေါင်းကြံစည်ခြင်းအားဖြင့် ထိုဖာရိရှဲများသည် အာဗြဟံကျင့်ဆောင်ခဲ့သည့်အရာများကို ကျင့်ဆောင်ရန်ပျက်ကွက်ခဲ့ကြပါသည်။ အာဗြဟံ၏သားစဉ်မြေးဆက်ထဲမှ မွေးဖွားလာရုံသက်သက်ဖြင့် ကယ်တင်ခြင်းရရှိဖို့ရန်မလုံလောက်သေးပါချေ။ အာဗြဟံ၏စိတ်ဓာတ်မျိုး

ရှိ၍ အာဗြဟံ၏လုပ်ရပ်များကို လုပ်ဆောင်သောအသက်တာများအားဖြင့် အာဗြဟံနှင့်ဝိညာဉ်ရေးကဏ္ဍတွင် ဆက်နွှယ်မှုမရှိလျှင် ထိုသူများသည် အာဗြဟံ၏သားသမီးများမဖြစ်ကြသေးချေ။

ခရစ်ယာန်လောကကိုလှုပ်လှုပ်ရှရှဖြစ်စေခဲ့သည့် တမန်တော်များမှ သက်ဆင်းသောအသင်းတော်သည်၊ မည်သည့်အသင်းတော်ဖြစ်ကြောင်းမေးခွန်းကိုလည်း အထက်ပါနိယာမအတိုင်း အဖြေပေးရပါလိမ့်မည်။ အာဗြဟံ၏အမျိုးအနွယ်ဖြစ်ကြောင်းကို နာမည်နှင့်မျိုးရိုးစဉ်ဆက်အားဖြင့်သက်သေမပြနိုင်ဘဲ၊ အာဗြဟံနှင့်တူသည့်စာရိတ္တအားဖြင့်သာ သက်သေပြနိုင်သကဲ့သို့ တမန်တော်များ၏အရိုက်အရာကိုခံယူရခြင်းသည် အသင်းတော်၏လုပ်ပိုင်ခွင့်အာဏာကို လူတစ်ဦးမှတစ်ဦးသို့ လွှဲပြောင်းအပ်ပေးကြောင်းပေါ်တွင်မူတည်ခြင်းမဟုတ်ဘဲ ဝိညာဉ်ရေးဆက်နွှယ်မှုအပေါ်တွင်သာမူတည်ပါသည်။ တမန်တော်များသွန်သင်ခဲ့သော ယုံကြည်ချက်များနှင့်သမ္မာတရားများ၏လှုံ့ဆော်ချက်အရ သက်ရှင်လှုပ်ရှားနေသောအသက်တာသည် တမန်တော်များ၏အရိုက်အရာခံယူခြင်းအတွက် စစ်မှန်သောသက်သေအထောက်အထားဖြစ်ပါသည်။ ဧဝံဂေလိတရားကိုသွန်သင်သည့် ရှေးဦးဆရာဖြစ်ကြောင်းကို ဤအရာအားဖြင့်သာသိသာစေပါသည်။

ထိုယုဒများအား အာဗြဟံ၏သားသမီးမဟုတ်ကြောင်းငြင်းဆိုကာ "သင်တို့သည် သင်တို့အဘ၏အကျင့်ကိုကျင့်ကြ၏" ဟုယေရှုရှင်မိန့်တော်မူလိုက်ရာ" ငါတို့သည်မြောက်မထားသောအမျိုးမဟုတ်၊ ဘုရားသခင်တည်းဟူသော ငါတို့အဘတစ်ပါးတည်းရှိတော်မူသည်" ဟုသူတို့ကတုံ့ပြန်ကြ၏။ ဤစကားများသည် ကိုယ်တော်ရှင်၏လူဇာတိခံယူခြင်းအခြေအနေကိုရည်ဆောင်၍ ယုံကြည်စပြုလာသူများရှေ့တွင် ကိုယ်တော်အားထိုးနှိပ်ချက်တစ်ရပ်ဖြစ်ပါသည်။ သခင်ယေရှုသည် ထိုကဲ့သို့ထိကပါးရိကပါးပြောကြားမှုများကိုဂရုပြုတော်မမူဘဲ "ဘုရားသခင်သည် သင်တို့အဘမှန်လျှင် သင်တို့သည်ငါ့ကိုချစ်ကြလိမ့်မည်၊ အကြောင်းမူကား ငါသည်ဘုရားသခင်အထံတော်မှထွက်ကြွရောက်လာ၏" ဟူ၍မိန့်တော်မူ၏။



၎င်းတို့၏လုပ်ရပ်များသည် မုသား၌ကျင်လည်သူ၊ လူ့အသက်ကိုသတ်သောသူတစ်ဦးနှင့်ဆက်နွှယ်နေကြောင်း သက်သေပြုနေပါသည်။ ထို့ကြောင့် "သင်တို့သည် သင်တို့အဘတည်းဟူသောမာရ်နတ်မှဆင်းသက်ကြ၏။ သင်တို့အဘအလိုသို့လည်းလိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေးဦးစွာမှစ၍လူ့အသက်ကိုသတ်သောသူဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌မတည်မနေ။ သူသည်မုသားစကား၌ကျင်လည်သောသူဖြစ်၏။ မုသား၏အဘလည်းဖြစ်၏။ ငါသည်သစ္စာစကားကိုပြောသောကြောင့် သင်တို့မယုံကြ။" ယောဟန် ၈း၄၄–၄၅။ သခင်ယေရှုသည် သမ္မာတရားကိုတပ်အပ်သေချာစွာဟောတော်မူခြင်းကြောင့် ယုဒလူအကြီးအကဲတို့သည် ကိုယ်တော်ရှင်အားလက်မခံကြခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်ပြောကြားတော်မူသည့်သမ္မာတရားသည် မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုယူဆနေကြသည့်ထိုသူများအား နာကြည်းစေခဲ့ပါသည်။ ထိုသမ္မာတရားသည် မှားယွင်းမှောက်မှားမှုများကိုထုတ်ဖော်ခဲ့ပြီး ၎င်းတို့၏သွန်သင်ချက်များနှင့်ကျင့်သုံးမှုများကို ပြစ်တင်ရှုတ်ချခဲ့သဖြင့် ထိုတရားတော်ကို၎င်းတို့လက်မခံခဲ့ကြချေ။ မိမိတို့လွန်ကျူးခဲ့သောမှားယွင်းမှုများအတွက် ဝန်ချတောင်းပန်ရန် မိမိကိုယ်ကိုနှိမ့်ချကြရမည့်အစား သမ္မာတရားကိုမတွေ့မမြင်စေရန် မိမိတို့၏မျက်စိများကိုပိတ်ထားခဲ့ကြပါသည်။ သမ္မာတရားကိုသူတို့မြတ်နိုးတွယ်တာမှုမရှိဘဲ အမှန်တရားဖြစ်သည့်တိုင်အောင် ထိုအရာကိုသူတို့မလိုချင်ခဲ့ကြချေ။

"ငါ၌အပြစ်ရှိကြောင်းကို သင်တို့တွင်အဘယ်သူဖော်ပြသနည်း။ သစ္စာစကားကိုငါပြောသည်မှန်လျှင် အဘယ်ကြောင့်သင်တို့မယုံကြသနည်း" ဟူ၍ယေရှုရှင်သည်၎င်းတို့အားမေးခဲ့ပါသည်။ ကိုယ်တော်အားရန်ဘက်ပြုသောသူများသည် အပြစ်တင်ခွင့်ရရှိစေခြင်းငှာ သုံးနှစ်လုံးလုံးတစ်ရက်ပြီးတစ်ရက်ခရစ်တော်၏နောက်မှ နောက်ယောင်ခံလိုက်ခဲ့ကြပါသည်။ စာတန်နှင့်တကွသူ၏အပေါင်းအပါများလည်း ကိုယ်တော်ရှင်အားနှိပ်ကွပ်ရန်ကြိုးစားခဲ့သော်လည်း အခွင့်သာနိုင်မည့်အရာတစ်စုံတစ်ခုကိုမျှ သူတို့မတွေ့ရှိခဲ့ကြချေ။ ထို့ကြောင့် မာရ်နတ်ကိုယ်တိုင် "ကိုယ်တော်သည် ဘုရားသခင်၏သန့်ရှင်းတော်မူ

သောသူဖြစ်ပါသည်” ဟုဖွင့်ဟဝန်ခံခဲ့ရပါသည်။ မာကု ၁း၂၄။ သခင်ယေရှုသည် ကောင်းကင်သားများရှေ့မှောက်တွင်သော်လည်းကောင်း၊ အပြစ်မဝင်သေးသည့်ကမ္ဘာများရှေ့မှောက်တွင်သော်လည်းကောင်း၊ အပြစ်သားများရှေ့တွင်သော်လည်းကောင်း ပညတ်တော်အတိုင်းအသက်ရှင်နေထိုင်တော်မူခဲ့ပါသည်။ ကောင်းကင်တမန်များ၊ လူသားများနှင့်နတ်ဆိုးများရှေ့မှောက်တွင် ကိုယ်တော်ရှင်မိန့်မြွက်ခဲ့သော “ဘုရားသခင်နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်” ဟူသောစကားသည် အခြားသူများ၏ပါးစပ်မှဖွင့်ဟခဲ့လျှင် ဘုရားကိုပြစ်မှားပြောဆိုခြင်းသာဖြစ်ခဲ့လိမ့်မည်ဖြစ်ပါသည်။

ခရစ်တော်၏အသက်တာတွင် အပြစ်တစ်စုံတစ်ခုကိုမျှရှာ၍မတွေ့ရှိခဲ့ကြသော်လည်း ယုဒလူများသည် ကိုယ်တော်အားလက်မခံခြင်းအရာသည် ၎င်းတို့အနေနှင့်ထာဝရဘုရားနှင့်အဆက်အသွယ်မရှိကြောင်း သက်သေပြနေပါသည်။ သားတော်၏သတင်းစကားထဲတွင်ပါရှိနေသည့် ဘုရားသခင်၏အသံတော်ကို သူတို့မမှတ်မိခဲ့ကြချေ။ ၎င်းတို့သည် ခရစ်တော်ကိုမိမိတို့ကိုယ်တိုင်တရားစီရင်နေကြသည်ဟု အထင်ရှိခဲ့ကြသော်လည်း ကိုယ်တော်ရှင်အားငြင်းပယ်ခြင်းအားဖြင့် မိမိကိုယ်ကိုမိမိတို့တရားစီရင်နေကြခြင်းသာဖြစ်ပါသည်။ “ဘုရားသခင်နှင့်စပ်ဆိုင်သောသူသည် ဘုရားသခင်၏စကားတော်ကို နားထောင်တတ်ပါသည်။ သင်တို့သည် ဘုရားသခင်နှင့်မစပ်ဆိုင်သောကြောင့် နားမထောင်ကြ” ဟု ထိုသူများအား ယေရှုရှင်မိန့်မြွက်တော်မူခဲ့ပါသည်။

ဤသင်ခန်းစာသည် ခေတ်အဆက်ဆက်အတွက် မှန်ကန်သောသင်ခန်းစာတစ်ခုဖြစ်ပါသည်။ နှုတ်ကပတ်တော်ထဲမှသံသယဖြစ်ပွားသောမေးခွန်းများကိုရှာကြံကာ ဆင်ငှေ့ရန်ရှောင်စကားများကိုပြောရန်၊ ပြစ်တင်ဝေဖန်သည့်စကားများကိုပြောရန် နှစ်သက်သောသူများသည် ထိုကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် ၎င်း၏အတွေးအခေါ်သည် လွတ်လပ်မှုရှိကြောင်း၊ ၎င်းတို့၏စိတ်တန်ခိုးသည်ထက်မြက်မှုရှိကြောင်း၊ အထောက်အထားပေးနေခြင်းဖြစ်သည်ဟုထင်မြင်ယူဆနေကြပါသည်။ မိမိသည်ကျမ်းစာအရတရားစီရင်နေသည်ဟုထင်မြင်ယူဆနေကြသော်လည်း အမှန်မှာသူသည် မိမိကိုယ်ကိုတရားစီရင်



နေခြင်းသာဖြစ်ပါသည်။ ကောင်းကင်နိုင်ငံမှအစပျိုးလာပြီး ထာဝရကာလဆက်လက်တည်တံ့မည့်သမ္မာတရားများကို အလေးအမြတ်မပြုနိုင်ခြင်းအားဖြင့် သူတို့သည် ထိုအရာကိုထင်ရှားစေကြပါသည်။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားဆိုင်ရာ မဟာတောင်တော်ကြီး၏ရှေ့မှောက်တွင် ၎င်း၏စိတ်သဘောထားသည် စိုးရွံ့ထိတ်လန့်မှုမရှိပါ။ ထိုသူသည် အသုံးမရသောအရာများအတွက် အလုပ်များနေခြင်းအားဖြင့် ကျဉ်းမြောင်းတိုတောင်းသောလောကသဘာဝကိုဖောက်ပြန်စေပြီး၊ ၎င်း၏နှလုံးသား၌ရှိသောဘုရားသခင်အား ကျေးဇူးတင်လေးစားလိုသောစိတ်တန်ခိုးများကိုလည်း လျင်မြန်စွာပျောက်ကွယ်သွားစေခဲ့ပါသည်။ ဘုရားသခင်၏တို့ထိမှုကိုတုံ့ပြန်ခဲ့သောနှလုံးသားပိုင်ရှင်သည် ဘုရားသခင်ကိုသိခြင်းပညာတိုးပွားပြီး မိမိ၏စာရိတ္တကိုသန့်စင်မြင့်မြတ်စေမည့်အရာကိုသာ ကြိုးစားရှာဖွေပါလိမ့်မည်။ ပန်းပွင့်တစ်ပွင့်သည် ထွန်းတောက်သောအလင်း၏တင့်တယ်သောရောင်ခြည်များနှင့် ထိတွေ့မှုကိုရစိမ့်သောငှာနေရောင်ခြည်ရှိရာဘက်သို့လှည့်တတ်သကဲ့သို့ ခရစ်တော်၏ကရုဏာအားဖြင့်ကောင်းကင်မှအလင်းရောင်သည် မိမိ၏စာရိတ္တအားတင့်တယ်စေမည့်အကြောင်းအသက်ဝိညာဉ်များသည် တရားတော်နေမင်းကြီးဘက်သို့လှည့်ကြရပါလိမ့်မည်။

ယေရှုသည် ထိုယုဒများနှင့်အာဗြဟံအကြား ထင်ရှားကွဲပြားခြားနားမှုကိုသိရှိရန် “သင်တို့အဘအာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကိုမြော်မြင်ခြင်းငှာအလွန်အလိုရှိ၏။ မြင်ရသောအခါဝမ်းမြောက်ခြင်းသို့ရောက်သည်” ဟုဆက်လက်၍မိန့်တော်မူခဲ့ပါသည်။

အာဗြဟံသည် ကတိထားတော်မူသောကယ်တင်ရှင်အား ဖူးတွေ့ရန်အလွန်တောင့်တခဲ့ပြီး၊ မိမိမသေမီတွင် မေရှိယအရှင်အားဖူးမြော်ခွင့်ရဖို့အတွက်စိတ်အားကြီးစွာဖြင့် ဆုတောင်းပတ္ထနာပြုခဲ့ပါသည်။ ဆုတောင်းခဲ့သည့်အတိုင်းခရစ်တော်ကိုသူဖူးတွေ့ခဲ့ရပါသည်။ ထူးဆန်းသောအလင်းတော်တစ်ခုကိုအာဗြဟံအား ဘုရားသခင်ပြတော်မူခဲ့ပြီး သူသည်ခရစ်တော်၏ဘုရားဇာတိတော်ကိုအသိအမှတ်ပြုခဲ့ပါသည်။ ကိုယ်တော်ရှင်ကြွလာမည့်နေ့ရက်ကိုသူမြင်တွေ့

ခဲ့ရကာ ဝမ်းမြောက်ခြင်းသို့ရောက်ခဲ့ရပါသည်။ အပြစ်အတွက်ပူဇော်ရသည့် မြင့်မြတ်သောယဇ်ပူဇော်ခြင်းမြင်ကွင်းကို သူမြင်တွေ့ခဲ့ရပါသည်။ ဤယဇ်ပူဇော်ခြင်းနှင့်ပတ်သက်၍ ၎င်းတွင်ကိုယ်တွေ့သာဓကတစ်ခုရှိခဲ့ပါသည်။ တစ်နေ့တွင် “သင်သည်အလွန်ချစ်သောတစ်ယောက်တည်းသောသားဣဇာက်ကိုယူ၍----မိုးရိုယ့ရာယဇ်ပြု၍ပူဇော်လော့” ဟုအာဗြဟံထံသို့အမိန့်တော်တစ်ခုရောက်ရှိလာခဲ့ပါသည်။ ကမ္ဘာ ၂၂း၂။ ထို့ကြောင့် သူသည်မိမိ၏မျှော်လင့်ချက်အားလုံး ဗဟိုပြုနေသော ကတိထားတော်မူသည့်သားကလေးကို ယဇ်ပလ္လင်ပေါ်တွင်တင်လိုက်ပါသည်။ ယဇ်ပလ္လင်၏နံဘေးတွင် ဘုရားသခင်၏အမိန့်တော်ကိုနာခံရန် ဓားကိုမြောက်ကိုင်လျက် အာဗြဟံစောင့်ဆိုင်းနေစဉ် “ထိုလုလင်ကိုမထိမခိုက်နှင့်၊ အလျှင်းမပြုနှင့်၊ သင်သည်ဘုရားသခင်ကိုကြောက်ရွံ့သည်ဟု ယခုငါသိ၏။ အကြောင်းမူကား သင်၏သား၊ သင်၌တစ်ယောက်တည်းသောသားကို ငါတောင်း၍သင်သည်ငါ့ကိုမငြင်း” ဟုမိန့်ဆိုသော ကောင်းကင်မှအသံတစ်ခုကိုသူကြားခဲ့ရ၏။ ကမ္ဘာ ၂၂း၁၂။ ယုတ်ညံ့နိမ့်ကျသောလူသားများကိုမြှင့်တင်ရန်အတွက် ရက်ကြောက်ဖွယ်သောအသေခံခြင်းကိုခံယူရန် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကသားများအပေါ်တွင်ထားရှိသည့် ဘုရားသခင်၏မဟာမေတ္တာတော်ကိုသိရှိရန်နှင့်၊ ခရစ်တော်ကြွလာသည့်နေ့ရက်ကိုမြော်မြင်နိုင်စေရန်အလို့ငှာ အာဗြဟံသည်ကြောက်လန့်ဖွယ်စမ်းသပ်မှုကြီးကိုရင်ဆိုင်ခဲ့ရပါသည်။

အာဗြဟံသည် သေမျိုးဖြစ်သောလူသားများအား အစဉ်တစိုက်ပေးအပ်ခဲ့သည့်အကြီးမြတ်ဆုံးသောသင်ခန်းစာကြီးကို ဘုရားသခင်ထံတော်တွင် သင်ယူခဲ့ပါသည်။ မသေမီတွင် ခရစ်တော်အားဖူးတွေ့နိုင်ရန်တောင်းလျှောက်ခဲ့သည့် ၎င်း၏ဆုတောင်းသံကိုလည်း နားညောင်းတော်မူခဲ့ပါသည်။ သူသည် ခရစ်တော်ကိုဖူးတွေ့ခဲ့ရပါသည်။ သူသည်သေမျိုးဖြစ်သော လူသားများမြင်တွေ့နိုင်သည့်အရာအားလုံးကို မြင်တွေ့ခဲ့ရပါသည်။ သူသည်အကြွင်းမဲ့ဆက်ကပ်အပ်နှံခြင်းအားဖြင့် ခရစ်တော်၏ရူပါရုံကို နားလည်သဘောပေါက်နိုင်ခဲ့ပါသည်။ အပြစ်သားများကို ထာဝရဆုံးရှုံးခြင်းမှကယ်တင်နိုင်ရန် မိမိ၏တစ်ပါး





တည်းသောသားတော်ကိုစွန့်တော်မူခြင်းအရာတွင် လူသားများလုပ်နိုင်သည့် ပူဇော်ဆက်ကပ်မှုများထက် အံ့သြကြီးမြတ်သောပူဇော်ဆက်ကပ်မှုကိုပြုခြင်းဖြင့် ၎င်းအားထင်ရှားစွာသိမြင်စေခဲ့ပါသည်။

“ငါသည်ထာဝရဘုရားရှေ့တော်သို့ အဘယ်ပူဇော်သကာပါလျက်ချဉ်းကပ်၍၊ အမြင့်ဆုံးသောဘုရားသခင်ရှေ့တော်၌ ကိုးကွယ်ရမည်နည်း၊ မီးရှို့ရာယဇ်နှင့် အခါလည်သောနွားသငယ်တို့ကိုဆောင်လျက်ချဉ်းကပ်ရမည်လော၊ ထာဝရဘုရားသည် သိုးထီးတစ်ထောင်၊ ဆီမြစ်တစ်သောင်းကို အားရနှစ်သက်တော်မူမည်လော၊ ငါ့လွန်ကျူးခြင်းအတွက် ငါ၏သားဦးကိုလည်းကောင်း၊ ငါ့စိတ်ဝိညာဉ်၏အပြစ်အတွက် ငါ၏ရင်သွေးကိုလည်းကောင်း ပူဇော်ရမည်လော” ဟူသောမေးခွန်းကို အာဗြဟံ၏အတွေ့အကြုံကအဖြေပေးခဲ့ပါသည်။ မိက္ခာ ၆း၆-၇။ “ငါ့သား၊ ယဇ်ရှို့စရာဖို့သိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ ပြင်ဆင်တော်မူလိမ့်မည်” ဟူသောအာဗြဟံပြောစကားများတွင်သော်လည်းကောင်း၊ ဣဇာက်အစားယဇ်ကောင်တစ်ကောင်ကိုဘုရားသခင်ပြင်ဆင်ပေးခြင်းတွင်လည်းကောင်း၊ မည်သူမဆိုမိမိအတွက်အစားထိုးအပြစ်ဒဏ်ခံမှုကို မပြုလုပ်နိုင်ကြောင်းဖွင့်ဆိုထားပါသည်။ ရုပ်တုကိုးကွယ်မှုဆိုင်ရာပူဇော်ခြင်းများကို ဘုရားသခင်သည် လုံးဝလက်ခံခြင်းမရှိခဲ့ချေ။ မည်သည့်ဖခင်မဆို၊ မိမိ၏သားသမီးများအား အပြစ်ဖြေရာယဇ်ကိုပူဇော်ကြရန်ကိုယ်တော်မခိုင်းစေပါ၊ ဘုရားသခင်၏သားတော်တစ်ပါးတည်းကသာ လောကသားများ၏ အပြစ်ကို ယူတင်ဝတ်ဆောင်နိုင်ပါသည်။

အာဗြဟံသည် မိမိကိုယ်တိုင်ခံစားခဲ့ရသော ဒုက္ခဝေဒနာအားဖြင့် ပူဇော်သကာနှင့်ဆိုင်သောကယ်တင်ရှင်၏အမှုတော်ကို တွေ့မြင်နိုင်စွမ်းရှိခဲ့ပါသည်။ သို့ရာတွင် ဣသရေလများသည် မိမိတို့၏မာနထောင်လွှားသောနှလုံးသားများမှမကြိုက်ဆို- လက်မခံခဲ့သောထိုအရာကို နားလည်ကြလိမ့်မည်မဟုတ်ချေ။ အာဗြဟံနှင့်ပတ်သက်၍ မိန့်မြွက်နေသောခရစ်တော်၏စကားများသည် ကြားနာရသူများအား နက်နဲသောအဓိပ္ပါယ်ပါရှိမှုတစ်စုံတစ်ခုကိုမျှ မဖြစ်ပေါ်စေခဲ့ချေ။ ဖာရိရှဲများသည် ထိုစကားများထဲမှ အပြစ်တင်စရာအချက်အလက်အသစ်များကိုတွေ့ခဲ့ကြပါသည်။ သခင်ယေရှုအားအရူးတစ်ယောက်

အဖြစ် သက်သေပြသည့်သဘောဖြင့် "သင်၏အသက်သည် အနှစ်ငါးဆယ် မျှမရှိဘဲလျက် သင်သည်အာဗြဟံကိုမြင်လေပြီတကား" ဟုမခန့်လေးစားပြု သည့်စကားများဖြင့် ခွန်းတုံ့ခွန်းပြန်သူတို့ချေပခဲ့ကြ၏။

ထိုအခါယေရှုသည် ရှိသေခန့်ညားဖွယ်သော ဟန်အမူအရာဖြင့် "ငါအမှန်အကန်ဆိုသည်ကား အာဗြဟံမဖြစ်မီငါဖြစ်၏" ဟု မိန့်တော်မူ၏။

များပြားစွာသောလူအစုအဝေးကြီးသည် ဆိတ်ငြိမ်သွားခဲ့ပါသည်။ ထာဝရကာလအသက်ရှင်တော်မူသော သဘောတရားကိုထုတ်ဖော်ရန် မောရှေ အားဖွင့်ပြတော်မူခဲ့သော ဘုရားသခင်၏နာမတော်ကို မိမိ၏နာမတော်ဖြစ် ကြောင်း ဤဂါလိလဲသားကျမ်းတတ်ဆရာကြီးက အခိုင်အမာပြောကြားနေပါ သည်။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏ဟူ၍ ဣသရေလများအားကတိပြုတော်မူခဲ့သော ကိုယ့်စွမ်းပကားဖြင့်တည်ရှိတော် မူသောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ဖြစ်ကြောင်း၊ ကိုယ်တော်ကြေညာတော်မူ ခဲ့ပါသည်။

ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများသည် ခရစ်တော်အား ဘုရားကိုပြစ်မှားပြောဆိုသူတစ်ဦးအဖြစ် တစ်ဖန်အော်ဟစ်အပြစ်တင်ခဲ့ကြပြန် သည်။ မိမိတို့သည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြောင်းပြောမိ သည့်အတွက် ယခင်ကလည်း မိမိ၏အသက်ကိုလုပ်ကြံမှုတစ်ခုပေါ်စေခဲ့ပြီး၊ လအနည်းငယ်ကျော်လွန်ခဲ့ပြီးသည့်ယခုအချိန်တွင် "ကောင်းသောအမှုကြောင့် ခဲနှင့်ပစ်မည်မဟုတ်၊ သင်သည်လူဖြစ်လျက်ပင်၊ ဘုရားသခင်ဖြစ်ယောင်ဆောင် ၍ ဘုရားသခင်ကိုကျူးလွန်သောစကားကြောင့်ခဲနှင့်ပစ်မည်" ဟုပွင့်ပွင့်လင်း လင်းသူတို့ပြောဆိုခဲ့ကြပါသည်။ ယောဟန် ၁၀း၃၃။ မိမိကိုယ်ကိုဘုရား သခင်၏သားတော်ဖြစ်ကြောင်း အတိအလင်းဖွင့်ဟဝန်ခံနေသောကြောင့် သူတို့ သည် ကိုယ်တော်အားသုတ်သင်ရန်စိတ်ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် ဖာရိရှဲများဘက်တွင် ရပ်တည်ခဲ့ကြသူများတို့သည် ကိုယ်တော်ကိုခဲနှင့်ပစ်ခြင်း ငှာ ကျောက်ခဲများကိုကောက်ယူခဲ့ကြသော်လည်း ယေရှုသည်တိမ်းရှောင်၍ ထိုသူတို့၏အလယ်၌လျှောက်သွားကာ ဗိမာန်တော်မှထွက်ကြွတော်မူ၏။



အလင်းတော်သည် အမှောင်ထုတွင်ထွန်းလင်းလျက်ရှိသော်လည်း "အမှောင်သည်မခံမယူ" ယောဟန် ၁း၅။

ယေရှုသည်လမ်း၌သွားတော်မူစဉ် အမိဝမ်းတွင်းကပင်မျက်စိကန်း သောသူတစ်ယောက်ကို တွေ့မြင်တော်မူ၏။ တပည့်တော်တို့က "အရှင်ဘုရား၊ ဤသူသည် အဘယ်သူ၏အပြစ်ကြောင့်မျက်စိကန်းသနည်း။ ကိုယ်အပြစ် ကြောင့်ကန်းသလော၊ မိဘအပြစ်ကြောင့်ကန်းသလောဟုမေးလျှောက်ကြ၏။ ယေရှုကလည်း ကိုယ်အပြစ်ကြောင့်မဟုတ်၊ မိဘအပြစ်ကြောင့်လည်းမဟုတ်၊ ဘုရားသခင်၏အမှုတော်ကို သူ၌ထင်ရှားစေမည့်အကြောင်းတည်း" ဟုမိန့်တော် မူပြီးလျှင် မြေပေါ်မှာထွေး၍ တံတွေးနှင့်ရွှံ့လုပ်ပြီးမှ ကန်းသောသူ၏မျက်စိ ကိုရွှံ့နှင့်လူး၍ သင်သွားလော့၊ ရှိလောင်ရေကန်၌မျက်စိကိုဆေးလော့ဟုမိန့် တော်မူ၏။ ရှိလောင်အနက်ကား – စေလွှတ်သည်ဟုဆိုလိုသတည်း။ ထိုသူ သည်သွား၍ဆေးပြီးမှ မျက်စိမြင်ပြန်လေ၏။

ကျူးလွန်မိသောအပြစ်များအတွက် ဤဘဝ၌ပင်အပြစ်ဒဏ်စီရင်ခြင်း ခံရသည်ဟု ယုဒများအနေနှင့်ယေဘုယျအားဖြင့် ယုံကြည်ခဲ့ကြပါသည်။ ခံစားရသည့်ရောဂါဘယတိုင်းသည် ရောဂါရှင်ကိုယ်တိုင်၏မှားယွင်းမှု (သို့မဟုတ်) ၎င်း၏မိဘများ၏မှားယွင်းမှုများကြောင့် ဖြစ်ပေါ်လာသောအပြစ်ဒဏ်ဖြစ်သည် ဟု မှတ်ယူခဲ့ကြပါသည်။ အားလုံးသောဒုက္ခဆင်းရဲခြင်းနှင့်ရောဂါဘယများ သည် ပညတ်တော်ကိုချိုးဖောက်မှုကြောင့်ဖြစ်ပေါ်လာသော ဆိုးကျိုးများဖြစ် သည်ဆိုသည်မှာ မှန်ကန်ပါသည်။ သို့သော် ဤတရားသဘောကိုမှားယွင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုလာကြပါသည်။ အပြစ်တရားနှင့်တကွ အပြစ်၏အခကိုစတင် ဖြစ်ပွားစေခဲ့သူစာတန်က ရောဂါဘယများနှင့်သေခြင်းတရားတို့သည် ကျူးလွန် ခဲ့သောအပြစ်များကြောင့် မဆင်မခြင်ဖြင့်ချမှတ်လိုက်သည့်ဘုရားသခင်ထံမှ ထွက်ပေါ်လာသောအပြစ်ဒဏ်များအဖြစ်ရှုမြင်ကြရန် လူသားများအားသွေး ဆောင်နေပါသည်။ ထို့ကြောင့် ဒုက္ခဝေဒနာရှင်များသည် ခံစားရသည့်ဒုက္ခ ဝေဒနာများအပြင် အပြစ်သားကြီးတစ်ဦးကဲ့သို့မှတ်ယူခြင်းခံရသည့် အပိုဝန် ထုပ်ဝန်ပိုးကိုလည်း ထမ်းဆောင်ကြရပါသည်။

ဤနည်းအားဖြင့်ယုဒလူများအတွက် ခရစ်တော်အားငြင်းပယ်ရန်နည်းလမ်းများကိုပြင်ဆင်ခဲ့ကြပါသည်။ ငါတို့၏အနာရောဂါများကို ယူတင်ဝတ်ဆောင်သောကိုယ်တော်အား ယုဒလူများကဒဏ်ခတ်တော်မူခြင်းကိုလည်းကောင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုလည်းကောင်း ခံရသောသူဖြစ်သည်ဟုထင်ကြကာ မျက်နှာလွှဲခဲ့ကြ၏။ ဟေရှာယ ၅၃း၄၊၃။

ထိုကဲ့သို့အယူမလွဲကြစေရန် စီမံထားသည့်သင်ခန်းစာတစ်ခုကို ဘုရားသခင်သည် သွန်သင်တော်မူခဲ့ပြီးဖြစ်ပါသည်။ အနာရောဂါများကိုခံစားရခြင်းသည် စာတန်၏လုပ်ဆောင်မှုကြောင့်ဖြစ်ပြီး၊ ကရုဏာတော်ဆိုင်ရာအကြံအစည်များအတွက် ထိုဖြစ်ရပ်များကိုဘုရားသခင်စိုးမိုးထားကြောင်းကို ယောဘ၏ဘဝဖြစ်စဉ်များက ထင်ရှားစွာဖော်ပြထားပါသည်။ သို့သော်လည်း ဣသရေလများသည် ဤသင်ခန်းစာကိုနားလည်သဘောပေါက်ခြင်းမရှိကြချေ။ ယောဘ၏မိတ်ဆွေများအား ဘုရားသခင်ဆုံးမပဲ့ပြင်ခဲ့သောအမှားမျိုးကို ယုဒလူများသည် ခရစ်တော်ကိုငြင်းပယ်ရာတွင် ထပ်ခါတလဲလဲပြောဆိုနေကြပါသည်။

အပြစ်တရားနှင့်အနာရောဂါများအကြား ဆက်နွယ်မှုနှင့်စပ်လျဉ်း၍ထားရှိသောယုဒများ၏ယုံကြည်ချက်ကို ခရစ်တော်၏တမန်တော်များကလည်းဆက်လက်စွဲကိုင်ခဲ့ကြပါသည်။ သခင်ယေရှုသည် ၎င်းတို့၏အမှားအယွင်းရှိသော အယူအဆများကိုပြုပြင်ပေးနေစဉ်တွင် ရောဂါဖြစ်ရခြင်း၏အကြောင်းကိုရှင်းပြတော်မမူဘဲ ဖြစ်ပေါ်လာမည့်အကျိုးကိုသာ ၎င်းတို့အားမိန့်တော်မူခဲ့ပါသည်။ ထိုအနာရောဂါများကြောင့် ဘုရားသခင်၏အမှုတော်ကိုထင်ရှားစေလိမ့်မည်။ "ငါသည် ဤလောက၌ရှိစဉ်တွင် ဤလောက၏အလင်းဖြစ်၏" ဟုမိန့်တော်မူ၏။ မျက်စိကန်းသောထိုသူ၏မျက်စိကို ရွှံ့ဖြင့်လူးပြီးနောက်ရှိလောင်ရေကန်သို့သွား၍ဆေးကြောလိုက်ရာ စက္ခုနှစ်ကွင်းသည် အလင်းပြန်လည်ရရှိလာခဲ့ပါသည်။ ဤနည်းအားဖြင့် မိမိအားနှိုက်နှိုက်ချွတ်ချွတ်မေးမြန်းလာမှုများကိုအဖြေပေးရာတွင် အသုံးပြုနေကျအတိုင်း ယခုတွင်လည်းတမန်တော်များ၏အမေးကို လက်တွေ့ကျသောနည်းအားဖြင့် ဖြေဆိုတော်မူခဲ့ပါသည်။ မည်သူအပြစ်ကျူးလွန်ခဲ့သည်၊ မကျူးလွန်ခဲ့သည်နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်



တမန်တော်များအားဆင့်ဆိုတော်မမူဘဲ စက္ခုအာရုံဆုံးရှုံးနေသူများအား စက္ခုအလင်းပြန်လည်ရရှိအောင်ပြုလုပ်ပေးခြင်းအမှုတွင် ဘုရားသခင်၏တန်ခိုးတော်နှင့်ကရုဏာကိုနားလည်စေရန်အတွက်သာ ၎င်းတို့အားတောင်းဆိုတော်မူခဲ့ပါသည်။ မျက်စိအားလူးပေးခဲ့သည့်ရွှံ့ထဲတွင်သော်လည်းကောင်း၊ ထိုမျက်စိကိုဆေးကြောခဲ့သောရေကန်တွင်သော်လည်းကောင်း၊ အနာပျောက်ကင်းစေနိုင်သည့်တန်ခိုးမရှိဘဲ၊ ခရစ်တော်၌သာထိုတန်ခိုးရှိတော်မူကြောင်း ထိုဖြစ်ရပ်အားဖြင့်ထင်ရှားစေခဲ့ပါသည်။

ဖာရိရှဲများသည် ကုသမှုကိုကြည့်ရှု၍ အံ့သြရုံမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့ကြချေ။ သို့ရာတွင် ထိုနိမိတ်လက္ခဏာကို ဥပုသ်တော်နေ့တွင်ပြုတော်မူခဲ့သဖြင့် ၎င်းတို့၏စိတ်နှလုံးတွင် မုန်းတီးမှုများကိုပို၍ဖြစ်ပွားစေခဲ့ပါသည်။

မျက်စိကန်းခဲ့သော ထိုလူငယ်၏အိမ်နီးချင်းများနှင့် ၎င်းအားယခင်ကသိကျွမ်းခဲ့ဖူးသောသူများက ဤသူသည်ထိုင်၍တောင်းသောသူဖြစ်သည်မဟုတ်လောဟု မေးမြန်းကြ၏။ ၎င်း၏မျက်လုံးအစုံပြန်လည်အလင်းရလာသောအချိန်တွင် မျက်နှာပုံအသွင်သည် ပြောင်းလဲမှုရှိလာကာကြည်လင်လာပြီးယခင်ကနှင့်မတူတော့သည့်အတွက်ကြောင့် သူတို့သည်ထိုသူအားဇဝေဇဝါဖြစ်နေကြပါသည်။

ထို့ကြောင့်အထက်ပါမေးခွန်းကို တစ်ဦးနှင့်တစ်ဦးမေးမြန်းခဲ့ကြပါသည်။ လူအချို့က "သူပါပဲ" ဟုပြောဆိုခဲ့ကြပါသည်။ ၎င်းအငြင်းပွားမှုကိုမျက်လုံးအစုံအလင်းရခဲ့သည့် ထိုသူငယ်၏ "အကျွန်ုပ်သည်ထိုသူပင်ဖြစ်သည်" ဟူသောတုံ့ပြန်ချက်အားဖြင့် အဆုံးသတ်စေခဲ့ပါသည်။ ထိုနောက်ကုသပေးခဲ့သောသခင်ယေရှုအကြောင်းနှင့်ကုသပေးခဲ့ပုံများကို အနီး၌ရှိနေကြသောသူများအားပြောပြရာ "ထိုသူသည်အဘယ်မှာရှိသနည်း" ဟုမေးမြန်းကြလျှင် အကျွန်ုပ်မသိဟုထိုသူငယ်ကဆို၏။

ထို့နောက် ထိုသူများသည် မျက်စိအလင်းအာရုံပြန်လည်ရရှိခဲ့သောထိုလူငယ်အား ဖာရိရှဲကောင်စီတစ်ခုရှေ့မှောက်သို့ခေါ်ဆောင်သွားခဲ့ကြပြီး၊ မည်ကဲ့သို့မျက်စိပြန်မြင်လာခဲ့ကြောင်းကို မေးမြန်းကြလျှင် "အကျွန်ုပ်မျက်စိ

၌သူသည်ရွှံ့ကိုထည့်၍ အကျွန်ုပ်ဆေးလျှင်မျက်စိမြင်သည်" ဟုဖြေလေ၏။ ထိုအခါဖာရိရှဲအချို့တို့က ထိုသူသည်ဥပုသ်နေ့ကိုကောင်းမွန်စွာမစောင့်ရှောက်သောကြောင့် ဘုရားသခင်စေလွှတ်တော်မူသောသူ မဟုတ်ဟုဆိုကြ၏။ ဖာရိရှဲများအနေနှင့်သခင်ယေရှုအား အပြစ်သားတစ်ဦးဖြစ်သည်ဟု သဘောပေါက်နေကြသောကြောင့် မေရှိယအရှင်အနေဖြင့် လက်မခံနိုင်ခဲ့ကြချေ။ ဥပုသ်နေ့ကိုတည်ထောင်ခဲ့သူဖြစ်ပြီး၊ ဥပုသ်နေ့နှင့်ပက်သက်သည့်တာဝန်ဝတ္တရားများကိုသိရှိထားသူဖြစ်သော ထိုပုဂ္ဂိုလ်ကမျက်စိကန်းနေသောထိုသူငယ်ကိုကုသခဲ့ခြင်းဖြစ်ကြောင်းကို သူတို့မသိရှိခဲ့ကြချေ။ သူတို့သည် ဥပုသ်နေ့တည်ဆောက်ခြင်းအတွက် အံ့ဩဖွယ်ကောင်းလောက်အောင် စိတ်အားထက်သန်သယောင်ရှိသော်လည်း၊ ထိုနေ့၌ပင်လူသတ်မှုကျူးလွန်ရန်စီမံနေကြပါသည်။ သို့ရာတွင်များစွာသောလူအပေါင်းတို့သည် ထိုနိမိတ်လက္ခဏာသတင်းကိုကြားသိရသောအခါ များစွာစိတ်လှုပ်ရှားကြပြီး၊ စက္ခုနှစ်ကွင်းကိုအလင်းပေးခဲ့သောထိုပုဂ္ဂိုလ်သည် သာမန်ပုဂ္ဂိုလ်တစ်ဦးမဟုတ်ကြောင်း သဘောပေါက်ခဲ့ကြပါသည်။ ဥပုသ်နေ့ချိုးဖျက်သဖြင့် အပြစ်သားဖြစ်သည်ဟူ၍ ဖာရိရှဲများ၏စွပ်စွဲခြင်းကိုတုံ့ပြန်သည့်အနေဖြင့် ထိုသူများက "ဆိုးသောသူသည် ဤသို့သောနိမိတ်လက္ခဏာတို့ကို အဘယ်သို့ပြုနိုင်သနည်း" ဟုဆိုကြ၏။

တစ်ဖန်မျက်စိကန်းဖူးသောသူအား "သင်၏မျက်စိကိုဖွင့်သောသူသည် အဘယ်သို့သောသူဖြစ်သနည်း" ဟု ဖာရိရှဲများကမေးကြရာ "ပရောဖက်ဖြစ်သည်" ဟု ထိုသူကဖြေဆို၏။ ထိုအခါဖာရိရှဲများက မျက်စိမြင်လာသောထိုသူသည် အမိဝမ်းတွင်းကပင်မျက်စိကန်းသောသူမဟုတ်နိုင်ကြောင်း၊ အခိုင်အမာပြောဆိုလာကြပါသည်။ ထို့ကြောင့် သူ၏မိဘများကိုခေါ်၍ "ဤသူသည်သင်တို့ဆိုသည့်အတိုင်း အမိဝမ်းတွင်းကပင် မျက်စိကန်းသောသူတို့၏သားမှန်သလော" ဟုမေးကြ၏။

မျက်စိကန်းခဲ့ဖူးသောထိုသူကိုယ်တိုင်ပင် မိမိသည်ယခင်ကမျက်မမြင်ဖြစ်ခဲ့ကြောင်း၊ ယခုအလင်းပြန်ရလာပြီဖြစ်ကြောင်း ဖွင့်ဟပြောဆိုခဲ့သော်လည်း ဖာရိရှဲများသည် မိမိတို့၏အမှားများအတွက်ဝန်ခံရမည့်အစား မိမိကိုယ်တိုင်



ခံစားမှုအားထင်ရှားစေသောအထောက်အထားများကို ငြင်းပယ်နေကြပါသည်။ ဖာရိရှဲများ၏တစ်ဖက်သတ်အထင်လွဲမှုသည် အလွန်ပြင်းထန်ပါတကား။ ၎င်းတို့၏ဖြောင့်မတ်ခြင်းတရားသည် အလွန်သွေဖည်မှားယွင်းနေပါတကား။

ဖာရိရှဲများအနေဖြင့် ထိုသူ၏မိဘများကိုခြိမ်းခြောက်ခြင်းအားဖြင့် အောင်မြင်မှုရရန် အခွင့်အလမ်းတစ်ခုကျန်ရှိနေပါသေးသည်။ အပေါ်ယံကြောရိုးသားမှုသဘောဖြင့်လည်း "သူသည်အဘယ်သို့ယခုမျက်စိမြင်သနည်း" ဟု သူတို့မေးမြန်းခဲ့ကြပါသည်။ ယေရှုကိုခရစ်တော်အဖြစ်အသိအမှတ်ပြုသောသူသည် တရားဇရပ်မှနှင်ထုတ်ခြင်းကိုခံရမည်အကြောင်း၊ ၎င်းပြင်တရားဇရပ်အပြင်သို့ ရက်ပေါင်းသုံးဆယ်ထုတ်ထားခြင်းကိုခံရမည်ဖြစ်ကြောင်းများကို ကြေညာထားသဖြင့်မိဘများအနေဖြင့် မိမိကိုယ်ကိုဘေးသင့်ရောက်မည်ကိုစိုးရိမ်ခဲ့ကြပါသည်။ ထိုခေတ်ထိုအခါက ဤကဲ့သို့သောပြစ်မှုကိုကျူးလွန်သူများ၏ကလေးငယ်များကို အရေပြားလှီးခြင်းမင်္ဂလာလုပ်ဆောင်မပေးသည့်ပြင် အသုဘကိစ္စရှိလျှင်လည်း ဆောင်ရွက်မပေးကြချေ။ ထိုအပြစ်ဒဏ်စီရင်မှုကို ကြီးမားသောဘေးဒုက္ခအဖြစ်ယူဆကြပြီး ထိုအပြစ်သားသည်နောင်တမရပါက ပို၍ပြင်းထန်သောအပြစ်ဒဏ်များကိုခံယူရန် သတ်မှတ်ခြင်းခံကြရပါသည်။ မိမိတို့၏သားအပေါ်တွင် ပြုတော်မူခဲ့သည့်အံ့ဖွယ်အမှုများကိုထောက်၍ သူ၏မိဘများသည် သဘောပေါက်လာကြကာ "ဤသူသည်အကျွန်ုပ်တို့၏သားမှန်သည်ကိုလည်းကောင်း၊ အမိဝမ်းတွင်းကပင် မျက်စိကန်းသည်ကိုလည်းကောင်း အကျွန်ုပ်တို့သိကြပါ၏" အဘယ်ကြောင့်ယခုမျက်စိမြင်သည်ကိုလည်းကောင်း၊ အဘယ်သူသည် သူ၏မျက်စိကိုဖွင့်သည်ကိုလည်းကောင်း၊ အကျွန်ုပ်တို့မသိကြပါ၊ သူသည်ကိုယ့်အကြောင်းကို ကိုယ်တိုင်ပြောပါလိမ့်မည်" ဟူ၍ ထိုမိဘများသည် ခရစ်တော်ကိုဝန်ခံရန်မဝံ့ရဲကြသောကြောင့် မိမိတို့၏တာဝန်များကို ဤနည်းအားဖြင့် သားငယ်အပေါ်သို့ပုံချခဲ့ကြပါသည်။

ဖာရိရှဲများကျရောက်နေသည့်အကျပ်အတည်းများ၊ သူတို့၏မေးခွန်းများနှင့် တစ်ဖက်သတ်အထင်လွဲမှုများ၊ ဤကိစ္စအတွက်ဖော်ပြချက်များကို မယုံကြည်မှုများစသည်တို့သည် အထူးသဖြင့်သာမန်လူတန်းစားတို့၏မျက်စိ

ကိုဖွင့်ပေးလျက်ရှိပါသည်။ သခင်ယေရှုသည် မကြာခဏဆိုသလို လမ်းမများပေါ်တွင် ထူးခြားသောနိမိတ်လက္ခဏာများကို ပြုတော်မူခဲ့ပါသည်။ ပြုသမျှသောနိမိတ်လက္ခဏာတိုင်းသည် ခံစားရသောဝေဒနာများကို သက်သာပျောက်ကင်းခြင်းနှင့်စပ်ဆိုင်ပါသည်။ ထို့ကြောင့် လူအများ၏စိတ်နှလုံးတွင် ဖာရိရှဲများကအယောင်ဆောင်ဖြားယောင်းသူဟု သမုတ်ခြင်းခံရသူတစ်ဦးအားဖြင့် ဘုရားသခင်သည် ထိုကဲ့သို့သောကြီးကျယ်သည့်အမှုတော်များကို ပြုတော်မူလိမ့်မည်လား၊ ဟူသောမေးခွန်းများပေါ်ထွက်လာခဲ့ပါသည်။ မတူညီသောအတွေးအခေါ်နှစ်ခုအကြား ဖြစ်ပွားနေသည့်တိုက်လှန်မှုသည် ပြင်းထန်လာခဲ့ပါသည်။

ခရစ်တော်၏လုပ်ဆောင်မှုများသည် လူသိရှင်ကြားဖြစ်ကြောင်း၊ ထိုသူများတွေ့ရသဖြင့် ပြတော်မူသောနိမိတ်လက္ခဏာများအတွက် ငြင်းဆိုနိုင်ခြင်းမရှိကြချေ။ တစ်ချိန်ကမျက်စိကန်းခဲ့ဖူးသောထိုသူသည် သဘာဝ၏အံ့ဖွယ်ရာများကိုလည်းကောင်း၊ ကောင်းကင်နှင့်မြေကြီးတို့၏တင့်တယ်မှုများကိုလည်းကောင်း မြင်တွေ့ရသောအခါတွင် ဝမ်းမြောက်ပီတိဖြစ်ကာ ကျေးဇူးတင်လျက်ရှိနေပါသည်။ မိမိ၏အတွေ့အကြုံများကို လွတ်လွတ်လပ်လပ်ဖွင့်ဟနေသဖြင့် ၎င်းကိုဒုတိယအကြိမ်ခေါ်ယူကာ “ဘုရားသခင်ကိုချီးမွမ်းလော့၊ ထိုသူသည် လူဆိုးဖြစ်ကြောင်းကိုငါတို့သိ၏” ဟုဆိုကာ ဖာရိရှဲများကနှုတ်ပိတ်ခဲ့ကြပါသည်။ အဓိပ္ပါယ်မှာ “မင်းကိုဒီလူကမျက်စိပြန်မြင်စေတာမဟုတ်ဖူး၊ မင်းရဲ့မျက်စိကိုမြင်စေသောသူဟာ ဘုရားသခင်ဖြစ်တယ်” ဟုဆိုလိုခြင်းဖြစ်ပါသည်။

ထိုအခါထိုသူက “လူဆိုးဖြစ်သည်၊ မဖြစ်သည်ကိုအကျွန်ုပ်မသိ၊ အကျွန်ုပ်သည်အထက်ကမျက်စိကန်း၍ ယခုမျက်စိမြင်သည်အကြောင်းတစ်ခုကိုအကျွန်ုပ်သိသည်” ဟုပြန်လည်ဖြေကြားလိုက်ပါသည်။

တစ်ဖန်ထိုသူက “သူသည်သင်၌အဘယ်သို့ပြုသနည်း၊ သင်၏မျက်စိကိုအဘယ်သို့ဖွင့်သနည်း” ဟု ထိုသူအား မိမိကိုယ်ကိုထင်ယောင်ထင်မှားဖြစ်သွားစေရန် များစွာသောစကားများဖြင့် ရှုပ်ထွေးစေခဲ့ပါသည်။ စာတန်နှင့်သူ၏ဆိုးသောကောင်းကင်တမန်များသည် ဖာရိရှဲများဘက်မှရပ်တည်ခဲ့ကြပြီး



ခရစ်တော်၏ဩဇာသက်ရောက်မှုကို လျော့ပါးသွားစေရန်အလို့ငှာ၊ မိမိတို့၏ခွန်အားများနှင့် ကောက်ကျစ်စဉ်းလဲမှုများကို ထိုလူသားများ၏ဆင်ခြင်တုံတရားနှင့်ပေါင်းစပ်ခဲ့ကြပါသည်။ သူတို့သည် များစွာသောလူများ၏စိတ်ထဲတွင် နက်နက်နဲနဲထိုးဖောက်ဝင်ရောက်နေသော အသိစိတ်ဓာတ်များကို ထုံထိုင်းစေခဲ့ကြပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များကလည်း စက္ခုနှစ်ကွင်းအလင်းပြန်လည်ရရှိခဲ့သည့်ထိုသူကို အားပေးတိုက်တွန်းရန် ကမ္ဘာမြေပေါ်သို့ရောက်ရှိနေခဲ့ကြပါသည်။

ထိုဖာရိရှဲများအနေဖြင့် မိမိတို့သည်မျက်စိကန်းခဲ့ဖူးသော ထိုသူကိုသာမက၊ အခြားသူများကိုလည်း တိုက်လှန်နေကြသည်ကိုလည်းကောင်း၊ မိမိတို့ဆန့်ကျင်တိုက်လှန်နေသောသူသည် မည်သူဖြစ်ကြောင်းကိုလည်းကောင်း၊ မသိရှိခဲ့ကြချေ။ ထိုလူကန်း၏အသက်ဝိညာဉ်တွင် မြင့်မြတ်သောအလင်းတော်တစ်ခုထွန်းလင်းခဲ့ပေပြီ။ လျှို့ဝှက်သောဖာရိရှဲများက ထိုသူအားမယုံကြည်အောင် ကြိုးစားနေကြစဉ်တွင် သူ၏ပြင်းထန်တိကျသောတုံ့ပြန်မှုအားဖြင့် မိမိသည်ဖြားယောင်းခြင်းမခံခဲ့ရကြောင်းပြသရန် သူ့အားဘုရားသခင်မစခဲ့သဖြင့် “အကျွန်ုပ်တစ်ခါပြောပြီ၊ သင်တို့နားမကြားကြ။ အဘယ်ကြောင့်တစ်ဖန်ကြားချင်သနည်း၊ သူ့တပည့်ဖြစ်ချင်သလောဟုဆို၏။ ထိုသူတို့ကလည်း သင်သည်သူ့တပည့်ဖြစ်၏။ ငါတို့မူကားမောရှေ၏တပည့်ဖြစ်၏။ ဘုရားသခင်သည် မောရှေ၌ဗျာဒိတ်ထားတော်မူကြောင်းကို ငါတို့သိကြ၏။ ထိုသူသည် အဘယ်ကဖြစ်သည်ကိုမသိဟု ကဲ့ရဲ့၍ပြောဆိုကြ၏။”

ထိုသူသည်စမ်းသပ်မှုတစ်ခုကိုကျော်ဖြတ်နေရကြောင်း ခရစ်တော်သိရှိတော်မူသဖြင့် ၎င်းအားမိမိ၏သက်သေခံတစ်ဦးဖြစ်လာစိမ့်သောငှာ၊ ကရုဏာတော်နှင့်နှုတ်သတ္တိများကို ပေးသနားတော်မူခဲ့ပါသည်။ သူသည်မိမိအားမေးခွန်းထုတ်ခဲ့ကြသည့်ဖာရိရှဲများအားအထိနာစေသည့်စကားလုံးများဖြင့် တုံ့ပြန်အဖြေပေးခဲ့ပါသည်။ သူတို့သည် မိမိကိုယ်ကိုကျမ်းစာအနက်ဖွင့်သူများ၊ နိုင်ငံတော်၏ဘာသာရေးခေါင်းဆောင်များဖြစ်ကြောင်း အခိုင်အမာဖွင့်ဟခဲ့ကြသော်လည်း နိမိတ်လက္ခဏာပြုနေသောထိုသူသည် မည်သည့်တန်ခိုးအာဏာဖြင့်

ပြုတော်မူသည်ကိုလည်းကောင်း၊ စာရိတ္တတော်နှင့်မိန့်ဆိုချက်များသည် မည်သည့်အခွင့်အာဏာဖြင့် ပြုတော်မူသည်ကိုလည်းကောင်း မိမိတို့မသိကြကြောင်း ဝန်ခံနေကြပါသည်။

၎င်းနောက်ထိုသူက "အကျွန်ုပ်မျက်စိဖွင့်သော်လည်း အဘယ်ကဖြစ်သည်ဟု သင်တို့မသိကြသည်ကိုအံ့ဩဖွယ်ရှိ၏။ ဘုရားသခင်သည် လူဆိုးတို့စကားကိုနားထောင်တော်မမူသည်ကို ငါတို့သိကြ၏။ ဘုရားသခင်ကို ရိုသေလေးမြတ်၍ အလိုတော်သို့လိုက်သောသူဖြစ်လျှင် ထိုသူ၏စကားကို နားထောင်တော်မူ၏။ အမိဝမ်းတွင်းကပင် မျက်စိကန်းသောသူကိုမျက်စိမြင်စေခြင်းငှာတတ်နိုင်သည်ကို ကမ္ဘာဦးမှစ၍မကြားစဖူး၊ ထိုသူသည် ဘုရားသခင်စေလွှတ်တော်မူသောသူမဟုတ်လျှင် အဘယ်အမှုကိုမျှမတတ်နိုင်" ဟုပြောဆိုခဲ့၏။

ထိုသူသည် မိမိအားမေးမြန်းလာသူများအား၊ ၎င်းတို့ကအသာရနိုင်မည့်အခြေအနေမျိုးတွင် ရင်ဆိုင်နေကြရပါသည်။ သို့ရာတွင် သူ၏ဆင်ခြင်တွေးခေါ်မှုအပေါ်တွင် ၎င်းတို့အနေဖြင့်ဆင်ခြေဆင်လက် တက်နိုင်သည့်အခြေအနေမရှိပါချေ။ ထို့ကြောင့် ဖာရိရှဲများသည်အံ့ဩခဲ့ကြပြီး၊ ထိုသူပြောသော ထိရောက်ခိုင်မာသည့်စကားများကြောင့် မိန်းမောတွေဝေခဲ့ကာ၊ ခေတ္တခဏမျှဆိတ်ငြိမ်သွားခဲ့ကြပါသည်။ ထိုနောက် ထိုသူနှင့်ထိမိလျှင် ညစ်ညမ်းသွားမည်စိုးသည့်သဘောဖြင့် ၎င်းတို့ကမိမိတို့၏ဝတ်ရုံများကို ဖိုးရိုးဖားရားမဖြစ်စေရန် သိမ်းသိမ်းဆည်းဆည်းဖြင့်ဝတ်ဆင်ကာ ဖုန်မှုန့်များကိုခါလိုက်ကြပြီး၊ "သင်သည် မွေးစကပင်တစ်ကိုယ်လုံး၌ ဒုစရိုက်အပြစ်စွဲသောသူဖြစ်လျက်နှင့် ငါတို့ကိုဆုံးမပါသည်တကား" ဟုပြောဆိုကြပြီးလျှင် ထိုသူကိုတရားဇရပ်မှ နှင်ထုတ်ကြ၏။

ထိုကဲ့သို့နှင်ထုတ်သည့်အကြောင်းကို ယေရှုကြားတော်မူပြီးမှ ထိုသူကိုတွေ့တော်မူလျှင် "သင်သည်ဘုရားသခင်၏သားတော်ကိုယုံကြည်သလော" ဟုမေးတော်မူ၏။

မျက်စိကန်းခဲ့ဖူးသောထိုသူသည် မိမိအားကုသပေးသူ၏မျက်နှာတော်ကို ပထမဦးဆုံးသောအကြိမ်အဖြစ် ဖူးတွေ့ခွင့်ရခဲ့ပါသည်။ ဖာရိရှဲ



များ၏ရှေ့တွင် စိတ်ပူပန်သောကရောက်နေသော မိဘများ၏မျက်နှာများကိုလည်းကောင်း၊ စိတ်ဆိုးမာန်ဆိုးဖြစ်နေသောဖာရိရှဲများ၏မျက်နှာများကိုလည်းကောင်း မြင်ခဲ့ရပြီးနောက် ယခုအချိန်တွင်မူ ခရစ်တော်၏နှစ်လိုဖွယ်ကောင်းပြီး ငြိမ်သက်သာယာသောမျက်နှာတော်ကို ဖူးတွေ့ခွင့်ရခြင်းဖြစ်ပါသည်။ ထိုသူသည် ကိုယ်တော်ရှင်အားကောင်းကင်မှစေလွှတ်သူတစ်ပါးဖြစ်ကြောင်း၊ မိမိကိုယ်ကိုအနစ်နာခံ၍ အသိအမှတ်ပြုခဲ့သဖြင့် ယခုတွင်ပို၍မြင့်မြတ်သော ရူပါရုံကိုပေးသနားခြင်းခံခဲ့ရပါသည်။

"သင်သည်ဘုရားသခင်၏သားတော်ကိုယုံကြည်သလော" ဟူသော ယေရှုခရစ်၏အမေးကို "သခင်၊ အကျွန်ုပ်ယုံကြည်ရမည်အကြောင်း၊ ဘုရားသခင်၏သားတော်ကားအဘယ်သူနည်း" ဟုတုံ့ပြန်သော် ယေရှုက "သင်သည်ထိုသူကိုမြင်ခဲ့ပြီးသည်သာမက သင်နှင့်ယခုစကားပြောသောသူသည် ဘုရားသခင်၏သားတော်ဖြစ်၏" ဟုမိန့်တော်မူလျှင် "သခင်၊ အကျွန်ုပ်ယုံကြည်ပါ၏" ဟုလျှောက်၍ပျပ်ဝပ်ကိုးကွယ်လေ၏။ ထိုသူသည် ၎င်း၏စက္ခုနှစ်ကွင်းအလင်းရရှိခဲ့ရုံမျှမက၊ အသိဉာဏ်မျက်စိများလည်းပွင့်လင်းခဲ့ပါသည်။ ၎င်းသည် ခရစ်တော်ဖော်ပြခဲ့သည့်အတိုင်း ကိုယ်တော်အားဘုရားသခင်စေလွှတ်လိုက်သူတစ်ပါးအဖြစ်လက်ခံခဲ့ပါသည်။

ထိုအခါဖာရိရှဲတစ်စုသည် ယေရှုအနီးသို့ချဉ်းကပ်စုရုံးလာခဲ့ကြပါသည်။ ကိုယ်တော်သည် မိမိမိန့်တော်မူခဲ့သည့်စကားများ၊ မိမိကျင့်ဆောင်ခဲ့သည့်အရာများနှင့်ကွဲပြားခြားနားသောဖြစ်ရပ်များကို ထိုသူများ၌တွေ့မြင်ရသဖြင့် ပြန်လည်သတိရလာခဲ့ပါသည်။ ထို့ကြောင့် "မျက်စိမမြင်သောသူသည် မြင်စေခြင်းငှာလည်းကောင်း၊ မြင်သောသူသည် မျက်စိကန်းစေခြင်းငှာလည်းကောင်း၊ ငါသည်တရားစီရင်၍ ဤလောကသို့ရောက်လာပြီ" ဟုမိန့်တော်မူ၏။ မျက်စိကန်းသောသူများအား စက္ခုအလင်းပေးရန်နှင့် ဝိညာဉ်ရေးမှောင်မိုက်ကျနေသူများအား အလင်းတရားကိုပေးတော်မူရန် ကိုယ်တော်ကြွလာတော်မူခဲ့ပါသည်။ ကိုယ်တော်သည်မိမိကိုယ်ကို လောက၏အလင်းဖြစ်သည်ဟုမိန့်တော်မူခဲ့ပါသည်။ ယခုပြုလုပ်ခဲ့သည့်နိမိတ်လက္ခဏာသည်

ကိုယ်တော့်အမှုတော်အတွက် မှန်ကန်ကြောင်းသက်သေပြချက်တစ်ခုဖြစ်ပါသည်။ ကိုယ်တော်ကြွလာသောအချိန်တွင် ကယ်တင်ရှင်အားဖူးတွေ့ခဲ့ရသူများသည် ယခင်လောကီသားများခံစားခဲ့ရသောအရာများထက် ပို၍ထင်ရှားပြည့်စုံစွာ ကိုယ်တော်ရှင်၏အတူရှိခြင်းကို ခံစားခွင့်ရရှိခဲ့ကြပါသည်။ ဘုရားသခင်အကြောင်းကိုလည်း ပိုမိုပြည့်စုံစွာကြားနာခဲ့ရပါသည်။ သို့ရာတွင် ဤရူပါရုံ၌ပင် လူသားများအားတရားစီရင်လျက်ရှိပါသည်။ ၎င်းတို့၏စာရိတ္တများသည် စမ်းသပ်စစ်ဆေးမှုခံခဲ့ရပြီး မိမိတို့၏ကံကြမ္မာကိုလည်း မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ကြရပါမည်။

ထိုမျက်မမြင်အား ခန္ဓာကိုယ်စက္ခုအလင်းပေးရန်နှင့် ဝိညာဉ်ရေးအလင်းတရားပေးရန် ပြုတော်မူသည့်တန်ခိုးတော်၏ထင်ရှားမှုသည် ဖာရိရှဲများအားပို၍မှောင်မိုက်သောဝိညာဉ်ရေးအခြေအနေသို့ ကျရောက်စေခဲ့ပါသည်။ ခရစ်တော်၏စကားများသည် မိမိတို့ကိုဆိုလိုသည်ဟုအထင်နှင့် ငါတို့သည်မျက်စိကန်းသလောဟုမေးကြရာ သင်တို့သည်မျက်စိကန်းသည်မှန်လျှင်အပြစ်မရှိဟု ယေရှုဖြေကြားတော်မူ၏။ ဘုရားသခင်သည် သင့်အားသမ္မာတရားကိုမြင်တွေ့ရန် မဖြစ်နိုင်လောက်အောင်ပြုတော်မူခဲ့လျှင် သင်၏မသိနားမလည်မှုတွင် အပြစ်တစ်စုံတစ်ရာမရှိချေ။ "သို့ရာတွင် ငါတို့သည်မျက်စိမြင်သည်ဟု ယခုဆိုကြ၏" သင်တို့သည်မြင်နိုင်စွမ်းရှိသည်ဟု မိမိကိုယ်ကိုမိမိယုံကြည်ကြပြီး၊ အလင်းရနိုင်သည့်တစ်ခုတည်းသောနည်းလမ်းကို ငြင်းပယ်ကြ၏။ ခရစ်တော်သည် ကိုယ့်ကိုကိုယ်မပြည့်စုံကြောင်းသိရှိသူများထံသို့ အနန္တအကူအညီအမအစများကို ပေးကမ်းတော်မူရန်ကြွလာတော်မူခဲ့ပါသည်။ သို့ရာတွင် ဖာရိရှဲများသည် မိမိတို့၏လိုအပ်ချက်တစ်စုံတစ်ရာကိုမျှ ဝန်ခံခြင်းမပြုကြဘဲ ခရစ်တော်ထံသို့လာရန်ငြင်းဆန်ခဲ့ကြပါသည်။ ထို့ကြောင့်မိမိတို့ကိုယ်တိုင်လွန်ကျူးသည့်ဒုစရိုက်များအတွက် သူတို့အားမျက်စိကန်းသည့်အခြေအနေ၌ပင် ဆက်လက်ရှိစေခဲ့ပါသည်။ သို့အတွက် "သင်တို့၌အပြစ်တည်သည်" ဟု ယေရှုရှင်မိန့်တော်မူ၏။

****



# tcef; (52)
# jrwfaomodk;xdef;

ရှင်ယောဟန် ၁၀း၁-၃၀ ကိုအခြေပြုထားပါသည်။

"ငါသည်ကောင်းသောသိုးထိန်းဖြစ်၏။ ---- ငါသည်ကိုယ်အသက်ကိုသိုးတို့အဖို့အလိုငှာစွန့်၏။" "ငါသည်ကောင်းသောသိုးထိန်းဖြစ်၏။----ငါ၏သိုးတို့ကိုငါသိ၏။ ငါ့သိုးတို့သည်လည်း ငါ့ကိုသိကြ၏။ ခမည်းတော်သည်ငါ့ကိုသိတော်မူ၍ ငါသည်လည်းခမည်းတော်ကိုသိသကဲ့သို့ ငါ၏သိုးတို့ကိုငါသိ၏။ ငါသည်ကိုယ်အသက်ကိုသိုးတို့အဖို့အလိုငှာစွန့်၏။"

တစ်ဖန်သခင်ယေရှုသည် ၎င်းတို့နှင့်အကျွမ်းဝင်သောအရာများကိုအသုံးပြု၍ မိမိတရားနာပရိသတ်၏စိတ်နှလုံးသို့ချဉ်းကပ်ရန် နည်းလမ်းကိုရှာဖွေတွေ့ရှိခဲ့ပါသည်။ ဝိညာဉ်တော်၏ဩဇာလွှမ်းမိုးမှုသည် ကြည်လင်အေးမြသောရေကဲ့သို့ဖြစ်ကြောင်းပုံဆောင်၍ ကိုယ်တော်ရှင်မိန့်တော်မူခဲ့ဖူးပါသည်။ မိမိကိုယ်ကိုလောက၏အလင်းအနေဖြင့်သော်လည်းကောင်း၊ အသက်ပေးပိုင်ရှင်အနေဖြင့်သော်လည်းကောင်း၊ သဘာဝတရားနှင့်လူသားများ၏ဝမ်းမြောက်ဖွယ်အနေဖြင့်သော်လည်းကောင်း ရုပ်လုံးဖော်ခဲ့ပြီးဖြစ်ပါသည်။ ယခုတွင် ကိုယ်တော်သည် မိမိနှင့်မိမိအားယုံကြည်သူများအကြားဆက်နွှယ်မှုကို လှပတင့်တယ်သောသိုးထိန်းအသွင်အားဖြင့် ရုပ်လုံးဖော်ထားပြန်ပါသည်။ ထိုတရားနာပရိသတ်အတွက် ထိုရုပ်လုံးဖော်တင်ပြမှုသည် အထိရောက်ဆုံးဖြစ်ပြီး၊ ခရစ်တော်၏စကားများသည် သိုးထိန်းဘဝနှင့်အစဉ်ဆက်နွှယ်နေပါသည်။ သိုးကျောင်းနေသောသိုးထိန်းများကို မြင်တွေ့နေရသည့်တပည့်တော်များသည် ကိုယ်တော်သွန်သင်ခဲ့သည့်သင်ခန်းစာကိုသတိမရဘဲ နေကြမည်မဟုတ်ချေ။ သူတို့သည်သစ္စာရှိသောသိုးထိန်းတိုင်းတွင် ခရစ်တော်အားတွေ့မြင်ကြပါလိမ့်မည်။ ၎င်းပြင် အားကိုးရာမဲ့ပြီး၊ သူတစ်ပါးအားမှီခိုနေရသည့်သိုးများတွင် မိမိတို့ကိုယ်ကိုမိမိတို့တွေ့ကြရပါလိမ့်မည်။

ပုရောဖက်ဟေရှာယသည် ဤပုံဆောင်မှုကို မေရှိယ၏အမှုတော်အတွက်အသုံးပြုလျက် နှစ်သိမ့်စကားပြောထားသည်မှာ “ဇိအုန်တောင်သို့ ဝမ်းမြောက်စရာသတင်းကိုဆောင်ခဲ့သောသူ၊ မြင့်သောတောင်ပေါ်သို့တက်လော့။ ယေရုရှလင်မြို့သို့ဝမ်းမြောက်စရာသတင်းကိုဆောင်ခဲ့သောသူ၊ ကျယ်သောအသံကိုလွှင့်လော့၊ မစိုးရိမ်ဘဲအသံကိုလွှင့်လော့။ သင်တို့၏ဘုရားသခင်ကိုကြည့်ရှုကြဟု ယုဒမြို့ရွာတို့အားပြောလော့။ ကြည့်ရှုလော့။ ကိုယ်တော်သည် မိမိသိုးစုကိုသိုးထိန်းကဲ့သို့ကျွေးမွေးတော်မူမည်။ သိုးသူငယ်တို့ကိုချီ၍ပိုက်ပွေ့တော်မူမည်။” ဟေရှာ ၄၀း၉–၁၁။ “ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည်ဆင်းရဲမခံရ” ဟုလည်းဒါဝိဒ်စပ်ဆိုခဲ့ပါသည်။ ဆာလံ ၂၃း၁–၂။ ထို့အပြင် သန့်ရှင်းသောဝိညာဉ်တော်သည် ယေဇကျေလအားဖြင့် မိန့်တော်မူသည်ကား၊ “သိုးထိန်းတစ်ဦးကိုလည်းငါခန့်ထား၍ သူသည်ကျွေးမွေးလိမ့်မည်။” ”ပျောက်သောသိုးကိုငါရှာမည်၊ သူတစ်ပါးနှင်သောသိုးကိုလိုက်၍ဆောင်ခဲ့မည်၊ အရိုးကျိုးသောသိုးကိုအဝတ်နှင့်စည်းမည်၊ အားနည်းသောသိုးကိုမစမည်။” “သူတို့နှင့်ငြိမ်သက်ခြင်းပဋိညာဉ်ကိုငါဖွဲ့၍ ဆိုးသောသားရဲတို့ကို ထိုပြည်၌ပယ်ဖြတ်မည်” “နောက်တစ်ဖန်တစ်ပါးအမျိုးသားတို့သည် မလုမယူရကြ။ ပြည်သားရဲတို့သည်လည်း ကိုက်၍မစားရကြ။ အဘယ်သူမျှမကြောက်စေဘဲ သူတို့သည်ငြိမ်ဝပ်စွာနေကြရလိမ့်မည်။” ယေဇ ၃၄း၂၃၊ ၁၆၊ ၂၅၊ ၂၈။

ခရစ်တော်သည် ဤအနာဂတ္တိစကားများကို မိမိကိုယ်တိုင်အတွက်အသုံးပြုတော်မူခဲ့ပြီး၊ မိမိနှင့်ယုဒဘာသာရေးခေါင်းဆောင်များအကြားတွင်ရှိနေသောကွဲပြားခြားနားမှုများကို ထင်ရှားစေခဲ့ပါသည်။ ထိုဖာရိရှဲများသည် ယခုတွင်ပင်လူတစ်ယောက်အား ဗိမာန်တော်မှနှင်ထုတ်ခဲ့ကြပါသည်။ အကြောင်းမူကား ထိုသူသည်ခရစ်တော်၏တန်ခိုးတော်အကြောင်းကို ရဲဝံ့စွာသက်သေခံခဲ့သောကြောင့်ဖြစ်ပါသည်။ စစ်မှန်သောသိုးထိန်းကြီးက မိမိတို့ထံသို့ဆွဲယူနေသောအသက်ဝိညာဉ်တစ်လုံးကို သူတို့အဆက်ဖြတ်ခဲ့ကြပါသည်။ ဤလုပ်ရပ်အားဖြင့် မိမိတို့အားအပ်နှင်းထားသောအလုပ်အကြောင်းကို နားမလည်



ကြကြောင်း၊ မိမိတို့သည်သိုးထိန်းများအဖြစ်မထိုက်တန်ကြကြောင်းကို ထင်ရှားစေခဲ့ပါသည်။ ယခုတွင်မူသခင်ယေရှုသည် ကောင်းသောသိုးထိန်းဖြစ်တော်မူသော မိမိနှင့်ထိုသူများအကြားတည်ရှိနေသည့် ခြားနားမှုများကိုဖော်ပြကာ၊ မိမိသည်ဘုရားသခင်၏သိုးများကိုစောင့်ရှောက်နေသော စစ်မှန်သည့်သိုးထိန်းကြီးဖြစ်ကြောင်း ပြညွှန်နေပါသည်။ ထိုကဲ့သို့မိန့်တော်မမူမီတွင် ကိုယ်တော်သည်အခြားပုံဆောင်မှုများကိုအသုံးပြုကာ မိမိအကြောင်းကိုမိန့်မြွက်တော်မူခဲ့ပါသည်။

“ငါအမှန်အကန်ဆိုသည်ကား သိုးခြံထဲသို့တံခါးဝဖြင့်မဝင်။ အခြားလမ်းဖြင့်ကျော်ဝင်သောသူသည်၊ သူခိုး–ဓားပြဖြစ်၏။ သိုးထိန်းမူကား တံခါးဝဖြင့်ဝင်တတ်၏။” ဤစကားများသည် မိမိတို့အားရည်စူးသောစကားများဖြစ်ကြောင်းကို ဖာရိရှဲများမသိရှိကြချေ။ ထိုစကားများ၏အဓိပ္ပါယ်ကို ၎င်းတို့ဆင်ခြင်သုံးသပ်နေကြစဉ်မှာပင် ခရစ်တော်က “ငါသည်တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည် ဘေးနှင့်ကင်းလွတ်လျက်၊ ဝင်ထွက်၍ကျက်စားရာကိုတွေ့ရလိမ့်မည်။ သူခိုးသည်ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှာသာလာတတ်၏။ ငါမူကား သိုးတို့သည်အသက်လွတ်ရုံမျှမက၊ အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှာလာသတည်း” ဟုမိန့်တော်မူ၏။

ခရစ်တော်သည် ဘုရားသခင်၏သိုးခြံအဝင်တံခါးဖြစ်တော်မူ၏။ ဘုရားသခင်၏သားသမီးများသည် ရှေးယခင်မှစ၍ ဤတံခါးဝအားဖြင့်သာအဝင်ပေါက်ကိုတွေ့ခဲ့ကြပါသည်။ သာဓကအားဖြင့်ဖော်ပြချက်များတွင်လည်းကောင်း၊ ပုံဆောင်မှုများတွင်တွေ့ရသောပုံရိပ်များတွင်သော်လည်းကောင်း၊ ပုရောဖက်များ၏ဗျာဒိတ်ရူပါရုံအားဖြင့် ဖော်ပြချက်များတွင်သော်လည်းကောင်း၊ တမန်တော်များအားသွန်သင်ခဲ့သောသင်ခန်းစာများနှင့် လူသားများအတွက်ပြုတော်မူခဲ့သောနိမိတ်လက္ခဏာများတွင်သော်လည်းကောင်း ခရစ်တော်သည် ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ဖြစ်ကြောင်းကိုသူတို့မြင်တွေ့ကြရပြီး၊ ထိုသခင်အားဖြင့် ၎င်းတို့အားကိုယ်တော်၏ကရုဏာသိုးခြံထဲသို့ခေါ်ဆောင်တော်မူခဲ့ပါသည်။ များစွာသောလူများသည် လောကီ

သားများအား ယုံကြည်ခြင်းတိုးပွားလာစေရန်အလို့ငှာ အကြောင်းအခြင်းအရာများစွာတို့ကိုတင်ပြခဲ့ကြပါသည်။ ဖြောင့်မတ်ရာသို့ရောက်၍ ဘုရားသခင်ထံတွင်ငြိမ်သက်ခြင်းကိုရကာ၊ သိုးခြံအတွင်းသို့ဝင်ရန်အလို့ငှာ ဝိနည်းအထုံးအဖွဲ့နှင့် ဝတ်ပြုနည်းဆိုင်ရာနည်းစနစ်များကို လူသားဖန်တီးစီစဉ်ခဲ့ကြပါသည်။ သို့ရာတွင် တစ်ခုတည်းသောတံခါးဝမှာ ခရစ်တော်သာဖြစ်ပါသည်။ ခရစ်တော်၏နေရာတွင် အခြားအရာတစ်ခုကိုအစားထိုးရန်ကြိုးစားသူအားလုံးနှင့် အခြားလမ်းမှသိုးခြံထဲသို့ဝင်သောသူအားလုံးသည် သူခိုး၊ ဓားပြများသာဖြစ်ကြပါသည်။

ဖာရိရှဲများမှာမူ၊ ဤတံခါးဝမှမဝင်ခဲ့ကြချေ။ ခရစ်တော်တည်းဟူသောသိုးခြံတံခါးမှမဝင်ကြဘဲ၊ အခြားလမ်းများမှဝင်ရောက်လာခဲ့ကြသဖြင့် ၎င်းတို့သည်စစ်မှန်သောသိုးထိန်း၏လုပ်ငန်းတာဝန်များကို ပျက်ကွက်ခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများ၊ ကျမ်းတတ်ဆရာများနှင့်ဖာရိရှဲများသည် စိမ်းလန်းသောမြက်ခင်းများကိုဖျက်ဆီးခဲ့ကြပြီး၊ အသက်စမ်းရေကိုလည်းနောက်ကျိညစ်ထည်းစေခဲ့ကြပါသည်။ ဝိညာဉ်တော်ပဲ့ပြင်တော်မူခြင်းအားဖြင့် မှားယွင်းသောသိုးထိန်းများ၏စရိုက်များကို ထိထိမိမိဖော်ပြထားသည်မှာ "အားနည်းသောသိုးကိုမမစကြ။ နာသောသိုးကိုဆေးမကုကြ။ အရိုးကျိုးသောသိုးကိုအဝတ်နှင့်မစည်းကြ။ သူတစ်ပါးနှင်သောသိုးကိုလိုက်၍မဆောင်ခဲ့ကြ။ ပျောက်သောသိုးကိုမရှာကြ။ အနိုင်အထက်ပြု၍ကြမ်းတမ်းစွာစီရင်ကြပြီ" ဟူ၍ဖြစ်၏။ ယေဇကျေလ ၃၄း၄။

ခေတ်အဆက်ဆက်တွင် အတွေးအခေါ်ပညာရှင်များနှင့် ဆရာသမားကြီးများသည် အသက်ဝိညာဉ်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်နည်းလမ်းများကို ကမ္ဘာလောကအားတင်ပြခဲ့ပါသည်။ တစ်ပါးအမျိုးသားတိုင်းပြည်တိုင်း၌ လူသားများအား ခမည်းတော်ဘုရားသခင်ထံမှမျက်နှာလွှဲစေလျက်၊ လူသားများ၏စိတ်နှလုံးတွင် ကောင်းချီးမင်္ဂလာပေးမည့်ကိုယ်တော်အားကြောက်ရွံ့စေလျက်၊ ခရစ်တော်မပါဘဲ ကယ်တင်ခြင်းရနိုင်မည့်နည်းလမ်းများကို တင်ပြခဲ့ကြပါသည်။ ၎င်းတို့၏တိမ်းယိမ်းသောလုပ်ရပ်များသည်





ဖန်ဆင်းခြင်းအားဖြင့်သော်လည်းကောင်း၊ ရွေးယူခြင်းအားဖြင့်သော်လည်းကောင်း၊ ကိုယ်တော်ပိုင်ဆိုင်သည့်အရာများကိုခိုးယူခြင်း၊ လုယူခြင်းသာဖြစ်ပါသည်။ ၎င်းပြင် မှားယွင်းသောထိုဆရာများသည် လူသားများကိုလုယူနေကြပါသည်။ သန်းပေါင်းများစွာသောလူသားများသည် ကြောက်ရွံ့မှုများ၊ လေးလန်ထိုင်းမှိုင်းသောစိတ်မဝင်စားမှုများဖြင့်၊ ဝန်တင်တိရစ္ဆာန်များနှယ်၊ မျှော်လင့်ချက်နှင့်ဝမ်းမြောက်မှုများကင်းမဲ့စွာဖြင့် ပင်ပန်းကြီးစွာရုန်းကန်လှုပ်ရှားလျက်၊ အနာဂတ်တွင်စိုးရွံ့စိတ်များဖြင့် မှားယွင်းသောဘာသာတရား၏အနှောင်အဖွဲ့အောက်တွင် အသက်ရှင်နေကြပါသည်။ ထိုကဲ့သို့သောအသက်ဝိညာဉ်များအား မြှောက်တင်နိုင်သောတစ်ခုတည်းသောအရာမှာ ဘုရားသခင်၏ကရုဏာတော်နှင့်ဆိုင်သည့် ဧဝံဂေလိတရားတော်ပင်ဖြစ်ပါသည်။ သားတော်၌ထင်ရှားလျက်ရှိသော ဘုရားသခင်၏မေတ္တာတော်ကို စေ့စေ့ကြည့်ရှုဆင်ခြင်ခြင်းသည် အခြားမည်သည့်အရာကမျှမစွမ်းဆောင်နိုင်သည့် စိတ်နှလုံးလှုပ်ရှားမှုများနှင့် အသက်ဝိညာဉ်၏တန်ခိုးထကြွမှုများကိုဖြစ်ပေါ်စေပါသည်။ လူသားများတွင်ဘုရားသခင်၏သဏ္ဌာန်တော်ကို ပြန်လည်ဖန်ဆင်းနိုင်စေရန်အလို့ငှာ၊ ခရစ်တော်သည် ဤကမ္ဘာသို့ကြွလာခဲ့ပါသည်။ မည်သူမဆို လူသားများအားခရစ်တော်ထံမှဝေးကွာစေသောသူသည် ထိုလူသားများအား စစ်မှန်သောဖွံ့ဖြိုးမှုဖြစ်ပေါ်စေသည့်နေရာမှ ဝေးကွာစေခြင်းသာဖြစ်ပါသည်။ ထိုသူသည် ၎င်းတို့ရထိုက်သောမျှော်လင့်ချက်၊ ရည်မှန်းချက်နှင့် အသက်တာ၏ဘုန်းအသရေများကို ၎င်းတို့အားမပေးဘဲထားခြင်းသာဖြစ်ပါသည်။ ထိုသူသည်သူခိုး၊ ဓားပြတစ်ယောက်သာဖြစ်ပါသည်။

"သိုးထိန်းမူကားတံခါးဝဖြင့်ဝင်တတ်၏" ခရစ်တော်သည်တံခါးဝဖြစ်၍ သိုးထိန်းလည်းဖြစ်တော်မူ၏။ ကိုယ်တော်သည် မိမိအလိုတော်အတိုင်းသိုးခြံတံခါးဝမှဝင်တော်မူ၏။ ၎င်းပြင် မိမိ၏ဆက်ကပ်ပူဇော်ခြင်းအားဖြင့်သိုးထိန်းဖြစ်လာတော်မူခဲ့ပါသည်။ "ထိုသူအားတံခါးစောင့်လည်းဖွင့်တတ်၏။ သူ၏စကားသံကို သိုးတို့သည်နားထောင်တတ်ကြ၏။ သူသည်မိမိသိုးတို့ကိုနာမည်ဖြင့်ခေါ်၍ ပြင်သို့ထုတ်ဆောင်တတ်၏။ သိုးများကိုထုတ်သောအခါ

သိုးတို့ရှေ့မှာသွား၍ သိုးများသည်သူ၏စကားသံကိုကျွမ်းသောကြောင့်လိုက် တတ်ကြ၏။”

ဖန်ဆင်းခြင်းခံရသောသတ္တဝါအားလုံးတို့တွင် သိုးသတ္တဝါသည် ခွန်အားနည်း၍ အကြောက်တတ်ဆုံးသောသတ္တဝါဖြစ်ပါသည်။ ထို့ကြောင့် အရှေ့နိုင်ငံများမှသိုးထိန်းများသည် မိမိတို့၏သိုးများကိုမမောမပန်းတမ်း၊ မနားမနေစောင့်ရှောက်ကြရပါသည်။ ရှေးခေတ်အချိန်များ၌လည်း ယခုခေတ်အခါမှာကဲ့သို့ပင် မြို့တံတိုင်းများ၏အပြင်သို့ထွက်သွားလျှင် လုံခြုံမှုနည်းပါးလာပါသည်။ နယ်ခြားဒေသများတွင်လှည့်လည်သွားလာနေကြသော လုယက်တိုက်ခိုက်သူများသည်လည်းကောင်း၊ ကျောက်ဆောင်များတွင်ကိန်းအောင်း၍ ချောင်းမြောင်းနေသောတောသားရဲများသည်လည်းကောင်း သိုးစုများကိုတိုက်ခိုက်သတ်ဖြတ်ရန်စောင့်စားနေကြပါသည်။ သိုးထိန်းသည် မိမိအသက်ကိုအန္တရာယ်ပြုနိုင်ကြောင်းသိလျက်နှင့်၊ မိမိ၏လုပ်ဆောင်ရမည့်တာဝန်များကိုကျေပွန်စွာထမ်းဆောင်ခဲ့ပါသည်။ ခါရန်ဒေသတွင် လာဗန်၏သိုးများကိုထိန်းကျောင်းခဲ့ရသည့်ယာကုပ်က ၎င်း၏ပင်ပန်းနွမ်းလျဖွယ်သောသိုးထိန်းအလုပ်နှင့်ပတ်သက်၍ ဖွင့်ဆိုထားသည်မှာ “နေ့အချိန်၌လည်းနေပူကိုလည်းကောင်း၊ ညအချိန်၌လည်းနှင်းခဲကိုလည်းကောင်း ခံရပြီ။ အအိပ်ပျက်ခြင်းကိုလည်းခံရပြီ” ဟူ၍ဖြစ်၏။ ကမ္ဘာ ၃၁း၄၀။ ဒါဝိဒ်သည်လည်း မိမိဖခင်၏သိုးများကိုလည်းထိန်းကျောင်းစဉ်၊ ခြင်္သေ့များနှင့်ဝက်ဝံများကိုရင်ဆိုင်ခဲ့ရပြီး၊ ၎င်းတို့၏ပါးစပ်ထဲတွင်ရောက်နေသောသိုးများကို ပြန်လည်ကယ်ဆယ်ခဲ့ရပါသည်။ သိုးထိန်းသည် မိမိ၏သိုးများကို လျှိုမြောင်တောတောင်များကိုဖြတ်ကျော်၍ စိမ်းလန်းသောမြစ်ကမ်းနားရှိ၊ စားကျက်မြေသို့ကျောက်ပေါများသည့်တောင်ကုန်းများအတိုင်း လမ်းပြပို့ဆောင်ခြင်းအားဖြင့်သော်လည်းကောင်း၊ တောင်ကုန်းများပေါ်ဝယ် တစ်ညလုံးသူခိုးများဘေးမှကာကွယ်လျက်၊ နာမကျန်း၍အားနည်းနေသောသိုးကလေးများကို ယုယစွာပြုစုခြင်းအားဖြင့်သော်လည်းကောင်း သိုးထိန်း၏အသက်တာသည် သိုးကလေးများ၏အသက်တာနှင့် တစ်လုံးတစ်ဝတည်းဖြစ်လာခဲ့ပါသည်။ သို့နှင့်ပင်၊ မိမိ၏သိုးများအပေါ် ခိုင်မာနူးညံ့သော



သံယောဇဉ်နှောင်ကြိုးများရစ်ပတ်လာခဲ့ပါသည်။ သိုးစုသည်မည်မျှပင်ကြီးမားစေကာမူ သိုးထိန်းသည် မိမိ၏သိုးတိုင်းကိုသိကျွမ်းပါသည်။ သိုးကလေးတိုင်းတွင်နာမည်ရှိထားပြီး၊ ၎င်းတို့၏နာမည်များကို သိုးထိန်းကခေါ်လိုက်သည့်အခါတိုင်း ၎င်းတို့ကတုံ့ပြန်မှုပေးကြပါသည်။

လောကသိုးထိန်းများသည် မိမိသိုးများကိုသိကျွမ်းကြသည့်နည်းတူ၊ မြတ်သောသိုးထိန်းကြီးကလည်း ကမ္ဘာအရပ်ရပ်တွင်ကွဲလွင့်နေသောမိမိ၏သိုးစုတို့ကို သိကျွမ်းတော်မူပါသည်။ “ငါ၏ကျက်စားရာအရပ်၌ရှိသောငါ့သိုးတို့၊ သင်တို့သည်ငါ၏လူဖြစ်ကြ၏။ ငါသည်လည်းသင်တို့၏ဘုရားသခင်ဖြစ်သည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။” “သင့်ကိုငါ့နာမဖြင့်မှည့်ပြီ” “ငါသည်ကိုယ်လက်ဝါး၌သင့်ကိုစာထိုးပြီ။” ယေဇကျေ ၃၄း၃၁၊ ဟေရှာ ၄၃း၁၊ ၄၉း၁၆။

သခင်ယေရှုသည် ကျွန်ုပ်တို့ကိုတစ်ဦးချင်းအလိုက်သိကျွမ်းတော်မူပါသည်။ ကျွန်ုပ်တို့၏ချွတ်ယွင်းချက်ကိုလည်း သိရှိထားတော်မူပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏နာမည်များကိုလည်း သိရှိတော်မူပါသည်။ ကျွန်ုပ်တို့နေထိုင်သောနေရာများနှင့် လုပ်ကိုင်သောအလုပ်အကိုင်များကိုလည်း သိရှိတော်မူပါသည်။ ကိုယ်တော်သည် ဤမည်သောမြို့၊ ဤမည်သောလမ်းရှိ၊ ဤမည်သောအိမ်တွင်နေထိုင်သည့် ဤမည်သောမိမိ၏သိုးတစ်ကောင်ကိုသွားရောက်ရှာဖွေရန် မိမိ၏အစေခံကျွန်များအား ရံဖန်ရံခါညွှန်ကြားတော်မူတတ်ပါသည်။

အသက်ဝိညာဉ်တစ်လုံးတည်းအတွက် ခရစ်တော်အသေခံသည့်နှယ်၊ သခင်ယေရှုသည် အသက်ဝိညာဉ်တိုင်းကိုကောင်းမွန်စွာသိကျွမ်းတော်မူပါသည်။ လူတိုင်းခံစားနေရသည့်ပူပန်သောကများသည် ကိုယ်တော်ရှင်၏နှလုံးသားကိုနာကျင်စေပါသည်။ အော်ဟစ်တောင်းလျှောက်သံများကိုလည်း ကိုယ်တော်ကြားတော်မူပါသည်။ ကိုယ်တော်သည်လူအပေါင်းတို့အား မိမိထံတော်သို့ဆွဲယူတော်မူရန် ကြွလာတော်မူခဲ့ပါသည်။ ငါ့နောက်သို့လိုက်လော့ဟု ကိုယ်တော်မိန့်တော်မူနေပြီး၊ မိန့်တော်မူသည့်အတိုင်း ကိုယ်တော်ထံသို့ချဉ်းကပ်နိုင်ရန်

သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့၏စိတ်နှလုံးထဲတွင် လှုပ်ရှားတော်မူပါသည်။ သို့ရာတွင် လူများစွာတို့သည် ကိုယ်တော်ရှင်၏ဆွဲယူတော်မူခြင်းကို ငြင်းပယ်နေကြပါသည်။ ထိုသူများသည် မည်သူများဖြစ်ကြောင်းကိုလည်းကောင်း၊ မည်သူသည်မိမိ၏ခေါ်တော်မူသံကို ဝမ်းမြောက်ရွှင်လန်းစွာနားထောင်၍ ကိုယ်တော်၏စောင့်ရှောက်မှုအောက်တွင် လာရောက်ခိုနားရန်အဆင်သင့်ရှိကြောင်းကိုလည်းကောင်း ကိုယ်တော်သိရှိတော်မူပါသည်။ "ငါ့သိုးတို့သည် ငါ၏စကားသံကိုနားထောင်တတ်ကြ၏။ ငါသည်သူတို့ကိုသိကျွမ်း၍ သူတို့သည်ငါ့နောက်သို့လိုက်ကြ၏" ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ယေရှုသည်လူတိုင်းအား ကမ္ဘာပေါ်တွင်တစ်ဦးတည်းသာရှိသောလူသားကဲ့သို့ ဂရုစိုက်စောင့်ရှောက်တော်မူပါသည်။

"သူသည်မိမိသိုးတို့ကိုနာမည်ဖြင့်ခေါ်၍ ပြင်သို့ထုတ်ဆောင်တတ်၏–––သိုးတို့ရှေ့မှာသွား၍သိုးများသည် သူ၏စကားသံကိုကျွမ်းသောကြောင့် လိုက်တတ်၏။" အရှေ့တိုင်းမှသိုးထိန်းများသည် သိုးများကိုအတင်းအကျပ်ခြောက်လှန့်ပြီး၊ သိုးအုပ်နောက်မှမောင်းနှင်ကာ သိုးကျောင်းခြင်းမဟုတ်ဘဲ၊ ရှေ့မှနေ၍ခေါ်ငင်ကာ ထိန်းကျောင်းတတ်ကြပါသည်။ သိုးများသည် သူ၏အသံကိုသိ၍ခေါ်ရာသို့လိုက်တတ်၏။ ထိုနည်းတူကယ်တင်ရှင်သိုးထိန်းကြီးသည်လည်း မိမိသိုးများကိုပြုမူဆက်ဆံတော်မူပါသည်။ ကျမ်းစာလာသည်ကား၊ မောရှေနှင့်အာရုန်တို့လက်ဖြင့် ကိုယ်တော်၏လူများတို့ကို သိုးစုကဲ့သို့ပို့ဆောင်တော်မူ၏ဟူ၍ဖြစ်၏။ ဆာလံ ၇၇း၂၀။ ခရစ်တော်သည် ပရောဖက်တစ်ပါးအားဖြင့်မိန့်တော်မူသည်ကား၊ "အကယ်စင်စစ် ထာဝရမေတ္တာနှင့်သင့်ကိုငါချစ်၏။ ထို့ကြောင့် ကရုဏာကျေးဇူးကိုသင်၌ကြာမြင့်စွာပြ၏။" ယေ ၃၁း၃။ နောက်တော်သို့လိုက်လာသည့်မည်သူကိုမဆို ကိုယ်တော်ဟန့်တားတော်မမူဘဲ "မေတ္တာကြိုးနှင့်ငါဆွဲငင်၏" ဟုမိန့်တော်မူ၏။ ဟောရှေ ၁၁း၄။

ခရစ်တော်၏တပည့်တော်များသည် ထာဝရခံစားရမည့်အကျိုးအပြစ်ကြောင့် ကိုယ်တော်နောက်သို့လိုက်ခဲ့ကြခြင်းမဟုတ်ချေ။ ဗက်လင်မြို့ရှိနွားစားခွက်မှ ကရာနီကပ်တိုင်အထိ ကိုယ်တော်၏လောကအသက်တာတစ်ခုလုံး



တွင်ဖော်ပြခဲ့သည့် အတုမရှိသောမေတ္တာတော်ကိုမြင်တွေ့ခဲ့ကြရပြီး ထိုမြင်ကွင်းသည် ၎င်းတို့အားဆွဲဆောင်ကာ စိတ်နှလုံးများကိုနူးညံ့ပျော့ပျောင်းစေခဲ့ပါသည်။ တွေ့မြင်ရသူများ၏စိတ်နှလုံးတွင် မေတ္တာတရားများနိုးကြားလာပါသည်။ ထိုနောက်ကိုယ်တော်၏အသံတော်ကိုကြားသောအခါ သူတို့သည် ကိုယ်တော်နောက်သို့လိုက်ခဲ့ကြပါသည်။

သိုးထိန်းသည် သိုးစု၏ရှေ့မှသွားပြီး လမ်းခရီးတွင်တွေ့ကြုံရမည့်အန္တရာယ်များကို ရှေးဦးစွာရင်ဆိုင်တတ်သကဲ့သို့ သခင်ယေရှုသည်လည်း ထိုနည်းအတူ မိမိလူများအတွက်ပြုတော်မူခဲ့ပါသည်။ "သိုးများကိုထုတ်သောအခါသိုးတို့ရှေ့မှာသွား၏" ကောင်းကင်နိုင်ငံတော်သို့သွားသောလမ်းကို ခရစ်တော်၏ခြေရာတော်များဖြင့်ပြင်ဆင်တော်မူထားပါသည်။ ထိုလမ်းခရီးသည် မတ်စောက်၍ ကြမ်းတမ်းကောင်းကြမ်းတမ်းမည်ဖြစ်သော်လည်း ထိုလမ်းကို ခရစ်တော်ကိုယ်တိုင်လျှောက်ခဲ့ဖူးလေပြီ။ ကျွန်ုပ်တို့အလွယ်တကူလျှောက်လှမ်းနိုင်ရန်အလို့ငှာ ကိုယ်တော်၏ဖဝါးတော်များသည် အဆိပ်ပြင်းသောဆူးများကို နင်းချေတော်မူခဲ့ပေပြီ။ ထို့ပြင် ကျွန်ုပ်တို့ထမ်းရွက်ရန်မိန့်မှာထားတော်မူသည့်ဝန်များကိုလည်း ကိုယ်တော်တိုင်ထမ်းခဲ့ဖူးလေပြီ။

ယခုအချိန်တွင် ကိုယ်တော်သည် ထာဝရဘုရားသခင်၏ရှေ့တော်မှောက်သို့တက်ကြွသွားတော်မူပြီး၊ အဖဘုရားသခင်နှင့်အတူ ရာဇပလ္လင်ပေါ်တွင်စိုးစံတော်မူနေသော်လည်း၊ ကရုဏာတော်နှင့်ပြည့်ဝသော မိမိ၏မည်သည့်သဘာဝကိုမျှလက်လွှတ်ဆုံးရှုံးခံတော်မမူပါ။ နူးညံ့သိမ်မွေ့၍သနားခြင်းကရုဏာနှင့်ပြည့်ဝတော်မူသော ကိုယ်တော်၏စိတ်နှလုံးတော်သည် လူသားအားလုံးကိုဖွင့်ဟကြိုဆိုလျက်ရှိပါသည်။ ယနေ့တွင် ထိုးဖောက်ခြင်းခံရသောထိုလက်တော်သည် ကမ္ဘာပေါ်တွင်နေထိုင်လျက်ရှိကြသော မိမိ၏လူများအားကြွယ်ဝသောကောင်းချီးမင်္ဂလာများကို ချပေးရန်လက်ကမ်းလျက်ရှိနေပါသည်။ "ထိုသိုးတို့သည် ပျက်စီးခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှထိုသိုးတို့ကို ငါ့လက်မှမနုတ်မယူရာ။"

မိမိကိုယ်ကိုခရစ်တော်အား ဆက်ကပ်အပ်နှံထားသောဝိညာဉ်တစ်လုံးသည် ကိုယ်တော်၏မျက်မှောက်တွင် လောကကမ္ဘာတစ်ခုလုံးထက် ပို၍အဖိုး

ထိုက်တန်ပါသည်။ ဝိညာဉ်တစ်လုံးကယ်တင်ခြင်းရမည်ဆိုလျှင်ပင်၊ ထိုဝိညာဉ်တစ်လုံးအတွက် ခရစ်တော်သည် ကရာနီ၏ဒုက္ခဆင်းရဲခြင်းများကို ခံယူခဲ့ပါလိမ့်မည်။ ကိုယ်တော်သည် မိမိအသွေးတော်နှင့်ဝယ်ယူခဲ့သည့် မည်သည့်ဝိညာဉ်တစ်လုံးကိုမျှစွန့်ပစ်တော်မူလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်အားစွန့်ခွာရန်မရွေးချယ်သောသားသမီးများ မြဲမြဲစွာစောင့်ရှောက်တော်မူလိမ့်မည်။

စမ်းသပ်စစ်ဆေးမှုတစ်လျှောက်တွင် ကျွန်ုပ်တို့၌လက်မနေးသောမစအရှင်တစ်ပါးရှိပါသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့အား အကူအညီမဲ့အခြေအနေမျိုးဖြင့် စုံးစမ်းနှောင့်ယှက်ခြင်းများတွင်ရုန်းကန်ရန်၊ ဒုစရိုက်များကိုတွန်းလှန်ရန်နှင့် နောက်ဆုံးတွင်ဝမ်းနည်းပူဆွေးမှုများကိုခံစားကြစေရန် စွန့်ပစ်ထားတော်မမူပါ။ သေမျိုးဖြစ်သောလူသားများ၏မျက်စိများဖြင့် ယခုအခါတွင် ကိုယ်တော်အားမမြင်တွေ့နိုင်သော်လည်း၊ မကြောက်နှင့်၊ သင်တို့နှင့်ငါအတူရှိတော်မူ၏။ ငါသည်အသက်ရှင်သောသူလည်းဖြစ်၏၊ ငါသည်အလျင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက်အသက်နှင့်ပြည့်စုံ၏ဟူ၍ မိန့်မြွက်နေသောကိုယ်တော်၏အသံတော်ကို ယုံကြည်ခြင်းနားများဖြင့်ကြားနိုင်ကြပါသည်။ ဗျာဒိတ် ၁း၁၈။ ငါသည်သင်ခံစားနေရသောဝမ်းနည်းမှုများ၊ သင်တွေ့ကြုံနေရသောရုန်းကန်မှုများနှင့် သင်ရင်ဆိုင်နေရသည့်စုံစမ်းနှောင့်ယှက်ခြင်းများကို တွေ့ကြုံခံစားပြီးခဲ့ချေပြီ။ သင့်မျက်စိမှကျလျက်ရှိသောမျက်ရည်များကိုလည်း ငါမြင်တော်မူပါသည်။ ငါကိုယ်တိုင်လည်းငိုခဲ့ရပြီးချေပြီ။ အခြားလူသားများမကြားနိုင်လောက်အောင်နက်ရှိုင်းသည့် သင်၏ငိုရှိုက်သံများကိုလည်း ငါကြားပါသည်။ သင့်ကိုစွန့်ပစ်ထားသည်ဟုမထင်ပါနှင့်။ သင်၏နာကျင်မှုဝေဒနာအတွက် ကမ္ဘာပေါ်ရှိလူသားများကမတုံ့ပြန်ကြသော်လည်း ငါ့ကိုကြည့်၍အသက်ရှင်ပါ။ “တောင်ကြီးတို့သည်ရွေ့၍ တောင်ငယ်တို့သည်လှုပ်ရှားသော်လည်း ငါ၏မေတ္တာသည်သင်မှမရွေ့ရ၊ ငါ၏ငြိမ်သက်ခြင်းပဋိညာဉ်လည်းမလှုပ်ရှားရဟု သင်၌သနားခြင်းကရုဏာစိတ်ရှိတော်မူသော ထာဝရဘုရားမိန့်တော်မူ၏။” ဟေရှာ ၅၄း၁၀။

သိုးထိန်းတစ်ဦးသည် ၎င်း၏သိုးစုကိုဤမျှလောက်ချစ်သည်မှန်လျှင် ထိုထက်မကသောမေတ္တာဖြင့် မိမိ၏သားသမီးများကိုလည်း ထိုသိုးထိန်းချစ်



ပေ၏။ သခင်ယေရှုသည် ကျွန်ုပ်တို့၏သိုးထိန်းကြီးဖြစ်သည်သာမက၊ ကျွန်ုပ်တို့၏ထာဝရအသက်ရှင်တော်မူသော ခမည်းတော်လည်းဖြစ်တော်မူ၏။ “ခမည်းတော်သည်ငါ့ကိုသိတော်မူ၍ ငါသည်လည်းခမည်းတော်ကိုသိသကဲ့သို့ ငါ၏သိုးတို့ကိုငါသိ၏။ ငါ့သိုးတို့သည်လည်းငါ့ကိုသိကြ၏” ဟုထပ်လောင်း၍ကိုယ်တော်မိန့်တော်မူပါသည်။ ယော ၁၀း၁၄၊၁၅။ ခရစ်တော်နှင့်ကမ္ဘာပေါ်တွင်ရှိကြသော ကိုယ်တော်၏သားသမီးများအကြား ဆက်နွယ်မှုကိုရုပ်လုံးဖော်ရန် တစ်ပါးတည်းရှိတော်မူသော သားတော်တည်းဟူသော ခမည်းတော်၏ရင်ခွင်၌စိုးစံတော်မူသော၊ ငါ၏အပေါင်းအဖော်ဖြစ်သောသူဟု ဘုရားသခင်မိန့်တော်မူခြင်းခံရသော ခရစ်တော်နှင့်ထာဝရဘုရားသခင်အကြား ဆက်နွယ်မှုကိုဖော်ပြချက်တစ်ရပ်တွင် အသုံးပြုထားပါသည်။

ကျွန်ုပ်တို့သည် အဖခမည်းတော်ပေးသနားတော်မူသည့် ဆုလက်ဆောင်များဖြစ်ကြပြီး၊ ကိုယ်တော်၏ဖန်ဆင်းခြင်းဆိုင်ရာဆုလာဘ်များဖြစ်ကြသောကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့အားချစ်တော်မူပါသည်။ သားသမီးအရင်းကဲ့သို့ ချစ်မြတ်နိုးတော်မူပါသည်။ စာဖတ်နေသည့်ချစ်မိတ်ဆွေခင်ဗျား၊ သင့်ကိုခရစ်တော်ချစ်တော်မူပါသည်။ ကောင်းကင်နိုင်ငံတော်သည် ထိုထက်ကြီးမားကောင်းမြတ်သည့်မေတ္တာကို ပေးသနားခြင်းငှာမစွမ်းနိုင်ပါတော့ချေ။ ထို့ကြောင့် ကိုယ်တော်ကိုယုံကြည်ပါမိတ်ဆွေ။

သခင်ယေရှုသည် မှားယွင်းသောသိုးထိန်းများ၏လမ်းပြပို့ဆောင်မှုကိုခံနေကြရသော ကမ္ဘာအနှံ့ရှိအသက်ဝိညာဉ်များကို စိတ်မျက်စိတွင်မြင်ယောင်တော်မူလျက်ရှိပါသည်။ ကျက်စားရာအရပ်တွင် မိမိစုရုံးလိုသောသိုးများသည် ဝံပုလွေများအလယ်၌ကွဲလွင့်လျက်ရှိနေကြသည်ကိုမြင်တော်မူလျှင် “ဤသိုးခြံသို့မဝင်သောအခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကိုငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကိုနားထောင်သဖြင့် သိုးခြံတစ်ခု၊ သိုးထိန်းတစ်ပါးတည်းရှိရလိမ့်မည်” ဟုမိန့်တော်မူ၏။ ယော ၁၀း၁၆။

“ငါသည်ကိုယ်အသက်ကိုစွန့်၍ နောက်တစ်ဖန်ယူဦးမည်ဖြစ်သောကြောင့် ငါ့ခမည်းတော်သည်ငါ့ကိုချစ်တော်မူ၏။” အဓိပ္ပါယ်မှာ၊ ငါ့ခမည်း

တော်သည် သင့်ကိုအလွန်ချစ်တော်မူသဖြင့် သင့်ကိုကယ်တင်ဖို့၊ ငါ့အသက်ကိုစွန့်လွှတ်ရန်ကိုပင် နှစ်သက်တော်မူ၏။ ငါသည်ကိုယ်အသက်ကိုပေးခြင်းအားဖြင့်သော်လည်းကောင်း၊ သင်ပေးဆပ်ရမည့်အရာနှင့် သင်၏လွန်ကျူးခြင်းများကို ငါယူတင်ဝတ်ဆောင်ခြင်းအားဖြင့်သော်လည်းကောင်း ငါသည်သင့်ကိုယ်စားဒုက္ခခံမည့်သူဖြစ်လာခြင်းအားဖြင့် ငါ၏အဖဘုရားသခင်၏နှစ်သက်မြတ်နိုးမှုကိုခံယူလျက်ရှိသည်ဟူ၍ဖြစ်၏။

“ငါသည်ကိုယ်အသက်ကိုစွန့်၍နောက်တစ်ဖန်ယူဦးမည်။––ငါ့အသက်ကိုအဘယ်သူမျှမလုမယူ၊ ကိုယ်အလိုအလျောက်ငါစွန့်၏။ ကိုယ်အသက်ကိုစွန့်ရသောအခွင့်နှင့် နောက်တစ်ဖန်ကိုယ်အသက်ကိုယူပြန်ရသောအခွင့်သည် ငါ၌ရှိ၏။” ကိုယ်တော်သည် လူသားမိသားစုဝင်တစ်ဦးအနေဖြင့် သေမျိုးတစ်ယောက်ဖြစ်နေသော်လည်း ဘုရားတစ်ဆူကဲ့သို့ပင် လောကီသားများအတွက် အသက်စမ်းရေဖြစ်တော်မူဆဲဖြစ်ပါသည်။ သေမင်း၏အရိပ်လွှမ်းမိုးမှုကိုငြင်းဆန်မည်ဆိုလျှင် ငြင်းဆန်နိုင်ပါသော်လည်း၊ အလင်းတော်သို့ထာဝရတည်ရှိခြင်းနှင့် ထာဝရအသက်ကိုယူဆောင်လာနိုင်စေရန်အလို့ငှာ မိမိအသက်ကိုမိမိအလိုတော်အတိုင်း စွန့်တော်မူခဲ့ပါသည်။ လူသားများအား ထာဝရသေခြင်းမှလွတ်ကင်းစေရန်အလို့ငှာ ယဇ်ကောင်တစ်ကောင်ကဲ့သို့ မိမိအသက်တော်ကိုစွန့်လွှတ်ကာ လောကီသားများ၏အပြစ်များကိုယူတင်ဝတ်ဆောင်ပြီး၊ အပြစ်၏ကြိမ်ဒဏ်များကိုခံယူတော်မူခဲ့ပါသည်။ “ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက် ကိုယ်လမ်းသို့အသီးသီးလိုက်သွားကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကိုသူ့အပေါ်၌တင်တော်မူ၏” ဟေရှာ ၅၃း၄–၆။

****



## tcef; (53)

## *gvdvJbokYaeuufqHk;oD;pOf

ရှင်လုကာ ၉း၅၁–၅၆။ ၁၀း၁–၂၄ တို့ကိုအခြေပြုထားပါသည်။

ကိုယ်တော်၏လောကအမှုတော်လုပ်ငန်းပြီးဆုံးရန် အချိန်နီးကပ်လာသည်နှင့်အမျှ ကိုယ်တော်၏အမှုတော်ဆောင်ရွက်ပုံဆောင်ရွက်နည်းများလည်းပြောင်းလဲမှုရှိလာခဲ့ပါသည်။ ကိုယ်တော်သည် လူအများလှုပ်လှုပ်ရှားရှားဖြစ်မသွားစေဖို့နှင့် ဟိုးလေးတကျော်ဖြစ်မသွားစေဖို့ ကြိုးစား၍ရှောင်ရှားတော်မူခဲ့ပါသည်။ လူအများ၏ဂါရဝပြုခြင်းကို လက်ခံတော်မမူခဲ့ဘဲ၊ ထိန်းမနိုင်သိမ်းမရသည့်အခြေအနေမျိုးဖြစ်ပေါ်လာနိုင်သော မိမိအပေါ်ချစ်ခင်ဆည်းကပ်မှုပြင်းထန်သည့်အခြေအနေမျိုးကိုတွေ့ရသောအခါတွင်၊ တစ်နေရာမှတစ်နေရာသို့ လျင်မြန်စွာပြောင်းရွှေ့သွားတော်မူတတ်ပါသည်။ မိမိအားမေရှိယဖြစ်ကြောင်း မကြေညာရန်ကိုလည်း ထပ်ခါတလဲလဲကိုယ်တော်တားမြစ်တော်မူခဲ့ပါသည်။

သကေနေပွဲတော်အချိန်တွင် ကိုယ်တော်သည်ယေရုရှလင်မြို့သို့သုတ်သီးသုတ်ပျာဖြင့် အခြားသူများမသိအောင် တိုးတိုးတိတ်တိတ်ကြွလာတော်မူခဲ့ရပါသည်။ ကိုယ်တော်၏ညီအစ်ကိုများက ကိုယ်တော်အားမေရှိယဖြစ်ကြောင်း လူသိရှင်ကြားကြေညာရန်တိုက်တွန်းကြသောအခါ၊ ငါ့အချိန်မရောက်သေးဟု ဖြေကြားတော်မူခဲ့ပါသည်။ ယောဟန် ၇း၆။ ကိုယ်တော်သည် ယေရုရှလင်မြို့သို့ အခြားလူများဂရုမစိုက်သည့်လမ်းမှသွားတော်မူခဲ့ပြီး၊ လူသိမခံဘဲမြို့ထဲသို့ဝင်ခဲ့ကာ၊ လူထုကြီး၏ဂုဏ်ပြုကြိုဆိုခြင်းများကိုလည်း မခံမယူခဲ့ချေ။ သို့ရာတွင် ယခုနောက်ဆုံးခရီးစဉ်တွင်မူ ထိုကဲ့သို့မဟုတ်ပါချေ။ ကိုယ်တော်သည် ဖာရိရှဲများ၏ရန်ငြိုးဖွဲ့မှုကြောင့် အခိုက်အတန့်အားဖြင့် ယေရုရှလင်မြို့ကိုစွန့်ခွာခဲ့ရသော်လည်း၊ ယခုအခါတွင်မူ၊ လူသိရှင်ကြားကြေညာ၍ ထိုမြို့သို့ခရီးဆန့်တော်မူခဲ့ပါသည်။ မိမိသွားနေကျလမ်းကိုအသုံးပြုလျက်၊

ကြွလာခြင်းကိုကြိုတင်ကြေညာစေလျက်၊ ကြွချီတော်မူခဲ့ပါသည်။ ယခင်က ထိုကဲ့သို့တစ်ခါမျှမလုပ်ခဲ့ဖူးချေ။ မိမိကိုယ်ကိုပူဇော်သကာပြုခြင်းမြင်ကွင်းသည် နီးကပ်နေပြီဖြစ်သည့်အတွက် လူအများအားထိုမြင်ကွင်းကိုအာရုံစိုက်လာစေရန် လမ်းညွှန်ပေးတော်မူရမည်ဖြစ်ပါသည်။

"မောရှေသည် တောဥ္စမြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။" ယောဟန် ၃း၁၄။ ခပ်သိမ်းသောဣသရေလများသည် အနာပျောက်ကင်းစေနိုင်သော မြှောက်ထားခြင်းခံရသည့်မြွေရုပ်ကိုကြည့်ကြရန်ညွှန်ကြားခြင်းခံခဲ့ရသကဲ့သို့ အပြစ်တွင်ကျဆုံးလျက်ရှိသော လောကီသားအပေါင်းတို့သည် ကယ်တင်ခြင်းရစိမ့်သောငှာ၊ အပူဇော်ခံရသည့် ခရစ်တော်အားကြည့်ကြရမည်ဖြစ်ပါသည်။

ကိုယ်တော်၏ညီအစ်ကိုများသည် မေရှိယ၏အမှုတော်အပေါ် ထားရှိသည့်မှားယွင်းသောထင်မြင်ယူဆချက်များနှင့် ခရစ်တော်၏စာရိတ္တအပေါ် ယုံကြည်မှုနည်းပါးမှုကြောင့် ကိုယ်တော်အားသကေနေပွဲတွင် လူပုံအလယ်၌ မိမိကိုယ်ကိုမေရှိယဖြစ်ကြောင်း ကြေညာရန်တိုက်တွန်းခဲ့ကြခြင်းဖြစ်ပါသည်။ ယခုတွင် ထိုစိတ်ထားမျိုးနှင့်ဆက်နွှယ်နေသောစိတ်ထားမျိုးဖြင့် တမန်တော်များသည် ကိုယ်တော်အားယေရုရှလင်မြို့သို့မသွားရန် တားမြစ်နေကြပါသည်။ ယေရုရှလင်မြို့တွင် ကိုယ်တော်ရှင်တွေ့ကြုံရမည့်အန္တရာယ်များအကြောင်းနှင့် ပတ်သက်၍ ကိုယ်တော်မိန့်တော်မူခဲ့သမျှကို သူတို့ပြန်လည်သတိရခဲ့ကြပါသည်။ ယုဒဘာသာရေးခေါင်းဆောင်များ၏ပြင်းထန်သောရန်လိုမှုများကိုလည်း သူတို့သိရှိထားပါသည်။ ထို့ကြောင့် ၎င်းတို့၏သခင်အား ထိုနေရာသို့မသွားရန် သူတို့မရမကဖျောင်းဖျခဲ့ကြပါသည်။

ချစ်သောတပည့်တော်များ၏ကြောက်ရွံ့မှုများ၊ စိတ်ပျက်အားငယ်မှုများနှင့်မယုံကြည်မှုများကိုဆန့်ကျင်၍ ယေရုရှလင်မြို့သို့သွားရမည့်အရေးသည် ကိုယ်တော်ရှင်၏စိတ်နှလုံးတွင် ခါးသီးသောဝေဒနာများကိုဖြစ်ပေါ်စေခဲ့ပါသည်။ စိတ်သောကရောက်မှုများနှင့် စိတ်ပျက်အားလျော့စရာများဖြင့်စောင့်ကြိုနေသော ယေရုရှလင်မြို့သို့ ၎င်းအားခေါ်ဆောင်သွားဖို့အရေးသည်လည်း



အခက်ပွေလှပါသည်။ ၎င်းပြင်စာတန်သည် သားတော်အားစုံစမ်းခြင်းပြုရန် ချဉ်းကပ်လာပြီး၊ ---အသေသတ်ခံရမည်မှာသေချာသည့်ယေရုရှလင်မြို့ကို အဘယ်ကြောင့်ယခုကိုယ်တော်သွားသင့်သနည်း၊ ကိုယ်တော်၏ပတ်လည်တွင် အသက်မုန့်ကိုဆာငတ်ခင်မွတ်နေကြသော အသက်ဝိညာဉ်များနှင့် ကုသမှုကိုခံယူရန် အသင့်စောင့်ဆိုင်းနေကြသည့်ရောဂါသည်များရှိနေကြပါသည်။ ကိုယ်တော်၏ကရုဏာတော်နှင့်ဆိုင်သော ဧဝံဂေလိတရားတော်ဟောကြားခြင်းလုပ်ငန်းသည်လည်း ယခုမှအစပြုရုံသာရှိသေးပါသည်။ ၎င်းပြင်ကိုယ်တော်သည်လည်း အရွယ်ကောင်းတုန်းခွန်အားနှင့်ပြည့်ဝတုန်းရှိပါသေးသည်။ မည်သည့်အတွက်ကြောင့်လူအများထံသွား၍ ကရုဏာစကားကိုမပြောတော့ဘဲနေမည်နည်း။ အနာပျောက်ကင်းခြင်းလက်တော်နှင့်မတို့ဘဲနေတော်မူမည်နည်း။ မည်သည့်အတွက်ကြောင့် သန်းပေါင်းများစွာသောဝိညာဉ်ရေးမှောင်မိုက်ကျနေသည့် ဝမ်းနည်းပူဆွေးနေသူများထံသို့ ဝမ်းမြောက်ကြည်နူးဖွယ်သောအလင်းတရားများကို ကိုယ်တိုင်မယူဆောင်သွားဘဲနေမည်နည်း။ ယုံကြည်မှုနည်းပါးသည့်ပြင်၊ နားလည်မှုနှေးကွေးပြီး၊ သွက်လက်ချက်ချာမှုမရှိကြသည့်တပည့်တော်များထံ၌ ရိတ်သိမ်းခြင်းလုပ်ငန်းကို အဘယ်ကြောင့်အပ်ထားခဲ့မည်နည်း။ အစပြုခါစသာရှိသေးသည့်အမှုတော်ကိုပစ်ထားပြီး၊ အဘယ်ကြောင့်သေခြင်းနှင့်ရင်ဆိုင်ချင်ရသနည်း။ စသည့်စသည်ဖြင့် တောဥ္စရင်ဆိုင်တိုက်လှန်ခဲ့ဖူးသော ရန်သူကြီးစာတန်သည် ယခုတွင်ကောက်ကျစ်စဉ်းလဲသောစုံစမ်းခြင်းများကိုအသုံးပြုလျက် ခရစ်တော်အားတိုက်ခိုက်နေပါသည်။ သခင်ယေရှုသည် ယခုအခါတွင် အလျှော့ပေးလိုက်မည်ဆိုလျှင်သော်လည်းကောင်း၊ မိမိကိုယ်ကို ကယ်တင်ရန်ချမှတ်ထားသော လုပ်ငန်းစဉ်အားအနည်းငယ်ပြောင်းပစ်လိုက်မည်ဆိုလျှင်သော်လည်းကောင်း စာတန်၏အဖွဲ့သည် အောင်ပွဲဆင်သွားလိမ့်မည်ဖြစ်ပြီး၊ လောကီသားအပေါင်းတို့သည် အရှုံးနှင့်ရင်ဆိုင်ကြရလိမ့်မည်ဖြစ်ပါသည်။

သို့ရာတွင်သခင်ယေရှုသည် "ယေရုရှလင်မြို့သို့တူရူကြွအံ့သောငှာ သဘောထားတော်မူ၏။" ကိုယ်တော့်ဘဝအသက်တာတွင် ကျင့်သုံးခဲ့သော

တစ်ခုတည်းသောနိယာမမှာ အဖခမည်းတော်၏အလိုတော်ကိုဆောင်ခြင်းပင်ဖြစ်ပါသည်။ ငယ်ရွယ်စဉ်ကလေးဘဝအချိန်က၊ ဗိမာန်တော်သို့ရောက်ရှိစဉ် "အကျွန်ုပ်သည်အဖ၏အိမ်၌နေရသည်ကိုမသိပါသလော" ဟုမယ်တော်မာရိအား ပြောကြားခဲ့ဖူးပါသည်။ လုကာ ၂း၄၉။ ကာနမြို့တွင်မိမိ၏အံ့ဖွယ်တန်ခိုးတော်ကိုပြသရန် မယ်တော်မာရိတောင်းဆိုစဉ်ကလည်း "ငါ့အချိန်မရောက်သေး" ဟုမိန့်ကြားတော်မူခဲ့ပါသည်။ ယောဟန် ၂း၄။ ကိုယ်တော်၏ညီအစ်ကိုများက ယေရုရှလင်မြို့တွင်ကျင်းပမည့်သကေနေပွဲသို့သွားရန် တိုက်တွန်းခဲ့ကြစဉ်ကလည်း ထိုစကားကိုပင်ပြန်လည်အသုံးပြုကာ မိန့်တော်မူခဲ့ပါသည်။ သို့ရာတွင် လူသားများ၏အပြစ်အတွက် မိမိကိုယ်ကိုပူဇော်ရန်အချိန်ကို ဘုရားသခင်၏မဟာစီမံကိန်းကြီးထဲတွင် သတ်မှတ်ထားပြီးဖြစ်ရာ၊ ထိုအချိန်နာရီသည်လည်း မကြာမီတွင်ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ကိုယ်တော်သည်ဆိုင်းတွနောက်တွန့်ခြင်းမပြုဘဲ၊ မိမိအသက်ကိုရန်ရှာမည့်သူများရောက်ရှိနေသည့် ယေရုရှလင်မြို့ကြီးဆီသို့ ဦးတည်ထွက်ခွာလာခဲ့ပါသည်။ ယခုတွင် ကိုယ်တော်သည် မိမိအသက်ကိုစွန့်ရတော့မည်ဖြစ်ပါသည်။ နှိပ်စက်ညှဉ်းပန်းခြင်း၊ ငြင်းပယ်ခြင်း၊ ငြင်းဆန်ခြင်း၊ အပြစ်စီရင်ခြင်းများနှင့် အသေသတ်ခြင်းများပြုလုပ်ကျူးလွန်လျက်ရှိသည့် ယေရုရှလင်မြို့ဆီသို့ရှေးရှုလျက်ကိုယ်တော်ထွက်ခွာလာခဲ့ပါသည်။

ငင်းပြင်ကိုယ်တော်သည် "ရှေ့တော်သို့တမန်တော်တို့ကိုစေလွှတ်တော်မူသဖြင့် သူတို့သည်ကိုယ်တော်၏အဖို့ကိုပြင်ဆင်ခြင်းငှာသွား၍ ရှမာရိရွာတစ်ရွာသို့ဝင်ကြ၏။ သို့ရာတွင် ကိုယ်တော်သည် ယေရုရှလင်မြို့သို့သွားအံ့သောအခြင်းအရာကို ထိုသူတို့ရှုမြင်ကာ ကိုယ်တော်ကိုလက်မခံကြချေ။ "အဓိပ္ပါယ်မှာ ငင်းတို့အလွန်မုန်တီးသည့်ယုဒလူများကို ခရစ်တော်ကဦးစားပေးသည်ဟုအထင်ရှိကာ၊ ကိုယ်တော်ကိုငင်းတို့ငြင်းပယ်ခဲ့ကြခြင်းဖြစ်ပါသည်။ ကိုယ်တော်သည်ဂေရဇိမ်တောင်ပေါ်တွင် ဗိမာန်တော်ကိုပြန်လည်တည်ဆောက်ပြီးဝတ်ပြုကိုးကွယ်ခဲ့မည်ဆိုလျှင် သူတို့သည်ကိုယ်တော်အား ဝမ်းမြောက်ဝမ်းသာလက်ခံကြိုဆိုခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ယခု၌ကိုယ်တော်သည်



ယေရုရှလင်မြို့သို့တူရူ၍သွားနေသဖြင့် သူတို့သည်ကိုယ်တော်အား ကြိုဆိုဧည့်ခံမှုများမပြုလုပ်ခဲ့ကြချေ။ မိမိတို့သည် ကောင်းကင်နိုင်ငံမှအကောင်းဆုံးဆုကျေးဇူးအား မိမိတို့၏တံခါးပေါက်များမှကျော်ခိုင်းသွားစေလျက်ရှိကြောင်းကို နည်းနည်းကလေးမျှသူတို့မရိပ်မိခဲ့ကြချေ။ ငင်းတို့အားကြွယ်ဝသောကောင်းချီးမင်္ဂလာများကိုချပေးဖို့၊ ငင်းတို့၏အနီးသို့ချဉ်းကပ်လာနိုင်စေရန်အလို့ငှာ၊ မိမိအားလက်ခံကြရန် ကိုယ်တော်ရှင်ပန်ကြားတော်မူခဲ့ပါသည်။ ငင်းတို့၏လက်များဖြင့်အလုပ်အကျွေးပြုကြရန် ကိုယ်တော်ရှင်တောင်းခံတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်အားသဘောကျလက်ခံသူများကို သာ၍ကောင်းမွန်သောကရုဏာတော်အားဖြင့် တုံ့ပြန်တော်မူခဲ့ပါသည်။ သို့ရာတွင် ရှမာရိများသည် ငင်းတို့၏တစ်ဖက်သတ်အထင်လွဲသည့်စိတ်ဓာတ်များနှင့် တစ်ယူသန်မှုများကြောင့် ထိုအရာအားလုံးကိုဆုံးရှုံးခဲ့ကြရပါသည်။

ကိုယ်တော်ရှင်အပေါ်ပြုလုပ်ခဲ့သည့်စော်ကားမှုများကို တွေ့မြင်ရသောခရစ်တော်၏စေတမန်များဖြစ်သည့် ယာကုပ်နှင့်ယောဟန်တို့သည် အလွန်စိတ်ဆိုးခဲ့ကြပါသည်။ အကြောင်းမှာ ငင်းတို့အားဂုဏ်ပြုရန်ကြွလာတော်မူသည့်ကိုယ်တော်ရှင်အား ရှမာရိလူများကရိုင်းစိုင်းစွာဆက်ဆံခဲ့ကြခြင်းကြောင့်ဖြစ်ပါသည်။ ထိုတမန်တော်နှစ်ပါးသည် မကြာသေးမီအချိန်က တောင်ပေါ်တွင်ခရစ်တော်နှင့်အတူရှိခဲ့ကြပြီး၊ ကိုယ်တော်၌ဘုရားသခင်၏ရောင်ခြည်တော်များကွန့်မြူးခဲ့သည်ကိုလည်းကောင်း၊ မောရှေနှင့်ဧလိယတို့၏ဂါရဝပြုခြင်းကိုခံတော်မူခဲ့ခြင်းကိုလည်းကောင်း မြင်တွေ့ခဲ့ကြရပါသည်။ ထိုကြောင့် ရှမာရိများပြုလုပ်နေသည့် မခန့်လေးစားအပြုအမူများကို အပြစ်ပေးသင့်သည်ဟု သူတို့ယူဆခဲ့ကြပါသည်။

သူတို့သည် ခရစ်တော်၏အပါးသို့ချဉ်းကပ်လာကြကာ၊ ရှမာရိလူများအနေနှင့် တစ်ညတာနားနေခွင့်ကိုပင်ပေးရန် ငြင်းဆန်နေကြကြောင်း၊ ထိုသူများပြောလိုက်သည့်စကားများကို ကိုယ်တော်ထံသို့သတင်းပို့ခဲ့ကြပါသည်။ သူတို့သည် မှားယွင်းသောယဇ်ပုရောဟိတ်များကို ဧလိယသုတ်သင်ခဲ့သည့်နေရာဖြစ်သော အဝေးမှမြင်နေရသည့် ကရမေလတောင်ကြီးကိုကြည့်လျက်

ရှမာရိများအနေဖြင့် ဝမ်းနည်းဖွယ်သောအမှားများကိုကျူးလွန်ခဲ့ကြပြီးအထင်နှင့် "ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှာ အလိုရှိတော်မူသလော" ဟုလျှောက်ထားကြ၏။ မိမိ၏ စကားများကိုကြားရသောကိုယ်တော်သည် စိတ်နှလုံးထိခိုက်နာကျင်ကြောင်း မြင်တွေ့ရသောအခါ သူတို့အံ့အားသင့်ခဲ့ကြပါသည်။ ၎င်းပြင် ယေရှုသည် ၎င်းတို့ဘက်သို့လှည့်တော်မူ၍ သင်တို့သည် ကိုယ်စိတ်သဘောကိုကိုယ်မသိကြ။ လူသားသည် လူတို့၏အသက်ကိုသတ်အံ့သောငှာ ကြွလာသည်မဟုတ်၊ ကယ်တင်အံ့သောငှာကြွလာသည်ဟုဆုံးမသောအခါ ပို၍ပင်အံ့အားသင့်ခဲ့ကြရပါသည်။ ထိုနောက်ကိုယ်တော်သည် နောက်ရွာတစ်ရွာသို့ပြောင်းရွှေ့ကြွမြန်းတော်မူခဲ့ပါသည်။

ခရစ်တော်သည် မိမိအားလက်ခံကြိုဆိုရန် မည်သူ့ကိုမျှအတင်းအကျပ်ခိုင်းစေတော်မမူချေ။ စာတန်နှင့်သူ၏စိတ်သဘောထားမျိုးရှိသူများသည်သာ သြတ္တပ္ပစိတ်ကိုအနိုင်အထက်ပြုရန် ကြိုးစားတတ်ကြပါသည်။ မကောင်းသောနတ်ဆိုးများနှင့်အပေါင်းအဖော်ပြုခဲ့ကြသူများသည် ဖြောင့်မတ်ခြင်းပါရမီအတွက် စိတ်အားကြီးဟန်ဆောင်၍ မိမိတို့၏ဘာသာတရားယုံကြည်ချက်များဘက်သို့ ပြောင်းလဲလာစေရန်အလို့ငှာ၊ မိမိ၏မိတ်ဆွေသင်္ဂဟများအား အနာရောဂါများကိုကျရောက်စေတတ်ပါသည်။ သို့ရာတွင် ခရစ်တော်အနေဖြင့်မူ၊ ကရုဏာတော်အမြဲတမ်းပြတော်မူပြီး၊ မိမိ၏မေတ္တာတော်ကိုထင်ရှားစေခြင်းအားဖြင့် အသက်ဝိညာဉ်များကို မိမိဘက်သို့ပါလာရန် ကြိုးစားတော်မူပါသည်။ ကိုယ်တော်သည် ထိုအသက်ဝိညာဉ်အား မည်သည့်ရန်တုဖက်ပြိုင်မှုများကိုမပြုခဲ့သည့်အပြင်၊ မပြည့်ဝသောဆက်ကပ်လုပ်ဆောင်မှုများကိုလည်း လက်ခံတော်မမူနိုင်ပါချေ။ မဟာမေတ္တာတော်၏အနိုင်အထက်ပြုမှုကြောင့် မိမိ၏နှလုံးသားကိုစိတ်အားကြီးစွာဖြင့် ဆက်ကပ်လုပ်ဆောင်သည့်အမှုတော်မျိုးကိုသာ ကိုယ်တော်အလိုရှိတော်မူပါသည်။ ကျွန်ုပ်တို့သည် စာတန်၏စိတ်သဘောထားမျိုးရှိကြောင်းကို မိမိတို့၏အတွေးအခေါ်နှင့်ဆန့်ကျင်သူများ (သို့မဟုတ်) မိမိတို့၏လုပ်ဆောင်မှုကို အလေးအမြတ်မပြုသူများအား ထိခိုက်ပျက်စီးစေလိုသောစိတ်သဘောမျိုးပြခြင်းထက်၊ ဒွိဟမဖြစ်နိုင်သောအထောက်အထားမရှိတော့ပြီ။



ကိုယ်စိတ်ဝိညာဉ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသောလူသားတိုင်းသည် ဘုရားသခင်၏ကိုယ်ပိုင်ပစ္စည်းများဖြစ်ကြပါသည်။ လူသားများ၏ကိုယ်စိတ်ဝိညာဉ်အားလုံးကိုကယ်တင်ရန် ကိုယ်တော်အသေခံတော်မူခဲ့ပါသည်။ ဘာသာရေးတစ်ယူသန်မှုများကြောင့် ခရစ်တော်၏အသွေးတော်ဖြင့်ဝယ်ယူထားသည့်လူများအား ဒုက္ခဝေဒနာခံစားအောင်ပြုလုပ်ခြင်းထက် ဘုရားကိုပြစ်မှားသောအရာမရှိတော့ပြီ။

"ထိုအရပ်မှကိုယ်တော်သည်ထ၍ ယော်ဒန်မြစ်တစ်ဖက်ကမ်းကိုလျှောက်သွားသဖြင့် ယုဒပြည်စွန်းသို့ရောက်တော်မူ၏။ လူများတို့သည်အထံတော်၌စုဝေးပြန်၍ ထုံးစံရှိတော်မူသည်အတိုင်း တစ်ဖန်ဆုံးမဩဝါဒပေးတော်မူ၏။" မာကု ၁၀း၁။

ခရစ်တော်၏အမှုတော်ပြည့်စုံခါနီး၊ ကျော်ကြား၍အရေးပါသောလုပ်ဆောင်မှုများကို ယော်ဒန်မြစ်တစ်ဖက်ကမ်း၊ ယုဒပြည်စွန်းရှိပါရီးယားဒေသတွင် လုပ်ဆောင်တော်မူခဲ့ပါသည်။ ဂါလိလဲနယ်တွင်ပြုတော်မူခဲ့သော အစပိုင်းအမှုတော်မှာကဲ့သို့ ယခုအချိန်တွင် ဤဒေသ၌လည်းကိုယ်တော်ရှင်၏ပတ်ပတ်လည်တွင် လူအများစုဝေးခဲ့ကြရာ၊ ယခင်ကသွန်သင်ချက်များထဲမှအများစုကိုပြန်လည်ဟောကြားတော်မူခဲ့ပါသည်။

ကိုယ်တော်သည် တမန်တော်ဆယ့်နှစ်ပါးတို့ကိုစေလွှတ်တော်မူခဲ့ဖူးသကဲ့သို့၊ ယခုတွင်လည်း အခြားသောတပည့်တော်ခုနစ်ကျိပ်တို့ကိုခန့်ထားတော်မူ၍ ကိုယ်တိုင်ကြွလေအံ့သော မြို့ရွာအရပ်ရပ်တို့သို့ ရှေ့တော်၌နှစ်ယောက်စီ၊ နှစ်ယောက်စီစေလွှတ်တော်မူ၏။ လုကာ ၁၀း၁။ ဤတပည့်တော်များသည် ကိုယ်တော်ရှင်ထံတွင် အမှုတော်အတွက် အချိန်အတော်ကြာပြင်ဆင်ခဲ့ကြဖူးသူများဖြစ်ပါသည်။ တမန်တော်တစ်ဆယ့်နှစ်ပါးကို ပထမအကြိမ်အဖြစ်နှစ်ယောက်တစ်တွဲစီခွဲ၍ အမှုတော်ဆောင်စေခဲ့စဉ်က ကျန်ရှိနေသည့်အခြားတပည့်တော်များသည် ဂါလိလဲနယ်တစ်လျှောက်သို့ သွားရောက်အမှုတော်ဆောင်ခဲ့သည့်သခင်ယေရှုအား ကူညီမစခဲ့ကြပါသည်။ သူတို့သည် ဤနည်းအားဖြင့် ကိုယ်တော်ရှင်နှင့်ရင်းရင်းနှီးနှီးဆက်ခံခွင့်ရခဲ့ကြပါသည်။ အနီးကပ်သွန်သင်မှုများကိုလည်းရရှိခဲ့ကြပါသည်။ ယခုအချိန်တွင် ခုနစ်ကျိပ်

သောဤတပည့်တော်များသည်လည်း တစ်ယောက်တစ်နေရာစီခွဲခွာ၍ အမှုတော်ဆောင်ကြရတော့မည်ဖြစ်ပါသည်။

ခုနစ်ကျိပ်သောဤတပည့်တော်များအား ပေးခဲ့သောညွှန်ကြားချက်များသည်၊ တစ်ဆယ့်နှစ်ပါးသောတမန်တော်တို့အား ပေးခဲ့သောညွှန်ကြားချက်များနှင့်အတူတူပင်ဖြစ်သော်လည်း တစ်ပါးအမျိုးသားများ၊ ရှမာရိများနေထိုင်သည့်မြို့ရွာများသို့မဝင်ကြနှင့်ဟူသော ညွှန်ကြားချက်မပါဝင်တော့ချေ။ ခရစ်တော်သည် ထိုရှမာရိများကြောင့် စိတ်မကြည်မသာဖြစ်ခဲ့ရသော်လည်း ၎င်းတို့အပေါ်ထားရှိသည့်မဟာမေတ္တာတော်သည် အပြောင်းအလဲမရှိခဲ့ချေ။ ခုနစ်ကျိပ်မျှသောဤတပည့်တော်များသည် ကိုယ်တော်၏နာမတော်ကိုခိုလှုံ၍ အမှုတော်ဆောင်ရန် ရှမာရိမြို့ရွာများသို့ရှေးဦးစွာသွားရောက်ခဲ့ကြပါသည်။

ရှမာရိမြို့ရွာများသို့ ခရစ်တော်ကိုယ်တိုင်သွားရောက်လည်ပတ်ခဲ့ခြင်းသည်လည်းကောင်း၊ နောက်ပိုင်းတွင်ကောင်းသောရှမာရိတစ်ယောက်အားချီးမွမ်းခဲ့ခြင်းသည်လည်းကောင်း၊ ပျောက်ကင်းအောင်ကုသမှုခံခဲ့ရသော ကိုယ်ရေပြားရောဂါသည် ဆယ်ဦးထဲမှခရစ်တော်ထံကျေးဇူးတင်ရန်ပြန်၍လာခဲ့သောကျေးဇူးသိတတ်သည့်ရှမာရိနူနာသည်၏ဝမ်းမြောက်မှုသည်လည်းကောင်း ဤတပည့်တော်များအတွက် အရေးပါခဲ့ပါသည်။ ဤသင်ခန်းစာသည် ၎င်းတို့၏စိတ်နှလုံးထဲသို့ နက်ရှိုင်းစွာထိုးဖောက်ဝင်ရောက်သွားခဲ့ပါသည်။ ရှမာရိများအတွက်အမှုတော်ဆောင်ရန် စေလွှတ်တော်မူခြင်းအားဖြင့် ရှမာရိနယ်၊ ယုဒနယ်နှင့်ယေရုရှလင်မြို့များသည် ပထမဦးစွာ ဧဝံဂေလိတရားဟောကြားမည့်နေရာများအဖြစ် ကိုယ်တော်ကောင်းကင်သို့တက်ကြွမသွားမီကလေးတွင် ဖွင့်ဆိုမိန့်ကြားတော်မူခဲ့ပါသည်။ ဤအမှုတော်ကိုပြည့်စုံစွာဆောင်ရွက်နိုင်ရန် ကိုယ်တော်ရှင်၏သွန်သင်ချက်များဖြင့် ၎င်းတို့အားပြင်ဆင်ပေးတော်မူခဲ့ပါသည်။ သူတို့သည်ရှမာရိပြည်သို့ ခရစ်တော်၏နာမတော်အားဖြင့် အမှုတော်ဆောင်ရန်ထွက်ခွာသွားကြသောအခါ မိမိတို့အားကြိုဆိုရန်အဆင်သင့်ရှိနေကြသော ရှမာရိလူများကိုတွေ့ခဲ့ကြရပါသည်။ ထိုရှမာရိလူများသည် ခရစ်တော်၏ချီးမွမ်းစကားများကိုလည်းကောင်း၊ မိမိလူမျိုးအပေါ်ပြုတော်မူခဲ့သည့်





ကောင်းကျိုးချမ်းသာများအကြောင်းကိုလည်းကောင်း ကြားသိခဲ့ကြပြီးဖြစ်ပါသည်။ မိမိတို့သည်ကိုယ်တော်အား ရိုင်းစိုင်းကြမ်းတမ်းစွာဆက်ဆံနေကြသည့်ကြားမှ ကိုယ်တော်သည် မိမိအားမေတ္တာထားကြောင်း တွေ့မြင်ကြရသဖြင့် ၎င်းတို့၏စိတ်နှလုံးသည် ကိုယ်တော်ဘက်သို့ယိမ်းယိုင်သွားကြပါသည်။ ကောင်းကင်နိုင်ငံတော်သို့ ကိုယ်တော်ရှင်တက်ကြွသွားပြီးနောက်ပိုင်းတွင် ကယ်တင်ရှင်၏စေတမန်များကို ကြိုဆိုခဲ့ကြပြီး၊ တမန်တော်များသည် တစ်ချိန်ကခါးသီးသောရန်သူများဖြစ်ခဲ့သည့် ၎င်းတို့ထံမှ များစွာသောအဖိုးတန်ဝိညာဉ်များကို ရိတ်သိမ်းခဲ့ကြရပါသည်။ “နင်းနယ်လျက်ရှိသောကျူပင်ကိုမချိုး၊ အတောက်သေးသောမီးစာကိုမသတ်၊ တရားသည်မြဲမြံခြင်းသို့ရောက်မည်အကြောင်းစီရင်လိမ့်မည်။” “သူ၏နာမကိုလည်း လူအမျိုးမျိုးတို့သည် ကိုးစားကြလိမ့်မည်။” ဟေရှာ ၄၂း၃။ မဿဲ ၁၂း၂၁။

“အကြင်မြို့သို့ဝင်၍ မြို့သားတို့သည်လက်မခံအံ့။ ထိုမြို့၏လမ်းသို့ထွက်ပြီးလျှင် ငါတို့၌ကပ်သောသင်တို့မြို့၏မြေမှုန့်ကို ခါလိုက်၏။ သို့သော်လည်း ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၏အနီးသို့ရောက်ကြောင်းကိုသိမှတ်ကြဟုသူတို့အားပြောလော့” ဟူ၍ တမန်တော်တစ်ဆယ့်နှစ်ပါးအားစေလွှတ်တော်မူစဉ်က မိန့်တော်မူခဲ့သကဲ့သို့ ခုနစ်ကျိပ်သောဤတပည့်တော်များကို စေလွှတ်သောအချိန်တွင်လည်း မကြိုဆိုသောမြို့များကိုမသွားကြရန်မိန့်တော်မူခဲ့ပါသည်။ သို့ရာတွင် ထိုကဲ့သို့ပြုမူရာတွင် နာကြည်းသောသဘော (သို့မဟုတ်) ကာယိန္ဒြေထိခိုက်သည့်အတွက်တုံ့ပြန်သည့်သဘောဖြင့် လုပ်ဆောင်ကြရန်မဟုတ်ဘဲ၊ ဘုရားသခင်၏သတင်းစကားကိုလည်းကောင်း၊ ကိုယ်တော်၏စေတမန်များကိုလည်းကောင်း ငြင်းပယ်ခြင်းသည် အလွန်ဝမ်းနည်းစရာကောင်းကြောင်း ပြသရန်အတွက်သာလုပ်ဆောင်ကြရန်ဖြစ်ပါသည်။ သခင်ဘုရား၏စေတမန်များကိုငြင်းပယ်ခြင်းသည် ခရစ်တော်ကိုယ်တော်တိုင်ကို ငြင်းပယ်ခြင်းဖြစ်ပါသည်။

“ငါဆိုသည်ကား – နောက်ဆုံးသောနေ့၌ ထိုမြို့သည်သောဒုံမြို့ထက်သာ၍ခံရလတ္တံ့” ဟု ယေရှုရှင်မိန့်တော်မူ၏။ ထိုအချိန်တွင်ကိုယ်တော်သည်

ကြီးကျယ်သောအမှုတော်များကို လုပ်ဆောင်ခဲ့ဖူးသည့်ဂါလိလဲမြို့များကို ပြန်လည်၍စဉ်းစားမိခဲ့ပါသည်။ ထို့ကြောင့် ဝမ်းနည်းသောအသံဖြင့် ကိုယ်တော်မိန့်တော်မူသည်ကား၊ "အို – ခေါရာဇိန်မြို့ သင်သည်အမင်္ဂလာရှိ၏။ အို–ဗက်ဇဲဒမြို့၊ သင်သည်အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ သင်တို့တွင်ပြသောတန်ခိုးကို တုရုမြို့နှင့်ဇိဒုန်မြို့တို့တွင်ပြဖူးလျှင် ထိုမြို့တို့သည် ရှေးကာလတို့၌ လျှော်တေအဝတ်ကိုဝတ်၍ပြာထဲမှာထိုင်လျက် နောင်တရကြလိမ့်မည်။ တရားဆုံးဖြတ်တော်မူသောအခါ သင်တို့သည် တုရုမြို့နှင့်ဇိဒုန်မြို့ထက်သာ၍ ခံကြရလတ္တံ့။ အိုကပေရနောင်မြို့ သင်သည်မိုးကောင်းကင်တိုင်အောင်မြှောက်စားခြင်းကိုခံရသော်လည်း၊ မရဏာနိုင်ငံတိုင်အောင် နှိမ့်ချခြင်းကိုခံရလတ္တံ့။"

ဂါလိလဲအိုင်အနီးရှိ လူစည်ကားသောမြို့များအပေါ်သို့ ကြွယ်ဝသောကောင်းချီးမင်္ဂလာများကိုချပေးလျက်ရှိခဲ့ပါသည်။ အသက်ပေးပိုင်အရှင်သည် ထိုမြို့များထဲသို့ တစ်နေ့ပြီးတစ်နေ့ ဝင်ထွက်သွားလာတော်မူခဲ့ပါသည်။ ရှေးအခါမှစ၍ပုရောဖက်များ၊ ဘုရင်များမျှော်လင့်တောင့်တခဲ့ကြသော ဘုရားသခင်၏ဘုန်းအသရေတော်သည် ခရစ်တော်အနီး၌ရှိနေကြသောလူအုပ်ကြီးအပေါ်တွင် ကျရောက်ထွန်းတောက်လျက်ရှိပါသည်။ သို့စေကာမူ ၎င်းတို့သည် ကောင်းကင်မှကြွလာတော်မူသော ထိုဆုကျေးဇူးတော်ကြီးတည်းဟူသောယေရှုကိုလက်ခံရန် ငြင်းဆန်နေကြပါသည်။

ဖာရိရှဲများသည် ပညာသတိရှိသည့်ဟန်မျိုးဖြင့် ဤဆရာအသစ်၏ အသစ်သောယုံကြည်ချက်များကို လက်မခံကြရန်သတိပေးခဲ့ကြပါသည်။ အကြောင်းမူကား ကိုယ်တော်၏ဆင်ခြင်တွေးဆချက်များနှင့် ကျင့်ကြံပြုမူမှုများသည် ၎င်းတို့ဘိုးဘေးများ၏သွန်သင်ချက်များနှင့် ဆန့်ကျင်နေပါသည်။ ထိုလူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားလည်ရန် မိမိကိုယ်တိုင်ကြိုးစားလေ့လာခြင်းမပြုဘဲ၊ ဖာရိရှဲများနှင့်ယဇ်ပုရောဟိတ်များသွန်သင်သည့်အရာများကိုသာ ယုံကြည်လက်ခံခဲ့ကြပါသည်။ ထိုသူတို့သည် ဘုရားသခင်ကိုယုံကြည်ရိုသေရမည့်အစား၊ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲတို့ကိုရိုသေကိုင်းရှိုင်းခဲ့ကြပြီး၊ မိမိတို့၏ရိုးရာဓလေ့များကို ဆက်လက်ကျင့်ဆောင်



နိုင်ရန် သမ္မာတရားကိုငြင်းပယ်ခဲ့ကြပါသည်။ လူများစွာတို့သည် သဘောပေါက်နားလည်ခဲ့ကြကာ၊ ကိုယ်တော်ဘက်၌ရပ်တည်လုနီးနီးဖြစ်ခဲ့သော်လည်း အထင်အရှားသိမြင်ခဲ့သည့်အတိုင်း လိုက်လျှောက်ခဲ့ခြင်းမရှိသည့်အတွက် ခရစ်တော်၏ဘက်သားများအဖြစ် ရေတွက်ခြင်းမခံကြရချေ။ စာတန်သည် အလင်းတရားကို အမှောင်ကျသွားသည့်တိုင်အောင် စုံစမ်းနှောင့်ယှက်ခဲ့ပါသည်။ ဤနည်းအားဖြင့် များစွာသောအသက်ဝိညာဉ်များသည် မိမိတို့၏ကယ်တင်ခြင်းအတွက်ခိုင်မာစေသည့်သမ္မာတရားကို ငြင်းပယ်ခဲ့ကြပါသည်။

"ငါသည်တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏" ဟု ထာဝရဘုရားမိန့်တော်မူနေပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင်ပါရှိသည့် (သို့မဟုတ်) ကိုယ်တော်၏စေတမန်များအားဖြင့် မိန့်မှာသောသတိပေးချက်တိုင်း ဆုံးမစကားတိုင်းနှင့် တိုးလျှိုးတောင်းပန်မှုတိုင်းသည် နှလုံးတံခါးကိုခေါက်နေသည့် တံခါးခေါက်သံများဖြစ်ကြပါသည်။ ထိုအရာများသည် နှလုံးသားထဲသို့ဝင်ရန် တောင်းပန်နေသည့်ခရစ်တော်၏အသံများဖြစ်ကြပါသည်။ နှလုံးတံခါးခေါက်သံတိုင်းကို ဂရုမမူသဖြင့် နှလုံးတံခါးကိုဖွင့်ပေးလိုသောစိတ်သဘောထားများသည် အားနည်းလာကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်မှုကို ယနေ့ဂရုမစိုက်ခဲ့လျှင် မနက်ဖြန်တွင်သင်သည် ခွန်အားတောင့်တင်းလာလိမ့်မည်မဟုတ်ချေ။ သင်၏စိတ်နှလုံးသည် မာကျောလာလိမ့်မည်ဖြစ်ပြီး၊ အသက်တာ၏တိုတောင်းမှုကိုလည်းကောင်း၊ တမလွန်ဘဝ၏ထာဝရကာလနှင့်ဆိုင်သော ကိစ္စရပ်များကိုလည်းကောင်း၊ မသိမြင်နိုင်တော့သည့်အန္တရာယ်ထဲသို့ သက်ဆင်းကျရောက်သွားပါမည်။ တရားစီရင်ရာကာလတွင် ကျွန်ုပ်တို့ခံယူရမည့်အပြစ်ဒဏ်များသည် ကျွန်ုပ်တို့၏မှားယွင်းခဲ့မိသည့်အတွက်ကြောင့်ခံရသည်ထက်၊ ကောင်းကင်မှပေးအပ်တော်မူသည့်သမ္မာတရားကိုလေ့လာသိရှိခွင့်အား လျစ်လျူရှုခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ခုနစ်ကျိပ်သောထိုတပည့်တော်များသည်၊ တမန်တော်ဆယ့်နှစ်ပါးကဲ့သို့ပင် အမှုတော်၏အမှတ်အသားတစ်ခုအနေဖြင့် ထူးခြားသောတန်ခိုးများကိုရရှိခဲ့ကြပါသည်။ ထိုတပည့်တော်များသည် အမှုတော်ဆောင်ရွက်ပြီးစီး၍

ဝမ်းမြောက်သောစိတ်နှင့်ပြန်လာကာ "သခင်၊ ကိုယ်တော်၏နာမအားဖြင့် အကျွန်ုပ်တို့သည် နတ်ဆိုးကိုပင်နိုင်ကြပါသည်ဟု လျှောက်ကြလျှင် စာတန်သည်လျှပ်စစ်ကဲ့သို့ ကောင်းကင်မှကျသည်ကိုငါမြင်ပြီ" ဟု ယေရှုရှင်မိန့်တော်မူပါသည်။

အတိတ်နှင့်အနာဂတ်မြင်ကွင်းများသည် ကိုယ်တော်ရှင်၏စိတ်အာရုံတွင်ပေါ်လာပြီး၊ လူစီဖာအား ကောင်းကင်မှပထမဦးဆုံးနှင်ထုတ်လိုက်သောမြင်ကွင်းကို မြင်တွေ့တော်မူလိုက်ရပါသည်။ လှည့်ဖြားသူစာတန်၏စာရိတ္တအမှန်ကို ကမ္ဘာအားလုံးရှေ့မှောက်တွင် ထင်ရှားစေမည့်ကိုယ်တော်ခံစားရမည့်အနိဋ္ဌာရုံမြင်ကွင်းကိုလည်း မြင်တွေ့တော်မူခဲ့ပါသည်။ အပြစ်တွင်ကျဆုံးနေသောလူသားများ၏ကယ်တင်ခြင်းကို သေချာအောင်လုပ်ဆောင်ခဲ့ပြီဖြစ်ကြောင်းနှင့် ကောင်းကင်နိုင်ငံတော်သည် စာတန်နှိုးဆွခဲ့သောစွပ်စွဲပြစ်တင်မှုများ၊ လိမ်လည်လှည့်ဖြားမှုများနှင့် ဟန်ဆောင်မှုအပေါင်းတို့မှကင်းဝေးသွားပြီဖြစ်ကြောင်းများကို ကြေညာလိုက်သည့် အမှုပြီးပြီဟူသောအော်သံကိုလည်း ကိုယ်တော်ကြားတော်မူခဲ့ပါသည်။ ဒုက္ခဝေဒနာနှင့်ရှက်ကြောက်မှုတို့ဖြင့်ပြီးသော ကရာနီကပ်တိုင်၏နောက်ကွယ်တွင်ရှိနေသော အာကာသကောင်းကင်၏တန်ခိုးကိုအစိုးရသောမင်းသည်၊ ၎င်း၏ပုန်ကန်ခြားနားမှုကြောင့် ပျက်ယွင်းနေသောဤကမ္ဘာတွင် ၎င်းကိုယ်တိုင်ပျက်စီးခြင်းသို့ရောက်မည့် နောက်ဆုံးသောနေ့ရက်ကြီးကို သခင်ယေရှုမျှော်ကြည့်တော်မူခဲ့ပါသည်။ ဒုစရိုက်လုပ်ငန်းများသည် ထာဝရကာလအဆုံးသတ်သွားပြီး၊ ကောင်းကင်သစ်နှင့်မြေကြီးသစ်တွင် ဘုရားသခင်၏ငြိမ်သက်ခြင်းလွှမ်းမိုးနေသည်ကိုလည်း ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။

ထိုအချိန်မှစ၍ ခရစ်တော်၏တပည့်တော်များသည် စာတန်အားရှုံးနိမ့်သွားပြီဖြစ်သော ရန်သူတစ်ဦးအနေဖြင့် ရှုမြင်ခဲ့ကြပါသည်။ ခရစ်တော်သည်ကပ်တိုင်ပေါ်တွင် ထိုသူများအတွက်အောင်မြင်မှုသရဖူကိုဆောင်းခဲ့ပါသည်။ ထိုအောင်မြင်မှုသည် မိမိတို့၏အောင်မြင်မှုဖြစ်ကြောင်း၊ တပည့်တော်များမှတ်ယူကြရန် ကိုယ်တော်အလိုတော်ရှိတော်မူသဖြင့် သင်တို့သည် မြွေ၊



ကင်းမြီးကောက်တို့ကိုနိုင်ရသောအခွင့်နှင့် ရန်သူများကိုနိုင်ရသောအခွင့်တန်ခိုးကိုငါပေး၏။ သင်တို့ကိုအဘယ်ဘေးမျှမညှဉ်းဆဲရဟု ကိုယ်တော်မိန့်မှာတော်မူခဲ့ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်သည် ကျိုးပဲ့သောစိတ်နှလုံးများအတွက် အကာအကွယ်ဖြစ်တော်မူပါသည်။ နောင်တရ၍ ယုံကြည်သောအသက်ဝိညာဉ်တိုင်းက ခရစ်တော်သည်မိမိ၏အကာအကွယ်ပေးမှုကို ရန်သူ၏တန်ခိုးအောက်တွင်အညှဉ်းခံရန် ခွင့်ပြုတော်မူလိမ့်မည်ဟု မည်သည့်အခါမျှပြောဆိုကြလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်ရှင်သည် စုံစမ်းနှောင့်ယှက်ခြင်းခံနေရသူများ၏နံဘေးတွင် အစဉ်ရှိနေတော်မူပါသည်။ ကိုယ်တော်၌ထိုကဲ့သို့သောအညှဉ်းခံမှုများ၊ အရှုံးပေးမှုများမရှိနိုင်သည့်ပြင်၊ ရှုံးနိမ့်မှုတစ်စုံတစ်ရာလည်းမရှိနိုင်ပါချေ။ ကျွန်ုပ်တို့သည် ခွန်အားနှင့်ပြည့်စုံစေသောကိုယ်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို တတ်စွမ်းနိုင်ကြပါသည်။ စုံစမ်းခြင်းကျရောက်လာသောအခါ အခက်အခဲများကိုဖြေရှင်းရန် စောင့်ဆိုင်းမနေကြဘဲ၊ သင်၏မစရှင်ခရစ်တော်သခင်အားကြည့်ကြပါလော့။

စာတန်၏တန်ခိုးများအကြောင်းကိုသာ စဉ်းစားပြောဆိုနေသောခရစ်ယာန်များရှိကြပါသည်။ သူတို့သည် ၎င်းတို့၏ရန်သူအကြောင်းကိုသာစဉ်းစားနေကြပါသည်။ သူ့အတွက်ဆုတောင်းပေးနေကြပါသည်။ သူ့အကြောင်းကိုသာပြောဆိုနေကြပါသည်။ ထိုသူများ၏စိတ်ကူးထဲတွင် စာတန်၏ပုံရိပ်သည် ကြီးသည်ထက်ကြီးလာပါသည်။ စာတန်သည်တန်ခိုးကြီးသူတစ်ဦးဖြစ်သည်ဆိုသည်မှာမှန်ပါသည်။ သို့ရာတွင် စာတန်ကိုကောင်းကင်မှနှင်ထုတ်တော်မူခဲ့သည့်တန်ခိုးရှင်သည် ကျွန်ုပ်တို့၌ရှိသောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်မိပါသည်။ ကျွန်ုပ်တို့သည် စာတန်၏ဣဒ္ဓိပါဒ်ကိုချီးမွမ်းနေသောအချိန်တွင် စာတန်သည်ကျေနပ်အားရလျက်ရှိပါသည်။ မည်သည့်အတွက်ကြောင့်ခရစ်တော်အကြောင်းကိုမပြောကြသနည်း။ အဘယ်ကြောင့်ကိုယ်တော်၏တန်ခိုးတော်နှင့်မေတ္တာတော်ကိုမချီးမွမ်းကြသနည်း။

အထက်အရပ်တွင်ရှိသောပလ္လင်တော်ကို ဝန်းရံထားသည့်ကတိတော် ဆိုင်ရာသက်တံသည် ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်း တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ မိမိ၌တစ်ပါး တည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ် တော်မူ၏ဟူသော အစဉ်အမြဲတည်နေသည့်သက်သေခံချက်တစ်ခုဖြစ်ပါသည်။ ယောဟန် ၃း၁၆၊ ဘုရားသခင်သည် ဒုစရိုက်နှင့်ဆန့်ကျင်ရုန်းကန်နေသော ကိုယ်တော်၏သားသမီးများကို မည်သည့်အခါမျှစွန့်ပစ်ထားတော်မမူကြောင်း ကို စကြဝဠာရှေ့မှောက်တွင် ထိုကျမ်းချက်ကသက်သေခံနေပါသည်။ ထိုပလ္လင် တော်ကြီးတည်ရှိနေသရွေ့ကာလပတ်လုံး ခွန်အားနှင့်အကာအကွယ်များကို ကျွန်ုပ်တို့အားပေးမည့်အကြောင်း အာမခံချက်တစ်ခုလည်းဖြစ်ပါသည်။

ထိုနောက်ယေရှုက နတ်ဆိုးကိုနိုင်ရသောကြောင့်သာ ဝမ်းမြောက် ခြင်းမရှိကြနှင့်။ သင်တို့၏နာမည်များသည် ကောင်းကင်စာရင်း၌ဝင်သည်ကို ဝမ်းမြောက်ခြင်းရှိကြလော့ဟုမိန့်တော်မူ၏။ ဘုရားသခင်ကိုအားထားမှီခိုနေ သည်ဟူသောအသိကို မျက်ခြည်ပြတ်သွားမည်စိုးသဖြင့် သင်ပိုင်ဆိုင်ထားသည့် တန်ခိုးများတွင်သာ ဝမ်းမြောက်မနေပါနှင့်။ ကိုယ့်ကိုကိုယ်အထင်မကြီးမိစေ ဖို့သတိပြုပါ။ သခင်ဘုရား၏စိတ်ထား၊ သခင်ဘုရား၏ခွန်အားနှင့်မဟုတ်ဘဲ မိမိခွန်အားကိုအားကိုးပြီး၊ လုပ်ကိုင်မိမည်စိုးသဖြင့်သတိပြုပါ။ အောင်မြင်သော လုပ်ငန်းတိုင်းတွင် ငါတည်းဟူသောအတ္တသည် အသားယူရန်အမြဲတမ်းအသင့် အနေအထားတွင်ရှိပါသည်။ “ငါ” ကိုမြောက်စားချီးမွမ်းသောအချိန်တွင် ဘုရား သခင်သည် အလုံးစုံတို့၏အလုံးစုံဖြစ်တော်မူသည်ဟူသောခံစားချက်ကို အခြား သူများ၌ မဖြစ်ပေါ်စေနိုင်တော့ပါ။ တမန်တော်ရှင်ပေါလုက “ငါသည် အားနည်းသောအခါ၊ တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏” ဟုပြောဆိုခဲ့၏။ ၂ကော ၁၂း၁၀။ ကျွန်ုပ်တို့သည် မိမိ၏အားနည်းချက်များကိုသိမြင်လာသောအချိန်တွင် ပင်ကိုရှိရင်းစွဲမဟုတ်သည့်တန်ခိုးတစ်ခုကို အားကိုးမှီခိုရန်လေ့ကျက်လာပါသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်ထံပြုရမည့်ဝတ်များရှိနေကြောင်း အသိတရားရှိခြင်း လောက် မည်သည့်အရာကမျှစိတ်နှလုံးကို ခိုင်ခိုင်မာမာမချုပ်ကိုင်နိုင်ပါချေ။



ခရစ်တော်၏အပြစ်ခွင့်လွှတ်တတ်သောမေတ္တာတော်အကြောင်းနှင့်ပတ်သက် သော အသိစိတ်ဓာတ်လောက်မည်သည့်အရာကမျှ အကျင့်စာရိတ္တ၏အနက် ရှိုင်းဆုံးသောရည်စူးချက်များအထိ ပြည့်ဝစွာမပေါက်ရောက်နိုင်ပါချေ။ ကျွန်ုပ် တို့သည် ဘုရားသခင်နှင့်ဆက်သွယ်ထိတွေ့နိုင်ရန် ကိုယ်တော်ထံသို့လာရ ပါမည်။ ထိုသို့လာကြပါလျှင် ကျွန်ုပ်တို့အား မိမိတို့၏အပေါင်းအဖော်များ ထံသွားရောက်ကူးလူးဆက်ဆံနိုင်စေမည့် ဝိညာဉ်တော်အားဖြင့်ပြည့်ဝလာစေ လိမ့်မည်ဖြစ်ပါသည်။ ထိုအချိန်တွင်သင်သည် ခရစ်တော်အားဖြင့် ဘုရားသခင် နှင့်အဆက်အသွယ်ရရှိလာပြီး၊ ကောင်းကင်မိသားစုအဝင်ဖြစ်လာပြီဖြစ်သည့် အတွက် ဝမ်းမြောက်ခြင်းရှိပါလော့။ သင်သည် မိမိထက်မြင့်မြတ်သောအရာ ကိုကြည့်ခြင်းအားဖြင့် မိမိလူသားဇာတိ၏အားနည်းမှုများကို အဆက်မပြတ် ခံစားမှုရှိလာပါလိမ့်မည်။ မိမိကိုယ်ကိုမြတ်နိုးတွယ်တာမှုလျော့နည်းလာသည် နှင့်အမျှ သင့်ကယ်တင်ရှင်၏ကောင်းမြတ်ခြင်းကို ပို၍ထင်ရှားစွာသိမြင်လာ ပါလိမ့်မည်။ အလင်း၏သခင်၊ တန်ခိုးရှင်နှင့်ပို၍နီးကပ်စွာသင်ဆက်သွယ်မှု ရှိလေလေ၊ ကိုယ်တော်အတွက်အမှုတော်ဆောင်ရန် ပို၍များပြားသောအလင်း များသည် သင့်အပေါ်သို့ကျရောက်လေလေဖြစ်ပြီး၊ ပို၍ကြီးမားသောတန်ခိုး ကိုလည်း သင်ပိုင်ဆိုင်လာပေလိမ့်မည်။ သင်သည် ဘုရားသခင်နှင့်တစ်လုံး တစ်ဝတည်းဖြစ်ခြင်းအတွက်ဝမ်းမြောက်ပါ။ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းအတွက်ဝမ်းမြောက်ပါ။ ကောင်းကင်မိသားစုအဝင်ဖြစ်လာခြင်းအတွက် ဝမ်းမြောက်ပါ။

ခုနစ်ကျိပ်သောထိုတပည့်တော်များသည် ခရစ်တော်၏မိန့်တော်မူချက် များကိုနားကြားနေစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်က ၎င်းတို့အားအဖြစ်မှန်များ ကိုသိစေလျက် သမ္မာတရားကို၎င်းတို့၏စိတ်နှလုံးပေါ်တွင် ရေးတော်မူလျက် ရှိပါသည်။

ထိုသူများသည် ဝိညာဉ်တော်ရရှိနေကြောင်း သခင်ယေရှုသိရှိတော် မူသောကြောင့် “ဝမ်းမြောက်တော်မူခြင်းစိတ်ရှိသဖြင့် ကောင်းကင်နှင့်မြေကြီး ကိုအစိုးရတော်မူသောအဖ၊ ကိုယ်တော်သည်ပညာအလိမ္မာနှင့်ပြည့်စုံသော

သူတို့အား ဤအရာများကိုထိမ်ဝှက်ထားလျက် သူငယ်တို့အားဖော်ပြတော်မူသည်ဖြစ်၍ ကျေးဇူးတော်ကိုအကျွန်ုပ်ချီးမွမ်းပါ၏။ ထိုသို့အလိုတော်ရှိသောကြောင့်မှန်ပါ၏အဖ။ ငါ့ခမည်းတော်သည် ခပ်သိမ်းသောအရာတို့ကို ငါ၌အပ်တော်မူပြီ၊ သားတော်ကားအဘယ်သူဖြစ်သည်ကို ခမည်းတော်မှတစ်ပါး အဘယ်သူမျှမသိ။ ခမည်းတော်ကားအဘယ်သူဖြစ်သည်ကို သားတော်နှင့် သားတော်လင်းစေလိုသောသူမှတစ်ပါး အဘယ်သူမျှမသိ" ဟုမိန့်တော်မူ၏။

လောက၏ဂုဏ်အသရေများနှင့် မိမိတို့၏ဉာဏ်ပညာများဖြင့်ကြွားဝါနေကြသော လူကြီးလူကောင်းပညာရှိများဟုခေါ်သောသူများတို့သည် ခရစ်တော်၏စာရိတ္တတော်ကို မသိမြင်နိုင်ကြချေ။ သူတို့သည်ကိုယ်တော်အား အပြင်ပန်းလက္ခဏာများနှင့် ကိုယ်တော်ယူတင်ဝတ်ဆောင်ထားသည့် နိမ့်ကျသောလူသားဇာတိကိုသာကြည့်ပြီး ဆုံးဖြတ်ကြပါသည်။ သို့ရာတွင် တံငါသည်များနှင့်အခွန်ခံများသည် ထိုသူများမမြင်နိုင်ကြသည့်ကိုယ်တော်၏ဇာတိတော်ကို တွေ့မြင်နိုင်ခဲ့ကြပါသည်။ တမန်တော်များသည်ပင်လျှင် ၎င်းတို့အား ခရစ်တော်ဖော်ပြလိုသောအရာအားလုံးကို နားမလည်ခဲ့ကြချေ။ သို့ရာတွင် သူတို့သည် မကြာခဏမိမိကိုယ်ကို သန့်ရှင်းသောဝိညာဉ်တော်၌ဆက်ကပ်အပ်နှံခဲ့ကြသဖြင့် သူတို့၏စိတ်နှလုံးများသည် အလင်းရလာကြပါသည်။ တန်ခိုးခွန်အားနှင့်ပြည့်စုံတော်မူသောဘုရားသခင်သည် လူဇာတိကိုခံယူကာ ၎င်းတို့၏အလယ်တွင်ရောက်ရှိနေကြောင်းကို သူတို့သိရှိလာခဲ့ကြပါသည်။ ဤအသိကလေးကို ပညာအလိမ္မာနှင့်ပြည့်စုံသူများအားမဖော်ပြဘဲ၊ နိမ့်ကျသောသူများအားဖော်ပြခြင်းအတွက် ခရစ်တော်သည်ဝမ်းမြောက်တော်မူပါသည်။ ကိုယ်တော်သည်ဓမ္မဟောင်းကျမ်းကိုမကြာခဏဖွင့်ဆိုခဲ့ပြီး၊ ထိုကျမ်းချက်များ၏ဖွင့်ဆိုမှုများသည် မိမိအားလည်းကောင်း၊ မိမိ၏အပြစ်ဖြေခြင်းဆိုင်ရာအမှုတော်အားလည်းကောင်း၊ ရည်စူးလျက်ရှိကြောင်းမိန့်မြွက်တော်မူပါသည်။ ထိုအခါ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုကိုခံရကာ၊ ကောင်းကင်သို့ဆောင်ခြင်းကိုခံခဲ့ရပြီး၊ အနာဂတ္တိကျမ်းများကိုရေးသားခဲ့ကြသည့်ပုရောဖက်များထက်ပင် ပို၍နားလည်သဘောပေါက်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍



သူတို့သည်ဓမ္မဟောင်းကျမ်းကို ဖာရိရှဲများနှင့်ကျမ်းတတ်ဆရာများ၏ယုံကြည်ချက်များအနေဖြင့်သော်လည်းကောင်း၊ သေလွန်ခဲ့ကြပြီးသည့် ရှေးပညာရှိများ၏ဖွင့်ဆိုချက်အနေဖြင့်သော်လည်းကောင်း၊ မမှတ်ယူကြတော့ဘဲ၊ ဘုရားသခင်ထံမှလာသော အသစ်သောဗျာဒိတ်တော်အနေဖြင့်မှတ်ယူကြကာ ကောင်းမွန်စွာဖတ်ရှုလေ့လာခဲ့ကြပါသည်။ "ဝိညာဉ်တော်သည် သင်တို့နှင့်အတူတည်" နေ၍ သင်တို့၌ရှိတော်မူသောကြောင့်သင်တို့သိရှိကြ၏။ လောကီသားတို့သည် မသိမမြင်သောကြောင့်မခံမယူနိုင်ကြသည့်ကိုယ်တော်ကို သူတို့တွေ့မြင်ခဲ့ကြပါသည်။ ယောဟန် ၁၄း၁၇။

သမ္မာတရားအသိပညာကို ပိုမိုစုံလင်စွာသိမြင်စေနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ စိတ်နှလုံးကိုခရစ်တော်၏ဝိညာဉ်တော်အားဖြင့် နူးညံ့ပျော့ပျောင်းစေခြင်းအားဖြင့်သာဖြစ်ပါသည်။ စိတ်နှလုံးကိုအချည်းနှီးသောအရာများ၊ ပလွှားဝါကြွားမှုများ စသည်တို့နှင့်ကင်းရှင်းစေရမည်ဖြစ်ပြီး၊ ၎င်းအားမင်းမူနေသောအရာအားလုံးကိုဖယ်ရှားပစ်၍ ခရစ်တော်ကိုစိုးစံခွင့်ပြုရမည်ဖြစ်ပါသည်။ လူသားများ၏သိပ္ပံပညာသည် အပြစ်ဖြေခြင်းအကြောင်းကို သိရှိနားလည်နိုင်စွမ်းမရှိလောက်အောင် သေးနုပ်လှပါသည်။ ကယ်တင်ခြင်းစီမံကိန်းသည် လူ့အတွေးအခေါ်အားဖြင့် ရှင်းမပြနိုင်လောက်အောင်ကျယ်ပြန့်လှပါသည်။ အနက်နဲဆုံးသောဆင်ခြင်တုံတရားနှင့်ပင် ရှင်းမပြနိုင်လောက်အောင်နားလည်ရန်ခက်ခဲလှပါသည်။ ကယ်တင်ခြင်း၏သိပ္ပံကိုရှင်းလင်းတင်ပြရန်မစွမ်းနိုင်သော်လည်း မိမိ၏ကိုယ်တွေ့ဗဟုသုတအားဖြင့် သိရှိနားလည်နိုင်ပါသည်။ မိမိ၏အပြစ်ဒုစရိုက်များကိုမြင်တွေ့သောသူများသည်သာလျှင် ကယ်တင်ခြင်း၏အဖိုးထိုက်တန်မှုကို နားလည်သိမြင်နိုင်ကြပါသည်။

ဂါလိလဲမှယေရုရှလင်မြို့သို့ ဖြည်းနှေးစွာခရီးသွားနေစဉ်၊ ခရစ်တော်သွန်သင်တော်မူခဲ့သောသင်ခန်းစာများသည် ပြည့်စုံသောဩွါဒ်ကြားချက်များဖြစ်ကြပါသည်။ လူအများသည် ထိုနှုတ်တော်ထွက်စကားများကို အားပါးတရနာယူခဲ့ကြပါသည်။ ပါးရီးယားနယ်တွင် နေထိုင်လျက်ရှိကြသောလူများသည် ဂါလိလဲသားများကဲ့သို့ပင် တစ်ယူသန်ယုဒများ၏ထိန်းချုပ်မှုကို ယုဒနယ်

မှလူများခံရသည်ထက် ပို၍သက်သာပါသည်။ ထို့ကြောင့် ကိုယ်တော်ရှင်သည် ၎င်းတို့၏နှလုံးသားတွင် တုံ့ပြန်မှုများကိုတွေ့ရှိတော်မူခဲ့ရပါသည်။

ခရစ်တော်အမိန့်ရှိခဲ့သောပုံပမာအများစုကို အမှုတော်အဆုံးသတ်ခါနီးနောက်ဆုံးသောကာလတွင် ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲများသည် ကိုယ်တော့်အပေါ်တွင်မုန်းမာန်ပွားနေကြသောကြောင့်၊ ၎င်းတို့အားပုံပမာများအားဖြင့် ကိုယ်တော်သတိပေးဟောကြားခဲ့ခြင်းဖြစ်ပါသည်။ သူတို့သည်ပုံပမာများ၏ဆိုလိုရင်းကို မှန်ကန်စွာသိရှိခဲ့ကြသော်လည်း ကိုယ်တော်အားစွဲချက်တင်နိုင်လောက်သောအရာ တစ်စုံတစ်ခုကိုမျှနှုတ်ထွက်စကားတွင်မတွေ့ရှိခဲ့ကြချေ။ ဖာရိရှဲနှင့်အခွန်ခံတို့၏ပုံပမာထဲတွင် ကိုယ့်ကိုကိုယ်အထင်ကြီးနေသည့်ဖာရိရှဲ၏ဆုတောင်းချက်မှာ "ဤအခွန်ခံကဲ့သို့ပင်မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏" ဟူ၍ဖြစ်ပြီး၊ ထိုစကားများနှင့်လုံးဝကွဲပြားခြားနားသည့် နောင်တရသောအခွန်ခံ၏တောင်းလျှောက်ချက်မှာ "အပြစ်များသောအကျွန်ုပ်ကိုသနားခြင်းကရုဏာစိတ်ရှိတော်မူပါ" ဟူ၍ဖြစ်၏။ လုကာ ၁၈း၁၁၊၁၃။ ခရစ်တော်သည် ယုဒများ၏သူတော်ကောင်းယောင်ဆောင်မှုများကို ဤနည်းအားဖြင့်ဆုံးမတော်မူခဲ့ပါသည်။ ၎င်းပြင် အသီးမသီးသောသဖန်းပင်နှင့် စားသောက်ပွဲကြီးဆိုင်ရာပုံပမာများအားဖြင့်လည်း နောင်တမရသောသူများအပေါ်ကျရောက်မည့်အပြစ်ဒဏ်များကို ကြိုတင်မိန့်တော်မူခဲ့ပါသည်။ ဇဝံဂေလိဆိုင်ရာစားသောက်ပွဲ၏ဖိတ်ခေါ်ချက်ကို မထီလေးစားပြု၍ငြင်းပယ်ခဲ့သူများသည် "အထက်ကခေါ်ဖိတ်သောသူတစ်ယောက်မျှ ငါ့ပွဲသို့မဝင်ရ" ဟူသောကိုယ်တော်ရှင်၏သတိပေးစကားများကို ကြားခဲ့ကြရပါသည်။ လုကာ ၁၄း၂၄။

တမန်တော်များအားပေးတော်မူခဲ့သောသွန်သင်ချက်များသည် အလွန်အဖိုးတန်လှပါသည်။ ကံမကောင်းအကြောင်းမလှခဲ့သည့်မုဆိုးမ၏ပုံပမာသည်လည်းကောင်း၊ ညဉ့်သန်းခေါင်အချိန်တွင် အဆွေခင်ပွန်းအိမ်သို့သွား၍ စားစရာတောင်းသည့်မိတ်ဆွေတစ်ဦး၏ပုံပမာသည်လည်းကောင်း၊ တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့၊



ခေါက်လျှင်ဖွင့်မည်ဟူသော ကိုယ်တော်၏နှုတ်ထွက်စကားများအတွက် အသစ်သောတွန်းအားများကိုဖြစ်စေခဲ့ပါသည်။ "ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် နေ့ညမပြတ်အော်ဟစ်၍တောင်းလျှောက်လျှင် ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင်ဘဲနေတော်မူမည်လော" "ငါဆိုသည်ကား သူတို့ဘက်၌အလျင်အမြန်တရားစီရင်တော်မူမည်" ဟူသော ကိုယ်တော်၏နှုတ်ထွက်စကားများကိုသတိရအောက်မေ့ခြင်းသည် ၎င်းတို့၏လှုပ်ရှားနေသောယုံကြည်ခြင်းကိုခိုင်ခံ့စေခဲ့ပါသည်။ လုကာ ၁၈း၇–၈။

ခရစ်တော်သည် ပျောက်သောသိုး၏ပုံပမာကောင်းတစ်ခုကိုလည်း ထပ်တလဲလဲမိန့်မြွက်တော်မူခဲ့ပါသည်။ ဤပုံပမာမှသင်ခန်းစာများကို ပျောက်သောဒင်္ဂါးနှင့်သားထွေးတို့၏ပုံပမာများတွင်လည်း ဆွဲယူအသုံးပြုထားပါသည်။ တပည့်တော်များသည် ဤသင်ခန်းစာများ၏ခရီးရောက်ပုံကို ထိုအချိန်ကပြည့်ပြည့်စုံစုံတန်ဖိုးမထားခဲ့ကြသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်ရရှိလာပြီးသည့်နောက်ပိုင်းတွင် လူအမျိုးမျိုးတို့စုဝေးယုံကြည်လာခြင်းများကို တွေ့မြင်ရသောအချိန်၌ သားထွေးပုံပမာ၏သင်ခန်းစာကို ပို၍နားလည်သဘောပေါက်လာကြပြီး၊ "ယခုတွေ့ပြန်၏။ ထို့ကြောင့် ပျော်မွေ့ဝမ်းမြောက်စရာအကြောင်းရှိ၏" "ငါ့သားသည်အထက်ကသေ၏။ ယခုရှင်ပြန်၏။ အထက်ကပျောက်၏။ ယခုတွေ့ပြန်၏" ဟူသော စကားများ၏ဝမ်းမြောက်မှုများကို သူတို့ခံစားတတ်လာကြပါသည်။ လုကာ ၁၅း၃၂၊၂၄။ ၎င်းပြင် အမှုတော်ဆောင်ရွက်ရန်ထွက်ခွာသွားကြစဉ်တွင် အပြစ်တင်မှုများ၊ ဆင်းရဲချို့တဲ့မှုများနှင့် နှိပ်စက်ညှဉ်းပန်းမှုများကို ရင်ဆိုင်ရသောအချိန်များ၌၊ နောက်ဆုံးအကြိမ်ခရီးထွက်စဉ်က ၎င်းတို့အားကိုယ်တော်ပဲ့ပြင်တော်မူခဲ့သော အောက်ပါဆုံးမစကားများအားဖြင့် ခွန်အားယူခဲ့ကြပါသည်။ "သိုးစုငယ်၊ သင်တို့သည်မကြောက်ကြနှင့်၊ သင်တို့အဘသည် သင်တို့အားနိုင်ငံကိုပေးခြင်းငှာအလိုရှိတော်မူ၏။ သင်တို့ဥစ္စာများကိုရောင်း၍ ဆင်းရဲသားတို့အားစွန့်ကြဲကြလော့။ မဆွေးမဟောင်းတတ်သောအိတ်တို့ကို ကိုယ်သုံးဖို့လုပ်ကြလော့။ သူခိုးတို့မရောက်၊

ပိုးများမဖျက်ဆီးရာအရပ်ကောင်းကင်ဘုံ၌ မကုန်မဆုံးနိုင်သောဘဏ္ဍာကိုဆည်းပူးကြလော့။ အကြောင်းမူကား အကြင်အရပ်၌သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့သင်တို့စိတ်နှလုံးရောက်တတ်၏" လုကာ ၁၂း၃၂–၃၄။

****



# tcef; (54)
# aumif;aom½Srm&d

ရှင်လုကာ ၁၀း၂၅–၃၇ ကိုအခြေပြုထားပါသည်။

ခရစ်တော်သည် ကောင်းသောရှမာရိပုံပြင်ထဲတွင် စစ်မှန်သောဘာသာတရားတစ်ခု၏သဘာဝကို သာဓကပြုတင်ဆက်ထားပါသည်။ စစ်မှန်သောဘာသာတရားသည် ဝတ်ပြုကိုးကွယ်ပုံနည်းစနစ်၊ အယူဝါဒနှင့်ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာအခမ်းအနားများအားဖြင့် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ၊ စစ်မှန်ကောင်းမြတ်သည့်စိတ်သဘောထားဖြင့် အကောင်းဆုံးသောအရာများကို တစ်ပါးသူများအားပေးကမ်းခြင်းနှင့် မေတ္တာလုပ်ငန်းများတို့ဖြင့်ဖွဲ့စည်းထားပါသည်။

ခရစ်တော်သည် လူအများကိုသွန်သင်နေစဉ်တွင် ကျမ်းတတ်တစ်ယောက်သည်ထ၍ အရှင်ဘုရား၊ ထာဝရအသက်ကိုအမွေခံရအံ့သောငှာ အကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်းဟု ကိုယ်တော်အားစုံစမ်းခြင်းငှာ မေးလျှောက်လေ၏။ လူအုပ်ကြီးသည် အသက်ရှူရန်ကိုပင်မေ့သွားလောက်အောင် စိတ်ဝင်စားစွာဖြင့် ကိုယ်တော်၏အဖြေကိုစောင့်စားနားထောင်နေကြပါသည်။ ထိုကျမ်းတတ်ဆရာ၏အမေးကြောင့် ခရစ်တော်၌အကျပ်ရိုက်သွားလိမ့်မည်ဟု ယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲများတို့က အထင်ရှိခဲ့ကြပါသည်။ သို့ရာတွင် ခရစ်တော်သည် အငြင်းအခုံမပြုလုပ်ဘဲ မေးခွန်းထုတ်သူကိုပင်ပြန်၍အဖြေပေးရန် "ပညတ္တိကျမ်း၌အဘယ်သို့လာသနည်း၊ သင်သည်အဘယ်သို့ဖတ်ဖူးသနည်း" ဟုမေးတော်မူလိုက်ပါသည်။ သခင်ယေရှုသည် သိနာတောင်ပေါ်တွင်ပေးတော်မူခဲ့သော ပညတ်တော်ကိုအလေးမထားဟု ယုဒလူများကယခုတိုင်အောင်စွပ်စွဲနေကြသော်လည်း ကိုယ်တော်သည် ကယ်တင်ခြင်းနှင့်ဆိုင်သောမေးခွန်းအား ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းခြင်းအပေါ်တွင် အခြေပြုပေးတော်မူခဲ့ပါသည်။

ထိုသူက သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းရှိသမျှဉာဏ်ရှိသမျှနှင့်ချစ်လော့၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်

အမှုချစ်လော့ ဟူ၍ပညတ္တိကျမ်းတွင် ဖွင့်ဆိုထားကြောင်းပြန်လျှောက်လျှင်၊ သင်၏စကားသည်မှန်ပေ၏။ ထိုသို့ပြုလျှင် အသက်ကိုရမည်ဟု ကိုယ်တော်မိန့်တော်မူခဲ့၏။

ထိုကျမ်းတတ်အနေဖြင့် ဖာရိရှဲများ၏အကျင့်များနှင့်နေထိုင်ပုံများကို အလိုမကျခဲ့ပါချေ။ ထို့ကြောင့် စစ်မှန်သောအနက်အဓိပ္ပါယ်ကိုသိရန်ဆန္ဒဖြင့်၊ ကျမ်းစာကိုလေ့လာခဲ့ပါသည်။ သူသည်ကယ်တင်ခြင်းရရှိဖို့ကိစ္စနှင့်ပတ်သက်၍ အထူးစိတ်ဝင်စားခဲ့ပြီး၊ အဘယ်အမှုကိုပြုရမည်နည်းဟု ရိုးရိုးသားသားမေးမြန်းခဲ့ပါသည်။ ပညတ္တိကျမ်း၏တောင်းဆိုမှုများကိုတုံ့ပြန်ရာတွင် သူသည် ခပ်သိမ်းသောဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်များနှင့် ဝတ်ပြုကိုးကွယ်မှုဆိုင်ရာသွန်သင်ချက်များကို မကျင့်ဆောင်ခဲ့ချေ။ ထိုအရာများသည် အနှစ်သာရမရှိကြောင်းသူဖွင့်ဆိုခဲ့သော်လည်း ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းတို့တွင် အဓိကဖြစ်သောထိုပညတ်နှစ်ချက်ကို သူတင်ပြခဲ့ပါသည်။ ခရစ်တော်၏ချီးမွမ်းခြင်းကိုခံခဲ့ရသော၎င်းအဖြေသည် ကိုယ်တော်အားဖာရိရှဲများအပေါ်အသာရစေအောင်ပို့ဆောင်ခဲ့ပါသည်။ ကျမ်းတတ်တစ်ဦးကတင်ပြခဲ့သည့်အရာကို သဘောတူမိခြင်းအတွက် ကိုယ်တော်အားသူတို့အပြစ်စီရင်နိုင်ခြင်းမရှိခဲ့ချေ။

ထိုသို့ပြုလျှင်အသက်ကိုရမည်ဟု ခရစ်တော်မိန့်တော်မူခဲ့ပြီး ပညတ်တော်ကိုဘုရားသခင်နှင့်ဆိုင်သော ဆက်နွယ်မှုတစ်ခုအနေဖြင့် တင်ဆက်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းသင်ခန်းစာအားဖြင့် ပညတ်တော်တစ်ပါးကိုစောင့်ရှောက်၍ တစ်ပါးကိုချိုးဖောက်ရန်မှာမဖြစ်နိုင်ကြောင်း သွန်သင်တော်မူခဲ့ပါသည်။ အကြောင်းမှာ ထိုပညတ်အားလုံးကို တူညီသောနိယာမတစ်ခုတည်းဖြင့် စုစည်းထားသောကြောင့်ဖြစ်ပါသည်။ ပညတ်တော်အားလုံးကိုစောင့်ထိန်းခြင်းအပေါ်တွင်မူတည်၍ လူ၏ခရီးဆုံးကိုဆုံးဖြတ်မည်ဖြစ်ပါသည်။ ထာဝရဘုရားကိုမဟာမေတ္တာဖြင့်ချစ်၍ လူသားများအားဘက်မလိုက်သောမေတ္တာဖြင့်ချစ်ခြင်းကြင်နာခြင်းသည် အသက်တာတွင်ကျင့်ဆောင်ရမည့်နိယာမများဖြစ်ကြပါသည်။

ထိုကျမ်းတတ်သည် မိမိနားလည်ပါသည်ဟုအခိုင်အမာပြောနေသည့် ပညတ္တိကျမ်းမှဖြောင့်မတ်ခြင်းတရားကို မိမိကိုယ်တိုင်မကျင့်သုံးသောကြောင့်



ကိုယ့်ကိုကိုယ်ပညတ်တော်လွန်ကျူးသူဖြစ်ကြောင်း၊ ခရစ်တော်၏နှုတ်တော်ထွက်စကားများအရ သိရှိလာခဲ့ပါသည်။ သူသည်မိတ်ဆွေသင်္ဂဟများကို မေတ္တာမပြခဲ့ဖူးချေ။ သူ၌နောင်တရဖို့လိုအပ်နေသော်လည်း နောင်တရရမည့်အစား မိမိကိုယ်ကိုဖြောင့်မတ်သူဖြစ်ကြောင်းဖော်ပြရန် ကြိုးစားခဲ့ပါသည်။ သူသည်သမ္မာတရားကိုအသိအမှတ်ပြုရန်ထက်၊ ပညတ်တော်ကိုလိုက်လျှောက်ရန်ခက်ခဲကြောင်း၊ မဖြစ်နိုင်ကြောင်း ဖော်ပြရန်ကြိုးစားခဲ့ပါသည်။ သူသည်၎င်းနည်းအားဖြင့် လူအများရှေ့တွင် အမှန်တရားကိုလက်ခံဖို့ရှောင်လွှဲရန်နှင့် မိမိကိုယ်ကိုအပြစ်မရှိကြောင်းဖော်ပြရန် မျှော်လင့်ခဲ့ပါသည်။ ထိုသူမေးသောမေးခွန်းသည် သူကိုယ်တိုင်ဖြေဆိုနိုင်သောမေးခွန်းဖြစ်သောကြောင့် ထိုမေးခွန်းကိုအဖြေပေးရန်မလိုကြောင်း ကိုယ်တော်ရှင်၏စကားများက ထင်ရှားစေခဲ့ပါသည်။ သို့စေကာမူ အဘယ်သူသည် အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်းဟု ထိုသူကထပ်ဆင့်မေးခွန်းတစ်ခုမေးလာပြန်ပါသည်။

၎င်းမေးခွန်းသည် ယုဒလူမျိုးများအကြားတွင် မဆုံးနိုင်သောအငြင်းပွားမှုကိုဖြစ်စေခဲ့ပါသည်။ တစ်ပါးအမျိုးသားများနှင့် ရှမာရိအမျိုးသားများသည် သူစိမ်းတစ်ရံဆံများ၊ ရန်သူများဖြစ်သည်ဟု သူတို့ယူဆထားခဲ့ကြသဖြင့် ၎င်းတို့သည် မိမိတို့နှင့်စပ်ဆိုင်သောသူများမဖြစ်နိုင်ဟု လုံးဝယုံကြည်ခဲ့ကြပါသည်။ သို့ရာတွင် မိမိတို့အမျိုးသားများထဲမှ မည်သူသည်ကိုယ်နှင့်စပ်ဆိုင်သူဖြစ်ကြောင်း၊ မတူညီသောလူတန်းစားများတွင် မည်သည့်လူတန်းစားသည်ကိုယ်နှင့်စပ်ဆိုင်သူဖြစ်ကြောင်း မည်ကဲ့သို့ခွဲခြားသိသာနိုင်မည်နည်း။ ယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲများအနေနှင့် မည်သူကိုမိမိတို့နှင့်စပ်ဆိုင်သူဖြစ်သည်ဟု သတ်မှတ်ကြမည်နည်း။ သူတို့သည် ကိုယ်ကိုစင်ကြယ်သန့်ရှင်းစေဖို့ များစွာသောဝိနည်းထုံးဖွဲ့ဆိုင်ရာအခမ်းအနားများကိုကျင်းပခြင်းအားဖြင့်သာ အချိန်ကုန်စေခဲ့ကြပါသည်။ အသိပညာကင်းမဲ့ပြီး သတိတရားမရှိသောသူများနှင့်ပေါင်းသင်းဆက်ဆံခြင်းသည် ပင်ပန်းစွာကြိုးစား၍ဖယ်ရှားပစ်ရမည့် ညစ်ညမ်းမှုကိုဖြစ်စေလိမ့်မည်ဟု သူတို့ယုံကြည်ထားကြသဖြင့် မသန့်ရှင်းသူများအဖြစ်သတ်မှတ်ခြင်းခံရသောထိုသူများကို ကိုယ်နှင့်စပ်ဆိုင်သူများအဖြစ် သူတို့မှတ်ယူကြပါမည်လား။

သခင်ယေရှုသည် ၎င်းတို့နှင့်အငြင်းမပွားလိုချေ။ မိမိအားအပြစ်တင်ရန်စောင့်ဆိုင်းနေကြသော ထိုသူများ၏တစ်ယူသန်မှုကို လူသိရှင်ကြားအပြစ်မတင်လိုချေ။ သို့ရာတွင် ရိုးရိုးပုံပမာတစ်ခုအားဖြင့် အားလုံးသောစိတ်နှလုံးများကိုထိတွေ့စေခဲ့သည့် ကောင်းကင်မှယိုစီးလာသောမေတ္တာတော်အကြောင်းပုံရိပ်ကို တရားနာပရိသတ်ရှေ့တွင်ထင်ရှားစေခဲ့ပြီး ထိုကျမ်းတတ်အားသမ္မာတရားကိုဝန်ခံလာရန် ဆွဲဆောင်တော်မူခဲ့ပါသည်။

အမှောင်ထုကိုပျောက်လွင့်စေသောနည်းလမ်းမှာ အလင်းကိုလက်ခံခြင်းပင်ဖြစ်ပါသည်။ မှားယွင်းမှုများကိုကိုင်တွယ်ဖြေရှင်းဖို့အကောင်းဆုံးနည်းလမ်းမှာ သမ္မာတရားကိုတင်ပြခြင်းပင်ဖြစ်ပါသည်။ ထာဝရဘုရား၏မေတ္တာတော်ကို ဖွင့်ဟဖော်ပြခြင်းသည်လည်း ငါတည်းဟူသောအတ္တကိုဗဟိုပြုနေသည့်စိတ်နှလုံး၏ချွတ်ယွင်းမှုများနှင့် အပြစ်များကိုထင်ရှားစေပါသည်။

"လူတစ်ယောက်သည် ယေရှုရှလင်မြို့မှယေရိခေါမြို့သို့သွားရာတွင် ဓားပြနှင့်တွေ့ကြုံလေ၏။ ဓားပြတို့သည် ထိုသူ၏အဝတ်ကိုချွတ်၍နာကျင်စွာရိုက်နှက်ပြီးမှ သေလုမတတ်ရှိသောအခါ ပစ်ထား၍သွားကြ၏။ ထိုလမ်းသို့ ယဇ်ပုရောဟိတ်တစ်ယောက်သည် အမှတ်တမဲ့သွား၍ ထိုလူနာကိုမြင်လျှင် လွှဲရှောင်၍သွားလေ၏။ ထိုနည်းတူ လေဝိတစ်ယောက်သည် ထိုအရပ်သို့ရောက်လာသောအခါ လာ၍ကြည့်မြင်လျှင် လွှဲရှောင်၍သွား၏။" လုကာ ၁၀း၃၀–၃၂။ ဤအကြောင်းအရာသည် စိတ်ကူးယဉ်ပုံပြင်တစ်ခုမဟုတ်ဘဲ ဖော်ပြခဲ့သည့်အတိုင်းအမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်မှန်တစ်ခုဖြစ်ပါသည်။ လွှဲရှောင်၍သွားခဲ့ကြသောယဇ်ပုရောဟိတ်ကြီးနှင့်လေဝိအမျိုးသားတို့သည် ခရစ်တော်၏နှုတ်ထွက်စကားများကို နာကြားနေကြသည့်အဖွဲ့ထဲတွင်ပါဝင်နေကြပါသည်။

ယေရှုရှလင်မြို့မှယေရိခေါမြို့သို့ခရီးသွားသော ထိုခရီးသည်သည် ယုဒနယ်ရှိတောအုပ်တစ်ခုကိုဖြတ်၍ ခရီးသွားခဲ့ပါသည်။ ဓားပြများ၏လုယက်မှုများကိုခံရသည့် ကျောက်ချပ်လျှိုမြောင်တစ်ခုစီသို့ဆင်းသွားသော ထိုလမ်းကလေးပေါ်တွင် သွေးထွက်သံယိုမြင်ကွင်းများကို မကြာခဏမြင်တွေ့ခဲ့ကြ





ရပါသည်။ ထိုလမ်းကလေးပေါ်တွင် ထိုခရီးသည်သည်တိုက်ခိုက်မှုကိုခံခဲ့ရပြီး တန်ဖိုးရှိသောပစ္စည်းအားလုံးအလုခံရကာ နာကျင်စွာအရိုက်အနှက်ခံခဲ့ရပါသည်။ ပစ်ထားခြင်းခံရသည့် ထိုသူလဲနေသောနေရာသို့ ထိုယဇ်ပုရောဟိတ်ကြီးရောက်ရှိလာခဲ့ပါသည်။ ဒဏ်ရာရထားသည့်ထိုလူနာကို ယဇ်ပုရောဟိတ်ကြီးသည် တစ်ချက်လှည့်ကြည့်ရုံသာလှည့်ကြည့်ခဲ့ပါသည်။ ထိုနောက် လေဝိအမျိုးသားတစ်ယောက်ရောက်ရှိလာခဲ့ပါသည်။ အချင်းဖြစ်ပွားမှုကိုသိလိုသောဆန္ဒဖြင့် သူသည်ဒဏ်ရာရရှိထားသည့် ထိုသူ၏အနီးသို့ကပ်သွားကာ ကုန်းပြီးသေသေချာချာကြည့်ရှုခဲ့ပါသည်။ ဘာလုပ်သင့်သည်ကိုသူသိရှိခဲ့သော်လည်း၊ ထိုအလုပ်မျိုးကိုသူမလုပ်ချင်ချေ။ ထိုသူကိုမတွေ့အောင် ထိုလမ်းမှမသွားဖြစ်ခဲ့လျှင်အကောင်းသားဟု သူရေရွတ်မိခဲ့ပါသည်။ ထိုကိစ္စသည် သူနှင့်ဘာမျှမဆိုင်ပါဟုလည်း ကိုယ့်ကိုကိုယ်သူအားတင်းခဲ့ပါသည်။

ဤပုဂ္ဂိုလ်နှစ်ဦးစလုံးသည် သန့်ရှင်းကောင်းမြတ်သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ပြီး၊ သမ္မာကျမ်းစာကိုအနက်ဖွင့်သူများအဖြစ် ထင်ရှားသောသူများဖြစ်ကြပါသည်။ သူတို့သည်လူများအတွက် ဘုရားသခင်၏ကိုယ်စားလှယ်များအဖြစ် အထူးရွေးချယ်ခြင်းခံရသည့်လူတန်းစားထဲမှပုဂ္ဂိုလ်များဖြစ်ကြပါသည်။ သူတို့သည် လူသားများအပေါ်ထားရှိသည့် ဘုရားသခင်၏မဟာမေတ္တာတော်ကို လူသားများနားလည်စေဖို့ လမ်းပြနိုင်စေရန်အလို့ငှာ "မိုက်သောသူ၊ မှားယွင်းသောသူတို့ကို" သနားခြင်းကရုဏာရှိရမည့်သူများဖြစ်ကြပါသည်။ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှာ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှာလည်းကောင်း၊ ညှဉ်းဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှာလည်းကောင်း၊ ငါ့ကိုစေလွှတ်တော်မူပြီ" ဟူ၍ ကိုယ်တော်ရှင်မိန့်တော်မူခဲ့သောလုပ်ငန်းများကိုလုပ်ဆောင်ရန်အတွက် သူတို့အားခေါ်တော်မူခြင်းဖြစ်ပါသည်။ လုကာ ၄း၁၈၊၁၉။

ဘုရားသခင်၏ကောင်းကင်တမန်များသည် ကမ္ဘာပေါ်တွင်အသက်ရှင်နေထိုင်လျက်ရှိကြသော ဘုရားသခင်၏မိသားစုမှ ဒုက္ခရောက်နေသူများအားကြည့်ရှုနေကြပြီး၊ ထိုသူများအားသက်သာခြင်းငှာ လုပ်ဆောင်ကြမည့်သူများနှင့်ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေကြပါသည်။ ထိုသူသည် အကူအညီအမအစများကိုလိုအပ်နေကြောင်းတွေ့မြင်နိုင်ရန် ထိုယဇ်ပုရောဟိတ်နှင့်လေဝိအမျိုးသားကို ထိုလူနာလဲလျောင်းနေသည့်ထိုလမ်းသို့ ဘုရားသခင်စီစဉ်ဆောင်ကြဉ်းခဲ့ခြင်းဖြစ်ပါသည်။ ထိုသူနှစ်ဦးသည် ဒုက္ခရောက်နေသူအား ကြင်နာသနားမှုရှိပါ့မလားဟု ကောင်းကင်တစ်ခုလုံးက စောင့်၍ကြည့်ခဲ့ကြပါသည်။ တော၌ဟေဗြဲလူမျိုးများအားညွှန်ကြားခဲ့သောပုဂ္ဂိုလ်သည် သခင်ယေရှုပင်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများထံမှ ယခုယုဒလူများခံယူနေသောအရာများသည် မိုးတိမ်တိုင်နှင့်မီးတိုင်များထဲမှနေ၍ ကိုယ်တော်သွန်သင်တော်မူခဲ့သော သင်ခန်းစာများထဲမှအရာများဖြစ်ကြပါသည်။ ပညတ္တိကျမ်းတွင်ပါရှိသောကရုဏာအစီအစဉ်များတွင် လိုချင်သည့်အရာကိုမတောင်းတတ်သည့်၊ နာကျင်မှုဝေဒနာကိုမပြောတတ်သည့် တိရစ္ဆာန်များအတွက်ပင်ပါဝင်ပါသည်။ ဣသရေလလူများအတွက် မောရှေအားပေးခဲ့သောညွှန်ကြားချက်မှာ “သင်သည်ရန်သူ၏မြင်း၊ နွား၊ လမ်းလွဲနေသည်ကိုတွေ့မြင်လျှင်၊ အမှန်ပြန်ပို့ရမည်။ သင့်ကိုမုန်းသောသူ၏မြည်းသည် မိမိဆောင်ရွက်သောဝန်အောက်မှာလဲနေသည်ကိုတွေ့မြင်လျှင် မမစဘဲနေနိုင်သလော။ အမှန်ဝိုင်းညီ၍မစရမည်” ဟူ၍ဖြစ်၏။ ထွက်မြောက်ရာ ၂၃း၄-၅။ ခရစ်တော်သည် ဓားပြများ၏ရိုက်နှက်မှုကိုခံခဲ့ရသည့် ထိုသူ၏အဖြစ်အပျက်တွင် ဒုက္ခဝေဒနာခံစားနေရသော ညီအစ်ကိုတစ်ယောက်၏ကိစ္စကိုတင်ဆက်တော်မူခဲ့ပါသည်။ ဝန်အောက်တွင်လဲနေသောတိရစ္ဆာန်တစ်ကောင်ကို သနားကြင်နာသင့်သည်ဆိုလျှင်၊ ဒုက္ခရောက်နေသောထိုလူများအတွက် မည်မျှသနားကြင်နာသင့်ပါသနည်း။ မောရှေအားဖြင့်ဣသရေလများအား ဘုရားသခင်မိန့်တော်မူသည်မှာ “သင်၏ဘုရားသခင်ထာဝရဘုရားသည်၊----ကြီးမြတ်သောဘုရား၊ တန်ခိုးနှင့်ပြည့်စုံ၍ ကြောက်မက်ဖွယ်သောဘုရား---မိဘမရှိသောသူငယ်၊ မုဆိုးမဘက်



၌တရားစီရင်၍၊ ဧည့်သည်အာဂန္တုတို့ကိုစုံမက်တော်မူ၏။ ထို့ကြောင့် သင်တို့နှင့်အတူနေသောဧည့်သည်ကို ကိုယ်အမျိုးသားချင်းကဲ့သို့မှတ်ရမည်။ ကိုယ်နှင့်အမျှချစ်ရမည်” ဟူ၏။ တရား ၁၀း၁၇-၁၉။ ဝတ်ပြု ၁၉း၃၄။

“ဧည့်သည်သည် လမ်း၌ညဉ့်ကိုမလွန်ရမည်အကြောင်း ငါသည်ခရီးသွားသောသူတို့အား ကိုယ်တံခါးကိုဖွင့်ထားပြီ” ဟူ၍ ယောဘဖွင့်ဟခဲ့ပါသည်။ ယောဘ ၃၁း၃၂။ လူယောင်ဆောင်လာသောကောင်းကင်တမန်နှစ်ပါးအားသောဒုံမြို့အဝင်တွင် လောတတွေ့ရှိသောအခါ၊ မြေ၌ဦးညွှတ်ချလျက်၊ “အကျွန်ုပ်သခင်တို့၊ ကိုယ်တော်တို့ကျွန်၏အိမ်သို့ဝင်၍ တစ်ညလုံးနေကြပါ” ဟုဆိုခဲ့၏။ က ၁၉း၂။ ထိုယဇ်ပုရောဟိတ်နှင့်လေဝိအမျိုးသားတို့သည် ဤအကြောင်းအရာများကိုသိရှိခဲ့ကြသော်လည်း၊ လက်တွေ့မကျင့်သုံးခဲ့ချေ။ သူတို့သည် အမျိုးသားရေးတစ်ယူသန်စိတ်ပြင်းထန်သည့်ကျောင်းများတွင် လေ့ကျင့်သင်ယူခဲ့ရသောကြောင့် အတ္တစိတ်များပြင်းထန်နေပြီး၊ သဘောထားကျဉ်းမြောင်းကာသီးသီးခြားခြားနေလိုသော စိတ်ဓာတ်များဖြစ်ပေါ်လာကြပါသည်။ ဒဏ်ရာရထားသည့်ထိုသူကို သူတို့တွေ့မြင်သောအချိန်တွင် ထိုသူသည်မည်သည့်လူမျိုးဖြစ်ကြောင်း သူတို့မခွဲခြားနိုင်ကြပါ။ ထိုသူကိုရှမာရိအမျိုးသားတစ်ဦးထင်၍ သူတို့စွန့်ပစ်ထားခဲ့ကြခြင်းဖြစ်ပါသည်။

ထိုသူနှစ်ဦး၏လုပ်ဆောင်မှုများတွင် ပညတ္တိကျမ်းများမှသွန်သင်ချက်များနှင့်ဆန့်ကျင်သောအရာတစ်စုံတစ်ရာကိုမျှ ထိုကျမ်းတတ်မတွေ့ရှိခဲ့ကြချေ။ သို့ရာတွင် ခရစ်တော်ဆက်လက်ဖော်ပြသည်မှာ -

ရှမာရိလူတစ်ယောက်သည် ခရီးသွားစဉ်တွင် ထိုလူနာရှိရာသို့ရောက်၍ ၎င်းကိုမြင်သောအခါ ကရုဏာစိတ်ရှိလေ၏။ ထိုဧည့်သည်သည် ယုဒလူဖြစ်သလား၊ ရှမာရိလူဖြစ်သလား ဟုသူမမေးမြန်းခဲ့ချေ။ အကယ်၍ယုဒလူတစ်ဦးဖြစ်နေခဲ့လျှင် အခြေအနေသည်တစ်မျိုးပြောင်းသွားကာ လူနာသည်မိမိမျက်နှာကိုတံတွေးနှင့်ထွေးပြီး မထီလေးစားမျက်နှာဖြင့်ထွက်သွားလိမ့်မည်ဖြစ်ကြောင်း ထိုရှမာရိလူကကောင်းစွာသိရှိထားပါသည်။ သို့ရာတွင် ထိုကိစ္စကြောင့်သူမနှောင့်နှေးခဲ့ပါ။ ထိုနေရာမျိုးတွင်ကြာကြာနေသည့်အတွက် မိမိ၌အန္တရာယ်

ရှိသည်ကိုပင် ဂရုမထားခဲ့ချေ။ အခြားအရာများကိုအရေးမထားခဲ့ဘဲ မိမိရှေ့တွင်ဒုက္ခရောက်၍အကူအညီလိုနေသူတစ်ဦးရောက်နေသည်ကိုသာ သူဂရုထားခဲ့ပါသည်။ ခရီးသွားစဉ်တွင် မိမိအသုံးပြုရန်ယူဆောင်လာခဲ့သော ဆီနှင့်စပျစ်ရည်များဖြင့် ထိုသူ၏အနာများကိုဆေးကြောသန့်စင်ကာလူးပေးပြီး မိမိ၏ဝတ်ရုံကိုဆုတ်ဖြဲလျက် ချည်နှောင်စည်းပတ်ပေးခဲ့ပါသည်။ ထိုနောက်ထိုလူနာအားမိမိ၏တိရစ္ဆာန်အပေါ်တွင်တင်ပြီး အနာသက်သာစေရန်၊ ညီညာသောလမ်းအတိုင်း ဖြည်းဖြည်းချင်းသယ်ဆောင်သွားခဲ့ပါသည်။ သူသည်ထိုလူနာအားဇရပ်တစ်ခုသို့ခေါ်ဆောင်သွားပြီး တစ်ညလုံးပြုစုစောင့်ရှောက်ခဲ့ပါသည်။ နံနက်မိုးလင်းသောအခါ လူနာသည်အနည်းငယ်သက်သာလာပြီဖြစ်သဖြင့် သူသည်သွားရမည့်ခရီးစဉ်အတိုင်း ခရီးဆက်ခဲ့ပါသည်။ ခရီးမဆက်မီတွင် ထိုလူနာကိုဇရပ်စောင့်ထံအပ်နှံကာ ကျသင့်သည့်ကုန်ကျစရိတ်များကိုရှင်းပေးပြီး ဆက်လက်၍ကျွေးမွေးပြုစုရန်အတွက်လည်း ငွေကြေးများကိုပေးထားခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ပေးရုံနှင့်အားမရသေးဘဲ "ဤသူကိုကြည့်ရှုပြုစုပါ၊ ကုန်သမျှကိုငါပြန်လာသောအခါဆပ်ပေးမည်" ဟု ကတိကဝတ်ပြုကာ စီစဉ်ပေးခဲ့ပါသည်။

သခင်ယေရှုသည် ထိုကျမ်းတတ်ကိုစူးစိုက်စွာကြည့်လျက် တစ်မဟုတ်ချင်းတွင် ထိုသူ၏စိတ်ကိုဖတ်ရှုသိရှိသည့်အလား၊ "ထိုသူသုံးယောက်တို့တွင် အဘယ်သူသည် ဓားပြလက်သို့ရောက်သောသူနှင့်စပ်ဆိုင်သောသူဖြစ်သနည်း" ဟုမေးခြင်းဖြင့် ဤပုံပမာကိုအဆုံးသတ်ခဲ့ပါသည်။

ထိုကျမ်းတတ်သည် ယခုအချိန်အထိပင်၊ ရှမာရိဟူသောအမည်ကိုပါးစပ်ဖျားတွင်ခေါ်ဝေါ်သုံးစွဲခြင်းမပြုသေးဘဲ "လူနာကိုသနားသောသူသည်စပ်ဆိုင်သောသူဖြစ်ပါ၏" ဟုလျှောက်လေသော်၊ ယေရှုက "သင်သည်သွား၍ထိုနည်းအတူပြုလော့" ဟုမိန့်တော်မူ၏။

"အဘယ်သူသည်၊ အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်း" ဟူသောမေးခွန်းကို ဤနည်းအားဖြင့်အမြဲတမ်းအဖြေပေးတော်မူပါသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူဆိုရာ၌ မိမိတို့၏အသင်းတော်မှအသင်းသားတစ်ဦး



(သို့မဟုတ်) ယုံကြည်ခြင်းတူသူတစ်ဦးကိုသာ ဆိုလိုခြင်းမဟုတ်ကြောင်း၊ လူမျိုးအသားအရောင်နှင့် လူတန်းစားကွဲပြားခြားနားမှုများနှင့်လည်းမပတ်သက်ကြောင်း ဖော်ပြတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့ထံမှအကူအညီအမအစများကိုလိုအပ်သောသူတိုင်းသည် ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသူများဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ရန်သူဖြစ်သော စာတန်၏နာကျင်စွာရိုက်နှက်ခြင်းကိုခံရသောအသက်ဝိညာဉ်တိုင်းသည် ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသူများဖြစ်ကြပါသည်။ ထာဝရဘုရားပိုင်ဆိုင်သောသားသမီးတိုင်းသည် ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသူဖြစ်ပါသည်။

"ကောင်းသောရှမာရိ" ပုံပမာတွင် ခရစ်တော်သည် မိမိကိုယ်တော်တိုင်နှင့် မိမိအမှုတော်အကြောင်းကိုပုံဖော်ထားခဲ့ပါသည်။ လူသားများသည်စာတန်မာရ်နတ်၏လှည့်ဖြားမှု၊ ရိုက်နှက်မှု၊ လုယူမှုနှင့်ဖျက်ဆီးမှုများကိုခံနေကြရပြီး၊ ပျက်စီးဆုံးပါးသွားစေရန် ပစ်ထားခြင်းကိုခံနေကြရသော်လည်း၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ခိုကိုးရာမဲ့ဘဝကို သနားတော်မူပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အားကယ်တင်ရန်အလို့ငှာ၊ မိမိဘုန်းတော်ကိုစွန့်တော်မူခဲ့ပါသည်။ သေလုမြောပါးဖြစ်နေသော ကျွန်ုပ်တို့အခြေအနေကိုတွေ့ရှိတော်မူသဖြင့် ကျွန်ုပ်တို့၏လူသားဇာတိကို ယူတင်ဝတ်ဆောင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏အနာများကို သက်သာပျောက်ကင်းစေ၍ ကိုယ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံနှင့် ကျွန်ုပ်တို့အားလွှမ်းခြုံပေးတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့အားလုံခြုံသောခိုလှုံရာနေရာသို့လမ်းပြတော်မူခဲ့ပြီး မိမိကိုယ်တိုင်အနစ်နာခံကာ လိုလေသေးမရှိအောင်ပြင်ဆင်ပေးတော်မူခဲ့ပါသည်။ ထိုနောက် ကိုယ်တော်သည် ကျွန်ုပ်တို့အားကယ်ဆယ်ရန်အတွက် အသေခံတော်မူခဲ့ပြီး မိမိ၏အသက်တာနမူနာပုံစံကိုညွှန်ပြလျက် "သင်တို့သည်အချင်းချင်းချစ်စေခြင်းငှာ၊ ဤပညတ်တို့ကိုငါပေး၏" "ငါသည်သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့" ဟူ၍ တပည့်တော်များအား ကိုယ်တော်မိန့်တော်မူပါသည်။ ယော၁၅း၁၇၊ ၁၃း၃၄။

ထိုကျမ်းတတ်က "အကျွန်ုပ်သည် အဘယ်အမှုကိုပြုရပါမည်နည်း" ဟူ၍ခရစ်တော်အားမေးမြန်းလိုက်ရာ ဘုရားသခင်ကိုချစ်ခြင်းနှင့်လူကိုချစ်ခြင်းကို

ဖြောင့်မတ်ခြင်း၏အထွတ်အထိပ်အဖြစ်မှတ်ယူကာ ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့။ "ထိုသို့ပြုလျှင် အသက်ကိုရလိမ့်မည်" ဟုယေရှုမိန့်တော်မူ၏။ ထိုရှမာရိအမျိုးသားသည် ကြင်နာချစ်ခင်တတ်သည့်စိတ်နှလုံး၏ဆင့်ဆိုချက်အတိုင်း လုပ်ဆောင်ခြင်းအားဖြင့်၊ မိမိကိုယ်ကိုတရားကိုကျင့်သောသူတစ်ဦးအဖြစ်သက်သေပြခဲ့ပါသည်။ ထို့ကြောင့်ခရစ်တော်သည် ထိုကျမ်းတတ်အား၊ သင်သည်သွား၍ထိုနည်းတူပြုလော့" ဟုမိန့်တော်မူ၏။ ဘုရားသခင်၏သားသမီးများသည် အပြောသက်သက်မဟုတ်ဘဲ အကျင့်ကိုကျင့်ရန် ကိုယ်တော်မျှော်လင့်တော်မူပါသည်။ "ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူကျင့်ရမည်၊" ၁ယော ၂း၆။

ခရစ်တော်မိန့်တော်မူနေသောအချိန်အခါတွင် ထိုလောကသားများသည် ဤသင်ခန်းစာမျိုးကိုလေ့ကျက်ရန်လိုအပ်နေသကဲ့သို့ ယခုအချိန်တွင်လည်းလိုအပ်လှပါသည်။ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် သက်ဝင်လှုပ်ရှားမှုမရှိသောအခမ်းအနားများသည် မေတ္တာတည်းဟူသောမီးလျှံကို ငြိမ်းစေလုမတတ်ဖြစ်ခဲ့ပြီး စာရိတ္တ၏အမွေးအကြိုင်ဖြစ်သောကရုဏာတော်ကို ပျောက်လွင့်စေခဲ့ပါသည်။ ခရစ်ယာန်ဟူသောအမည်ကိုခံယူနေကြသည့်လူများအနေဖြင့် မိမိတို့သည် ခရစ်တော်ကိုရုပ်လုံးဖော်ရမည်ဟူသောအချက်ကို မျက်ခြည်ပြတ်ခဲ့ကြလေပြီ။ မိမိတို့၏မိသားစုတွင်သော်လည်းကောင်း၊ အိမ်နီးနားချင်းများအလယ်တွင်သော်လည်းကောင်း၊ အသင်းတော်ထဲတွင်သော်လည်းကောင်း မည်သည့်နေရာတွင်ဖြစ်စေ၊ သူတစ်ပါး၏အကျိုးအတွက် လက်တွေ့ကျကျကိုယ်ကျိုးမစွန့်ခဲ့ပါလျှင်၊ မိမိကိုယ်ကိုမည်သို့ပင်ခရစ်ယာန်ဟုပြောနေစေကာမူ ကျွန်ုပ်တို့သည် ခရစ်ယာန်များမဟုတ်ကြပါ။

ခရစ်တော်သည် လူသားများ၏အရေးကိုစိတ်ဝင်စားတော်မူပြီး၊ လူသားများကယ်တင်ခြင်းရစိမ့်သောငှာ၊ မိမိနှင့်တစ်လုံးတစ်ဝတည်းဖြစ်လာကြရန် တောင်းဆိုတော်မူနေပါသည်။ "သင်တို့သည် အဖိုးမပေးဘဲ ကျေးဇူးတော်ကိုခံရကြပြီဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့" ဟုလည်းမိန့်တော်မူ



နေပါသည်။ ပညတ်တော်လွန်ကျူးခြင်းသည် ဒုစရိုက်အပေါင်းတွင်အဆိုးဆုံးဖြစ်သော်လည်း ကျွန်ုပ်တို့၏အငန်းအတာမှာ အပြစ်သားကိုသနားကြင်နာ၍ကူညီမစရန်ဖြစ်ပါသည်။ မိမိတို့၏မှားယွင်းမှုများနှင့် ချွတ်ယွင်းချက်များကြောင့်ရှက်ကြောက်မှုများကိုခံစားနေရသူများ များစွာရှိကြပါသည်။ ထိုသူများသည် အားပေးစကားများကို ဆာငတ်ခင်မွတ်နေကြပါသည်။ ထိုသူများသည် မိမိတို့၏အမှားအယွင်းကိုကြည့်ကာ မျှော်လင့်ချက်မဲ့နေကြသူများဖြစ်ကြပါသည်။ ဤဝိညာဉ်များကိုလျစ်လျူရှုထားရန်မဟုတ်ချေ။ ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်ကြပါလျှင် ကျွန်ုပ်တို့ထံမှအကူအညီအမအစလိုအပ်နေသူများထံမှ ဝေးနိုင်သမျှဝေးအောင်ရှောင်ဖယ်သွားကြလိမ့်မည်မဟုတ်ချေ။ နာကျင်မှုဝေဒနာများကြောင့်ဖြစ်စေ၊ အပြစ်ကြောင့်ဖြစ်စေ၊ ဒုက္ခဆင်းရဲခြင်းနှင့်ရင်ဆိုင်နေရသည့်လူများကိုတွေ့ရှိသောအခါ ဤကိစ္စသည်ကျွန်ုပ်နှင့်မဆိုင်ပါဟု မည်သည့်အခါမျှကျွန်ုပ်တို့ပြောကြလိမ့်မည်မဟုတ်ချေ။

"ဝိညာဉ်ဆုကျေးဇူးကိုခံရသောသင်တို့သည်----သိမ်မွေ့နူးညံ့သောသဘောနှင့်---သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့" ဂလာတိ ၆း၁။ ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းအားဖြင့် ရန်သူ၏တန်ခိုးကိုတွန်းလှန်ပါ။ ယုံကြည်ခြင်းနှင့်ဆိုင်သောစကားများပြောပေးခြင်း၊ အားပေးစကားများပြောပေးခြင်းများသည် ထိခိုက်ဒဏ်ရာရနေသည့်သူတိုင်းအတွက် အနာပျောက်ကင်းစေနိုင်သည့်သစ်ဆီမွှေးကဲ့သို့ဖြစ်ပါလိမ့်မည်။ ကြီးမားလှသည့်ဘဝတိုက်ပွဲကြီးတွင် ရှုန်းကန်နေရသောလူများစွာတို့အား တိုက်လှန်ပွဲကိုကျော်လွှားအောင်မြင်နိုင်ကြရန် နှစ်သိမ့်မှုပေးသောစကားတစ်လုံးအားဖြင့် ခွန်အားပေးနေသည့်အချိန်တွင် ၎င်းတို့သည် နွမ်းလျပင်ပန်း၍ စိတ်ဓာတ်ကျဆင်းနေသည့်အခြေအနေတွင်ရှိပါသည်။ ထို့ကြောင့် ဝေဒနာခံစားနေရသူတစ်ဦးအား ဘုရားသခင်ထံမှ ကျွန်ုပ်တို့ခံစားခဲ့ရသောနှစ်သိမ့်စကားမျိုးကိုမျှဝေရန် မကြိုးစားဘဲမည်သည့်အခါမှ ရှောင်ဖယ်မသွားသင့်ပါချေ။

ကောင်းသောရှမာရိပုံပမာတွင်သော်လည်းကောင်း၊ ခရစ်တော်၏သက်တော်စဉ်တွင်သော်လည်းကောင်း၊ ထင်ရှားစေခဲ့သောနိယာမသည် ပညတ်တော်

အတိုင်းကျင့်ဆောင်ခြင်းအတွက် တစ်ခုတည်းသောနိယာမဖြစ်ပါသည်။ ကိုယ်တော်၏စာရိတ္တတော်သည် ပညတ်တော်၏စစ်မှန်သောအရေးကြီးပုံကိုဖော်ပြခဲ့ပြီး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော သွန်သင်ချက်၏အဓိပ္ပါယ်ကို ထင်ရှားစေခဲ့ပါသည်။ ဘုရားသခင်၏သားသမီးများသည် လူသားများအပေါ်ကရုဏာများ ကြင်နာသနားမှုများနှင့် မေတ္တာတရားများကို ထင်ရှားစေကြသောအချိန်တွင် ၎င်းတို့သည် ကောင်းကင်မှပြဋ္ဌာန်းထားသည့် ပညတ်တော်၏သဘာဝကို သက်သေခံနေကြခြင်းဖြစ်ကြပါသည်။ “ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏” ဟူသောအမှန်တရားကိုလည်း သက်သေခံနေကြခြင်းဖြစ်ပါသည်။ (ဆာလံ ၁၉း၇) မေတ္တာပြရန်ပျက်ကွက်သောသူသည် မိမိရိုသေလေးစားပါသည်ဟုဖွင့်ဟပြောဆိုနေသောပညတ်တော်ကိုလွန်ကျူးနေခြင်းဖြစ်ပါသည်။ အကြောင်းမူကား၊ မိမိညီအစ်ကိုအပေါ်တွင်ထားသောစိတ်သဘောထားနှင့် ထာဝရဘုရားအပေါ်ထားရှိသည့် ကျွန်ုပ်တို့၏သဘောထားများကိုဖော်ညွှန်းနေခြင်းကြောင့်တည်း။ နှလုံးသားထဲတွင်ရှိနေသည့် ဘုရားသခင်ကိုချစ်သည့် မေတ္တာသည် ကိုယ်နှင့်စပ်ဆိုင်သူများအပေါ်ချစ်နိုင်မည့် တစ်ခုတည်းသောမေတ္တာစမ်းချောင်းဖြစ်ပါသည်။ “တစ်စုံတစ်ယောက်သောသူက ငါသည်ဘုရားသခင်ကိုချစ်၏ဟုဆိုလျက်ပင်၊ မိမိညီအစ်ကိုကိုမုန်းလျှင် ထိုသူသည်မုသားသုံးသောသူဖြစ်၏။ မိမိမြင်ရသောမိမိညီအစ်ကိုကိုမချစ်လျှင် မမြင်သေးသောဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း။ ဘုရားသခင်ကိုချစ်သောသူသည် မိမိညီအစ်ကိုကိုချစ်ရမည်ဟူသော ပညတ်တော်ကိုငါတို့သည် ခရစ်တော်ထံ၌ခံရကြပြီ” ၁ယော ၄း၂၀–၂၁။

****



# tcef; (55)
# rsufjrifaomt&müirwnf

ရှင်လုကာ ၁၇း၂၀–၂၂ ကိုအခြေပြုထားပါသည်။

ဖာရိရှဲတို့သည် ခရစ်တော်ထံသို့ချဉ်းကပ်လာကြကာ “ဘုရားသခင်၏နိုင်ငံတော်သည် အဘယ်ကာလမှာတည်ပါမည်နည်း” ဟု မေးလျှောက်ကြ၏။ ဆရာယောဟန်သည် “ကောင်းကင်နိုင်ငံတော်သည်တည်လုနီးပြီ” ဟူသောသတင်းစကားကို ဤယုဒနယ်တွင်ဟစ်ကြွေးခဲ့သည်မှာ သုံးနှစ်သုံးမိုးပင်ကျော်လွန်သွားခဲ့ပေပြီ။ မဿဲ ၃း၂။ သို့ရာတွင် ဤဖာရိရှဲများအနေဖြင့် နိုင်ငံတော်တည်ထောင်ကြောင်း အရိပ်အမြွက်ကိုယခုတိုင်အောင်မတွေ့မြင်ရသေးချေ။ ဆရာယောဟန်ကိုငြင်းဆန်ခဲ့သူများနှင့် သခင်ယေရှုအားဆန့်ကျင်နေသူများသည် ကိုယ်တော်၏အမှုတော်ကျဆုံးသွားပြီဖြစ်ကြောင်း စောင်းချိတ်ပြောဆိုလာကြပါသည်။ ထိုအခါယေရှုက “ကောင်းကင်နိုင်ငံတော်သည် မျက်မြင်သောအရာ၌မတည် ဤအရပ်၌ကြည့်ပါ။ ထိုအရပ်၌ကြည့်ပါဟုပြောစရာအခွင့်မရှိ။ အကြောင်းမူကား၊ ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၏အထဲတွင်ရှိသည်ဟုမိန့်တော်မူ၏။” ကောင်းကင်နိုင်ငံတော်သည် စိတ်နှလုံးထဲတွင်အစပျိုးပါသည်။ ကောင်းကင်နိုင်ငံတည်ထောင်နေပြီဖြစ်ကြောင်း အမှတ်အသားပြုရန်လောကဆိုင်ရာတန်ခိုးအာဏာများ၏ဖော်ပြမှုများကိုမြင်တွေ့ရန် ဟိုဟိုဒီဒီမကြည့်ပါနှင့်။

ထိုနောက်ကိုယ်တော်သည် တပည့်တော်များဘက်သို့လှည့်ကာ “သင်တို့သည် လူသား၏နေ့ရက်တစ်ရက်ကိုမျှ တွေ့မြင်လို၍မတွေ့မြင်ရသောအချိန်ကာလရောက်လိမ့်မည်” ဟုမိန့်တော်မူ၏။ အကြောင်းမူကား၊ ထိုနေ့ရက်သည် လောကပကာသနများကင်းမဲ့နေသဖြင့် သင်သည်ငါ့အမှုတော်၏ဘုန်းအသရေကို မသိမြင်မှာစိုးရပါသည်။ လူဇာတိကိုခံယူထားသော်လည်း လူသားများအတွက်အသက်နှင့်အလင်းဖြစ်တော်မူသောကိုယ်တော်သည် သင်တို့အလယ်တွင်ရှိနေခြင်းကြောင့် လတ်တလောရရှိမည့်အခွင့်အရေးသည် မည်မျှကြီးမား

သည်ကို သင်တို့မသိကြပါတကား။ သင်တို့သည် ဘုရားသခင်၏သားတော်နှင့်ယုဒအချိန်တွင်အတူသွားအတူလာပြီး စကားလက်ဆုံကျခွင့်များအပေါ်တောင့်တစွာဖြင့်ပြန်လည်စဉ်းစားသောအချိန်တွင် ထိုနေ့များသည်ရောက်လာလိမ့်မည်။

သခင်ယေရှု၏တမန်တော်များသည်ပင်လျှင် တစ်ကိုယ်ကောင်းဆန်သောစိတ်များနှင့်လောကကိုခင်တွယ်မှုများကြောင့် ကိုယ်တော်ရှင်ဖော်ပြလိုသည့် ဝိညာဉ်ရေးနှင့်ဆိုင်သောဘုန်းအသရေကိုမသိနားမလည်ကြချေ။ ကိုယ်တော်ရှင်သည် ကောင်းကင်နိုင်ငံတော်ရှိ အဖခမည်းတော်ဘုရားသခင်ထံတက်ကြွသွားပြီးနောက် ယုံကြည်သူများအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်မသွန်းလောင်းမီအချိန်အထိ တမန်တော်ကြီးများသည် ကယ်တင်ရှင်၏စာရိတ္တတော်နှင့် ကယ်တင်ရှင်၏အမှုတော်ကိုပြည့်ပြည့်ဝဝအလေးအမြတ်မပြုခဲ့ကြချေ။ သူတို့သည် ဝိညာဉ်တော်အားဖြင့်ဗတ္တိဇံကိုခံယူပြီးသည့်နောက်ပိုင်းတွင် မိမိတို့သည် ဘုန်းတော်အရှင်၏ရှေ့မှောက်တွင်နေခဲ့ကြဖူးကြောင်းကို စတင်သိရှိလာခဲ့ပါသည်။ သခင်ခရစ်တော်၏မိန့်တော်မူချက်များကို သူတို့ပြန်လည်၍သတိရအောက်မေ့လာကြသောအခါ ၎င်းတို့၏စိတ်နှလုံးများသည် အနာဂတ္တိစကားများကိုသိရှိနားလည်ရန်နှင့် ကိုယ်တော်ရှင်ပြုတော်မူခဲ့သော နိမိတ်လက္ခဏာများကို နားလည်သဘောပေါက်ရန် ဆန္ဒပြင်းပြလာခဲ့ကြပါသည်။ ကိုယ်တော်အသက်တာတွင် ထင်ရှားခဲ့သောအံ့ဖွယ်အမှုအရာများကို သူတို့ပြန်လည်သတိရခဲ့ကြပြီး၊ အိပ်မက်မှလန့်နိုးလာခဲ့သူများနှယ်ဖြစ်ခဲ့ကြပါသည်။ “နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်းပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့သူ၏ဘုန်းတော်ကိုငါတို့သည်မြင်ရကြပြီ” ဟူ၍ သူတို့သဘောပေါက်လာကြပါသည်။ ယော ၁း၁၄။ ခရစ်တော်သည် အပြစ်တွင်ကျဆုံးနေသောအာဒံ၏သားသမီးများကိုကယ်တင်ရန် ဘုရားသခင့်ထံတော်မှ ဤအပြစ်ကမ္ဘာသို့ကြွလာတော်မူခဲ့ပါသည်။ တမန်တော်များသည် ဤအကြောင်းအရာကိုမသိရှိခင်ကထက် ယခုအချိန်တွင် မိမိကိုယ်ကိုအထင်ကြီးမှုများလျော့နည်းသွားသလိုဖြစ်ခဲ့ပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများနှင့် လုပ်ဆောင်ချက်များကို မမောတမ်းမပန်းတမ်းပြန်ပြောပြခဲ့ကြပါသည်။ ဝိုးတဝါးသူတို့နားလည်ခဲ့သော ကိုယ်တော်ရှင်သွန်သင်ခဲ့သောသင်ခန်းစာများသည် ယခုတွင်အသစ်သောဗျာဒိတ်တော်ကဲ့သို့ သူတို့နားလည်လာခဲ့ကြပါသည်။ သမ္မာကျမ်းစာသည် သူတို့အတွက်စာအုပ်အသစ်တစ်အုပ်ကဲ့သို့ဖြစ်လာခဲ့ပါသည်။



တမန်တော်များသည် ခရစ်တော်အကြောင်းသက်သေခံထားသည့်အနာဂတ္တိစကားများကို ရှာဖွေလေ့လာကြစဉ်တွင် ဘုရားသခင်နှင့်ရင်းနှီးမှုများရရှိခဲ့ကြပြီး ကိုယ်တော်ရှင်သည် ကမ္ဘာပေါ်တွင်အစပျိုးခဲ့သည့်အမှုတော်အားအဆုံးသတ်ရန် ကောင်းကင်နိုင်ငံတော်သို့တက်ကြွသွားခဲ့ခြင်းဖြစ်ကြောင်းသိရှိလာခဲ့ကြပါသည်။ ဘုရားသခင်၏အမအစမပါလျှင် မည်သည့်လူတစ်ဦးတစ်ယောက်မျှ မသိနားမလည်နိုင်သောအသိပညာများဖြင့် ကိုယ်တော်သည်ကြွယ်ဝပြည့်စုံတော်မူကြောင်းကို သူတို့အသိအမှတ်ပြုခဲ့ကြပါသည်။ ဘုရင်များ၊ ပုရောဖက်များနှင့် သန့်ရှင်းသူများတို့ကကြိုတင်ဟောကြားခဲ့ကြသော ကိုယ်တော်ထံမှအမအစများကို သူတို့လိုအပ်ခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်၏စာရိတ္တတော်နှင့်အမှုတော်ကို သရုပ်သကန်ပေါ်အောင်ဖော်ပြထားသည့် အနာဂတ္တိစကားများကို ထပ်ခါတလဲလဲဖတ်ရှုခဲ့ကြပါသည်။ သို့ရာတွင် အနာဂတ္တိကျမ်းများကို ဝိုးတဝါးသာသိမြင်နားလည်ခဲ့ကြပါသည်တကား။ ခရစ်တော်အကြောင်းသက်သေခံထားသည့် ကြီးမြတ်သောသမ္မာတရားများကို သူတို့နားလည်မှုနှေးကွေးခဲ့ကြပါတကား။ လူများအလယ်တွင်နေထိုင်သွားလာတော်မူစဉ် ကိုယ်တော်ရှင်၏နှိမ့်ချ၊ နှိမ့်ကျသောအသက်တာကိုကြည့်လျက် သဘာဝနှစ်ခုကိုတစ်ပြိုင်နက်ခံယူတော်မူခဲ့သော ကိုယ်တော်၏ဇာတိခံယူခြင်း၏နက်နဲမှုကို သူတို့နားမလည်ခဲ့ကြချေ။ လူ့ဇာတိတွင်ထင်ရှားသောဘုရားဇာတိတော်ကို ကောင်းမွန်စွာနားမလည်နိုင်စေရန် သူတို့မျက်စိများကိုကန်းစေခဲ့ကြပါသည်။ သို့ရာတွင် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခဲ့ကြပြီးသည့်နောက်ပိုင်းတွင် သူတို့သည် ကိုယ်တော်ရှင်ကို နောက်တစ်ဖန်ပြန်လည်ဖူးတွေ့ရန် ကိုယ်တော်ရှင်

၏ခြေတော်ရင်းတွင် ပျပ်ဝပ်ခစားကြရန်အလွန်တောင့်တခဲ့ကြပါသည်။ ကိုယ်တော်ရှင်ထံပါးသို့ချဉ်းကပ်၍ သူတို့နားမလည်ကြသည့်ကျမ်းချက်များကို ယေရှုရှင်အားရှင်းပြခိုင်းရန် အလွန်ဆန္ဒပြင်းပြခဲ့ကြပါသည်။ အကယ်၍သာ ရှင်းပြခဲ့မည်ဆိုလျှင် သူတို့သည် အထူးအာရုံစိုက်၍နားထောင်ခဲ့ကြလိမ့်မည် သာတည်း။ "သင်တို့အားငါပြောစရာစကားအများရှိသော်လည်း သင်တို့သည် ယခုမခံနိုင်ကြ" ဟူ၍မိန့်တော်မူသောအခါ ခရစ်တော်သည် မည်သည့်အရာ ကိုဆိုလိုပါသနည်း။ ယော ၁၆း၁၂။ နှုတ်ထွက်စကားအားလုံးကို သူတို့သိရှိ ရန်အလွန်စိတ်စောနေကြပါသည်တကား။ မိမိတို့၏ယုံကြည်ခြင်းသည် မိမိ တို့၏အတွေးအခေါ်များလွဲမှားသွားလောက်အောင်၊ စစ်မှန်သောအရာကိုနား မလည်နိုင်လောက်အောင် အားနည်းနေသည့်အတွက် သူတို့ဝမ်းနည်းခဲ့ကြပါ သည်။

ယုဒလူများက ကိုယ်တော်ရှင်အားလက်ခံကြိုဆိုကြစေရန်အလို့ငှာ ယုဒ တစ်မျိုးသားလုံးနှင့်တစ်ကမ္ဘာလုံးက ကိုယ်တော်၏အမှုတော်အပေါ်စိတ်ဝင်စား လာစေရန် ဘုရားသခင်သည် ခရစ်တော်၏ကြွလာခြင်းကိုကြေညာဖို့ ရှေ့ပြေး တစ်ဦးကိုစေလွှတ်တော်မူခဲ့ပါသည်။ ဆရာယောဟန်ကြေညာနေသည့် ထို အံ့ဖွယ်ပုဂ္ဂိုလ်သည် သူတို့အလယ်၌ရောက်ရှိနေခဲ့သည်မှာ အနှစ်သုံးဆယ်ပင် ကျော်ပြီဖြစ်သော်လည်း ထိုသူအားဘုရားသခင်စေလွှတ်တော်မူသည့်ပုဂ္ဂိုလ် တစ်ပါးအနေဖြင့် သူတို့အမှန်တကယ်မသိခဲ့ကြချေ။ တမန်တော်များသည် မိမိတို့၏ထင်မြင်ယူဆချက်များကိုမှားယွင်းသွားစေပြီး မိမိတို့၏နားလည်မှု များကို မှုန်ဝါးသွားစေသည့်မယုံကြည်မှုများကို လက်ခံခဲ့မိကြသည့်အတွက် ကြောင့် နောင်တသံဝေဂရခဲ့ကြပါသည်။ မှောင်မိုက်ကမ္ဘာ၏အလယ်တွင် အလင်းတော်သည်ထွန်းလင်းလျက်ရှိသော်လည်း ထိုအလင်းတော်သည် မည် သည့်အရပ်မှဖြာထွက်လာသည်ကို သူတို့မသိနားမလည်ခဲ့ကြချေ။ ခရစ်တော် အနေဖြင့် မိမိတို့အားအပြစ်တင်ဆုံးမစရာဖြစ်စေသည့်အမှုတစ်ခုကို မည်သည့် အတွက်ကြောင့်လုပ်ကိုင်ဆောင်ရွက်မိခဲ့သနည်းဟု ကိုယ့်ကိုကိုယ်သူတို့မေးခွန်း ထုတ်ခဲ့ကြပါသည်။ မောရှေထက်ကြီးမြတ်သောပုဂ္ဂိုလ်သည် ကျွန်ုပ်တို့အလယ်



တွင်ရောက်ရှိနေတော်မူကြောင်းကိုလည်းကောင်း၊ ရှောလမုန်ထက်ပညာဉာဏ် ကြီးသောသူသည် ကျွန်ုပ်တို့အားသွန်သင်နေကြောင်းကိုလည်းကောင်း မသိ နားမလည်စေရန်အလို့ငှာ ကျွန်ုပ်တို့၏အသိဉာဏ်ကို ကယောက်ကယက်ဖြစ် စေသော ဖာရိရှဲများ၏ဆန့်ကျင်မှုများနှင့် လောကအရာများကိုအရေးတယူပြု ခြင်းများအား အဘယ်ကြောင့်ကျွန်ုပ်တို့ခွင့်ပြုခဲ့ကြသနည်း။ ကျွန်ုပ်တို့၏နား များသည် အလွန်ထိုင်းလေစွတကား။ ကျွန်ုပ်တို့၏သိနားလည်မှုသည် အလွန် နည်းပါးလှစွတကား။

သောမသည် ရောမစစ်သားများကြောင့်ဖြစ်ခဲ့ရသည့်အမာရွတ်ကို မိမိလက်နှင့်မစမ်းရမချင်း ယုံကြည်ခဲ့လိမ့်မည်မဟုတ်ချေ။ ပေတရုသည် ကိုယ်တော်၏နှိမ့်ချမှုအတွက် ကိုယ်တော်အားငြင်းပယ်ခဲ့ပါသည်။ သူတို့သည် နာကြည်းစရာကောင်းသော ဤဖြစ်ရပ်များကိုထင်ရှားစွာပြန်ပြောင်းသတိရခဲ့ ပါသည်။ ကိုယ်တော်နှင့်အတူသူတို့နေထိုင်ခဲ့ဖူးကြသော်လည်း ကိုယ်တော် ကိုမသိနားမလည်ခဲ့ကြချေ။ မိမိတို့၏မယုံကြည်မှုများကို သူတို့အသိအမှတ် ပြုကြစဉ်တွင် ဤအကြောင်းအရာများသည် ၎င်းတို့၏စိတ်နှလုံးကို အထူး လှုပ်ရှားစေခဲ့ပါသည်။

ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ပူးပေါင်း၍၎င်း တို့အားဖမ်းဆီးအရေးယူကာ ထောင်သွင်းအကျဉ်းချခဲ့ကြသော်လည်း ထိုသူ တို့သည် "သခင်ယေရှု၏နာမတော်ကြောင့် မိမိတို့သည်အရှက်ကွဲခြင်းကိုခံ ထိုက်ကြသည်" ဟုဝမ်းမြောက်သောစိတ်ရှိကြ၏။ တမန် ၅း၄၁။ မိမိတို့သည် ခရစ်တော်၏ဘုန်းတော်ကိုအသိအမှတ်ပြုကြောင်း အရာခပ်သိမ်းကိုအဆုံးရှုံး ခံ၍ ကိုယ်တော်၏နောက်တော်သို့လိုက်ရန်ရွေးချယ်ခဲ့ကြောင်း လူများရှေ့တွင် လည်းကောင်း၊ ကောင်းကင်တမန်များရှေ့တွင်လည်းကောင်း သက်သေပြုရန် သူတို့ဝမ်းမြောက်ခဲ့ကြပါသည်။

ယခုအချိန်တွင်လည်း တမန်တော်များအချိန်ကကဲ့သို့ပင် ဘုရား သခင်၏ဝိညာဉ်တော်မစမှုမပါရှိလျှင် လူသားများသည် ခရစ်တော်၏ဘုန်း တော်ကိုသိမြင်နိုင်ကြမည်မဟုတ်ချေ။ လောကကိုချစ်၍ အလိုလိုက်အကြိုက်

ဆောင်တတ်သောခရစ်ယာန်ဘာသာသည် ဘုရားသခင်၏သမ္မာတရားတော်နှင့်အမှုတော်ကို အလေးအမြတ်မပြုတတ်ကြချေ။ သခင်ဘုရား၏နောက်လိုက်များကို သက်သောင့်သက်သာရှိလှသော လုပ်ငန်းခွင်များတွင်လည်းကောင်း၊ လောကသားများအလေးအမြတ်ပြုသည့်လုပ်ငန်းများ (သို့မဟုတ်) လောကကမ္ဘာနှင့်သဘောသကန်တူညီသည့်လုပ်ငန်းများတွင်လည်းကောင်း မတွေ့ကြရချေ။ သူတို့သည် အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌အစိုးတရပြုသောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်လည်းကောင်း တိုက်လှန်ပွဲ၏ရှေ့မှောက်တွင် တပင်တပန်းလုပ်ကိုင်ဆောင်ရွက်ခြင်းလမ်းစဉ်၊ နှိမ့်ချမှုလမ်းစဉ်နှင့်ဆုံးမပဲ့ပြင်ခြင်းလမ်းစဉ်များအားဖြင့် အလွန်ရှေ့ပြေးနေကြပါသည်။ ဧဖက် ၆း၁၂။ ခရစ်တော်ဘုရားအသက်ရှင်ထင်ရှားစဉ်အခါမှာကဲ့သို့ပင် ယခုအချိန်တွင်လည်းပေါ်ထွန်းနေကြသည့် ဖာရိရှဲနှင့်ယဇ်ပုရောဟိတ်များ၏နားလည်မှုလွဲမှားမှုကိုလည်းကောင်း၊ ဆုံးမမှု၊ နှိပ်စက်မှုများကိုလည်းကောင်း သူတို့ခံကြရပါသည်။

ဘုရားသခင်၏နိုင်ငံတော်သည် မျက်မြင်ရသောအရာ၌မတည်ချေ။ မိမိအလိုကိုငြင်းဆန်ခြင်းစိတ်ဓာတ်နှင့်ပြည့်ဝသော ဘုရားသခင်၏ကရုဏာတော်ဆိုင်ရာ ဧဝံဂေလိတရားတော်သည် လောကသားများ၏စိတ်ဓာတ်နှင့်မည်သည့်အခါမျှလိုက်လျောညီထွေမရှိနိုင်ပါချေ။ ဤနိယာမနှစ်ခုသည် တစ်ခုနှင့်တစ်ခုဖီလာဆန့်ကျင်နေကြပါသည်။ “ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကိုမခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့် ဇာတိပကတိလူသည်နားမလည်နိုင်။” ၁ကော ၂း၁၄။

ယနေ့ဘာသာရေးလောကတွင် လောကနိုင်ငံတစ်ခုကဲ့သို့ ခရစ်တော်၏နိုင်ငံတော်ကိုတည်ထောင်ရန် မိမိတို့ယုံကြည်သည့်အတိုင်း ကြိုးစားလုပ်ဆောင်နေကြသူများ များစွာရှိကြပါသည်။ သူတို့သည်ကိုယ်တော်အားဤလောကနိုင်ငံများ၏ဘုရင်အဖြစ် တင်မြှောက်လိုကြပါသည်။ နန်းတော်



များ၊ စခန်းများ၊ တရားရုံးများ၊ ပရဝဏ်များနှင့်ဈေးများ၏အကြီးအကဲအဖြစ်တင်မြှောက်လိုကြပါသည်။ လူသားများ၏အခွင့်အာဏာအားဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများအရ လူများကိုကိုယ်တော်အုပ်စိုးပေးရန် သူတို့မျှော်လင့်ခဲ့ကြပါသည်။ ခရစ်တော်သည် ယခုအချိန်တွင် ဤနေရာ၌ ကိုယ်တိုင်ကိုယ်ကျရှိတော်မမူသည့်အတွက် ကိုယ်တော်၏နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် တရားဥပဒေများအတိုင်းတရားစီရင်ရန် ခရစ်တော်ကိုယ်စား သူတို့ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ကြပါလိမ့်မည်။ ထိုသို့သောနိုင်ငံတစ်ခုတည်ထောင်ခြင်းသည် ခရစ်တော်အချိန်ကယုဒလူများတည်ထောင်ရန် ဆန္ဒရှိခဲ့သောနိုင်ငံမျိုးဖြစ်ပါသည်။ ၎င်းတို့အနေနှင့် ဘုရားသခင်၏ဥပဒေများဟုမှတ်ယူခဲ့ကြသောအရာများကို ကိုယ်တော်သည်ပြဋ္ဌာန်း၍ ၎င်းတို့အားကိုယ်တော့်အလိုတော်ကိုဖွင့်ဆိုသူများ ကိုယ်တော်၏အခွင့်အာဏာကို ကျင့်သုံးနိုင်သောကိုယ်စားလှယ်များဖြစ်စေဖို့ လောကနိုင်ငံတစ်ခုကိုတည်ထောင်ရန် အလိုတော်ရှိခဲ့လိမ့်မည်ဆိုလျှင် သူတို့သည် သခင်ယေရှုအားလက်ခံကြိုဆိုခဲ့ပါလိမ့်မည်။ သို့ရာတွင် ကိုယ်တော်က “ငါ၏နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်” ဟုမိန့်တော်မူခဲ့ပြီး လောကနှင့်စပ်ဆိုင်သောအုပ်စိုးခြင်းအခွင့်ကို လက်ခံရယူတော်မမူခဲ့ချေ။ ယော ၁၈း၃၆။

သခင်ယေရှုကိုအုပ်ချုပ်ခဲ့သောအစိုးရမင်းများသည် စာရိတ္တမဏ္ဍိုင်ပျက်ယွင်းပြီး နှိပ်စက်ကလူပြုတတ်သောအစိုးရမျိုးဖြစ်ပါသည်။ အဘက်ဘက်တွင် အဓမ္မလုယူခြင်းသည် မခံနိုင်စရာများနှင့်အလွန်ရက်စက်မှုများ စသည့်မတရားမှုများနှင့်ပြည့်ဝနေပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်သည် တိုင်းရေးပြည်ရေးနှင့်ပတ်သက်သော မည်သည့်ပြုပြင်ပြောင်းလဲမှုကိုမျှလုပ်ဆောင်ရန်မကြိုးစားခဲ့ချေ။ မည်သည့်နိုင်ငံတော်မတရားမှုများကိုမျှ တိုက်ခိုက်ပြောဆိုခြင်းပြုတော်မမူသည့်ပြင် နိုင်ငံတော်ကိုရန်မူနေကြသောရန်သူများကိုလည်းအပြစ်တင်တော်မမူခဲ့ချေ။ အာဏာရထားသူများ၏လုပ်ပိုင်ခွင့်များနှင့် အုပ်ချုပ်မှုများကိုလည်း စွက်ဖက်မှုတစ်စုံတစ်ရာပြုတော်မမူခဲ့ချေ။ ကျွန်ုပ်တို့အတွက်စံနမူနာဖြစ်တော်မူသောကိုယ်တော်သည် လောကအစိုးရမင်းများနှင့် ကင်းကင်း

ရှင်းရှင်းနေတော်မူခဲ့ပါသည်။ ထိုကဲ့သို့နေထိုင်တော်မူရခြင်းမှာ လူသားများ၏ ဒုက္ခများကို စိတ်မဝင်စားသဖြင့်မဟုတ်ဘဲ ထိုဒုက္ခများကိုသက်သာပျောက်ကင်းစေသောအရာသည် လူသားများ၏အပေါ်ယံအကဲဖြတ်မှုများ၌သာမူတည်ခြင်းမရှိသည့်အတွက်ကြောင့်ဖြစ်ပါသည်။ ကုသမှုကိုပြီးမြောက်စေရန် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်ကုသပေးရမည်ဖြစ်ပြီး ထိုသူများ၏နှလုံးသားများအား အသစ်ဖြစ်ပွားစေရပါမည်။

ခရစ်တော်၏နိုင်ငံတော်ကို မှူးမတ်သေနာပတိများ၊ ကောင်စီများ၊ တရားရေးအဖွဲ့အစည်းများနှင့် ကမ္ဘာ့ထိပ်သီးခေါင်းဆောင်ကြီးများ၏ဆုံးဖြတ်ချက်များအားဖြင့်တည်ထောင်ခြင်းမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုများဖြင့် လူသားများတွင်ခရစ်တော်၏သဘာဝကို အမြစ်စွဲစေခြင်းအားဖြင့် တည်ထောင်ခြင်းဖြစ်ပါသည်။ “ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။ ထိုသားတို့မူကား၊ လူမျိုးနှင့်စပ်ဆိုင်၍ဖွားသောသားမဟုတ်၊ မေထုန်သံဝါသအားဖြင့်ဖွားသောသားမဟုတ်၊ လူအလိုအလျောက်ဖွားသောသားမဟုတ်၊ ဘုရားသခင်ဖွားတော်မူသောသားဖြစ်သတည်း။” ယော ၁း၁၂၊၁၃။ လူသားများကိုမြှင့်တင်ခြင်းအမှုကို စွမ်းဆောင်နိုင်သောအရာမှာ ထိုတန်ခိုးတော်တစ်ပါးတည်းသာရှိပါသည်။ ဤလုပ်ငန်းကြီးပြီးစီးအောင်မြင်ရန်လူသားများလုပ်ဆောင်ရမည့်အလုပ်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသွန်သင်ခြင်းနှင့် ကျင့်သုံးခြင်းဖြစ်ပါသည်။

တမန်တော်ရှင်ပေါလုသည် မိမိ၏အမှုတော်ကို တစ်ပါးအမျိုးသားတို့၏ယုတ်ညံ့နိမ့်ကျလှသည့်ဖောက်ပြန်မှု၊ ညစ်ညမ်းမှုနှင့်ပြည့်၍ လူနေထူထပ်ကာ ချမ်းသာကြွယ်ဝသော်လည်း ဆိုးယုတ်မှုများဖြင့်ပြည့်ဝသော ကောရိå Kမြို့တွင်အစပျိုးသောအချိန်၌ “ယေရှုခရစ်တည်းဟူသောလက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတစ်ပါးအဘယ်အရာကိုမျှ သင်တို့တွင်ငါမသိမမှတ်” ဟုဖွင့်ဟခဲ့ပါသည်။ ၁ကော ၂း၂။ “ယခုတွင် သခင်





ယေရှု၏နာမတော်အားဖြင့်လည်းကောင်း၊ ငါတို့ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်လည်းကောင်း ဆေးကြောသန့်ရှင်း၍ဖြောင့်မတ်ရာသို့ရောက်ကြပြီ” “ယေရှုခရစ်အားဖြင့် သင်တို့အားပေးတော်မူသောဆုကျေးဇူးတော်ကိုငါထောက်၍ သင်တို့အကြောင်းကြောင့် ငါ့ဘုရားသခင်၏ကျေးဇူးတော်ကိုအစဉ်မပြတ်ချီးမွမ်း၏” ဟူ၍ အညစ်ညမ်းဆုံးသောဒုစရိုက်များအားဖြင့် စာရိတ္တဖောက်ပြန်ခဲ့ကြသောသူအချို့ထံသို့ ရှင်ပေါလုစာရေးဆုံးမခဲ့ပါသည်။ ၁ကော ၆း၁၁၊ ၁း၆။

ယခုအချိန်တွင်လည်း ခရစ်တော်၏အချိန်များမှာကဲ့သို့ပင် ဘုရားသခင့်နိုင်ငံတော်၏အမှုတော်မြတ်သည် လောကဘုရင်များနှင့်လူသားများပြဋ္ဌာန်းထားသည့် ဥပဒေများ၏အသိအမှတ်ပြုခြင်းနှင့်ထောက်ခံမှုများကို အပူတပြင်းတောင်းခံနေကြသူများထံတွင်မတည်ရှိဘဲ “ငါသည်ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်မှာအသေခံပြီ၊ သို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏” ဟူ၍ဖွင့်ဟခဲ့သော ရှင်ပေါလု၏အတွေ့အကြုံမျိုးကို လက်ခံရရှိသူများ၏စိတ်နှလုံးတွင်ဖြစ်ပေါ်စေမည့် ဝိညာဉ်ရေးနှင့်စပ်ဆိုင်သောသမ္မာတရားများကို လူအများထံသို့ ခရစ်တော်၏နာမတော်၌ သွားရောက်ဟောကြားနေကြမည့်သူများ၌တည်ရှိပါသည်။ ဂလာတိ ၂း၂၀။ ထိုအချိန်တွင် ထိုသူများသည် လူသားများ၏အကျိုးအလို့ငှာ ရှင်ပေါလုကဲ့သို့လုပ်ဆောင်ပါလိမ့်မည်။ ရှင်ပေါလုမိန့်မှာခဲ့သည်မှာ “ထို့ကြောင့်ငါတို့သည် ခရစ်တော်၏သံတမန်ဖြစ်ကြ၏။ သင်တို့သည်ရန်ငြိမ်း၍ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည် ငါတို့အားဖြင့်နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့ ငါတို့သည် ခရစ်တော်၏ကိုယ်စားဖြစ်၍ သင်တို့ကိုတောင်းပန်သွေးဆောင်ကြ၏” ဟူ၍ဖြစ်၏။ ၂ကော ၅း၂၀။

****

# tcef; (56)
# uav;oli,frsm;tm;aumif;csD;ay;jcif;

မဿဲ ၉း၁၃–၁၅။ မာကု ၁၀း၁၃–၁၆။ လုကာ ၁၈း၁၅–၁၇ ကိုအခြေပြုထားပါသည်။

သခင်ယေရှုသည် ကလေးသူငယ်များအား အမြဲတမ်းချစ်ခင်တတ်သူတစ်ဦးဖြစ်တော်မူပါသည်။ ကိုယ်တော်သည် ထိုကလေးများ၏ကလေးဆန်သောကြင်နာမှုများနှင့် ပွင့်လင်းသောချစ်ခင်တတ်မှုများကို လက်ခံတော်မူခဲ့ပါသည်။ အပြစ်ကင်းသော ၎င်းတို့၏နှုတ်ခမ်းဖျားမှထွက်ပေါ်လာသောကျေးဇူးတော်ချီးမွမ်းသံများသည် ကိုယ်တော်၏နားတွင် သာယာသောတေးသီချင်းသံများနှယ်ဖြစ်ခဲ့ပြီး စဉ်းလဲ၍လျှို့ဝှက်သောသူများနှင့်ပေါင်းသင်းဆက်ဆံရသဖြင့် စိတ်ဒုက္ခရောက်သောအချိန်များတွင် ကိုယ်တော်အားပြန်လည်လန်းဆန်းစေခဲ့ပါသည်။ ကြွချီတော်မူသောနေရာတိုင်းတွင် ကိုယ်တော်၏သနားကြင်နာတတ်သောမျက်နှာတော်နှင့် နူးညံ့သိမ်မွေ့သောအပြုအမူများကြောင့် ကလေးသူငယ်များသည် ကိုယ်တော်အားချစ်ခင်ယုံကြည်ခဲ့ကြပါသည်။

ယုဒလူမျိုးများတွင် အလေ့အထတစ်ခုရှိပါသည်။ ထိုအရာမှာ လက်တင်၍ကောင်းချီးမင်္ဂလာပေးခြင်းခံရစေရန် ရဗ္ဗိဆရာများထံသို့ကလေးငယ်များကို ခေါ်လာတတ်ခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်လုပ်ဆောင်နေသောအမှုတော်လုပ်ငန်းသည် အလွန်အရေးကြီးသဖြင့် ထိုကဲ့သို့ကလေးငယ်များကိုကောင်းချီးပေးခြင်းအားဖြင့် အမှုတော်ကိုမနှောင့်ယှက်သင့်ဟု တမန်တော်များကမှတ်ယူကြပါသည်။ မိခင်များသည် ရင်သွေးငယ်များကိုချီပိုးလျက်ကိုယ်တော်ထံသို့ရောက်လာသောအချိန်တွင် ထိုတမန်တော်များသည် ၎င်းတို့အားမနှစ်မြို့သောမျက်နှာများဖြင့်ကြည့်ခဲ့ကြပါသည်။ ထိုသူငယ်များသည် အလွန်ငယ်ရွယ်ကြသဖြင့် ၎င်းတို့ထံသို့ခရစ်တော်ကြွလာတော်မူခြင်းအားဖြင့် အကျိုးမရှိနိုင်ဟုထင်မြင်ခဲ့ကြပါသည်။ ၎င်းပြင် မိမိထံသို့ချဉ်းကပ်လာသည်ကို



ခရစ်တော်မနှစ်သက်ဟုလည်း တမန်တော်များကကောက်ချက်ချခဲ့ကြပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်မနှစ်မြို့သည်မှာ၊ ထိုမိခင်များ၏အပြုအမူများမဟုတ်ဘဲ ထိုတမန်တော်များ၏လုပ်ရပ်များသာဖြစ်ပါသည်။ မိမိတို့၏ရင်သွေးငယ်များအား တရားတော်နှင့်အညီသွန်သင်လေ့ကျင့်ရန်ကြိုးစားနေကြသော မိခင်များထမ်းဆောင်နေရသောဝန်ကို ခရစ်တော်နားလည်တော်မူပါသည်။ ၎င်းတို့၏ဆုတောင်းသံများကိုလည်း ကိုယ်တော်ကြားခဲ့ဖူးပါသည်။ ၎င်းတို့အားရှေ့မှောက်သို့ရောက်ရှိလာရန် ကိုယ်တော်ရှင်ကိုယ်တိုင် ဆွဲယူတော်မူခဲ့ခြင်းဖြစ်ပါသည်။

မိခင်တစ်ဦးသည် ခရစ်တော်အားတွေ့အောင်ရှာရန် ရင်သွေးငယ်ကိုချီမကာ အိမ်မှထွက်လာခဲ့ပါသည်။ သူမသည်လမ်းခရီးတွင် တွေ့ဆုံသောအိမ်နီးချင်းတစ်ဦးအား မိမိလုပ်ဆောင်မည့်အမှုကိုပြောပြရာ ထိုသူသည်လည်း ၎င်း၏ကလေးငယ်အား ခရစ်တော်ကောင်းချီးပေးရန်ဆန္ဒရှိလာခဲ့ပါသည်။ နောက်ဆုံးတွင် တစ်ယောက်စကား၊ တစ်ယောက်နားဖြင့် များစွာသောမိခင်များသည် မိမိတို့၏ရင်သွေးငယ်များနှင့်အတူ စုရုံးလာခဲ့ကြပါသည်။ လိုက်ပါလာခဲ့ကြသောရင်သွေးများထဲတွင် တချို့မှာကလေးငယ်များမဟုတ်ကြတော့ဘဲ လူငယ်များ၊ လူရွယ်များဖြစ်ကြပါသည်။ ထိုမိခင်များသည် မိမိတို့၏ဆန္ဒများကိုဖွင့်ဟခဲ့ကြသောအချိန်တွင် ကိုယ်တော်သည် မျက်ရည်ကျလျက်နွမ်းလျအားငယ်နေကြသော ၎င်းတို့၏အသနားခံချက်များကို ကြင်နာသနားစွာဖြင့် နားထောင်တော်မူခဲ့ပါသည်။ သို့သော် တမန်တော်များအနေဖြင့် ၎င်းတို့အားမည်သို့ဆက်ဆံကြမည်ကို ကိုယ်တော်စောင့်ကြည့်ခဲ့ပါသည်။ ကိုယ်တော်ရှင်နှစ်သက်မည်အထင်နှင့် ထိုမိခင်များကိုတမန်တော်များကနှင်ထုတ်နေကြောင်းမြင်တွေ့သောအခါ "ထိုသူငယ်တို့ကိုရှိစေတော့ ငါ့ထံသို့လာသည်ကိုမဆီးတားကြနှင့်၊ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်သည်" ဟု ၎င်းတို့၏အမှားကိုပြ၍သွန်သင်တော်မူ၏။ ထိုနောက် ကိုယ်တော်သည် ကလေးငယ်များကိုပွေ့ပိုက်တော်မူ၍ လက်တော်ကိုတင်ကာ ၎င်းတို့ရယူရန်ဆန္ဒရှိခဲ့ကြသော ကောင်းချီးမင်္ဂလာများကိုပေးသနားတော်မူခဲ့၏။

ထိုမိခင်များသည် စိတ်နှလုံးချမ်းမြေ့ခဲ့ကြပြီး ခရစ်တော်၏နှုတ်တော်ထွက်စကားများကြောင့် ခွန်အားသစ်များ၊ ကောင်းချီးမင်္ဂလာများရရှိခံစားကာ

မိမိတို့၏အိမ်သို့ပြန်သွားကြ၏။ မိမိတို့၏ဝန်များကိုရွှင်ပျစွာဖြင့်ထမ်းရွက်ကြရန်နှင့် ရင်သွေးငယ်များအတွက် မျှော်လင့်ချက်ပြည့်ဝစွာဖြင့်လုပ်ဆောင်ကြရန်အားပေးတော်မူခဲ့ပါသည်။ ယခုခေတ်မိခင်များသည်လည်း ကိုယ်တော်၏နှုတ်တော်ထွက်စကားများကို ထိုယုံကြည်ခြင်းများအတိုင်း လက်ခံရယူကြရန်ဖြစ်ပါသည်။ ကိုယ်တော်သည် လူများအလယ်တွင် လူသားတစ်ဦးအနေဖြင့် နေထိုင်ခဲ့သောအချိန်ကကဲ့သို့ပင် ယခုအချိန်တွင်လည်း ပုဂ္ဂလိကကယ်တင်ရှင်တစ်ပါးဖြစ်တော်မူပါသည်။ ကိုယ်တော်သည် ယုဒပြည်ရှိကလေးငယ်များအားစုရုံးပွေ့ပိုက်တော်မူသောအချိန်ကကဲ့သို့ပင် ယခုခေတ်မိခင်များကိုမစသည့်အရှင်ဖြစ်တော်မူပါသည်။ ရှေးယခင်က ကလေးသူငယ်များသည် အသွေးတော်နှင့်ဝယ်ခြင်းခံခဲ့ရသူများဖြစ်ကြသလို ကျွန်ုပ်တို့၏အိမ်ထောင်များမှ ကလေးငယ်များသည် ကိုယ်တော်၏အသွေးတော်အားဖြင့် ဝယ်ယူခြင်းခံရသူများဖြစ်ကြပါသည်။

သခင်ယေရှုသည် မိခင်တိုင်း၏စိတ်နှလုံးထဲတွင်ရှိနေသောဝန်များကိုသိရှိတော်မူပါသည်။ ဆင်းရဲချို့တဲ့သည့်မိခင်တစ်ဦး၏သားဖြစ်ခဲ့ဖူးသောကိုယ်တော်သည် မိခင်တိုင်း၏လုပ်ဆောင်မှုတိုင်းအတွက် ကိုယ်ချင်းစာတော်မူပါသည်။ ခါနာန်အမျိုးသမီးတစ်ဦး၏စိုးရိမ်ပူပန်နေသောစိတ်နှလုံးကို သက်သာမှုပေးရန် ခရီးပြင်းတစ်ခုကိုနှင်ခဲ့သောကိုယ်တော်သည် ယခုခေတ်မိခင်များအားလည်း ထိုနည်းအတိုင်းလုပ်ဆောင်ပေးတော်မူပါလိမ့်မည်။ နာဣနမြို့မှမုဆိုးမ၏သေဆုံးနေသောသားကလေးအား ပြန်လည်ရှင်ပြန်စေ၍ မိခင်ကြီးအားပြန်လည်ပေးအပ်ခဲ့သော ကိုယ်တော်ကပ်တိုင်ထက်တွင် ဒုက္ခဝေဒနာခံစားနေရသည့်အချိန်မှာပင် မိမိ၏မိခင်ကြီးအား သတိရတော်မူခဲ့သောကိုယ်တော်သည် ယခုခေတ်မိခင်များ၏ဝမ်းနည်းပူဆွေးမှုများကို သိရှိတော်မူခဲ့ပါသည်။ ခပ်သိမ်းသောပူဆွေးဝမ်းနည်းမှုတိုင်းနှင့်လိုအပ်ချက်တိုင်းတွင် ကိုယ်တော်သည် မစကူညီ၍ နှစ်သိမ့်မှုကိုပေးတော်မူပါလိမ့်မည်။

မိခင်များသည် မိမိတို့ခံစားနေရသော စိတ်ရှုပ်ထွေးမှုများနှင့်အတူ ခရစ်တော်ထံသို့ချဉ်းကပ်ကြပါစေ။ သူတို့သည် ရင်သွေးငယ်များအတွက်



စီစဉ်ဆောင်ရွက်မှုများတွင် လုံလောက်သောအကူအညီများကို ကိုယ်တော်ထံ၌တွေ့ရှိပါလိမ့်မည်။ ခရစ်တော်၏ခြေတော်ရင်းတွင် မိမိတို့၏ဝန်များကိုချထားမည့်မိခင်တိုင်းအတွက် တံခါးဖွင့်ထားလျက်ရှိပါသည်။ "ထိုသူငယ်တို့ကိုရှိစေတော့၊ ငါ့ထံသို့လာသည်ကိုမဆီးတားကြနှင့်" ဟု မိန့်တော်မူနေသောကိုယ်တော်သည် မိမိတို့၏ရင်သွေးငယ်များအား ကောင်းချီးမင်္ဂလာခံယူရန်ချဉ်းကပ်လာသောမိခင်များအား ဖိတ်ခေါ်ဆဲဖြစ်ပါသည်။ ယုံကြည်ခြင်းအားဖြင့်ဆုတောင်းနေသော မိခင်၏ရင်ခွင်ထဲတွင်ရှိနေကြသောကလေးငယ်များသည်လည်း တန်ခိုးတော်အရှင်၏အရိပ်အောက်ဝယ် ခိုလှုံနိုင်ကြပါသည်။ နှစ်ခြင်းဆရာယောဟန်သည် မွေးကင်းစကတည်းက သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်နှင့်မိတ်သဟာယဖွဲ့လျက် အသက်ရှင်ကြလိမ့်မည်ဆိုလျှင် ကျွန်ုပ်တို့၏ရင်သွေးငယ်များသည် ငယ်ရွယ်ချိန်မှစ၍ ဝိညာဉ်တော်၏ပြုပြင်ပုံသွင်းမှုကိုခံရမည်ဟု မျှော်လင့်နိုင်ကြပါသည်။

သခင်ယေရှုသည် မိမိထံယူဆောင်လာကြသည့်ကလေးငယ်များတွင် ကရုဏာ၏အမွေတော်ကိုခံရမည့်သူများ၊ နိုင်ငံတော်သို့ဝင်စားရမည့်သူများနှင့် မိမိအတွက်မာတုရသေခြင်းဖြင့် အသက်ပေးသွားကြရမည့်သူများကို မြင်တွေ့တော်မူခဲ့ပါသည်။ လောကပညာအရာများနှင့်ပြည့်စုံ၍ စိတ်နှလုံးမာကျောသည့်အသက်အရွယ်ကြီးရင့်သူများထက် ဤကလေးငယ်များသည် ကိုယ်တော်ရှင်စကားတော်ကိုနားထောင်၍ ကိုယ်တော်ရှင်အားကယ်တင်ရှင်အဖြစ် အလွယ်တကူလက်ခံကြလိမ့်မည်ဖြစ်ကြောင်းကို ယေရှုရှင်သိတော်မူပါသည်။ ကိုယ်တော်သည် ထိုသူငယ်များနားလည်သဘောပေါက်နိုင်လောက်သော သင်ခန်းစာများကိုသာသွန်သင်တော်မူပါသည်။ ကောင်းကင်ဗိုလ်ခြေအရှင်ဖြစ်တော်မူသောကိုယ်တော်သည် ၎င်းတို့၏အမေးများကိုမဖြေဆိုဘဲ မနေခဲ့ချေ။ သင်ခန်းစာများကိုလည်း သူတို့နားလည်သဘောပေါက်စေရန်အတွက် ရှင်းလင်းပေးတော်မူခဲ့ပါသည်။ အနာဂတ်ကာလတွင် အစို့အညှောက်ပေါက်လာကာထာဝရအသက်ရရှိသည့်တိုင် အသီးအပွင့်သီးပွင့်စေမည့်သမ္မာတရားမျိုးစေ့များ

ကို ၎င်းတို့၏စိတ်နှလုံးထဲတွင် ကိုယ်တော်ကြဲဖြန့်တော်မူခဲ့ပါသည်။

ယခုအချိန်တိုင်တည်ရှိနေသောအမှန်တရားတစ်ခုမှာ ကလေးငယ်များသည် ဧဝံဂေလိတရားတော်၏သွန်သင်ချက်များကို လက်ခံလွယ်ကြပြီး ၎င်းတို့၏စိတ်နှလုံးများသည် ဘုရားသခင်၏တန်ခိုးတော်ကိုရရှိရန်ဖွင့်ဟထားကြကာ လက်ခံရရှိပြီးသောသင်ခန်းစာများကိုလည်း ဆက်လက်ထိန်းသိမ်းရန်ခွန်အားကောင်းကြခြင်းဖြစ်ပါသည်။ ကလေးငယ်များသည် ၎င်းတို့၏အသက်အရွယ်နှင့်လျော်ညီသော အတွေ့အကြုံတစ်ခုကိုပိုင်ဆိုင်ခြင်းဖြင့် ခရစ်ယာန်များဖြစ်လာနိုင်ကြပါသည်။ သူတို့အားဝိညာဉ်ရေးနှင့်ပတ်သက်သောအရာများကိုသိရှိရန် ပညာပေးဖို့လိုပါသည်။ ၎င်းပြင်၊ ထိုကလေးငယ်များအနေဖြင့် ခရစ်တော်၏စာရိတ္တတော်နှင့်တူညီသည့်စာရိတ္တမျိုးကို တည်ဆောက်စေနိုင်သည့်အခွင့်အရေးတိုင်းကို မိဘများကၡင်းတို့အားပေးအပ်သင့်ပါသည်။

အမိအဖများအနေဖြင့် မိမိတို့၏ရင်သွေးငယ်များအား ကောင်းကင်နိုင်ငံတော်ကိုဝင်စားရန်အတွက် ပညာပေးရန်ဆက်ကပ်ထားသော ကောင်းကင်နိုင်ငံတော်၏မိသားစုမှ ငယ်ရွယ်သောအဖွဲ့ဝင်များအဖြစ်ရှုမြင်သင့်ကြပါသည်။ ကျွန်ုပ်တို့သည်ခရစ်တော်ထံတွင် မိမိကိုယ်တိုင်လေ့ကျက်သင်ယူထားသည့်သင်ခန်းစာများဖြစ်သည့် ကောင်းကင်နိုင်ငံမှစည်းမျဉ်းများ၏တင့်တယ်မှုများကို နည်းနည်းချင်းဖွင့်ဟပြောလျက် ၎င်းတို့နားလည်နိုင်သမျှကို သွန်သင်သင့်လှပေသည်။ ထိုနည်းအားဖြင့် ခရစ်ယာန်အိမ်ထောင်သည် ခရစ်တော်ကိုယ်တော်တိုင် သင်တန်းနည်းပြချုပ်အဖြစ်ဆောင်ရွက်၍ မိဘများကလက်ထောက်ဆရာများအဖြစ် တာဝန်ထမ်းဆောင်သည့် စာသင်ကျောင်းတစ်ကျောင်းအသွင်ဆောင်လာပါသည်။

ရင်သွေးငယ်များ၏ဝိညာဉ်ရေးပြောင်းလဲမှုအတွက် လုပ်ဆောင်ရာတွင်အပြစ်မှနောင်တရခြင်းအတွက်အရေးပါသော အထောက်အထားတစ်ခုအနေဖြင့် ပြင်းထန်သောစိတ်လှုပ်ရှားမှုကိုတွေ့မြင်ရန် မမျှော်လင့်သင့်ကြချေ။ မည်သည့်အချိန်တွင်ပြောင်းလဲခဲ့သည်ကိုသိရှိရန်မှာလည်း အဓိကမဟုတ်ပါချေ။ ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့အား သွန်သင်သင့်သောအရာမှာ ကိုယ်တော်ရှင်သည်



၎င်းတို့၏အပြစ်များကိုခွင့်လွှတ်တော်မူ၍ သက်တော်ထင်ရှားစဉ်က ကလေးငယ်များကိုလက်ခံကြိုဆိုတော်မူသကဲ့သို့ ၎င်းတို့အားကြိုဆိုလက်ခံတော်မူသည်ဟုယုံကြည်လျက် ခရစ်တော်ထံတွင် မိမိတို့၏အပြစ်များကိုဝန်ချတောင်းပန်စေရန် သွန်သင်ပေးသင့်ပါသည်။

မိခင်သည် မိမိအားချစ်သည့်အတွက်ကြောင့် မိမိ၏စကားကိုနားထောင်လိုက်လျှောက်ရန် သားသမီးများအားသွန်သင်နေစဉ်တွင် သူမသည် ၎င်းတို့အားခရစ်ယာန်အသက်တာ၏ရှေးဦးပထမသင်ခန်းစာများကို သွန်သင်ပေးနေခြင်းဖြစ်ပါသည်။ မိခင်မေတ္တာသည် ထိုကလေးငယ်အပေါ်ထားရှိသည့်ခရစ်တော်၏မေတ္တာတော်ကို ပုံဆောင်ပါသည်။ မိခင်ကြီးအား ကိုးစားနားထောင်သောကလေးငယ်တိုင်းသည် ကယ်တင်ရှင်အားကိုးစားနားထောင်ရန်လေ့ကျက်နေကြခြင်းဖြစ်ပါသည်။

သခင်ယေရှုသည် ကလေးငယ်များအတွက် ပုံစံနမူနာဖြစ်သကဲ့သို့၊ ဖခင်များအတွက်လည်း ပုံစံနမူနာဖြစ်တော်မူပါသည်။ ကိုယ်တော်သည် အာဏာတန်ခိုးရှိသူတစ်ဦးကဲ့သို့မိန့်တော်မူ၍ နှုတ်ထွက်စကားများသည် တန်ခိုးတော်နှင့်ပြည့်စုံတော်မူ၏။ သို့ရာတွင် ကြမ်းတမ်းခက်ထန်သောသူများနှင့်ပေါင်းသင်းဆက်ဆံသောအခါတိုင်းတွင် ကြင်နာမှုကင်းသော (သို့မဟုတ်) ရိုင်းစိုင်းသောအသုံးအနှုန်းတစ်လုံးကိုမျှ အသုံးမပြုခဲ့ချေ။ နှလုံးသားထဲတွင်ရှိသောခရစ်တော်၏ကျေးဇူးတော်သည် ကောင်းကင်မှဖြစ်ဖွားစေတော်မူသော သိက္ခာတော်နှင့်ထူးခြားသည့်ဂုဏ်သတ္တိများကိုမျှဝေပါလိမ့်မည်။ ထိုကရုဏာတော်သည် မည်သည့်ခက်ထန်ကြမ်းတမ်းမှုမျိုးကိုမဆို နူးညံ့ပျော့ပျောင်းစေလိမ့်မည်ဖြစ်ပြီး ရိုင်းစိုင်းမှုများနှင့်အကြင်နာကင်းမဲ့မှုများအားလုံးကို ချေမှုန်းပစ်လိမ့်မည်ဖြစ်ပါသည်။ ထိုကရုဏာတော်သည် အမိအဖများအား ကိုယ်၌သူတစ်ပါးပြုစေလိုသည့်အတိုင်း၊ သတိပညာရှိသူများပီပီ သားသမီးများအပေါ်ပြုမူဆက်ဆံကြပါလိမ့်မည်။

မိဘများတို့၊ သင်တို့၏သားသမီးများကို လေ့ကျင့်ပညာပေးခြင်းအရာတွင် သဘာဝတရား၌ရှိသည့် ဘုရားသခင်ပေးသနားတော်မူသောသင်ခန်းစာ

များကိုလှေ့လာပါ။ သင်သည် ဇော်မွှားပန်း (သို့မဟုတ်) နှင်းဆီပန်း (သို့မဟုတ်) ခတ္တာပန်းကလေးများကို ပြုပြင်ပေးရမည်ဆိုလျှင် မည်ကဲ့သို့လုပ်ဆောင်ပါမည်နည်း။ ထိုကဲ့သို့အကိုင်းအခက်များလှပ၍ အချိုးအစားကျနစွာ ချစ်စရာအသွင်ဖြစ်အောင် မည်ကဲ့သို့လုပ်ဆောင်ရသည်ကို ဥယျာဉ်မှူးအားမေးပါလေ။ ကြမ်းကြမ်းတမ်းတမ်းကိုင်တွယ်လုပ်ဆောင်ခြင်း၊ ပြင်းထန်စွာကြိုးစားခြင်းအားဖြင့် သစ်ကိုင်း၊ သစ်ရွက်များအားဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်၍မရကြောင်း၊ အကြောင်းမူကား၊ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် နုနယ်သောပင်စည်များကို ကျိုးပဲ့စေရုံသာဖြစ်စေလိမ့်မည်ဖြစ်ကြောင်းများကို ဥယျာဉ်မှူးကသင့်အားပြောပြပေလိမ့်မည်။ ထိုအရာကိုဂရုမမူမိကြသည့်အတွက် ထိုအမှားကိုထပ်ခါတလဲလဲကျူးလွန်မိခဲ့ကြပါသည်။ ဥယျာဉ်မှူးသည်မြေကိုစိုစေပြီး၊ ပေါက်လာသည့်အပင်များအား ပြင်းထန်သောလေပြင်းတိုက်ခိုက်မှုများနှင့် နေလောင်မှုများမှကာကွယ်ပေးပါသည်။ ဘုရားသခင်သည် ထိုအပင်များအားကြီးပွားတိုးတက်စေ၍ လှပသောအသွင်ဖြင့် ပွင့်လန်းစေတော်မူခဲ့ပါသည်။ သင်၏သားသမီးများကိုပြုစုပျိုးထောင်ရာတွင်လည်း ဥယျာဉ်မှူး၏နည်းစနစ်အတိုင်း လိုက်နာကျင့်ဆောင်ကြပါ။ နူးညံ့သိမ်မွေ့သောထိတွေ့မှုများအားဖြင့်သော်လည်းကောင်း၊ နှစ်လိုဖွယ်သောလုပ်ဆောင်မှုများအားဖြင့်သော်လည်းကောင်း ၎င်းတို့၏စာရိတ္တကို ခရစ်တော်၏စာရိတ္တတော်ပုံစံနမူနာအတိုင်းဖြစ်လာစေရန် ကြိုးစားလုပ်ဆောင်ကြပါ။

ထာဝရဘုရားအားသော်လည်းကောင်း၊ လူသားအချင်းချင်းအားသော်လည်းကောင်း မေတ္တာပြရန်အားပေးတိုက်တွန်းပါ။ ကမ္ဘာပေါ်ရှိလူများစွာတို့အား စိတ်နှလုံးမာကျောစေသည့်အကြောင်းအရင်းမှာ စစ်မှန်သောချစ်ခင်စုံမက်ခြင်းကို အားနည်းချက်တစ်ရပ်အနေဖြင့် မှတ်ယူတတ်ကြခြင်းကြောင့်ဖြစ်ပြီး ထိုကဲ့သို့သောချစ်ခင်မှုမျိုးကိုအားမပေးခြင်း၊ ဖိနှိပ်ထားခြင်းတို့ကြောင့်ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်များ၏ကောင်းမွန်သောသဘာဝများကို ကလေးငယ်ဘဝမှာပင် ပျောက်ပျက်ခန်းခြောက်စေခဲ့ကြပါသည်။ ဘုရားသခင်၏မေတ္တာတော်အလင်းသည် ၎င်းတို့၏စိမ်းကားသောအတ္တစိတ်များကိုမချေဖျက်ခဲ့ပါလျှင်



၎င်းတို့၏ပျော်ရွှင်မှုများသည် ထာဝရပျက်သုဉ်းသွားပေလိမ့်မည်။ ကျွန်ုပ်တို့၏သားသမီးများအား ခရစ်တော်၏နူးညံ့သောစိတ်သဘောထားနှင့် ကျွန်ုပ်တို့အပေါ်တွင် ကောင်းကင်တမန်များထားရှိသော ကြင်နာသောစိတ်ထားများကို ပိုင်ဆိုင်လိုကြပါလျှင် ကျွန်ုပ်တို့သည် ကလေးများ၏ရက်ရောစ၍နှစ်လိုဖွယ်သောစိတ်သဘောထားများကို အားပေးကြရပါမည်။

သဘာဝတရားတွင်ရှိတော်မူသော ခရစ်တော်ကိုကြည့်ကြရန် သားသမီးများအားသွန်သင်ပါ။ ၎င်းတို့အား လေဟာပြင်ထဲသို့လည်းကောင်း၊ သစ်ပင်ကြီးများ၏အရိပ်အောက်သို့လည်းကောင်း၊ ဥယျာဉ်များထဲသို့လည်းကောင်း၊ ဖန်ဆင်းထားသည့်အံ့ဖွယ်လက်ရာတော်များ တည်ရှိနေသည့်နေရာများသို့လည်းကောင်း ခေါ်ဆောင်သွား၍ ထိုအရာများတွင်ရှိတော်မူသည့် ကိုယ်တော်၏မေတ္တာတော်များကို ကြည့်ရှုရန်သွန်သင်ပါလေ။ ကိုယ်တော်သည် ဝေနေယျသတ္တဝါအားလုံးကို ထိန်းချုပ်ထားသည့်နိယာမတရားများကို ပြုတော်မူသောသူဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်၌ရှိသောကျွန်ုပ်တို့အတွက် ဥပဒေစည်းမျဉ်းများသည်လည်း၊ ကျွန်ုပ်တို့အားလုံးပျော်ရွှင်သာယာစေဖို့ရန်အတွက်ဖြစ်ကြောင်းကိုလည်းကောင်း ၎င်းတို့သိရှိရန်သွန်သင်ပါလေ။ ငြီးငွေ့ဖွယ်ကောင်းသောရှည်လျားသည့် ဆုတောင်းချက်များအားဖြင့်လည်းကောင်း၊ မသွန်သင်ကြဘဲ သဘာဝ၏သရုပ်ပြသင်ခန်းစာများအားဖြင့် ဘုရားသခင်၏ပညတ်တော်များကို လိုက်နာစောင့်ရှောက်ရန် သွန်သင်ပါလေ။

သူတို့သည် သင့်အားခရစ်တော်၏နောက်လိုက်အဖြစ် ယုံကြည်စိတ်ချသွားသောအခါ ကျွန်ုပ်တို့အပေါ်ထားရှိသည့် ကိုယ်တော်၏မဟာမေတ္တာတော်အကြောင်းကို ၎င်းတို့အားသွန်သင်ရန်လွယ်ကူသွားပါလိမ့်မည်။ သင်သည် ရင်သွေးငယ်များအား ကယ်တင်ခြင်းနှင့်ဆိုင်သောသမ္မာတရားများကို ရှင်းလင်းသင်ကြားရန်ကြိုးစားနေစဉ်တွင်လည်းကောင်း၊ ခရစ်တော်အား ၎င်းတို့၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ် ပြညွှန်စဉ်တွင်လည်းကောင်း ကောင်းကင်တမန်များသည် သင်၏အပါးတွင်ရှိကြပါလိမ့်မည်။ လောကကမ္ဘာ၏မျှော်လင့်ချက်ဖြစ်တော်မူထသော ဗက်လင်မြို့မှသူငယ်တော်၏အဖိုးထိုက်တန်သောအဖြစ်အပျက်

ကလေးကို ရင်သွေးငယ်လေးများစိတ်ဝင်စားစေရန် ထာဝရဘုရားသခင်သည် မိခင်ဖခင်များအား ကရုဏာတော်ကိုပေးသနားတော်မူပါသည်။

သခင်ယေရှုသည် မိမိထံသို့တိုးဝင်ချဉ်းကပ်လာကြသော ကလေးသူငယ်များအား၊ မဆီးတားရန် တမန်တော်များအားမိန့်တော်မူခြင်းအရာတွင် ခေတ်အဆက်ဆက်အသက်ရှင်နေထိုင်ကြသည့် အသင်းတော်ခေါင်းဆောင်များ၊ တရားဟောဆရာများ၊ ကူညီမစသူများနှင့်ခရစ်ယာန်အားလုံးတို့အားလည်း မိန့်တော်မူနေခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် ကလေးသူငယ်များအား မိမိထံသို့ဆွဲယူတော်မူလျက်၊ ငါ့ထံသို့လာနေကြသောကလေးသူငယ်များကို မဆီးတားကြနှင့်ဟု မိန့်တော်မူနေပါသည်။ "သင်တို့မဆီးတာလျှင်၊ သူတို့သည် ငါ့ထံသို့လာကြလိမ့်မည်" ဟူသောသဘောမျိုးကိုဆောင်လျက် မိန့်တော်မူနေခြင်းဖြစ်ပါသည်။

ခရစ်တော်နှင့်မတူသည့် သင်၏အကျင့်စာရိတ္တဖြင့် သခင်ယေရှုအားမှားယွင်းစွာရုပ်လုံးမဖော်မိပါစေနှင့်၊ သင်၏အကြင်နာကင်းမဲ့ခြင်းများ၊ ကြမ်းတမ်းခက်ထန်ခြင်းများအားဖြင့် ကလေးများအား ကိုယ်တော့်ထံမှဝေးကွာမသွားပါစေနှင့်၊ ကောင်းကင်နိုင်ငံတော်တွင် သင်ရှိနေမည်ဆိုလျှင် ကောင်းကင်နိုင်ငံတော်သည် ၎င်းတို့အတွက်မနှစ်မြို့စရာနေရာတစ်ခုအဖြစ် မမှတ်ထင်ပါစေနှင့်။ ဘာသာတရားကို ကလေးငယ်များနားမလည်နိုင်သောအရာတစ်ခုဖြစ်သည့်အနေဖြင့် မပြောဆိုပါနှင့်၊ (သို့မဟုတ်) ၎င်းတို့သည် ငယ်ရွယ်စဉ်ကလေးဘဝတွင် ခရစ်တော်အားလက်ခံမည်ဟု မမျှော်လင့်သည့်အမူအရာများကို မပြပါနှင့်။ ခရစ်တော်၏ဘာသာတရားသည် ငြိမ်းချမ်းဖွယ်ကောင်းသောဘာသာတရားဖြစ်ကြောင်း၊ ကယ်တင်ရှင်ထံသို့ချဉ်းကပ်လာသည့်အတွက် အသက်တာ၏ဝမ်းမြောက်ဖွယ်ရာအားလုံးကို စွန့်ပစ်ရမည်ဖြစ်ကြောင်း စသည့်မှားယွင်းသည့်ခံစားချက်များဖြစ်စေသည့်အရာများကို မပြုလုပ်ပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုကလေးသူငယ်များ၏စိတ်နှလုံး၌ လှုပ်ရှားနေစဉ်တွင် ဝိညာဉ်တော်၏လုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်ပါ။ ကယ်တင်ရှင်သည် ၎င်းတို့အားခေါ်တော်မူလျက်ရှိကြောင်း ၎င်းတို့၏ပျိုမြစ်နုနယ်သော



အရွယ်တွင် မိမိကိုယ်ကို ကိုယ်တော်ရှင်အားဆက်ကပ်ခြင်းအမှုထက်သာ၍ ဝမ်းမြောက်ဖွယ်သောအရာ ကိုယ်တော်၌မရှိနိုင်ကြောင်းများကို ၎င်းတို့အားသွန်သင်ပါ။

ကယ်တင်ရှင်သည် မိမိ၏အသွေးတော်ဖြင့်ဝယ်ယူတော်မူခဲ့သော ထိုအသက်ဝိညာဉ်များကိုအနန္တနူးညွတ်သောစိတ်ဖြင့် ဂရုပြုတော်မူပါသည်။ ထိုသူများသည် မေတ္တာတော်၏ပိုင်ဆိုင်ခွင့်ရသူများဖြစ်ကြပါသည်။ ကိုယ်တော်သည် ထိုသူငယ်များအား အလွန်တောင့်တသောစိတ်ဖြင့်မျှော်ကြည့်တော်မူ၏။ ကိုယ်တော်သည် ရည်မွန်သောကလေးသူငယ်များကိုသာမက၊ မွေးရာပါအပြစ်ဆိုစရာရှိသောသူငယ်များကိုပါ ချစ်ခင်မြတ်နိုးတော်မူပါသည်။ ကလေးငယ်များ၏အကျင့်ဆိုးကလေးများအတွက် မိမိတို့တွင်မည်မျှတာဝန်ရှိကြောင်းကို များစွာသောမိဘများကနားမလည်ကြချေ။ သူတို့ကဲ့သို့ဖြစ်လာရန် မှားယွင်းစွာပုံသွင်းလိုက်သောလူဆိုးကလေးများကို မည်ကဲ့သို့ပြုပြင်ပြောင်းလဲပစ်ရန်အတွက်လည်း၊ သူတို့၌အကြင်နာတရားနှင့် ဉာဏ်ပညာများမရှိကြချေ။ သို့သော်လည်း၊ ခရစ်တော်သည် ထိုသူငယ်ကလေးများကို သနားခြင်းကရုဏာနှင့်မျှော်ကြည့်တော်မူ၍ ထိုကဲ့သို့ဖြစ်ရခြင်း၏အကြောင်းအကျိုးကို ဆင်ခြင်တော်မူပါသည်။

ကလေးသူငယ်များကို ခရစ်တော်ထံသို့ဆွဲယူတော်မူခြင်းအမှုတွင် ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးသည် ခရစ်တော်၏ကိုယ်စားလှယ်တစ်ဦးဖြစ်နိုင်ပါသည်။

"ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏" ဟူ၍ ပြောဆိုလာနိုင်စေရန်အလို့ငှာ၊ သူသည်ဉာဏ်ပညာနှင့် ပါးနပ်လိမ္မာမှုများကို အသုံးပြုလျက် ၎င်းတို့အားဆွဲဆောင်နိုင်ပါသည်။ ရဲစွမ်းသတ္တိနှင့်မျှော်လင့်ချက်များကို ပေးစွမ်းနိုင်ပါသည်။ ခရစ်တော်၏ကရုဏာတော်အားဖြင့် ၎င်းတို့၏အကျင့်စာရိတ္တများပြောင်းလဲလာသည်ကိုလည်း ရှုမြင်ခွင့်ရနိုင်ပါသည်။

****

# tcef; (57)
# oi.fonfwpfckvdkao;\

မဿဲ ၁၉း၁၆–၂၂။ မာကု ၁၀း၁၇–၂၂။ လုကာ ၁၈း၁၈–၂၃ တို့ကိုအခြေပြုထား ပါသည်။

"လမ်းမှာကြွတော်မူစဉ်တွင်" လူတစ်ယောက်သည် အထံတော်သို့ ပြေး၍ဒူးထောက်လျက်၊ ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကိုအမွေခံ အံ့သောငှာ၊ အကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်း" ဟုမေးလျှောက် လေ၏။

ဤမေးခွန်းကိုမေးလျှောက်ခဲ့သောထိုလူငယ်သည် အရာရှိတစ်ယောက် ဖြစ်ပါသည်။ ထိုသူသည် များပြားလှသောဥစ္စာ၊ ငွေ၊ ကြေးများကိုပိုင်ဆိုင် ကာ ကြီးမားသောရာထူးတစ်ခုကို ရရှိထားသူတစ်ဦးဖြစ်ပါသည်။ ခရစ်တော် သည် မိမိထံချဉ်းကပ်လာကြသည့်သူငယ်ကလေးများအား ပြခဲ့သောမေတ္တာ တော်ကိုလည်းကောင်း၊ ထိုကလေးငယ်များအားယုယစွာပွေ့ပိုက်တော်မူခဲ့သည် ကိုလည်းကောင်း ထိုအရာရှိမြင်တွေ့ကာ ခရစ်တော်အပေါ်ချစ်ခင်စွဲလမ်းမှု ဖြစ်ပေါ်လာခဲ့ပါသည်။ ကိုယ်တော်၏တပည့်တော်တစ်ယောက်ဖြစ်ရန်လည်း ဆန္ဒပြင်းပြလာခဲ့ပါသည်။ ခရစ်တော်သည် လမ်းခရီးတွင်ထွက်ကြွတော်မူစဉ် ကိုယ်တော်၏နောက်တော်ပါးသို့ပြေးသွား၍ ခြေတော်ရင်း၌ဒူးထောက်ကာ ရိုးသားပွင့်လင်းစွာဖြင့် "ထာဝရအသက်ကိုအမွေခံအံ့သောငှာ၊ ကျွန်ုပ်သည် အဘယ်အမှုကိုပြုရပါမည်နည်း" ဟူသော၊ လူသားအားလုံး၏အသက်ဝိညာဉ် အတွက် အထူးအရေးပါသောမေးခွန်းကို မေးလျှောက်သည့်အခြေအနေအထိ အထူးစိတ်လှုပ်ရှားခဲ့ပါသည်။

ထိုအခါ ခရစ်တော်က "ငါ့ကိုကောင်းမြတ်သည်ဟုအဘယ်ကြောင့် ခေါ်သနည်း၊ ဘုရားသခင်တစ်ပါးတည်းသာ ကောင်းမြတ်တော်မူ၏" ဟု မိန့်တော်မူ၏။ သခင်ယေရှုသည် ထိုအရာရှိ၏ရိုးသားမှုကိုစမ်းသပ်ရန်နှင့်



မိမိအားကောင်းမြတ်သည်ဟု ထင်မှတ်နေသောအမြင်ကို လွှဲဖယ်ပစ်ရန်ရည်ရွယ် ခြင်းဖြင့် ထိုသို့မိန့်တော်မူခြင်းဖြစ်ပါသည်။ မိမိနှင့်စကားပြောဆိုနေသူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ထိုအရာရှိသိရှိခဲ့ပါသလား။ သူ့နှလုံး သား၏စစ်မှန်သောခံစားချက်သည် မည်သည့်အရာဖြစ်သနည်း။

ဤအရာရှိကလေးသည် မိမိကိုယ်ပိုင်ဖြောင့်မတ်ခြင်းခြင်းတရားကို အထင်ကြီးသူတစ်ဦးဖြစ်ပါသည်။ မိမိ၌ချွတ်ယွင်းချက်တစ်စုံတစ်ရာမျှမရှိဟု အမှန်တကယ်အထင်ရှိခဲ့သော်လည်း၊ သူသည်စုံလင်သောကျေနပ်မှုကိုမရရှိ ခဲ့ချေ။ တစ်စုံတစ်ရာလိုအပ်နေသေးသည်ဟု သူခံစားခဲ့ရပါသည်။ သခင်ယေရှု သည် ကလေးသူငယ်များကိုကောင်းချီးပေး၍၊ ထိုအသက်ဝိညာဉ်များ၏ လိုလားချက်များကို ဖြည့်စွမ်းပေးတော်မူသကဲ့သို့ ၎င်းအားကောင်းချီးပေးနိုင် တော်မမူသလော။

သူ၏အမေးကိုတုံ့ပြန်သည့်အနေဖြင့် ထာဝရအသက်ကိုရရန် ဘုရား သခင်၏ပညတ်တော်များကို ကျင့်စောင့်ခြင်းအမှုသည် မဖြစ်နေကျကြောင်း သူ့အားယေရှုမိန့်မြွက်တော်မူ၏။ ၎င်းပြင် လူသားအချင်းချင်းအပေါ်ပြုရမည့် ပညတ်တော်များကို ရွတ်ဆိုမိန့်မှာတော်မူရာ "ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ် သည် ငယ်သောအရွယ်မှစ၍စောင့်ရှောက်ပါပြီ၊ အဘယ်အကျင့်လိုသေး သနည်း" ဟုလျှောက်ပြန်လေ၏။

ခရစ်တော်သည် ထိုအရာရှိ၏အသက်တာကိုဖတ်၍ ၎င်း၏စာရိတ္တကို လေ့လာနေသည့်နှယ် သူ၏မျက်နှာကိုစူးစူးဝါးဝါးကြည့်နေတော်မူပါသည်။ ကိုယ်တော်သည် ထိုသူအားချစ်တော်မူ၍ ၎င်း၏အသက်တာအား ပဓာနကျကျ ပြောင်းလဲစေမည့်ငြိမ်သက်ခြင်းဆုကျေးဇူးတော်နှင့် ဝမ်းမြောက်မှုများကို ပေးကမ်း လိုတော်မူသဖြင့် "သင်သည်တစ်ခုလိုသေး၏၊ ကိုယ်ဥစ္စာရှိသမျှကိုရောင်း၍ ဆင်းရဲသောသူတို့အားပေးဝေလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ဘဏ္ဍာ ကိုရလိမ့်မည်။ သို့ပြီးမှလာ၍ငါ့နောက်သို့လိုက်လော့" ဟုမိန့်တော်မူ၏။

ခရစ်တော်သည် ဤအရာရှိငယ်အား တွယ်တာတော်မူခဲ့ပါသည်။ "ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ်သည်ငယ်သောအရွယ်မှစ၍ စောင့်ရှောက်ပါပြီ"

ဟူသောဖွင့်ဆိုချက်တွင် သူ၏ရိုးသားမှုများကို ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ ထိုလုလင်အနေဖြင့် စိတ်နှလုံးဆက်ကပ်ခြင်းနှင့်ပဓာနကျသော ခရစ်ယာန်၏ကောင်းမြတ်ခြင်းများကို တွေ့မြင်နိုင်စေမည့် ထိုးထွင်းပိုင်းခြားတတ်သည့်ဉာဏ်ကို ၎င်း၏နှလုံးသားဝယ်ဖန်ဆင်းပေးရန် ကိုယ်တော်ရှင်လိုလားတော်မူပါသည်။ ထိုသူ၌နှိမ့်ချ၍ ကြေကွဲသောစိတ်နှလုံးရှိသည်ကိုလည်းကောင်း၊ ဘုရားကိုချစ်ရမည့်မဟာမေတ္တာတော်အကြောင်းနှင့်ပတ်သက်သော အသိစိတ်ဓာတ်ရှိသည်ကိုလည်းကောင်း၊ မိမိ၏လိုအပ်ချက်ကိုသိရှိသည့် အသိစိတ်ကလေးရှိနေသည်ကိုလည်းကောင်း ခရစ်တော်သည်တွေ့လိုလှပါသည်။

ထိုလုလင်သည် လူသားများ၏ကယ်တင်ခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်မည့် မိမိ၏လုပ်ဖော်ဆောင်ဖက်တစ်ဦးဖြစ်ခဲ့လျှင် မိမိလိုအပ်တော်မူသည့်အမအစများကို ပေးစွမ်းနိုင်မည့်သူဖြစ်ကြောင်း ယေရှုရှင်မြင်တွေ့တော်မူခဲ့ပါသည်။ သူသည် ခရစ်တော်၏လမ်းပြမှုကိုခံယူခဲ့မည်ဆိုလျှင် ကောင်းသောအမှုအတွက် တန်ခိုးတစ်ခုဖြစ်ခဲ့ပါလိမ့်မည်။ ဤအရာရှိသည် မိမိ၏သားနားကြွယ်ဝသောအသက်တာတွင် ခရစ်တော်အားရုပ်လုံးဖော်မည်ဆိုလျှင် ရုပ်လုံးဖော်နိုင်ပါသည်။ အကြောင်းမှာ သူသည် အရည်အချင်းနှင့်ပြည့်ဝသော သူတစ်ဦးဖြစ်သောကြောင့်တည်း။ သူသည် ခရစ်တော်နှင့်ပေါင်းစည်းခဲ့မည်ဆိုလျှင် ထိုအရည်အသွေးများသည် သူ့အားလူများအလယ်၌ မြင့်မြတ်သောအင်အားစုတစ်ခုဖြစ်လာစေနိုင်ပါသည်။ ခရစ်တော်သည် ၎င်း၏စာရိတ္တကိုစေ့စေ့ကြည့်ရှုလျက် ၎င်းအားချစ်ခင်တော်မူခဲ့ပါသည်။ ထိုအရာရှိ၏စိတ်နှလုံးထဲတွင်လည်း ခရစ်တော်ကိုချစ်သည့်မေတ္တာစိတ်များနိုးထလျက်ရှိပါသည်။ အကြောင်းမှာ၊ မေတ္တာသည်သာ မေတ္တာကိုပေါက်ဖွားစေနိုင်ပါသည်။ သခင်ယေရှုသည် ၎င်းအားမိမိ၏လုပ်ဖော်ဆောင်ဖက်တစ်ဦးအဖြစ် မြင်တွေ့လိုပါသည်။ ၎င်းအားမိမိကဲ့သို့ထာဝရဘုရားသခင်၏သဏ္ဌာန်တော်ကို ရောင်ပြန်ဟပ်စေမည့်ကြေးမုံပြင်တစ်ခုဖြစ်စေလိုတော်မူပါသည်။ ကိုယ်တော်သည် ၎င်း၏စာရိတ္တအား ဖွံ့ဖြိုးတိုးတက်စေလိုတော်မူပြီး၊ အမှုတော်မြတ်တွင်အသုံးခံနိုင်ရန်အတွက် သန့်စင်ပေးလိုတော်မူပါသည်။ ထိုအရာရှိသည် ထိုအချိန်က



မိမိကိုယ်ကိုခရစ်တော်ထံတော်တွင် ဆက်ကပ်အပ်နှံခဲ့မည်ဆိုလျှင် သူသည် ခရစ်တော်အတူရှိသည့်ပတ်ဝန်းကျင်တွင် အသက်ရှင်ကြီးပြင်းလာပေလိမ့်မည်။ သူသည် ထိုကဲ့သို့ရွေးချယ်တော်မူခဲ့ပါလျှင်၊ သူ၏အနာဂတ်အသက်တာသည် ယခုအခြေအနေနှင့်အလွန်ကွဲပြားခြားနားသွားပေလိမ့်မည်သာတည်း။

“သင်သည်တစ်ခုလိုသေး၏၊ စုံလင်ခြင်းသို့ရောက်လိုလျှင်သွားလော့၊ ကိုယ်ဥစ္စာများကိုရောင်း၍ ဆင်းရဲသောသူတို့အားပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ဘဏ္ဍာကိုရလိမ့်မည်။ သို့ပြီးမှငါ့နောက်သို့လိုက်လော့” ဟု ယေရှုကမိန့်တော်မူ၏။ ခရစ်တော်သည် ထိုသူ၏စိတ်နှလုံးကိုစူးစမ်းလိုက်ရာ အရေးကြီးသောအရာတစ်ခုသည် ၎င်း၌လိုအပ်နေသည်ကိုတွေ့ရပါသည်။ သူ၌ ဘုရားသခင်၏မေတ္တာတော်လိုအပ်နေခဲ့ပါသည်။ ထိုလိုအပ်ချက်ကိုမဖြည့်စွမ်းလျှင်၊ သူသည်ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ ကာမဂုဏ်ခံစားခြင်းအားဖြင့် တစ်ကိုယ်ကောင်းစိတ်ကိုသာ တိုးပွားစေပါသည်။ သူသည်ဘုရားသခင်၏ မေတ္တာတော်ကိုရရှိနိုင်ရန် ကိုယ့်ကိုကိုယ်ချစ်သောစိတ်ကို ကိုယ်တော်၌ဆက်ကပ်အပ်နှံရပါမည်။

ခရစ်တော်သည် ထိုသူအားစမ်းသပ်မှုတစ်ခုကိုပြုတော်မူခဲ့ပါသည်။ ကောင်းကင်ဘဏ္ဍာနှင့်လောက၏ကြီးမြတ်မှုတည်းဟူသောအရာနှစ်ခုထဲမှ တစ်ခုခုကိုရွေးချယ်ခဲ့ပါသည်။ သို့ရာတွင် သူသည်အတ္တစိတ်ကိုပေးအပ်ရပေမည်။ သူ၏အလိုဆန္ဒကို ခရစ်တော်၏ထိန်းချုပ်မှုအောက်တွင်ထားရှိရပါမည်။ ထာဝရဘုရားသခင်၏သန့်ရှင်းခြင်းကို ထိုအရာရှိကလေးအားပေးအပ်တော်မူခဲ့ပါသည်။ သူသည်ဘုရားသခင်၏သားဖြစ်ရသောအခွင့်၊ ခရစ်တော်နှင့်အတူကောင်းကင်ဘဏ္ဍာများကိုအမွေခံခွင့် စသည့်အခွင့်များရှိခဲ့ပါသည်။ သို့ရာတွင် သူသည် ကပ်တိုင်ကိုထမ်း၍ ကိုယ်အလိုကိုငြင်းဆန်သောလမ်းစဉ်အတိုင်း ခရစ်တော်၏နောက်တော်သို့လိုက်ရမည်ဖြစ်ပါသည်။

ခရစ်တော်၏နှုတ်ထွက်စကားများသည် ထိုအရာရှိကလေးအတွက် အမှန်စင်စစ်၊ “အဘယ်မည်သောဘုရားတို့အား ဝတ်ပြုမည့်အရာကိုယနေ့ရွေးကြလော့” ဟူသော ဖိတ်ခေါ်ချက်မျိုးဖြစ်နေပါသည်။ ယောရှု ၂၄း၁၅။

ထိုရွေးချယ်မှုကို သူကိုယ်တိုင်ပြုလုပ်ရပါမည်။ သခင်ယေရှုသည် ၎င်းအား စိတ်နှလုံးပြောင်းလဲစေလိုတော်မူပါသည်။ သူ၏စာရိတ္တမှ ဖောက်ပြန်ပျက်စီးနေသည့်အရာကိုလည်း သူ့အားပြသွန်တော်မူခဲ့ပြီးဖြစ်သဖြင့်၊ ထိုမေးခွန်းကို ထိုသူအလေးအနက်စဉ်းစားတွေးဆနေစဉ်တွင် ကိုယ်တော်သည် ပေါ်ထွန်းလာမည့်အကျိုးဆက်များကို စိတ်ဝင်စားစွာစောင့်ကြည့်တော်မူခဲ့ပါသည်။ သူသည်ခရစ်တော်နောက်သို့လိုက်ရန်ဆုံးဖြတ်ပါလျှင်၊ ကိုယ်တော်၏စကားအလုံးစုံကို နားထောင်လိုက်လျှောက်ရပါမည်။ မိမိ၏ရည်မှန်းချက်ကြီးမားလွန်းသည့် စီမံကိန်းများမှကျောခိုင်းရပါမည်။ ဘုရားသခင်ဝိညာဉ်တော်၏ဖိတ်ခေါ်ချက်ကို လိုက်လျောလိမ့်မည်ဟုမျှော်လင့်လျက်၊ ကယ်တင်ရှင်သည် စိတ်အားထက်သန်စွာဖြင့် ထိုသူအားစိုးရိမ်တကြီး စူးစူးစိုက်စိုက်ကြည့်တော်မူနေပါသည်။

ခရစ်တော်သည် ထိုအရာရှိကိုအားလုံးစုံလင်သော ခရစ်ယာန်တစ်ဦး၏ စာရိတ္တမျိုးဖြစ်စေနိုင်မည့်ကမ်းလှမ်းချက်မျိုးကိုသာ ပြတော်မူခဲ့ပါသည်။ ကိုယ်တော်၏စကားများသည် တင်းမာပြတ်သားသယောင်ရှိသော်လည်း၊ ဉာဏ်ပညာနှင့်ပြည့်စုံသောစကားများဖြစ်ပါသည်။ ထိုစကားများကိုလက်ခံ၍လိုက်လျှောက်ခြင်းသည် ထိုအရာရှိအတွက်ကယ်တင်ခြင်းရရန် တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်ပါသည်။ သူရရှိထားသည့်မြင့်မားသောရာထူး၌ာနန္တရနှင့် ကြွယ်ဝသောဥစ္စာဓနများသည် ၎င်း၏အကျင့်စာရိတ္တအပေါ်တွင် ဒုစရိုက်အကျင့်အတွက် စဉ်းလဲသောဩဇာသက်ရောက်မှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ ရာထူးနှင့်ဥစ္စာဓနကို မြတ်နိုးတွယ်တာသောစိတ်ဓာတ်သည် ဘုရားသခင်ကို ချစ်ခင်မြတ်နိုးသောစိတ်ထားအား ပျောက်ပျက်သွားစေပါသည်။ ဘုရားသခင်ထံမှအနည်းနှင့်အများဆိုသလို နောက်ဆုတ်နေခြင်းသည် ကျင့်ဝတ်ဆိုင်ရာခွန်အားများနှင့် စွမ်းဆောင်နိုင်သောအာနိသင်များကိုလျော့ပါးစေသောအရာများအား လက်ဝယ်ထားခြင်းပင်ဖြစ်ပါသည်။ အကြောင်းမူကား၊ လောကနှင့်စပ်ဆိုင်သောအရာများသည် မည်သို့ပင်မသေချာမရေရာ၍ တန်ဖိုးမရှိသောအရာများဖြစ်စေကာမူ၊ ၎င်းအရာများကိုမြတ်နိုးတွယ်တာမိလျှင်၊ လုံးလုံးစွဲလမ်းမှုရှိလာတတ်ပါသည်။





ထိုအရာရှိကလေးသည် ခရစ်တော်စကားများ၏ဆိုလိုရင်းကို ချက်ချင်းသဘောပေါက်သွားပြီး စိတ်နှလုံးမကြည်မသာဖြစ်လာခဲ့ပါသည်။ ကိုယ်တော်ရှင်ပေးတော်မူသည့် ဆုကျေးဇူးတော်၏တန်ဖိုးကိုသိရှိခဲ့မည်ဆိုလျှင်၊ ခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်ရန် သူ့ကိုယ်သူစာရင်းသွင်းခဲ့လိမ့်မည်ဖြစ်ပါသည်။ သူသည် ယုဒလူများ၏ဂုဏ်သရေရှိကောင်စီမှ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ စာတန်သည် သူ့အားနှစ်မြို့ဖွယ်သောအနာဂတ်ကြီးပွားချမ်းသာမှုများကိုပြ၍ စုံစမ်းနေပါသည်။ သူသည် ကောင်းကင်ဘဏ္ဍာကိုပိုင်ဆိုင်သလို သူ၏ချမ်းသာကြွယ်ဝမှုများအားဖြင့် ဖြစ်ပေါ်လာမည့်လောကီအခွင့်အရေးများကိုလည်း လိုချင်ခဲ့ပါသည်။ ထိုအခြေအနေမျိုးတွင် သူဝမ်းနည်းခဲ့ရပါသည်။ ထာဝရအသက်ကိုရယူလိုသော်လည်း၊ စွန့်လွှတ်အနစ်နာခံမှုများကိုပြုလုပ်ရန် သူဆန္ဒမရှိခဲ့ချေ။ ထာဝရအသက်၏အဖိုးအခသည် သူ့အတွက်ကြီးမားသယောင်ဖြစ်နေသဖြင့် သူသည်ကြွယ်ဝချမ်းသာသူတစ်ဦးဖြစ်၍ ထိုစကားကိုကြားလျှင် စိတ်မသာသည်နှင့်ထွက်ခွာသွားလေ၏။

ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်ခဲ့ပါသည်ဟူ၍ ပြောဆိုနေခြင်းသည် လိမ်ညာမှုတစ်ခုသာဖြစ်ခဲ့ပါသည်။ သူ၏ဥစ္စာဓနများသည် သူကိုးကွယ်နေသောရုပ်တုဖြစ်ကြောင်း ထင်ရှားနေပါသည်။ လောကကိုချစ်မြတ်နိုးသောစိတ်ကိုဦးစားပေးနေစဉ်တွင် သူသည် ဘုရားသခင်၏ပညတ်တော်များကို မစောင့်ရှောက်နိုင်ခဲ့ပါချေ။ သူသည် ဘုရားသခင်ကိုယ်တော်တိုင်ကိုချစ်သည်ထက် ဘုရားသခင်ကပေးသနားတော်မူသောဆုမင်္ဂလာများကို ပို၍ချစ်ခင်တွယ်တာခဲ့ပါသည်။ “ငါ့နောက်သို့လိုက်လော့” ဟူ၍ မိမိနှင့်မိတ်သဟာယဖွဲ့ခွင့်ကို ထိုအရာရှိအား ခရစ်တော်ပေးတော်မူခဲ့ပါသည်။ သူ့အဖို့ ကယ်တင်ရှင်သည် ပိုင်ဆိုင်ထားသည့်ရာထူး၌ာနန္တရနှင့် ပစ္စည်းဥစ္စာများလောက်အရေးမပါလှချေ။ မျက်မြင်မရသောကောင်းကင်ဘဏ္ဍာများအတွက် ယခုမျက်မြင်ရသော လောကဘဏ္ဍာများကိုစွန့်လွှတ်ရခြင်းသည် သူ့အတွက်ကြီးကျယ်သောစွန့်စားမှုတစ်ခုဖြစ်နေပါသည်။ ထိုကြောင့် ထာဝရအသက်အတွက် လက်ကမ်းမှုကိုငြင်းပယ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကမ္ဘာလောကသည် သူတို့ကိုးကွယ်

သောအရာများဖြစ်သွားခဲ့ပါသည်။ ထောင်ပေါင်းများစွာသော လူအပေါင်းသည် ခရစ်တော်နှင့်လောကအကြား ချိန်ထိုးစဉ်းစားရသည့် ပြင်းထန်သောစုံစမ်းခြင်းမျိုးကိုကြုံတွေ့လျက်ရှိကြရာ အများစုသည်လောကကမ္ဘာကိုဦးစားပေး၍ ရွေးချယ်ကြပါသည်။ ထိုသူများသည် ဤအရာရှိကဲ့သို့ပင် ခရစ်တော်ကိုငါ၏ခေါင်းဆောင်အဖြစ်မရွေးချယ်နိုင်ဟု စိတ်ထဲတွင်ရေရွတ်လျက် ကယ်တင်ရှင်အားကျောခိုင်းကြပါသည်။

ထိုအရာရှိအားခရစ်တော်ဆက်ဆံပြုမူခဲ့ခြင်းကို သရုပ်ပြသင်ခန်းစာတစ်ခုအသွင်ဖြင့် တင်ဆက်ထားပါသည်။ ကိုယ်တော်၏အစေခံကျွန်တိုင်းလိုက်လျှောက်ရမည့်ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းများကို ကျွန်ုပ်တို့အားဘုရားသခင်ပေးအပ်ထားပြီးဖြစ်ပါသည်။ ထိုအရာမှာ ဘုရားသခင်၏ပညတ်တော်ကိုအပေါ်ယံကြောသာနားထောင်ခြင်းမဟုတ်ဘဲ အသက်တာတွင် စိတ်ဝင်စားနေသည့်နားထောင်ခြင်းမျိုးဖြင့် လိုက်လျှောက်ရန်ဖြစ်ပါသည်။ ထိုကဲ့သို့သောနားထောင်ခြင်းသည် ၎င်း၏အကျင့်စာရိတ္တတွင်ထင်ရှားနေပါသည်။ ဘုရားသခင်သည် နိုင်ငံတော်သို့ဝင်စားမည့်သူအားလုံးအတွက် အကျင့်စာရိတ္တဆိုင်ရာ "စံ" ကို သတ်မှတ်ထားပါသည်။ ခရစ်တော်နှင့်လုပ်ဖော်ဆောင်ဖက်ဖြစ်လာမည့်သူများနှင့် အရှင်ဘုရား၊ ကျွန်ုပ်ပိုင်ဆိုင်သောအရာခပ်သိမ်းနှင့် ကျွန်ုပ်တို့၏ကိုယ်စိတ်နှလုံးသုံးပါးတို့သည် ကိုယ်တော်ပိုင်သောအရာများဖြစ်ပါသည်ဟု ဝန်ခံသောသူများသည်သာလျှင် ထာဝရဘုရား၏သားသမီးများအဖြစ် အသိအမှတ်ပြုခြင်းကိုခံရပါလိမ့်မည်။ ကောင်းကင်နိုင်ငံတော်သို့ဝင်စားလိုသော်လည်း ဖြစ်ပေါ်လာသောအခြေအနေများကြောင့် ကောင်းကင်နိုင်ငံကိုကျောခိုင်းခြင်းသည် မည်သည့်အဓိပ္ပါယ်ကိုဆောင်နေကြောင်း၊ ကျွန်ုပ်တို့အားလုံးစဉ်းစားဆင်ခြင်သင့်ပါသည်။ ခရစ်တော်၏မိန့်တော်မူသည့်အရာကို မလုပ်နိုင်ပါဟုပြောဆိုခြင်းသည် မည်သည့်အဓိပ္ပါယ်ရှိကြောင်း၊ စဉ်းစားဆင်ခြင်ပါ။ ငါ့မှာရှိသမျှသောဥစ္စာစည်းစိမ်များကို သင့်အားမပေးနိုင်ဟု အရာရှိကလေးကတုံ့ပြန်ခဲ့သည်။ ကျွန်ုပ်တို့လည်း ထိုကဲ့သို့တုံ့ပြန်ကြမည်လား။ ထာဝရဘုရားက ကျွန်ုပ်တို့အားပြုစေလိုသည့်အရာကိုမျှဝေလုပ်ဆောင်ရန် ကယ်တင်ရှင်သည်



ကျွန်ုပ်တို့အားကမ်းလှမ်းနေပါသည်။ ဤလောကတွင် ကိုယ်တော်၏အမှုတော်အားဆက်လက်လုပ်ဆောင်နိုင်ဖို့ ကျွန်ုပ်တို့အားဘုရားသခင်ပေးသနားတော်မူထားသည့်ဥစ္စာစည်းစိမ်များကိုအသုံးပြုရန် ကိုယ်တော်ရှင်ကမ်းလှမ်းနေပါသည်။ ဤနည်းတစ်နည်းအားဖြင့်သာ ကိုယ်တော်သည် ကျွန်ုပ်တို့အားကယ်တင်နိုင်မည်ဖြစ်ပါသည်။

သူ့အနေဖြင့် သစ္စာရှိသောဘဏ္ဍာစိုးတစ်ဦးဖြစ်ကြောင်း သက်သေပြစေရန် ထိုဥစ္စာပစ္စည်းများကို ထိုအရာရှိကလေးအားအပ်နှင်းထားခြင်းဖြစ်ပါသည်။ သူသည် ထိုပစ္စည်းဥစ္စာများကို ဆင်းရဲသားများ၏ကောင်းကျိုးအလို့ငှာပေးဝေလှူဒါန်းရမည်ဖြစ်ပါသည်။ ထိုနည်းတူစွာ ဆင်းရဲသားများနှင့်ဝေဒနာသည်များအား ဘုရားသခင်၏ကိုယ်စားမစနိုင်စေရန်အလို့ငှာ ယနေ့လူသားများအား ဥစ္စာကြေးငွေ၊ အစွမ်းသတ္တိနှင့် အခွင့်အရေးများကို ပေးသနားထားတော်မူပါသည်။ ဘုရားသခင်ကြံရွယ်တော်မူထားသည့်အတိုင်း မိမိအားပေးအပ်ထားသည့်ဆုမင်္ဂလာများကို ထိုလုပ်ငန်းများအဖို့အလို့ငှာ အသုံးပြုသောသူသည် ကယ်တင်ရှင်၏လုပ်ဖော်ဆောင်ဖက်တစ်ဦးဖြစ်လာပါသည်။ သူသည် ကိုယ်တော့်စာရိတ္တတော်၏ပုံရိပ်ဖြစ်သောကြောင့် အသက်ဝိညာဉ်များကို ခရစ်တော်ထံသို့ပို့ဆောင်နိုင်ပါသည်။

ထိုအရာရှိကဲ့သို့ ရာထူးကြီးကြီးကိုပိုင်ဆိုင်ထားပြီး ကြွယ်ဝချမ်းသာလွန်းသောသူများအဖို့၊ ခရစ်တော်၏နောက်တော်လိုက်ဖို့ အရာခပ်သိမ်းကိုစွန့်လွှတ်ရန်မှာ ကြီးမားသောနစ်နာမှုတစ်ခုကဲ့သို့ဖြစ်နေပါသည်။ သို့ရာတွင် ထိုအနစ်နာခံမှုသည် ကိုယ်တော်၏တပည့်တော်ဖြစ်လာမည့်သူအားလုံးအတွက် ကျင့်ဆောင်ရမည့်စည်းမျဉ်းတစ်ခုဖြစ်ပါသည်။ စံမမှီသောမည်သည့်နားထောင်မှုမျိုးကိုမှ ကိုယ်တော်လက်ခံလိမ့်မည်မဟုတ်ချေ။ ကိုယ့်ကိုကိုယ်ဆက်ကပ်အပ်နှံခြင်းသည် ခရစ်တော်သွန်သင်ချက်များ၏အနှစ်သာရဖြစ်ပါသည်။ ထိုအနှစ်သာရကလေးကို အကြောင်းခိုင်လုံ၍ ယုံကြည်ထိုက်သောအသုံးအနှုန်းများဖြင့်ပြဋ္ဌာန်းကာ မကြာခဏတင်ဆက်ခဲ့ပါသည်။ အကြောင်းမူကား၊ ထိုနည်းမှလွဲ၍ အခြားမည်သည့်နည်းနှင့်မျှ လူသားများအားစာရိတ္တပျက်ပြားမှုများမှ မကယ်တင်နိုင်ပါချေ။

ခရစ်တော်၏နောက်လိုက်များသည် မိမိရှိသမျှကို ဘုရားသခင်အား ပြန်လည်အပ်နှံကြသောအချိန်တွင် သူတို့သည် "သစ္စာရှိသောငယ်သားကောင်း ----သင်၏သခင်နှင့်အတူစည်းစိမ်ကိုဝင်စားလော့" ဟူ၍မိန့်တော်မူသံကို ကြားရသောအချိန်၌ ပေးဆပ်ခြင်းခံရမည့်ဘဏ္ဍာများကို စုဆောင်းနေခြင်းသာ ဖြစ်ပါသည်။ မဿဲ ၂၅း၂၃။ "ထိုသခင်သည် မိမိရှေ့၌ထားသောဝမ်းမြောက်ခြင်းအကြောင်းကြောင့် ရှက်ကြောက်သောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ ဘုရားသခင်၏ပလ္လင်တော်လက်ယာဘက်၌ ထိုင်နေတော်မူ၏။" ဟေဗြဲ ၁၂း၂။ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူသည့်ကိုယ်တော်၏ ခြေတော်ရာများအတိုင်း လိုက်လျှောက်ကြမည့်သူအားလုံးရရှိမည့်ဆုလာဘ်မှာ အသက်ဝိညာဉ်များ ထာဝရကယ်တင်ခြင်းခံရသည်ကိုမြင်ရသဖြင့် ခံစားရသည့်ဝမ်းမြောက်ခြင်းပင်ဖြစ်ပါသည်။

****



# tcef; (58)
# vmZ½kxGufíivmaVmh

လုကာ ၁၀း၃၈-၄၂။ ယောဟန် ၁၁း၁-၄၄ တို့ကိုအခြေပြုထားပါသည်။

ဗေသနိရွာသားလာဇရုသည် ခရစ်တော်၏သစ္စာအရှိဆုံးတပည့်တော်များတွင် တစ်ယောက်အပါအဝင်ဖြစ်ပါသည်။ ခရစ်တော်ကိုစ၍တွေ့သည့်အချိန်ကပင် ကိုယ်တော်အားစွဲစွဲမြဲမြဲယုံကြည်ပြီး နှစ်နှစ်ကာကာချစ်ခင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ သူသည် ကိုယ်တော်၏ချစ်ခင်ယုယမှုကိုလည်း အထူးရရှိခဲ့ပါသည်။ ဤလာဇရုအတွက်ပင်အကြီးမားဆုံးသောနိမိတ်လက္ခဏာတစ်ခုကို ကိုယ်တော်ပြုခဲ့ပါသည်။ ကယ်တင်ရှင်သည် မိမိအားအမအစတောင်းခံသူတိုင်းအား ကောင်းချီးပေးတော်မူ၏။ မိသားစုတိုင်းအားချစ်တော်မူသော်လည်း တချို့ကိုမူ ထူးခြားသောအနှောင်အဖွဲ့များဖြင့်ချစ်ခင်တော်မူပါသည်။ ဗေသနိရွာမှထိုမိသားစုအား ခိုင်ခံ့သောမေတ္တာအနှောင်အဖွဲ့များဖြင့် သံယောဇဉ်ရစ်ပတ်ခဲ့ပါသည်။ ထိုမိသားစုထဲမှတစ်ယောက်သောသူအတွက် ကိုယ်တော်သည်ကြီးမားသောနိမိတ်လက္ခဏာတစ်ခုကို ပြတော်မူခဲ့ပါသည်။

သခင်ယေရှုသည် လာဇရု၏အိမ်၌ မကြာခဏအေးအေးဆေးဆေး နားနေခွင့်ရခဲ့ပါသည်။ ကိုယ်တော်၌ကိုယ်ပိုင်အိုးအိမ်မရှိသဖြင့် မိတ်ဆွေများနှင့်တပည့်တော်များ၏ဧည့်ဝတ်ပြုမှုအပေါ်၌သာ အားကိုးအားထားပြုခဲ့ရပါသည်။ မကြာခဏဆိုသလို မောပန်းနွမ်းလျ၍ မိတ်ဆွေငတ်နေသောအချိန်များတွင် ဒေါသမာန်ထနေသော ဖာရိရှဲများ၏မယုံသင်္ကာမှုများနှင့် မနာလိုဝန်တိုမှုများကင်းဝေးသည့် သာယာသောဤအိမ်ထောင်စုရှိရာသို့ ဝမ်းသာအားရထွက်ပြေးတိမ်းရှောင်တော်မူခဲ့ပါသည်။ ဤနေရာတွင် လှိုက်လှဲသောကြိုဆိုမှုနှင့်သန့်ရှင်းဖြူစင်သော မိတ်သဟာယဖွဲ့မှုများကို တွေ့ရှိတော်မူခဲ့ပါသည်။ မိမိ၏နှုတ်ထွက်စကားများကို နားလည်လိမ့်မည်၊ မှတ်သားလိမ့်မည်ဟူသောအသိဖြင့်

ဤနေရာတွင် တရားဒေသနာများကို အရင်းခံမူလအတိုင်း လွတ်လွတ်လပ်လပ်ဟောကြားနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ခိုက်ရန်ပြုခြင်းနှင့်ကင်းရှင်းသော အိမ်ထောင်များနှင့် တရားတော်ကိုစိတ်ဝင်တစားနာကြားတတ်သူများကို အလေးထားတော်မူပါသည်။ ကိုယ်တော်သည် လူသားများ၏နူးညံ့သိမ်မွေ့မှုများ၊ လောကဝတ်ပြုမှုများနှင့်ချစ်ခင်ယုယမှုများကို အလွန်တောင့်တတော်မူပါသည်။ အမြဲတမ်းမျှဝေရန်အဆင်သင့်ရှိနေသောကောင်းကင်နိုင်ငံမှ ကိုယ်တော်၏သွန်သင်ချက်များကို လက်ခံရရှိသူများသည် ကြွယ်ဝစွာကောင်းချီးပေးခြင်းကို ခံကြရပါသည်။ လယ်ကွင်းပြင်တွင် ထွက်ကြွတော်မူလျက်ရှိသော ကိုယ်တော်နောက်တော်သို့ လူအများလိုက်လာကြစဉ်တွင် ကိုယ်တော်သည် ၎င်းတို့အားသဘာဝတရား၏အလှအပများကို ထုတ်ဖော်ဟောကြားတော်မူပါသည်။ ဘုရားရှင်၏လက်တော်သည် ကမ္ဘာလောကကြီးအားထိန်းချုပ်ထားကြောင်း ထိုသူတို့မြင်တွေ့နိုင်စေရန်အတွက် ၎င်းတို့၏ဉာဏ်မျက်စိများကိုဖွင့်ပေးရန် ကိုယ်တော်ကြိုးစားတော်မူခဲ့ပါသည်။ ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ကျေးဇူးပြုတတ်ခြင်းများကို လူအပေါင်းအလေးအမြတ်ပြုလာမိစေရန် ကိုယ်တော်သည် ကောင်းသောသူနှင့်ဆိုးသောသူတို့အား အညီအမျှပေးသနားတော်မူသောညင်သာစွာကျနေလျက်ရှိသော နှင်းမှုန်များကိုလည်းကောင်း၊ တစ်ဖွဲဖွဲကျဆင်းနေသောမိုးရေပေါက်များကိုလည်းကောင်း၊ တောက်ပသောနေရောင်ခြည်ကိုလည်းကောင်း တရားနာပရိသတ်ကြီးအား အာရုံပြုစေခဲ့ပါသည်။ မိမိကိုယ်တိုင်ဖန်ဆင်းတော်မူခဲ့သောလူသားများအတွက် အသုံးဝင်မည့်အရာများအပေါ် ဘုရားသခင်ကောင်းချီးပေးဂရုပြုတော်မူကြောင်းကို လူသားတိုင်းပြည့်ပြည့်ဝဝနားလည်သဘောပေါက်ရန် ကိုယ်တော်အလိုရှိတော်မူပါသည်။ သို့ရာတွင် လူအများသည်နားဝေးခဲ့ကြသဖြင့် ယေရှုသည် ၎င်းတို့၏တိုက်လှန်မှုများမှ ကင်းဝေးသည့်ဗေသနိရွာရှိ ထိုအိမ်တွင်နားနေတော်မူခဲ့ပါသည်။ ဤနေရာတွင် ကိုယ်တော်သည်လေးလေးစားစားတရားနာတတ်သော အိမ်သားများအား ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဖွင့်ဟတော်မူခဲ့ပါသည်။ လူပေါင်းစုံ



ပါဝင်သော တရားနာပရိသတ်အား၊ မဟောကြားခဲ့သောတရားတော်များအား ထိုအိမ်သားများနှင့်အလွတ်သဘောတွေ့ဆုံချိန်များတွင် သွန်သင်ဟောကြားခဲ့ပါသည်။ ဤမိတ်ဆွေများအတွက် ပုံပမာများကိုအသုံးပြု၍ တရားဟောကြားရန်မလိုအပ်ပါချေ။

ခရစ်တော်သည် အံ့ဖွယ်သောသင်ခန်းစာများကိုသွန်သင်နေစဉ်တွင် ရိုသေကိုင်းရှိုင်းသော တရားနာတစ်ဦးဖြစ်သည့်မာရိသည် ခြေတော်ရင်းတွင် ထိုင်၍ တရားနာခဲ့ပါသည်။ ထိုအချိန်တွင် ခရစ်တော်အားကျွေးမွေးရန် အစားအစာများပြင်ဆင်နေသောမာသသည် စိတ်နှလုံးမကြည်မသာဖြစ်ကာ ခရစ်တော်ထံသို့ချဉ်းကပ်သွားပြီး “သခင်ကျွန်မ၏ညီမသည် ကျွန်မတစ်ယောက်တည်းလုပ်ကျွေးစေခြင်းငှာ ကျွန်မကိုပစ်ထားသည့်အရာကို လျစ်လျူသောစိတ်ရှိတော်မူသလော၊ သူသည်ကျွန်မကိုကူညီမည်အကြောင်း အမိန့်တော်ရှိပါ” ဟုလျှောက်လေ၏။ ဤအဖြစ်အပျက်ဖြစ်ပျက်နေသောအချိန်သည် ဗေသနိရွာသို့ ခရစ်တော်ပထမဦးဆုံးအကြိမ်ရောက်ရှိခဲ့သောအခါကဖြစ်ပါသည်။ ခရစ်တော်နှင့်တပည့်တော်များတို့သည် ယေရိခေါမှဗေသနိရွာသို့ခရီးပြင်းတစ်ခုကို ခြေလျင်လျှောက်ခဲ့ကြပါသည်။ မာသသည်ထိုသူတို့အား ကျွေးမွေးပြုစုရန်စိတ်စောနေသည့်အတွက် ခရစ်တော်အားပြုသင့်သည့်ဝတ်ကိုပြုရန် မေ့လျော့ခဲ့ပါသည်။ ထိုအခါ ခရစ်တော်က “မာသ–မာသ၊ သင်သည်များစွာသောအမှုတို့၌ စိုးရိမ်နှောင့်ယှက်ခြင်းကိုခံရ၏။ လိုသောအရာတစ်ခုတည်းရှိ၏။ မာရိမူကား၊ ကောင်းသောအဖို့ကိုရွေးယူပြီ၊ ထိုအဖို့ကိုအဘယ်သူမျှမနုတ်မယူရာ” ဟုထောက်ထားစာနာ၍ တည်ငြိမ်သောစကားလုံးများဖြင့် မိန့်တော်မူခဲ့ပါသည်။ မာရိမူကား၊ အဖိုးထိုက်တန်သောကျောက်သံပတ္တမြားထက်တန်ဖိုးရှိသော ကိုယ်တော်၏နှုတ်တော်ထွက်စကားများကို စိတ်နှလုံးတွင်သိုမှီးလျက်ရှိပါသည်။

မာသ၌လိုနေသော “တစ်ခုတည်း” ဟူသောအရာမှာ ဘုရားဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော တည်ငြိမ်သည့်စိတ်သဘောထား၊ မသေနိုင်သောအနာဂတ်အသက်တာနှင့်ပတ်သက်သည့်အသိပညာကိုရရန် နက်ရှိုင်းသောစိုးရိမ်မှုနှင့် ဝိညာဉ်ရေးတိုးတက်မှုအတွက် ပဓါနကျသောကရုဏာတော်များ

ပင်ဖြစ်ပါသည်။ သူမသည် ပျက်စီးဆုံးပါးသွားနိုင်သည့်အရာများအတွက် စိုးရိမ်စိတ်လျော့ချပစ်ကာ ထာဝရတည်မြဲသည့်အရာများအတွက် ပို၍စိုးရိမ်စိတ်ထားရန်လိုအပ်ပါသည်။ ကိုယ်တော်၏သားသမီးများအနေဖြင့် ကယ်တင်ခြင်းအလိုငှာ ပညာကိုရနိုင်သောအခွင့်အရေးတိုင်းကို လက်မလွတ်ကြရန်ခရစ်တော်သွန်သင်တော်မူခဲ့ပါသည်။ ယေရှုရှင်၏အမှုတော်မြတ်၌ သတိဝီရိယရှိ၍ အားသွန်ခွန်စိုက်လုပ်ဆောင်သည့် အမှုဆောင်များလိုအပ်နေပါသည်။ မာသအတွက် ဘာသာရေးခံယူချက်ပြင်းထန်စွာဖြင့်လုပ်ဆောင်ရမည့်အလုပ်များကျယ်ကျယ်ပြန့်ပြန့်ရှိနေပါသည်။ သို့ရာတွင် မာရိနှင့်အတူ ခရစ်တော်၏ခြေတော်ရင်းတွင် ရှေးဦးစွာပထမထိုင်ပါလေစေ။ လုံ့လဝီရိယရှိမှုများ၊ အကြွေးမထားဘဲလုပ်ဆောင်လိုသောစိတ်ထားများနှင့်ခွန်အားများကို ခရစ်တော်၏ကရုဏာတော်အားဖြင့် သန့်စင်စေပါသည်။ သို့မှာသာ အသက်တာသည် ကောင်းသောလုပ်ငန်းများကိုလုပ်ဆောင်ရန်အတွက် အမြဲတမ်းအောင်နိုင်သောတန်ခိုးတစ်ခုဖြစ်လာပါလိမ့်မည်။

ခရစ်တော်နားနေခဲ့ဖူးသည့် သာယာသောထိုအိမ်ထောင်စုတွင် တစ်နေ့တွင် ဝမ်းနည်းဖွယ်ရာတစ်ခုနှင့်ကြုံတွေ့ခဲ့ရပါသည်။ တစ်နေ့သ၌ လာဇရုသည် ရုတ်တရက်ဖျားနာနေသဖြင့် ထိုညီအစ်မတို့သည် ခရစ်တော်ထံသို့လူတစ်ယောက်ကိုစေလွှတ်၍ "သခင်ကိုယ်တော်ချစ်တော်မူသောသူသည် နာလျက်နေပါသည်" ဟုလျှောက်လေ၏။ သူတို့၏မောင်သည် ပြင်းထန်သောရောဂါတစ်ခုစွဲကပ်နေကြောင်းမြင်တွေ့ကြရသော်လည်း မည်သည့်ရောဂါဝေဒနာကိုမဆို ခရစ်တော်ကုသပျောက်ကင်းစေနိုင်ကြောင်း သူတို့သိရှိထားကြပါသည်။ ကိုယ်တော်အနေဖြင့် မိမိတို့ခံစားနေရသောဒုက္ခဆင်းရဲများကို စာနာထောက်ထားလိမ့်မည်ဟုလည်း သူတို့ယုံကြည်ခဲ့ကြပါသည်။ ထို့ကြောင့် "ကိုယ်တော်ချစ်တော်မူသောသူသည် နာလျက်နေပါသည်" ဟူ၍သတင်းပို့ရုံလောက်သာပြုခဲ့ပြီး ကိုယ်တော်ရှင်ကိုယ်တိုင်ချက်ချင်းကြွလာတော်မူရန် သူတို့မတောင်းဆိုခဲ့ကြချေ။ ကိုယ်တော်သည် ထိုသတင်းကိုကြားလျှင်ကြားချင်း ချက်ချင်းတုံ့ပြန်ပေးလိမ့်မည်။ ၎င်းပြင် ဗေသနိသို့ရောက်လျှင်ရောက်ချင်း မိမိတို့ထံသို့ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလိမ့်မည်ဟုလည်း သူတို့မျှော်လင့်ခဲ့ကြပါသည်။



သူတို့သည် ခရစ်တော်ပါးလိုက်သည့်စကားတစ်လုံးကိုကြားနာရန်အတွက် စိုးရိမ်တကြီးစောင့်မျှော်နေကြပါသည်။ သူတို့၏မောင်သည် အသက်ရှင်နေသေးကြောင်း အရိပ်အယောင်ကလေးကိုတွေ့မြင်နေသမျှကာလပတ်လုံး သူတို့သည် ဆုတောင်းလျက်ကိုယ်တော်၏အလာကို စောင့်စားနေကြပါသည်။ သို့သော်လည်း ဆက်သားသည်ကိုယ်တော်မပါဘဲပြန်လည်ရောက်ရှိလာခဲ့ပါသည်။ သို့ရာတွင် ကိုယ်တော်ထံမှ "ထိုအနာသည်သေနာမဟုတ်" ဟူသောသတင်းကလေးကို ယူဆောင်လာခဲ့ပါသည်။ ထို့ကြောင့် လာဇရုသည်အသက်ရှင်လိမ့်မည်ဟု မျှော်မှန်းစွဲလမ်းလျက် သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေသောလူနာအား ကြိုးစား၍အားပေးစကားပြောကြားနေပါသည်။ သို့ရာတွင် လာဇရုသည် သေဆုံးသွားသဖြင့် သူတို့သည်အလွန့်အလွန်စိတ်ပျက်ခဲ့ကြရပါသည်။ သို့သော်နှစ်သိမ့်မှုပေးသော ခရစ်တော်၏ကရုဏာတော်ကို သိရှိထားခဲ့ကြသည့်အတွက် ကယ်တင်ရှင်ကိုသူတို့အပြစ်မတင်ခဲ့ကြချေ။

ခရစ်တော်သည် လာဇရု၏သတင်းကိုကြားသောအခါ ၎င်းတို့ထင်မှတ်ထားသည့်အတိုင်း ဝမ်းနည်းပက်လက်ဖြစ်မည့်အရိပ်အယောင်ကိုမတွေ့ရသဖြင့် တမန်တော်များအနေဖြင့် ကိုယ်တော်အားအေးတိအေးစက်နိုင်လွန်းလှသည်ဟု ထင်ခဲ့ကြပါသည်။ ထိုအခါ ၎င်းတို့အားမျှော်ကြည့်တော်မူ၍ "ထိုအနာသည်သေနာမဟုတ်၊ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသောအနာဖြစ်၏" ဟု ကိုယ်တော်မိန့်တော်မူ၏။ ကိုယ်တော်သည် ထိုနေရာမှကြွတော်မမူဘဲ နှစ်ရက်ခန့်ဆက်၍နေတော်မူသဖြင့် ထိုနှောင့်နှေးမှုအတွက် တမန်တော်များအဖို့နားမလည်နိုင်သည့်နက်နဲမှုတစ်ရပ်ဖြစ်နေပါသည်။ ကိုယ်တော်ရောက်ရှိသွားမည်ဆိုလျှင် ပရိဒေဝမီးတောက်လောင်နေသောမိသားစုအတွက် မည်မျှစိတ်သက်သာမှုရလိုက်မလဲဟု သူတို့တွေးတောနေကြပါသည်။ ကိုယ်တော်ရှင်သည် ဗေသနိရွာမှထိုမိသားစုအား မည်မျှချစ်ခင်မြတ်နိုးသည်ကို တမန်တော်များသိပြီးဖြစ်ကြသဖြင့် "ကိုယ်တော်ချစ်တော်မူသောသူနာလျက်နေပါသည်" ဟူသောဝမ်းနည်းစရာသတင်းကို မည်သို့မျှမတုံ့ပြန်ခြင်းအတွက် သူတို့အံ့အားသင့်ခဲ့ကြပါသည်။

ထိုနှစ်ရက်အတွင်း၌ကြားသိခဲ့ရသော ဝမ်းနည်းဖွယ်ထိုသတင်းသည် ခရစ်တော်၏စိတ်ထဲတွင် ဘာမှခံစားမှုမရှိနေသလိုဖြစ်နေပါသည်။ အကြောင်းမှာ ကိုယ်တော်သည် လာဇရုအကြောင်းကိုဘာမျှမပြောဆိုခဲ့ချေ။ တမန်တော်များသည် ယေရှုရှင်၏ရှေ့ပြေးဖြစ်သော ဗတ္တိဇံဆရာယောဟန်အကြောင်းကို စဉ်းစားတွေးတောနေကြပါသည်။ ခရစ်တော်သည် ထူးဆန်းသောနိမိတ်လက္ခဏာများကိုပြုနိုင်တော်မူသော်လည်း အဘယ်ကြောင့်ဆရာယောဟန်အား အကျဉ်းထောင်ထဲတွင် နွမ်းလျှခွေယိုင်ကာသေခြင်းဆိုးနှင့်သေသွားသည်ကို ခွင့်ပြုခဲ့သနည်းဟု တမန်တော်များတွေးခဲ့ဖူးကြပါသည်။ ထိုကဲ့သို့သောတန်ခိုးများကိုပိုင်ဆိုင်ထားပါလျက်နှင့် ခရစ်တော်သည်ဆရာယောဟန်၏အသက်ကို အဘယ်ကြောင့်မကာကွယ်ခဲ့ပါသနည်း။ ဤမေးခွန်းကို ဖာရိရှဲများလည်းမကြာခဏမေးခဲ့ဖူးပါသည်။ ၎င်းတို့သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း အခိုင်အမာပြောဆိုသည့်ခရစ်တော်၏ဖွင့်ဟချက်ကို ဤမေးခွန်းအားဖြင့်အဖြေမပေးနိုင်သော ငြင်းဆိုချက်တစ်ခုအသွင်ဖြင့်တုံ့ပြန်ခဲ့ကြပါသည်။ ခရစ်တော်သည် မိမိ၏တမန်တော်များအား ၎င်းတို့တွေ့ကြုံရမည့် စုံစမ်းစစ်ဆေးမှုများ၊ ဆုံးရှုံးမှုများနှင့်နှိပ်စက်ညှဉ်းပန်းခြင်းများအကြောင်းကို သတိပေးခဲ့ဖူးပါသည်။ ကိုယ်တော်သည် စုံစမ်းစစ်ဆေးခြင်းတွင် သူတို့အားစွန့်ပစ်ထားပြီလား။ မိမိတို့သည် ကိုယ်တော်၏အမှုတော်ကိုတလွဲနားလည်မိခဲ့ကြပြီလားဟုလည်း တချို့ကသံသယဖြစ်ခဲ့ကြပါသည်။ လူအပေါင်းတို့သည် အလွန်စိတ်ဒုက္ခရောက်ခဲ့ကြပါသည်။

ထိုနေရာတွင် နှစ်ရက်တိုင်တိုင်နေပြီးမှ "ယုဒပြည်သို့တစ်ဖန်သွားကြကုန်အံ့" ဟုတမန်တော်တို့အား ယေရှုမိန့်တော်မူ၏။ ယုဒပြည်ကိုသွားမည်ဆိုလျှင်လည်း အဘယ်ကြောင့်နှစ်ရက်လုံးလုံးစောင့်ဆိုင်းခဲ့ရသနည်းဟု ၎င်းတို့ကစောဒကတက်ခဲ့ကြပါသည်။ ၎င်းတို့၏စိတ်တွင် ခရစ်တော်နှင့်တကွ ၎င်းတို့ကိုယ်တိုင်အတွက် စိုးရိမ်စိတ်များအထွတ်အထိပ်သို့ရောက်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏ဆက်လက်လုပ်ဆောင်အံ့ဆဲဆဲသောအရာများသည်၊ အန္တရာယ်ကြီးမားကြောင်းကိုသာ သူတို့တွေ့မြင်ခဲ့ကြရပါသည်။ ထိုကြောင့် "အရှင်



ဘုရား၊ ယုဒလူတို့သည် ယခုပင်ကိုယ်တော်ကိုခဲနှင့်ပစ်ခြင်းငှာရှာကြံလျက်ပင် ထိုအရပ်သို့တစ်ဖန်ကြွတော်မူဦးမည်လော" ဟုလျှောက်ကြရာ ယေရှုက တစ်နေ့တွင်တစ်ဆယ့်နှစ်နာရီရှိသည်မဟုတ်လော၊ ငါသည်ခမည်းတော်ဘုရားသခင်၏ လမ်းပြမှုအောက်တွင် လုပ်ဆောင်နေခြင်းဖြစ်သည်။ အဖ၏အလိုတော်အတိုင်း ဆောင်ရွက်နေသမျှကာလပတ်လုံး ငါ့အသက်သည်လုံခြုံ၏။ အလင်းရောင်ရှိသော ငါ၏အချိန်တစ်ဆယ့်နှစ်နာရီသည်မကုန်ဆုံးသေး။ ငါသည်နေ့အချိန်၏နောက်ဆုံးသောနာရီအထိ လုပ်ဆောင်ခဲ့ပြီ။ "နေ့အချိန်ကျန်ရှိနေသရွေ့ ငါ၌လုံခြုံမှုရှိ၏" ဟုမိန့်တော်မူ၏။

ထိုနောက်ကိုယ်တော်က "လူသည်နေ့အချိန်၌သွားလာလျှင် နေရောင်အလင်းကိုမြင်ရသောကြောင့် ထိမိ၍မလဲတတ်" ဟုမိန့်တော်မူ၏။ ဘုရားသခင်ပြဋ္ဌာန်းသောလမ်းအတိုင်းလိုက်လျှောက်၍ အလိုတော်အတိုင်းကျင့်ဆောင်သောသူသည် ထိမိ၍မလဲနိုင်ချေ။ ဘုရားသခင်လမ်းပြပို့ဆောင်မှုရှိသော ဝိညာဉ်တော်၏အလင်းသည် ၎င်းလုပ်ဆောင်ရမည့်တာဝန်များကို ထင်ရှားစွာသိမြင်စေလျက် အလုပ်ပြီးစီးသည်အထိမှန်ကန်စွာလုပ်ဆောင်နိုင်ရန် ၎င်းအားလမ်းပြတော်မူပါသည်။ "သို့သော် ညအချိန်၌သွားလာလျှင်မူကား၊ အလင်းမရှိသောကြောင့်ထိမိ၍လဲတတ်၏။" ဘုရားသခင်မခိုင်းစေသည့်အရာများကိုလုပ်ဆောင်ရန် ရွေးချယ်သောသူများသည် ထိမိ၍လဲကြလိမ့်မည်။ ထိုသူအတွက် နေ့အချိန်သည် ညအချိန်အသွင်သို့ပြောင်းလဲသွားသဖြင့် သူသည်မည်သည့်နေရာတွင်ရောက်ရှိနေစေကာမူ မလုံခြုံတော့ချေ။

ကိုယ်တော်သည် ထိုအရာများကိုမိန့်တော်မူပြီးမှ "ငါတို့အဆွေလာဇရုသည်အိပ်ပျော်၏။ သူ့ကိုနိုးခြင်းအလိုငှာငါသွားမည်" ဟုဆို၏။ မည်မျှရင်ထုမနာဖြစ်စေသည့်စကားများဖြစ်ပါသလဲ။ မည်မျှကိုယ်ချင်းစာတရားနှင့်ပြည့်စုံနေပါသလဲ။ မိမိတို့၏သခင်သည် ယေရုရှလင်မြို့သို့သွားတော်မူခြင်းအားဖြင့် မတော်မတရားအလုပ်ခံရတော့မည်ဟုထင်ကာ စိတ်ဒုက္ခရောက်နေကြသဖြင့် တမန်တော်များသည်ဗေသနိရွာမှကျန်ရစ်သူမိသားစုများကို မေ့လျော့လုနီးနီးဖြစ်ခဲ့ကြသော်လည်း ခရစ်တော်သည် ထိုမိသားစုကိုမမေ့လျော့ခဲ့ချေ။ တမန်

တော်များအားလည်း ထိုသို့ဖြစ်ခဲ့ခြင်းများအတွက် အပြစ်တင်တော်မူခဲ့ပါသည်။ ခရစ်တော်သည် လာဇရုသေဆုံးသည့်သတင်းကိုကြားလျှင်ကြားချင်း သွား၍ မစတော်မမူခဲ့သဖြင့် တမန်တော်များစိတ်ဆင်းရဲခဲ့ကြပါသည်။ ကိုယ်တော်သည် လာဇရုနှင့်သူ၏အစ်မများကို မိမိတို့ထင်ထားသလောက် တကယ်မဖြစ်ဟု လည်းအထင်မှားခဲ့ကြပါသည်။ အကယ်၍တကယ်ချစ်ခဲ့ပါလျှင် ကိုယ်တော် သည် ဆက်သားနှင့်တစ်ပါတည်းလိုက်သွားခဲ့မည်သာတည်းဟု သူတို့ထင်ခဲ့ ကြပါသည်။ သို့ရာတွင် "ငါတို့မိတ်ဆွေလာဇရုသည်အိပ်ပျော်နေ၏" ဟူသော စကားများသည် သူတို့အားဘဝင်ကျစေခဲ့ပါသည်။ ကိုယ်တော်သည် ၎င်း၏ ဒုက္ခသည်မိတ်ဆွေကြီးအားမမေ့လျော့သေးဟူ၍လည်း သူတို့သဘောပေါက် ခဲ့ကြပါသည်။

တမန်တော်တို့က "သခင်၊ သူသည်အိပ်ပျော်လျှင် သက်သာရလိမ့် မည်" ဟုလျှောက်ကြ၏။ ယေရှုသည် လာဇရုသေကြောင်းကိုရည်မှတ်၍ မိန့်တော်မူသော်လည်း ပကတိအိပ်ပျော်ကြောင်းကိုမိန့်တော်မူသည်ဟု တပည့် တော်တို့သည်ထင်မှတ်ကြ၏။" ခရစ်တော်သည် ယုံကြည်သူများ၏သေခြင်း ကို အိပ်ပျော်ခြင်းနှင့်ရုပ်လုံးဖော်နေပါသည်။ ၎င်းတို့၏အသက်ကိုခရစ်တော် နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏။ သေလွန်သောသူတို့သည် နောက် ဆုံးတံပိုးခရာသံထွက်ပေါ်မလာမချင်း ကိုယ်တော်၌အိပ်ပျော်နေကြပါလိမ့်မည်။

ထိုကြောင့် ယေရှုက လာဇရုသေပြီ။ သင်တို့သည်ယုံကြည်မည် အကြောင်း ထိုအရပ်၌ငါမရှိသည်ကိုထောက်၍ သင်တို့အတွက်ငါဝမ်းမြောက် ခြင်းရှိ၏။ သူ့ဆီသို့ယခုသွားကြကုန်အံ့ဟု အတိအလင်းမိန့်တော်မူ၏။ ထို သခင်နှင့်အတူ ယုဒပြည်သို့လိုက်ပါသွားလျှင် တထစ်ချအသတ်ခံရမည်ဟု စိတ်ထင်နှင့် သောမက "အကျွန်ုပ်တို့လည်းလိုက်၍သခင်နှင့်အတူအသေခံ ကြကုန်အံ့ဟု တပည့်တော်တို့အားပြောဆို၏။" ယုဒများသည်ခရစ်တော်အား မည်မျှမုန်းတီးကြောင်းကို သူတို့သိရှိထားပါသည်။ သူတို့သည် ကိုယ်တော် အားအဆုံးစီရင်ရန်အကြံရှိကြသော်လည်း ကိုယ်တော်အတွက်ဘုရားသခင်သတ် မှတ်ခွဲဝေထားသည့်အချိန်မကုန်ဆုံးသေးသဖြင့် သူတို့၏အကြံသည်အထ



မမြောက်ခဲ့ချေ။ အန္တရာယ်များသောထိုကာလတွင် ကောင်းကင်တမန်များသည် ကိုယ်တော်အားကာကွယ်စောင့်ရှောက်ခဲ့ကြသဖြင့် ကိုယ်တော်အားဖမ်းဆီး၍ အဆုံးစီရင်ရန် ဖာရိရှဲများကြံစည်နေကြသည့်ယုဒပြည်၌ပင် ကိုယ်တော်၌မှဲ့ တစ်ပေါက်မျှမစွန်းခဲ့ချေ။

"လာဇရုသေပြီ ---- ထိုအရပ်၌ငါမရှိသည်ကို --- ငါဝမ်းမြောက် ခြင်းရှိ၏" ဟူသော ခရစ်တော်၏စကားကြောင့် တမန်တော်များအံ့အားသင့် ခဲ့ကြရပါသည်။ ကယ်တင်ရှင်သည် မိမိ၏ဒုက္ခသည်မိတ်ဆွေကြီး၏အိမ်သို့ မသွားဖို့ မိမိသဘောအတိုင်းရှောင်နေခဲ့တာလား။ အမြင်အားဖြင့် မာရိ၊ မာသနှင့်သေလုမြောပါးဖြစ်နေသောလာဇရုတို့ကို စွန့်ပစ်ထားသလိုဖြစ်နေသော် လည်း ကိုယ်တော်သည် သူတို့ကိုစွန့်ပစ်တော်မမူခဲ့ချေ။ ဖြစ်ပျက်ခဲ့သမျှမြင် ကွင်းကို ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ ၎င်းပြင် လာဇရုသေဆုံးသွား သည့်နောက်ပိုင်းတွင်လည်း ၎င်း၏ကျန်ရစ်သူအစ်မများအား ကိုယ်တော်၏ ကရုဏာတော်အားဖြင့်ထောက်မတော်မူခဲ့ပါသည်။ ၎င်းတို့၏မောင်ငယ်ကလေး သည် သေမင်းတမန်၏ထိုးနှက်ချက်ကိုအလူးအလဲခံရကာ သေဆုံးသွားသော အချိန်၌ ခံစားခဲ့ကြရသော ထိုညီအစ်မ၏စိတ်နှလုံးပူဆွေးမှုများကိုလည်း ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ "လာဇရုသေပြီ" ဟု တမန်တော်များကို မိန့်တော်မူနေသောအချိန်တွင် ၎င်းတို့ခံစားရသောနာကြည်းကြေကွဲဖွယ်ရာ အားလုံးကို ကိုယ်တော်လည်းခံစားနေရပါသည်။ သို့ရာတွင် ခရစ်တော်သည် ဗေသနိရွာရှိချစ်သောတပည့်တော်များအတွက်သာ တွေးတောစဉ်းစားခဲ့ရသည် မဟုတ်ဘဲ တမန်တော်များကိုလေ့ကျင့်ပညာပေးရန်လည်း စဉ်းစားဆင်ခြင် ခဲ့ရပါသည်။ အဖဘုရားသခင်သွန်းလောင်းမည့်ကောင်းချီးမင်္ဂလာများကို လူ အပေါင်းခံစားခွင့်ရရှိနိုင်စေရန်အလို့ငှာ ၎င်းတို့သည်လောကီသားများအတွက် ကိုယ်တော်၏ကိုယ်စားလှယ်များဖြစ်ရန်လိုအပ်လှပါသည်။ သူတို့အကျိုးအလို့ငှာ ကိုယ်တော်သည် လာဇရုအားသေခွင့်ပေးခဲ့ခြင်းဖြစ်ပါသည်။ လာဇရုအားကျန်း မာခြင်းပြန်လည်ရရှိခဲ့မည်ဆိုလျှင် မိမိ၏မြင့်မြတ်သောဇာတိတော်ကို ထင်ရှား စေမည့်နိမိတ်လက္ခဏာကိုပြုခွင့်ရလိမ့်မည်မဟုတ်ချေ။

အကယ်၍သာ ခရစ်တော်သည်နာမကျန်းဖြစ်နေသော လာဇရုထံသို့ ရောက်ရှိလာခဲ့မည်ဆိုလျှင် လာဇရုသည်သေဆုံးခဲ့လိမ့်မည်မဟုတ်ချေ။ အကြောင်းမှာ စာတန်သည် ၎င်းအားစိုးမိုးခြင်းငှာ မတတ်နိုင်ကြောင်းတည်း။ အသက်ပေးပိုင်ရှင်၏ရှေ့တော်မှောက်တွင် သေခြင်းတရားသည် လာဇရုဘက်သို့မြားဦးလှည့်နိုင်လိမ့်မည်မဟုတ်ချေ။ ထိုအကြောင်းကြောင့် ခရစ်တော်သည် လာဇရုထံသို့မလာခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် စာတန်အားရှုံးနိမ့်သွားသောရန်သူတစ်ဦးအသွင်ဖြင့် မောင်းထုတ်နိုင်ရန်အလို့ငှာ ၎င်း၏တန်ခိုးအာဏာကိုအသုံးပြုခွင့်ပေးတော်မူခဲ့ပါသည်။ လာဇရုအားသေမင်း၏အရိပ်လွှမ်းမိုးခြင်းခံရသည့်အခြေအနေသို့လည်းကောင်း၊ ကျန်ရစ်သူအစ်မများအား ၎င်းတို့၏မောင်ငယ်သည် သင်္ချိုင်းတွင်သင်္ဂြိုဟ်ခြင်းခံခဲ့ရသည်ကို မြင်တွေ့ရသောအခြေအနေသို့လည်းကောင်း ကိုယ်တော်ခွင့်ပြုတော်မူခဲ့ပါသည်။ သေလွန်သွားသည့်မောင်ငယ်၏မျက်နှာကိုကြည့်ကာ ကယ်တင်ရှင်အပေါ်တွင်ထားရှိသည့် ၎င်းတို့၏ယုံကြည်ခြင်းကို ပြင်းထန်စွာစစ်ဆေးခြင်းခံရမည့်အကြောင်းကို ကိုယ်တော်သိတော်မူခဲ့ပါသည်။ ထိုပြင်းထန်သောစစ်ဆေးမှုအားဖြင့် ဖြစ်ပေါ်လာသောရုန်းကန်မှုကြောင့် ၎င်းတို့၏ယုံကြည်ခြင်းတန်ခိုးသည် အထူးတောက်ပလာမည်ကိုလည်း ကိုယ်တော်ရှင်သိထားတော်မူခဲ့ပါသည်။ ၎င်းတို့ပူဆွေးဝမ်းနည်းခဲ့သကဲ့သို့ ကိုယ်တော်လည်းခံစားခဲ့ရပါသည်။ ချက်ချင်းသွားရန်နှောင့်နှေးကြန့်ကြာခဲ့သဖြင့် သူတို့အားအချစ်မလျော့ခဲ့သည့်ပြင် ကိုယ်တော်အပါအဝင်တမန်တော်များနှင့်တကွ လာဇရုတို့မောင်နှမအားလုံးအတွက် အောင်မြင်မှုသရဖူဆောင်းရလိမ့်မည်ကိုလည်း ကိုယ်တော်သိရှိထားတော်မူခဲ့ပါသည်။

"သင်တို့အတွက်" "သင်တို့သည်ယုံကြည်မည်အကြောင်း" ဟူ၍ ကိုယ်တော်ရှင်မိန့်တော်မူထားရာ ဘုရားသခင်၏လမ်းပြပို့ဆောင်သောလက်တော်ကို ထိတွေ့ရန်လက်ကမ်းသောလူအပေါင်းတို့အတွက် စိတ်ဓာတ်အကျဆုံးသောအချိန်ပိုင်းသည် ဘုရားသခင်၏အမအစရရှိရန် အနီးကပ်ဆုံးသောအချိန်ပင်ဖြစ်ပါသည်။ သူတို့သည် မိမိတို့ကျော်လွှားအောင်မြင်ခဲ့သည့် စိတ်ဆင်းရဲစရာများအတွက် ကျေးဇူးတော်ချီးမွမ်းလျက် ပြန်လည်မြင်ယောင်ကြ



ပါလိမ့်မည်။ "ဘုရားဝတ်၌မွေ့လျော်သောသူတို့ကို စုံစမ်းနှောင့်ယှက်ခြင်းအထဲက ကယ်နုတ်ခြင်းငှာ --- ထာဝရဘုရားသည်တတ်နိုင်တော်မူ၏။" ၂ပေ ၂း၉။ ကိုယ်တော်သည် ၎င်းတို့အားခိုင်မာသောယုံကြည်ခြင်း၊ ကြွယ်ဝသောအတွေ့အကြုံများနှင့်အတူ စုံစမ်းနှောင့်ယှက်ခြင်းအဖြာအဖြာမှ ကယ်နုတ်တော်မူပါလိမ့်မည်။

လာဇရုထံသို့အလာနှောင့်နှေးရခြင်းနှင့်ပတ်သက်၍ မိမိအားလက်မခံသေးသောသူများအတွက် ခရစ်တော်၏ကရုဏာနှင့်ဆိုင်သော ကြံရွယ်ချက်တစ်ခုရှိပါသည်။ လာဇရုအား သေရာမှထမြောက်စေခြင်းအားဖြင့် ခေါင်းမာမာဖြင့် မိမိအားမယုံကြည်ကြသူများအား မိမိသည်အသက်ရှင်ခြင်းနှင့်ထမြောက်ခြင်းအကြောင်းဖြစ်သည်ကို ထင်ရှားစွာသိရှိသွားစေရန် ကိုယ်တော်နှောင့်နှေးတော်မူခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် ဣသရေလအိမ်ထောင်များမှ ပျောက်လွင့်နေသောသိုးများနှင့် ဆင်းရဲသားလူတန်းစားများ၏မျှော်လင့်ချက်အားလုံးကို ပျက်ပြားသွားစေရန် နှစ်မြို့တော်မမူချေ။ ၎င်းတို့၏နောင်တသံဝေဂမရမှုများအတွက် နှလုံးကြေကွဲတော်မူပါသည်။ မိမိသည် ကယ်တင်ရှင်ဖြစ်ကြောင်း၊ မသေနိုင်သောအခြေအနေသို့ပို့ဆောင်ပေးနိုင်သည့် တစ်ပါးတည်းသောပုဂ္ဂိုလ်ဖြစ်ကြောင်း နောက်ထပ်သက်သေအထောက်အထားတစ်ခုကိုပြရန် သနားကြင်နာစွာဖြင့် ကိုယ်တော်ကြံရွယ်တော်မူ၏။ ထိုအထောက်အထားသည်သာ ယဇ်ပုရောဟိတ်များမှားယွင်းစွာအနက်မဖွင့်နိုင်သည့် အထောက်အထားတစ်ခုဖြစ်လာပါမည်။ ထိုအကြောင်းကြောင့် နှောင့်နှေးဆိုင်းတွစွာဖြင့် ဗေသနိသို့ကိုယ်တော်ကြွလာခဲ့ခြင်းဖြစ်ပါသည်။ လာဇရုအားထမြောက်စေခြင်းတည်းဟူသော အထွတ်အထိပ်ဖြစ်သောနိမိတ်လက္ခဏာသည် ကိုယ်တော်၏အမှုတော်အတွက်သော်လည်းကောင်း၊ ဘုရားဇာတိတော်နှင့်ပတ်သက်သည့် ကိုယ်တော်၏မိန့်ဆိုချက်အတွက်လည်းကောင်း ဘုရားသခင်၏တံဆိပ်တော်ကို ခတ်နှိပ်ခြင်းဖြစ်ပါသည်။

ခရစ်တော်သည် ထုံးစံရှိသည့်အတိုင်း ဗေသနိရွာသို့သွားရာခရီးတစ်လျှောက်တွင် တွေ့တော်မူသောလူနာများနှင့်ဆင်းရဲသားများကို မစတော်မူ

ပါသည်။ ဗေသနိသို့ရောက်လျှင်ရောက်ချင်း ဆက်သားတစ်ဦးကိုစေလွှတ်၍ မိမိရောက်ရှိလာပြီဖြစ်ကြောင်း ကျန်ရစ်သူညီအစ်မများထံ သတင်းပို့လိုက်ပါသည်။ ခရစ်တော်သည် ၎င်းတို့၏အိမ်သို့ချက်ချင်းဝင်တော်မမူသေးဘဲ လမ်းဘေးဆိတ်ငြိမ်သောနေရာတစ်ခုတွင် ခေတ္တရပ်တန့်တော်မူလိုက်ပါသည်။ သေဆုံးသူမိတ်ဆွေများအပေါ် ဝမ်းနည်းကြောင်းဖော်ပြကြသည့်ယုဒလူများ၏ လုပ်နည်းလုပ်ဟန်များသည် ခရစ်တော်၏စိတ်တော်နှင့်တွေ့တော်မမူချေ။ လာဇရု၏အသုဘတွင် ကြေးစားငိုချင်းသည်များ၏ငိုကြွေးသံများကို ကိုယ်တော်ကြားတော်မူသဖြင့် ထိုကဲ့သို့သောရှုပ်ယှက်ခတ်နေသောအခြေအနေမျိုးတွင် ကျန်ရစ်သူညီအစ်မများနှင့် ကိုယ်တော်မတွေ့ဆုံလိုချေ။ ပူဆွေးဝမ်းနည်းကာ ငိုကြွေးနေသူများတွင် မိသားစုနှင့်ပတ်သက်သောဆွေမျိုးများ၊ တချို့မှာ ယေရုရှလင်မြို့မှအရာရှိကြီးများဖြစ်ကြပါသည်။ ထိုအရာရှိကြီးများထဲမှတချို့မှာ ခရစ်တော်အားခါးခါးသီးသီးမုန်းတီးသူများဖြစ်ကြပါသည်။ ထိုသူများ၏အကြံကိုသိတော်မူသဖြင့် ခရစ်တော်သည် မိမိကိုယ်ကိုချက်ချင်းလူသိမခံခဲ့ချေ။

အခန်းထဲတွင်ရှိနေကြသောလူများမကြားစေရန် ကိုယ်တော်ရောက်ရှိလာကြောင်းသတင်းကို မာသထံတိုးတိုးတိတ်တိတ်သတင်းပို့ခဲ့ပါသည်။ မာရိမှာမူကား၊ အပူမီးတောက်လောင်နေသဖြင့် ထိုသတင်းစကားကိုမကြားခဲ့ချေ။ မာသသည် ထိုသတင်းကိုကြားသည်နှင့်တစ်ပြိုင်နက် ကိုယ်တော်အားဖူးတွေ့ရန်ထွက်သွားခဲ့ပါသည်။ မာရိမူကား၊ မာသတစ်ယောက်လာဇရု၏အလောင်းမြှုပ်နှံထားရာသင်္ချိုင်းသို့ ထွက်သွားသည်အထင်နှင့်ဟစ်အော်ငိုကြွေးလျက် အိမ်တွင်ကျန်ရစ်ခဲ့ပါသည်။

မာသသည် ကိုယ်တော်နှင့်တွေ့ဆုံရန်အဆောတလျင်ထွက်လာခဲ့ပါသည်။ ဆန့်ကျင်ဖီလာဖြစ်သောခံစားမှုများ၏ရိုက်ခတ်မှုကြောင့် စိတ်လှုပ်ရှားနေပါသည်။ ရှေ့တော်မှောက်သို့ရောက်သော် ကြင်နာယုယ၍မေတ္တာတရားနှင့်ပြည့်ဝသောမျက်နှာတော်ကို ဖူးတွေ့လိုက်ရပါသည်။ သူမသည် ကိုယ်တော့်အပေါ်ယုံကြည်စိတ်ချဆဲဖြစ်ပါသည်။ သို့ရာတွင် ယေရှုရှင်အလွန်ချစ်ခင်မြတ်နိုးလှသည့် မောင်လေးအကြောင်းကိုသူမစဉ်းစားမိသဖြင့် စိတ်နှလုံးပူဆွေးခဲ့





ရပါသည်။ လာဇရုမသေဆုံးမီ ကိုယ်တော်ရှင်ရောက်ရှိမလာသည့်အတွက် စိတ်နှလုံးကြေကွဲခဲ့ရသော်လည်း မိမိတို့အားစိတ်သက်သာမှုရရှိစေရန် ကိုယ်တော်ရှင်တစ်ခုခုလုပ်ပေးနိုင်ဦးမည်ဟုမျှော်လင့်လျက် "သခင်၊ ကိုယ်တော်ရှိတော်မူလျှင် ကျွန်မ၏မောင်မသေပါ" ဟု မာသလျှောက်ထား၏။ ငိုခြင်းသည်များ၏ဆူညံနေသောငိုသံများကြောင့် ထိုစကားကလေးကို ထပ်ခါတလဲလဲ သူမပြောဆိုလျှောက်ထားခဲ့ပါသည်။

သခင်ယေရှုသည် သနားသောစိတ်ဖြင့် ပူဆွေးဝမ်းနည်း၍နွမ်းလျနေသောမာသ၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်တော်မူ၏။ မာသသည် ဖြစ်ခဲ့သမျှသောအရာများကို ဇာတ်ကြောင်းမပြန်လိုတော့ဘဲ သနားစရာကောင်းသောစကားလုံးများဖြင့် "သခင်၊ ကိုယ်တော်ရှိတော်မူလျှင် ကျွန်မ၏မောင်သည်မသေပါ" ဟုသာ လျှောက်ထားခဲ့ပါသည်။ သို့ရာတွင် မေတ္တာတော်နှင့်ပြည့်လျက်ရှိသော ခရစ်တော်၏မျက်နှာတော်ကိုဖူးတွေ့ရသောအခါ "ယခုသေလျက်ရှိသော်လည်း ကိုယ်တော်သည် ဘုရားသခင်ကိုဆုတောင်းတော်မူသမျှအတိုင်း ဘုရားသခင်ပေးတော်မူမည်ကို ကျွန်မသိပါသည်" ဟု မာသကဆက်လက်၍ လျှောက်ထားလေ၏။

ယေရှုကလည်း "သင်၏မောင်သည်ထမြောက်လိမ့်မည်" ဟူ၍ သူမ၏ယုံကြည်ခြင်းကိုတိုးပွားစေရန် အားပေးတော်မူ၏။ ကိုယ်တော်ရှင်၏တုံ့ပြန်ဖြေဆိုမှုသည် တစ်မဟုတ်ချင်းပြောင်းလဲမှုတစ်ခုအတွက် မျှော်လင့်ခြင်းကိုဖြစ်ပေါ်စေရန် မရည်ရွယ်ခဲ့ချေ။ ကိုယ်တော်သည် မာသ၏အတွေးများကို လာဇရုအား လတ်တလောပြန်လည်အသက်ရှင်လာစေခြင်းထက် ပို၍လေးနက်သောအခြေသို့ရောက်သွားစေပြီး ဖြောင့်မတ်သူများ၏ရှင်ပြန်ထမြောက်ခြင်းအချိန်ကို အာရုံပြုသွားစေခဲ့ပါသည်။ လာဇရုရှင်ပြန်ထမြောက်ခြင်းအရာတွင် သူမတွေ့မြင်နိုင်သည့်ကိုယ်တော်ပြုတော်မူသောအမှုသည် ဖြောင့်မတ်လျက်သေဆုံးနေသူများအားလုံး၏ရှင်ပြန်ထမြောက်ခြင်းအတွက် ကတိကဝတ်တစ်ခုဖြစ်ပါသည်။ ကယ်တင်ရှင်၏တန်ခိုးတော်အားဖြင့် ထိုရှင်ပြန်ထမြောက်ခြင်းကို ပြီးစီးအောင်လုပ်ဆောင်မည်အကြောင်း အာမခံချက်တစ်ခုလည်းဖြစ်ပါသည်။

"မာသကလည်း နောက်ဆုံးသောနေ့တည်းဟူသော ထမြောက်ရာကာလ၌ သူသည်ထမြောက်လိမ့်မည်ကို ကျွန်မသိပါသည်ဟုလျှောက်၏။"

သခင်ယေရှုသည် သူမ၏ယုံကြည်ခြင်းအားလမ်းမှန်သို့ရောက်သွားရန်ကြိုးစားလျက် "ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏" ဟုမိန့်တော်မူ၏။ ခရစ်တော်၌မူရင်းအသက်ပိုင်ရှင်ဖြစ်၍တစ်ဆင့်ခံမဟုတ်သော အသက်ရှိတော်မူပါသည်။ "သားတော်ကိုရသောသူသည် အသက်ကိုရ၏" ၁ယော ၅း၁၂။ သခင်ယေရှု၏ဘုရားဇာတိတော်သည် ထာဝရအသက်အတွက် ယုံကြည်သူများ၏အာမခံချက်ဖြစ်ပါသည်။ "ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကိုယုံသလော" ဟု ယေရှုမေးတော်မူ၏။ ခရစ်တော်သည် ဤနေရာတွင် ဒုတိယအကြိမ်ကြွလာမည့်အချိန်ကို မျှော်ကြည့်တော်မူပါသည်။ ထိုအချိန်တွင် ဖြောင့်မတ်လျက်သေဆုံးနေသူများသည် မပုပ်မပျက်သောကိုယ်ခန္ဓာဖြင့် ရှင်ပြန်ထမြောက်လာကြမည်ဖြစ်ပြီး အသက်ရှင်လျက်ရှိသောဖြောင့်မတ်သူများသည် သေခြင်းကိုမမြည်းစမ်းရတော့ဘဲ ကောင်းကင်သို့ဝင်စားကြလိမ့်မည်။ ခရစ်တော်ပြုအံ့ဆဲဆဲနိမိတ်လက္ခဏာဖြစ်သည့် လာဇရုအားထမြောက်စေခြင်းအမှုသည် ဖြောင့်မတ်သောလူသေများ၏ရှင်ပြန်ထမြောက်ခြင်းကိုပုံဆောင်ပါသည်။ ကိုယ်တော်ရှင်သည် မိမိမိန့်တော်မူသောစကားများနှင့် ပြုတော်မူသောအမှုအားဖြင့် မိမိသည်ထမြောက်ခြင်းအရှင်ဖြစ်တော်မူကြောင်းကို ကြေညာတော်မူခဲ့ပါသည်။ မကြာမီအချိန်တွင် ကပ်တိုင်ပေါ်တွင်အသေသတ်ခံရမည့်ကိုယ်တော်သည် သချိုင်းကိုအောင်နိုင်သူတစ်ဦးအနေနှင့် သေခြင်း၏သော့ကိုကိုင်၍ထတော်မူပြီး မိမိ၌ထာဝရအသက်ပေးပိုင်ခွင့်ရှိကြောင်း အခိုင်အမာမိန့်တော်မူနေပါသည်။

ငါ့စကားကိုယုံသလောဟု ကိုယ်တော်မေးရာ "မာသက ယုံပါ၏ သခင်၊ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော ဤလောကသို့ကြွလာတော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို ကျွန်မယုံပါသည်



ဟုလျှောက်လေ၏။" "ခရစ်တော်မိန့်တော်မူခဲ့သောစကားများ၏အရေးပါပုံအားလုံးကို သူမ မသိရှိခဲ့သော်လည်း ကိုယ်တော်၏ဘုရားဇာတိတော်အားယုံကြည်ခြင်းရှိကြောင်း၊ ကိုယ်တော်သည်စိတ်တော်နှင့်တွေ့သောအရာခပ်သိမ်းကိုလုပ်ဆောင်နိုင်သည်ကိုယုံကြည်စိတ်ချကြောင်း သူမဝန်ခံခဲ့ပါသည်။

ထိုသို့လျှောက်ပြီးမှ မာသသည်သွား၍မိမိညီမမာရိအား အရှင်ဘုရားရောက်လာတော်မူပြီ။ သင့်ကိုခေါ်တော်မူသည်ဟု တိတ်ဆိတ်စွာခေါ်လေ၏။ ယဇ်ပုရောဟိတ်များသည် အခွင့်သာလျှင်သာသလို ခရစ်တော်အားဖမ်းဆီးရန်ပြင်ဆင်နေကြသဖြင့် သူမသည် မာရိအားကိုယ်တော်ရောက်ရှိလာသည့်သတင်းကို အမြန်ဆုံးပေးပို့ခဲ့ပါသည်။ သို့ရာတွင် ငိုချင်းသည်များ၏ငိုကြွေးမှုအသံများကြောင့် သူမပြောသောစကားကို မာရိကောင်းစွာမကြားရချေ။

မာရိသည် ထိုသတင်းကိုကြားလျှင် အလျင်တဆောထ၍ စိတ်အားထက်သန်သောမျက်နှာထားဖြင့် အခန်းထဲမှထွက်သွားခဲ့ပါသည်။ သူမသည် သချိုင်းကုန်းသို့သွားသည်အထင်နှင့် ငိုချင်းသည်များသည် သူမနောက်သို့လိုက်သွားကြပါသည်။ သူမသည် ယေရှုရှင်ရှိရာသို့ရောက်သော် ခြေတော်ရင်းတွင်ပျပ်ဝပ်လျက် "သခင်၊ ကိုယ်တော်ရှိတော်မူလျှင် ကျွန်မ၏မောင်မသေပါ" ဟုတုန်ယင်သောနှုတ်ခမ်းများဖြင့် လျှောက်ထားလေ၏။ သခင်ယေရှုနှင့်အေးအေးဆေးဆေးစကားပြောလိုသူများအတွက် ငိုချင်းသည်များ၏ငိုသံများသည် စိတ်နှလုံးနာကျင်စေပါသည်။ ထိုလူအုပ်ထဲတွင်ရှိနေကြသောလူအချို့သည် ကိုယ်တော်ရှင်အားမနာလိုဝန်တိုမှုများရှိကြောင်း သူမသိရှိထားသဖြင့် အားရပါးရမငိုမိအောင်ထိန်းချုပ်ခဲ့ရပါသည်။

မာရိမှစ၍ လိုက်လာသောယုဒတို့ငိုကြွေးကြသည်ကို ယေရှုမြင်တော်မူသောအခါ အလွန်ညှိုးငယ်ခြင်း၊ စိတ်ပူပန်ခြင်းရှိတော်မူ၏။ စုရုံးလာကြသည့်လူအပေါင်းအားကြည့်တော်မူလိုက်ရာ များစွာသောသူများ၏ဝမ်းနည်းမှုများသည် ဟန်ဆောင်မှုများသာဖြစ်ကြောင်း ကိုယ်တော်တွေ့မြင်တော်မူခဲ့ပါသည်။ ယခုဟန်ဆောင်၍ ဝမ်းနည်းပူဆွေးနေပုံပြနေသည့် ထိုလူများသည် မကြာမတင်မီအချိန်တွင် နိမိတ်လက္ခဏာပြသည့်ပုဂ္ဂိုလ်ကိုသာမက နိမိတ်လက္ခဏာ

ပြခြင်းခံရသည့် လာဇရုကိုပင်အဆုံးစီရင်ရန်စီစဉ်ကြလိမ့်မည်ကို ကိုယ်တော်သိရှိထားတော်မူပါသည်။ ခရစ်တော်သည် ၎င်းတို့၏ဟန်ဆောင်မှုများကို ထုတ်ဖော်ဖွင့်ဟနိုင်တော်မူသော်လည်း မိမိဖြောင့်မတ်သောအမျက်တော်ကို ချုပ်ထိန်းထားတော်မူခဲ့ပါသည်။ မိမိကိုယုံကြည်၍ ခြေတော်ရင်းတွင်ဝမ်းနည်းပက်လက်ဖြင့်ဒူးထောက်နေသောသူ၏မျက်နှာကိုထောက်၍ ဟုတ်တိုင်းမှန်ရာအားလုံးကိုပြောနိုင်တော်မူသော်လည်း ပြောတော်မမူခဲ့ချေ။

ထိုနောက် အလောင်းကိုအဘယ်မှာထားကြသနည်းဟု မေးတော်မူလျှင် သခင်ကြွ၍ကြည့်တော်မူပါဟု လျှောက်ကြသဖြင့် သင်္ချိုင်းကုန်းသို့အတူတကွထွက်ခွာသွားကြ၏။ ထိုမြင်ကွင်းသည် ဝမ်းနည်းစရာမြင်ကွင်းတစ်ခုပေတည်း။ မာရိတို့ညီအစ်မသည် လာဇရုကိုအလွန်ချစ်ခင်ကြရာ နှလုံးကြေကွဲစွာဖြင့် သည်းထန်စွာငိုကြွေးခဲ့ကြပါသည်။ ထိုအချိန်တွင် မိတ်ဆွေများသည်လည်း ၎င်းတို့နှင့်အတူငိုကြွေးမျက်ရည်ကျခဲ့ကြပါသည်။ အနီးအနားတွင်ရှိနေသောလူသားများသည် သေဆုံးသွားသူအတွက်ပူဆွေးငိုကြွေးကာ ပရိဒေဝမီးတောက်လောင်နေကြသည်ကိုမြင်တော်မူသော် "ယေရှုသည်မျက်ရည်ကျတော်မူ၏။" ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ခဲ့သော်လည်း လူသားဇာတိကိုခံယူထားသောကြောင့် လူသားများခံစားရသည့်ဝမ်းနည်းမှုများ၏လှုံ့ဆော်မှုကိုခံခဲ့ရပါသည်။ ဒုက္ခဝေဒနာခံစားနေရသောလူသားများကိုမြင်ရတိုင်း ကြင်နာသနားသောစိတ်များသည် နှလုံးသားတွင်နိုးထခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ငိုကြွေးသူများနှင့်အတူငိုကြွေးတော်မူ၍ ဝမ်းမြောက်သောသူများနှင့်အတူ ဝမ်းမြောက်တော်မူလေ့ရှိပါသည်။

သို့ရာတွင် ထိုသို့မျက်ရည်ကျတော်မူရခြင်းမှာ မာရိနှင့်မာသတို့ကို ကြင်နာသနားခဲ့ခြင်းကြောင့်သာမဟုတ်ချေ။ ကောင်းကင်သည် မြေကြီးထက်ပို၍မြင့်မားသကဲ့သို့ ငိုကြွေးတော်မူခြင်းအရာတွင် ကိုယ်တော်၏ပူဆွေးမှုသည် လူသားများ၏အတိုင်းအတာထက် သာလွန်ပါသည်။ ခရစ်တော်သည် လာဇရုအား သင်္ချိုင်းတွင်းမှရှင်ပြန်ထမြောက်စေတော့မည်ဖြစ်သဖြင့် ၎င်းအတွက်ငိုကြွေးတော်မူခဲ့ခြင်းမဟုတ်ဘဲ ယခုလာဇရုအတွက်ငိုကြွေးနေကြသူများသည်



မကြာမီတွင် အသက်ရှင်ခြင်းနှင့်ထမြောက်ခြင်းအကြောင်းဖြစ်တော်မူသောကိုယ်တော်အားအဆုံးစီရင်ရန် ကြံစည်နေကြခြင်းကြောင့်ဖြစ်ပါသည်။ သို့ရာတွင် မယုံကြည်သောယုဒများသည် ကိုယ်တော်ရှင်မျက်ရည်ကျရခြင်း၏အကြောင်းမှန်ကို မသိရှိကြပါတကား။ ကိုယ်တော်ရှင်ငိုကြွေးမှု၏အတွင်းသဏ္ဌာန်ကိုကောင်းစွာမသိကြသောလူများက "ကြည့်ပါ၊ လာဇရုကိုအလွန်ချစ်တော်မူပါသည်တကား" ဟုဆိုကြ၏။ တချို့သောသူများက ထိုနေရာတွင်ရှိနေကြသောသူများ၏စိတ်နှလုံးထဲတွင် မယုံကြည်ခြင်းမျိုးစေ့ကိုဖြန့်ကြဲလိုသည့်သဘောဖြင့် ပြက်ရယ်ပြုကာ "မျက်စိကန်းသောသူကိုမြင်စေတော်မူသောထိုသခင်သည် လာဇရုကိုမသေစေခြင်းငှာ မတတ်နိုင်သလော။" လာဇရုအားကယ်တင်ရန် ကိုယ်တော်၌တန်ခိုးရှိသည်ဆိုလျှင် အဘယ်ကြောင့် ၎င်းအားအသေခံတော်မူခဲ့ရသနည်း ဟုပြောဆိုကြ၏။

ခရစ်တော်သည် ဖာရိရှဲများနှင့်ဇဒ္ဒုကဲတို့၏ရန်ငြိုးဖွဲ့ခြင်းကို အနာဂတ်ကြိုတင်မြင်နိုင်စွမ်းရှိသောမျက်ဝန်းတော်အားဖြင့် မြင်တွေ့တော်မူပါသည်။ သူတို့သည် မိမိအားအသေသတ်ရန်ကြိုတင်စီစဉ်ကြလျက်ရှိကြောင်းကို ကိုယ်တော်သိရှိထားတော်မူပါသည်။ ယခုအချိန်တွင် အမြင်အားဖြင့်မေတ္တာပြနေကြသောထိုသူများသည် မကြာမီအချိန်တွင် မျှော်လင့်ခြင်းတံခါးကြီးများကို မိမိတို့ကိုယ်တိုင်မဝင်ရန်အတွက်ပင် ပိတ်ထားကြလိမ့်မည်ကို ကိုယ်တော်သိရှိထားတော်မူခဲ့ပါသည်။ ထိုအဖြစ်အပျက်သည် မကြာမီတွင်ဖြစ်ပျက်တော့မည်ဖြစ်ပြီး ခရစ်တော်ကိုစော်ကားမော်ကားပြု၍ ကပ်တိုင်တင်ကြသည့်အတွက်ကြောင့် အကျိုးဆက်ယေရုရှလင်မြို့ကြီးပျက်စီးသွားပေလိမ့်မည်။ ထိုအချိန်တွင် သေဆုံးသွားသူများအတွက် မည်သူမျှငိုကြွေးကြလိမ့်မည်မဟုတ်ချေ။ ယေရုရှလင်မြို့အပေါ်ကျရောက်မည့်ဆိုးကျိုးများသည် ကိုယ်တော့်ရှေ့မှောက်တွင် ကွက်ကွက်ကွင်းကွင်းထင်ရှားလျက်ရှိပါသည်။ ထိုမြို့ကို ရောမတပ်သားများကဝန်းရံထားမည်ကို ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ လာဇရုအတွက်ယခုငိုကြွေးနေကြသူများမှအများစုသည် ထိုအချိန်တွင် ထိုစစ်ဘေးစစ်ဒဏ်ကြောင့်သေဆုံးကုန်ကြမည်ဖြစ်ကြောင်း၊ ၎င်းတို့သည်မျှော်လင့်ခြင်းကင်းမဲ့စွာဖြင့် သေဆုံးကြရမည်ဖြစ်ကြောင်းကို ကိုယ်တော်သိရှိတော်မူထားပါသည်။

ရှေ့တော်မှောက်တွင်မြင်တွေ့နေရသော ထိုမြင်ကွင်းကြောင့်သာ ကိုယ်တော်ငိုကြွေးတော်မူခဲ့သည်မဟုတ်ချေ။ ခေတ်အဆက်ဆက်၏ပူဆွေးဝမ်းနည်းစရာများသည် ကိုယ်တော့်အပေါ်တွင် ဖိစီးလျက်ရှိသောကြောင့်ဖြစ်ပါသည်။ ပညတ်တော်ကိုလွန်ကျူးခြင်းအတွက် ခံယူကြရမည့်ကြောက်မက်ဖွယ်သောဆိုးကျိုးများကိုလည်းကောင်း၊ အာဗေလသေဆုံးခဲ့သည့်အချိန်မှစ၍ အကောင်းနှင့်အဆိုးတို့အကြား တိုက်လှန်ပွဲကြီးပြင်းထန်နေသော ကမ္ဘာ့ရာဇဝင်ကြီးကိုလည်းကောင်း ကိုယ်တော်မြင်တွေ့တော်မူပါသည်။ အနာဂတ်ကာလကိုမျှော်၍ကြည့်လိုက်သောအခါတွင် လူသားများ၏အင်န်းအတာများဖြစ်ကြမည့် ရောဂါဝေဒနာခံခြင်းများနှင့်ဝမ်းနည်းပူဆွေးမှုများ၊ ငိုကြွေးမျက်ရည်ကျခြင်းများနှင့် သေခြင်းစသည်တို့ကိုလည်း မြင်တွေ့တော်မူခဲ့ပါသည်။ ခေတ်အဆက်ဆက် နေရာအနှံ့အပြားတွင်နေထိုင်ခဲ့ကြသော လူသားမိသားစုများ ခံစားခဲ့ရသောဒုက္ခဝေဒနာများကြောင့် ကိုယ်တော်၏နှလုံးတော်သည် နာကျင်ကြေကွဲခဲ့ပါသည်။ အပြစ်ကျူးလွန်ကြသော လူသားများ၏အမင်္ဂလာအဖြာဖြာသည် ကိုယ်တော်၏နှလုံးတော်ကို လေးလံစေတော်မူခဲ့ပြီး ၎င်းတို့၏ဒုက္ခဝေဒနာများကိုသက်သာခွင့်ပေးရန် တောင့်တနေစဉ်တွင် မျက်ရည်ကျတော်မူခဲ့ရပါသည်။

ထိုနောက် ယေရှုသည် အလွန်ညှိုးငယ်သောစိတ်ဖြင့် သင်္ချိုင်းသို့သွားတော်မူခဲ့၏။ ထိုသင်္ချိုင်းရှိကျောက်ဂူတစ်ခုထဲတွင် လာဇရု၏အလောင်းကိုမြှုပ်နှံသင်္ဂြိုဟ်၍ ဂူဝတွင်ကျောက်တုံးကြီးတစ်လုံးဖြင့် ပိတ်ဆို့ထားပါသည်။ "ကျောက်ကိုရွှေ့ကြလော့" ဟုမိန့်တော်မူလိုက်ရာ အလောင်းကိုကြည့်ရှုံသက်သက်အတွက် ထိုကဲ့သို့ခိုင်းသည်အထင်နှင့်သင်္ဂြိုဟ်ပြီးသည်မှာလေးရက်ရှိပြီဖြစ်သောကြောင့် ယခုအချိန်လောက်ဆိုလျှင် ပုပ်လောက်ပြီဖြစ်ကြောင်း မာသကကန့်ကွက်ဟန့်တားခဲ့ပါသည်။ လာဇရုကိုသေခြင်းမှမထမြောက်စေမီပြုခဲ့သော ထိုမိန့်ဆိုချက်သည် ခရစ်တော်အားလိမ်ညာမှုတစ်ခုပြုလုပ်နေသူတစ်ဦးဖြစ်ကြောင်း ဖာရိရှဲများအတွက် ပြောခွင့်မရစေခဲ့ချေ။ လွန်ခဲ့သောအချိန်များတွင် ဖာရိရှဲများသည် ဘုရားသခင်၏တန်ခိုးတော်ကိုထင်ရှားစေသည့် အံ့ဩဖွယ်အကောင်းဆုံးနိမိတ်လက္ခဏာတစ်ခုနှင့်ပတ်သက်၍ မှာယွင်းစွာဝါဒဖြန့်ခဲ့ဖူး



ကြပါသည်။ တရားဇရပ်မှူးယာဣရု၏သမီးကလေးအား ခရစ်တော်ရှင်ပြန်ထမြောက်စေခဲ့စဉ်က "သူငယ်သေသည်မဟုတ် အိပ်ပျော်နေသည်" ဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။ မာကု ၅း၃၉။ သူမသည် ရက်အနည်းငယ်သာဖျားနာခဲ့ပြီးသေဆုံးသွားခဲ့ပါသည်။ သေလျှင်သေချင်း ၎င်းအားထမြောက်စေတော်မူခဲ့သဖြင့် ခရစ်တော်ကိုယ်တော်တိုင်မိန့်တော်မူခဲ့သည့်အတိုင်း သေနေခြင်းမဟုတ်ဘဲ အိပ်ပျော်နေခြင်းသာဖြစ်ကြောင်း ဖာရိရှဲများကဝါဒဖြန့်ခဲ့ကြပါသည်။ ခရစ်တော်သည် အနာရောဂါများကိုကုစားနိုင်ခြင်းမရှိကြောင်း နိမိတ်လက္ခဏာများကို မတော်မတရားလုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း ပေါ်လွင်စေရန် ၎င်းတို့ကကြိုးစားခဲ့ပါသည်။ သို့ရာတွင် ယခုကိစ္စတွင်မူ လာဇရုမသေပါဟုမည်သူမျှငြင်းဆိုနိုင်မည်မဟုတ်တော့ချေ။

အံ့ဖွယ်နိမိတ်လက္ခဏာတစ်ခုကို ကိုယ်တော်ပြုမည့်ဆဲဆဲတွင် စာတန်သည် တစ်စုံတစ်ယောက်သောသူအား ထိုနိမိတ်လက္ခဏာကိုမပြုမိရန် ဟန့်တားကန့်ကွက်ဖို့လှုံ့ဆော်ခဲ့ပါသည်။ ကျောက်ကိုရွှေ့ကြလော့ဟူ၍ အံ့ဖွယ်သောအမှုတစ်ခုကိုပြုလုပ်နိုင်စေရန်ပြင်ဆင်ခြင်းငှာ ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ သို့ရာတွင် မာသသည် ပုပ်သိုးနေမည့်ရုပ်ကလာပ်ကြီးကို မမြင်စေလိုသည့်သဘောဖြင့် အရှိကိုအရှိအတိုင်း အမြင်ကိုအမြင်အတိုင်း ဖွင့်ဟတတ်သောသူမ၏သဘာဝအတိုင်း ကျောက်တုံးကြီးကိုမရွှေ့ရန် ဝင်ရောက်ဟန့်တားခဲ့ပါသည်။ လူသားများ၏စိတ်နှလုံးသည် ခရစ်တော်၏စကားတော်များကို နားလည်ရန်နှေးကွေးကြသည့်အလျောက် မာသ၏ယုံကြည်ခြင်းသည်လည်း ကတိတော်၏အဓိပ္ပါယ်မှန်ကို မဆုပ်ကိုင်နိုင်ခဲ့ချေ။

ထိုအခါယေရှုက "သင်သည်ယုံလျှင် ဘုရားသခင်၏ဘုန်းအာနုဘော်တော်ကိုမြင်ရလိမ့်မည်။ ငါပြောပြီမဟုတ်လောဟု အလွန်သိမ်မွေ့နူးညံ့စွာဖြင့် မာသအားဆုံးမတော်မူ၏။ သင်သည် ငါ့တန်ခိုးနှင့်ပတ်သက်၍ မည်သည့်အတွက်ကြောင့်သံသယရှိရသနည်း။ ငါခိုင်းစေသည့်အတိုင်း အဘယ်ကြောင့် မလုပ်ချင်ရသနည်း။ သင်သည် ငါ့နှုတ်ထွက်စကားများကိုကြားသိယုံကြည်လျှင် ဘုရားသခင်၏ဘုန်းတော်ကိုမြင်ရလိမ့်မည်။ သဘာဝအားဖြင့်မဖြစ်နိုင်

ဟုယူဆရသောအရာများသည် အနန္တတန်ခိုးရှင်၏အမှုတော်ကို မတားဆီးနိုင်ချေ။ ကိုယ်တော်ရှင်အား ယုံမှားသံသယရှိခြင်းနှင့်မယုံကြည်ခြင်းများသည် နှိမ့်ချခြင်းမဟုတ်ချေ။ ခရစ်တော်၏နှုတ်ကပတ်တော်များကို ရိုးရိုးသားသားဖြင့်ယုံကြည်ခြင်းသည် စစ်မှန်သောနှိမ့်ချခြင်း၊ မှန်ကန်သောမိမိကိုယ်ကိုအပ်နှံဆက်ကပ်ခြင်းဖြစ်ပါသည်။

ကျောက်တုံးကိုရွှေ့ကြလော့ဟု ၎င်းတို့အားခရစ်တော်မိန့်တော်မူခဲ့သော်လည်း ထိုကျောက်တုံးအားရွှေ့စေဟုမိန့်တော်မူလျှင် ကျောက်တုံးသည်အမိန့်တော်အတိုင်း ရွေ့သွားလိမ့်မည်သာတည်း။ အပါးတော်တွင်ခစားနေကြသောကောင်းကင်တမန်များအား အမိန့်ပေးလိုက်လျှင်လည်း ၎င်းတို့သည် ထိုကျောက်တုံးကိုရွှေ့ပေးကြလိမ့်မည်သာတည်း။ မိန့်တော်မူလိုက်လျှင် မျက်မြင်မရသောလက်တော်များသည် ထိုကျောက်တုံးကိုရွှေ့ပစ်ကြမည်သာတည်း။ သို့ရာတွင် ထိုကျောက်တုံးကို လူသားများ၏လက်များဖြင့်ရွှေ့ဖယ်စေခြင်းအားဖြင့် ခရစ်တော်သည် လူသားဇာတိနှင့်ဘုရားဇာတိတို့၏ပူးပေါင်းလုပ်ဆောင်မှုကို ထင်ရှားစေခဲ့ပါသည်။ လူသားတန်ခိုးဖြင့်လုပ်နိုင်သည့်အရာများအတွက် ဘုရားတန်ခိုးကိုမတောင်းခံခဲ့ချေ။ ဘုရားသခင်သည် လူသားတို့၏ကူညီလုပ်ဆောင်မှုကိုအသုံးမပြုဘဲ နေတော်မမူချေ။ လူသားတစ်ဦးသည် မိမိအားပေးအပ်ထားသည့်တန်ခိုးများ အစွမ်းအစများကိုအသုံးပြုနေစဉ်တွင် ကိုယ်တော်သည် ၎င်းအားခွန်အားနှင့်ပြည့်စေတော်မူ၍ ပူးပေါင်းလုပ်ဆောင်ပေးတော်မူပါသည်။

ကိုယ်တော်မိန့်တော်မူသည့်အတိုင်းနားထောင်ကာ ကျောက်တုံးကြီးကိုလိမ့်၍ဖယ်ရှားပစ်လိုက်ကြပါသည်။ ကိုယ်တော်သည် အရာရာကိုအားလုံးမြင်သာအောင် နှိုင်းနှိုင်းဆဆနှင့်လုပ်ဆောင်တော်မူပါသည်။ ခရစ်တော်၏လုပ်ဆောင်မှုသည် လိမ်ညာသည့်လုပ်ဆောင်မှုတစ်ခုမဟုတ်ကြောင်းကို လူတိုင်းမြင်တွေ့နိုင်ခွင့်ရရှိကြပါသည်။ လာဇရု၏ရုပ်ကလာပ်သည် ကျောက်သင်္ချိုင်းဂူထဲတွင် တိတ်ဆိတ်စွာတည်ရှိနေပါသည်။ ငိုချင်းသည်များသည်လည်း အငိုတိတ်သွားကြပါသည်။ လူထုကြီးတစ်ခုလုံးသည် ဘာတွေဆက်ဖြစ်လာမည်



ကိုကြည့်ရန် အံ့အားသင့်စွာမျှော်လင့်ချက်ပြင်းပြစွာဖြင့် သင်္ချိုင်းဂူ၏ပတ်ပတ်လည်တွင် ရပ်နေကြပါသည်။

ခရစ်တော်သည် တည်ငြိမ်သောအသွင်ဖြင့် ဂူ၏ရှေ့တည့်တည့်တွင် ရပ်ထတော်မူလိုက်ပါသည်။ ထိုနောက် အလေးအနက်ဖြင့် ကောင်းကင်ဘုံသို့ချဉ်းကပ်သွားပြီး ကောင်းကင်သို့မျှော်ကြည့်ကာ "အဖ၊ ကိုယ်တော်သည်အကျွန်ုပ်စကားကို နားထောင်တော်မူသောကြောင့် ကျေးဇူးကြီးလှပါ၏" ဟုလျှောက်လေ၏။ ဤအဖြစ်အပျက်ကလေးမတိုင်မီတွင် ခရစ်တော်ကိုရန်ပြုသောသူများက ကိုယ်တော်အား ဘုရားကိုစော်ကားသောစကားများပြောသည်ဟူ၍စွပ်စွဲကာ ခဲနှင့်ပစ်ပေါက်ရန်ကျောက်ခဲများကို ကောက်ယူခဲ့ဖူးကြပါသည်။ ကိုယ်တော်သည် စာတန်၏တန်ခိုးဖြင့် နိမိတ်လက္ခဏာများကိုပြုနေသည်ဟူ၍လည်း စွပ်စွဲခဲ့ကြပါသည်။ သို့ရာတွင် ယခုတွင်မူ ထာဝရဘုရားသခင်သည် ၎င်း၏အဖဖြစ်ကြောင်း အခိုင်အမာဖွင့်ဆိုနေပြီး မိမိသည်ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်း ယုံကြည်စိတ်ချစွာဖြင့် ကြေညာတော်မူနေပါသည်။

ခရစ်တော်သည် ပြုတော်မူသောအရာတိုင်းတွင် အဖဘုရားသခင်နှင့်ပူးတွဲလုပ်ဆောင်တော်မူခဲ့ပါသည်။ မိမိသည် ဘုရားသခင်အား အားကိုးမှီခိုခြင်းမပြုဘဲ အဘယ်အမှုကိုမျှမလုပ်ဆောင်ကြောင်းကိုထင်ရှားစေရန် အမြဲဂရုပြုတော်မူခဲ့ပါသည်။ ယုံကြည်ခြင်းအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း နိမိတ်လက္ခဏာများကိုပြုတော်မူခဲ့ပါသည်။ မိမိသည် အဖဘုရားသခင်နှင့်အဆက်အသွယ်ရှိတော်မူကြောင်းကို လူအပေါင်းသိစေလိုတော်မူပါသည်။ "အဖကိုယ်တော်သည် အကျွန်ုပ်စကားကို နားထောင်တော်မူသောကြောင့် ကျေးဇူးတော်ကြီးလှပါ၏။ ကိုယ်တော်သည် အကျွန်ုပ်စကားကိုအစဉ်မပြတ်နားထောင်တော်မူသည်ကို အကျွန်ုပ်သိပါ၏။ သို့သော်လည်း ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို ဝန်းရံလျက်ရှိသောဤလူအပေါင်းတို့သည်ယုံကြည်စေခြင်းငှာ သူတို့၏အကျိုးကိုထောက်၍ ဤသို့အကျွန်ုပ်လျှောက်ပါ၏ဟု ခရစ်တော်မြွက်ဆိုတော်မူ၏။ ဤနေရာတွင် တမန်တော်များနှင့်လူအပေါင်းတို့အား ဘုရားသခင်နှင့်မိမိအကြားတွင်ရှိသော

ဆက်သွယ်မှုများနှင့်စပ်လျဉ်း၍ အထင်ရှားဆုံးသောသာဓကတစ်ခုကိုပြသရန်ဖြစ်ပါသည်။ ခရစ်တော်၏မိန့်တော်မူချက်သည် လိမ်ညာမှုတစ်ခုမဟုတ်ကြောင်းကို ၎င်းတို့အားပြသရန်ဖြစ်ပါသည်။

"ထိုသို့မိန့်မြွက်တော်မူပြီးမှ လာဇရုထွက်၍လာလော့ဟု ကြီးသောအသံနှင့်ဟစ်ခေါ်တော်မူ၏။" ကြည်လင်ပြတ်သား၍ ထိုးဖောက်နိုင်သည့်တန်ခိုးပါသော ကိုယ်တော်၏အမိန့်တော်သည် ထိုလူသေ၏နားထဲသို့ ဖောက်ထွင်းရောက်ရှိသွားခဲ့ပါသည်။ ထိုသို့မိန့်တော်မူနေစဉ်တွင် ကိုယ်တော်၏လူသားဇာတိ၌ဘုရားဇာတိသည် ထွန်းတောက်နေပါသည်။ ထာဝရဘုရား၏ဘုန်းတော်နှင့်တောက်ပလျက်ရှိသော ကိုယ်တော်၏မျက်နှာတော်တွင် ၎င်း၏တန်ခိုးတော်အတွက်အာမခံချက်ကို လူအပေါင်းတွေ့မြင်နေကြရပါသည်။ လူတိုင်းသည် ဂူဝသို့စိုက်ကြည့်နေကြပါသည်။ မိန့်တော်မူသမျှသောစကားသံများကိုကြားနိုင်ရန်လည်း လူတိုင်းအာရုံပြုနေကြပါသည်။ မိမိသည်ဘုရားသခင်၏သားတော်ဖြစ်သည်ဟူသော ခရစ်တော်၏ဖွင့်ဆိုချက်ကို အတည်ဖြစ်စေမည့် (သို့မဟုတ်) မျှော်လင့်ချက်ကို အမြဲတမ်းပျက်သုဉ်းစေမည့် အထောက်အထားဖြစ်သည့် ခရစ်တော်၏ဘုရားဇာတိအတွက် စစ်ဆေးမှုတစ်ခုကို လူအပေါင်းတို့သည် စိတ်ဝင်တစားစောင့်၍ကြည့်နေကြပါသည်။

ထိုလူသေသည် သင်္ချိုင်းဂူဝတွင်ထ၍မတ်တတ်ရပ်လိုက်သောအခါ ငြိမ်သက်နေသောသင်္ချိုင်းကုန်းတစ်ခုလုံးတွင် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ပါသည်။ သင်္ဂြိုဟ်စဉ်အခါက ၎င်းအားရစ်ပတ်ထားသည့်အဝတ်ကြောင့် လှုပ်ရှားဖို့ခက်နေသည်ကိုမြင်တော်မူလျှင် ကိုယ်တော်ကရပ်ကြည့်နေသောသူများအား "သူ့ကိုဖြေလွှတ်ကြလော့" ဟုမိန့်တော်မူ၏။ လူသားများ၏လုပ်ဆောင်မှုသည် ဘုရားသခင်နှင့်ပူးတွဲလုပ်ဆောင်ရမည့်အကြောင်းကို ဤနေရာတွင်လည်း တစ်ဖန်ထင်ရှားစေပြန်သည်။ လူသားမျိုးနွယ်သည် လူသားမျိုးနွယ်အတွက် လုပ်ဆောင်ရန်ဖြစ်ပါသည်။ လာဇရုအားရစ်ပတ်ထားသောအဝတ်များကိုဖြေ၍ ပေးလိုက်သောအခါ သူသည်ရောဂါဘယများကြောင့်ပိန်ချုံးအားနည်းကာ ကတုန်ကယင်နှင့်လူအပေါင်းရှေ့တွင် မတ်တတ်ထရပ်ခြင်းမဟုတ်ဘဲ ယောကျ်ား



ပီသ၍ အားအင်ပြည့်ဖြိုးသောလူတစ်ယောက်အသွင်ဖြင့် ထရပ်ခြင်းဖြစ်ပါသည်။ သူ၏မျက်လုံးများသည် ကယ်တင်ရှင်အားသိသည့်အသိစိတ်ဓာတ်များနှင့် ကိုယ်တော်အပေါ်ထားရှိသည့်မေတ္တာများဖြင့် တောက်ပနေပါသည်။ ထိုနောက် သူသည်ရိုသေလေးမြတ်စွာဖြင့် ကိုယ်တော်၏ခြေတော်ရင်းတွင် ပျပ်ဝပ်လေ၏။

တွေ့မြင်ရသူများသည် ရှေးဦးစွာ၌စကားတစ်လုံးမျှမပြောနိုင်အောင် အံ့အားသင့်နေကြပါသည်။ သို့ရာတွင် များမကြာမီတွင် နှုတ်အားဖြင့်မဖော်ပြနိုင်အောင်ဝမ်းမြောက်မှုများကို ဖော်ပြနေသည်ကိုမြင်တွေ့ရပြီး ကျေးဇူးတော်ချီးမွမ်းသံများကိုလည်းကြားခဲ့ကြရပါသည်။ မာရိတို့ညီအစ်မနှစ်ယောက်သည်လည်း ဘုရားသခင်၏မစမှုကြောင့် အသက်ရှင်လျက်ရှိသောမောင်ငယ်အားပြန်လည်ရရှိကြသောကြောင့် ဝမ်းသာမျက်ရည်များကျလျက် ကယ်တင်ရှင်အားကျေးဇူးတင်စကားများပြောဆိုနေကြပါသည်။ ၎င်းတို့ညီအစ်ကိုမောင်နှမများနှင့်မိတ်ဆွေများပြန်လည်ပေါင်းစည်းသည့်အတွက် ဝမ်းပန်းတသာဖြစ်နေကြစဉ်တွင် သခင်ယေရှုသည် ထိုမြင်ကွင်းမှပျောက်ကွယ်သွားခဲ့ပါသည်။ သူတို့သည် အသက်ပေးပိုင်ရှင်ယေရှုအားရှာဖွေကြသောအခါ ကိုယ်တော်ကို မတွေ့ရှိကြတော့ချေ။

****

## tcef; (59)
## ,Zfykad&m[dwfrsm;\rwf&m;MuH=pnfrIrsm;

ရှင်ယောဟန် ၁၁း၄၇-၅၄ ကိုအခြေပြုထားပါသည်။

ဗေသနိရွာသည် ယေရုရှလင်မြို့နှင့်နီးသည့်အတွက် လာဇရုအား ထမြောက်စေခဲ့သည့်သတင်းသည် ထိုမြို့သို့မကြာမီတွင်ရောက်ရှိလာခဲ့ပါသည်။ ယုဒလူအကြီးအကဲများသည် နိမိတ်လက္ခဏာများကို မျက်မြင်ကိုယ်တွေ့မြင်ခဲ့ရသော မိမိတို့၏သူလျှိုများမှတစ်ဆင့် သတင်းအစုံအလင်ကို လျင်မြန်စွာရရှိခဲ့ပါသည်။ ထို့ကြောင့် မည်ကဲ့သို့ဆက်လက်လုပ်ဆောင်ရမည်ကိုဆုံးဖြတ်ရန် ဆန်ဟီဒရင်အဖွဲ့၏အစည်းအဝေးတစ်ခုကို ချက်ချင်းခေါ်ယူကျင်းပခဲ့ပါသည်။ မိမိသည် သေခြင်းနှင့်သင်္ချိုင်းများအပေါ်ထိန်းချုပ်ထားကြောင်းကို ယခုတွင်ခရစ်တော်သည် လုံးလုံးထင်ရှားစေတော်မူခဲ့ပေပြီ။ ဘုရားသခင်သည်လူသားများ၏ကယ်တင်ခြင်းအတွက် သားတော်အား ဤလောကသို့စေလွှတ်တော်မူသည်ကိုထင်ရှားစေရန် လူသားများအားဘုရားသခင်ပေးတော်မူသည့်အထောက်အထားများတွင် ကြီးကျယ်သောဤနိမိတ်လက္ခဏာသည် အထွတ်အထိပ်ဖြစ်သော သက်သေအထောက်အထားတစ်ခုဖြစ်ပါသည်။ ဘုရားဇာတိတော်အား သရုပ်ဖော်သည့် ဤနိမိတ်လက္ခဏာကြီးသည် ဆင်ခြင်တုံတရား၏ထိန်းချုပ်မှုအောက်တွင်ရှိ၍ အသိဉာဏ်ရှိသောသူများအဖို့ သဘောပေါက်ရန်လုံလောက်သောနိမိတ်လက္ခဏာတစ်ခုဖြစ်ပါသည်။ လာဇရု၏ထမြောက်ခြင်းကိုမျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သူများတို့သည် သခင်ယေရှုအားယုံကြည်သက်ဝင်ခဲ့ကြပါသည်။ သို့ရာတွင် ယဇ်ပုရောဟိတ်များ၏မုန်းတီးမှုများမှာလည်း ပြင်းထန်လာခဲ့ပါသည်။ သူတို့သည် ကိုယ်တော်၏ဘုရားဇာတိတော်နှင့်ပတ်သက်သည့် သာ၍သေးငယ်သော သက်သေအထောက်အထားများကိုငြင်းပယ်ခဲ့ကြပြီး ဤနိမိတ်လက္ခဏာအသစ်အတွက်လည်း အမျက်ဒေါသထွက်ခဲ့ကြပါသည်။ ကိုယ်တော်သည်လူသေကောင်ကြီးကို နေ့ခင်းကြောင်တောင်အချိန်ကြီးတွင်



များစွာသောသက်သေများရှေ့မှောက်၌ ထမြောက်စေတော်မူခဲ့ပါသည်။ မည်သည့်ပရိယာယ်ဉာဏ်ဆင်မှုကမျှ ဤအထောက်အထားမျိုးကို မချေဖျက်နိုင်ပါချေ။ ထို့ကြောင့်ပင် ယဇ်ပုရောဟိတ်များ၏ရန်ငြိုးထားမှုသည် မခံမရပ်နိုင်အောင်ကြီးထွားခဲ့ပါသည်။ သူတို့သည် ခရစ်တော်အမှုတော်ကိုရပ်တန့်ပစ်ရန် ယခင်ကထက်ခိုင်မာစွာဆုံးဖြတ်ခဲ့ကြပါသည်။

ဇဒ္ဒုကဲများသည် ခရစ်တော်ကိုနှစ်သက်ကြသည်မဟုတ်သော်လည်း ဖာရိရှဲများလောက် ကိုယ်တော်အားအာဃာတမထားခဲ့ကြချေ။ သူတို့၏မုန်းတီးမှုများသည် များစွာမပြင်းထန်လှချေ။ သို့ရာတွင် ယခုမူကား၊ သူတို့သည် ထိုသတင်းကြောင့် အလန့်တကြားဖြစ်ခဲ့ကြရပါသည်။ အကြောင်းမှာ ၎င်းတို့သည် ရှင်ပြန်ထမြောက်ခြင်းကိုမယုံကြည်ကြသောကြောင့်တည်း။ သိပ္ပံပညာဟုခေါ်သည့်ပညာတစ်ခုကိုတီထွင်လျက် သေနေသောရုပ်ကလာပ်တစ်ခုကို အသက်ပြန်ဝင်အောင်လုပ်ရန်မှာ လုံးလုံးမဖြစ်နိုင်သောအရာဖြစ်သည်ဟု သူတို့ဆင်ခြင်တွေးတောခဲ့ကြပါသည်။ သို့ရာတွင် ၎င်းတို့၏စာတွေ့သွန်သင်ချက်တစ်ခုသည် ခရစ်တော်၏နှုတ်ထွက်စကားအနည်းငယ်အားဖြင့် ပျက်ပြုန်းခဲ့ရပါသည်။ ထိုဇဒ္ဒုကဲများသည် သမ္မာကျမ်းစာကိုသော်လည်းကောင်း၊ ဘုရားသခင်၏တန်ခိုးတော်ကိုလည်းကောင်း မသိနားမလည်ကြကြောင်း ထင်ရှားစေခဲ့ကြပါသည်။ ထိုနိမိတ်လက္ခဏာကြောင့် လူတို့၏စိတ်တွင်စွဲမြဲနေသောခံစားချက်များကို ပျောက်ပျက်သွားအောင် ၎င်းတို့လုပ်နိုင်စွမ်းမရှိကြောင်းကိုလည်း သူတို့တွေ့မြင်ခဲ့ကြရပါသည်။ သင်္ချိုင်းတွင်းမှလူသေများကို ရှင်ပြန်ထမြောက်စေခဲ့သောကိုယ်တော်ကို မည်သူကျော်ခိုင်းနိုင်မှာလဲ။ လိမ်ညာသောသတင်းများကိုဖြန့်ဝေခဲ့ကြသော်လည်း ဤနိမိတ်လက္ခဏာကို မည်သူမျှမငြင်းပယ်နိုင်ကြချေ။ ထိုနိမိတ်လက္ခဏာ၏အကျိုးသက်ရောက်မှုများကို မည်သို့တားဆီးဟန့်တားရမည်ကိုလည်း သူတို့မသိရှိခဲ့ကြချေ။ ထိုအချိန်မတိုင်မီအထိ ဇဒ္ဒုကဲများသည် ခရစ်တော်အားအဆုံးစီရင်ပစ်မည့်အကြံအစည်ကို အားမပေးခဲ့ကြသော်လည်း လာဇရုအားထမြောက်စေပြီးသည့်အချိန်မှစ၍ မိမိတို့အားရဲရဲတင်းတင်းဆန့်ကျင်နေမှုများအား ကိုယ်တော်ကိုအဆုံးစီရင်ပစ်ခြင်းအားဖြင့်သာ ရပ်တန့်သွားလိမ့်မည်ဟု သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။

ဖာရိရှဲများအနေနှင့် ထမြောက်ခြင်းအကြောင်းကို ယုံကြည်ကြသဖြင့် မေရှိယသည် မိမိတို့အလယ်တွင်ရှိနေတော်မူကြောင်းအတွက် ထိုနိမိတ်လက္ခဏာသည် သက်သေအထောက်အထားတစ်ခုဖြစ်သည်ဟု တထစ်ချမြင်တွေ့ခဲ့ကြသော်လည်း သူတို့သည် ခရစ်တော်၏အမှုတော်အား ဆန့်ကျင်မြဲဆန့်ကျင်၍သာနေခဲ့ကြပါသည်။ ကိုယ်တော်သည် ၎င်းတို့၏လျှို့ဝှက်စွာဟန်ဆောင်မှုများကိုဖော်ထုတ်ခဲ့သဖြင့် အစအဦးပင်ကိုယ်တော်အား သူတို့မုန်းတီးခဲ့ကြပါသည်။ ကိုယ်တော်သည် ၎င်းတို့၏ချွတ်ယွင်းချက်များကို ဖုံးအုပ်ဝှက်ထားသည့် ဂနသေချာလွန်းသောဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အပေါ်ယံဝတ်ရုံကြီးကို ဆုတ်ဖြဲပစ်ခဲ့ပါသည်။ ကိုယ်တော်ရှင်သွန်သင်သည့် စစ်မှန်သောဘာသာတရားက ၎င်းတို့၏အနှစ်သာရမပါသည့် ဘုရားတရားရှိမှုကို ပြစ်တင်ရှုတ်ချခဲ့ပါသည်။ ကိုယ်တော်၏အချက်ကျသောဆုံးမမှုများကြောင့် သူတို့သည် ကိုယ်တော်အားအလွန်လက်စားချေလိုလှပါသည်။ ၎င်းတို့အနေနှင့် လက်စားချေခွင့်ရရှိဖို့အခြေအနေကို ဖြစ်ပေါ်စေမည့်အရာများကို ကိုယ်တော်ပြောမိလုပ်မိစေရန် ကိုယ်တော်အားဆွပေးဖို့ကြိုးစားခဲ့ကြပါသည်။ အခါပေါင်းမြောက်မြားစွာ ကိုယ်တော်အားခဲနှင့်ပစ်၍သတ်ရန် သူတို့ကြိုးစားခဲ့ကြသော်လည်း ကိုယ်တော်သည် တိတ်ဆိတ်စွာရှောင်ထွက်သွားတော်မူသောကြောင့် သူတို့မျက်ခြည်ပြတ်ခဲ့ကြရပါသည်။

ဥပုသ်နေ့တွင် ကိုယ်တော်ပြုခဲ့သောနိမိတ်လက္ခဏာအားလုံးသည် ရောဂါဝေဒနာဖိစီးနေရသူများအား သက်သာခြင်းအလို့ငှာဖြစ်သော်လည်း ဖာရိရှဲများကကိုယ်တော်အား ဥပုသ်ချိုးဖောက်သူဟု ပြစ်တင်စွပ်စွဲရန်ကြိုးစားခဲ့ကြပါသည်။ ဟေရုဒ်မင်းကြီးအားလည်း ကိုယ်တော်အားဆန့်ကျင်ရန် သူတို့ဆွပေးခဲ့ကြပါသည်။ ကိုယ်တော်သည် ယှဉ်ပြိုင်နိုင်ငံတစ်ခုတည်ထောင်ရန်ကြိုးစားနေသည်ဟု သူတို့ရုပ်လုံးဖော်ခဲ့ကြပြီး ကိုယ်တော်အားသုတ်သင်ပစ်ရန် သူတို့တိုင်ပင်ဆွေးနွေးခဲ့ကြပါသည်။ ရောမများအားသွေးထိုးပေးရန် ရောမအစိုးရ၏တန်ခိုးအာဏာကို မှောက်လှန်ဖို့ကြိုးစားနေသူတစ်ဦးအဖြစ် ကိုယ်တော်အားရုပ်လုံးဖော်ခဲ့ကြပါသည်။ သူတို့သည် လူများအပေါ်သက်ရောက်နေသော



ကိုယ်တော်၏ဩဇာသက်ရောက်မှုများကိုဖျက်ဆီးပစ်ရန် နည်းမျိုးစုံကိုအသုံးပြု၍ကြိုးစားခဲ့ကြပါသည်။ သို့ရာတွင် ယခုအချိန်တိုင်အောင် ၎င်းတို့၏ကြိုးစားမှုများသည် အရာမရောက်ကြဘဲ ကိုယ်တော်ရှင်၏လုပ်ဆောင်ချက်များကိုပြင်ခဲ့သူများနှင့်သန့်စင်မွန်မြတ်သောသွန်သင်ချက်များကိုကြားနာခဲ့ရသောသူများအနေနှင့် ကိုယ်တော်ပြောဆိုသောစကားများနှင့် လုပ်ဆောင်သောအရာများသည် ဥပုသ်ချိုးသူ (သို့မဟုတ်) ဘုရားကိုစော်ကားသူတစ်ဦး၏အပြုအမူ၊ အပြောအဆိုမဟုတ်သည်ကို သိရှိခဲ့ကြပါသည်။ ဖာရိရှဲများစေလွှတ်ထားသည့်အရာရှိများသည်ပင် ကိုယ်တော်၏တရားတော်ကိုနှစ်ခြိုက်ကြကာ ကိုယ်တော်အားမတိုက်ခိုက်ကြတော့ချေ။ ယုဒများသည် နောက်ဆုံး၌အမျက်ဒေါသခြောင်းခြောင်းထလျက် သခင်ယေရှုကိုယုံကြည်ကြောင်းဝန်ခံသူများအား တရားဇရပ်မှနှင်ထုတ်မည်ဟူသော အမိန့်စာတစ်ခုကို အတည်ပြုထုတ်ပြန်လိုက်ပါသည်။

ယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများနှင့် ဗိမာန်တော်လူကြီးများသည်လည်း ထိုကိစ္စကိုတိုင်ပင်ဆွေးနွေးကြရန်စုရုံးကြပြီး လူအပေါင်းအားမိန်းမောတွေဝေစေသည့်အံ့ဖွယ်အမှုများကို ပြုတော်မူခဲ့သည့်ကိုယ်တော်အားအဆုံးစီရင်ရန် ခိုင်မာသောဆုံးဖြတ်ချက်ကိုချမှတ်ခဲ့ကြပါသည်။ ဖာရိရှဲများနှင့်ဇဒ္ဒုကဲများတို့သည်လည်း ယခင်ကထက်ပို၍စည်းလုံးမိလာကြပါသည်။ ထိုအချိန်အထိ အစေးမကပ်ခဲ့ကြသော၎င်းတို့သည် ခရစ်တော်ကိုဆန့်ကျင်ရာတွင် တစ်လုံးတစ်ဝတည်းဖြစ်လာခဲ့ကြပါသည်။ ယခင်တစ်ခါစည်းဝေးတိုင်ပင်စဉ်က နိကောဒင်နှင့်ယောသပ်တို့သည် ခရစ်တော်ကိုသုတ်သင်လိုသည့် ၎င်းတို့၏အကြံကို ဟန့်တာကြသောကြောင့် ယခုအစည်းအဝေးတွင် ဖိတ်ကြားခြင်းမခံကြရချေ။ ထိုကောင်စီထဲတွင် ခရစ်တော်ကိုယုံကြည်ကြသော ဩဇာတိက္ကမရှိသူအချို့ပါဝင်နေသော်လည်း အာဃာတပြင်းထန်သော ဖာရိရှဲများကိုမလွန်ဆန်နိုင်အောင်ဖြစ်နေခဲ့ကြပါသည်။

သို့ရာတွင် ထိုဆုံးဖြတ်ချက်ကို ကောင်စီအဖွဲ့ဝင်အားလုံးသဘောတူခြင်းရှိခဲ့သည်တော့မဟုတ်ချေ။ ထိုအချိန်တွင် ဆန်ဟီဒရင်အဖွဲ့သည် မတရားသင်းအဖြစ် ကြေညာခြင်းခံထားရသည့် အဖွဲ့တစ်ခုဖြစ်ပါသည်။ အစိုးရပိုင်း၏

သည်းခံခွင့်ပြုမှုကြောင့်သာ ဆက်လက်တည်မြဲနေခြင်းဖြစ်ပါသည်။ တချို့သောကောင်စီဝင်များက ခရစ်တော်ကိုအဆုံးစီရင်ရန်ဆုံးဖြတ်ခဲ့သော ဝေဖန်သုံးသပ်မှုအတွက် စောဒကတက်ခဲ့ကြပါသည်။ ခရစ်တော်ကိုသတ်ပစ်ခြင်းအားဖြင့် လူထုတွင်ဆူပူထကြွမှုတစ်ခုဖြစ်ပေါ်လာမည်ကိုလည်းကောင်း၊ ထိုကဲ့သို့ဆူပူသောင်းကျန်းမှုဖြစ်ပေါ်လာပါက ယဇ်ပုရောဟိတ်များနှင့်တကွ ၎င်းတို့ထံမှလုပ်ပိုင်ခွင့်တန်ခိုးအာဏာများကို ရောမများကပြန်လည်ရုပ်သိမ်းလိုက်မည်ကိုလည်းကောင်း သူတို့စိုးရိမ်မိခဲ့ကြပါသည်။ ဇဒ္ဒုကဲများသည် ထိုသူများနှင့်အတူ ခရစ်တော်အားမုန်းတီးခဲ့ကြစေကာမူ ရောမများအနေဖြင့် ၎င်းတို့၏ဂုဏ်ရည်အဆင့်အတန်းများကိုကင်းမဲ့သွားစေမည်ကိုစိုးရိမ်သဖြင့် ထိုလှုပ်ရှားမှုကို သတိထား၍လုပ်ဆောင်ခဲ့ကြပါသည်။

ခရစ်တော်ကိုလုပ်ကြံရန်အတွက် စည်းဝေးနေကြသော ထိုကောင်စီတွင် နေဗုခဒ်နေဇာမင်းကြီး၏ကြွားဝါစကားများကိုကြားခဲ့သော ဗေလရှာဇာ တည်ခင်းသည့်ရုပ်တုကိုးကွယ်မှုနှင့်ဆိုင်သော စားသောက်ပွဲကြီးကိုမြင်တွေ့ခဲ့ရသောနာဇရက်မြို့တွင် ခရစ်တော်သည် မိမိကိုယ်ကိုဘိသိက်သွန်းလောင်းခြင်းခံရသူဖြစ်ကြောင်းကြေညာစဉ်က ရှိတော်မူထသော ဘုရားသခင်ကိုယ်တော်တိုင်ရှိတော်မူနေပါသည်။ ထိုဘုရားသခင်သည် ထိုယုဒလူအကြီးအကဲများအား ၎င်းတို့လုပ်ဆောင်နေသောအရာကိုသိရှိစေရန် ပဲ့ပြင်လျက်ရှိပါသည်။ ၎င်းတို့၏မျက်စိအောက်တွင်ဖြစ်ပျက်ခဲ့သည့် ခရစ်တော်၏အသက်တာမှ ထူးဆန်းသော၌အဖြစ်အပျက်သည် ၎င်းတို့အား အလန့်တကြားဖြစ်စေခဲ့ပါသည်။ သခင်ယေရှုသည် အသက်ဆယ့်နှစ်နှစ်သားအရွယ်လောက်က ပညတ္တိကျမ်းကိုကျေညက်စွာတတ်မြောက်ကြသည့် ကျမ်းတတ်ဆရာကြီးများရှေ့တွင် ထ၍ ၎င်းတို့အံ့အားသင့်လောက်သောမေးခွန်းများကိုမေးမြန်းနေသည့် ဗိမာန်တော်၌ဖြစ်ပျက်ခဲ့သည့်မြင်ကွင်းကို သူတို့သတိရအောက်မေ့ခဲ့ကြပါသည်။ ယခုပင်ပြုတော်မူခဲ့သောနိမိတ်လက္ခဏာသည်လည်း သခင်ယေရှုမှလွဲ၍မည်သူမျှဘုရားသခင်၏သားတော်မဖြစ်နိုင်ကြောင်း သက်သေခံနေပါသည်။ ခရစ်တော်နှင့်စပ်လျဉ်းသည့် ဓမ္မဟောင်းကျမ်း၏အရေးပါသောအချက်များသည်





လည်း သူတို့၏စိတ်တွင် ထင်ထင်ရှားရှားပြန်၍ပေါ်လာခဲ့ပါသည်။ ထိုကြောင့်စိတ်နှလုံးရှုပ်ထွေးစိုးရိမ်စွာဖြင့် "ငါတို့သည် အဘယ်သို့ပြုလျက်နေကြသနည်း" ဟုတစ်ဦးကိုတစ်ဦးမေးမြန်းကြ၏။ ထိုနောက် ထိုကောင်စီတွင် အုပ်စုကွဲလာခဲ့ပါသည်။ ယဇ်ပုရောဟိတ်များနှင့်ယုဒအကြီးအကဲများသည် သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်မှုအောက်တွင် မိမိတို့သည် ဘုရားသခင်နှင့်ဆိုင်ပြိုင်တိုက်လှန်နေသည်ဟူသော အသိစိတ်ကလေးကို မပယ်ရှားနိုင်ခဲ့ကြချေ။

အစည်းအဝေးကြီး၏အကျဉ်းအကျပ်ဆုံးအချိန်တွင် ယဇ်ပုရောဟိတ်မင်းကြီးကယာဖသည် ထ၍ရပ်လိုက်ပါသည်။ ထိုသူသည် မာနကြီး၍ရက်စက်ကြမ်းကြုတ်သောသူတစ်ယောက်ဖြစ်ပါသည်။ နိုင်ထက်စီးနင်းလုပ်တတ်ပြီး သည်းမခံတတ်သူတစ်ဦးလည်းဖြစ်ပါသည်။ ၎င်း၏မိသားစုများသည် ဖြောင့်မတ်ခြင်းအရေခြုံထားသော မာနကြီးပြီးရဲတင်းလွန်းကာ ပစ်စလက်ခတ်လုပ်တတ်သော၊ ရည်မှန်းချက်ကြီးလွန်းပြီး ရက်စက်ကြမ်းကြုတ်မှုနှင့်ပြည့်ဝသောမိသားစုများဖြစ်ကြပါသည်။ ကယာဖသည် ထိုအနာဂတ္တိစကားများကိုလေ့လာခဲ့ဖူးပြီး အနက်အဓိပ္ပါယ်များကို သေသေချာချာမသိသော်လည်း ဩဇာတိက္ကမအပြည့်ဖြင့် "သင်တို့သည် အလျှင်းမသိကြ၊ ယုဒလူအကုန်ပျက်စီးသည်ထက် လူတစ်ယောက်သည်လူများတို့အတွက်သေသော် သာ၍ကောင်းသည်ကို သင်တို့သည်မဆင်ခြင်ပါတကား" ဟုပြောဆို၏။ သခင်ယေရှု၌ အပြစ်တစ်စုံတစ်ရာတင်ခွင့်မရှိလျှင်တောင် ရှင်းလင်းသုတ်သင်ပစ်ရမည်အကြောင်းမှာ သူသည်လူအများကို မိမိထံသို့ဆွဲဆောင်နေပြီး အာဏာပိုင်များ၏တန်ခိုးအာဏာများကိုလျော့ပါးစေလျက် ဒုက္ခပေးနေသူတစ်ဦးဖြစ်သည် စသည်ဖြင့် ထိုယဇ်ပုရောဟိတ်မင်းကတိုက်တွန်းခဲ့ပါသည်။ ယေရှုသည် တစ်ဦးတည်းသာရပ်တည်နေသူဖြစ်ပါသည်။ ယုဒလူအကြီးအကဲများ၏တန်ခိုးအာဏာလျော့နည်းသွားသည်ထက် ထိုသူသေဆုံးသွားသည်ကသာ၍ကောင်းသည်။ လူထုသည်မိမိတို့၏အကြီးအကဲအပေါ် ယုံကြည်စိတ်ချမှုကင်းမဲ့လာခဲ့လျှင် နိုင်ငံတော်၏တန်ခိုးအာဏာသည် ပျက်စီးသွားပေလိမ့်မည်။ ဤနိမိတ်လက္ခဏာပြခဲ့ပြီးသည့်နောက်ပိုင်းတွင် သခင်ယေရှု၏နောက်လိုက်များသည် နိုင်ငံတော်ကိုပုန်ကန်ခြားနားမှု

ဖြစ်ပေါ်လာနိုင်သည်။ ထိုသို့ပုန်ကန်ထကြွလာပါက ရောမအစိုးရသည် ယုဒပြည်ထဲသို့ဝင်ရောက်လာလိမ့်မည်။ ထိုနောက် ဗိမာန်တော်ကိုပိတ်ပစ်၍ ကျွန်ုပ်တို့၏ဥပဒေများကိုလည်းဖျက်ဆီးပစ်ကာ နိုင်ငံတစ်ခုအနေဖြင့်မရပ်တည်နိုင်အောင်ဖျက်ဆီးပစ်လိမ့်မည်။ ဤဂါလိလဲလူတစ်ယောက်တည်း၏အသက်သည် နိုင်ငံတစ်ဝန်းရှိယုဒအမျိုးသားအားလုံး၏အသက်များနှင့်နှိုင်းစာလျှင် မည်မျှတန်ဖိုးရှိမည်နည်း။ သူသည် ဣသရေလတိုင်းပြည်၏တိုးတက်ကြီးပွားမှုကို အဟန့်အတားပြုနေလျှင် ၎င်းအားသုတ်သင်ဖယ်ရှားပစ်ခြင်းသည် ထာဝရဘုရားအတွက် အမှုတော်တစ်ခုကိုဆောင်ရွက်ခြင်းမည်ပေမဖူးလား။ နိုင်ငံတစ်ခုကိုအဖျက်ဆီးခံရသည်ထက် လူတစ်ဦးပျက်စီးသွားခြင်းသည် သာ၍ကောင်း၏ဟု ကယာဖပြောဆိုခဲ့ပါသည်။

လူတစ်မျိုးသားလုံးအတွက် တစ်ယောက်တည်းသောသူသည် အသေခံသင့်သည်ဟုဖွင့်ဆိုပြောပြခြင်းဖြင့် မိမိသည် အနာဂတ္တိစကားများကိုတတ်သိနားလည်ကြောင်းကို သူဖော်ညွှန်းခဲ့ပါသည်။ သို့ရာတွင် ၎င်းသိရှိထားသည့်အရာများသည် မပြောပလောက်ချေ။ ရှင်ယောဟန်အနေနှင့်မူ ဤအကြောင်းအရာနှင့်ပတ်သက်သောဖွင့်ဆိုချက်တွင် "ထိုအမျိုးသမီးအတွက်သာမက အရပ်ရပ်တို့၌ကွဲပြားလျက်ရှိသော ဘုရားသခင်၏သားများကို အတူစုဝေးစေခြင်းငှာ သေရမည်ဟူ၍" ပုရောဖက်ဉာဏ်နှင့် ထိုအနာဂတ္တိစကားများ၏အရေးပါမှုများကို ထင်ရှားစွာဟောပြောသွန်သင်ခဲ့ပါသည်။ နားထင်သွေးရောက်နေသော ကယာဖသည် ကယ်တင်ရှင်၏အမှုတော်လုပ်ငန်းကို မစဉ်းမစားမဆင်မခြင်ဘဲ မှတ်ချက်ချလိုက်ပါသည်တကား။

အမွန်မြတ်ဆုံးသောသမ္မာတရားတစ်ခုသည် ကယာဖ၏နှုတ်ခမ်းဖျားတွင် လိမ်ညာမှုတစ်ခုအသွင်သို့ ကူးပြောင်းသွားခဲ့ပါသည်။ ၎င်းတင်ပြခဲ့သည့်မူဝါဒသည် ရုပ်တုကိုးကွယ်မှုစနစ်မှ ငှားယူအသုံးပြုထားသည့်နိယာမတစ်ခုအပေါ်တွင် အခြေခံထားပါသည်။ ရုပ်တုကိုးကွယ်သူများအလယ်တွင် လူသားမျိုးနွယ်တစ်ခုလုံးအတွက် လူတစ်ဦးကအသေခံရမည်ဟူသော မှုန်မွှားမွှားအသိတရားကလေးသည် လူသားများကိုယဇ်ပူဇော်ခြင်းစနစ်ဆီသို့ ဦးတည်စေခဲ့



ပါသည်။ ထိုသဘောတရားအတိုင်းကယာဖက သခင်ယေရှုအားယဇ်ပူဇော်ခြင်းဖြင့် အပြစ်လွန်ကျူးခဲ့သော ၎င်းတို့တစ်မျိုးသားလုံးအား ကယ်တင်ရန်အဆိုပြုခဲ့ပါသည်။ အပြစ်ကျူးလွန်ခြင်းမှကယ်တင်ရန်အတွက်မဟုတ်ဘဲ ၎င်းတို့အနေနှင့် အပြစ်ကိုဆက်လက်ကျူးလွန်နိုင်စေရန် အပြစ်ကျူးလွန်ခြင်း၌ပင် ၎င်းတို့အားကယ်တင်နိုင်စေရန် အဆိုပြုခဲ့ပါသည်။ ဤအကြောင်းပြချက်အားဖြင့် သေဒဏ်ပေးထိုက်သောအပြစ်တစ်စုံတစ်ရာကို ခရစ်တော်၌ယခုတိုင်မတွေ့သေးဟု ပြောရဲဆိုရဲရှိသည့်သူများ၏ပြစ်တင်ရှုတ်ချသံများကို တိတ်ဆိတ်သွားလိမ့်မည်ဟု ကယာဖထင်မှတ်မိခဲ့ပါသည်။

ဤအစည်းအဝေးတွင် ခရစ်တော်ကိုရန်မူနေသူများအား ၎င်းတို့၏အမှားများကိုထင်ရှားစွာသိမြင်စေခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ၎င်းတို့၏စိတ်နှလုံးကိုပွဲပြင်တော်မူခဲ့ပါသည်။ စာတန်ကလည်း ခရစ်တော်ကြောင့် ၎င်းတို့ခံစားခဲ့ရသောဝမ်းနည်းစရာများအား ပြန်လည်သတိရစေလျက် ၎င်းတို့အားထိန်းချုပ်ရန်ကြိုးစားခဲ့ပါသည်။ ခရစ်တော်သည် ထိုသူများ၏ဖြောင့်မတ်ခြင်းတရားကို ပမာပြုတော်မမူခဲ့ချေ။ ဘုရားသခင်၏သားသမီးများဖြစ်လာကြမည့်သူများအားလုံးတွင် ရှိရမည့်၎င်းတို့၏ဖြောင့်မတ်ခြင်းတရားထက် အလွန်သာလွန်ကောင်းမွန်သည့်တရားတော်ကို ကိုယ်တော်ဟောကြားခဲ့ပါသည်။ အပြစ်သားများသည် ထိုသူများ၏လုပ်နည်းလုပ်ဟန်များနှင့်ဝိနည်းထုံးဖွဲ့များကိုဂရုမပြုဘဲ သနားခြင်းကရုဏာနှင့်ပြည့်စုံသော အဖကဲ့သို့သောထာဝရဘုရားထံသို့တိုက်ရိုက်ချဉ်းကပ်၍ မိမိတို့လိုလားသောအရာများကိုတင်ပြကြရန် ကိုယ်တော်အားပေးတော်မူခဲ့ဖူးပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ၎င်းတို့၏ယဇ်ပုရောဟိတ်လုပ်ငန်းကို ဘေးသို့ဖယ်ထားသည်ဟုသူတို့ထင်မြင်ယူဆခဲ့ကြပါသည်။ ကိုယ်တော်သည် ယုဒဘာသာရေးကျောင်းများမှသင်ကြားသည့် ဘုရားသခင်၏ဇာတိတော်နှင့် ဘာသာဝါဒယုံကြည်ခြင်းအခြေအမြစ်ကို စနစ်တကျလေ့လာသည့်ဘာသာရပ်ကိုအသိအမှတ်ပြုရန် ငြင်းဆန်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်များ၏ဒုစရိုက်နှင့် အကျင့်ဓလေ့များကိုထုတ်ဖော်ခဲ့ပြီး ၎င်းတို့၏ဩဇာသက်ရောက်မှုကိုမဆယ်နိုင်အောင်ထိခိုက်စေခဲ့ပါသည်။

၎င်းတို့သည် ဝတ်ပြုကိုးကွယ်မှုဆိုင်ရာစည်းမျဉ်းဥပဒေကို တင်းကျပ်စွာလိုက်နာစေကြသော်လည်း ဘုရားသခင်၏ပညတ်တော်ကို ချန်လှပ်ထားကြောင်းဖွင့်ဆိုလျက် ၎င်းတို့၏နီတိ (လမ်းညွှန်ချက်) များနှင့် ထုံးတမ်းစဉ်လာရပ်များ၏အကျိုးသက်ရောက်မှုများကိုထိခိုက်စေခဲ့ပါသည်။ စာတန်သည် ထိုအရာအားလုံးကို ယခုအချိန်တွင် ၎င်းတို့အားပြန်လည်သတိရစေခဲ့ပါသည်။ တန်ခိုးအာဏာများကို ဆက်လက်ထန်းချုပ်ထားနိုင်စေရန်အလို့ငှာ ခရစ်တော်ကိုအဆုံးစီရင်ပစ်ရမည်ဟု စာတန်က၎င်းတို့အားတိုက်တွန်းခဲ့ရာ ထိုအကြံပေးတိုက်တွန်းချက်ကို သူတို့လိုက်နာခဲ့ကြပါသည်။ ထိုစဉ်က ၎င်းတို့ကျင့်သုံးနေသောသြဇာအာဏာများ လက်လွှတ်ဆုံးရှုံးနိုင်သည်ဟူသောအချက်သည်အချို့ဆုံးဖြတ်ချက်များကိုပြုရန်အတွက် လုံလောက်သောအကြောင်းပြချက်ဖြစ်သည်ဟု သူတို့ထင်မြင်ယူဆခဲ့ကြပါသည်။ မိမိတို့စိတ်ထဲတွင်ရှိနေသောအရာများကို ဖွင့်မပြောရဲသောလူနည်းစုမှလွဲ၍ ကျန်ဆန်ဟီဒရင်အဖွဲ့ဝင်များသည် ကယာဖ၏စကားများကို ဘုရားသခင်၏နှုတ်ကပတ်တော်ကဲ့သို့ခံယူခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် စိတ်ဝမ်းကွဲမှုများရပ်စဲသွားပြီး ပြန်လည်စည်းလုံးမိလာကာ ခရစ်တော်အားအခွင့်သာလျှင်သာချင်း အဆုံးစီရင်ပစ်ရန်သန္နိဋ္ဌာန်ချခဲ့ကြပါသည်။ ဤယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ယေရှု၏ဘုရားဇာတိတော်ကိုထင်ရှားစေသည့်အရာအား ငြင်းပယ်ခြင်းအားဖြင့် ထိုးဖောက်ဝင်ရောက်ခြင်းငှာမစွမ်းနိုင်လောက်အောင် မှောင်မည်းနေသောအမှောင်ထုကြီးထဲတွင် မိမိကိုယ်ကိုလှောင်ထားခဲ့ကြပါသည်။ ထာဝရပျက်စီးဆုံးရှုံးလုနီးအခြေသို့ရောက်အောင် စာတန်၏ပို့ဆောင်ခြင်းကိုခံရန် သူတို့သည် ၎င်းတို့၏စိုးရိမ်မှုအောက်တွင် လုံးလုံးရောက်ရှိလာခဲ့ပါသည်။ သို့ရာတွင် သူတို့သည် မိမိတို့၏ဆုံးဖြတ်ချက်များအတွက် နှစ်ထောင်းအားရရှိလှသည်ဆိုသည်မှာ လိမ်ညာမှုတစ်ရပ်သာဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့သည် နိုင်ငံတော်ကိုကယ်တင်ရန်ကြိုးစားလျက်ရှိသော မျိုးချစ်ရဲဘော်များအဖြစ် ကိုယ့်ကိုကိုယ်မှတ်ယူခဲ့ကြပါသည်။

လူထုကြီးသည်အုံကြွလာပြီး ခရစ်တော်အတွက် ရည်စူးထားသည့်အကြမ်းဖက်မှုသည် မိမိတို့အပေါ်သို့ကျရောက်လာမည်ကိုစိုးသဖြင့် ဆန်ဟီ



ဒရင်အဖွဲ့သည် ခရစ်တော်အားလုပ်ကြံရန်ကိစ္စကို အလျင်စလိုလုပ်ရန်စိုးရွံ့ခဲ့ကြပါသည်။ ဤအကြောင်းကြောင့် ဤကောင်စီသည် မိမိတို့ချမှတ်ခဲ့သည့်အပြစ်ဒဏ်ကိုစီရင်ရန် နှောင့်နှေးခဲ့ပါသည်။ ကယ်တင်ရှင်သည် ထိုယဇ်ပုရောဟိတ်များ၏အကြံအစည်ကို သိရှိနားလည်တော်မူခဲ့ပါသည်။ ၎င်းတို့သည် မိမိအားဖယ်ရှားလိုကြသည်ကိုလည်းကောင်း၊ ၎င်းတို့၏အကြံအစည်သည်လည်း မကြာမီတွင်အထမြောက်လိမ့်မည်ကိုလည်းကောင်း ကိုယ်တော်သိရှိတော်မူခဲ့ပါသည်။ သို့ရာတွင် ထိုအကျပ်အတည်းကာလကို မြန်မြန်ရောက်အောင်လုပ်ရန်မှာ မိမိ၏အလုပ်မဟုတ်ချေ။ ထို့ကြောင့် ကိုယ်တော်သည် တမန်တော်များကိုခေါ်တော်မူ၍ ထိုဒေသမှထွက်ခွာသွားတော်မူခဲ့ပါသည်။ “တစ်မြို့၌သင်တို့ကိုညှဉ်းဆဲလျှင် တစ်မြို့သို့ပြေးကြလော့” ဟူ၍ သွန်သင်ခဲ့ဖူးသောအရာကို မိမိ၏အသက်တာပုံစံအားဖြင့် ခရစ်တော်သည် တမန်တော်များအား တစ်ဖန်သွန်သင်တော်မူပြန်သည်။ အသက်ဝိညာဉ်များအား ကယ်တင်ဖို့လုပ်ဆောင်ရန်နေရာများစွာရှိပါသည်။ ဘုရားသခင်အား သစ္စာစောင့်သိမှုအတွက် တောင်းဆိုချက်မဟုတ်လျှင် ဘုရားသခင်၏အစေခံများသည် မိမိတို့၏အသက်များကို ဘေးသင့်ရောက်စရာမလိုပါချေ။

ယခုတွင်ခရစ်တော်သည် လောကီသားများအတွက် သုံးနှစ်လုံးလုံးလူသိရှင်ကြားအမှုတော်ဆောင်ခဲ့ပါသည်။ ကိုယ်အလိုကိုငြင်းပယ်၍ သူတစ်ပါးတို့၏ကျေးဇူးပြုခြင်းကိုစိတ်မဝင်စားသည့် ကိုယ်တော်၏အသက်တာနမူနာသည် ၎င်းတို့ရှေ့တွင်ထင်ရှားခဲ့ပါသည်။ လူအပေါင်းတို့သည် ကိုယ်တော်၏သန့်စင်သောအသက်တာ၊ ဒုက္ခဆင်းရဲခြင်းနှင့်ပြီးသောအသက်တာနှင့် ဆက်ကပ်အပ်နှံသောအသက်တာများကို သိရှိခဲ့ကြပါသည်။ သို့သော်ငြားလည်း ထိုအချိန်တိုသုံးနှစ်ကာလသည် ကမ္ဘာကြီးကမိမိ၏ကယ်တင်ရှင်နှင့်အတူရှိမှုကို လက်ခံနိုင်သည်အထိရှည်ကြာခဲ့ပါသည်။

ကိုယ်တော်၏အသက်တာသည် စုံစမ်းနှောင့်ယှက်ခြင်းများ၊ အစော်ကားခံရခြင်းများနှင့်ပြည့်ဝလျက်ရှိသောအသက်တာတစ်ခုဖြစ်ပါသည်။ မနာလိုမုန်းထားသောဘုရင်တစ်ပါးအားဖြင့် ဗက်လင်မြို့မှနှင်ထုတ်ခြင်းခံခဲ့ရသော၊

နာဇရက်မြို့ရှိမိမိ၏အမျိုးသားများ၏ငြင်းပယ်မှုကိုခံခဲ့ရသော၊ အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ ယေရုရှလင်မြို့တွင်ကွပ်မျက်ခြင်းကိုခံခဲ့ရသောခရစ်တော်သည် သစ္စာရှိသောမိမိ၏တမန်တော်များအနည်းငယ်နှင့်အတူ သူစိမ်းမြို့တစ်မြို့တွင် ယာယီခိုလှုံနိုင်သည့်နေရာတစ်ခုကို တွေ့ရှိခဲ့ပါသည်။ လူသားများခံစားခဲ့ဖူးသည့်ဒုက္ခအသွယ်သွယ်ကိုခံစားခဲ့ဖူးသော၊ နာမကျန်းသူများအားကျန်းမာစေ၍ အကန်းများအားမျက်စိပြန်မြင်စေခဲ့သော၊ နားပင်းများကိုပြန်၍ကြားစေခဲ့သော၊ အအများကိုစကားပြန်ပြောစေခဲ့သော၊ ငတ်မွတ်နေသူများအားကျွေးမွေးတော်မူခဲ့သော၊ စိတ်နှလုံးပူဆွေးနေသူများအား နှစ်သိမ့်မှုကိုပေးခဲ့သောကိုယ်တော်ရှင်အား ၎င်းလာရောက်ကယ်တင်နေသော လူမျိုးများထံမှနှင်ထုတ်ခဲ့ကြပါသည်။ လှိုင်းတံပိုးများအပေါ်တွင်လမ်းလျှောက်ကာ ထိုလှိုင်းလုံးကြီးများကို နှုတ်ထွက်စကားတော်တစ်လုံးအားဖြင့်ငြိမ်သက်စေခဲ့သောကိုယ်တော်သည် ဘုရား၏သားတော်ဖြစ်ကြောင်း၊ စီးနေရာမှထွက်ခွာသွားစဉ်တွင် အသိအမှတ်ပြုခဲ့သောနတ်ဆိုးများကိုနှင်ထုတ်တော်မူခဲ့သော၊ လူသေများ၏အိပ်ပျော်နေခြင်းကိုနိုးထစေခဲ့သော ဉာဏ်ပညာနှင့်ပြည့်စုံသော မိမိ၏စကားတော်များအားဖြင့် လူထောင်ပေါင်းများစွာတို့အား ဘဝင်ကျစေခဲ့သော၊ ကိုယ်တော်သည် ခေါင်းမာစွာဖြင့်အလင်းတရားကိုငြင်းဆန်နေကြသော၊ တစ်ဖက်သတ်အထင်လွဲမှုနှင့်မုန်းတီးမှုများကြောင့် မျက်စိကန်းများသဖွယ်ဖြစ်နေကြသော ထိုသူများ၏စိတ်နှလုံးများကိုမူ သဘောပေါက်နားလည်အောင်မစွမ်းဆောင်နိုင်ခဲ့ပါချေ။

****



# tcef; (60)
# Ekdif fiHawmfopf\ynwfawmf

ရှင်မဿဲ ၂၀း၂၀–၂၈။ မာကု ၁၀း၃၂–၄၅။ လုကာ ၁၈း၃၁–၃၄ တို့ကိုအခြေပြုထားပါသည်။

ပသခါပွဲကျင်းပမည့်အချိန်သည် အလွန်နီးကပ်လာပြီဖြစ်သဖြင့် သခင်ယေရှုသည် ယေရုရှလင်မြို့သို့တစ်ဖန်ကြွလာတော်မူခဲ့ပါသည်။ ကိုယ်တော်သည် စိတ်နှလုံးတော်၌ ဘုရားသခင်၏အလိုတော်အတိုင်း စုံလင်စွာတစ်လုံးတစ်ဝတည်းရှိမှုအတွက် ငြိမ်သက်မှုကိုခံစားလျက် ပူဇော်သကာရမည့်နေရာသို့ဦးတည်၍ စိတ်အားထက်သန်သောခြေလှမ်းများဖြင့် ကြွလာတော်မူခဲ့ပါသည်။ သို့သော် တမန်တော်များမှာမူ ကိုယ်တော်ရှင်၏လုပ်ဆောင်ချက်များအပေါ်နားမလည်နိုင်သည့်သဘော၊ သံသယဖြစ်သည့်သဘောနှင့် စိုးရိမ်သည့်သဘောများရှိနေကြပါသည်။ ယေရှုရှင်သည် တပည့်တော်ရှေ့၌ကြွတော်မူစဉ် သူတို့သည်မိန်းမောတွေဝေ၍ ကြောက်ရွံ့သောစိတ်နှင့်နောက်မှလိုက်ခဲ့ကြပါသည်။

ထိုအခါကိုယ်တော်သည် တစ်ကျိပ်နှစ်ပါးသောတပည့်တော်တို့အား တစ်ဖန်ခေါ်တော်မူ၍ မိမိအားအပ်နှံကြမည့်အကြောင်းနှင့် မိမိခံစားရမည့်ဒုက္ခဝေဒနာများအကြောင်းကို ယခင်အချိန်ကပြောခဲ့ဖူးသည်ထက် ပို၍တိကျရှင်းလင်းစွာဖြင့် "ငါတို့သည် ယေရုရှလင်မြို့သို့ယခုသွားကြ၏။ လူသားသည် ယဇ်ပုရောဟိတ်အကြီး ကျမ်းပြုဆရာတို့လက်သို့ရောက်လိမ့်မည်။ ထိုသူတို့သည် သေပြစ်ကိုစီရင်၍ တစ်ပါးအမျိုးသားလက်သို့အပ်နှံကြလိမ့်မည်။ သူတို့သည်လည်း လူသားအားပြက်ရယ်ပြုခြင်း၊ ရိုက်ပုတ်ခြင်း၊ တံတွေးနှင့်ထွေးခြင်း၊ အသေသတ်ခြင်းကိုပြုကြလိမ့်မည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်" ဟူ၍မိန့်တော်မူခဲ့ပါသည်။ သို့သော် ထိုစကားတော်တစ်ခွန်းကိုမျှ

တပည့်တော်တို့သည်နားမလည်ကြ၊ ထိုအကြောင်းအရာသည် ဝှက်ထားလျက်ရှိသည်ဖြစ်၍ မိန့်တော်မူချက်အနက်ကိုမရိပ်မိကြ။

နိုင်ငံတော်တည်လုနီးပြီဟူသောသတင်းစကားကို ယခုလေးတွင်ပင်သူတို့ဟောပြောခဲ့ကြသည်မဟုတ်ပါလား။ များစွာသောလူတို့သည် ဘုရားသခင်၏နိုင်ငံတော်တွင် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့်အတူလျောင်းရကြသတ္တံ့ဟု ခရစ်တော်ကိုယ်တော်တိုင် ကတိပြုတော်မူခဲ့သည်မဟုတ်ပါလား။ လူအပေါင်းတို့သည် ကိုယ်တော်ရှင်အဖို့အလို့ငှာ တစ်စုံတစ်ခုကိုစွန့်ပစ်ခဲ့ရလျှင် အဆတစ်ရာသောအကျိုးကိုရ၍ ထာဝရနိုင်ငံတော်သို့ဝင်စားရမည်ဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့သည်မဟုတ်ပါလား။ တမန်တော်တစ်ဆယ့်နှစ်ပါးသည် ဣသရေလဆယ့်နှစ်မျိုးအား တရားစီရင်နိုင်ခွင့်ရှိသည့် ကြီးမြတ်သောရာထူးများကိုရရှိကြလိမ့်မည်ဟူ၍လည်း ကိုယ်တော်ကတိပြုတော်မူခဲ့သည်မဟုတ်ပါလား။ ထို့ပြင် ယခုကလေးတွင်ပင် မိမိနှင့်ပတ်သက်၍ ရေးထားသမျှသောအနာဂတ္တိကျမ်းစကားများအားလုံးသည် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်ဟု ကိုယ်တော်မိန့်တော်မူခဲ့သည်။ အနာဂတ္တိကျမ်းများသည် မေရှိယအုပ်စိုးခြင်းဆိုင်ရာဘုန်းတော်ကို တင်ကြိုပြောကြားထားခြင်းမရှိသလော စသည့်ဤအတွေးအခေါ်များ၏ပညာအလင်းတွင် အပ်နှံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အသေသတ်ခြင်းနှင့်စပ်လျဉ်းသည့် ကိုယ်တော်၏စကားများသည် အခြေအမြစ်မရှိသယောင်၊ အကောင်အထည်မရှိသယောင်ဖြစ်နေပါသည်။ သို့ရာတွင် မည်သည့်အခက်အခဲများကဟန့်တားစေကာမူ နိုင်ငံတော်သည်တည်လုနီးပြီဖြစ်ကြောင်းကို တပည့်တော်များယုံကြည်ခဲ့ကြပါသည်။

ဇေဗေဒဲ၏သားဖြစ်သူရှင်ယောဟန်သည် ခရစ်တော်၏နောက်တော်သို့ ပထမဦးဆုံးလိုက်ခဲ့ကြသည့်တပည့်တော်နှစ်ပါးအနက် တစ်ပါးဖြစ်သည်။ ယောဟန်နှင့်၎င်း၏ညီအစ်ကိုဖြစ်သူယာကုပ်တို့သည် ကိုယ်တော်ရှင်၏အမှုတော်အတွက် အရာခပ်သိမ်းကိုစွန့်လွှတ်ခဲ့ကြသော ပထမလူစုထဲတွင်ပါဝင်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်နှင့်အတူသွားလာနေထိုင်နိုင်ရန်အလို့ငှာ သူတို့သည် မိမိ၏အိမ်ရာများနှင့်မိတ်ဆွေများကို ဝမ်းပန်းတသာစွန့်ပစ်ခဲ့ကြပါ



သည်။ ထိုနောက် ကိုယ်တော်ရှင်နှင့်အတူတကွသွားလာဟောပြောခဲ့ကြပါသည်။ ဆိတ်ကွယ်ရာအိမ်များတွင်လည်းကောင်း၊ လူထုအစည်းအဝေးပွဲများတွင်လည်းကောင်း ကိုယ်တော်ရှင်နှင့်သူတို့အတူရှိခဲ့ကြပါသည်။ ကိုယ်တော်သည် သူတို့၏စိုးရိမ်မှုများကိုသက်သာပျောက်ကင်းစေခဲ့ပါသည်။ အန္တရာယ်များမှလည်းကယ်နုတ်ခဲ့ပါသည်။ ရောဂါဝေဒနာများကိုလည်း သက်သာပျောက်ကင်းစေခဲ့ပါသည်။ ဝမ်းနည်းမှုများကိုလည်းနှစ်သိမ့်ပေးခဲ့ပါသည်။ မိမိနှင့်ဆက်နွှယ်ပွန်းတီးလာသည့်အခြေထိအောင် မိမိ၏နိုင်ငံတော်တွင် မိမိနှင့်အနီးဆုံးနေရာတွင် နှစ်နှစ်ကာကာချစ်သောမေတ္တာစိတ်ဖြင့် လိုလားတောင့်တလာသည့်အခြေထိအောင် ၎င်းတို့အားစိတ်ရှည်လက်ရှည်ဖြင့် နူးညံ့သိမ်မွေ့စွာ ကိုယ်တော်သွန်သင်တော်မူခဲ့ပါသည်။ ယောဟန်သည်အခွင့်သာတိုင်း ကယ်တင်ရှင်အနီးကပ်ဆုံးသောနေရာကိုရယူခဲ့ပါသည်။ ယာကုပ်အနေနှင့်လည်း ကိုယ်တော်ရှင်နှင့်ရင်းနှီးစွာနေထိုင်ရန် လိုလားခဲ့ပါသည်။

သူတို့နှစ်ဦး၏မိခင်သည် ခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်ပြီး မိမိပိုင်ဝတ္ထုပစ္စည်းများဖြင့် ကိုယ်တော်အားအလုပ်အကျွေးပြုခဲ့သူတစ်ဦးဖြစ်ပါသည်။ သူမသည် မိမိ၏သားများအပေါ်ထားရှိသည့် မိခင်၏မေတ္တာနှင့်ရည်မှန်းချက်များအရ သားကလေးများအားနိုင်ငံတော်သစ်တွင် အမြင့်မားဆုံးရာထူးများကို ရစေလိုခဲ့ပါသည်။ ထို့ကြောင့် ခရစ်တော်ထံတောင်းခံရန်လည်း ၎င်းတို့အား သူမအားပေးခဲ့ပါသည်။

သူမသည် သားနှစ်ယောက်နှင့်အတူ မိမိတို့၏တောင်းခံမှုများကို မစသနားဖို့ ခရစ်တော်ထံသို့တိုးဝင်ချဉ်းကပ်ကာ လျှောက်ထားခဲ့ကြပါသည်။

ထိုအခါ "ကိုယ်တော်က သင်သည်အဘယ်ဆုကျေးဇူးကိုအလိုရှိသနည်း" ဟုမေးတော်မူသော် – "ကိုယ်တော်၏နိုင်ငံတော်တွင် ကျွန်မ၏သားနှစ်ယောက်တို့သည် လက်ယာတော်ဘက်၌တစ်ယောက်၊ လက်ဝဲတော်ဘက်၌တစ်ယောက်ထိုင်ရသောအခွင့်ကို ပေးတော်မူပါ" ဟုသူမဖြေဆိုတောင်းလျှောက်ထား၏။

သခင်ယေရှုသည် သူတစ်ပါးထက်အခွင့်အရေးလိုချင်သော ၎င်းတို့၏တစ်ကိုယ်ကောင်းဆန်မှုကို ပြစ်တင်တော်မမူဘဲ နူးညံ့သိမ်မွေ့စွာဖြင့် သည်းခံ

တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့၏စိတ်နှလုံးများကိုအကဲခတ်လိုက်သော် မိမိအပေါ်တွင်ထားရှိသည့် ၎င်းတို့၏တွယ်တာမှုများကိုသိရှိတော်မူခဲ့ပါသည်။ မိမိအပေါ်ထားရှိသည့် ၎င်းတို့၏မေတ္တာသည် သာမန်လူသားတစ်ဦး၏မေတ္တာမျိုးမဟုတ်ချေ။ လောကတပ်မက်ခြင်းများနှင့်ညစ်ထေးနေသော်လည်း ရွေးနုတ်ခြင်းဆိုင်ရာ မိမိ၏မေတ္တာတော်စမ်းချောင်းမှယိုဖိတ်လာသည့်မေတ္တာမျိုးဖြစ်ကြောင်းကို ကိုယ်တော်ရှင်သိရှိတော်မူပါသည်။ ထို့ကြောင့် ၎င်းတို့အားဆုံးမပြစ်တင်တော်မမူဘဲ ၎င်းတို့၏မေတ္တာစိတ်များကို ပို၍နက်ရှိုင်းသန့်စင်စေတော်မူခဲ့ပါသည်။ “သင်တို့သည် ငါသောက်ရအံ့သောခွက်ကိုသောက်ခြင်းငှာလည်းကောင်း၊ ငါခံသောဗတ္တိဇံကိုခံခြင်းငှာလည်းကောင်း တတ်စွမ်းနိုင်သလော” ဟုမေးမြန်းရာ စုံစမ်းစစ်ဆေးခြင်းနှင့် ဒုက္ခဝေဒနာခံစားရမည့်အဖြစ်အပျက်များကိုပြည့်နှက်နေသည့် နားလည်ရန်ခက်ခဲလှသော ကိုယ်တော်၏နှုတ်ထွက်စကားများကို ပြန်လည်သတိရခဲ့ကြသော်လည်း “ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ပါ၏” ဟု သူတို့လျှောက်ထားခဲ့ကြ၏။ သခင်ဘုရားအပေါ်သက်ရောက်လာမည့်အရာခပ်သိမ်းကို မျှဝေခံစားခြင်းအားဖြင့် မိမိတို့၏သစ္စာရှိမှုကို သက်သေပြခြင်းသည် အမြင့်မြတ်ဆုံးသောဂုဏ်အသရေဖြစ်သည်ဟု သူတို့မှတ်ယူခဲ့ကြပါသည်။

ကိုယ်တော်၏ရှေ့မှောက်တွင် ပလ္လင်တော်မရှိဘဲကပ်တိုင်သာရှိနေပြီး ထိုကပ်တိုင်ထက်တွင် ဒုက္ခခံဖော်ခံဖက် ရာဇဝတ်သားနှစ်ဦးအနက် တစ်ဦးသည်လက်ယာဘက် ကျန်တစ်ဦးမှာလက်ဝဲဘက်တို့တွင် ကပ်တိုင်အတင်ခံကြရလိမ့်မည်။ ယောဟန်နှင့်ယာကုပ်တို့သည်လည်း မိမိတို့သခင်၏ဒုက္ခကို မျှဝေခံစားကြရမည်ဖြစ်ပြီး တစ်ဦးသည်ဓားအားဖြင့်ကွပ်မျက်ခြင်းကို ပထမဦးစွာခံရလိမ့်မည်ဖြစ်ပြီး ကျန်တစ်ဦးမှာမူ ဒုက္ခဆင်းရဲခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်နှိပ်စက်ညှဉ်းပန်းခြင်းများကို အချိန်အကြာရှည်ဆုံးခံရလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တော်က “ငါ၏ခွက်ကိုသင်တို့သည် သောက်ရလိမ့်မည်၊ ငါခံရသောဗတ္တိဇံကိုလည်း သင်တို့သည်ခံကြရလိမ့်မည်” ဟုမိန့်တော်မူ၏။

“သို့သော်လည်း ငါ၏လက်ယာဘက် လက်ဝဲဘက်မှာထိုင်ရသောအခွင့်ကိုကား အကြင်သူတို့အဖို့အလိုငှာ ငါ့ခမည်းတော်ပြင်ဆင်၏။ ထိုသူတို့အားသာငါပေးပိုင်သည်” ဟုဆက်လက်၍မိန့်တော်မူ၏။ ဘုရားသခင်၏



နိုင်ငံတော်တွင် ရရှိမည့်အဆင့်အတန်းသည် မျက်နှာလိုက်ပြီးပေးအပ်သည့်အဆင့်အတန်းမျိုးမဟုတ်ချေ။ စည်းစိမ်ဥစ္စာနှင့်လဲလှယ်ခြင်းဖြင့်ရရှိသည့်အရာလည်းမဟုတ်ချေ။ အနိုင်အထက်နည်းအားဖြင့် ရယူနိုင်သည့်အရာလည်းမဟုတ်ဘဲ အကျင့်စာရိတ္တ၏အကျိုးဆက်သာဖြစ်ပါသည်။ ဦးရစ်သရဖူနှင့်ပလ္လင်များမှာမူကား ဖြစ်ထွန်းလာသည့် အခြေအနေတစ်ခု၏အထိမ်းအမှတ်များဖြစ်ကြပါသည်။ ထိုအရာများသည် သခင်ယေရှုခရစ်၏မစခြင်းအားဖြင့် မိမိကိုယ်ကိုအောင်နိုင်ခြင်း၏အထိမ်းအမှတ်များဖြစ်ကြပါသည်။

ထိုနောက်မှ နှစ်ပေါင်းများစွာကုန်လွန်သော် ရှင်ယောဟန်သည် ကိုယ်တော်ရှင်ခံစားရသောဒုက္ခဝေဒနာများကို မျှဝေခံစားခဲ့ခြင်းအားဖြင့် ခရစ်တော်အားထောက်ခံခဲ့သောအချိန်၌ ဘုရားသခင်၏နိုင်ငံတော်တွင် ကိုယ်တော်ရှင်နှင့်နီးကပ်စွာခံစားခွင့်ရရှိရန် မည်သည့်အခြေအနေတွင်ရပ်တည်ရမည့်အကြောင်းကို ၎င်းအားဖော်ပြတော်မူခဲ့ပါသည်။ “ငါသည်အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာငါနှင့်အတူထိုင်နေရသောအခွင့်ကိုငါပေးမည်။” “အကြင်သူသည်အောင်မြင်၏၊ ထိုသူကိုငါသည် ငါ၏ဘုရားသခင့်ဗိမာန်တော်၌တိုင်ဖြစ်စေမည်။ နောက်တစ်ဖန်သူသည်ပြင်သို့မရွေ့ရ။ ငါ၏ဘုရားသခင့်နာမတော်ကိုလည်းကောင်း၊ --- ငါ၏နာမသစ်ကိုလည်းကောင်း ထိုသူအပေါ်၌ငါသည်အက္ခရာတင်မည်။” ဗျာဒိတ် ၃း၂၁၊၁၂။ ထိုနည်းအတူ ရှင်ပေါလုကလည်း “ငါ့ကိုယဇ်ပေါ်မှာလောင်းရသောအချိန်ရှိပြီ၊ စုတေ့ရသောအချိန်ရောက်လေပြီ၊ ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ၊ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ၊ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ၊ ယခုမှစ၍ဓမ္မသရဖူသည် ငါ့အဖို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့်စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကို ငါ့၌အပ်ပေးတော်မူမည်။ ထိုမျှမက ပေါ်ထွန်းတော်မူခြင်းကိုတောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်” ဟူ၍ ဝိညာဉ်အားဖြင့်ရေးသားခဲ့ပါသည်။ ၂တိ ၄း၆–၈။

ခရစ်တော်နှင့်အနီးဆုံးနေရာတွင် ရပ်ခွင့်ရမည့်သူသည် “ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသ

အမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်” သောမေတ္တာမျိုး၊ လူသားများကယ်တင်ခြင်းရရှိဖို့၊ အရာခပ်သိမ်းကိုစွန့်လွှတ်၍ သေသည့်တိုင်အောင် သစ္စာရှိစွာ နေထိုင်လုပ်ကိုင်ဆက်ကပ်မှုများကို ခရစ်တော်နှင့်တကွ တမန်တော်များ၏ဘဝတွင် ဖြစ်ဖွားစေခဲ့သောမေတ္တာမျိုးတည်းဟူသော ကိုယ်တော်၏ အနစ်နာခံ၍ ချစ်တတ်သောမေတ္တာမျိုးနှင့်ပြည့်ဝသောစိတ်ထားမျိုးကို လောကအသက်တာတွင် အပြည့်အဝရယူခဲ့သောသူပင်ဖြစ်ပါသည်။ ထိုစိတ်ထားမျိုးကို ရှင်ပေါလု၏အသက်တာတွင်တွေ့ရှိခဲ့ရပါသည်။ “ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကားသာ၍အကျိုးရှိ၏” ဟူ၍သူပြောခဲ့ပါသည်။ အကြောင်းမှာ သူသည်မိမိ၏အသက်တာအားဖြင့် လူအပေါင်းအားခရစ်တော်ကိုဖော်ပြခဲ့ပါသည်။ သေဆုံးခြင်းသက်သက်အားဖြင့် ကိုယ်တော့်ကရုဏာတော်၏တန်ခိုးတော်ကို ထင်ရှားစေလိမ့်မည်ဖြစ်ပြီး အသက်ဝိညာဉ်များကိုလည်း ကိုယ်တော့်ထံသို့စုရုံးစေခဲ့ပါလိမ့်မည်။ “အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ငါ့ကိုယ်ခန္ဓာ၌ခရစ်တော်သည် အစဉ်မပြတ်ဂုဏ်အသရေထင်ရှားတော်မူ၏။” ဖိ ၁း၂၀၊၂၁။

ကျန်တမန်တော်ဆယ်ပါးတို့သည် ယောဟန်နှင့်ယာကုပ်တို့၏တောင်းဆိုချက်ကိုကြားသိရသောအခါ များစွာမကျေမနပ်ဖြစ်ခဲ့ကြပါသည်။ အကြောင်းမှာ ထိုတမန်တော်တိုင်းသည် နိုင်ငံတော်တွင်အမြင့်ဆုံးသောရာထူးကို ရဖို့ကြိုးစားနေကြသူများဖြစ်နေသည့်အတွက် ထိုသူနှစ်ဦးသည် မိမိတို့ထက်အခွင့်အရေးသာသယောင်ဖြစ်နေသောကြောင့် သူတို့သည် ဒေါသအမျက်ခြောင်းခြောင်းထွက်ခဲ့ခြင်းဖြစ်ပါသည်။

မည်သူသည် အကြီးမြတ်ဆုံးဖြစ်သည့်အချက်နှင့်စပ်လျဉ်း၍ နောက်တစ်ဖန်အငြင်းပွားတော့မယောင်ဖြစ်နေသောအချိန်တွင် ကိုယ်တော်သည်ဒေါသအမျက်ထွက်နေကြသည့်တမန်တော်များအား အနားသို့ခေါ်တော်မူ၍ “သင်တို့သိသည်အတိုင်း လောကီမင်းတို့သည် အစိုးတရပြုတတ်ကြ၏၊ အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ သင်တို့မူကားထိုသို့မပြုကြနှင့်” ဟုမိန့်တော်မူ၏။



လောကီနိုင်ငံများတွင် ရာထူးဌာနန္တရဟူသည်မှာ မိမိကိုယ်ကိုကြီးမြင့်စေသည့်အရာတစ်ခုဖြစ်ပါသည်။ ထိုအုပ်ချုပ်သူလူတန်းစားများ၏အကျိုးအလိုငှာ ပြည်သူလူထုသည် အသက်ရှင်နေကြပါသည်။ ဩဇာတိက္ကမကြွယ်ဝချမ်းသာမှုနှင့် ပညာအဆင့်အတန်းများသည် လူထုအပေါ်တွင်ဩဇာရှိရန်အတွက် ခေါင်းဆောင်များအသုံးပြုရန် နည်းလမ်းများဖြစ်ကြပါသည်။ အဆင့်အတန်းမြင့်သောလူတန်းစားများက စဉ်းစားဆုံးဖြတ်၍အုပ်ချုပ်ကြပြီး အဆင့်နိမ့်လူတန်းစားများမှာ လိုက်နာကျင့်ဆောင်၍အလုပ်အကျွေးပြုကြရပါသည်။ အခြားအရာများကိုအာဏာတန်ခိုးအတွက်အသုံးပြုသကဲ့သို့ ဘာသာရေးကိုလည်း ထိုကိစ္စအလို့ငှာသာကျင့်သုံးကြပါသည်။ ပြည်သူများသည် မိမိတို့အကြီးအကဲများညွှန်ကြားသည့်အတိုင်း ယုံကြည်လက်ခံ၍ကျင့်သုံးကြရန်ဖြစ်ပါသည်။ ကိုယ့်ဘာသာကိုယ်စဉ်းစားလုပ်ဆောင်ခွင့်တည်းဟူသော လူ့အခွင့်အရေးကို လုံးလုံးအသိအမှတ်မပြုကြချေ။

ခရစ်တော်သည် ထိုအရာများနှင့်ကွဲပြားခြားနားသည့် စည်းမျဉ်းများကိုအခြေခံ၍ နိုင်ငံတော်တစ်ခုကိုတည်ထောင်လျက်ရှိပါသည်။ ကိုယ်တော်သည် အကဲအမှူးလုပ်ရန်အတွက်မဟုတ်ဘဲ အစေအပါးလုပ်ရန်အတွက် အားနည်းသူများ၏ချွတ်ယွင်းချက်များကိုသည်းခံတတ်သည့်သူများကို အားကြီးသူများဟုသမုတ်တော်မူသည်။ တန်ခိုးအာဏာ၊ ရာထူးစွမ်းရည်နှင့်ပညာအဆင့်အတန်းများကို ပိုင်ဆိုင်ထားသူများသည် မိမိတို့၏မိတ်ဆွေသင်္ဂဟများအပေါ်မစရန် ပို၍တာဝန်ကြီးလေးလာပါသည်။ အနိမ့်ကျဆုံးသောခရစ်တော်၏တပည့်တော်များအား တန်းတူရည်တူဖြစ်သွားစေရန် “ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့အလိုငှာဖြစ်သတည်း” ဟု မိန့်တော်မူထားပါသည်။ ၂ကော ၄း၁၅။

“လူသားသည် သူတစ်ပါးကိုစေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာလည်းကောင်း ကြွလာသတည်း။” ခရစ်တော်သည် တမန်တော်များအလယ်တွင် အရာရာ၌စောင့်ထိန်းကြည့်ရှုရသူ၊ ဝန်ကိုထမ်းဆောင်ခဲ့ရသူတစ်ဦးဖြစ်ခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းနှင့်အတူဆင်းရဲမှုကိုခံစားခဲ့ရသည်။ ထိုသူများအဖို့အလို့

၄၁၊ ကိုယ်အလိုကိုငြင်းပယ်ခြင်းအကျင့်ကို ကျင့်သုံးခဲ့ရပါသည်။ အခက်အခဲများကိုချောမွတ်သွားစေရန် ကိုယ်တော်သည်၎င်းတို့ရှေ့မှသွားတော်မူခဲ့ပြီး မကြာမီတွင်အသက်တော်ကိုချုပ်ခြင်းအားဖြင့် လောကအမှုတော်ကိုအဆုံးသတ်ရတော့မည်ဖြစ်ပါသည်။ ခရစ်တော်ကျင့်သုံးခဲ့သည့် ဤစည်းမျဉ်းများကိုကျင့်သုံးရန် ကိုယ်တော်၏ခန္ဓာကိုယ်ဖြစ်သော အသင်းတော်မှအသင်းသားများအား တိုက်တွန်းကြရန်ဖြစ်ပါသည်။ ကယ်တင်ခြင်းစီမံကိန်း၏အခြေအမြစ်သည် ချစ်ခြင်းမေတ္တာဖြစ်ပါသည်။ ခရစ်တော်၏နိုင်ငံတော်တွင် ခရစ်တော်ပေးခဲ့သောနမူနာပုံသက်သေများကိုလိုက်လျှောက်၍ သိုးစုကိုထိမ်းသောသိုးထိန်းကဲ့သို့လုပ်ဆောင်နေသူများသည် အကြီးမြတ်ဆုံးသောသူများဖြစ်ကြပါသည်။

"ငါသည်အဘယ်သူ၏ကျွန်မဖြစ်သော်လည်း သာ၍များသောသူတို့ကိုရခြင်းအလို့ငှာ လူတကာတို့၏ကျွန်ခံရ၏။" "လူများတို့သည် ကယ်တင်ခြင်းသို့ရောက်စိမ့်သောငှာ ငါသည်ကိုယ်အကျိုးကိုမရှာဘဲ သူ့အကျိုးကိုရှာ၏" ဟူသောရှင်ပေါလု၏စကားများသည် ခရစ်ယာန်အသက်တာ၏စစ်မှန်သောသိက္ခာနှင့် ဂုဏ်အသရေကိုဖော်ပြနေပါသည်။ ၁ကော ၉း၁၉။ ၁၀း၃၂၊ ၃၃။

ဩတ္တပ္ပစိတ်နှင့်ပတ်သက်သည့်ကိစ္စများတွင်မူ အသက်ဝိညာဉ်များကိုလွတ်လပ်စွာဆုံးဖြတ်ခွင့်ပေးရပါမည်။ မည်သူတစ်စုံတစ်ယောက်ကမျှ အခြားသူတစ်ဦး၏စိတ်ကိုထိန်းချုပ်ခြင်း၊ အခြားသူတစ်ယောက်အတွက် တရားစီရင်ပေးခြင်း (သို့မဟုတ်) ထိုသူလုပ်ဆောင်ရန်တာဝန်များကို သတ်မှတ်ပေးခြင်းများပြုလုပ်ပေးရန်မလိုချေ။ ဘုရားသခင်သည် လူတိုင်းအားလွတ်လပ်စွာတွေးတောဆင်ခြင်ရန် မိမိတို့သဘောပေါက်သည့်အတိုင်း လွတ်လပ်စွာလိုက်နာဆောင်ရွက်ရန် အခွင့်ပေးထားတော်မူပါသည်။ "ငါတို့ရှိသမျှသည် ဘုရားသခင်စစ်ကြောတော်မူခြင်းကိုခံရကြမည်။" မည်သူတစ်ဦးတစ်ယောက်မျှ အခြားသူများ၏ကိုယ်ရေးကိုယ်တာကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခွင့်မရှိချေ။ နိယာမစည်းမျဉ်းများနှင့်ပတ်သက်သမျှသော ခပ်သိမ်းသောကိစ္စများတွင် "လူတိုင်းမိမိစိတ်သဘောကျပါစေ။" ရောမ ၁၄း၁၂၊၅။ ခရစ်တော်၏နိုင်ငံတော်တွင်



အစိုးတရပြု၍ဖိနှိပ်ချုပ်ချယ်ခြင်းများ၊ နိုင်ထက်စီးနင်းလုပ်ရပ်များ လုံးဝမရှိပါချေ။ ကောင်းကင်နိုင်ငံတော်မှ ကောင်းကင်တမန်များသည် အုပ်ချုပ်ကွပ်ကဲရန်နှင့်ဂါရဝပြုခိုင်းရန် ဤလောကသို့လာခဲ့ခြင်းမဟုတ်ဘဲ လူသားမျိုးနွယ်များအားမြှင့်တင်ခြင်းလုပ်ငန်းတွင် လူသားများနှင့်ပူးတွဲလုပ်ဆောင်ရန် သူကောင်းပြုမည့်စေတမန်များအနေဖြင့်လာခဲ့ကြပါသည်။

မြင့်မြတ်သောအသရေနှင့်ပြီးသော ကယ်တင်ရှင်၏စည်းမျဉ်းများနှင့်သွန်သင်ချက်များတို့သည် ဤချစ်သားတပည့်တော်၏နှလုံးသားဝယ် မှတ်မိကိန်းအောင်နေပါသည်။ ယောဟန်သည် မိမိ၏နောက်ဆုံးနေ့များတိုင် အသင်းတော်အားအထပ်ထပ်သက်သေခံခဲ့သည်မှာ "သင်တို့သည်ရှေးဦးစွာကပင်ကြားရသောတရားစကားဟူမူကား --- ငါတို့သည်အချင်းချင်းချစ်ရကြမည်။" "ခရစ်တော်သည် ငါတို့အဖို့အလို့ငှာ အသက်တော်ကိုစွန့်တော်မူသည်အရာကို ငါတို့သည်ထောက်၍ မေတ္တာတော်ကိုသိရကြပြီ" ဟူ၍ဖြစ်၏။ ၁ယော ၃း၁၁၊၁၆။

ရှေးဦးအသင်းတော်သည် ဤစိတ်ဓာတ်မျိုးနှင့်ပြည့်ဝခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ရရှိခဲ့ကြပြီးသည့်နောက်တွင် "ယုံကြည်သောသူအပေါင်းတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ၍ အဘယ်သူမျှမိမိဥစ္စာတစ်စုံတစ်ခုကို ငါ့ဥစ္စာဟူ၍မဆို" "ထိုသူတို့တွင် ဆင်းရဲသောသူတစ်ယောက်မျှမရှိ။" "သခင်ယေရှုထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့်သက်သေခံ၍ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။" တမန် ၄း၃၂၊၃၄၊၃၃။

****

# tcef; (61)
# ZOJ

ရှင်လုကာ ၁၉း၁–၁၀ ကိုအခြေပြုထားပါသည်။

သခင်ယေရှုသည်ယေရိခေါမြို့ကိုဖြတ်၍ ယေရုရှလင်မြို့သို့ကြွတော်မူခဲ့ပါသည်။ ယော်ဒန်မြစ်နှင့်မိုင်အနည်းငယ်သာကွာဝေးသော လွင်ပြင်တစ်ခု၏အနောက်ဘက်စွန်းတွင် တည်ရှိသည့်အပူပိုင်းသစ်တောများ၏စိမ်းလန်းစိုပြည်သောသစ်ပင်ဝါးပင်များနှင့် သာယာလှပသောရှုခင်းများအလယ်တွင် ထိုမြို့သည် တည်ရှိနေပါသည်။ စီးဆင်းနေသောစမ်းချောင်းကလေးများကြောင့် စိမ်းလန်းစိုပြည်နေသည့်စွန်ပလွံပင်များ၊ ပန်းဥယျာဉ်များနှင့်ပြီးသောထိုမြို့သည် ထုံးကျောက်တောင်များနှင့် ယေရုရှလင်မြို့နှင့်ပိုင်းခြားထားသော ရေမရှိတော့သည့်ချောင်းခြောက်များအလယ်တွင် မြကျောက်တစ်လုံးနှယ်ဖြစ်နေပါသည်။

ပသခါပွဲတော်သို့သွားနေကြသော ကန္တာရခရီးသည်များသည် ယေရိခေါမြို့ကိုဖြတ်၍သွားကြပါသည်။ ပွဲတော်အချိန်တွင် အမြဲတမ်းသူတို့ဆိုက်ရောက်လာခဲ့ကြပါသည်။ သို့ရာတွင် ယခုအချိန်၌ ပို၍စိတ်ဝင်စားစရာကောင်းသည့်အရာတစ်ခုကြောင့် လူထုကြီးသည် စိတ်လှုပ်ရှားနေခဲ့ပါသည်။ မကြာမီအချိန်ကလေးကမှ လာဇရုအားထမြောက်စေခဲ့သော ဂါလိလဲသားယေရှုခရစ်သည် ၎င်းလူအုပ်ထဲတွင်ရှိနေခြင်းကြောင့်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များ၏မကောင်းကြံစည်မှုများကို နေရာအနှံ့အပြားတွင် တီးတိုးပြောဆိုနေကြသော်လည်း လူထုကြီးသည် ကိုယ်တော်အားဂါရဝပြုရန် စိတ်ထက်သန်နေကြပါသည်။

ယေရိခေါမြို့သည် ရှေးယခင်ကယဇ်ပုရောဟိတ်များအတွက် သီးသန့်ခွဲထားသည့်မြို့များတွင် တစ်မြို့အပါအဝင်ဖြစ်ပါသည်။ ယခုအချိန်အထိလည်း များစွာသောယဇ်ပုရောဟိတ်များသည် ထိုမြို့၌နေထိုင်လျက်ရှိပါသေးသည်။ သို့ရာတွင် လူတန်းစားမျိုးစုံတို့သည်လည်း ထိုမြို့၌နေထိုင်လျက်ရှိကြပါသည်။





၎င်းပြင် ထိုမြို့သည်ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် အထူးအချက်အချာကျသော နေရာတစ်ခုဖြစ်ပါသည်။ ရောမအရာရှိများ၊ ရောမစစ်သားများနှင့် အနယ်နယ်အရပ်ရပ်မှအာဂန္တုများကိုလည်း မြို့ထဲတွင်တွေ့ရပါသည်။ များစွာသောအခွန်ခံများသည်လည်း အခွန်ကောက်ရန်ကင်းရုံများတည်ဆောက်ကာ ထိုမြို့တွင်အခြေတကျနေထိုင်ကြပါသည်။

အခွန်ခေါင်းတစ်ယောက်ဖြစ်သောဇက္ခဲသည် ယုဒအမျိုးသားတစ်ဦးဖြစ်သော်လည်း အမျိုးသားချင်းက ၎င်းအား အလွန်ရွံရှာမုန်းတီးကြပါသည်။ သူ၏ရာထူးနှင့်စည်းစိမ်ဥစ္စာများသည် ၎င်းတို့ရွံရှာသောအလုပ်အကိုင်တစ်ခုမှရရှိသည့်အရာများဖြစ်သဖြင့် ၎င်းအရာများကိုမတရားသဖြင့် အနိုင်အထက်လုယူထားသည့်ပစ္စည်းများဖြစ်သည်ဟူ၍ ယုဒများကမှတ်ယူခဲ့ကြပါသည်။ သို့ရာတွင် ထိုအခွန်ခေါင်းသည် စိတ်နှလုံးမာကျောသယောင်ထင်ရသော်လည်း စိတ်နူးညံ့သူတစ်ဦးဖြစ်ပါသည်။ လောကစည်းစိမ်များ၊ လောကမာန်မာနများအောက်ဝယ် ဘုရားသခင်၏ဩဇာလွှမ်းမိုးမှုကိုလက်ခံရန် အသင့်ဖြစ်နေသောသူတစ်ယောက်ဖြစ်ပါသည်။ ဇက္ခဲသည် သခင်ယေရှုခရစ်အကြောင်းကိုကြားဖူးပါသည်။ မတရားသင်းအဖြစ်ကြေညာခြင်းခံရသော လူတန်းစားများထံသို့ သနားကြင်နာမှုအပြည့်အဝဖြင့် ကိုယ်တိုင်ကြွချီမစတော်မူခဲ့သည့် ကိုယ်တော်ရှင်၏သတင်းသည် ကျယ်ကျယ်ပြန့်ပြန့်နှံ့ပြားလျက်ရှိပါသည်။ ဤအခွန်ခေါင်း၏နှလုံးသားထဲဝယ် သာ၍ကောင်းမွန်သောအသက်တာတစ်ခုကိုပိုင်ဆိုင်ရန် တောင့်တသည့်စိတ်များနိုးကြားနေပါသည်။ ဆရာယောဟန်သည် ယေရိခေါမြို့များနှင့် များစွာမဝေးကွာလှသည့်ယော်ဒန်မြစ်ကမ်းတစ်နေရာတွင် တရားဟောကြားခဲ့ဖူးပြီး နောင်တရရန်ဖိတ်ခေါ်ချက်ကိုလည်း ဇက္ခဲကြားခဲ့ဖူးပါသည်။ "ခွဲဝေစီမံသည်ထက်သာ၍မခွဲမခံကြနှင့်" ဟူသောအခွန်ခံများအတွက်ပေးသည့် ဆရာယောဟန်၏သွန်သင်ချက်ကို အပြင်ပန်းအားဖြင့် သူဂရုမစိုက်ခဲ့သော်လည်း ၎င်း၏စိတ်တွင်စွဲမြဲနေခဲ့ပါသည်။ ယခုအချိန်တွင် သခင်ယေရှုထံမှလာသောသတင်းစကားများကိုကြားရသောအခါ ဘုရားသခင်၏မျက်မှောက်တွင် မိမိသည်အပြစ်သားတစ်ဦးဖြစ်ကြောင်း ခံစားလာခဲ့ရပါသည်။

သို့ရာတွင် ခရစ်တော်အကြောင်းနှင့်ပတ်သတ်၍ ကြားခဲ့ရသောသတင်းစကားသည် ၎င်း၏စိတ်နှလုံးတွင် မျှော်လင့်စိတ်များကို ရှင်သန်နိုးထစေခဲ့ပါသည်။ နောင်တရခြင်းနှင့် အသက်တာပြုပြင်ပြောင်းလဲလာခြင်းများတို့သည် သူ့အတွက်ဖြစ်နိုင်သည်ဆိုလျှင် အခွန်ခံဖြစ်သောသူသည် ခရစ်တော်၏ယုံကြည်အားကိုးရသည့်တပည့်တော်တစ်ဦးဖြစ်မလာနိုင်ဘူးလား ဟူသောအတွေးပေါက်လာကာ မိမိသိမြင်သောအမှန်တရားကိုလိုက်လျှောက်၍ မိမိလိမ်ညာပြီးတောင်းခံမိခဲ့သူများအား လျော်ကြေးပေးရန် ဇက္ခဲအစပျိုးလုပ်ဆောင်ခဲ့ပါသည်။

ခရစ်တော်သည် ယေရိခေါသို့ဝင်လာပြီဖြစ်ကြောင်း ကြားသိရသောအချိန်တွင် ဇက္ခဲသည် မိမိပြုလုပ်မိခဲ့သောအမှားအယွင်းများကို စတင်၍ပြန်ပြောင်းစဉ်းစားနေသည့်အချိန်ဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်နှင့်သွားရောက်တွေ့ဆုံရန်သူဆုံးဖြတ်လိုက်ပါသည်။ အပြစ်၏ဆိုးကျိုးများ၏မကောင်းပုံများနှင့် မှားယွင်းသောလမ်းစဉ်တစ်ခုမှပြန်လာရန်မှာ မည်မျှခက်ခဲစွာကြိုးစားရကြောင်းများကို သူသိစပြုလာပါသည်။ အမှားလမ်းမှအမှန်လမ်းသို့ရောက်ဖို့ကြိုးစားရာတွင် တစ်ပါးသူများကနားလည်မှုမှားခြင်းနှင့် မယုံသင်္ကာသည့်အကြည့်များနှင့် ကြည့်ခြင်းတို့သည်လည်း သည်းခံရန်ခက်ခဲလှပါသည်။ ထို့ကြောင့် နှုတ်တော်ထွက်စကားများဖြင့် မိမိအားမျှော်လင့်ချက်ပေးနိုင်သည့်ခရစ်တော်၏မျက်နှာတော်ကို ဇက္ခဲဖူးတွေ့လိုလှပါသည်။

လမ်းများပေါ်တွင် လူထုကြီးသည်ကြိတ်ကြိတ်တိုးနေသဖြင့် အရပ်ပုသည့်ဇက္ခဲသည် ဘာကိုမျှမတွေ့ရတော့ချေ။ မည်သူမျှလည်း သူ့ကိုလမ်းဖယ်မပေးကြချေ။ ထို့ကြောင့် သူသည်ထိုလမ်းပေါ်တွင် ကိုင်းများဖြာကျနေသည့်သဖန်းပင်ရှိရာနေရာသို့ လူအုပ်ကြီးအရင်သွားရောက်ကာချဉ်းကပ်လာသော လူတန်းကြီးအားမြင်နိုင်လောက်သည့်သစ်ကိုင်းပေါ်တွင်တက်၍နေရာယူလိုက်ပါသည်။ လူအုပ်ကြီးသည် အနီးသို့ရောက်လာသောအခါ ဇက္ခဲသည် မိမိတွေ့မြင်လိုသောသူကို ကျီးကန်းတောင်းမှောက်ရှာဖွေခဲ့ပါသည်။

ခရစ်တော်၏စိတ်နှလုံးတွင် ယဇ်ပုရောဟိတ်များ၏အော်ဟစ်သံများနှင့် လူထုကြီး၏ကြိုဆိုသံများထက် ထိုအခွန်ခံ၏မဖော်ပြနိုင်လောက်အောင်



ပြင်းထန်သောဆန္ဒကိုကြားသိနေရပါသည်။ လူအုပ်ကြီးသည် သဖန်းပင်အောက်သို့ရုတ်တရက်ရောက်ရှိလာပြီး လူတစ်စုကရပ်တန့်လိုက်ရာ ရှေ့နောက်တွင်လိုက်ပါလာသောသူများသည်လည်း ရပ်တန့်သွားကြပါသည်။ ထိုနောက်တစ်ယောက်သောသူသည် ၎င်း၏စိတ်နှလုံးကိုအကဲခတ်သည့်နှယ် အထက်သို့မော့ကြည့်လိုက်ပါသည်။ ထိုအချိန်တွင်ဇက္ခဲသည် ကိုယ့်နားကိုပင်ကိုယ်မယုံကြည်နိုင်လောက်အောင် "ဇက္ခဲမြန်မြန်ဆင်းလော့၊ သင်၏အိမ်၌ယနေ့ငါတည်းနေမည်" ဟူ၍ ကိုယ်တော်မိန့်တော်မူသည်ကို ကြားခဲ့ရပါသည်။

လူအုပ်ကြီးက ၎င်းအားလမ်းဖယ်ပေးခဲ့ကြသောကြောင့် ဇက္ခဲသည် အိပ်မက်မက်နေသကဲ့သို့လမ်းလျှောက်လျက် ကိုယ်တော်အားမိမိအိမ်သို့ခေါ်ဆောင်သွားခဲ့ပါသည်။ ထိုအချိန်တွင်ဖာရိရှဲများသည် မျက်နှာရှစ်ခေါက်ချိုးနှင့် ဤသူသည် ဆိုးသောသူ၏အိမ်သို့ဝင်၍ လုပ်ကျွေးခြင်းကိုခံတော်မူပါသည်တကားဟု ကဲ့ရဲ့ပြစ်တင်ကြ၏။

ဇက္ခဲသည် အံ့အားသင့်ကာမိန်းမောတွေဝေခဲ့ပြီး မထိုက်တန်သောမိမိအား အောက်ကျို့လုပ်ဆောင်ခဲ့သည့် ခရစ်တော်၏နှိမ့်ချခြင်းနှင့် ချစ်ခြင်းမေတ္တာတွင် ငြိမ်သက်မှုကိုရခဲ့ပါသည်။ ယခုတွင်မူကား အသစ်သော၊ ဤအရှင်သခင်အပေါ်ထားရှိသည့် မိမိ၏မေတ္တာနှင့်သစ္စာစောင့်သိမှုများကို မပြောဘဲမနေနိုင်တော့ဘဲ မိမိ၏အပြစ်ကိုဝန်ချခြင်းနှင့်နောင်တရခြင်းများကိုလည်း လူသိရှင်ကြားဖွင့်ဟတော့မည်ဖြစ်ပါသည်။

ထို့ကြောင့်ဇက္ခဲသည် လူအများရှေ့တွင်ရပ်လျက် "သခင်၊ အကျွန်ုပ်၏ဥစ္စာတစ်ဝက်ကို ဆင်းရဲသားများအားပေးပါ၏၊ တစ်စုံတစ်ယောက်သောသူ၏ဥစ္စာအနည်းငယ်ကိုအကျွန်ုပ်ယူမိလျှင် လေးဆပြန်၍ပေးပါ၏" ဟုလျှောက်ထားလေ၏။

"ယေရှုကလည်း ဤသူသည်အာဗြဟံ၏သားဖြစ်သည်နှင့်အလျောက်၊ ယနေ့ပင် ကယ်တင်တော်မူခြင်းကျေးဇူးသည် ဤအိမ်အပေါ်မှာသက်ရောက်လေ၏" ဟုမိန့်တော်မူ၏။

သူဌေးကလေးသည် ခရစ်တော်အားကျောခိုင်းသွားစဉ်က တမန်တော်များသည် "မိမိဥစ္စာကိုမှီခိုသောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့အလွန်

ဝင်ခဲလှ၏" ဟူသော ဘုရားသခင်၏မိန့်ဆိုချက်အတွက် အံ့အားသင့်ခဲ့ကြပါသည်။ "သို့ဖြစ်လျှင်၊ အဘယ်သူသည် ကယ်တင်တော်မူခြင်းသို့ရောက်နိုင်မည်နည်း" ဟုအချင်းချင်းပြောဆိုခဲ့ကြပါသည်။ ယခုတွင်မူ "ဤအမှုကိုလူမတတ်နိုင်သော်လည်း၊ ဘုရားသခင်မတတ်နိုင်သည်မဟုတ်၊ ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကိုတတ်နိုင်တော်မူသည်" ဟူသောကိုယ်တော်ရှင်၏မိန့်မြွက်စကားသည်မှန်ကန်ကြောင်း၊ သရုပ်ဖော်ချက်ကိုသူတို့တွေ့ကြရပေပြီ။ မာကု ၁၀း၂၄၊၂၆။ လုကာ ၁၈း၂၇။ သူဌေးတစ်ယောက်သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်ပုံကို သူတို့မြင်တွေ့ခဲ့ကြပါသည်။

ဇက္ခဲသည် ခရစ်တော်၏မျက်နှာတော်ကိုမဖူးတွေ့ရမီ စစ်မှန်သောနောင်တရသူတစ်ဦးအဖြစ် ထင်ရှားစေသည့်အကျင့်ကိုလုပ်စရှိခဲ့ပေပြီ။ သူသည် သူတစ်ပါးကမစွပ်စွဲမီမှာပင် မိမိ၏အပြစ်များကိုဝန်ချတောင်းပန်ခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကိုလိုက်နာခဲ့ပြီး ရှေးဣသရေလများအတွက်သာမက ကျွန်ုပ်တို့အတွက်ပါရေးသားထားသည့်နှုတ်ကပတ်တော်၏သွန်သင်ချက်များကို စတင်၍လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ဘုရားသခင်သည် ရှေးယခင်မှစ၍မိန့်တော်မူခဲ့သည်ကား "သင်၏အမျိုးသားချင်းသည် ဆင်းရဲ၍လက်အားလျော့သဖြင့် တစ်ပါးအမျိုးသားဧည့်သည်အာဂန္တုကဲ့သို့ဖြစ်လျှင်သင့်ထံမှာနေစေခြင်းငှာ သူ့ကိုမစရမည်။ သူ၌အတိုးအပွားကိုမယူရ။ သင်၏အမျိုးသားချင်းသည် သင့်ထံမှာနေစေခြင်းငှာ သင်၏ဘုရားသခင်ကိုကြောက်ရွံ့လော့။ အတိုးအပွားကိုမျှော်လင့်၍ ငွေကိုလည်းကောင်း၊ စားစရာကိုလည်းကောင်း သူ၌မချေးမငှားရ။" "သင်တို့သည် တစ်ယောက်ကိုတစ်ယောက်မညှဉ်းဆဲရ၊ သင်တို့၏ဘုရားသခင်ကိုကြောက်ရွံ့ရမည်။" ဝတ် ၂၅း၃၅–၃၇၊၁၇။ ဤစကားများကို ခရစ်တော်ကိုယ်တော်တိုင် မိုးတိမ်တိုင်များထဲမှပြောခဲ့သောစကားများဖြစ်ပြီး ဆင်းရဲသားများနှင့်ဒုက္ခဝေဒနာခံစားနေရသူများအပေါ် သနားကြင်နာခြင်းရှိကြောင်း ထင်ရှားစေခြင်းအားဖြင့် ခရစ်တော်၏မေတ္တာတော်ကို ရှေးဦးပထမဇက္ခဲတုံ့ပြန်ခဲ့ပါသည်။ လိမ်လည်လှည့်စားသောလုပ်ရပ်များတွင် တစ်ဦးကိုတစ်ဦးထောက်မရန်နှင့် လူထုအားနှိပ်စက်ကလူ



ပြုရန် အခွန်ခံများအကြားတွင် မဟာမိတ်ပြုလုပ်ထားကြပါသည်။ သူတို့သည် အခွန်အကောက်များကို မတန်တဆအတင်းအဓမ္မတောင်းခံခြင်းအားဖြင့် တစ်ကမ္ဘာလုံးနီးပါးအသုံးပြုနေသောဓလေ့တစ်ခုကို ကျင့်ဆောင်နေခြင်းသာဖြစ်ပါသည်။ ၎င်းတို့အားရွံရှာသောယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲများသည်ပင်လျှင် သူတော်ကောင်းယောင်ဆောင်၍ မရိုးသားသောလုပ်ရပ်များကိုလုပ်ဆောင်ကာ ကိုယ်လုံကြွယ်ဝအောင်ကြိုးစားခြင်းအပြစ်များကို ကျူးလွန်နေကြပါသည်။ ဇက္ခဲသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်၌ မိမိကိုယ်ကိုအပ်နှံလိုက်သည်နှင့်တစ်ပြိုင်နက် သန့်ရှင်းမှုမရှိသောလုပ်ရပ်တိုင်းကို သူဖယ်ရှားခဲ့ပါသည်။

အသက်တာပြောင်းလဲမှုမရှိသောနောင်တရခြင်းသည် စစ်မှန်သောနောင်တရခြင်းမဟုတ်ချေ။ ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ဝန်ချတောင်းပန်ခြင်းမရှိသော၊ စွန့်ပစ်လိုက်ခြင်းမရှိသောအပြစ်များကိုဖုံးအုပ်ရန် ဝတ်ရုံတစ်ခုမဟုတ်ပါချေ။ ထိုဖြောင့်မတ်ခြင်းတရားသည် စာရိတ္တကိုပြုပြင်ပြောင်းလဲပေးပြီး အကျင့်စရိုက်များကိုထိန်းချုပ်ပေးသည့်အသက်တာ၏နိယာမတစ်ခုဖြစ်ပါသည်။ သန့်ရှင်းခြင်းသည် ဘုရားသခင်အတွက်ပြည့်စုံခြင်းဖြစ်ပါသည်။ ထိုအရာသည် ကောင်းကင်နိုင်ငံတော်ဆိုင်ရာစည်းမျဉ်းနိယာမများအား အသက်တာတွင်ထင်ရှားလာစေရန်အတွက် စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်အပ်နှံခြင်းပင်ဖြစ်ပါသည်။

ခရစ်ယာန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် စီးပွားရေးလုပ်ငန်းများတွင် ခရစ်တော်လုပ်ဆောင်မည့်နည်းဟန်များကို လောကီသားများအားရုပ်လုံးဖော်ပြနေခြင်းဖြစ်ပါသည်။ သူသည်ဆောင်ရွက်သမျှကိစ္စတိုင်းတွင် ဘုရားသခင်သည် မိမိ၏ဆရာဖြစ်ကြောင်းထင်ရှားစေရန်ဖြစ်ပါသည်။ "ထာဝရဘုရားအဖို့သန့်ရှင်း၏" ဆိုသောစာကြောင်းကလေးကို စာရင်းစာအုပ်များပေါ်တွင်လည်းကောင်း၊ ပြေစာဖြတ်ပိုင်းစာအုပ်များပေါ်တွင်လည်းကောင်း၊ ငွေလွှဲလက်မှတ်များပေါ်တွင်သော်လည်းကောင်း ရေးထားရန်လိုပါသည်။ မိမိကိုယ်ကိုခရစ်ယာန်ဟုအခေါ်ခံပြီး မဖြောင့်မတ်သောလုပ်နည်းလုပ်ဟန်များကိုကျင့်သုံးနေသောသူများသည် သန့်ရှင်းဖြောင့်မတ်၍ သနားကြင်နာမှုနှင့်ပြည့်စုံ

တော်မူသော ဘုရားသခင်၏စာရိတ္တတော်ကိုဆန့်ကျင်၍ မှားယွင်းသောသက်သေကိုခံနေကြခြင်းဖြစ်ပါသည်။ စိတ်နှလုံးပြောင်းလဲပြီးသောအသက်ဝိညာဉ်တိုင်းသည် ဇက္ခဲကဲ့သို့မိမိ၏အသက်တာတွင် စွန်းထင်းခဲ့သောအမှားလုပ်ရပ်များကိုစွန့်ပစ်ခြင်းအားဖြင့် ခရစ်တော်သည် မိမိ၏နှလုံးသားထဲသို့ဝင်ရောက်ကိန်းအောင်နေပြီဖြစ်ကြောင်းကို အထိမ်းအမှတ်ပြုထင်ရှားစေကြပါလိမ့်မည်။ သူသည် ထိုအခွန်ခေါင်းကဲ့သို့လျော်ကြေးများပြန်ပေးဆပ်ခြင်းဖြင့် မိမိ၏ရိုးသားမှုကိုသက်သေပြပါလိမ့်မည်။ ထာဝရဘုရားမိန့်တော်မူသည်ကား "ထိုသူသည် --- ပေါင်ထားသောဥစ္စာကိုမသိုထား၊ လုယူသောဥစ္စာကိုပြန်ပေးလျက် အဓမ္မအမှုကိုမပြုဘဲ အသက်ရှင်ရာပညတ်တရားလမ်းသို့လိုက်လျှင် --- ပြုမိသောဒုစရိုက်အပြစ်တစ်စုံတစ်ခုကိုမျှ သူ၌မတင် --- စင်စစ်အသက်ရှင်ရလိမ့်မည်။" ယေဇကျေ ၃၃း၁၅-၁၆။

ကျွန်ုပ်တို့သည် အခြားသူများအားမတရားသောစီးပွားအားဖြင့်ထိခိုက်နစ်နာစေခဲ့သည်ဆိုလျှင် ကျွန်ုပ်တို့သည် သူတစ်ဦးတစ်ယောက်အား အရောင်းအဝယ်လုပ်ငန်းတစ်ခုတွင် မလိမ့်တပတ်လုပ်မိခဲ့သည်ဆိုလျှင် ဥပဒေဘောင်အတွင်းမှလုပ်ဆောင်ခြင်းဖြစ်စေဦးတော့ ပြုလုပ်မိခဲ့သောအမှားများကို ကျွန်ုပ်တို့ဝန်ချတောင်းပန်၍ တတ်နိုင်သလောက်အလျော်ပေးကြရပါမည်။ အလျော်ပေးရာတွင် မိမိတို့ယူထားသလောက်သာပြန်ပေးရန်မဟုတ်ဘဲ ယူထားသည့်အချိန်ပိုင်းအတွင်းမှန်ကန်သောသတိပညာကိုအသုံးပြု၍ လုပ်ဆောင်ခဲ့မည်ဆိုလျှင် တိုးပွားလာမည့်အတိုးအပွားများကိုပါ ထည့်သွင်းပေးဆပ်ရန်ဖြစ်ပါသည်။

"ယနေ့ပင်ကယ်တင်တော်မူခြင်းကျေးဇူးသည် ဤအိမ်အပေါ်မှာသက်ရောက်လေ၏" ဟု ဇက္ခဲအားခရစ်တော်မိန့်တော်မူခဲ့ပါသည်။ ဤတွင်ဇက္ခဲတစ်ဦးတည်းသာကောင်းချီးခံစားရသည်မဟုတ်ဘဲ သူနှင့်အတူတစ်အိမ်သားလုံးကောင်းချီးခံစားခဲ့ရပါသည်။ ခရစ်တော်သည် သမ္မာတရားနှင့်ပတ်သက်သောသင်ခန်းစာများကိုသွန်သင်၍ အိမ်သူအိမ်သားများအား ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်သောအရာများအကြောင်းကိုဆုံးမဩဝါဒပေးရန် ၎င်းတို့၏အိမ်သို့သွားရောက်လည်ပတ်တော်မူခဲ့ပါသည်။ ဤမိသားစုသည် ဖာရိရှဲများနှင့်အသင်း



သားများ၏ရွံရှာမုန်းတီးမှုများကြောင့် တရားဇရပ်ထဲသို့ဝင်ခွင့်မရကြသောသူများဖြစ်ကြပါသည်။ သို့ရာတွင် ယခုမူကား ယေရိခေါတွင်အခွင့်အရေးပေးခြင်းအခံရဆုံးမိသားစုအသွင်ဖြင့် မိမိတို့၏အိမ်ထဲမှာကိုယ်တော်ရှင်ကိုဝန်းရံလျက်အသက်နှင့်ဆိုင်သောတရားစကားများကို ကိုယ်တိုင်ကြားနာခွင့်ရရှိခဲ့ကြပါသည်။

ခရစ်တော်ကိုမိမိ၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ် လက်ခံသောအချိန်တွင် ထိုအသက်ဝိညာဉ်ထံကယ်တင်ခြင်းဆုကျေးဇူးရောက်ရှိလာပါသည်။ ဇက္ခဲသည် ခရစ်တော်အားမိမိအိမ်သို့ခရီးတစ်ထောက်နားနေသောဧည့်သည်တစ်ဦးအနေနှင့်သာမကဘဲ မိမိ၏အသက်ဝိညာဉ်ဗိမာန်တော်တွင် စိုးစံမည့်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်လည်း လက်ခံကြိုဆိုခဲ့ပါသည်။ ဖာရိရှဲနှင့်ကျမ်းတတ်ဆရာများသည် ၎င်းအားအပြစ်သားတစ်ဦးဖြစ်ခဲ့ခြင်းအတွက် ခရစ်တော်အားပြစ်တင်ကဲ့ရဲ့ခဲ့သော်လည်း သခင်ဘုရားကမူ ၎င်းအား အာဗြဟံ၏သားအဖြစ်အသိအမှတ်ပြုခဲ့ပါသည်။ အကြောင်းမူကား "ယုံကြည်ခြင်းရှိသောသူသည် အာဗြဟံ၏သားဖြစ်သည်" ဂလာတိ ၃း၇။

****

## tcef; (62)
## &Sd;rkeftcrfwGif;fusif;yonfhpm;aomufyGJ

မဿဲ ၂၆း၆–၁၃။ မာကု ၁၄း၃–၁၁။ လုကာ ၇း၃၆–၅၀။ ယောဟန် ၁၁း၅၅–၅၇။ ၁၂း၁–၁၁ တို့ကိုအခြေပြုထားပါသည်။

ဗေသနိရွာသားရှိမုန်သည် သခင်ယေရှု၏တပည့်တော်တစ်ပါးအဖြစ် သတ်မှတ်ခြင်းခံရပါသည်။ သူသည် ခရစ်တော်၏နောက်လိုက်များနှင့်ဖြောင့်ကျကျဆက်သွယ်ခဲ့သော ဖာရိရှဲအနည်းငယ်တွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ သခင်ယေရှုအားဆရာတစ်ပါးအနေနှင့် အသိအမှတ်ပြုခဲ့ပြီး မေရှိယလည်းဖြစ်ကောင်းဖြစ်နိုင်သည်ဟု ယုံကြည်မျှော်လင့်ခဲ့သော်လည်း ကယ်တင်ရှင်အနေဖြင့်မူ သူလက်မခံခဲ့ချေ။ သူ၏အကျင့်စာရိတ္တသည် သဘာဝအားဖြင့်ပြောင်းလဲမှုမရှိဘဲ သူလက်ခံယုံကြည်ခဲ့သည့်စည်းမျဉ်းများသည်လည်း ယခင်ကအတိုင်းပင်ဖြစ်ခဲ့ပါသည်။

ခရစ်တော်သည် ရှိမုန်၏အနာရောဂါကိုပျောက်ကင်းအောင်ကုသပေးတော်မူခဲ့ပါသည်။ ထိုကြောင့် ကိုယ်တော်၌စိတ်နှလုံးကပ်ငြိခဲ့ပြီး အလွန်ကျေးဇူးပြုချင်သောသဘောရှိသဖြင့် ဗေသနိသို့ခရစ်တော်နောက်ဆုံးအကြိမ်အဖြစ်လာရောက်လည်ပတ်သောအချိန်တွင် ကိုယ်တော်နှင့်တကွ တပည့်တော်များအတွက် စားသောက်ပွဲတစ်ခုကိုကျင်းပခဲ့ပါသည်။ များစွာသောယုဒလူများကိုလည်း ထိုစားသောက်ပွဲသို့တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ ထိုအချိန်အခါတွင် ယေရုရှလင်မြို့၌လူအပေါင်းတို့သည် များစွာစိတ်လှုပ်ရှားနေကြပြီး ခရစ်တော်နှင့်တကွ ကိုယ်တော်၏အမှုတော်အပေါ်ယခင်ကထက် အထူးအာရုံစိုက်လာကြပြီး ထိုစားသောက်ပွဲသို့တက်ရောက်လာကြသည့်ပုဂ္ဂိုလ်များသည် ကိုယ်တော်၏လှုပ်ရှားမှုများကို အနီးကပ်လေ့လာခဲ့ကြပါသည်။ တချို့မှာမူ မိတ်ဆွေမပီသသောအကြည့်ဖြင့် ကိုယ်တော်အားကြည့်ခဲ့ကြပါသည်။



ခရစ်တော်သည် ဗေသနိရွာသို့ ပသခါပွဲတော်မတိုင်မီခြောက်ရက်အလိုတွင်ဆိုက်ရောက်လာခဲ့ပြီး ထုံးစံရှိသည့်အတိုင်း လာဇရု၏အိမ်တွင်တည်းခိုခဲ့ပါသည်။ ယေရုရှလင်မြို့ကိုဖြတ်သွားကြသည့် ခရီးသွားများက ကိုယ်တော်သည်ထိုမြို့သို့လာတော်မူလျက်ရှိကြောင်း၊ ဗေသနိရွာတွင်ဥပုသ်စောင့်လိမ့်မည်ဖြစ်ကြောင်းများကို သတင်းပေးပို့ခဲ့ကြပါသည်။ ထိုသတင်းကြောင့်လူအများသည် အလွန်စိတ်အားတက်ကြွခဲ့ကြပြီး များစွာသောလူအပေါင်းတို့သည် ဗေသနိရွာ၌စုရုံးလာခဲ့ကြပါသည်။ ထိုလူအုပ်ထဲမှတချို့သည် ကိုယ်တော်ရှင်ကိုချစ်ခင်ကြသည့်အတွက်လာခဲ့ကြသော်လည်း၊ အချို့မှာမူ လူသေကိုရှင်ပြန်ထမြောက်စေခဲ့သောပုဂ္ဂိုလ်အား ကြည့်မြင်လိုသည့်စပ်စုလိုသောသဘောဖြင့်သာ လာခဲ့ကြခြင်းဖြစ်ပါသည်။

သေခြင်းမှရှင်ပြန်ထမြောက်ခဲ့ကြပြီးနောက် မြင်တွေ့ခဲ့ရသောအံ့သြဖွယ်အကြောင်းအရာများကို လာဇရုထံမှကြားရလိမ့်မည်ဟု လူများစွာတို့ကမျှော်လင့်ခဲ့ကြပါသည်။ သို့ရာတွင် သူသည်ထိုအကြောင်းများကိုလုံးဝမပြောဆိုခဲ့ခြင်းအတွက် သူတို့အံ့အားသင့်ခဲ့ကြပါသည်။ သူ့၌ထိုအကြောင်းအရာမျိုးပြောစရာမရှိပါချေ။ ကျမ်းစာ၏သွန်သင်ချက်မှာ “သေသောသူမူကား အဘယ်အရာကိုမျှမသိ --- သူ၏ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းလည်းပျောက်ပျက်၏” ဟူ၏။ ဒေသနာ ၉း၅–၆။ သို့သော် လာဇရုသည် ခရစ်တော်၏အမှုတော်နှင့်ပတ်သက်သည့်အံ့သြဖွယ်ကောင်းသော သက်သေခံစရာတစ်ခုရှိနေပါသည်။ ဤအရာကိုသက်သေခံရန် ၎င်းအားရှင်ပြန်ထမြောက်စေခဲ့ခြင်းဖြစ်ပါသည်။ ၎င်းမှာ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းဖြစ်ပြီး ထိုအကြောင်းကိုအာမခံချက်အပြည့်ဖြင့် တန်ခိုးပါစွာဖြင့်သူကြေညာခဲ့ပါသည်။

ဗေသနိရွာမှယေရုရှလင်သို့သွားလာခဲ့ကြသည့် ခရီးသွားများထံမှကြားခဲ့ရသောသတင်းများသည် မြို့နေလူထုအားစိတ်လှုပ်ရှားစေခဲ့ပါသည်။ လူအပေါင်းတို့သည် ခရစ်တော်အားဖူးတွေ့လိုကြပြီး ကိုယ်တော့်ထံမှတရားဒေသနာများကိုလည်း နာကြားလိုကြပါသည်။ လာဇရုတစ်ယောက် ခရစ်တော်

နှင့်အတူယေရုရှလင်မြို့သို့လိုက်ပါလာမလာကိုလည်းကောင်း၊ ကိုယ်တော်သည် ပသခါပွဲတွင် ဘုရင်အဖြစ်ရာဇဘိသိက်ခံယူမယူကိုလည်းကောင်း အကြီးအကျယ်မေးမြန်းစုံစမ်းခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများအနေဖြင့် လူထုအပေါ်မိမိတို့၏ချုပ်ကိုင်နိုင်မှုသည် အားလျော့နေဆဲဖြစ်ကြောင်းကိုမြင်တွေ့ကာ ကိုယ်တော်ရှင်အားခါးခါးသီးသီး အမျက်ထွက်ခဲ့ကြပါသည်။ ထိုကြောင့် မိမိတို့အားအဟန့်အတားပြုလုပ်နေသည့်ကိုယ်တော်အား ဖယ်ရှားနိုင်မည့်အခွင့်ကိုရသည့်အထိပင် မစောင့်နိုင်အောင်ဖြစ်နေကြပါသည်။ အချိန်တွေကုန်ဆုံးလာသည်နှင့်အမျှ ကိုယ်တော်သည် ယေရုရှလင်မြို့သို့ရောက်မလာမည်ကိုပင် သူတို့စိုးရိမ်လာခဲ့ကြပါသည်။ ကိုယ်တော်သည် ၎င်းအားသတ်ရန်ကြံစည်ခဲ့သော မိမိတို့၏အကြံအစည်များကိုဟန့်တားခဲ့ပုံများကို သူတို့သတိရအောက်မေ့ခဲ့ကြပါသည်။ ယခုတွင်လည်း ကိုယ်တော်သည် မိမိတို့၏သဘောထားများကို အကဲခတ်နေကြောင်းသိရှိကာ ၎င်းအားဝေးဝေးမှရှောင်ရှားခဲ့ကြပါသည်။ သို့သော်လည်း မိမိတို့၏စိုးရိမ်မှုကိုမဖုံးကွယ်နိုင်ကြတော့ဘဲ "အချင်းတို့၊ အဘယ်သို့ထင်ကြသနည်း။ သူသည်ပွဲသို့မလာသလော" ဟု အချင်းချင်းမေးမြန်းကြ၏။

ယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲများသည် အစည်းအဝေးတစ်ရပ်ကိုခေါ်ယူခဲ့သည်။ လာဇရုအားထမြောက်စေပြီးသည့်နောက်ပိုင်းတွင် လူအများသည် ခရစ်တော်အားထောက်ခံခဲ့ကြသဖြင့် ကိုယ်တော်အားဖြောင်ကျကျဖမ်းဆီးလျှင် အန္တရာယ်များကြောင်းထင်ရှားလာပါသည်။ ထိုကြောင့်ကိုယ်တော်ရှင်အား မသိမသာဖမ်းဆီးကြရန်ဆုံးဖြတ်ခဲ့ကြပြီး မိမိတို့၏အကြံအစည်ကိုလည်း မြန်နိုင်သမျှမြန်အောင် အကောင်အထည်ဖော်ကြရန်သဘောတူညီခဲ့ကြပါသည်။ ကိုယ်တော်ရှင်အားအပြစ်ဒဏ်စီရင်ကြောင်းသတင်းကို လူအများသိလာကြသောအချိန်တွင် ထိုလူများ၏မတည်ငြိမ်သောသဘောထားများသည် မိမိတို့အားထောက်ခံလိမ့်မည်ဟုလည်း သူတို့မျှော်လင့်ခဲ့ကြပါသည်။

ဤနည်းအားဖြင့် သခင်ယေရှုအားလုပ်ကြံရန် သူတို့အဆိုတင်သွင်းခဲ့ကြပါသည်။ သို့ရာတွင် လာဇရုအသက်ရှင်နေသမျှကာလပတ်လုံး မိမိတို့၌



လုံခြုံစိတ်ချမှုမရှိကြောင်း သင်္ချိုင်းထဲတွင်လေးရက်လုံးလုံးမြှုပ်နှံသင်္ဂြိုဟ်ခြင်းခံခဲ့ရပြီး သခင်ယေရှု၏နှုတ်တော်ထွက်စကားတစ်လုံးအားဖြင့် ပြန်လည်ထမြောက်လာခဲ့သူတစ်ယောက်အသက်ရှင်လျက်နေခြင်းသည် မကြာမီတွင်တုံ့ပြန်မှုတစ်ခုကိုဖြစ်စေနိုင်ကြောင်း၊ ထိုကဲ့သို့သောနိမိတ်လက္ခဏာတစ်ခုကို ပြုလုပ်နိုင်သူ၏အသက်ကိုလုပ်ကြံခြင်းအတွက် လူထုကြီးသည် ၎င်းတို့၏ခေါင်းဆောင်များအပေါ် ကလဲ့စားချေကြလိမ့်မည်ဖြစ်ကြောင်းစသည့်တို့ကို ယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲများက သိရှိထားကြပါသည်။ ထိုကြောင့် လာဇရုအားအဆုံးစီရင်ပစ်ရန် ဆန်ဟီဒရင်ကောင်စီမှဆုံးဖြတ်လိုက်ပါသည်။ မနာလိုဝန်တိုတတ်သောစိတ်ထားများနှင့် တစ်ဖက်သတ်အထင်လွဲတတ်သောစိတ်ထားများသည် ထိုစိတ်ဓာတ်ပိုင်ရှင်များအား ဤအတိုင်းအတာမျိုးအထိဖြစ်စေခဲ့ပါသည်။ ယုဒခေါင်းဆောင်များ၏မုန်းတီးစိတ်များနှင့် မယုံကြည်မှုများသည် အနန္တတန်ခိုးတော်အားဖြင့် သင်္ချိုင်းထဲမှကယ်ဆယ်ခြင်းခံထားရသည့်သူတစ်ယောက်၏အသက်ကို သတ်ပစ်ရန်အထိပင် တိုးပွားများပြားလာခဲ့ပါသည်။

ယေရုရှလင်မြို့တွင် ထိုအကြံအစည်ကိုကြံစည်နေကြစဉ်တွင် ယေရှုနှင့်သူ၏မိတ်ဆွေများသည် ရှိမုန်၏စားသောက်ပွဲသို့ တက်ရောက်ရန်ဖိတ်ကြားခြင်းကိုခံခဲ့ရပါသည်။ ကယ်တင်ရှင်သည် တစ်ဘက်၌မိမိကိုယ်တိုင်နူနာရောဂါပျောက်ကင်းအောင်ကုသပေးခဲ့ရသူရှိမုန် ကျန်တစ်ဘက်တွင် မိမိကိုယ်တိုင်သေခြင်းမှထမြောက်စေခဲ့သူလာဇရုတို့ခြံရံလျက် စားပွဲတွင်ထိုင်တော်မူခဲ့ပါသည်။ မာသက စားစရာများကိုလိုက်လံထည့်ပေးပြီး မာရိမှာမူ ကိုယ်တော်၏နှုတ်မှထွက်လာသည့်စကားလုံးများကို စိတ်ဝင်တစားနားထောင်လျက်ရှိပါသည်။ သခင်ယေရှုသည် ကရုဏာတော်အားဖြင့် သူမ၏အပြစ်များကိုဖြေလွှတ်တော်မူခဲ့ပြီး သူမ၏မောင်ကိုလည်း သင်္ချိုင်းတွင်းမှပြန်လည်နိုးထစေခဲ့သဖြင့် မာရိသည် ကိုယ်တော်အားအထူးကျေးဇူးတင်လျက်ရှိပါသည်။ မိမိသည် အသေသတ်ခံရဖို့နီးကပ်လာကြောင်း ခရစ်တော်ပြောသည့်စကားများကိုကြားခဲ့ရသဖြင့် သူမသည်အလွန်ချစ်ခင်ရိုသေစွာဖြင့် ကိုယ်တော်အားမိမိရိုသေကိုင်းရှိုင်းကြောင်းကိုဖော်ပြရန် အလွန်ဆန္ဒပြင်းပြခဲ့ပါသည်။ မစား

ရက်မသောက်ရက်စုဆောင်း၍ရရှိသောငွေကလေးနှင့် အလွန်အဖိုးထိုက်တန်သောနာဒုဆီမွှေးတစ်ပုလင်းကို သူမဝယ်ထားပါသည်။ ထိုဆီမွှေးနှင့်ကိုယ်တော်၏ခန္ဓာကိုယ်အားသုတ်လိမ်းပေးရန် ရည်ရွယ်ထားပါသည်။ သို့ရာတွင် ယခုမူကား ကိုယ်တော်သည်မကြာမီတွင် ဘုရင်အဖြစ်ဘိသိက်ခံယူတော့မည်ဖြစ်ကြောင်း လူအများပြောဆိုနေကြသဖြင့် သူမ၏ဝမ်းနည်းပူဆွေးမှုသည် ဝမ်းမြောက်ပျော်ရွှင်မှုအသွင်သို့ ကူးပြောင်းသွားခဲ့ပါသည်။ ၎င်းပြင် သူမ၏သခင်အားဂုဏ်ပြုရာတွင် ပထမဦးဆုံးသောဂုဏ်ပြုသူတစ်ဦးဖြစ်လိုလှသောကြောင့် ယူဆောင်ခဲ့သောဆီမွှေးပုလင်းကိုခွဲ၍ သခင်ခရစ်တော်ခေါင်းတော်ပေါ်မှသည်ခြေတော်မြတ်သို့တိုင် ဆီမွှေးများကိုလောင်းချလိုက်ပြီး မျက်ရည်ကျလျက် ခြေတော်ရင်းတွင်ထိုင်ကာ ကိုယ်တော်၏ခြေတော်ကို သူမ၏ဆံပင်နှင့်သုတ်ခဲ့ပါသည်။

မိမိ၏လုပ်ဆောင်မှုကို အခြားသူများမမြင်စေအောင်ကြိုးစားလုပ်ဆောင်ခဲ့သဖြင့် ၎င်း၏လှုပ်ရှားမှုကို အခြားသူများသတိမပြုမိကြသော်လည်း သွန်းလောင်းလိုက်သောနာဒုဆီမွှေးများသည် တစ်ခန်းလုံးကိုမွှေးကြိုင်သွားစေပြီး သူမ၏လုပ်ရပ်ကိုအခန်းထဲတွင်ရှိသူအားလုံးသိသွားအောင် ကြေညာလိုက်ပါသည်။ ယုဒရှကာရုတ်သည် ဤလုပ်ရပ်ကိုမနှစ်မြို့သောမျက်နှာထားနှင့်ကြည့်လိုက်ပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ခရစ်တော်၏တုံ့ပြန်ချက်ကိုနားထောင်ရန်စောင့်ဆိုင်းရမည့်အစား ထိုကဲ့သို့သောဖြုန်းတီးမှုကိုဘာမှမဆုံးမဟူ၍ ခရစ်တော်အားအပြစ်တင်သည့်သဘောဖြင့် ၎င်းသည် အနီးတွင်ရှိနေသောသူများအားမြည်တွန်တောက်တီးသည့်စကားများကို စတင်၍ပြောဆိုပါတော့သည်။ သူသည်ခရစ်တော်အပေါ် မေတ္တာပျက်တန်ရာသောအကြံပေးစကားများကိုလည်းပြောဆိုခဲ့ကြပါသည်။

ယုဒသည်တမန်တော်များထဲတွင် ဘဏ္ဍာရေးမှူးတစ်ဦးဖြစ်ပြီး ဘဏ္ဍာငွေအနည်းငယ်ကို မိမိကိုယ်ကျိုးအတွက်လျှို့ဝှက်စွာအသုံးပြုခဲ့ပါသည်။ ထိုကြောင့် ၎င်းတို့၏ရန်ပုံငွေသည် မလောက်မငသည့်အခြေအနေသို့ ဆိုက်ရောက်



သွားခဲ့ပါသည်။ သူသည် ရရှိသမျှသောအလှူဘဏ္ဍာငွေများကို မိမိအိတ်ထဲသို့အားလုံးထည့်ချင်သောသူဖြစ်ပါသည်။ သူ၏အိတ်ထဲတွင်ရောက်ရှိနေသောဘဏ္ဍာငွေများကို ဆင်းရဲသားများအားမစရန် မကြာခဏအသုံးပြုခဲ့သော်လည်း အချို့ပေးကမ်းမှုများကို အမှန်တကယ်လိုအပ်သောအရာမဟုတ်ဟု ယုဒထင်မြင်ပါလျှင် ဘာကြောင့်ဖြုန်းတီးပစ်ရတာလဲ၊ ဆင်းရဲသားများကိုမစမှုပြုနေသည့်ဘဏ္ဍာငွေများထည့်သည့် ငါ့အိတ်ထဲသို့အဘယ်ကြောင့်ထိုငွေများကိုမထည့်ကြသလဲ ဟုသူမေးတတ်ပါသည်။ ယခုတွင် မာရိ၏အပြုအမူများသည် ၎င်းအားအရှက်ရစေခဲ့သော အတ္တစိတ်ထားနှင့်ထင်ထင်ရှားရှားကွဲပြားခြားနားနေပါသည်။ ၎င်း၏အကျင့်အတိုင်း သူမ၏လက်ဆောင်မွန်နှင့်ပတ်သက်၍ ၎င်း၏ကန့်ကွက်ချက်အတွက်သင့်လျော်သောသဘောထားကိုဖော်ပြရန် ကြိုးစားခဲ့ပါသည်။ ထိုကြောင့် ကျန်တမန်တော်များဘက်သို့လှည့်၍၎င်းက “ထိုဆီမွှေးကိုဒေနာရိအပြားသုံးရာအဖိုးနှင့်ရောင်း၍ ဆင်းရဲသားတို့အားအဘယ်ကြောင့်မပေးသနည်း” ဟုဆို၏။ ထိုသို့ဆိုသော် ဆင်းရဲသောသူအကျိုးကိုထောက်၍ဆိုသည်မဟုတ်၊ မိမိသည်သူခိုးဖြစ်လျက် တပည့်တော်များသုံးရန်ငွေအိတ်ကိုဆောင်၍ နှိုက်ယူတတ်သောကြောင့်သာဆိုသတည်း။ “ယုဒသည်ဆင်းရဲသားများအပေါ်မေတ္တာထားသောသူတစ်ဦးမဟုတ်ပါချေ။ မာရိသည်သူမ၏ဆီမွှေးကိုရောင်း၍ရသည့်ငွေများကိုပေးလှူခဲ့မည်ဆိုလျှင်လည်း သူပိုင်ပစ္စည်းဥစ္စာများသာတိုးပွားလာမည်ဖြစ်ပြီး ဆင်းရဲသားများအနေဖြင့် မည်သည့်အကျိုးကိုမျှခံစားရလိမ့်မည်မဟုတ်ချေ။

ယုဒသည် မိမိ၏စီမံဆောင်ရွက်တတ်သောစွမ်းရည်အပေါ် အထင်ကြီးနေသူတစ်ဦးဖြစ်ပြီး မိမိသည်ဘဏ္ဍာရေး၌ကျွမ်းကျင်သူတစ်ဦးဖြစ်သဖြင့် အခြားတပည့်တော်များထက်သာသည်ဟု အထင်ရှိနေပါသည်။ ကျန်တပည့်တော်များအား ထိုကဲ့သို့မြင်ရန်လည်း သူသွေးဆောင်ခဲ့ပါသည်။ ထိုကြောင့် သူသည် ထိုတမန်တော်များ၏ယုံကြည်စိတ်ချမှုကိုခံ၍ အားလုံးအပေါ်တွင် ဩဇာတိက္ကမရှိခဲ့ပါသည်။ ဆင်းရဲသားများကို ကိုယ်ချင်းစာနာသည်ဟူ၍ပြောဆိုကာ ၎င်းတို့အားလှည့်ဖြားခဲ့ပါသည်။ ပညာသားပါလှသောသူ၏အယုံသွင်း

မှုကြောင့် ကျန်တမန်တော်များသည် မာရိ၏ဆက်ကပ်မှုအပေါ်မယုံကြည်သည့်သဘောဖြင့် ကြည့်ခဲ့ကြပါသည်။ အဘယ်ကြောင့်အကျိုးမဲ့ဆုံးရှုံးစေသနည်း။ ထိုဆီမွှေးကိုအဖိုးများစွာနှင့်ရောင်း၍ ဆင်းရဲသောသူတို့အားပေးစရာကောင်းသည်ဟူသော ညည်းတွားသံသည်လည်း စားသောက်ပွဲကျင်းပနေသည့်စားပွဲတွင်လွင့်ပျံ့လာခဲ့ပါသည်။

မာရိသည် ထိုဝေဖန်ပြစ်တင်သံများကိုကြားခဲ့ရာ စိတ်နှလုံးတုန်လှုပ်ချောက်ချားခဲ့ရပြီး မာသကမိမိ၏လက်ဖွာမှုအတွက် အပြစ်တင်မှာကိုလည်း စိုးရိမ်လာခဲ့ပါသည်။ သခင်ဘုရားအနေနှင့်လည်း သူမအားအသုံးအစွဲမကျစ်လျစ်ဟု ထင်ကောင်းထင်မည်ကို သူမစိုးရိမ်ပါသည်။ သူမသည်တောင်းပန်ခြင်း၊ ဆင်ခြင်ပေးခြင်းမပြုဘဲ ဝေးရာသို့ရှောင်ပြေးတော့မည်အပြုတွင် "ထိုမိန်းမကိုရှိစေတော့၊ အဘယ်ကြောင့်နှောင့်ယှက်ကြသနည်း" ဟူသောသခင်ဘုရား၏အသံတော်ကို သူမကြားခဲ့ရပါသည်။ ရှက်ကိုးရှက်ကန်းဖြစ်ကာစိတ်နှလုံးပူဆွေးနေသည့်သူမ၏အခြေအနေကိုလည်း ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ အလုပ်အကျွေးပြုသော ဤအပြုအမူအားဖြင့် မိမိ၏အပြစ်များကိုခွင့်လွှတ်ခဲ့ခြင်းအတွက်ကျေးဇူးတင်ကြောင်း သူမထုတ်ဖော်နေသည်ကိုကိုယ်တော်သိရှိတော်မူ၍ သူမ၏စိတ်နှလုံးအားသက်သာခွင့်ပေးခဲ့ပါသည်။ ဝေဖန်ပြစ်တင်သံများကိုဖုံးသွားစေရန် အသံတော်ကိုမြှင့်၍ "သူသည်ငါ၌ကောင်းသောအမှုကိုပြုပြီ၊ ဆင်းရဲသောသူတို့သည် သင်တို့၌အစဉ်ရှိကြ၏၊ သင်တို့အလိုရှိသည့်အတိုင်း သူတို့၌အစဉ်ကျေးဇူးပြုနိုင်၏။ ငါမူကား၊ သင်တို့၌အစဉ်ရှိသည်မဟုတ်၊ ဤမိန်းမသည်တတ်နိုင်သမျှပြုပြီ၊ ငါ့အလောင်းကိုသင်္ဂြိုဟ်မည်ဟုပြင်ဆင်ခြင်းငှာ ငါ့ကိုယ်ကိုဆီမွှေးနှင့်လူးနှင့်သတည်း" ဟုမိန့်တော်မူ၏။

မာရိသည်ကိုယ်တော်ရှင်၏အလောင်းအား ဖောဖောသီသီလောင်းလှူရန်စုသိမ်းထားသည့်ဆီမွှေးများကို ကိုယ်တော်၏အသက်ရှင်လျက်ရှိသောခန္ဓာကိုယ်ပေါ်မှာလောင်းချခဲ့ပါသည်။ သင်္ဂြိုဟ်သောအခါတွင် သင်္ချိုင်းဂူ၌ ထိုဆီမွှေး၏မွှေးရနံ့များသည်ပျံ့နှံ့နိုင်သည်မကဘဲ ယခုတွင်လည်းကိုယ်တော်၏



စိတ်နှလုံးတော်တွင် သူမ၏ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာများအတွက်စိတ်ချခြင်းနှင့်အတူ ဝမ်းမြောက်ပီတိဖြစ်တော်မူခဲ့ရပါသည်။ အရိမသဲမြို့သားယောသပ်နှင့်နိကောဒင်တို့သည် ကိုယ်တော်အသက်ရှင်စဉ်တွင် မေတ္တာပြသည့်အနေဖြင့် ထိုကဲ့သို့သောလက်ဆောင်မွန်မျိုးကိုမပေးဆပ်ခဲ့ရချေ။ အေးစက်နေပြီးအသက်မရှိတော့သည့် ကိုယ်တော်၏ရုပ်ကလာပ်ကြီးအတွက်သာ အဖိုးထိုက်တန်သည့်အမွှေးနံ့သာများကို ခါးသီးသောမျက်ရည်များကျလျက် သူတို့ပူဇော်ခဲ့ရပါသည်။ သင်္ချိုင်းတော်သို့အမွှေးနံ့သာများယူဆောင်လာကြသည့်အမျိုးများအနေဖြင့် ထိုသူတို့ခိုင်းစေသည့်အရာများသည် အချည်းနှီးဖြစ်ကြောင်းတွေ့ခဲ့ရပါသည်။ အကြောင်းမှာ ကိုယ်တော်သည်ထမြောက်တော်မူပြီ၊ သို့ရာတွင်မာရိမူကား မိမိ၏ဆက်ကပ်ပူဇော်ခြင်းကို ခံစားသိရှိနိုင်သောအချိန်တွင် ကယ်တင်ရှင်အပေါ်မှာ မေတ္တာရည်များကိုသွန်းလောင်းခြင်းဖြင့် သင်္ဂြိုဟ်ရန်အတွက်ပြင်ဆင်ခြင်းငှာ ကိုယ်တော်ရှင်အားဆီမွှေးနှင့်လူးလျက်ရှိပါသည်။ ကိုယ်တော်သည် ဒုက္ခဆင်းရဲခြင်းခံစားရသောအချိန်များတွင် မိမိမစကယ်တင်ခဲ့သူများထံမှ အမြဲတမ်းမိမိရရှိမည့် ထိုကဲ့သို့သောမေတ္တာတရားနှင့်ပြည့်ဝသည့်စိတ်အားကြီးမှုများကို ပြန်လည်သတိရတော်မူခဲ့ပါသည်။

လူများစွာတို့သည် အဖိုးတန်လက်ဆောင်ပစ္စည်းများကို လူသေကောင်များအတွက် ယူဆောင်လာတတ်ကြပါသည်။ သူတို့သည်အေးစက်ငြိမ်သက်နေသောအလောင်းများဘက်သို့လှည့်၍ရပ်ကာ မေတ္တာစကားများကို အတားအဆီးမရှိပြောတတ်ကြပါသည်။ မမြင်နိုင်၊ မကြားနိုင်တော့သည့်ပုဂ္ဂိုလ်တစ်ဦးအပေါ်သို့ ချစ်ခင်ယုယမှုများ၊ အလေးအမြတ်ပြုခြင်းများနှင့်ဆက်ကပ်ပူဇော်ခြင်းများကို အလျှံပယ်ဖော်ပြတတ်ကြပါသည်။ ဤစကားများကိုအထူးတောင့်တနေကြသည့် ပင်ပန်းသောကရောက်လျက်ရှိသူများထံသို့သွား၍ပြောလိုက်မည်ဆိုလျှင် နားကြားနိုင်သေးသောအချိန်၊ စိတ်နှလုံးခံစားနိုင်သေးသည့်အချိန်တွင် ဤစကားများကိုဖွင့်ဟခဲ့မည်ဆိုလျှင် ၎င်းတို့၏ကောင်းသောလုပ်ရပ်များသည် မည်မျှအဖိုးထိုက်တန်လိုက်မည်နည်း။

မာရိသည်မိမိမေတ္တာလုပ်ရပ်၏အရေးပါပုံကို ပြည့်ပြည့်စုံစုံမသိခဲ့ချေ။ ထိုကြောင့် မိမိသည်ခရစ်တော်အားဆီမွှေးဖြင့်လူးပေးရန် ဤအချိန်ဤအခါကို

အဘယ်ကြောင့်ရွေးချယ်ရသည်ကို ပြစ်တင်စွပ်စွဲလာသူများအား မည်သို့မှ မရှင်းလင်းမဖြေဆိုနိုင်ခဲ့ချေ။ သန့်ရှင်းသောဝိညာဉ်တော်သည် သူမအတွက် စီမံပေးတော်မူခဲ့သဖြင့် သူမသည်ဝိညာဉ်တော်၏ပဲ့ပြင်မှုများကို လိုက်နာလုပ်ဆောင်ခဲ့ရပါသည်။ ထိုပဲ့ပြင်မှုကိုအကြောင်းပြချက်တစ်စုံတစ်ရာပြ၍ ပဲ့ပြင်ခြင်းမဟုတ်ပါ။ မျက်မြင်မရသောဝိညာဉ်တော်သည် ထိုပုဂ္ဂိုလ်နှင့်အတူရှိတော်မူ၍ ၎င်းစိတ်ဝိညာဉ်အားမိန့်မြွက်တော်မူပါသည်။ ထိုနောက်မိန့်မြွက်သည့်အတိုင်းလုပ်ဆောင်ရန် စိတ်နှလုံးကိုလှုပ်ရှားပေးတော်မူ၏။ သူမ၏လုပ်ဆောင်မှုသည် ဝိညာဉ်တော်၏လှုံ့ဆော်မှုမှန်ကန်ကြောင်း ထင်ရှားစေသည့်အချက်ဖြစ်ပါသည်။

ခရစ်တော်သည် သူမလုပ်ဆောင်မှုများ၏အနက်အဓိပ္ပါယ်ကို မာရိအားပြောပြတော်မူပါသည်။ ဤတွင်ကိုယ်တော်သည် မိမိလက်ခံရရှိသည်ထက်ပို၍သူမအားပေးတော်မူခဲ့ပါသည်။ "ဤဆီမွှေးကို ငါ့ကိုယ်အပေါ်၌သွန်းလောင်းသည်မှာ ငါ့အလောင်းကိုသင်္ဂြိုဟ်မည်ဟု ပြင်ဆင်ခြင်းငှာပြုသတည်း" ဟု ကိုယ်တော်မိန့်တော်မူ၏။ နာဒုဆီမွှေးထည့်ထားသည့်ကျောက်ဖြူခွက်ကိုခွဲလိုက်သဖြင့် တစ်ခန်းလုံးတွင် မွှေးရနံ့များနှင့်သင်းပျံ့သွားခဲ့ပါသည်။ ထိုနည်းအတူခရစ်တော်သည် အသေသတ်ခံရန်ကိုယ်ခန္ဓာတော်ကိုချိုးဖဲ့ခြင်းခံရသော်လည်း သင်္ချိုင်းတွင်းမှရှင်ပြန်ထမြောက်ခဲ့ခြင်းအားဖြင့် ကိုယ်တော့်အသက်တာ၏ရနံ့များသည် တစ်လောကလုံးကိုသင်းပျံ့စေခဲ့ပါသည်။ "ခရစ်တော်သည် ငါတို့ကိုချစ်တော်မူသောအားဖြင့် ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှာ ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက် ငါတို့အတွက်စွန့်တော်မူသည်။" ဧဖက် ၅း၂။

"ငါအမှန်အကန်ဆိုသည်ကား ဧဝံဂေလိတရားကိုမြေတစ်ပြင်လုံးတွင်ဟောပြောသောအရပ်ရပ်တို့၌ ဤမိန်းမကိုအောက်မေ့စရာဖို့ သူပြုသောဤအမှုကိုကြားပြောကြရလတ္တံ့" ဟု ကိုယ်တော်မိန့်တော်မူ၏။ ခရစ်တော်သည် အနာဂတ်ကိုမျှော်ကြည့်၍၊ ဧဝံဂေလိတရားတော်နှင့်ပတ်သက်၍ ထပ်ဆင့်မိန့်မှာတော်မူခဲ့ပါသည်။ ထိုတရားတော်ကို လောကီနိုင်ငံအရပ်ရပ်တွင်ဟောကြား





ရန်ဖြစ်ပြီး ထိုသို့ဟောကြားသည့်နေရာတိုင်းတွင် မာရိပေးခဲ့သောလက်ဆောင်မွန်အားဖြင့် သင်းရနံ့များကိုမွှေးကြိုင်စေ၍ သူမ၏သဘာဝကျသောလုပ်ရပ်အားဖြင့် စိတ်နှလုံးများအားကောင်းချီးမင်္ဂလာခံစားစေရန်ဖြစ်ပါသည်။ တိုင်းနိုင်ငံများသည်ပေါ်ထွန်းကြပြီးနောက် ပျက်သုဉ်းသွားကြပြန်ပါသည်။ ၎င်းတို့၏ဘုရင်များ၏ဘွဲ့နာမများကို လူအများမေ့ပျောက်သွားကြမည်ဖြစ်သော်လည်း ဤအမျိုးသမီး၏လုပ်ရပ်သည် သန့်ရှင်းသောသမိုင်းစဉ်၏စာမျက်နှာများပေါ်တွင် ထာဝစဉ်တည်မြဲနေလိမ့်မည်ဖြစ်ပါသည်။ ဤနာဒုဆီမွှေးဘူးကလေးသည် ကမ္ဘာ့နောက်ဆုံးနေ့ရက်တိုင်အောင် အပြစ်တွင်ကျဆုံးနေသည့်လူသားများအပေါ်ထားရှိသည့် ကြွယ်ဝသောဘုရားသခင်၏မေတ္တာတော်အကြောင်းကို ပြောပြနေပါလိမ့်မည်။

မာရိ၏ပြုမူဆောင်ရွက်မှုများသည် လုပ်ဆောင်မည့်ဆဲဆဲဖြစ်သည့်ယုဒရှကာရုတ်၏ပြုမူချက်များနှင့်လုံးဝကွဲပြားခြားနားနေပါသည်။ တမန်တော်များ၏စိတ်နှလုံးထဲတွင် မကောင်းသောအတွေးအခေါ်များနှင့် ပြစ်တင်ဝေဖန်တတ်သည့်စိတ်ထားမျိုးစေ့ကြဲခဲ့သူအား ခရစ်တော်သည် ပြင်းထန်စွာဆိုဆုံးမလိုက ဆိုဆုံးမနိုင်ပါသည်။ တရားခံကိုတရားစွဲဆိုခြင်းသည် အလွန်တရားမျှတမှုရှိသည်ဟုဆိုနိုင်ပါသည်။ နှလုံးသားတိုင်း၏အကြံအစည်များကိုသိတော်မူ၍ လုပ်ဆောင်မှုတိုင်းအား တတ်သိနားလည်တော်မူသောကိုယ်တော်သည် ထိုစားသောက်ပွဲတွင်တက်ရောက်နေကြသူများရှေ့၌ ယုဒ၏ဆိုးညစ်မှုများကိုဖော်ပြမည်ဆိုလျှင် ဖော်ပြနိုင်တော်မူပါသည်။ ထိုသစ္စာဖောက်ပြောသောစကားများ၏အခြေခံဖြစ်သောဟန်ဆောင်မှုများကိုလည်း ထုတ်ဖော်နိုင်တော်မူပါသည်။ အကြောင်းမှာ သူသည်ဆင်းရဲသားများကိုကိုယ်ချင်းစာရမည့်အစား ဆင်းရဲသားများအားမစဖို့ပေးလှူထားသည့်အလှူငွေများကို လုယူလျက်ရှိပါသည်။ မုဆိုးမများ၊ မိဘမဲ့ကလေးများနှင့်ငှားရမ်းထားသောအလုပ်သမားများအပေါ် ဖိနှိပ်ညှဉ်းပန်းခြင်းအတွက် သူ့အပေါ်အမျက်ဒေါသထွက်မည်ဆိုလျှင်ထွက်နိုင်ပါသည်။ သို့ရာတွင် ခရစ်တော်သည်ယုဒအား ဇာတိရုပ်မှန်ပေါ်စေခဲ့မည်ဆိုလျှင် ထိုအကြောင်းကြောင့်သူသည် ခရစ်တော်အားအပ်နှံခဲ့ရပါသည်ဟု အကြောင်းပြပေလိမ့်မည်။ သူခိုးတစ်ဦးဟု စွပ်စွဲခံခဲ့ရသော်လည်း ယုဒ

သည့်တမန်တော်များ၏အလယ်တွင် ချစ်ခင်ကြင်နာမှုကိုခံခဲ့ရပါသည်။ ကယ်တင်ရှင်သည် ၎င်းအားပြစ်တင်ဆုံးမမှုမပြုခြင်းအားဖြင့် ၎င်း၏သစ္စာဖောက်ခြင်းအတွက် ဆင်ခြင်မပေးနိုင်ရန် ရှောင်ရှားတော်မူခဲ့ပါသည်။

သို့သော် ကိုယ်တော်သည် ယုဒ၏လျှို့ဝှက်မှုများကိုသိရှိကြောင်းနှင့် ၎င်း၏ယုတ်ညံ့၍ စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအကျင့်စာရိတ္တကိုအကဲခတ်မိကြောင်းများကို ယေရှုရှင်၏အကြည့်အားဖြင့် ၎င်းအားသဘောပေါက်စေပါသည်။ ပြင်းပြင်းထန်ထန်ပြစ်တင်ဝေဖန်ခံရသည့် မာရိ၏ပြုမူဆောင်ရွက်မှုများကိုချီးမွမ်းခြင်းအားဖြင့် ယုဒအားဆိုဆုံးမတော်မူခဲ့ပါသည်။ ကယ်တင်ရှင်သည် ယခင်က ယခုကဲ့သို့တစ်ခါမျှတိုက်ရိုက်မဆုံးမခဲ့ဖူးချေ။ ယခုတွင်မူကားထိုဆုံးမစကားသည် ယုဒ၏စိတ်နှလုံးထဲတွင် နာကြည်းစိတ်များကိုဖြစ်စေခဲ့ပါသည်။ ထိုကြောင့်ကလဲ့စားချေရန် သူဆုံးဖြတ်ခဲ့ပါသည်။ သူသည်ညစာစားနေသည့်နေရာမှ ဖာရိရှဲများနှင့်ယုဒအကြီးအကဲများအစည်းအဝေးကျင်းပနေသော ယဇ်ပုရောဟိတ်မင်းကြီး၏နေအိမ်နန်းတော်သို့ တိုက်ရိုက်သွားခဲ့ပြီး ကိုယ်တော်အား သူတို့လက်တွင်အပ်နှံပေးမည့်အကြောင်းကမ်းလှမ်းခဲ့ပါသည်။

ထိုသူများသည် ထိုသတင်းကိုကြားရသောအခါ အလွန်အားရဝမ်းမြောက်ခဲ့ကြပါသည်။ ခရစ်တော်အား၎င်းတို့၏ကယ်တင်ရှင်အဖြစ် ရွှေငွေအဖိုးအခပေးစရာမလိုဘဲ လက်ခံရယူနိုင်သည့်အခွင့်အရေးကို ဤယုဒခေါင်းဆောင်ကြီးများအား ပေးအပ်ထားခဲ့ပြီးဖြစ်ပါသည်။ အနိုင်အထက်ပြုသည့်မေတ္တာတော်၏နူးညံ့သိမ်မွေ့သောစိတ်သဘောထားဖြင့်ပေးတော်မူခဲ့သော အဖိုးတန်လက်ဆောင်မွန်ကို သူတို့ငြင်းပယ်ခဲ့ကြပါသည်။ ရွှေစင်ထက်အဖိုးထိုက်သော ကယ်တင်ခြင်းဆုကျေးဇူးကိုလက်ခံရန် သူတို့ငြင်းဆိုခဲ့ကြပြီး သခင်ဘုရားကိုငွေသုံးဆယ်ဖြင့်ဝယ်ခဲ့ကြပါသည်။ ယုဒသည် ၎င်း၏စာရိတ္တမှ ကောင်းသောထူးခြားချက်တိုင်းကို လွှမ်းမိုးသွားသည်အထိ ဥစ္စာခနေများကိုတပ်မက်လွန်းခဲ့ပါသည်။ သခင်ယေရှုအားဆက်ကပ်ခဲ့သောအလှူဒါနများအတွက် သူတွန့်တိုခဲ့ပါသည်။ ကယ်တင်ရှင်သခင်ယေရှုသည် လောကမင်းစိုးရာဇာများနှင့်သာထိုက်တန်သောလက်ဆောင်မွန်တစ်ခုကို လက်ခံသူဖြစ်သည်ဟူ၍ သူ၏



စိတ်နှလုံးထဲတွင် မနာလိုမှုများတောက်လောင်နေပါသည်။ သူသည်နာဒုဆီမွှေးတစ်ပုလင်း၏တန်ဖိုးထက် များစွာနည်းပါးသည့်အဖိုးကလေးနှင့် မိမိ၏သခင်အားအပ်နှံခဲ့ပါသည်။

အခြားတမန်တော်များသည် ယုဒနှင့်မတူကြဘဲ ကယ်တင်ရှင်အားချစ်ခင်ကြပါသည်။ သို့သော်လည်း သူတို့သည် ကိုယ်တော်၏မြင့်မားလှသည့်စာရိတ္တတော်ကိုမှန်ကန်စွာ အလေးမြတ်မပြုခဲ့ကြချေ။ မိမိတို့အတွက် ကိုယ်တော်ပြုတော်မူခဲ့သည့်အရာကို သူတို့သိရှိနားလည်ကြမည်ဆိုလျှင် မိမိတို့အားပေးသနားသည့်မည်သည့်အရာမဆို အလဟဿမဖြစ်ဟု သူတို့သိရှိခဲ့ကြပေလိမ့်မည်။ ခရစ်တော်၏အကြောင်းကို အနည်းငယ်မျှသာသိရှိခဲ့သော အရှေ့ပြည်မှပညာရှိများသည် ကိုယ်တော်အားပြုသင့်သည့်ရိုသေလေးမြတ်မှုများကိုပြသခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်အားလက်ဆောင်ပေးရန် အဖိုးတန်ပစ္စည်းများကိုယူဆောင်ခဲ့ကြပြီး နွားစားခွက်ထဲတွင်သိပ်ထားခြင်းခံရသောကလေးငယ်တစ်ဦးသာဖြစ်သည့် ကိုယ်တော်ရှေ့တွင်ဦးညွှတ်ကာ အရိုအသေပေးခဲ့ကြပါသည်။

စိတ်နှလုံးပါသည့်ယဉ်ကျေးပျူငှာသောအပြုအမူများကို ခရစ်တော်တန်ဖိုးထားတော်မူပါသည်။ ကိုယ်တော်ရှင်အားကျေးဇူးပြုသည့်လူတိုင်းအားမြင့်မြတ်သောယဉ်ကျေးသိမ်မွေ့မှုများဖြင့် ကောင်းချီးသွန်းလောင်းတော်မူပါသည်။ မသိနားမလည်သည့်ကလေးတစ်ဦး၏လက်နှင့်ခူးကာ မေတ္တာတရားရှေ့ထားပြီးပေးလှူသည့် ရိုးရိုးပန်းတစ်ပွင့်ကိုပင် လက်ခံရန်ကိုယ်တော်မငြင်းဆိုပါ။ ကိုယ်တော်သည် ကလေးငယ်များပေးလှူသောအရာများကိုလက်ခံတော်မူ၍ အလှူရှင်များကိုကောင်းချီးပေးကာ အသက်စာစောင်တွင် ၎င်းတို့၏အမည်များကိုရေးသွင်းတော်မူပါသည်။ ကျမ်းစာတော်မြတ်တွင် သခင်ယေရှုအားဆီမွှေးနှင့်လူးပေးခဲ့သောမာရိအား အခြားမာရိများနှင့်အထူးခြားနားစွာဖော်ပြထားပါသည်။ ခရစ်တော်အားကြောက်ချစ်ရိုသေခြင်းကြောင့် လုပ်ဆောင်သည့်အပြုအမူများသည် ကိုယ်တော်အားဘုရားသခင်၏သားတော်ဖြစ်သည်ဟုယုံကြည်ကြောင်းအထောက်အထားတစ်ခုဖြစ်ပါသည်။ ခရစ်တော်အပေါ်

ထိုအမျိုးသမီးထားရှိသည့်သစ္စာစောင့်သိမှုအတွက် သက်သေအထောက်အထားများအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကဖော်ပြထားသည်မှာ "အကယ်၍ သူမသည် သန့်ရှင်းသူတို့၏ခြေကိုဆေးလျှင်၊ ဆင်းရဲသောသူတို့ကိုလုပ်ကျွေးလျှင်၊ ကောင်းသောအမှုရှိသမျှတို့၌ ကြိုးစားအားထုတ်လျှင်" ထိုအရာများသည် ၎င်း၏သစ္စာစောင့်သိမှုအတွက် အထောက်အထားများဖြစ်သည်ဟူ၏။ ၁တိ ၅း၁၀။

မိမိသခင်၏အလိုတော်အတိုင်းလုပ်ဆောင်ရန် စိတ်အားထက်သန်သောမာရိ၏ဆန္ဒကို ခရစ်တော်နှစ်သက်တော်မူခဲ့ပါသည်။ တမန်တော်များအနေဖြင့် နားမလည်ခဲ့သည့်ပြင် နောင်တွင်လည်းနားလည်လိမ့်မည်မဟုတ်သော သန့်စင်သောမေတ္တာ၏ကြွယ်ဝခြင်းကို ကိုယ်တော်လက်ခံတော်မူခဲ့ပါသည်။ မိမိသခင်အတွက် ဤကဲ့သို့လှူဒါန်းဆက်ကပ်လိုသောမာရိ၏ဆန္ဒသည် ကမ္ဘာပေါ်ရှိအဖိုးထိုက်တန်လှသည့်ဆီမွှေးများထက် ခရစ်တော်အတွက်တန်ဖိုးရှိပါသည်။ အကြောင်းမူကား ထိုဆန္ဒသည် ကမ္ဘာ့ကယ်တင်ရှင်အပေါ်ထားရှိသည့် မိမိ၏မွန်မြတ်သောသဘောထားကိုဖော်ပြခဲ့သောကြောင့်ဖြစ်ပါသည်။ ခရစ်တော်၏မေတ္တာတော်သည် သူမအားအနိုင်အထက်ပြုခဲ့ပါသည်။ ခရစ်တော်အတုမရှိကောင်းမြတ်လှသောစာရိတ္တတော်သည် သူမ၏အသက်ဝိညာဉ်၌ ပြည့်ဝစေခဲ့ပါသည်။ ဤဆီမွှေးသည် အလှူရှင်စိတ်နှလုံး၏အထိမ်းအမှတ်တစ်ခုဖြစ်ခဲ့ပါသည်။ ထိုအရာသည် ယိုစီးလာသည်အထိ ကောင်းကင်မှစမ်းရေပေါက်များနှင့်ပက်ဖျန်းခြင်းခံရသည့် မေတ္တာ၏အပြင်ပန်းသရုပ်ပြမှုတစ်ခုဖြစ်ပါသည်။

မာရိ၏ဤလုပ်ဆောင်မှုသည် ခရစ်တော်အားစိတ်နှလုံးကြည်နူးစေခဲ့ပါသည်။ ထိုအရာသည် ကိုယ်တော့်အပေါ်ထားရှိသည့် မိမိတို့၏မေတ္တာကိုဖော်ပြခြင်းတည်းဟူသော တမန်တော်များကျင့်သုံးရန်လိုအပ်နေသည့် သင်ခန်းစာတစ်ခုလည်းဖြစ်ပါသည်။ ကိုယ်တော်သည် ၎င်းတို့အတွက် ပဓာနကျသောပုဂ္ဂိုလ်တစ်ပါးဖြစ်ပါသည်။ ၎င်းပြင်သူတို့သည် မကြာမီတွင် ကိုယ်တော်အားတွေ့နိုင်ကြတော့မည်မဟုတ်ကြောင်း၊ မကြာမီတွင် ကိုယ်တော်၏မဟာမေတ္တာတော်အတွက် မည်သည့်ကျေးဇူးတုံ့ပြန်မှုကိုမျှလုပ်နိုင်ကြတော့မည်မဟုတ်



ကြောင်းစသည်တို့ကို သူတို့မသိရှိခဲ့ကြချေ။ ကောင်းကင်ရွှေနန်းတော်ကိုစွန့်ခွာ၍ လူသားတစ်ဦးအဖြစ်အသက်ရှင်ခဲ့ရသော ခရစ်တော်၏အထီးကျန်ဘဝကို တမန်တော်များသည် နားလည်သင့်သလောက်နားမလည်ချေ။ အလေးအမြတ်ပြုသင့်သလောက်လည်းမပြုခဲ့ကြချေ။ တမန်တော်များသည် ကိုယ်တော်ရှင်အားပြုသင့်သည့်ဝတ်ကိုမပြုကြသည့်အတွက် ကိုယ်တော်သည်မကြာခဏစိတ်နှလုံးပူဆွေးတော်မူခဲ့ရပါသည်။ သူတို့သည် မိမိနှင့်အတူတကွလိုက်ပါလာကြသည့်ကောင်းကင်တမန်များ၏စိုးမိုးမှုအောက်တွင် ရှိနေခဲ့ကြမည်ဆိုလျှင် နှလုံးသားထဲတွင်ရှိသောချစ်ခြင်းမေတ္တာများကိုဖော်ပြရန် မည်သည့်ပူဇော်သကာ၌မျှ လုံလောက်သောတန်ရာတန်ဖိုးမရှိကြောင်းကို စဉ်းစားမိကြပါလိမ့်မည်။

သူတို့သည် နောက်ပိုင်းအတွေ့အကြုံများအရ ခရစ်တော်အပေါ်မိမိတို့ဆောင်ရွက်ပြီးစီးရမည့်အရာများနှင့်ပတ်သက်၍ အမြင်မှန်ရခဲ့ကြပါသည်။ ထိုအရာများမှာ ခရစ်တော်သည် မိမိတို့၏အနီးအပါးတွင်ရှိနေစဉ် မိမိတို့၏နှလုံးသားမှပေါက်ဖွားလာသည့် ချစ်ခြင်းမေတ္တာများနှင့်ကျေးဇူးတင်ခြင်းများကို ဖော်ပြရန်ပင်ဖြစ်ပါသည်။ ခရစ်တော်သည် ၎င်းတို့နှင့်အတူမရှိတော့သောအချိန်တွင် သူတို့သည် သိုးထိန်းမရှိသောသိုးစုနှယ် ခံစားလာကြရပြီး ကိုယ်တော်ရှင်၏စိတ်နှလုံးကို ပီတိဖြစ်စေခဲ့သည့် မိမိတို့မဖော်ပြမိခဲ့ကြသောအလေးတယူမှုများကို သူတို့စတင်ရှုမြင်လာခဲ့ကြပါသည်။ သူတို့သည် မာရိအားအပြစ်မတင်ကြတော့ဘဲ ကိုယ့်ကိုကိုယ်သာအပြစ်တင်ခဲ့ကြပါသည်။ ထိုလက်ဆောင်မွန်နှင့်ပတ်သက်၍ ခရစ်တော်ထက်ဆင်းရဲသားသည် ပိုမိုထိုက်တန်သည်ဟူသော မိမိတို့၏တင်ပြချက်ကို သူတို့ပြန်လည်ရုပ်သိမ်းနိုင်ခဲ့မည်ဆိုလျှင် မည်မျှကောင်းလိမ့်မည်နည်း။ ထိုတမန်တော်များသည် ကြေမွနေသောခရစ်တော်၏အလောင်းကို ကပ်တိုင်မှပြန်၍သယ်ဆောင်ခဲ့ကြစဉ်က မိမိတို့၏လုံးလုံးမှားယွင်းသောလုပ်ရပ်များအတွက် ပြင်းပြစွာခံစားခဲ့ကြရပါသည်။

ထိုကဲ့သို့သောစိတ်ဓာတ်မျိုးသည် ယနေ့ကမ္ဘာတွင်လည်းလိုအပ်လျက်ရှိကြောင်းထင်ရှားနေပါသည်။ သို့ရာတွင် လူအနည်းစုကသာ မိမိတို့အပေါ်

ခရစ်တော်ပြုခဲ့သောကောင်းမှုအားလုံးကို အလေးအမြတ်ပြုကြပါသည်။ သူတို့သည်ကိုယ်တော်အား အလေးအမြတ်ပြုကြမည်ဆိုလျှင် မာရိ၏ကြီးမြတ်သောမေတ္တာကိုဖော်ပြကြလိမ့်မည်ဖြစ်ပြီး ထိုသို့သောဆီမွှေးနှင့်လူးပေးခြင်းမျိုးကို အလျှံပယ်လုပ်ဆောင်ကြပါလိမ့်မည်။ အဖိုးထိုက်သောဆီမွှေးများကိုလည်း အချည်းနှီးသောအရာတစ်ခုဟု ခေါ်ကြမည်မဟုတ်ချေ။ ခရစ်တော်အတွက် ပူဇော်ဆက်ကပ်သည့် မည်သည့်အရာကိုမျှ အဖိုးထိုက်လွန်းသည်ဟု ထင်ကြလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်ရှင်အတွက်ခံစားရမည့် မည်သည့်ကိုယ့်အလိုကိုငြင်းပယ်ခြင်းနှင့်အနစ်နာခံခြင်းကိုမျှ နစ်နာလွန်းသည်ဟုထင်ကြလိမ့်မည်မဟုတ်ချေ။

"အဘယ်ကြောင့် (ဤအရာကို) အကျိုးမဲ့ဆုံးစေသနည်း" ဟူသောဒေါသဖြင့် ပြောလိုက်သောစကားများကြောင့် ပျောက်ဆုံးနေသောကမ္ဘာအတွက် ရန်ငြိမ်းစေရန်ပြုသမျှတို့တွင် အကြီးမြတ်ဆုံးသော မိမိကိုယ်ကိုဆက်ကပ်ခြင်းဆိုင်ရာ မဟာဆက်ကပ်မှုကြီးသည် ခရစ်တော်ရှေ့မှောက်တွင် ထင်ထင်ရှားရှားပေါ်ထွက်လာခဲ့ပါသည်။ ထိုဆက်ကပ်မှုကြီးအား နောက်ထပ်ပေးစရာမကျန်လောက်အောင် လူသားမိသားစုများအား ရက်ရောစွာကိုယ်တော်ပေးကမ်းတော်မူခဲ့ပါသည်။ ခရစ်တော်တည်းဟူသောဆုကျေးဇူးအားဖြင့် ဘုရားသခင်သည် ကောင်းကင်တွင်ရှိသမျှအရာခပ်သိမ်းကို ပေးကမ်းစွန့်ကြဲတော်မူ၏။ ထိုဆက်ကပ်မှုမျိုးသည် လူသားရှုထောင့်မှကြည့်လျှင် စည်းမဲ့ကမ်းမဲ့ဖြုန်းတီးခြင်းတစ်ခုကဲ့သို့ဖြစ်နေခဲ့ပါသည်။ လူသားများ၏ဆင်ခြင်တုံတရားအရ ကယ်တင်ခြင်းစီမံကိန်းကြီးတစ်ခုလုံးသည် ကိုယ်တော်၏ကရုဏာတော်နှင့်ပေးတော်မူသော ကောင်းချီးမင်္ဂလာများကို ဖြုန်းတီးနေခြင်းဖြစ်သည်ဟုထင်ကြပါသည်။ ကိုယ်အလိုကိုငြင်းပယ်ခြင်းနှင့် လုံးလုံးဆက်ကပ်ခြင်းများကို နေရာတိုင်းတွင်ကျွန်ုပ်တို့ဆုံတွေ့ကြရပါသည်။ ခရစ်တော်၏အသက်တာတွင်ဖော်ပြခဲ့သောကြွယ်ဝသောမေတ္တာတော်အားဖြင့် မြှင့်တင်ပေးမှုနှင့်ကုံလုံပြည့်စုံအောင်မစမှုများကို လက်မခံသောလူသားမိသားစုများကို ကောင်းကင်သားများသည် တအံ့တသြကြည့်ရှုကာ အဘယ်ကြောင့်ကြီးကျယ်သောဖြုန်းတီးမှုတစ်ခုကိုဖြစ်စေသလဲဟု ဟစ်ကြွေးကြမည်သာတည်း။



သို့ရာတွင် အပြစ်၌ကျဆုံးနေသောကမ္ဘာအတွက် ကိုယ်တော်ပြုတော်မူသည့် အပြစ်ဖြေခြင်းအမှုသည် ပြည့်ဝစုံလင်ကြွယ်ဝရန်ဖြစ်ပါသည်။ ခရစ်တော်၏ပြုခဲ့သောပူဇော်သကာသည် ဘုရားသခင်ဖန်ဆင်းထားသည့်အသက်ဝိညာဉ်တိုင်းထံသို့ လက်လှမ်းမီနိုင်လောက်အောင် အထူးကြွယ်ဝလှပါသည်။ ထိုပူဇော်သကာသည် ခရစ်တော်ကိုလက်ခံသောသူများအတွက်သာဖြစ်ပြီး အခြားသူများအတွက်မပါဟု မကန့်သတ်နိုင်ပါချေ။ လူအချို့သာလျှင်ကယ်တင်ခြင်းခံရမည်ဖြစ်သော်လည်း ကယ်တင်ခြင်းစီမံကိန်းသည် အချည်းနှီးသောအရာတစ်ခုမဟုတ်ချေ။ အကြောင်းမှာရက်ရောသောသဘောဖြင့် လူတိုင်းအားကယ်တင်ရန်စီမံမှုသည် အထမမြောက်ခြင်းကြောင့်ဖြစ်ပါသည်။

ရှိမုန်သည်မာရိ၏စွန့်ကြဲမှုအပေါ် ယုဒ၏ပြစ်တင်ဝေဖန်မှုကို စိတ်စွဲနေသူတစ်ဦးဖြစ်သည့်အတွက် ခရစ်တော်၏လုပ်ဆောင်မှုကို သူအံ့အားသင့်ခဲ့ပါသည်။ ဖာရိရှဲတစ်ယောက်တွင်ရှိတတ်သည့်မာနကို ထိုလုပ်ဆောင်မှုက အထိနာစေခဲ့ပါသည်။ များစွာသောသူ၏ဧည့်သည်များက ခရစ်တော်အပေါ် မယုံကြည်မကိုးစား မနှစ်မြို့မကျေနပ်သောအကြည့်ဖြင့်ကြည့်ကြမည်ကိုလည်း သူသိခဲ့ပါသည်။ "အကယ်၍ဤပုဂ္ဂိုလ်သည် ပုရောဖက်တစ်ပါးဖြစ်ခဲ့ပါလျှင် မိမိအားလာရောက်တို့ထိသောအမျိုးသမီးသည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် သူမ၏အပြုအမူများသည် မည်သည့်အပြုအမူများဖြစ်ကြောင်းကို သူသိရှိလိမ့်မည်။ အကြောင်းမှာ သူမသည် အပြစ်သားတစ်ဦးဖြစ်ပါသည်တကား" ဟုရှိမုန်သည်စိတ်ထဲတွင်ရေရွတ်မိပါသည်။

ခရစ်တော်သည် အသက်ရှင်လျက်သေနေသောရှိမုန်အား နူနာရောဂါကုသပေးခြင်းအားဖြင့် ကယ်တင်ခဲ့ဖူးပါသည်။ သို့ရာတွင် ယခုမူကား ခရစ်တော်သည်ပုရောဖက်ဟုတ်မှဟုတ်ပါ့မလားဟု သူသံသယဖြစ်နေပါသည်။ ခရစ်တော်သည် သူမအားအနားသို့ချဉ်းကပ်ခွင့်ပြုသောကြောင့်တစ်ကြောင်း၊ အပြစ်ဖြေလွှတ်ခွင့်မရနိုင်လောက်အောင် အပြစ်များသောသူတစ်ပါးအဖြစ် သူမအားစိတ်ဆိုးမာန်ဆိုးဖြင့်မောင်းမထုတ်ခဲ့သည့်အတွက်ကြောင့်တစ်ကြောင်း၊ သူမသည်အပြစ်တွင်ကျဆုံးနေကြောင်းကို သိရှိတော်မူကြောင်းမဖော်ပြသည့်အတွက်

ကြောင့်တစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခရစ်တော်သည်ပုရောဖက်တစ်ပါးမဖြစ်နိုင်ဟုထင်မြင်ယူဆရန် ရှိမုန်တစ်ယောက်အစုံစမ်းခံနေရပါသည်။ မိမိစိတ်တိုင်းကျလုပ်ဆောင်လိုသည့်အတိုင်း လုပ်ဆောင်သွားသော ဤအမျိုးသမီးအကြောင်းကို ခရစ်တော်ဘာမျှမသိ၍သာ ထိုကဲ့သို့လုပ်ဆောင်မှုကိုခွင့်ပြုခဲ့ခြင်းဖြစ်နိုင်ကြောင်း အကယ်၍သာအဖြစ်မှန်ကိုသိခဲ့လျှင် ကိုယ်တော်သည်အထိခံလိမ့်မည်မဟုတ်ဟု ရှိမုန်ထင်မြင်မိခဲ့ပါသည်။

သို့ရာတွင်ရှိမုန်သည် ဘုရားသခင်နှင့်ခရစ်တော်အကြောင်းကို မသိရှိနားမလည်ခြင်းကြောင့်သာ ထိုကဲ့သို့ထင်မြင်မိခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သားတော်သည် ဘုရားသခင်ပြုတော်မူသည့်နည်းလမ်းများအတိုင်း ချစ်ခင်ယုယကြင်နာသနားစွာဖြင့် လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်းကိုလည်း သူမသိမြင်ခဲ့ချေ။ ရှိမုန်၏စီမံချက်မှာ မာရိ၏နောင်တနှင့်စပ်ဆိုင်သည့်အလုပ်အကျွေးပြုခြင်းကို အရေးမစိုက်ဘဲနေကြရန်ဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်၏ခြေတော်ကိုနမ်း၍ ဆီမွှေးများသွန်းလောင်းနေသည့်အပြုအမူသည် သူ၏မာကျောသောနှလုံးသားအား သာ၍ပင်မာကျောစေလျက်ရှိပါသည်။ ခရစ်တော်သည် ပုရောဖက်တစ်ပါးမဟုတ်၍သာ အပြစ်သားများကိုလျစ်လျူရှုကာမဆုံးမခဲ့ခြင်းဖြစ်သည်ဟု သူယူဆခဲ့ပါသည်။

ထိုအခါယေရှုက "အချင်းရှိမုန်၊ သင့်အားငါပြောစရာတစ်ခုရှိသည်ဟုမိန့်တော်မူလျှင် အရှင်ဘုရားအမိန့်တော်ရှိပါဟုလျှောက်သော် ယေရှုက၊ ဥစ္စာရှင်တစ်ဦး၌ကြွေးစားနှစ်ဦးရှိ၏။ တစ်ယောက်၌ကား ဒေနာရိအပြားငါးရာတစ်ယောက်၌ကား ငါးဆယ်ကြွေးရှိ၏။ သူတို့သည်ကြွေးဆပ်ရန်မရှိသောကြောင့် ကြွေးရှင်သည်ထိုနှစ်ယောက်တို့ကို အချည်းနှီးလွှတ်၏။ သို့ဖြစ်လျှင်ထိုသူနှစ်ယောက်တွင် အဘယ်သူသည် ကြွေးရှင်ကိုသာ၍ချစ်လိမ့်မည်နည်းဟုမေးတော်မူ၏။ ရှိမုန်ကလည်း သာ၍ကျေးဇူးခံရသောသူသည် သာ၍ချစ်လိမ့်မည်အကျွန်ုပ်ထင်ပါ၏ဟုလျှောက်လျှင် ယေရှုကသင်ထင်သည့်အတိုင်းမှန်ပေ၏" ဟုမိန့်တော်မူ၏။

နာသန်ပုရောဖက်သည် ဒါဝိဒ်အားပြုတော်မူသကဲ့သို့ ခရစ်တော်သည်ပုံပမာထဲတွင်အထိနာစေသောစကားများကို ဖုံးကွယ်ထားတော်မူခဲ့ပါသည်။



သူ့အတွက်ပြစ်ဒဏ်ကို သူကိုယ်တိုင်ပင်ဖြစ်စေခဲ့ပါသည်။ ယခုသူရှုံ့ရှာစက်ဆုပ်နေသည့်အမျိုးသမီးအား အပြစ်ပြုရန်သူသွေးဆောင်ခဲ့ဖူးပါသည်။ သူသည်သူမအားအဖတ်ဆယ်၍မရအောင် မတရားပြုကျင့်ခဲ့ဖူးပါသည်။ ဤပုံပမာတွင်ဖော်ပြထားသည့်ကြွေးစားနှစ်ဦးသည် ရှိမုန်နှင့်မာရိတို့ကိုပုံဆောင်ထားပါသည်။ သူတို့နှစ်ဦးစလုံးသည် မဆပ်နိုင်သောကြွေးတင်နေကြသူများဖြစ်သဖြင့် ထိုပုဂ္ဂိုလ်နှစ်ဦးအနေနှင့် အတိုင်းအဆကွဲပြားခြားနားသည့်အကြွေးများတင်နေကြကြောင်းကိုသွန်သင်ရန် ကိုယ်တော်မရည်ရွယ်ပါ။ သို့ရာတွင် ရှိမုန်အနေဖြင့်မိမိသည်မာရိထက်သာ၍ဖြောင့်မတ်သည်ဟုအထင်ရှိနေသည့်အတွက် အမှန်တကယ်အားဖြင့် သူ၌အပြစ်မည်မျှများကြောင်း သူ့အားကိုယ်တော်သိစေလိုပါသည်။ ဒေနာရိအပြားငါးဆယ်ထက် အပြားငါးရာကအများကြီးပို၍များသကဲ့သို့ သူ၏အပြစ်သည်သူမ၏အပြစ်များထက် အများကြီးပို၍များနေကြောင်း ကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။

ယခုတွင်မူကား ရှိမုန်သည် မိမိကိုယ်ကိုအမြင်မှန်အတိုင်းမြင်စပြုလာခဲ့ပါသည်။ ပုရောဖက်ထက်ကြီးမြတ်သောပုဂ္ဂိုလ်တစ်ပါးက မာရိအားအမှုထားခဲ့ပုံကိုလည်းကောင်း၊ ချစ်ခင်စွဲလမ်း၍လေးစားမှုများနှင့်ပြည့်ဝသော သူမ၏နှလုံးသားကိုစူးရှတော်မူသောမျက်ဝန်းတော်ဖြင့် ခရစ်တော်ကြည့်တော်မူကြောင်းကိုလည်းကောင်း သူတွေ့မြင်ခဲ့ပါသည်။ သူသည်ရှက်စိတ်များဝင်လာပြီးမိမိထက်ကြီးမြတ်သောသူ၏ရှေ့တွင်ရောက်ရှိနေကြောင်း သိမြင်ခဲ့ပါသည်။

"သင်၏အိမ်သို့ငါဝင်သော် သင်သည်ခြေဆေးရေကိုမပေး" မာရိမူကား မေတ္တာ၏လှုံ့ဆော်မှုကြောင့် နောင်တမျက်ရည်များကျလျက် ငါ၏ခြေကိုဆေးလေပြီ၊ သူ၏ဆံပင်နှင့်ငါ၏ခြေကိုသုတ်လေပြီ။ "သင်သည်ငါ့ကိုမနမ်း" သင်အထင်သေးသည့်သူမမူကား "အိမ်သို့ဝင်သောအချိန်မှစ၍ ငါ၏ခြေကိုနမ်းလျက်မစဲဘဲနေ၏" ဟုဆက်လက်မိန့်တော်မူပါသည်။ ရှိမုန်သည် ကိုယ်တော်အပေါ်ထားရှိသည့် မိမိ၏ချစ်ခြင်းမေတ္တာကိုလည်းကောင်း၊ မိမိအပေါ်ကိုယ်တော်ပြုတော်မူခဲ့သည့်အရာအတွက် ကျေးဇူးတင်ကြောင်းကိုလည်းကောင်း ဖော်ပြရန် မိမိရရှိသောအခွင့်အရေးများကို ကိုယ်တော်ကပြန်လည်ဖော်ပြတော်

မူခဲ့ပါသည်။ မိမိ၏သားသမီးများသည် မေတ္တာစကားများဖြင့်သော်လည်းကောင်း၊ မေတ္တာလုပ်ရပ်များဖြင့်သော်လည်းကောင်း ကိုယ်တော်အားကျေးဇူးတင်ကြောင်းဖော်ပြရန် ဂရုမပြုကြသောအချိန်တွင် နှလုံးတော်သည်ဝမ်းနည်းပူဆွေးမှုရှိကြောင်းပွင့်လင်းသော်လည်း ယဉ်ကျေးသိမ်မွေ့စွာဖြင့် တမန်တော်များအား အတည်ပြုပြောကြားတော်မူပါသည်။

မာရိအားထိုကဲ့သို့ပြုမူစေရန် လှုံ့ဆော်သောသူမ၏စိတ်နေသဘောထားကိုလည်းကောင်း၊ ရှိမုန်အားထိုစကားများကိုပြောစေသော ၎င်း၏စိတ်ဓာတ်ကိုလည်းကောင်း အနန္တတန်ခိုးရှင်သိရှိတော်မူသဖြင့် “သင်သည်ဤမိန်းမကိုမြင်သလော၊ သူမသည်အပြစ်သားတစ်ဦးဖြစ်၏။” “ငါဆိုသည်ကား၊ သူသည်များစွာသောအပြစ်တို့နှင့်လွတ်သည်ဖြစ်၍ အလွန်ချစ်တတ်၏။ အနည်းငယ်သောအပြစ်လွတ်သောသူသည် အနည်းငယ်မျှသာချစ်တတ်သည်” ဟု ဆက်လက်၍မိန့်တော်မူပါသည်။

ရှိမုန်သည် မိမိဟက်ဟက်ပက်ပက်မရှိသော၊ အရေးတယူမရှိသော ဟန်မျိုးပေါ်နေသည့်အပြုအမူအားဖြင့် ကိုယ်တော်ထံမှရရှိထားသောကောင်းချီးမင်္ဂလာအတွက် အနည်းငယ်သာအလေးအမြတ်ထားသည့်သဘောထားကိုပြသနေပါသည်။ ကိုယ်တော်အား မိမိတို့အိမ်သို့လာရန်ခေါ်ခြင်းအားဖြင့် ဂုဏ်ပြုသည်ဟုထင်မြင်ယူဆမိခဲ့ပါသည်။ သို့ရာတွင် မိမိ၏ဇာတိရုပ်မှန်ကို ယခုမှပင်သူမြင်တွေ့လာခဲ့ပါသည်။ သူသည် ခရစ်တော်အားအကဲခတ်လျက်နေသည်ဟုထင်မှတ်နေစဉ်တွင် ခရစ်တော်ကလည်း ၎င်းအား အကဲခတ်လျက်ရှိခဲ့ပါသည်။ ထိုနောက် မိမိနှင့်ပတ်သက်သော ကိုယ်တော်၏စီရင်မှုသည် မှန်ကန်မှုရှိကြောင်း၊ မိမိ၏ဘာသာရေးခံယူချက်သည် အရေခြုံဘာသာရေးသာဖြစ်ခဲ့ကြောင်း၊ သခင်ယေရှုခရစ်၏မေတ္တာကရုဏာတော်ကို သူမထီလေးစားပြုမိခဲ့ကြောင်း၊ ကိုယ်တော်အားဘုရားသခင်၏သားတော်အဖြစ် သူအသိအမှတ်မပြုမိခဲ့ကြောင်း စသည်တို့ကိုသူမြင်တွေ့လာခဲ့ပါသည်။ မာရိသည် အပြစ်ဖြေလွှတ်ခြင်းခံရသည့် အပြစ်သားတစ်ဦးအဖြစ်သို့ရောက်ရှိနေစဉ်တွင် သူ့မှာမူကား၊ အပြစ်ဖြေလွှတ်ခြင်းမခံရသေးသည့် အပြစ်သားတစ်ဦးအဖြစ်၌



ပင်ရှိနေပါသေးသည်။ သူ့အနေဖြင့် သူမအားအတင်းအကျပ်လိုက်နာစေလိုခဲ့သည့် တရားမျှတမှု၏တင်းကျပ်သောဥပဒေစည်းမျဉ်းသည် ယခုတွင်မူ ၎င်းအားတရားစီရင်နေပါသည်။

ရှိမုန်သည် ၎င်း၏ဧည့်သည်များရှေ့၌ ခရစ်တော်၏ဖုံးဖုံးဖိဖိဆုံးမမှုကြောင့် ကိုယ်တော်၏သနားခြင်းကရုဏာကို ထိတွေ့ခံစားခဲ့ရပါသည်။ မာရိအားသူပြုစေသကဲ့သို့ သူအပြုမခံခဲ့ရပါ။ သခင်ယေရှုသည် သူကျူးလွန်ခဲ့သည့်အပြစ်များကို အခြားသူများအားမသိစေလိုသော်လည်း သူသဘောပေါက်နားလည်လာစေရန် အဖြစ်မှန်များကိုဖော်ပြခြင်းအားဖြင့်သော်လည်းကောင်း၊ သူ၏စိတ်နှလုံးအားပျော့ပျောင်းသွားစေရန် ကြင်နာသနားမှုများကိုဖော်ပြခြင်းအားဖြင့်သော်လည်းကောင်း ကြိုးစားတော်မူခဲ့သည်ကို သူမြင်တွေ့ခဲ့ပါသည်။ ညှာတာမှုကင်းသော ဖြောင့်ကျကျထုတ်ဖော်စွပ်စွဲမှုသည် နောင်တမရစေရန် ရှိမုန်၏နှလုံးသားအားမာကျောစေလိမ့်မည်ဖြစ်သော်လည်း စိတ်ရှည်လက်ရှည်ဖြင့်ဆုံးမပဲ့ပြင်မှုသည် သူ့အားကျူးလွန်ခဲ့သောအမှားများအတွက်သဘောပေါက်စေခဲ့ပါသည်။ သခင်ဘုရားအပေါ်တွင် တင်ကျန်နေသောမိမိ၏အကြွေးများသည် အလွန်များလှကြောင်းကိုသူသိရှိလာကာ မာန်မာနများနှိမ့်ချလာပြီး နောင်တတရားများရလာခဲ့ပါသည်။ ထို့နောက် မာနကြီးသည့်ဖာရိရှဲကြီးသည် နှိမ့်ချ၍အနစ်နာခံတတ်သည့် တမန်တော်ကြီးတစ်ပါးဖြစ်လာခဲ့ပါသည်။

မာရိအား မဟာအပြစ်သားတစ်ဦးအဖြစ်သဘောထားသော်လည်း သူမ၏အသက်တာကို ထိုကဲ့သို့ဖြစ်လာရန်ပုံသွင်းပေးခဲ့သည့်အခြေအနေများကို ကိုယ်တော်သိတော်မူပါသည်။ သူ၏အသက်တာတွင်ရှိသည့်မျှော်လင့်ချက်ရောင်ခြည်များကို ကိုယ်တော်အနေဖြင့်ငြိမ်းသတ်ပစ်မည်ဆိုလျှင် ငြိမ်းသတ်ပစ်နိုင်ခဲ့သော်လည်း ငြိမ်းသတ်တော်မမူခဲ့ချေ။ စိတ်ပျက်ဝမ်းနည်း၍ ပျက်စီးဆုံးပါးမည့်အခြေအနေမှ သူမအားကယ်တင်ခဲ့သောသူမှာ ကိုယ်တော်ပင်ဖြစ်ပါသည်။ မိမိအားစွဲနေသောနတ်ဆိုးအား ကိုယ်တော်ဆုံးမ၍နှင်ထုတ်ခဲ့သည့်အသံတော်ကို ခုနစ်ကြိမ်တိုင်တိုင်သူမကြားခဲ့ရပါသည်။ မိမိကိုယ်စားဘုရား

သခင်ထံသို့ ကိုယ်တော်တောင်းခံခဲ့သည့်ဆုတောင်းသံများကိုလည်း သူမကြားခဲ့ရပါသည်။ ညစ်ညူးမှုနှင့်ကင်းစင်သော ကိုယ်တော်၏သန့်စင်သောအသက်တာအတွက် အပြစ်သည်မည်မျှရွံရှာဖွယ်ကောင်းသည်ကိုသူမသိရှိခဲ့ပြီး ကိုယ်တော်ပေးသောတန်ခိုးခွန်အားများအားဖြင့် သူမသည်အပြစ်ကိုကျော်လွှားအောင်မြင်ခဲ့ပါသည်။

လူသားများ၏ရှုထောင့်အရ သူမ၏ပြဿနာသည် မျှော်လင့်ချက်ကင်းနေသယောင်ဖြစ်သော်လည်း သူမ၌ကောင်းသောအရာများကို လုပ်ဆောင်နိုင်သည့်အစွမ်းအစများရှိနေကြောင်းကိုလည်းကောင်း၊ သူမ၏စာရိတ္တထဲတွင်ရှိသော ပို၍ကောင်းမွန်သည့်ထူးခြားချက်များကိုလည်းကောင်း ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ ကယ်တင်ခြင်းစီမံကိန်းသည် လူသားများအားကြီးမြတ်သည့်လုပ်ရည်ကိုင်ရည်များကိုအပ်နှင်းထားရာ မာရိ၌ထိုအရာများကိုတွေ့ရှိရပါသည်။ သူမသည် ကျေးဇူးတော်ကြောင့်မြင့်မြတ်သောသဘာဝများကို မျှဝေခံစားသူတစ်ဦးဖြစ်လာခဲ့ပါသည်။ အပြစ်တွင်ကျဆုံးခဲ့ပြီး နတ်ဆိုးများစွာဒုက္ခပေးခြင်းကိုခံခဲ့ရသောသူမသည် ခရစ်တော်နှင့်အနီးကပ်မိတ်သဟာယဖွဲ့၍ အမှုတော်ဆောင်ရန်ပို့ဆောင်ခြင်းခံခဲ့ရပါသည်။ ခြေတော်ရင်းတွင်ထိုင်၍ ခရစ်တော်၏သွန်သင်မှုများကိုနာယူခဲ့သောသူမှာ မာရိပင်ဖြစ်ပါသည်။ ကိုယ်တော်၏ခေါင်းတော်ပေါ်တွင် အဖိုးထိုက်တန်သည့်ဆီမွှေးများကိုသွန်းလောင်း၍ ကိုယ်တော်၏ခြေတော်ကိုမျက်ရည်များဖြင့်ဆေးကြောပေးခဲ့သူမှာ မာရိပင်ဖြစ်ပါသည်။ မာရိသည် ကပ်တိုင်၏နံဘေးတွင်မတ်တတ်ရပ်ခဲ့ပြီး သင်္ချိုင်းကုန်းသို့ရောက်သည်အထိ ကိုယ်တော့်နောက်တော်ပါးမှလိုက်ခဲ့ပါသည်။ ကိုယ်တော်ရှင်ပြန်ထမြောက်ပြီးနောက် သင်္ချိုင်းဂူသို့ပထမဦးစွာရောက်ရှိလာသူမှာ မာရိပင်ဖြစ်ပါသည်။ ထမြောက်တော်မူသည့်ကယ်တင်ရှင်အကြောင်းကို ပထမဦးဆုံးကြွေးကြော်ခဲ့သူမှာ မာရိပင်ဖြစ်ပါသည်။

သခင်ယေရှုသည် အသက်ဝိညာဉ်တိုင်း၏အခြေအနေများကို သိရှိတော်မူပါသည်။ သင်က ကျွန်ုပ်သည်အလွန်အပြစ်များသောသူဖြစ်ပါသည်ဟုပြောဆိုကောင်းပြောဆိုမည်။ သင်ပြောသည့်အတိုင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ရာတွင် သင်သည်သာ၍ဆိုးလေလေ၊ သခင်ယေရှုကိုသာ၍လိုအပ်လေလေ



ဖြစ်ပါသည်။ ကိုယ်တော်သည် ငိုကြွေး၍နှလုံးကြေကွဲနေသည့် မည်သည့်အသက်ဝိညာဉ်ကိုမျှပစ်ပယ်တော်မူမည်မဟုတ်ချေ။ မည်သူ့ကိုမျှအပြစ်ပြ၍အရှက်ခွဲတော်မူမည်မဟုတ်ဘဲ ကြောက်ရွံ့တုန်လှုပ်နေသောအသက်ဝိညာဉ်တိုင်းအား အားယူ၍ရဲရင့်ရန် အားပေးတော်မူပါသည်။ အပြစ်လွှတ်ခြင်းနှင့်ကယ်တင်ခြင်းအခွင့်များကိုရရှိရန်အတွက် မိမိထံသို့လာကြသူအပေါင်းအားကိုယ်တော်သည် ရက်ရက်ရောရောအပြစ်ခွင့်လွှတ်တော်မူပါလိမ့်မည်။

ခရစ်တော်သည် ဘုရားသခင်၏အမျက်တော်ဖလားကို ကျွန်ုပ်တို့ကမ္ဘာပေါ်သို့သွန်းလောင်း၍ ဘုရားသခင်ကိုမုန်းသောသူများအားဖျက်ဆီးပစ်ရန်ကောင်းကင်တမန်များအား တာဝန်ပေးစေခိုင်းနိုင်တော်မူပါသည်။ မိမိ၏စကြဝဠာမှ ဤကမ္ဘာတည်းဟူသောအမည်းစက်ကလေးကို သုတ်ပစ်လိုက်မည်ဆိုလျှင်လည်း သုတ်ပစ်နိုင်တော်မူပါသည်။ သို့ရာတွင် ကိုယ်တော်သည် ထိုကဲ့သို့ပြုတော်မမူပါ။ ကိုယ်တော်သည် နံ့သာပေါင်းမီးရှို့ရာပလ္လင်၌ရပ်တော်မူ၍အမစလိုသောသူများ၏ဆုတောင်းချက်များကို ဘုရားသခင်ထံတွင်တင်ပြတော်မူလျက်ရှိပါသည်။

ခိုလှုံခွင့်ရရန် မိမိထံသို့ဦးလှည့်လာကြသော အသက်ဝိညာဉ်များအားစွပ်စွဲတိုက်ခိုက်ပြောဆိုသည့်နှုတ်များနှင့်ကင်းလွတ်ရာသို့ ကယ်မတော်မူပါသည်။ မည်သည့်လူ၊ မည်သည့်ကောင်းကင်တမန်မှ ဤအသက်ဝိညာဉ်များအား တားဆီးဟန့်တားခြင်းငှာမစွမ်းနိုင်ပါချေ။ ခရစ်တော်သည် မိမိ၏လူဇာတိ၊ ဘုရားဇာတိတော်၌ ၎င်းအားတစ်လုံးတစ်ဝတည်းရှိစေတော်မူသည်။ သူတို့သည်ဘုရားသခင်၏ပလ္လင်တော်ထက်မှယိုစီးလာသည့် အလင်းတော်များရှိရာ လောက၏အပြစ်များကိုဆောင်သွားသည့် ကိုယ်တော်၏နံဘေးတော်တွင်ရပ်လျက်ရှိကြပါသည်။ "ဘုရားသခင်ရွေးကောက်တော်မူသောသူတို့ကိုအဘယ်သူသည်အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ၌တည်စေသောသူကားဘုရားသခင်ပေတည်း။ အပြစ်စီရင်သောသူကားအဘယ်သူနည်း။ အသေခံ၍ခံသည်သာမက သေခြင်းမှထမြောက်၍ ဘုရားသခင်၏လက်ယာတော်ဘက်၌နေလျက် ငါတို့အဖို့ဆုတောင်းသောသူကားခရစ်တော်ပေတည်း။" ရောမ ၈း၃၃–၃၄။

****

# tcef; (63)
# t&Sifrif;MD;<uwmjcif;

မဿဲ ၂၁း၁–၁၁။ မာကု ၁၁း၁–၁၀။ လုကာ ၁၉း၂၉–၄၄။ ယောဟန် ၁၂း၁၂–၁၉ တို့ကိုအခြေပြုထားပါသည်။

"အိုဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။ အိုယေရုရှလင်မြို့ သတို့သမီးကြွေးကြော်လော့။ တရားသဖြင့်စီရင်၍ ကယ်တင်ခြင်းသို့ရောက်သောသခင် သင်၏အရှင်မင်းကြီးသည် မြည်းမနှင့်မြည်းကလေးကိုစီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ကြွလာတော်မူသည်ကိုကြည့်ရှုလော့။" ဇာခရိ ၉း၉။

ခရစ်တော်မမွေးဖွားမီ နှစ်ပေါင်းငါးရာကတည်းက ပုရောဖက်ဇာခရိသည် ဣသရေလဘုရင်၏ကြွလာခြင်းအကြောင်းကို ထိုကဲ့သို့ကြိုတင်ဟောကြားထားခဲ့ပါသည်။ ဤအနာဂတ္တိစကားသည် ယခုတွင်ပြည့်စုံတော့မည်ဖြစ်ပါသည်။ ရှင်ဘုရင်နှင့်စပ်ဆိုင်သောဂုဏ်ပြုခြင်းများကို အချိန်ကြာမြင့်စွာငြင်းဆိုခဲ့သောကိုယ်တော်သည် ယခုတွင်မူဒါဝိဒ်၏ပလ္လင်တွင်စိုးစံရန် ကတိထားတော်မူခြင်းခံရသည့် အမွေခံတစ်ပါးအနေဖြင့် ယေရုရှလင်မြို့သို့ကြွချီလာတော်မူပါသည်။

ယေရုရှလင်မြို့ထဲသို့အောင်မြင်သောအထိမ်းအမှတ်အဖြစ် ခရစ်တော်ကြွချီလာခဲ့သောနေ့သည် ရက်သတ္တပတ်တွင် ပထမနေ့ရက်တွင်ဖြစ်ပါသည်။ ဗေသနိရွာ၌ ကိုယ်တော်အားဖူးမြော်ရန်စုရုံးလာကြသည့်လူအုပ်ကြီးသည် ယခုတွင်၎င်းတို့အား ကိုယ်တော်လက်ခံကြိုဆိုခဲ့ပုံများကို စိတ်အားထက်သန်စွာဖြင့်သက်သေခံကြရန် ကိုယ်တော်နှင့်အတူလိုက်ပါလာခဲ့ကြပါသည်။ ပသခါပွဲသို့တက်ရောက်ရန် ယေရုရှလင်မြို့သို့လာနေကြသည့် ထိုလူအုပ်ကြီးနှင့်ပူးပေါင်းလိုက်ကြပါသည်။ ခပ်သိမ်းသောသူအပေါင်းတို့သည် ဝမ်းမြောက်ရွှင်မြူးနေကြသယောင်ဖြစ်နေကြပါသည်။ သစ်ပင်များသည် စိမ်းလန်းစိုပြည်



နေကြပြီး ပွင့်ဖူးနေကြသောပန်းပွင့်များတို့သည် ပတ်ဝန်းကျင်လေထုကြီးအားမွှေးရနံ့များဖြင့် သင်းပျံ့စေခဲ့ကြပါသည်။ အသစ်သောဘဝနှင့်ပျော်ရွှင်မှုများသည် ထိုသူများအားလန်းဆန်းစေခဲ့ပါသည်။ အသစ်သောနိုင်ငံတော်နှင့်ပတ်သက်သည့်မျှော်လင့်ချက်သည်လည်း ၎င်းတို့၏စိတ်တွင် အသစ်တစ်ဖန်ပြန်လည်ပေါ်ထွန်းလာခဲ့ပါသည်။

သခင်ယေရှုသည်မြည်းကိုစီး၍ ယေရုရှလင်မြို့ထဲသို့ဝင်ရန်ကြံရွယ်၍ တပည့်တော်နှစ်ဦးအား မြည်းမနှင့်မြည်းကလေးကို မိမိထံဆောင်ယူခဲ့စေရန် စေလွှတ်တော်မူခဲ့ပါသည်။ ကယ်တင်ရှင်သည် ဖွားတော်မူခြင်းကိုခံယူနိုင်ရန် သူစိမ်းတစ်ရံဆံများ၏ဧည့်ဝတ်ပြုမှုများကို အားကိုးခဲ့ရပါသည်။ ကိုယ်တော်ရှင်ကျိန်းစက်တော်မူခဲ့ရသည့်နွားစားခွက်သည် သူတစ်ပါးထံမှငှားရမ်းအသုံးပြုခဲ့သည့်နွားစားခွက်ပေတည်း။ တောင်ကုန်းများပေါ်တွင် မိမိပိုင်သည့်တိရစ္ဆာန်များ ထောင်နှင့်ချီ၍ရှိတော်မူသော်လည်း ယခုတွင်မူ ရှာလင်မင်းကြီးအနေနှင့်မြည်းကိုစီး၍ ယေရုရှလင်မြို့ထဲသို့ဝင်ရန် သူစိမ်းတစ်ရံဆံတစ်ဦး၏ကျေးဇူးပြုခြင်းအပေါ်တွင် မှီခိုနေရပြန်ပါသည်။ စေလွှတ်တော်မူခဲ့သောတပည့်တော်နှစ်ပါးတို့အား ၎င်းတို့လုပ်ဆောင်ရမည့်အရာများကို အသေးစိတ်ညွှန်ကြားခြင်းများတွင် ကိုယ်တော်၏ဘုရားဇာတိတော်သည် တစ်ဖန်ထင်ရှားပြန်ပါသည်။ ကြိုတင်၍အနာဂတ်ပြုခဲ့သည့်အတိုင်း "သခင်အလိုရှိသည်" ဟူသောတောင်းခံချက်အား ရှောရှောရှုရှုနှင့်လိုက်လျောခဲ့ကြပါသည်။ ခရစ်တော်သည် မည်သူမျှမစီးရသေးသည့်မြည်းကလေးကိုအသုံးပြုရန် ရွေးချယ်တော်မူခဲ့ပါသည်။ တမန်တော်များကလည်းဝမ်းသာအားရဖြင့် မိမိတို့၏ဝတ်ရုံများနှင့် ထိုမြည်းကလေးအပေါ်တွင်ခင်းပေးကာ ၎င်းတို့၏သခင်အား ထိုအပေါ်တွင်ထိုင်စေခဲ့ကြပါသည်။ ထိုအချိန်အထိခရစ်တော်သည် လမ်းလျှောက်၍သာအမြဲတမ်းခရီးသွားခဲ့ရာ ယခုအချိန်တွင်မြည်းကိုစီး၍ခရီးသွားရန်ရွေးချယ်ခဲ့သဖြင့် အစဦးတွင်သူတို့အံ့အားသင့်ခဲ့ကြပါသည်။ သို့ရာတွင် ကိုယ်တော်သည် ယေရုရှလင်မြို့ထဲသို့ဝင်တော်မူ၍ မိမိကိုယ်ကိုဘုရင်ဖြစ်ကြောင်းကြွေးကြော်ကာ မိမိ၏ဘုရင့်တန်ခိုးအာဏာကိုကြေညာတော့မည်ဟူသောအတွေးများကြောင့် ဝမ်းသာ

အားရဖြစ်ကာ ၎င်းတို့၏စိတ်နှလုံးတွင် မျှော်လင့်ချက်ရောင်ခြည်များသန်းလာခဲ့ပြန်ပါသည်။ သူတို့သည် ကိုယ်တော်ခိုင်းစေသည့်အတိုင်းသွားရောက်လုပ်ဆောင်စဉ်တွင် ၎င်းတို့၏ပြင်းပြသောမျှော်မှန်းချက်များကို ယေရှု၏မိတ်ဆွေများအားပြောပြခဲ့ကြပါသည်။ ထို့ကြောင့် နေရာအနှံ့အပြားတွင် စိတ်လှုပ်ရှားမှုများဖြစ်ပွားနေပြီး လူထု၏မျှော်မှန်းချက်များသည်လည်း အထွတ်အထိပ်သို့တိုင် မြင့်တက်လျက်ရှိပါသည်။

ခရစ်တော်သည် ရှင်ဘုရင်ကဲ့သို့မြို့ထဲသို့ဝင်ရာတွင် ယုဒဓလေ့ထုံးစံကိုလိုက်လျှောက်ခဲ့ပါသည်။ ကိုယ်တော်ရှင်စီးတော်မူခဲ့သောတိရစ္ဆာန်မျိုးသည် ယုဒဘုရင်များစီးခဲ့သောတိရစ္ဆာန်မျိုးဖြစ်ပါသည်။ ၎င်းပြင် မေရှိယသည် ထိုနည်းအတိုင်း မိမိနိုင်ငံတော်ထဲသို့ကြွလာလိမ့်မည်ဟုလည်း အနာဂတ္တိစကားအားဖြင့် တင်ကြိုဟောကြားထားခဲ့ပါသည်။ ခရစ်တော်သည် မြည်းကလေးပေါ်၌ထိုင်ပြီးလျှင်ထိုင်ပြီးချင်း ကျယ်လောင်သောကြွေးကြော်သံများသည် ထွက်ပေါ်လာခဲ့ပါသည်။ လူထုကြီးသည် ကိုယ်တော်အား ၎င်းတို့၏ဘုရင်မေရှိယအရှင်အနေဖြင့် ကြိုဆိုခဲ့ကြပါသည်။ ယခုအချိန်တွင် ခရစ်တော်သည် မည်သည့်အခါမျှခွင့်မပြုခဲ့သည့်ဂါရဝများကိုလည်း လက်ခံတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်နိုင်ငံတော်တည်ထောင်ကြောင်းကို မြင်တွေ့ရခြင်းအားဖြင့် မိမိတို့၏ဝမ်းမြောက်စရာမျှော်လင့်ချက်များ အကောင်အထည်ပေါ်လာပြီဖြစ်ကြောင်း သက်သေပြချက်တစ်ခုအနေဖြင့် ထိုမြင်ကွင်းကိုတမန်တော်များလက်ခံခဲ့ကြပါသည်။ မိမိတို့အားသူ့ကျွန်ဘဝမှလွတ်မြောက်စေတော့မည့်အချိန်သည် ရောက်တော့မည်ဟုလည်း လူထုကြီးကသဘောပေါက်ခဲ့ကြပါသည်။ ရောမစစ်သားများကိုယေရုရှလင်မြို့မှမောင်းထုတ်ကာ ဣသရေလနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်ခုဖြစ်လာမည့်အကြောင်းများကိုလည်း သူတို့စိတ်ကူးယဉ်ခဲ့ကြပါသည်။ လူအပေါင်းတို့သည် ပျော်ရွှင်မြူးထူးနေကြပြီး ကိုယ်တော်ရှင်အားအလုအယက်ဂါရဝပြုနေကြပါသည်။ သူတို့သည် အထူးခမ်းနားထည်ဝါသောအဆောင်အယောင်များဖြင့် မကြိုဆိုနိုင်ခဲ့ကြသော်လည်း ပျော်ရွှင်သောစိတ်နှလုံးများဖြင့် ကိုယ်တော်အားဝတ်ပြုကိုးကွယ်ခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်





အားအဖိုးတန်လက်ဆောင်မွန်များပေးခြင်းငှာမတတ်နိုင်ကြသော်လည်း ကိုယ်တော်လျှောက်သွားမည့်လမ်းကို ကော်ဇောတစ်ခုသဖွယ် မိမိတို့အပေါ်ခံဝတ်ရုံများဖြင့်ခင်းပေးခဲ့ကြပါသည်။ ကိုယ်တော်သွားရာလမ်းတစ်လျှောက်တွင် သံလွင်ခက်များကိုလည်းကြဲဖြန့်ခဲ့ကြပါသည်။ သူတို့ချီတက်ရာတွင် ဘုရင့်အလံတော်ကိုလွှင့်ထူနိုင်ခြင်းမရှိစေကာမူ အောင်မြင်မှုအတွက်သဘာဝအထိမ်းအမှတ်ဖြစ်သော စွန်ပလွံကိုင်းကြီးများကိုခုတ်ဖြတ်၍ မြင့်မားစွာမြှောက်တင်ဝှေ့ယမ်းကာ ကျယ်လောင်စွာကြွေးကြော်ခဲ့ကြပါသည်။

သူတို့ချီတက်လာကြစဉ်တွင် ကိုယ်တော်ကြွလာသည့်သတင်းကိုကြားကာ ပူးပေါင်းလာကြသည့်သူများကြောင့် လူအုပ်ကြီးသည် တစ်စထက်တစ်စကြီးမားလာခဲ့ပါသည်။ ထိုလူအုပ်ကြီးနှင့်ပူးပေါင်းလာကြသည့်လူတိုင်းက "သူကဘယ်သူလဲ၊ ဒီလိုချီတက်လာတာဘာသဘောလဲ" ဟူ၍ မေးမြန်းခဲ့ကြပါသည်။ သူတို့သည် ခရစ်တော်အကြောင်းကိုကြားခဲ့ဖူးကြပြီး ယေရုရှလင်သို့ကိုယ်တော်လာလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့ကြပါသည်။ သို့ရာတွင် ယခုအချိန်တိုင်အောင် ကိုယ်တော်သည်မိမိအားဘုရင်တင်မြှောက်ကြမည့်ကြိုးစားမှုအားလုံးကိုအားပေးတော်မမူခဲ့ကြောင်းကို ၎င်းတို့ကြားဖူးခဲ့ကြသောကြောင့် ဤပုံဤနည်းဖြင့်ကြွလာသူသည် ကိုယ်တော်ဖြစ်ကြောင်းကြားသိကြရသောအခါ သူတို့အထူးအံ့အားသင့်ခဲ့ကြပါသည်။ ဤကမ္ဘာလောကသည် မိမိနိုင်ငံတော်မဟုတ်ကြောင်းကြေညာခဲ့ဖူးသည့်ကိုယ်တော်အား မည်သည့်အရာက ယခုကဲ့သို့ပြောင်းလဲစေနိုင်ခဲ့သည်ကို သူတို့စဉ်းစားသုံးသပ်ခဲ့ကြပါသည်။

အောင်မြင်မှုအတွက်ကြွေးကြော်သောအသံများက ၎င်းတို့၏စုံစမ်းမေးမြန်းသံများအား တိတ်ဆိတ်သွားစေခဲ့ပါသည်။ စိတ်အားထက်သန်သောလူအုပ်ကြီးသည် ထပ်ခါတလဲလဲကြွေးကြော်ခဲ့ကြပါသည်။ အဝေးတွင်ရှိနေကြသောလူများကလည်း ပါဝင်ကြွေးကြော်လာကြရာ တောင်ပေါ်ချိုင့်ဝှမ်းရှိပတ်ဝန်းကျင်တစ်ခုလုံး၌ကြွေးကြော်သံများနှင့်ပဲ့တင်ထပ်သွားခဲ့ပါသည်။ ၎င်းပြင် ယခုအချိန်တွင် ထိုလူအုပ်ကြီးအားယေရုရှလင်မြို့ရှိလူထုကြီးက ပူးပေါင်းလာပါသည်။ ပသခါပွဲသို့တက်ရောက်ရန်စုရုံးလာကြသော လူအုပ်ကြီးထဲမှထောင်

နှင့်ချီသောလူများသည် ကိုယ်တော်ရှင်အားကြိုဆိုရန် ဗိမာန်တော်မှထွက်ခွာလာကြပါသည်။ သူတို့သည် စွန်ပလွံခက်များကိုဝှေ့ယမ်းလျက်၊ ဓမ္မတေးသီချင်းများကိုသီဆိုကျူးအေးလျက် ကိုယ်တော်အားနှုတ်ခွန်းဆက်ခဲ့ကြပါသည်။ ဗိမာန်တော်တွင်ရှိနေကြသောယဇ်ပုရောဟိတ်က ညနေအစည်းအဝေးအတွက် တံပိုးခရာမှုတ်သော်လည်း လူအနည်းငယ်မျှသာဗိမာန်တော်သို့ပြန်လာခဲ့ကြသဖြင့် "ဤလောကသည် ထိုသူနောက်သို့လိုက်ပါသွားပါပြီတကား" ဟူ၍ မိမိတို့၏ထိတ်လန့်စိုးရွံ့မှုများကို တစ်ဦးနှင့်တစ်ဦးပြောပြခဲ့ကြပါသည်။

ကိုယ်တော်၏အသက်တာတွင် ဤကဲ့သို့သောအင်အားပြမှုမျိုးကို ယခင်ကတစ်ခါမျှခွင့်ပြုတော်မမူခဲ့ဖူးချေ။ ထိုကဲ့သို့လုပ်ဆောင်မှုသည် မိမိအားကပ်တိုင်ထက်သို့တက်စေမည်ကိုလည်း တင်ကြို၍ရှင်းလင်းစွာမြင်တွေ့ထားပါသည်။ သို့ရာတွင် မိမိကိုယ်ကိုကယ်တင်ရှင်တစ်ဦးဖြစ်ကြောင်း၊ လူသိရှင်ကြားတင်ဆက်ရန်မှာ ကိုယ်တော်၏အကြံအစည်တော်ဖြစ်ပါသည်။ အပြစ်တွင်ကျဆုံးနေသည့် ဤကမ္ဘာ၌မိမိလုပ်ဆောင်ရမည့်အမှုတော်၏အထွတ်အထိပ်ဖြစ်သော ဆက်ကပ်ပူဇော်ခြင်းကို လူအများအာရုံပြုလာစေရန် ကိုယ်တော်အလိုရှိတော်မူပါသည်။ ပသခါပွဲကျင်းပရန်အတွက် ယေရုရှလင်မြို့၌ လူအများစုရုံးလာကြစဉ်တွင် သိုးသငယ်အဖြစ်ပုံဆောင်ခြင်းခံရသောကိုယ်တော်သည် မိမိ၏အလိုဆန္ဒအရ မိမိကိုယ်ကိုပူဇော်သကာယဇ်တစ်ကောင်အနေဖြင့် ခွဲခန့်တော်မူ၏။ ခေတ်အဆက်ဆက်တည်ရှိသွားမည့် ကိုယ်တော်၏အသင်းတော်အတွက် ဤလောက၏အပြစ်များကြောင့် အသေသတ်ခံသွားသည့်ကိုယ်တော်၏အသေခံခြင်းကိုနက်နဲစွာ တွေးခေါ်လေ့လာရမည့်ဘာသာရပ်တစ်ခုဖြစ်လာစေရန် ထိုလုပ်ရပ်ကိုလုပ်ဆောင်တော်မူဖို့ လိုအပ်လှပါသည်။ အသေခံ၍ပူဇော်ခြင်းနှင့်ဆက်ကပ်နေသည့်အကြောင်းအရာတိုင်းကိုလည်း မှန်မမှန်ဆန်းစစ်လေ့လာသင့်သည်မှာ သေချာပါသည်။ ထိုအချိန်တွင်လူအပေါင်းသည် ကိုယ်တော်ရှင်အားအာရုံစိုက်ရန် အထူးလိုအပ်လှပါသည်။ ကိုယ်တော်ပြုတော်မူသည့်ဆက်ကပ်ပူဇော်ခြင်း၏အလျင်အဦးတွင်ဖြစ်ပျက်ရမည့်အရာမှာ ပူဇော်သကာကိုအာရုံပြုလာအောင် လုပ်ဆောင်မှုပင်ဖြစ်ပါသည်။ ယေရုရှလင်မြို့သို့



အဝင်၌ ထိုကဲ့သို့သောအင်အားပြမှုမျိုးပြုလုပ်ပြီးသည့်နောက်တွင် လူတိုင်းသည် ကိုယ်တော်ကပ်တိုင်အတင်ခံရမည့်နောက်ဆုံးသောမြင်ကွင်းဆီသို့ လျင်မြန်စွာတိုးတက်ဖြစ်ပျက်မှုများကို လိုက်၍အာရုံပြုလာခဲ့ကြလိမ့်မည်ဖြစ်ပါသည်။

အောင်ပွဲခံသည့်သဘောဖြင့် ခရစ်တော်သည် မြည်းကလေးကိုစီး၍ယေရုရှလင်မြို့ထဲသို့ဝင်လာခြင်းနှင့် ဆက်နွယ်သောအဖြစ်အပျက်များသည် လူတို့၏ပါးစပ်ဖျားတွင် ရေပန်းစားနေကြပါသည်။ ထိုအဖြစ်အပျက်များကြောင့် ခရစ်တော်ကိုလူအပေါင်းတို့၏စိတ်ထဲတွင် စွဲမြဲစေခဲ့ပါသည်။ ကိုယ်တော်အားကပ်တိုင်တင်ပြီးသောအချိန်တွင် စစ်ဆေးမေးမြန်းခြင်း၊ အသေသတ်ခြင်းများနှင့်ဆက်နွယ်နေသော ဤအဖြစ်အပျက်များကိုလူများစွာတို့က ပြန်လည်သတိရခဲ့ကြပါသည်။ ဤအဖြစ်အပျက်များက ၎င်းတို့အားအနာဂတ္တိစကားများကိုလေ့လာစေပြီး ယေရှုသည် မေရှိယဖြစ်တော်မူကြောင်းသဘောပေါက်စေခဲ့သဖြင့် နိုင်ငံအပေါင်းတွင်ယုံကြည်သူများတို့သည် တိုးပွားလာစေလိမ့်မည်ဖြစ်ပါသည်။

ကိုယ်တော်၏လောကအသက်တာမှ အောင်ပွဲခံသည့်မြင်ကွင်းတွင် ကယ်တင်ရှင်သည် ကောင်းကင်တမန်များစောင့်ကြပ်ဝန်းရံလျက် ဘုရားသခင်၏တံပိုးခရာသံများဖြင့် ရှေ့တော်ပြေးများလွှတ်လျက် ပေါ်ထွန်းလာမည်ဆိုလျှင် ပေါ်ထွန်းလာနိုင်ခဲ့သော်လည်း ထိုကဲ့သို့သောအင်အားပြမှုများတို့သည် မိမိအမှုတော်၏ကြံရွယ်ချက်နှင့်သော်လည်းကောင်း၊ ကိုယ်တော့်အသက်တာကိုအုပ်စိုးထားသည့် ပညတ်တော်နှင့်သော်လည်းကောင်း ဆန့်ကျင်နေပါလိမ့်မည်။ ကိုယ်တော်သည် မိမိလက်ခံတော်မူခဲ့သည့်နိမ့်ကျသောအင်္ဂနန်းအတာတွင် ဆက်လက်တည်ကြည်တော်မူခဲ့ပါသည်။ လောကီသားများသည် အသက်နှင့်ပြည့်စုံစေရန် မိမိအသက်တော်ကိုစွန့်ပြီးတော်မူသည့်တိုင်အောင် ကိုယ်တော်သည် လူသားများ၏အပြစ်ဝန်ကို ထမ်းရွက်ရမည်ဖြစ်ပါသည်။

ဤပျော်ရွှင်ကြည်နူးစရာကောင်းသောမြင်ကွင်းသည် သခင်ဘုရားခံစားရမည့်ဒုက္ခဆင်းရဲခြင်းနှင့် အသေသတ်ခံခြင်းတို့အတွက် ပဏာမဖြစ်ရပ်တစ်ခုဖြစ်ကြောင်း တမန်တော်များသိရှိခဲ့ပါလျှင် မိမိတို့အသက်တာ၏အထွတ်

အထိပ်နေ့ဟုထင်နေသည့်ထိုနေ့သည် စိတ်ညှိုးငယ်စရာတိမ်လိပ်များကြောင့် မှောင်မိုက်ကျသောနေ့တစ်နေ့ဖြစ်ခဲ့လိမ့်မည်သာတည်း။ ကိုယ်တော်သည်မချွတ်မလွဲ မိမိပြုရမည့်ယဇ်ပူဇော်ခြင်းအကြောင်းကို ၎င်းတို့အားထပ်ခါတလဲလဲပြောကြားတော်မူခဲ့သော်လည်း ဝမ်းမြောက်ဖွယ်ရာပစ္စုပ္ပန်အောင်ပွဲကြောင့် ကိုယ်တော်၏ဝမ်းနည်းစရာစကားများကို သူတို့မေ့လျော့ခဲ့ကြပြီး ဒါဝိဒ်၏ပလ္လင်ပေါ်တွင် သာတောင့်သာယာရှိလှသည့် ကိုယ်တော်စိုးစံမည့်အချိန်ကို သူတို့မျှော်ခဲ့ကြပါသည်။

စီတန်း၍လျှောက်လာကြသော ထိုလူတန်းကြီး၌ လူသစ်များလည်း အဆက်မပြတ်ပူးပေါင်းလာခဲ့ကြပြီး လူအနည်းငယ်မှလွဲ၍ကျန်လူအားလုံးသည် ထိုအချိန်ထိုနာရီ၏လှုံ့ဆော်မှုတွင်အာရုံငြိခဲ့ကြကာ တောင်ပေါ်ချိုင့်ဝှမ်းအနှံ့တွင် ပဲ့တင်ထပ်နေသောဘုရားသခင်အားချီးမွမ်းထောမနာပြုသည့် ဓမ္မသီချင်းများကိုသံယောင်လိုက်၍သီဆိုခဲ့ကြပါသည်။ "ဒါဝိဒ်၏သားတော်အားဟောရှဏ္ဏာဖြစ်စေသတည်း။ ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘဝဂ်ဝယ်ဟောရှဏ္ဏာဖြစ်စေသတည်း" ဟူသောကြွေးကြော်သံများသည်လည်း အဆက်မပြတ်ထွက်ပေါ်လာခဲ့ပါသည်။

လောကကမ္ဘာရှိလူသားများသည် ဤကဲ့သို့သောအောင်ပွဲခံတန်းစီလမ်းလျှောက်ခဲ့သည့်လူအုပ်ကြီးမျိုးကို ယခင်ကတစ်ခါမျှမမြင်ခဲ့ဖူးချေ။ ၎င်းတို့၏အောင်ပွဲခံပွဲမှာ လောကရှိနာမည်ကြီးအောင်နိုင်သူများ၏အောင်ပွဲခံပုံနှင့် မတူပါချေ။ ဘုရင်ကြီး၏ရဲစွမ်းသတ္တိကိုသတိရစေရန် အထိမ်းအမှတ်ပစ္စည်းများအနေဖြင့် ဝမ်းနည်းပက်လက်ဖြစ်နေသောသုံ့ပန်းများကိုတင်ဆောင်ထားသည့် မည်သည့်ယာဉ်တစ်စင်းတစ်လေမျှ ဤမြင်ကွင်းတွင်မပါဝင်ခဲ့ချေ။ သို့ရာတွင် ကယ်တင်ရှင်၏ဘေးပတ်လည်တွင် အပြစ်သားများအတွက် ကိုယ်တော်ရှင်ပြုတော်မူခဲ့သည့် မေတ္တာလုပ်ရပ်များ၏ကျက်သရေမင်္ဂလာနှင့်ပြည့်ဝသော အထိမ်းအမှတ်ပစ္စည်းကလေးများကိုတွေ့နေရပါသည်။ စာတန်၏တန်ခိုးတော်အောက်မှ ကိုယ်တော်ရှင်ကယ်ဆယ်တော်မူခဲ့သော ထိုသုံ့ပန်းများသည် မိမိတို့ရရှိခဲ့သည့်လွတ်မြောက်ခြင်းအတွက် ဘုရားသခင်အားချီးမွမ်းထောမနာပြု



နေကြပါသည်။ ကိုယ်တော်ရှင်စက္ခုနှစ်ကွင်းအလင်းပေးခဲ့သည့် မျက်ကန်းများက ထိုလူတန်းကြီးကိုလမ်းပြဦးဆောင်လျက်ရှိပါသည်။ လျှာလွတ်ခြင်းအခွင့်ကို ကိုယ်တော်ပေးတော်မူခဲ့သောနှုတ်ဆွံ့သူများသည် ဘုရားသခင်ကိုကျယ်လောင်စွာ ချီးမွမ်းထောမနာပြုနေကြပါသည်။ ကိုယ်တော်ကုသပေးတော်မူခဲ့သည့် ခြေမစွမ်းသူများသည် ပျော်ရွှင်မြူးထူးစွာဖြင့်ခုန်ပေါက်ပြေးလွှားနေကြပြီး စွန်ပလွံခက်များကိုချိုး၍ ကယ်တင်ရှင်၏ရှေ့မှဝှေ့ယမ်းနေသူများတွင် သူတို့သည် အတက်ကြွဆုံးသောသူများဖြစ်နေကြပါသည်။ မုဆိုးမများနှင့်မိဘမဲ့ကလေးများသည် မိမိတို့ခံစားရသောကောင်းချီးမင်္ဂလာများအတွက် ခရစ်တော်၏နာမတော်ကို မြှောက်စားချီးမွမ်းနေကြပါသည်။ သန့်ရှင်းစေခြင်းကိုခံခဲ့ရသော အနာကြီးရောဂါသည်များသည် သန့်ရှင်းသော၎င်းတို့၏ဝတ်ရုံများကို ကိုယ်တော်ရှင်သွားရာလမ်း၌ခင်းပေးနေကြပြီး ကိုယ်တော်အားဘုန်းတော်နှင့်ပြည့်ဝသောဘုရင်တစ်ပါးကိုကြိုဆိုသကဲ့သို့ ကြိုဆိုနေကြပါသည်။ မိမိ၏နှုတ်တော်ထွက်စကားသံအားဖြင့် သေခြင်းမှကိုယ်တော်ထမြောက်စေခဲ့သည့်ပုဂ္ဂိုလ်များလည်း ထိုလူအုပ်ကြီးထဲတွင်ပါဝင်နေကြပါသည်။ သင်္ချိုင်းထဲတွင် ခန္ဓာကိုယ်အသွေးအသားများပုပ်သိုးပျက်စီးခဲ့ရပြီး ယခုအချိန်တွင်မူ ယောကျာ်းပီသသောခွန်အားနှင့်ပြည့်စုံစွာ ဝမ်းမြောက်ဝမ်းသာဖြစ်နေသော လာဇရုသည် ကယ်တင်ရှင်စီးလာသောမြည်းကလေးကို ရှေ့မှဆွဲနေပါသည်။

များစွာသောဖာရိရှဲများတို့သည် ထိုမြင်ကွင်းကိုမြင်တွေ့ကြရသဖြင့် မနာလိုဝန်တိုစိတ်များပြင်းထန်လာကာ ကိုယ်တော်ရှင်၏ရေပန်းစားနေသော အခြေအနေကို ဟန့်တားရန်ကြိုးစားခဲ့ကြပါသည်။ သူတို့သည် မိမိတို့၌ရှိသောအာဏာတန်ခိုးအားလုံးကိုအသုံးပြုလျက် လူထုကြီးအားနှုတ်ပိတ်ရန်ကြိုးစားခဲ့ကြသော်လည်း ၎င်းတို့၏တောင်းဆိုမှုများနှင့်ခြိမ်းခြောက်မှုများသည် လူထု၏စိတ်အားထက်သန်မှုများကိုသာ တိုးပွားစေပါသည်။ ဤလူအုပ်ကြီးသည် လူထုအင်အားဖြင့် ယေရှုအားဘုရင်မြှောက်လိုက်မည်ကိုလည်း သူတို့စိုးရိမ်မိခဲ့ကြပါသည်။ နောက်ဆုံးအားကိုးအားထားတစ်ခုအနေဖြင့် သူတို့သည် ကယ်တင်ရှင်ရှိတော်မူသည့်နေရာသို့ လူများကြားထဲမှတိုးဝင်သွားပြီး အပြစ်

တင်ခြိမ်းခြောက်သည့်သဘောဖြင့် "အရှင်ဘုရား၊ ကိုယ်တော်၏တပည့်တော်တို့ကိုဆုံးမပါ" ဟုလျှောက်ကြ၏။ ထိုကဲ့သို့ဆူညံစွာအင်အားပြမှုများသည် တရားဥပဒေနှင့်မကိုက်ညီသဖြင့် အာဏာပိုင်များအနေနှင့် ခွင့်ပြုနိုင်လိမ့်မည်မဟုတ်ကြောင်း သူတို့ပြောကြပါသည်။ သို့သော် "ငါဆိုသည်ကား၊ ဤသူတို့သည်တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲတို့သည်ချက်ချင်းကြွေးကြော်ကြလိမ့်မည်" ဟူသော ယေရှုရှင်၏တုံ့ပြန်ချက်ကြောင့်နှုတ်ဆိတ်သွားခဲ့ကြပါသည်။ အောင်ပွဲခံနေသည့်ထိုမြင်ကွင်းသည် ဘုရားသခင်ကိုယ်တော်တိုင်စီစဉ်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ဤအကြောင်းကို ပုရောဖက်အားဖြင့်အနာဂတ်ပြုထားပြီးဖြစ်သဖြင့် ဘုရားသခင်၏အကြံတော်ကိုလွှဲဖည်ခြင်းငှာ လူ၌တန်ခိုးမရှိပါချေ။ လူသားများသည် ကိုယ်တော်၏အကြံအစည်တော်ကိုဆက်လက်လုပ်ဆောင်ရန်ပျက်ကွက်ခဲ့လျှင် ကိုယ်တော်သည်အသက်မရှိသည့်ကျောက်တုံးများကို တန်ခိုးပေးတော်မူလိမ့်မည်။ ထိုအခါ ထိုကျောက်တုံးများသည် ဘုရားသခင်၏သားတော်ကိုချီးမွမ်းထောမနာပြု၍ကြိုဆိုကြပေလိမ့်မည်။ နှုတ်ဆိတ်နေသည့်ဖာရိရှဲများသည် နောက်သို့ဆုတ်သွားသည့်အချိန်တွင် ထောင်ပေါင်းများစွာသောအသံများဖြင့် ဇာခရိအားဖြင့်ရေးသားထားသည့် အောက်ပါနှုတ်ထွက်စကားများကို ကျယ်လောင်စွာကျူးအေးကြပါသည်။ "အိုဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။ အိုယေရုရှလင်မြို့သတို့သမီး၊ ကြွေးကြော်လော့။ တရားသဖြင့်စီရင်၍ကယ်တင်ခြင်းသို့ရောက်သောသခင်၊ သင်၏အရှင်မင်းကြီးသည် မြည်းနှင့်မြည်းကလေးကိုစီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ကြွလာတော်မူသည်ကိုကြည့်ရှုလော့။" ဇာခရိ ၉း၉။

ထိုလူတန်းကြီးသည် တောင်စောင်းကလေးဆီသို့ရောက်လာပြီး မြို့ထဲသို့ဝင်တော့မည့်အလုပ်တွင် ခရစ်တော်သည်ရပ်တန့်တော်မူလိုက်ရာ လိုက်ပါလာသောလူအုပ်ကြီးသည်လည်း ကိုယ်တော်နှင့်အတူရပ်တန့်လိုက်ကြပါသည်။ ၎င်းတို့၏ရှေ့တွင် ယေရုရှလင်မြို့ကြီးသည် ဆည်းဆာအချိန်၏နေရောင်ခြည်အောက်၌ လှပတင့်တယ်လျက်ရှိပါသည်။ ဗိမာန်တော်၏အလှသည် မျက်လုံးတိုင်းအားစွဲမက်စေခဲ့ပါသည်။ ၎င်း၏ခမ်းနားကြီးကျယ်မှုသည် အခြား



အဆောက်အဦများထက် ငွားငွားစွင့်စွင့်ရပ်တည်နေပါသည်။ လူသားများအားစစ်မှန်၍ အသက်ရှင်လျက်ရှိသောဘုရားသခင်ကိုညွှန်ပြနေသည့်အလား ပြဿဒ်များသည် ကောင်းကင်သို့ထိုးထွက်နေကြပါသည်။ ဤဗိမာန်တော်သည် ရှေးယခင်မှစ၍ ယုဒလူမျိုးများအတွက် ဂုဏ်ယူစရာဖြစ်ခဲ့ပါသည်။ ရောမလူမျိုးများကိုယ်တိုင်ကလည်း ထိုဗိမာန်တော်၏သားနားကြီးကျယ်မှုအတွက် ဝါကြွားခဲ့ကြပါသည်။ ရောမအစိုးရက ခန့်အပ်ထားသည့်ဘုရင်တစ်ပါးသည် ယုဒလူများနှင့်ပူးပေါင်းကာ ဤဗိမာန်တော်ကြီးအားပြန်လည်တည်ဆောက်မွမ်းမံခဲ့ပြီး ရောမဧကရာဇ်သည် ဗိမာန်တော်အတွက်လက်ဆောင်ပစ္စည်းများကိုပေးပို့ကာ လှပစေခဲ့ပါသည်။ ထိုဗိမာန်တော်ကြီးသည် ၎င်း၏တန်ခိုး၊ ၎င်း၏ကြွယ်ဝကုံလုံမှုနှင့် ၎င်း၏ခမ်းနားကြီးကျယ်မှုများကြောင့် ကမ္ဘာ့အံ့ဖွယ်ကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့ပါသည်။

အနောက်မိုးကုပ်စက်ဝိုင်းကြီးထဲသို့ ဝင်လုဆဲဆဲနေမင်းကြီးသည် ကောင်းကင်ယံကြီးအား ရွှေရောင်ဖျော့ဖျော့တောက်ပနေစေစဉ်တွင် ထိုအလင်းရောင်ကြောင့် ကျောက်ဖြူသားဖြင့်ပြီးသော ဗိမာန်တော်၏နံရံကြီးများသည် ထင်ထင်ရှားရှားပေါ်လွင်နေပါသည်။ ရွှေချထားသည့်ဗိမာန်တော်တိုင်ကြီးများသည်လည်း အရောင်တဖိတ်ဖိတ်တောက်ပနေကြပါသည်။ ခရစ်တော်နှင့်တပည့်တော်များရပ်နေကြသည့် တောင်ထိပ်ပေါ်မှကြည့်လိုက်သော် ထိုဗိမာန်ကြီးသည်နှင်းခဲပုံကြီးပေါ်တွင် ရွှေပြဿဒ်များစိုက်ထူထားသည့်နှယ်ဖြစ်နေပါသည်။ ဗိမာန်တော်အဝင်ဝတွင် အစွမ်းထက်သောပန်းချီဆရာတစ်ဦးက ခြယ်မှုန်းရေးဆွဲထားသည့်ရွှေကိုင်းငွေကိုင်းများဖြင့်ပြီး၍ စိမ်းလန်းနေသောစပျစ်ရွက်များနှင့်ပြွတ်နေအောင်သီးနေသည့်စပျစ်သီးများဖြင့် လှပနေသည့်စပျစ်ပင်တစ်ပင်ကိုတွေ့ရပါသည်။ ဤပုံတွင် ဣသရေလများအားသီးပွင့်နေသောစပျစ်နွယ်ပင်တစ်ပင်နှင့်သရုပ်ဖော်ထားပါသည်။ ထိုစပျစ်ပင်၏ရွှေရောင်၊ ငွေရောင်နှင့်လွင့်နေသောအစိမ်းရောင်များကို ထူးခြားသောလက်ရာမွန်များနှင့် ရှားပါးသောအနုစ်သာရများဖြင့် ပေါင်းစပ်ခြယ်မှုန်ထားပါသည်။ အဖြူရောင်ကျောက်သားများနှင့်နွယ်နှာမောင်းများတွယ်တက်နေသော ရွှေရောင်တောက်နေသည့် ဗိမာန်

တော်တိုင်များဝယ် ထိုစပျစ်နွယ်ပင်ပတ်ရစ်ထားစဉ်တွင် ကောင်းကင်မှရယူထားသည့် ဘုန်းတန်ခိုးတော်တစ်ခုနှယ်ထွန်းလင်းလျက် ဆည်းဆာနေရောင်ခြည်ဝယ် လှပလျက်ရှိပါသည်။

သခင်ယေရှုသည် ထိုမြင်ကွင်းကိုစူးစိုက်၍ကြည့်နေတော်မူပါသည်။ လူအုပ်ကြီးသည်လည်း အော်ဟစ်ကြွေးကြော်သံများရပ်တန့်သွားကာ လှပသောထိုတဒင်္ဂမြင်ကွင်းကြောင့်မှင်သက်နေကြပါသည်။ သူတို့သည် မိမိတို့ခံစားကြရသကဲ့သို့ သဘောကျနှစ်သက်ကြောင်းကို ခရစ်တော်၏မျက်နှာတော်ဝယ်တွေ့ရနိုးဖြင့် ကယ်တင်ရှင်အားကြည့်လိုက်ကြပါသည်။ မျက်နှာတော်ပေါ်ဝယ် ဝမ်းသာကြည်နူးမှုကိုတွေ့ရမည့်အစား ဝမ်းနည်းမှုများကိုသာတွေ့ရပါသည်။ ကြေကွဲသောနှလုံးသားမှပေါက်ကွဲလာသည့်နှယ် တဆတ်ဆတ်တုန်နေသောနှုတ်ခမ်းများမှပေါ်ထွက်လာသည့် ရှိုက်ကြီးတငင်ငိုကြွေးမှုများကိုကြားရစဉ် မျက်ဝန်းတော်တွင်မျက်ရည်များနှင့်ပြည့်ဝနေသည်ကိုလည်းကောင်း၊ မုန်တိုင်းထန်နေသောအချိန်တွင် ယိမ်းထိုးနေသောသစ်ပင်တစ်ပင်ကဲ့သို့ ရှေ့နောက်ယိမ်းထိုးနေသော ကိုယ်တော်၏ခန္ဓာကိုယ်ကြီးကိုလည်းကောင်း မြင်ကြရသဖြင့် သူတို့အံ့အားသင့်ကာ စိတ်အားငယ်ခဲ့ကြရပါသည်။ မိမိတို့ချစ်လှစွာသောသခင်အား မျက်ရည်စက်လက်ဖြင့်ဝမ်းနည်းပူဆွေးစေသော ဤမြင်ကွင်းကို ကောင်းကင်တမန်များမည်ကဲ့သို့ကြည့်ကြရမည်နည်း။ ကိုယ်တော်ရှင်နန်းထိုင်မည့်နေရာဟုဧင်းတို့ထင်ခဲ့ကြသောယေရုရှလင်မြို့သို့ ကိုယ်တော်အားစောင့်ကြပ်ခေါ်ဆောင်လာကြသည့် အော်ဟစ်ကာချီးမွမ်းထောမနာပြု၍ စွန်ပလွံခက်များကိုဝှေ့ယမ်းနေကြသောထိုလူအုပ်ကြီးအတွက် ထိုမြင်ကွင်းသည်အဘယ်သို့ရှိပါမည်နည်း။ သခင်ယေရှုသည် လာဇရု၏ဂူတွင်ငိုကြွေးခဲ့ဖူးသော်လည်း ငိုကြွေးမှုသည် လူသားများခံရသည့်အမင်္ဂလာအတွက် ဘုရားသခင်၏ဝမ်းနည်းမှုကိုဖော်ပြခြင်းသာဖြစ်ပါသည်။ သို့ရာတွင် ဤတဒင်္ဂပူဆွေးမှုသည် အောင်မြင်မှုအတွက်စပ်ဆိုထားသည့်သီချင်းကလေးတစ်ပုဒ်ထဲမှ ဝမ်းနည်းစရာကောင်းသောသံစဉ်တစ်ခုနှယ် ဖြစ်ခဲ့ရပါသည်။ လူအပေါင်းတို့က ကိုယ်တော်အားဂါရဝပြုနေကြသည့်ဝမ်းနည်းစရာမြင်ကွင်းအလယ်တွင် ဣသရေလဘုရင်ကြီး



သည် မျက်ရည်ကျနေပါသည်။ ကျနေသောမျက်ရည်များသည် ဝမ်းသာမျက်ရည်များမဟုတ်ဘဲ ဝမ်းနည်းမျက်ရည်များသာတည်း။ လူထုကြီးသည် ရုတ်တရက်စိတ်ညှိုးငယ်သွားခဲ့ကြပြီး အော်ဟစ်ချီးမွမ်းမှုများသည် တိတ်ဆိတ်သွားခဲ့ပါသည်။ များစွာသောလူတို့သည် ဘာမှန်းမသိလိုက်၍ ငိုကြွေးခဲ့ကြပါသည်။

သခင်ယေရှုကျခဲ့သောမျက်ရည်များသည် မိမိခံစားရမည့်ဒုက္ခဆင်းရဲခြင်းကြောင့် ကြိုတင်၍ကျခဲ့သောမျက်ရည်များမဟုတ်ပါချေ။ မကြာမီတွင်ကိုယ်တော့်အပေါ်သို့ကျရောက်မည့် ကြီးမားသောအမှောင်ထုကြီး၏ကြောက်ခမန်းလိလိဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရမည့်ဂေသရေမန်ဥယျာဉ်သည် ကိုယ်တော်၏ရှေ့နားကလေးတွင်ရောက်ရှိနေပါပြီ။ ရာစုနှစ်ပေါင်းများစွာကတည်းကယဇ်ပူဇော်မည့်တိရစ္ဆာန်များကို ဖြတ်သန်းဆွဲယူခဲ့ကြသော သိုးတံခါးကိုလည်းမြင်နေကြရပါပြီ။ ဤလောက၏အပြစ်များအတွက် ဆက်ကပ်ခဲ့သောပူဇော်သကာအားလုံးကညွှန်ပြခဲ့သည့် ယဇ်ကောင်အစစ်ဖြစ်သောကိုယ်တော်အတွက်ဤတံခါးကြီးကိုမကြာမီတွင်ဖွင့်ကြပေတော့မည်။ ပြင်းထန်သောဝေဒနာကိုခံစားရတော့မည့်ကရာနီကုန်းသည်လည်း ထိုတံခါးနားတွင်ရှိနေပါသည်။ သို့ရာတွင် ရက်စက်ကြမ်းကြုတ်သော အသေသတ်ခြင်းခံရမည့်မြင်ကွင်းများကိုသတိရသဖြင့် ကယ်တင်ရှင်သည်စိတ်နှလုံးပူပန်စွာဖြင့် ငိုကြွေးခဲ့ခြင်းမဟုတ်ချေ။ ကိုယ်တော်၏ငိုကြွေးမှုသည် မိမိအတွက်အတ္တသဘောနှင့်ငိုကြွေးခဲ့ခြင်းလည်းမဟုတ်ချေ။ မြင့်မြတ်၍ကိုယ်ကျိုးစွန့်သော ထိုအသက်ဝိညာဉ်အားပြင်းထန်သောဝေဒနာခံစားရမည့်အကြောင်းစဉ်းစားမိခြင်းက မခြိမ်းခြောက်နိုင်ခဲ့ပါချေ။ ယေရုရှလင်မြင်ကွင်းသည် သခင်ယေရှု၏နှလုံးသားကို ထုတ်ချင်းခတ်ထိုးဖောက်ခဲ့ပါသည်။ ဘုရားသခင်၏သားတော်အားငြင်းပယ်၍ မေတ္တာတော်အားမထီလေးစားလုပ်ခဲ့သောယေရုရှလင်မြို့၊ ကိုယ်တော်ရှင်ပြုတော်မူခဲ့သော ကြီးမားလှသည့်နိမိတ်လက္ခဏာများကို ငြင်းပယ်ခဲ့သောယေရုရှလင်မြို့၊ ထိုမြို့သည် ကိုယ်တော်၏အသက်တော်ကို လုပ်ကြံတော့မည်ဆဲဆဲဖြစ်နေပါသည်။ မိမိ၏ကယ်တင်ရှင်အားငြင်းပယ်ခဲ့ခြင်းဖြင့် ကျူးလွန်ခဲ့သည့်

ပြီး ကြေကွဲသောအသံဖြင့် "အချင်းမြို့၊ သင်၏ငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သော အရာတို့ကို သင်၏လက်ထက်ယခုကာလ၌ပင် သင်သည်သိရလျှင် မင်္ဂလာရှိ၏" ဟုမိန့်တော်မူ၏။ ခရစ်တော်သည် မိမိ၏စကားကိုဤနေရာတွင်ရပ်ထားလိုက်ပြီး ထိုမြို့အားဘုရားသခင်အလွန်ပေးလိုသောဆုကျေးဇူးတည်းဟူသော သားတော်ဘုရားကိုလက်ခံမည်ဆိုလျှင် ၎င်းတို့၏အခြေအနေသည် မည်ကဲ့သို့ဖြစ်နိုင်ခဲ့သည်ကို မပြောဘဲချန်ထားတော်မူခဲ့ပါသည်။ အကယ်၍ ယေရုရှလင်မြို့သည် မိမိသိခွင့်ရသည့်အရာသည် မည်သည့်အရာဖြစ်ကြောင်းကိုသိရှိခဲ့ပြီး ဘုရားသခင်ပေးသနားတော်မူသည့်အလင်းအတိုင်း လိုက်လျှောက်ခဲ့မည်ဆိုလျှင် ထိုမြို့သည်ကြီးပွားချမ်းသာစွာဖြင့်ရပ်တည်ကာ ဘုရားသခင်ပေးသနားတော်မူသည့်တန်ခိုးများဖြင့် ခွန်အားပြည့်ဖြိုးသောအထွတ်အထိပ်နိုင်ငံတစ်ခုဖြစ်ခဲ့လိမ့်မည်သာတည်း။ မည်သည့်လက်နက်ကိုင်စစ်သားတစ်စုံတစ်ယောက်မျှ မြို့တံခါးတွင်စောင့်စရာလိုလိမ့်မည်မဟုတ်ဘဲ ရောမများ၏အလံများသည်လည်း ထိုမြို့၏တံတိုင်းများပေါ်ဝယ် တလူလူနှင့်လွင့်နေခဲ့ကြလိမ့်မည်မဟုတ်ချေ။ ကယ်တင်ရှင်ကိုကြိုဆိုလက်ခံခဲ့လျှင် ၎င်းအားဘုရားသခင်ပေးကမ်းမည့် ထူးခြားကောင်းမွန်သောကံကြမ္မာမြင်ကွင်းသည် ဘုရားသခင်၏သားတော်ရှေ့မှောက်တွင်ပေါ်ထွန်းလာခဲ့ပါသည်။ မိမိအားဖြင့် ထိုမြို့သည်ဝမ်းနည်းဖွယ်ရာအနာရောဂါဖိစီးမှုများကို ကုစားနိုင်ကြောင်းကိုလည်းကောင်း၊ ရောမတို့၏လက်အောက်မှလွတ်မြောက်နိုင်ကြောင်းကိုလည်းကောင်း၊ ကမ္ဘာ့ခွန်အားကြီးမြို့တော်တစ်ခုအဖြစ် တည်ထောင်နိုင်လိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း ကိုယ်တော်ရှင်တွေ့မြင်တော်မူခဲ့ပါသည်။ ငြိမ်းချမ်းရေးချိုးငှက်များသည် သူမ၏မြို့တံတိုင်းထက်မှသည် နိုင်ငံအပေါင်းသို့ထွက်ခွာပျံသန်းခဲ့ကြလိမ့်မည်သာတည်း။ ထိုမြို့သည်လည်း ဘုန်းတန်ခိုးအာဏာဘက်တွင် ကမ္ဘာ့ဦးသျှောင်မြို့တစ်မြို့ဖြစ်ခဲ့လိမ့်မည်သာတည်း။

သို့ရာတွင် ယေရုရှလင်မြို့၌ဖြစ်သင့်သည့် ကောင်းမွန်သောမြင်ကွင်းများသည် ကယ်တင်ရှင်၏မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ပါသည်။ ထိုမြို့သည် ယခုတွင် ရောမတို့၏လက်အောက်တွင်ကျရောက်နေကြောင်း



ထိုမြို့၏အပြစ်များကိုလည်းကောင်း၊ အကယ်၍မိမိ၏ဒဏ်ရာဒဏ်ချက်များကိုကုစားပေးနိုင်သည့် တစ်ပါးတည်းဖြစ်တော်မူသောကိုယ်တော်ကို ထိုမြို့သည် လက်ခံမည်ဆိုလျှင် ထိုမြို့၌ဖြစ်ပေါ်ခဲ့မည့်အရာများကိုလည်းကောင်း ကိုယ်တော်မြင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုမြို့ကိုကယ်တင်ရန်ကြွလာတော်မူခဲ့သဖြင့် ထိုမြို့အားအဘယ်သို့စွန့်ပစ်နိုင်လိမ့်မည်နည်း။

ဣသရေလများသည် မျက်နှာသာပေးခြင်းခံခဲ့ရသော လူမျိုးတစ်မျိုးဖြစ်ခဲ့ပါသည်။ ဘုရားသခင်သည် ၎င်းတို့၏ဗိမာန်တော်တွင်နေထိုင်စိုးစံတော်မူခဲ့ပါသည်။ "မြေကြီးတစ်ပြင်လုံးရွှင်လန်းရာ ဇိအုန်တောင်ထိပ်သည် အဆင်းလှပေ၏" ဟူ၍လည်း ဆာလံဆရာကစပ်ဆိုထားခဲ့ပါသည်။ ဆာလံ ၄၈း၂။ ဖခင်တစ်ဦးက တစ်ဦးတည်းသောသား (သို့မဟုတ်) သမီးကလေးအားပြုသကဲ့သို့ နှစ်ပေါင်းတစ်ထောင်ကျော်ပြုတော်မူခဲ့သော ခရစ်တော်၏ကြည့်ရှုစောင့်ရှောက်ခဲ့မှုနှင့် မေတ္တာထားခဲ့မှုများအတွက်ပြုစုထားသည့်မှတ်တမ်းသည် ထိုဗိမာန်ထဲတွင်ရှိပါသည်။ ထိုဗိမာန်တော်ထဲတွင် ပုရောဖက်များသည် အရေးကြီးသောသတိပေးစကားများကို မိန့်မြွက်ခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်သူများ၏ဆုတောင်းချက်များနှင့်အတူ ဘုရားသခင့်ထံတော်သို့တက်လျက်ရှိနေသော နံ့သာပေါင်းမီးခိုးများကိုထွက်စေသည့် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သည် ထိုဗိမာန်တော်တွင်ရှိနေပါသည်။ ခရစ်တော်၏အသွေးတော်ကိုပုံဆောင်သည့် တိရစ္ဆာန်များ၏အသွေးများသည်လည်း ထိုဗိမာန်တော်တွင်သွန်းလောင်းခဲ့ပါသည်။ ယေဟောဝါအရှင်သည် မိမိ၏ဘုန်းရောင်ခြည်တော်ကို ကရုဏာပလ္လင်ထက်၌ထင်ရှားစေခဲ့သည်မှာလည်း ထိုဗိမာန်တော်၌ပင်ဖြစ်ပါသည်။ ထိုဗိမာန်တော်တွင် ယဇ်ပုရောဟိတ်များသည်အမှုတော်ဆောင်ခဲ့ပြီး ပုံဆောင်မှုဆိုင်ရာဝိနည်းထုံးဖွဲ့နှင့်ပတ်သက်သည့်အခမ်းအနားများကို ခေတ်အဆက်ဆက်ကျင်းပခဲ့ကြပါသည်။ သို့ရာတွင် ထိုအရာအားလုံးသည် အဆုံးသို့ရောက်တော့ပေမည်။

သခင်ယေရှုသည် နာမကျန်းသူများနှင့်ရောဂါဝေဒနာရှင်များအား မကြာခဏကောင်းချီးပေးရာတွင် အသုံးပြုခဲ့ဖူးသည့်လက်တော်ကိုမြှောက်လိုက်ကာ အပြစ်ဒဏ်စီရင်ခြင်းခံရတော့မည့်ထိုမြို့ဘက်သို့လှည့်၍ဝှေ့ယမ်းလိုက်

ဘုရားသခင်၏မနှစ်သက်မှုကိုခံယူလျက် အကျိုးအပြစ်ကိုပေးဆပ်ခြင်းငှာပြစ်ဒဏ်စီရင်ခြင်းကိုခံထားရကြောင်းစသည်တို့ကို ကိုယ်တော်သိရှိထားတော်မူပါသည်။ ထို့ကြောင့် "ယခုမူကား၊ ထိုအရာတို့ကိုသင်မျက်စိရှေ့မှာမထင်ရှားစေခြင်းငှာ ဝှက်ထားလျက်ရှိ၏။ အကြောင်းမူကား၊ သင့်ကိုကြည့်ရှုပြုစုတော်မူသောကျေးဇူးကိုသင်သည်မသိမှတ်သောကြောင့် သင်၏ရန်သူတို့သည် သင့်ပတ်လည်တွင်တပ်တည်၍ လေးမျက်နှာ၌ဝန်းရံလျက်ချုပ်ထားပြီးလျှင် သင်၏ကိုယ်မှစ၍သင်၏သားသမီးတို့ကို မြေနှင့်တညီတည်းညှိသဖြင့်သင်၌ကျောက်တစ်ခုပေါ်မှာတစ်ခုထပ်ဆင့်၍မကျန်ရစ်ခြင်းငှာ ပြုကြသောအချိန်ကာလသည် ရောက်လိမ့်မည်" ဟု ဝမ်းနည်းကြေကွဲစွာဖြင့် ဖွင့်ဟတော်မူ၏။

ခရစ်တော်သည် ယေရုရှလင်မြို့ကို သူမ၏သားသမီးများနှင့်တကွကယ်တင်ရန်ကြွလာတော်မူခဲ့သော်လည်း ၎င်း၏သူတော်ကောင်းအရေခြုံမာနများ၊ လျှို့ဝှက်မှုများ၊ မနာလိုဝန်တိုခြင်းများနှင့် အငြိုးထားခြင်းများက ကိုယ်တော်၏အကြံကိုအထမမြောက်စေခဲ့ချေ။ ဤမြို့ပေါ်တွင်ကျရောက်မည့်ကြောက်ရွံ့ဖွယ်သောအကျိုးအပြစ်ဆပ်ပေးခြင်းကိုလည်း ကိုယ်တော်သိရှိတော်မူခဲ့ပါသည်။ မြို့နေလူထုသည် အစာငတ်သဖြင့်သေကျေကုန်ကြသည်အထိ မြို့ကိုရန်သူစစ်သားများဝိုင်းထားကြလိမ့်မည်ကိုလည်းကောင်း၊ မိခင်များသည် သေဆုံးသွားသည့်ရင်သွေးငယ်များ၏အသားများကိုစားရသည်အထိ မိဘများနှင့်သားသမီးသည် နောက်ဆုံးတစ်လုတ်စာအစာကလေးအတွက် တစ်ယောက်နှင့်တစ်ယောက်လု၍စားရသည်အထိ စိတ်ထိခိုက်နာကျင်စေသောငတ်မွတ်ခေါင်းပါးမှုကြောင့် မေတ္တာတရားခေါင်းပါးလာပုံများကိုလည်းကောင်း ကိုယ်တော်မြတ်တွေ့တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ပေးတော်မူသောကယ်တင်ခြင်းကိုငြင်းပယ်ခြင်းအားဖြင့် ထင်ရှားသိသာစေခဲ့သောယုဒလူများ၏ခေါင်းမာမှုများသည် ကျူးကျော်ဝင်ရောက်လာကြသည့် ရောမစစ်သားများအားအညံ့ခံရန်ငြင်းဆိုစေလိမ့်မည်ဖြစ်ကြောင်းကိုလည်း ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ မိမိအားကပ်တိုင်တင်ကြမည့်ကရာနီကုန်းထက်ဝယ် ကပ်တိုင်များသည် သစ်တောကြီးထဲမှသစ်ပင်များနှယ် ပြွတ်သိပ်လျက်ရှိကြောင်းကို



လည်း ကိုယ်တော်ရှုမြင်တော်မူခဲ့ပါသည်။ အတိဒုက္ခရောက်လျက်ရှိကြသောမြို့သူမြို့သားများသည် ကပ်တိုင်အတင်ခံရသည်ကိုလည်းကောင်း၊ လှပတင့်တယ်သောနန်းတော်ကြီးအဖျက်ဆီးခံရသည်ကိုလည်းကောင်း၊ မြို့တော်ကိုလယ်ကွင်းတစ်ခုအလားမြေလှန်ကြစဉ်တွင် ဗိမာန်တော်၏နံရံကြီးများမှကျောက်တုံးများသည် တစ်ခုပေါ်တစ်ခုထပ်ဆင့်၍မကျန်ရစ်တော့ကြောင်းကိုလည်းကောင်း ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ ကြောက်လန့်စရာမြင်ကွင်းကြောင့် ကယ်တင်ရှင်ငိုကြွေးတော်မူခဲ့သည်မှာ လျော်ကန်သင့်မြတ်လှစွတကား။

ယေရုရှလင်မြို့ကို ကိုယ်တော်ရှင်စောင့်ထိန်းကြည့်ရှုတော်မူခဲ့ရသဖြင့်တဖောက်ကန်းနိုင်လှသောသားငယ်အတွက် ပူဆွေးသောကရောက်ခဲ့ရသောဖခင်တစ်ဦးနှယ် ထိုမြို့အတွက် သခင်ယေရှုငိုကြွေးခဲ့ရပါသည်။ ထိုမြို့ကိုအဘယ်သို့စွန့်ပစ်နိုင်ပါမည်နည်း။ ကိုယ်တော်အားကြည်ညိုသက်ဝင်သူများပျက်စီးသေကျေကုန်သည်ကို အဘယ်သို့ကြည့်ရက်နိုင်မည်နည်း။ သင်၏ဒုစရိုက်ခွက်ဖလားကို သင့်အားငါ့ဖြည့်ခွင့်ပေးရမည်လား။ အသက်ဝိညာဉ်တစ်လုံးသည် အချည်းနှီးပျောက်ကွယ်နစ်မြုပ်သွားမည့် ကမ္ဘာပေါင်းမြောက်မြားစွာလောက် တန်ဖိုးရှိလှပါသည်။ သို့ရာတွင် ဤကိစ္စ၌တစ်မျိုးသားလုံးပျောက်ဆုံးရမည့်အခြေအနေဖြစ်နေပါသည်။ အနောက်မိုးကုပ်စက်ဝိုင်းထဲသို့လျင်မြန်စွာ ဦးတည်ရွေ့လျားနေသောနေမင်းကြီးသည် ကောင်းကင်မြင်ကွင်းမှမျက်ကွယ်ပြုသွားသောအချိန်တွင် ယေရုရှလင်မြို့၏ကရုဏာနေ့ရက်များသည်အဆုံးသတ်သွားပေလိမ့်မည်။ ထိုလူတန်းကြီးသည် သံလွင်တောင်စောင်းတွင်ခေတ္တရပ်တန့်နေသောအချိန်၌ ယေရုရှလင်မြို့သည် နောင်တရဖို့အချိန်နောက်မကျသေးချေ။ တရားမျှတမှုနှင့်လျင်မြန်စွာသက်ရောက်လာမည့် အပြစ်ဒဏ်စီရင်မှုကိုပေးဆပ်ရန် ရွှေပလ္လင်တော်မှဆင်းကြွတော့မည့် ကောင်းကင်တမန်များသည် ထိုအချိန်တွင် ၎င်းတို့၏အတောင်များကို ခေါက်သိမ်းထားလျက်ရှိကြပါသည်။ မေတ္တာတော်နှင့်ပြည့်ဝလျက်ရှိသော ခရစ်တော်၏မဟာနှလုံးသားတော်ကလည်း မိမိ၏ကရုဏာတော်များကို မထီလေးစားပြုခဲ့သော၊ မိမိ၏သတိပေးစကားများကို မလေးမစားပြုခဲ့သော၊ မိမိလက်တော်များကိုသွေးစွန်း

စေတော့မည်ဖြစ်သောထိုမြို့အတွက် အသနားခံတော်မူဆဲဖြစ်ပါသည်။ ယေရုရှလင်မြို့သည် နောင်တရရုံသာနောင်တရခဲ့လိမ့်မည်ဆိုလျှင် ထိုအချိန်သည် နောက်မကျသေးချေ။ ဆည်းဆာချိန်၏နောက်ဆုံးသောနေရောင်ခြည်သည် ဗိမာန်တော်ပေါ်တွင်လည်း ပြအိုးနှင့်ဘုံပြာသာဒ်တို့အပေါ်တွင်လည်းကောင်း ကျရောက်နေစဉ်တွင် သန့်ရှင်းသောကောင်းကင်တမန်များသည် ကယ်တင်ရှင်၏မေတ္တာတော်၌ ထိုမြို့အားပို့ဆောင်၍ ကျရောက်လာသည့်အပြစ်ဒဏ်စီရင်ချက်များကို မပြောင်းလဲစေကြတော့ဘူးလား။ ပုရောဖက်များကိုခဲနှင့်ပေါက်ခဲ့သော သားတော်အားငြင်းပယ်ခဲ့သောအနှောင်အဖွဲ့များတွင် နောင်တမရခြင်းအားဖြင့် မိမိကိုယ်ကိုချုပ်နှောင်ခဲ့သော လှပသော်လည်းမသန့်ရှင်းသောထိုမြို့သည် မိမိအတွက်သတ်မှတ်ထားသည့်ကရုဏာနေ့ရက်သည် ကုန်ဆုံးလုနီးပေပြီ။

သို့စေကာမူ ဘုရားသခင်၏ဝိညာဉ်တော်သည် ယေရုရှလင်မြို့အား တစ်ဖန်မိန့်တော်မူပြန်ပါသည်။ ထိုကရုဏာနေ့ရက်မကုန်လွန်မီ အခြားသက်သေခံချက်များအားဖြင့်လည်း ခရစ်တော်အကြောင်းကို သက်သေခံခဲ့ကြပါသည်။ အနာဂတ်ကိုဖော်ပြသည့် အတိတ်အကြောင်းအရာတစ်ခု၏တောင်းဆိုချက်ကိုတုံ့ပြန်လျက် အသံကိုမြှင့်၍သက်သေခံခဲ့ပါသည်။ ယေရုရှလင်မြို့သည် ထိုတောင်းခံသံကိုနားထောင်လိမ့်မည်ဆိုလျှင်သော်လည်းကောင်း၊ သူမ၏မြို့တံခါးထဲသို့ဝင်လာသည့်ကိုယ်တော်အား ကြိုဆိုခဲ့လိမ့်မည်ဆိုလျှင်သော်လည်းကောင်း ထိုမြို့သည် ကယ်တင်ခြင်းကိုရနိုင်ပါသေးသည်။

သခင်ယေရှုသည် လူစုလူရုံးကြီးနှင့်ယေရုရှလင်မြို့သို့ရှေးရှုလျက်ကြွလာနေပြီဖြစ်ကြောင်းသတင်းကို ယုဒလူအကြီးအကဲများရရှိခဲ့ကြသော်လည်း ဘုရားသခင်၏သားတော်ကို သူတို့မကြိုဆိုခဲ့ကြချေ။ လူအုပ်ကြီးကိုလူစုခွဲရန်မျှော်လင့်လျက် ကိုယ်တော်ရှင်နှင့်တွေ့ရန် သူတို့ကြောက်ရွံ့စွာဖြင့်ထွက်သွားကြပါသည်။ ထိုလူတန်းကြီးသည် သံလွင်တောင်ပေါ်မှဆင်းလာတော့မည်အပြုတွင် ယုဒလူအကြီးအကဲများ၏ကြားဝင်ဟန့်တားမှုကိုခံကြရပါသည်။ မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ဆူညံစွာအော်ဟစ်၍ ပျော်ရွှင်နေကြကြောင်း



ကို သူတို့မေးမြန်းစုံစမ်းကြ၏။ ဤသူကား အဘယ်သူနည်းဟူသောအမေးကို တမန်တော်များသည် ဝိညာဉ်တော်တန်ခိုးပြည့်ဝစွာဖြင့် ပြန်လည်ဖြေဆိုခဲ့ကြပါသည်။ သွက်လက်ချက်ချာစွာဖြင့် ခရစ်တော်နှင့်ပတ်သက်သည့် အောက်ပါအနာဂတ္တိစကားများကို သူတို့ရွတ်ဆိုကြပါသည်။

ဤသူသည် မြွေ၏ဦးခေါင်းကိုကြိတ်မည့်မိန်းမ၏မျိုးနွယ်ဖြစ်သည်ဟု အာဒံကသင့်ကိုအဖြေပေးလိမ့်မည်ဟူ၍လည်းကောင်း။–

သင်တို့သည် အာဗြဟံကိုမေးလျှင် ဤသူသည်ရှာလင်မင်းကြီးမေလခိဇေဒက်ဖြစ်သည်ဟူ၍လည်းကောင်း။–

ယာကုပ်က "ယုဒလူမျိုးများဆည်းကပ်ရာ ရှိလောဖြစ်သည်" ဟူ၍လည်းကောင်း။–

ဟေရှာယက "ထိုသူသည်ဧမာနွေလဖြစ်သည်။ အံ့ဩဖွယ်တိုင်ပင်ဖက်၊ တန်ခိုးကြီးသောဘုရား၊ ထာဝရအဖ၊ ငြိမ်သက်ခြင်းအရှင်ဖြစ်တော်မူသည်" ဟူ၍လည်းကောင်း။–

ယေရမိကမူ "ထိုသူသည် ဒါဝိဒ်၏အညွန့်ယေဟောဝါဇေဒကနုဖြစ်တော်မူသည်" ဟူ၍လည်းကောင်း။–

ဒံယေလက "ထိုသူသည် မေရှိယဖြစ်တော်မူသည်" ဟူ၍လည်းကောင်း။–

ဟောရှေက "ထာဝရဘုရားတည်းဟူသောနာမသည် ထိုဘုရားသခင်၏ဘွဲ့နာမတော်ဖြစ်၏" ဟူ၍လည်းကောင်း။–

နှစ်ခြင်းဆရာယောဟန်က "ထိုသူသည်ဤလောက၏အပြစ်ကိုဆောင်ယူသွားသော သိုးသငယ်ဖြစ်သည်" ဟူ၍လည်းကောင်း။–

ပလ္လင်တော်ထက်ဝယ်စိုးစံတော်မူလျက်ရှိသော ထာဝရဘုရားသခင်ကမူ "ဤသူသည်ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" ဟူ၍လည်းကောင်း။–

ကိုယ်တော်၏တမန်တော်များကမူ "ထိုသူသည် ယေရှုခရစ်မေရှိယအသက်ပေးပိုင်ရှင်၊ ကမ္ဘာ့ကယ်တင်ရှင်ဖြစ်သည်" ဟူ၍လည်းကောင်း။–

မှောင်မိုက်၏သခင် စာတန်ကမူ "ကိုယ်တော်သည် --- ဘုရားသခင်၏သန့်ရှင်းတော်မူသောသူဖြစ်ပါသည်" ဟူ၍လည်းကောင်း အသီးသီးသင့်ကိုအဖြေပေးကြပါလိမ့်မည်ဟု သူတို့တုံ့ပြန်ဖြေဆိုခဲ့ကြပါသည်။

****





## tcef; (64)
## tjypf'Pfp D&if fjcif;cHsaomvlrsKd;

မာကု ၁၁း၁၁-၁၄၊ ၂၀၊၂၁။ မဿဲ ၂၁း၁၇-၁၉ တို့ကိုအခြေပြုထားပါသည်။

ခရစ်တော်သည် မြည်းကလေးကိုစီး၍ ယေရုရှလင်မြို့ထဲသို့ဝင်လာသည့်မြင်ကွင်းသည် အောင်ပွဲခံနေသောကောင်းကင်တမန်များနှင့် ပျော်ရွှင်မြူးထူးနေသော သူတော်စင်များအလယ်တွင် တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံစွာဖြင့် မိုးတိမ်ကိုစီးလျက် ကိုယ်တော်ကြွလာမည့်မြင်ကွင်းအတွက် မထင်ရှားသောအရိပ်ပြမြင်ကွင်းတစ်ခုသာဖြစ်ပါသည်။ ဖာရိရှဲများအား ကိုယ်တော်မိန့်မြွက်တော်မူခဲ့သည့် "ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသောဟု သင်တို့မပြောမီတိုင်အောင် ယခုမှစ၍သင်တို့သည် ငါ့မျက်နှာကိုမမြင်ရကြ" ဟူသောစကားများသည် ထိုအချိန်တွင်ပြည့်စုံလာပါလိမ့်မည်။ မဿဲ ၂၃း၃၉။ ဇာခရိအားလည်း နောက်ဆုံးအောင်ပန်းဆွတ်သည့်နေ့ရက်မြင်ကွင်းကို ရူပါရုံအားဖြင့်ပြတော်မူခဲ့ပါသည်။ ထိုမြင်ကွင်းတွင် ပထမအကြိမ်ကြွလာစဉ်က ခရစ်တော်အားငြင်းပယ်ခဲ့ကြသူများအပေါ်သို့ ကျရောက်မည့်ပြစ်ဒဏ်စီရင်မှုများကို သူမြင်တွေ့ခဲ့ရပါသည်။ "သူတို့သည် မိမိတို့ထိုးဖောက်သော ငါ့ကိုရှုမြင်ရကြလိမ့်မည်။ တစ်ယောက်တည်းသောသားအတွက် အဘသည်ငိုကြွေးမြည်တမ်းသကဲ့သို့ ထိုသူအတွက်ငိုကြွေးမြည်တမ်းရကြလိမ့်မည်၊ သားဦးအတွက်အဘသည် နာကြည်းသကဲ့သို့နာကြည်းရကြလိမ့်မည်" ဇာခရိ ၁၂း၁၀။ ခရစ်တော်သည် ယေရုရှလင်မြို့ကိုလှမ်း၍ကြည့်လိုက်သောအချိန်တွင် ဤမြင်ကွင်းကိုမြင်တွေ့တော်မူခဲ့ရပြီး ငိုကြွေးတော်မူခဲ့ပါသည်။ ဘုရားသခင်၏သားတော်ကို အသွေးသွန်းစေခဲ့သည့်အပြစ်ကို ကျူးလွန်ခဲ့သူများ၏ထာဝရပျက်သုဉ်းခြင်းအကြောင်းကို ယေရုရှလင်မြို့ကြီးပျက်စီးနေသောမြင်ကွင်းအားဖြင့် ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။

ယုဒလူများသည် ခရစ်တော်ကိုမုန်းတီးကြောင်း တမန်တော်များသိရှိခဲ့ကြသော်လည်း ထိုမုန်းတီးမှုသည် မည်သည့်အရာကိုဖြစ်စေလိမ့်မည်ကိုမူ သူတို့မသိရှိကြသေးချေ။ ဣသရေလလူများ၏အခြေအနေမှန်ကိုလည်းကောင်း၊ ယေရုရှလင်မြို့ပေါ်သို့ကျရောက်မည့်အကျိုးအပြစ်များကိုလည်းကောင်း သူတို့နားမလည်ကြသေးချေ။ ထို့ကြောင့် ခရစ်တော်သည် အရေးပါသောရုပ်ပြသင်ခန်းစာတစ်ခုအားဖြင့် ၎င်းတို့အား ဤအရာကိုဖွင့်ပြတော်မူပါသည်။

ယေရုရှလင်မြို့အပေါ်နောက်ဆုံးပြုခဲ့သောတောင်းခံမှုသည် အချည်းနှီးဖြစ်ခဲ့ပါသည်။ ဤသူသည် မည်သူဖြစ်သနည်းဟူသော ၎င်းတို့၏အမေးကိုတုံ့ပြန်ကြသောအဖြေများထဲတွင် ပါဝင်နေသည့်အနာဂတ္တိဆိုင်ရာအသံတော်ကို ဤယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများကြားကြသော်လည်း ထိုအသံကိုဘုရားသခင်ထံမှလာသောအသံတော်များအဖြစ် သူတို့လက်မခံခဲ့ကြချေ။ သူတို့သည် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက်၊ အံ့အားသင့်လျက် လူထုကြီးတစ်ရပ်လုံးအားနှုတ်ဆိတ်သွားအောင် ကြိုးစားခဲ့ကြပါသည်။ ထိုလူအုပ်ထဲတွင် ရောမအရာရှိများလည်းရောက်ရှိနေကြရာ ကိုယ်တော်အားရန်ဖက်ပြုသူများက ၎င်းတို့ထံသို့သွား၍ သခင်ယေရှုအား ပုန်ကန်ထကြွမှုတစ်ခု၏ခေါင်းဆောင်တစ်ဦးအဖြစ် စွပ်စွဲတိုင်တန်းခဲ့ကြပါသည်။ ကိုယ်တော်သည် ဗိမာန်တော်ကိုအပိုင်စီးကာ ယေရုရှလင်မင်းကြီးအသွင်ဖြင့် စိုးစံတော့မည်ဖြစ်ကြောင်း သူတို့ဖော်ပြပြောဆိုခဲ့ကြပါသည်။

သို့ရာတွင် မိမိသည်လောကီနိုင်ငံတစ်ခုကိုတည်ထောင်ရန် ကြွလာခဲ့ခြင်းမဟုတ်ကြောင်း၊ မကြာမီအချိန်တွင် အဖဘုရားသခင်ထံတော်သို့ တက်ကြွသွားတော့မည်ဖြစ်သဖြင့် မိမိသည် ဘုန်းတော်နှင့်နောက်တစ်ဖန်ကြွမလာမီတိုင်အောင် ၎င်းတို့သည် မိမိအားမြင်ကြရတော့မည်မဟုတ်ကြောင်း စသည်ဖြင့်နောက်တစ်ခါထပ်၍ ကိုယ်တော်မိန့်တော်မူလိုက်သောအခါ ဆူဆူညံညံလုပ်နေသောလူအုပ်ကြီးသည် ငြိမ်ကျသွားခဲ့ပါသည်။ ထိုအချိန်ကျမှကိုယ်တော်အား အသိအမှတ်ပြုမည်ဆိုလျှင် မိမိတို့၏ကယ်တင်ခြင်းအတွက် အချိန်အလွန်နောက်ကျပေလိမ့်မည်။ သခင်ယေရှုသည် ဤစကားများကို အတု



မရှိသောတန်ခိုးတော်နှင့် ဝမ်းနည်းစွာဖြင့်မိန့်မြွက်တော်မူခဲ့ပါသည်။ ရောမအရာရှိများသည် နှုတ်ဆိတ်ကာငြိမ်နေခဲ့ကြပါသည်။ ၎င်းတို့၏နှလုံးသားများသည် ဘုရားသခင်၏စိုးမိုးမှုအတွက် အစိမ်းသက်သက်ဖြစ်နေကြသော်လည်း ယခင်ကနှင့်မတူသည့် ထူးခြားသောစိတ်လှုပ်ရှားမှုများကို ခံစားခဲ့ကြရပါသည်။ တည်ငြိမ်ခံ့ညားသောခရစ်တော်၏မျက်နှာတော်ဝယ် ချစ်ခြင်းမေတ္တာကျေးဇူးပြုခြင်းနှင့်တည်ငြိမ်သောဂုဏ်အသရေများကို သူတို့တွေ့ခဲ့ကြရပါသည်။ သူတို့သည် မိမိတို့နားမလည်နိုင်သောကြင်နာသနားမှုတစ်ခုကြောင့် စိတ်လှုပ်ရှားခဲ့ရပါသည်။ ခရစ်တော်ကိုဖမ်းရမည့်အစား ကိုယ်တော်ကိုအရိအသေပေးရန် ပို၍စိတ်ညွတ်နေခဲ့ကြပါသည်။ ထိုနောက်ယဇ်ပုရောဟိတ်များယုဒလူအကြီးအကဲများဘက်သို့လှည့်ကာ ၎င်းတို့အားဤရုန်းရင်းဆန်ခတ်ဖြစ်မှုကို ဖန်တီးသူများအဖြစ်စွပ်စွဲပြစ်တင်ခဲ့ကြပါသည်။ ဤခေါင်းဆောင်များသည် ရှုံးနိမ့်မှုနှင့်မခံချိမခံသာခံစားရမှုများကြောင့် လူထုကြီးဘက်သို့လှည့်၍အပြစ်ရှာလိုက်ပြီး အချင်းချင်းလည်းဒေါသတကြီးငြင်းခုံနေခဲ့ကြပါသည်။

ထိုစဉ်တွင် ခရစ်တော်သည် ၎င်းတို့ကိုဂရုမစိုက်ဘဲ ဗိမာန်တော်ထဲသို့ဝင်သွားခဲ့ပါသည်။ သံလွင်တောင်ပေါ်မှမြင်ကွင်းကြောင့် လူအများသည် ဗိမာန်တော်မှထွက်သွားကြသည့်အတွက် ဗိမာန်တော်တစ်ခုလုံးသည် ငြိမ်သက်နေပါသည်။ သခင်ယေရှုသည် တစ်ခဏမျှဗိမာန်တော်ထဲတွင်နေတော်မူခဲ့ပြီး ဝမ်းနည်းသောမျက်လုံးများဖြင့် ဗိမာန်တော်ကိုကြည့်တော်မူခဲ့ပါသည်။ ထိုနောက် တမန်တော်များနှင့်အတူ ဗေသနိသို့ထွက်ခွာသွားတော်မူခဲ့ပါသည်။ လူထုကြီးကကိုယ်တော်အား ဘုရင်မြှောက်ရန်ရှာကြသောအခါ ကိုယ်တော်ကိုမတွေ့ရတော့ချေ။

ထိုနောက် ခရစ်တော်သည် တစ်ညလုံးဆုတောင်းခြင်းဖြင့် အချိန်ကုန်လွန်စေခဲ့ပြီး နံနက်မိုးသောက်သောအခါ ဗိမာန်တော်သို့တစ်ဖန်ကြွလာတော်မူခဲ့ပါသည်။ လမ်းတွင်သင်္ဘောသဖန်းပင်ခြံတစ်ခုကိုကျော်ဖြတ်တော်မူစဉ် ဆာလောင်မှုဝေဒနာကိုခံစားရပါသည်။ ထိုအချိန်တွင် "အရွက်နှင့်ပြည့်

စုံသောသင်္ဘောသဖန်းပင်ကို အဝေးကမြင်လျှင် သင်္ဘောသဖန်းသီးဆွတ်သော အချိန်ကာလမရောက်သေးသောကြောင့် ထိုအပင်၌အသီးကိုတွေ့ကောင်းတွေ့ လိမ့်မည်အထင်နှင့် ကြွသွား၍ရောက်သောအခါ အရွက်ကိုသာတွေ့တော်မူ သည်ရှိသော် ယခုမှစ၍အစဉ်မပြတ်သင်၏အသီးကို အဘယ်သူမျှမစားစေနှင့်" ဟုမိန့်တော်မူ၏။

အချို့နေရာဒေသများမှလွဲ၍ နေရာတော်တော်များများတွင် ဤရာသီ သည် သင်္ဘောသဖန်းသီးမှည့်သောရာသီမဟုတ်ချေ။ ယေရုရှလင်မြို့ပတ်ဝန်း ကျင်တွင်ရှိသော ကုန်းပြင်မြင့်များအပေါ်တွင် "သင်္ဘောသဖန်းသီးဆွတ်သော အချိန်ကာလမရောက်သေး" ဆိုသည်မှာ မှန်ကောင်းမှန်မည်ဖြစ်သော်လည်း ယခုခရစ်တော်ရောက်ရှိနေသည့်သစ်သီးခြံတွင်မူ သင်္ဘောသဖန်းပင်တစ်ပင် သည် အခြားအပင်များထက်ဦး၍ အသီးများပုံပေါ်နေပါသည်။ အရွက်များ လည်းဖုံးထားပါသည်။ သင်္ဘောသဖန်းပင်များ၏သဘာဝအရ အရွက်များမ ပေါက်မီ အသီးများသီးတတ်ပါသည်။ ထို့ကြောင့် အရွက်စုံနေပြီဖြစ်သည့် ဤအပင်သည် ကောင်းမွန်ကြီးထွားသောအသီးရှိမည့်လက္ခဏာကို ဖော်ပြနေ ပါသည်။ သို့ရာတွင် အမြင်နှင့်အရှိသည် တခြားစီဖြစ်နေပါသည်။ အောက် ဆုံးကိုင်းများမှသည် အထက်ဆုံးကိုင်းများအထိရှာဖွေကြည့်သော်လည်း အရွက် မှလွဲ၍မည်သည့်အသီးတစ်စုံတစ်ရာကိုမျှ ခရစ်တော်မတွေ့ရချေ။ အရွက်များ မှတစ်ပါး အခြားမည့်သည့်အရာမျှမရှိချေ။

ခရစ်တော်သည် "ယခုမှစ၍အစဉ်မပြတ် သင်၏အသီးကိုအဘယ် သူမျှမစားစေနှင့်" ဟုထိုအပင်အားခြောက်သွေ့ညှိုးနွမ်းသွားအောင် ကျိန်ဆို လိုက်ပါသည်။ နောက်တစ်နေ့နံနက်တွင် ခရစ်တော်နှင့်တပည့်တော်များသည် ထိုလမ်းအတိုင်းယေရုရှလင်မြို့သို့သွားစဉ် ညှိုးနွမ်းနေသောသစ်ကိုင်းသစ်ရွက် များကိုဂရုစိုက်မိကြလျှင် ပေတရုက "အရှင်ဘုရားကြည့်တော်မူပါ၊ ကျိန်တော် မူသောသင်္ဘောသဖန်းပင်သည် သွေ့ခြောက်ပါပြီတကား" ဟုလျှောက်လေ၏။

သင်္ဘောသဖန်းပင်ကိုကျိန်ဆိုခဲ့သည့် ခရစ်တော်၏အပြုအမူသည် တမန်တော်များအားအံ့အားသင့်စေခဲ့ပါသည်။ ကိုယ်တော်၏လုပ်ဆောင်မှု သည် မိန့်ဆိုချက်နှင့်တခြားစီဖြစ်နေသယောင်ဖြစ်နေပါသည်။ မိမိသည်



ဤလောကကိုအပြစ်စီရင်ရန်ကြွလာတော်မူသည်မဟုတ်ဘဲ ကမ္ဘာကြီးကိုကယ် တင်ရန်ကြွလာတော်မူကြောင်း မိန့်မြွက်ခဲ့သည်ကို သူတို့မကြာခဏကြားဖူး ခဲ့ကြပါသည်။ "လူသားသည် လူတို့၏အသက်ကိုသတ်အံ့သောငှာ ကြွလာ သည်မဟုတ်၊ ကယ်တင်အံ့သောငှာကြွလာသည်" ဟူသောစကားများကိုလည်း သူတို့သတိရခဲ့ကြပါသည်။ လုကာ ၉း၅၅။ ကိုယ်တော်ပြုတော်မူခဲ့သည့် အံ့ဖွယ်အမှုတော်များသည်လည်း ပြန်လည်ကောင်းမွန်လာစေရန်အတွက်သာ ဖြစ်ပြီး ဖျက်ဆီးရန်အတွက်မဟုတ်ခဲ့ပါချေ။ တပည့်တော်များအနေနှင့် ကိုယ်တော်အား အနာပျောက်ကင်းစေသူတစ်ပါးအဖြစ်သာသိရှိခဲ့ကြပါသည်။ သို့ရာတွင် ဤလုပ်ရပ်မှာမူ အထက်ပါလုပ်ရပ်များနှင့်တခြားစီဖြစ်နေပါတ ကား။ မည်သည့်ရည်ရွယ်ချက်နှင့် ထိုသို့လုပ်ဆောင်ခဲ့သနည်းဟု သူတို့စော ဒကတက်ခဲ့ကြပါသည်။

ဘုရားသခင်သည် "ကရုဏာ၌မွေ့လျော်တော်မူ၏" မိက္ခာ ၇း၁၈။ "အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား ငါအသက်ရှင်သည်အတိုင်းဆိုးသော သူသည်အသေခံခြင်းအမှုကိုငါနှစ်သက်သည်မဟုတ်" ယေဇကျေ ၃၃း၁၁။ ဖျက်ဆီးသုတ်သင်သောအလုပ်နှင့် အပြစ်ပေးရှုတ်ချသောအလုပ်များသည် ကိုယ်တော်အတွက် "ထူးခြားသောအမှုတော်" တစ်ခုသာဖြစ်ပါသည်။ ဟေရှာယ ၂၈း၂၁။ သို့ရာတွင် ကိုယ်တော်သည် ကရုဏာတော်နှင့်မေတ္တာတော်အားဖြင့် အနာဂတ်ကိုဖွင့်ပြတော်မူ၍ ဒုစရိုက်လုပ်ရပ်များ၏အကျိုးဆက်များကို လူ သားများအားဖော်ပြတော်မူပါသည်။

သင်္ဘောသဖန်းပင်ကိုကျိန်ဆိုခြင်းအမှုသည် ပုံပမာပြု၍လုပ်ဆောင် မှုတစ်ရပ်သာဖြစ်ခဲ့ပါသည်။ ခရစ်တော်၏မျက်နှာတော်ရှေ့တွင် မာန်ဝင့်နေ သောအရွက်များနှင့်ပြည့်လျက် အသီးမသီးသောထိုအပင်သည် ယုဒလူမျိုး များအားပုံဆောင်ထားပါသည်။ ဣသရေလတိုင်းပြည်အပေါ်ကျရောက်မည့် အပြစ်စီရင်ချက်၏အကြောင်းရင်းနှင့် သေချာသောအချက်ကို တပည့်တော် များအားရှင်းလင်းစွာသိစေလိုတော်မူပါသည်။ ဤရည်ရွယ်ချက်ဖြင့် ကိုယ် တော်သည် ဤသစ်ပင်အားကောင်းသောအရည်အသွေးများနှင့်အပ်နှင်းခဲ့ပြီး

ဘုရားသခင်၏သမ္မာတရားတော်ကို ထင်ရှားစွာဖော်ပြသည့်အရာတစ်ခုဖြစ်စေခဲ့ပါသည်။

ယုဒများသည် ထာဝရဘုရားအား သစ္စာစောင့်သူများအဖြစ်ဝန်ခံလျက် အခြားနိုင်ငံများအထက်တွင် ထူးခြားစွာရပ်တည်ခဲ့ပါသည်။ သူတို့သည် ကိုယ်တော်ရှင်၏အထူးမျက်နှာသာပေးမှုကိုခံခဲ့ကြရပြီး အခြားလူမျိုးများထက် မိမိတို့ကဖြောင့်မတ်သည်ဟု ဖွင့်ဟခဲ့ကြပါသည်။ သို့ရာတွင် လောကကိုချစ်သောစိတ်များနှင့် အလိုရမ္မက်ကြီးမှုများသည် ၎င်းတို့အားစာရိတ္တပျက်ပြားစေခဲ့ပါသည်။ သူတို့သည် မိမိတို့ရရှိထားသည့်ပညာဗဟုသုတများအတွက် ကြွားဝါခဲ့ကြသော်လည်း ထာဝရဘုရား၏တောင်းဆိုချက်များကိုမူ မသိနားမလည်ခဲ့ကြဘဲ သူတော်ကောင်းအရေခြုံများဖြစ်လာခဲ့ကြပါသည်။ အသီးမသီးသောထိုသဖန်းပင်ကဲ့သို့ ၎င်းတို့သည် မိမိတို့၏ဟန်ဆောင်မှုအကိုင်းအခက်များကို လှုပတင့်တယ်သောအသွင်နှင့် ဖြန့်ကြက်ထားကြသော်လည်း အရွက်မှတစ်ပါး အသီးတစ်လုံးကိုမျှမသီးခဲ့ကြချေ။ ကြီးကျယ်ခမ်းနားသော ဘုရားရှိခိုးကျောင်းကြီးများသန့်ရှင်းသောယဇ်ပလ္လင်များ၊ ဒေါက်ခြာများ (ခရစ်ယာန်ဘုန်းကြီးများဆောင်းသည့်ဦးသျှောင်တစ်မျိုး) ကိုဆောင်းထားသည့်ယဇ်ပုရောဟိတ်များနှင့် စိတ်ဝင်စားစရာကောင်းသောအခမ်းအနားများဖြင့်ပြီးသော ယုဒဘာသာရေးသည် အပြင်ပန်းအသွင်အားဖြင့် အလွန်တင့်တယ်လှသော်လည်း နှိမ့်ချခြင်း၊ ချစ်ခြင်းနှင့်ကျေးဇူးပြုခြင်းများတွင်မူ လစ်ဟင်းလျက်ရှိပါသည်။

ထိုသစ်သီးခြံထဲတွင် ပေါက်ရောက်နေသောသဖန်းပင်အားလုံး၌အသီးမရှိကြချေ။ သို့ရာတွင် အခြားအပင်များသည် အရွက်တစ်ရွက်မျှမပေါက်သေးသဖြင့် အသီးကိုရှာရန်မည်သူကမျှမျှော်လင့်ချက်မထားခဲ့သကဲ့သို့ မည်သူကိုမျှလည်း စိတ်ပျက်စရာအကြောင်းမဖြစ်စေခဲ့ချေ။ အရွက်မရှိသေးသော ထိုအပင်များသည် တစ်ပါးအမျိုးသားများကို ပုံဆောင်ပါသည်။ ထိုသူများသည် ယုဒလူများကဲ့သို့ပင် ဘုရားတရားမရှိခဲ့ကြသော်လည်း ထာဝရဘုရားကိုကိုးကွယ်ရန် အတိအလင်းထုတ်ဖော်ဝန်ခံခဲ့ကြခြင်းလည်းမရှိကြသေးချေ။ ကောင်းမြတ်သောလက္ခဏာများအတွက် ဟန်ဆောင်ကာကြွားဝါမှုများကိုလည်း



မလုပ်ခဲ့ကြချေ။ ဘုရားသခင်၏လက်ရာတော်များနှင့် ကျင့်စဉ်နည်းလမ်းများကိုလည်း သူတို့မသိခဲ့ကြချေ။ သူတို့အတွက် အသီးသီးသောကာလသည် မရောက်သေးချေ။ မိမိတို့ထံသို့အလင်းတရားနှင့် မျှော်လင့်ခြင်းသတင်းများကို ယူဆောင်လာမည့်အချိန်ကို သူတို့စောင့်မျှော်ဆဲဖြစ်ပါသည်။ ဘုရားသခင့်ထံမှ သာ၍များပြားစွာသောကောင်းချီးမင်္ဂလာများကို ရရှိထားသောထိုယုဒများသည် လက်ခံရရှိခဲ့သည့်ဆုကျေးဇူးများကို အလွဲသုံးစားလုပ်ခဲ့ခြင်းအတွက် ထုချေဖြေရှင်းရန်တာဝန်ရှိလာပါသည်။ သူတို့ကြွားဝါခဲ့ကြသည့်အခွင့်အရေးဆိုသည့်အရာများသည် ၎င်းတို့၏ဒုစရိုက်အကျင့်ဆိုးများကို သာ၍တိုးပွားစေခဲ့ပါသည်။

သခင်ယေရှုသည် စားစရာအသီးကိုရှာရန် ဆာလောင်မွတ်သိပ်စွာဖြင့် ထိုသဖန်းပင်ဆီသို့ကြွလာတော်မူခဲ့ပါသည်။ ထိုနည်းတူ ဖြောင့်မတ်ခြင်းအသီးများကိုရှာဖွေရန်ဆန္ဒဖြင့် ဣသရေလများထံသို့ကြွလာတော်မူခဲ့ပါသည်။ ကမ္ဘာသူကမ္ဘာသားများ၏ကောင်းချီးမင်္ဂလာအတွက် အသီးများကိုသီးပွင့်နိုင်စေရန်အလို့ငှာ ကိုယ်တော်သည် ဆုကျေးဇူးများကို၎င်းတို့အပေါ်သို့ အလျှံပယ်ချပေးမစခဲ့ပါသည်။ အခွင့်အခါကောင်းများနှင့်အခွင့်အရေးကောင်းများအားလုံးကို သူတို့အားပေးတော်မူခဲ့ပြီး အကျိုးဆက်အနေဖြင့် သူတို့ထံမှချစ်ခြင်းမေတ္တာများနှင့် အမှုတော်တွင်ပူးတွဲဆောင်ရွက်မှုများကို ကိုယ်တော်တောင်းဆိုခဲ့ပါသည်။ ကိုယ်ကျိုးစွန့်သောစိတ်များ၊ ကြင်နာသနားခြင်းများ ဘုရားအမှုတော်အတွက် စိတ်အားထက်သန်မှုများနှင့် မိမိတို့၏မိတ်ဆွေများအား ကယ်တင်ခြင်းရစေလိုသည့် ပြင်းထန်သောတောင့်တစိတ်များကို သူတို့၌ကိုယ်တော်မြင်တွေ့လိုလှပါသည်။ ဘုရားသခင်၏ပညတ်တော်ကို သူတို့စောင့်ရှောက်ခဲ့ကြပါသည်။ ခရစ်တော်လုပ်ဆောင်ခဲ့သော ကိုယ်ကျိုးမဖက်သည့်အလုပ်များကို သူတို့လုပ်ဆောင်ပြီးစီးခဲ့ကြပါလိမ့်မည်။ သို့ရာတွင် ဘုရားသခင်နှင့်လူသားများအပေါ်ထားရှိရမည့် ချစ်ခြင်းမေတ္တာသည် မာနထောင်လွှားခြင်းများနှင့် ကိုယ့်ကိုကိုယ်အထင်ကြီးသောစိတ်များ၏ဖမ်းစားမှုများကို ခံခဲ့ရပါသည်။ တစ်ပါးသူများအတွက် အလုပ်အကျွေးပြုရန်ငြင်းဆန်ခြင်းအား

ဖြင့် သူတို့သည်ကိုယ့်ကိုကိုယ်ပျက်စီးဆုံးရှုံးစေခဲ့ကြပါသည်။ ထာဝရဘုရားက မိမိတို့အားပေးတော်မူသည့်သမ္မာတရားဘဏ္ဍာများကို လောကသားများထံသို့ သူတို့မပေးအပ်ခဲ့ကြချေ။ ၎င်းတို့သည် အသီးမသီးသည့်သင်္ဘောသဖန်းပင်၌ မိမိတို့၏အပြစ်နှင့် မိမိတို့ခံရမည့်အပြစ်ဒဏ်များကို သူတို့သိရှိနိုင်ခဲ့ကြပါသည်။ ကယ်တင်ရှင်၏ကျိန်ဆဲမှုကြောင့် ညှိုးနွမ်းသွေ့ခြောက်၍ အမြစ်ပါခြောက်သွားခဲ့ရသည်။ သူတို့ထံမှဖယ်ရှားလိုက်ပါက ယုဒလူမျိုးများ၌ဖြစ်ပေါ်လာမည့်အရာများကို ထိုသင်္ဘောသဖန်းပင်က ပြသခဲ့ပါသည်။ ကောင်းချီးမင်္ဂလာများကို သူတို့မရရှိကြတော့ချေ။ "အိုဣသရေလ၊ သင့်ကိုကယ်တင်နိုင်သောအရှင် ငါ့ကိုသင်သည်ဆန့်ကျင်ဘက်ပြုသောကြောင့် အကျိုးနည်းရှိ၏။" ဟောရှေ ၁၃း၉။

ဤသတိပေးချက်သည် ခေတ်အဆက်ဆက်အတွက်လည်းဖြစ်ပါသည်။ မိမိတို့၏တန်ခိုးတော်အားဖြင့် ဖန်ဆင်းတော်မူခဲ့သောထိုသစ်ပင်ကိုကျိန်ဆိုခြင်းပြုတော်မူသည့် ခရစ်တော်၏လုပ်ဆောင်မှုသည် အသင်းတော်တိုင်းနှင့်ခရစ်ယာန်တိုင်းအတွက် သတိပေးချက်တစ်ခုသဖွယ်ဖြစ်နေပါသည်။ မည်သူမဆို အခြားသူများကိုအလုပ်အကျွေးမပြုဘဲ ဘုရားသခင်၏ပညတ်တော်၌ အသက်မရှိနိုင်ကြချေ။ ၎င်းပြင် ခရစ်တော်၏ကရုဏာနှင့်ပြည့်ဝ၍ ကိုယ်ကျိုးမဖက်သောအသက်တာအတိုင်း များစွာသောလူတို့သည် အသက်ရှင်နေထိုင်ခြင်းမရှိကြချေ။ မိမိကိုယ်ကိုကောင်းမွန်သောခရစ်ယာန်များဟု အထင်ရှိနေသောလူအချို့တို့သည် ဘုရားသခင်၏အမှုတော်အား မည်သည့်လုပ်ဆောင်မှုများနှင့်ပေါင်းစပ်ဖွဲ့စည်းထားသည်ကို မသိနားမလည်ကြချေ။ သူတို့သည် မိမိတို့သဘောကျသည့်အတိုင်း စီစဉ်လေ့ကျက်နေကြပါသည်။ ကိုယ်ကျိုးအတွက်ရည်ညွှန်းလျက်သာ သူတို့လုပ်ဆောင်ခဲ့ကြပါသည်။ ကိုယ်ကျိုးအတွက်ဆည်းပူးနိုင်စဉ်၌သာ အချိန်သည်၎င်းတို့အတွက်အရေးပါအရာရောက်လောက်အောင် အသုံးဝင်နေပါသည်။ အသက်တာ၏ကိစ္စအဝဝတွင် ၎င်းတို့၏ဦးတည်ချက်မှာ ကိုယ်ကျိုးအတွက်ပင်ဖြစ်ပါသည်။ အခြားသူများအတွက်ဘာမျှလုပ်ဆောင်ပေးခြင်းမရှိဘဲ မိမိတို့အတွက်သာသူတို့လုပ်ဆောင်



ခဲ့ကြပါသည်။ ကိုယ်ကျိုးမဖက်သည့်လုပ်ငန်းများကို လုပ်ဆောင်ရမည့်ကမ္ဘာတစ်ခုတွင် ၎င်းတို့အား ဘုရားသခင်ဖန်ဆင်းထားတော်မူခဲ့ပါသည်။ ထိုသူများသည် မိမိတို့၏မိတ်ဆွေများအတွက် ဖြစ်သည့်နည်းလမ်းဖြင့်ကူညီမစကြရန် ကိုယ်တော်ရှင်ရည်စူးတော်မူခဲ့ပါသည်။ သို့ရာတွင် ငါတည်းဟူသောအတ္တစိတ်သည် အခြားမည်သည့်အရာကိုမျှ သူတို့မမြင်နိုင်လောက်အောင်ကြီးမားလွန်းခဲ့ပါသည်။ သူတို့သည် လူသားမျိုးနွယ်များနှင့် အဆက်အသွယ်ပြတ်ခဲ့ကြပါသည်။ "ငါ" တည်းဟူသောအတ္တအတွက်သာ အသက်ရှင်နေထိုင်ခဲ့ကြသည့်ထိုသူများသည် အရွက်များသာရှိပြီး အသီးမသီးသောထိုသင်္ဘောသဖန်းပင်နှင့်တူလှပါသည်။ သူတို့သည် ဘုရားဝတ်၌မွေ့လျော်နေကြသော်လည်း နောင်တတရားနှင့် ယုံကြည်ခြင်းစိတ်များကင်းမဲ့လှပါသည်။ နှုတ်အားဖြင့် ဘုရားသခင်၏ပညတ်တော်ကိုချီးမြှောက်နေသော်လည်း နားထောင်လိုက်လျှောက်မှုကား လစ်ဟင်းချို့ငဲ့လျက်ရှိပါသည်။ အပြောသက်သက်သာဖြစ်ပြီး အကျင့်မပါကြချေ။ အချည်းနှီးဟန်ဆောင်မှုမျိုးကို ခရစ်တော်သည်မည်သို့ရှုံ့ရှာတော်မူသည်ကို ဤသင်္ဘောသဖန်းပင်ပေါ်တွင် ချမှတ်ခဲ့သောအပြစ်ဒဏ်အားဖြင့် ဖော်ပြတော်မူထားပါသည်။ ဘုရားသခင်၏အမှုကိုခံရန် နှုတ်အားဖြင့်ကတိပြုသော်လည်း ကိုယ်တော်၏ဘုန်းတော်နှင့်ပတ်သက်သည့်အသီးများကို မသီးသောသူများထက် ပရိယာယ်ကင်းသောအပြစ်သားသည် ပို၍အပြစ်နည်းသည်ဟု သခင်ခရစ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။

ယေရုရှလင်မြို့သို့ခရစ်တော်ကြွမလာမီတွင် ပြောကြားတော်မူခဲ့သည့်သင်္ဘောသဖန်းပင်နှင့်ပတ်သက်သည့်ပုံပမာသည် အသီးမသီးသောဤအပင်အားကျိန်ဆဲခြင်းတွင် ကိုယ်တော်သွန်သင်တော်မူခဲ့သော သင်ခန်းစာများနှင့်တိုက်ရိုက်ဆက်စပ်မှုရှိနေပါသည်။ ထိုပုံပမာတွင် "ဥယျာဉ်မှူးက သခင်ယခုနှစ်ရှိပါစေဦး၊ အကျွန်ုပ်သည်အပင်နားပတ်လည်ကိုတူးဆွ၍ နောက်ချေးကိုဖို့ပါမည်။ အသီးသီးကောင်းသီးပါလိမ့်မည်။ သို့မဟုတ်နောက်မှခုတ်ပစ်တော်မူပါ" ဟုအသီးမသီးသောသင်္ဘောသဖန်းပင်အတွက် တောင်းပန်ပေးခဲ့ပါသည်။ ၎င်းပြင် ဆတက်ထမ်းပိုးတိုး၍လည်း ထိုအပင်ကိုပြုစုခဲ့ပါသည်။ ဤသစ်ပင်

သည် အခွင့်အရေးတိုင်းကို ရရှိခဲ့ပါသည်။ သို့ရာတွင် ဆက်လက်၍အသီးမသီးခဲ့ပါလျှင် မည်သူကမျှၾင်းအားကယ်ဆယ်နိုင်လိမ့်မည်မဟုတ်ချေ။ ဥယျာဉ်မှူး၏လုပ်ဆောင်မှုသည် မည်သည့်ရလဒ်ကိုဖြစ်စေခဲ့သည်ကို ထိုပုံပမာတွင်ကြိုတင်ပြောကြားခဲ့ခြင်းမရှိချေ။ ထိုရလဒ်သည် ခရစ်တော်၏နှုတ်ထွက်စကားများကိုကြားနာခဲ့ရသည့်လူများပေါ်တွင် မူတည်နေပါသည်။ ထိုသူများသည် အသီးမသီးသောသဘော်သဖန်းပင်နှင့်ရုပ်လုံးအဖော်ခံခဲ့ရပြီး ၎င်းတို့၏ကံကြမ္မာကို ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်ကြရန်ဖြစ်ပါသည်။ ဘုရားသခင်အနေဖြင့် ၎င်းတို့အားပေးနိုင်သမျှသောအခွင့်အလမ်းတိုင်းကို ပေးတော်မူခဲ့သော်လည်း ထိုကောင်းချီးမင်္ဂလာများ၏အကျိုးကျေးဇူးကို ၎င်းတို့မခံစားခဲ့ရချေ။ အသီးမသီးသောသဘော်သဖန်းပင်ကို ကျိန်ဆိုခြင်းပြုခဲ့သော ခရစ်တော်၏အပြုအမူအားဖြင့် ဖြစ်ပေါ်လာမည့်ရလဒ်ကို ပြသတော်မူခဲ့ပါသည်။ သူတို့သည် ကိုယ့်ကိုကိုယ်ပျက်စီးဆုံးရှုံးခြင်းသို့ရောက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ယုဒလူများသည် လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက ဘုရားသခင်၏ကရုဏာတော်ကို တလွဲအသုံးပြု၍ အမျက်တော်ကိုဖိတ်ခေါ်ခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်ရှင်ပေးတော်မူခဲ့သော သတိပေးစကားများကိုငြင်းပယ်ပြီး ကိုယ်တော်စေလွှတ်တော်မူခဲ့သည့်ပရောဖက်များကိုသတ်ဖြတ်ခဲ့ကြပါသည်။ ခရစ်တော်၏နေ့ရက်များတွင် အသက်ရှိခဲ့ကြသောထိုသူများသည် ထိုလမ်းစဉ်များအတိုင်းလိုက်လျှောက်ခြင်းအားဖြင့် ဤအပြစ်များအတွက် မိမိကိုယ်တိုင်အား တာဝန်ရှိစေခဲ့ကြပါသည်။ လတ်တလောအချိန်များတွင် ပေးတော်မူသောကရုဏာတော်များနှင့်သတိပေးစကားများကို ငြင်းဆန်ခြင်းအားဖြင့် ၎င်းတို့သည် ထိုမျိုးနွယ်စုအတွက်ဒုစရိုက်အပြစ်များကိုစည်းကြပ်နေကြပါသည်။ ထိုလူမျိုးများရာစုနှစ်အဆက်ဆက်ထုလုပ်ထားကြသည့် သံခြေချင်းများကို ခရစ်တော်၏နေ့ရက်မှယုဒလူများကယူ၍ မိမိကိုယ်ကိုထုံးခတ်လျက်ရှိကြပါသည်။

လူသားများသည် ဘုရားသခင်နှင့်ရန်ပြေမာန်ပြေလုပ်နိုင်ရန် ကရုဏာအချိန်များကို လူတိုင်းအားခေတ်အဆက်ဆက်တွင် ဘုရားသခင်ပေးသနား



တော်မူခဲ့ပါသည်။ သို့ရာတွင် ထိုကရုဏာကာလသည် အင်န်းအတာရှိပါသည်။ ကရုဏာတော်သည် နှစ်ပေါင်းများစွာအသနားခံကောင်းခံလိမ့်မည်ဖြစ်ပြီး ထိုကရုဏာကိုမထီလေးစားပြုကာ ငြင်းပယ်ကောင်းငြင်းပယ်ကြပါလိမ့်မည်။ သို့ရာတွင် ထိုကရုဏာတော်၏နောက်ဆုံးသောတောင်းခံသံပြုမည့်အချိန်တစ်ချိန်သည် ရောက်လာတတ်ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်အား တုံ့ပြန်မှုပေးခြင်းကိုရပ်ဆိုင်းသွားလောက်အောင် နှလုံးသားများသည် အလွန်မာကျောလာပါသည်။ ထိုအချိန်တွင် ချိုသာ၍အောင်မြင်သောအသံသည် ထိုအပြစ်သားကိုနောက်ထပ်အသနားမခံတော့ဘဲ ဆုံးမပဲ့ပြင်မှုများနှင့်သတိပေးစကားများလည်းရပ်စဲသွားကြပါသည်။

ထိုနေ့ရက်ကြီးသည် ယေရုရှလင်မြို့၌ကျရောက်လာခဲ့ပေပြီ၊ သခင်ယေရှုသည် အပြစ်စီရင်ခြင်းခံရသည့်ထိုမြို့အတွက် ပူဆွေးစွာဖြင့်ငိုကြွေးခဲ့သော်လည်း သူမကိုကိုယ်တော်ရှင်မကယ်ဆယ်နိုင်တော့ပြီ၊ ကိုယ်တော်သည် စွမ်းအားအားလုံးကို ကုန်ခန်းအောင်သုံးခဲ့ပြီးချေပြီ၊ ဝိညာဉ်တော်၏သတိပေးချက်များကို ငြင်းပယ်ခြင်းအားဖြင့် ဣသရေလများသည် တစ်ခုတည်းသောအမအစရနိုင်မည့်နည်းလမ်းကို ငြင်းပယ်ခဲ့ကြလေပြီ။ ၎င်းတို့အားကယ်တင်နိုင်ရန် အသုံးပြုနိုင်သည့်အခြားတန်ခိုးစွမ်းအားတစ်စုံတစ်ခုမျှမရှိတော့ပေ။

ဤယုဒလူများသည် မဟာမေတ္တာတော်၏တောင်းခံသံများကို မထီလေးစားပြုခဲ့ကြသော ခေတ်အဆက်ဆက်မှလူသားများအား ပုံဆောင်ထားသည့်အထိမ်းအမှတ်တစ်ခုဖြစ်ပါသည်။ ယေရုရှလင်မြို့အတွက်ငိုကြွေးစဉ်ကျခဲ့သောခရစ်တော်၏မျက်ရည်များသည် ခေတ်အဆက်ဆက်တွင်ကျူးလွန်ခဲ့သည့်အပြစ်များအတွက်ဖြစ်ပါသည်။ ဝိညာဉ်တော်၏ဆုံးမပဲ့ပြင်မှုများနှင့်သတိပေးစကားများကိုငြင်းပယ်ခဲ့သော ထိုသူများသည် ဣသရေလလူများအပေါ်ချမှတ်ခဲ့သည့် အပြစ်ဒဏ်စီရင်ချက်များ၌ မိမိတို့အတွက်အပြစ်ဒဏ်စီရင်ချက်များကိုလည်း ဖတ်ရှုနိုင်ကြပါသည်။

မယုံကြည်သောထိုယုဒလူများလျှောက်လှမ်းခဲ့သည့် လမ်းဟောင်းကြီးကို ဤခေတ်တွင်လည်း လျှောက်လိုက်နေသူများစွာရှိပါသည်။ သူတို့

သည် ဘုရားသခင်ပြတော်မူသည့်တန်ခိုးတော်ကို ထင်ထင်ရှားရှားတွေ့မြင်ခဲ့ဖူးကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကလည်း ၎င်းတို့၏နှလုံးသားကို စကားပြောတော်မူခဲ့ပါသည်။ သို့တိုင်အောင်သူတို့သည် မယုံကြည်မှုများနှင့် တော်လှန်ကန့်ကွက်မှုများဘက်သို့ ယိမ်းယိုင်ခဲ့ကြပါသည်။ ဘုရားသခင်သည် ၎င်းတို့အားသတိပေးစကားများနှင့် ဆုံးမစကားများကိုပြောတော်မူခဲ့သော်လည်း သူတို့သည်မိမိတို့၏အမှားများကို ဝန်ချတောင်းပန်ရန်ဆန္ဒမရှိကြဘဲ ကိုယ်တော်၏သတင်းစကားနှင့်တကွ သတင်းပေးပို့သူကိုပါ ငြင်းပယ်ခဲ့ကြပါသည်။ ၎င်းတို့အားနေရာမှန်သို့ ပြန်လည်ရောက်ရှိစေဖို့ ကိုယ်တော်ရှင်အသုံးပြုတော်မူသော ထိုနည်းစနစ်သည် သူတို့အတွက်ထိမိလဲစရာဖြစ်သော ကျောက်တုံးတစ်တုံးကဲ့သို့ဖြစ်နေပါသည်။

ဘုရားသခင်၏ပုရောဖက်များသည် အယူဝါဒဖောက်ပြန်သော ဣသရေလများ၏မုန်းတီးမှုကို ခံခဲ့ကြရပါသည်။ အကြောင်းမှာ သူတို့ကြောင့် ထိုသူများ၏လျှို့ဝှက်သောအပြစ်များသည် ထိုပုရောဖက်များအားဖြင့် ထင်ရှားပေါ်လွင်လာခဲ့ကြပါသည်။ ဧလိယသည် ဘုရင်ကြီး၏လျှို့ဝှက်သောအပြစ်များကို သစ္စာရှိစွာဖြင့်ဆုံးမသွန်သင်ခဲ့သဖြင့် ၎င်းအားရန်သူတစ်ဦးဖြစ်သည်ဟု အာဟပ်မင်းကမှတ်ယူခဲ့ပါသည်။ ထိုနည်းတူစွာ အပြစ်ကိုဆုံးမသွန်သင်သော ဘုရားသခင်၏ကျွန်များသည် မထီလေးစားလုပ်မှုများ အကြောက်အကန်ငြင်းဆန်မှုများနှင့် တွေ့ဆုံတတ်ပါသည်။ ခရစ်တော်တည်ထောင်သည့်ဘာသာတရားတည်းဟူသော သမ္မာကျမ်းစာမှအမှန်တရားသည် အလွန်ပြင်းထန်သည့် ကိုယ်ကျင့်တရားညစ်ထည်းမှုရေစီးကြောင်းကြီးကို ဆန်၍ရုန်းကန်နေရပါသည်။ တစ်ဖက်သတ်အထင်လွဲမှုများသည်လည်း ခရစ်တော်အချိန်ကလူသားများမှာထက် ယခုခေတ်လူသားများ၌ ပို၍ပြင်းထန်နေပါသည်။ ခရစ်တော်သည် လူသားများ၏အလိုများကိုဖြည့်စွမ်းတော်မမူခဲ့ဘဲ ကိုယ်တော်၏သက်တော်စဉ်သည် ၎င်းတို့၏အပြစ်များအတွက် ဆုံးမပဲ့ပြင်မှုတစ်ခုဖြစ်နေသဖြင့် သူတို့သည်ကိုယ်တော်ကိုငြင်းပယ်ခဲ့ကြပါသည်။ ထိုနည်းအတူ ယခုခေတ်တွင်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်များသည် လူတို့၏လက်တွေ့ကျင့်သုံးမှုများ၊ ၎င်းတို့၏ကြိုက်နှစ်သက်သောအရာများတို့နှင့်မကိုက်ညီသဖြင့် ထောင်ပေါင်းများစွာသောသူတို့က သမ္မာတရားအလင်းကိုငြင်းပယ်ခဲ့ကြပါသည်။ စာတန်၏လှုံ့ဆော်မှုကိုခံရသောလူသားများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသံသယဖြစ်ခဲ့ကြပြီး လွတ်လွတ်လပ်လပ်ဆုံးဖြတ်ချက်ချကာ ကျင့်ဆောင်ခဲ့ကြပါသည်။ သူတို့သည် အလင်းတော်ထက်အမှောင်ကိုရွေးချယ်နေကြပါသည်။ သို့သော်လည်း မိမိတို့၌ဘေးအန္တရာယ်ရှိနေကြောင်းသိလျက်နှင့် ထိုသို့လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ခရစ်တော်၏နှုတ်တော်ထွက်စကားများကို အပြစ်အနာအဆာရှာခဲ့သောထိုသူများသည် သမ္မာတရားလည်းဖြစ်၍ အသက်လည်းဖြစ်တော်မူသောကိုယ်တော်အား ကျောခိုင်းသွားသည့်တိုင်အောင် အပြစ်အနာအဆာရှာစရာအချက်များကို ပို၍တွေ့ရှိလာခဲ့ကြပါသည်။ ထိုနည်းအတူ ယခုခေတ်တွင်လည်းဖြစ်လျက်ရှိပါသည်။ ဇာတိပကတိနှလုံးသားက သမ္မာတရားနှင့်ဆန့်ကျင်၍ဖြစ်ပွားစေသော ကန့်ကွက်ငြင်းဆိုချက်တိုင်းကို ဖယ်ရှားပစ်ရန် ကိုယ်တော်ကမ်းလှမ်းတော်မမူခဲ့ချေ။ အမှောင်ကိုခွင်း၍ အလင်းကိုဆောင်မည့်အသင်းတော်၏ရောင်ခြည်များကို လက်ခံရန် ငြင်းဆန်သောသူများအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ခက်ခဲနက်နဲမြဲ ခက်ခဲနက်နဲနေမည်သာတည်း။ သမ္မာတရားကိုသူတို့ထံမှကွယ်ဝှက်ထားသဖြင့် မိမိတို့ရှေ့တွင်ပျက်စီးခြင်းရှိနေကြောင်းကိုမသိဘဲလျက် မျက်မမြင်များကဲ့သို့ သူတို့လျှောက်လှမ်းနေကြပါသည်။

ခရစ်တော်သည် သံလွင်တောင်ပေါ်မှနေ၍ ဤလောကနှင့်တကွခေတ်အဆက်ဆက်လူသားများကို မျှော်ကြည့်တော်မူလိုက်ပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများမှာမူ ကရုဏာတော်အရပြုတော်မူသော ဘုရားသခင်၏တောင်းခံမှုများကို မထီလေးစားပြုကြသည့်အသက်ဝိညာဉ်တိုင်းနှင့်သက်ဆိုင်ပါသည်။ မေတ္တာတော်ကိုမထီလေးစားပြုသူဖြစ်သောသင့်အား ကိုယ်တော်ရှင်တိုက်ရိုက်မိန့်တော်မူနေပါသည်။ သင့်အတွက်သက်သာခြင်းများကိုဖြစ်စေသည့်အရာများသည် မည်သည့်အရာဖြစ်ကြောင်း သိသင့်သောသူမှာ သင်ပင်ဖြစ်သည်။ ခရစ်တော်သည် သင့်အတွက်ခါးသီးသောမျက်ရည်

များကျလျက်ရှိသော်လည်း သင်မှာမူကား မိမိအတွက်မျက်ရည်မကျပါတကား။ ဖာရိရှဲများအားပျက်စီးစေခဲ့သော စိတ်နှလုံးမာကျောခြင်းများသည်လည်း သင်၌ ထင်ရှားလျက်ရှိပါသည်။ ၎င်းပြင် ဘုရားသခင့်ကရုဏာတော်၏အထောက် အထားတိုင်း၊ ဘုရားသခင့်အလင်းတော်၏ရောင်ခြည်တိုင်းသည် ထိုအသက် ဝိညာဉ်ကို နူးညံ့ပျော့ပျောင်းစေလျက်ရှိပါသည်။ သို့တည်းမဟုတ် ထိုအသက် ဝိညာဉ်အား နောင်တသံဝေဂမရသည့် မျှော်လင့်ချက်မဲ့သောအခြေတွင် အတည် ဖြစ်စေလျက်ရှိပါသည်။

ယေရုရှလင်မြို့သည် ဆက်လက်၍ခေါင်းမာကာ နောင်တမရဘဲနေ မည်ကို ခရစ်တော်ကြိုတင်မြင်တွေ့တော်မူခဲ့ပါသည်။ ဒုစရိုက်အပြစ်အားလုံး နှင့်ကရုဏာတော်တိုင်းကို ငြင်းပယ်ခဲ့သည့်အတွက် ခံရမည့်အပြစ်၏အဖိုး အခများအတွက် သူမ၌သာတာဝန်ရှိပါသည်။ ဤလမ်းစဉ်ကိုလိုက်လျှောက် သောသူတိုင်းသည် ထိုနည်းအတိုင်းပင်တာဝန်ရှိကြလိမ့်မည်ဖြစ်ပါသည်။ "အိုဣသရေလ၊--- ငါ့ကိုသင်သည်ဆန့်ကျင်ဘက်ပြုသောကြောင့်အကျိုး နည်းရှိ၏။" "အိုမြေကြီးသားတို့၊ နားထောင်ကြလော့။ ဤလူမျိုးသည်ငါ့ စကားကိုနားမထောင်၊ ငါ့တရားကိုလည်းငြင်းပယ်သောကြောင့် သူတို့အလို အလျောက်ကြံစည်ခြင်းအကျိုးအပြစ်တည်းဟူသော ကြီးစွာသောဘေးဥပဒ်ကို သူတို့အပေါ်သို့ငါသက်ရောက်စေမည်။" ဟောရှေ ၁၃း၉။ ယေရမိ ၆း၁၉။

****



# tcef; (65)

# Adrmefawmfudkaemufwpfzefaoq;aMumijcif;

မဿဲ ၂၁း၁၂-၁၆၊ ၂၃-၄၆။ မာကု ၁၁း၁၅-၁၉၊ ၂၇-၃၃။ ၁၂း၁-၁၂။ လုကာ ၁၉း၄၅-၄၈။ ၂၀း၁-၁၉ တို့ကိုအခြေပြုထားပါသည်။

ခရစ်တော်သည် မိမိအမှုတော်အစပြုတော်မူသောအချိန်တွင် မသန့် ရှင်းသောအရောင်းအဝယ်များနှင့် ဗိမာန်တော်အားညစ်ညမ်းစေသောသူများ အား ဗိမာန်တော်မှနှင်ထုတ်တော်မူခဲ့ပါသည်။ ကိုယ်တော်၏တင်းမာ၍ထူး ကဲခမ်းနားသောအပြုအမူသည် မသမာမှုများကိုကြံစည်နေသော ထိုကုန်သည် များ၏စိတ်နှလုံးထဲဝယ် ကြောက်ရွံ့မှုများကိုဖြစ်ပေါ်စေခဲ့ပါသည်။ အမှုတော် အဆုံးသတ်မည့်အချိန်တွင်လည်း ကိုယ်တော်သည် ဗိမာန်တော်သို့တစ်ဖန် ကြွလာတော်မူခဲ့ရာ ယခင်ကအတိုင်းပင် ဘုရားသခင်ကိုမလေးမစားပြုလုပ် နေကြဆဲဖြစ်ကြောင်းကို တွေ့ရှိတော်မူခဲ့ပါသည်။ အခြေအနေမှာ ယခုကထက် ပင်ပို၍ဆိုးရွားနေကြောင်းတွေ့ခဲ့ရပါသည်။ ဗိမာန်တော်၏အပြင်ပရဝဏ်သည် နွားခြံကြီးတစ်ခုကဲ့သို့ဖြစ်နေပါသည်။ တိရစ္ဆာန်အော်သံများနှင့်စူးရှနေသော ငွေဒင်္ဂါးသံများသည် ရောင်းဝယ်နေသူများအကြားဖြစ်ပွားနေသော ဒေါသ တကြီးငြင်းခုံသံများနှင့် ရောထွေးဆူညံနေပါတော့သည်။ ထိုငြင်းခုံနေသော အသံများထဲတွင် ဘုရားသခင်၏သန့်ရှင်းသောအမှုတော်တွင် တာဝန်ထမ်း ဆောင်နေကြသည့်လူများ၏အသံများလည်းပါဝင်နေပါသည်။ ဗိမာန်တော် အရာရှိများသည် တိရစ္ဆာန်အရောင်းအဝယ်လုပ်ငန်းများနှင့် ငွေလဲလှယ်သည့် လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ပတ်သက်နေခဲ့ကြပါသည်။ ၎င်းတို့အား လောဘရမ္မက်ကြီးသောစိတ်များက လုံးလုံးထိန်းချုပ်ထားခဲ့သဖြင့် ဘုရား သခင်၏မျက်မှောက်တွင် ၎င်းတို့သည် သူခိုးဓားပြထက်မသာခဲ့ကြပါချေ။

ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် မိမိတို့ထမ်း ဆောင်ရမည့်အမှုတော်၏ကြီးမြတ်မှုများကို မဆိုသလောက်သာသိရှိနားလည်

ကြပါသည်။ ပသခါပွဲနှင့်သကေနေပွဲနေ့တိုင်းတွင် ထောင်ပေါင်းများစွာသော တိရစ္ဆာန်များကိုသတ်၍ အသွေးကိုခံကာ ယဇ်ပလ္လင်ပေါ်ဝယ်သွန်းလောင်းခဲ့ကြပါသည်။ ထိုယုဒများသည် ယဇ်ကောင်များ၏အသွေးများအပေါ် သာမညသာသသဘောထားလာခဲ့ကြပြီး ထိုတိရစ္ဆာန်များကိုအသွေးသွန်းစေမှုတွင် အပြစ်တရားသည်မခါနကျကြောင်းကို မျက်ခြည်ပြတ်လုနီးပါးဖြစ်ခဲ့ကြပါသည်။ ထိုအသွေးသည် လောကသားများကိုအသက်နှင့်ပြည့်စုံစေရန် သွန်းခြင်းခံရမည့်ဘုရားသခင်၏အသွေးတော်ကိုပုံဆောင်ထားကြောင်းကိုလည်းကောင်း၊ ပူဇော်သောၤယဇ်ကောင်သည် ကပ်တိုင်အတင်ခံရမည့်ကယ်တင်ရှင်ကို ပြဆွန်နေကြောင်းကိုလည်းကောင်း သူတို့နားမလည်ခဲ့ကြချေ။

ယေရှုရှလင်သည် ယဇ်ပူဇော်ရန်သတ်ဖြတ်ခြင်းခံရသော အပြစ်မဲ့သားကောင်များကိုမျှော်ကြည့်တော်မူခဲ့ပြီး ယုဒများသည် အရေးကြီးသောၤအစည်းအဝေးများကို သွေးထွက်သံယို၍ ရက်စက်ကြမ်းကြုတ်သောမြင်ကွင်းများဖြစ်စေခဲ့ကြောင်းကိုလည်း မြင်တွေ့တော်မူခဲ့ပါသည်။ သူတို့သည် အပြစ်အတွက်နှိမ့်ချသောနောင်တတရားများပွားများရမည့်အစား စိတ်မပါသောယဇ်ပူဇော်ခြင်းများဖြင့်လည်း ဘုရားသခင်အားဂုဏ်ပြုချီးမြှောက်နိုင်သည့်သဘောမျိုးဖြင့် များစွာသောယဇ်ကောင်များကိုသတ်၍ ပူဇော်ခဲ့ကြပါသည်။ ထိုယဇ်ပုရောဟိတ်များသည် မိမိတို့၏စိတ်နှလုံးများကို တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်လောဘဇောတက်ခြင်းများအားဖြင့် မာကျောစေခဲ့ကြပါသည်။ ဘုရားသခင်၏သိုးသငယ်ကိုပြဆွန်သည့်အထိမ်းအမှတ်တစ်ခုကို အမြတ်အစွန်းရရှိစေသောနည်းလမ်းတစ်ခုဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် ယဇ်ပူဇော်ခြင်းဆိုင်ရာဝတ်ပြုကိုးကွယ်မှု၏သန့်ရှင်းစင်ကြယ်မှုများသည် လူအများ၏မျက်စိထဲဝယ် အလွန်ကြီးမားသောအတိုင်းအတာအထိ ပပျောက်သွားခဲ့ပါသည်။ ဤလောက၏အပြစ်အတွက် မကြာမီတွင် သွန်းလောင်းခြင်းခံရတော့မည့် မိမိ၏အသွေးတော်ကို ယဇ်ပုရောဟိတ်များအဆက်မပြတ်သွန်းလောင်းစေခဲ့သော တိရစ္ဆာန်၏အသွေးများလောက်သာ အလေးအမြတ်ပြုကြောင်းသိရှိရသောအခါ သခင်ယေရှုသည် မခံမရပ်နိုင်ဖြစ်လာကာ အမျက်ဒေါသထွက်ခဲ့ပါသည်။





ခရစ်တော်သည် ဤအကျင့်ဓလေ့များနှင့်ဆန့်ကျင်၍ ပုရောဖက်များမှတစ်ဆင့် မိန့်မြွက်တော်မူခဲ့ဖူးပါသည်။ ရှမွေလအားဖြင့်မိန့်တော်မူသည်ကား “နားထောင်ခြင်း၌အားရတော်မူသကဲ့သို့ မီးရှို့ရာယဇ်အစရှိသောယဇ်မျိုးတို့ကို ပူဇော်ခြင်း၌အားရတော်မူမည်လော၊ အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ကောင်း၏၊ နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ကောင်း၏” ၁ရာ ၁၅:၂၂။ ဟေရှာယသည် ယုဒများ၏အယူဝါဒဖောက်ပြန်မှုများကို ရူပါရုံတွင်မြင်တွေ့ရပြီး ၎င်းတို့အား သောဒုံနှင့်ဂေါမောရကိုအစိုးရသောမင်းများအနေဖြင့် မိန့်မြွက်ထားသည်မှာ “သောဒုံမြို့ကိုအစိုးရသောမင်းတို့၊ ထာဝရဘုရား၏နှုတ်ကပတ်တော်ကိုကြားကြလော့။ ဂေါမောရမြို့သားတို့၊ ငါတို့ဘုရားသခင်၏တရားတော်ကိုနားထောင်ကြလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ပူဇော်သောယဇ်အများကို ငါသည်အဘယ်သို့ဆိုင်သနည်း။ မီးရှို့၍ပူဇော်သောသိုးကောင် ဆူဖြိုးအောင်ကျွေးသောတိရစ္ဆာန်တို့၏ဆီဥနှင့်ငါဝပြီ။ နွားနှင့်သိုးသငယ် ဆိတ်တို့၏အသွေးကိုငါမနှစ်သက်၊ သင်တို့သည် ငါ့ရှေ့မှာမျက်နှာပြခြင်းငှာလာကြသောအခါ ငါ့တန်တိုင်းတော်ကိုကျော်နင်းသောသူတို့၌ ထိုသို့သောဝတ်ကိုအဘယ်သူတောင်းသနည်း။” “ကိုယ်ကိုကိုယ်ဆေးကြောကြလော့၊ ကိုယ်ကိုကိုယ်စင်ကြယ်စေကြလော့၊ သင်တို့ဒုစရိုက်များကို ငါ့မျက်မှောက်မှပယ်ရှားကြလော့၊ မကောင်းသောအကျင့်ကိုဖြတ်ကြလော့၊ ကောင်းသောအကျင့်ကိုကျင့်အံ့သောငှာ သင်ကြလော့၊ တရားသဖြင့်ပြုခြင်းငှာရှာကြံကြလော့၊ ကောက်သောအရာကိုဖြောင့်စေကြလော့၊ မိဘမရှိသောသူတို့အဖို့ တရားသဖြင့်စီရင်ကြလော့၊ မုဆိုးမတို့၏အမှုကိုစောင့်ကြလော့။” ဟေရှာယ ၁:၁၀–၁၂၊ ၁၆–၁၇။

ဤအနာဂတ္တိစကားများကို ကိုယ်တိုင်ပေးတော်မူခဲ့သောကိုယ်တော်သည် ယခုတွင် နောက်ဆုံးအကြိမ်အနေဖြင့် ထိုသတိပေးစကားကိုထပ်လောင်းမိန့်မြွက်ခဲ့ပါသည်။ ထိုလူများသည် သခင်ယေရှုအား ဣသရေလဘုရင်အဖြစ်ကြေညာခဲ့ခြင်းအားဖြင့် အနာဂတ္တိစကားကိုပြည့်စုံစေခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့၏ဂါရဝပြုမှုကိုလက်ခံတော်မူ၍ ၎င်းတို့ကြေညာခဲ့သော ဘုရင်

ရာထူးကိုလက်ခံတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဤအခြေအနေအတိုင်း ပြုမူဆောင်ရွက်သွားရပါမည်။ ယဇ်ပုရောဟိတ်များ၏ပျက်စီးယိုယွင်းနေသော အခြေအနေများကို ပြန်လည်ပြုပြင်ရန်လုပ်ဆောင်ခဲ့သည့် မိမိ၏ကြိုးစားမှုများသည်လည်း အချည်းနှီးဖြစ်သွားခဲ့လိမ့်မည်ကို ကိုယ်တော်သိရှိငြားသော်လည်း ထိုပြုပြင်ရေးလုပ်ငန်းများကိုလုပ်ဆောင်ရမည်သာတည်း။ မိမိ၏အမှုတော်လုပ်ငန်းသည် ဘုရားသခင်စေလွှတ်ခိုင်းစေသောလုပ်ငန်းဖြစ်ကြောင်း သက်သေအထောက်အထားများကို မယုံကြည်သောထိုယုဒလူမျိုးအား ပြသရမည်သာတည်း။

ကိုယ်တော်ရှင်၏စူးရှသောအကြည့်သည် အလေးအမြတ်ပြုခြင်းမခံရသောဗိမာန်တော်ပရဝဏ်ဆီသို့ ရောက်သွားခဲ့ပါသည်။ လူတိုင်းသည် ကိုယ်တော်ရှင်ဘက်သို့လှည့်၍ကြည့်ခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များနှင့်ယုဒအကြီးအကဲများသည်လည်းကောင်း၊ ဖာရိရှဲများနှင့်တစ်ပါးအမျိုးသားတို့သည်လည်းကောင်း၊ ကောင်းကင်နိုင်ငံမှဘုရင်မင်းမြတ်၏ကြီးမြတ်မှုများနှင့်ပြည့်စုံစွာဖြင့် မိမိတို့ရှေ့မှောက်တွင်ရပ်နေသော ကိုယ်တော်အားစိုးရွံ့ထိတ်လန့်မှုဖြင့် အံ့အားသင့်စွာဖြင့်ကြည့်ရှုခဲ့ကြပါသည်။ ယခင်ကတစ်ခါမျှထင်ထင်ရှားရှားမပြခဲ့ဖူးသော ဘုန်းတန်ခိုးတော်များနှင့်ခရစ်တော်အားဆင်မြန်းလျက် ဘုရားဇာတိတော်သည် လူသားဇာတိအားဖြင့်ထွန်းတောက်လျက်ရှိခဲ့ပါသည်။ ကိုယ်တော်ရှင်၏အနီးတွင်ရပ်နေသောလူအုပ်ကြီးသည် တတ်နိုင်သမျှအဝေးသို့ ဖယ်ရှားသွားခဲ့ကြပါသည်။ အနည်းငယ်သောတမန်တော်များသာမရှိခဲ့လျှင် ထိုနေရာတွင် ကိုယ်တော်တစ်ပါးတည်းသာရှိနေခဲ့လိမ့်မည်။ ဘာသံမှမကြားရအောင်ဆိတ်ငြိမ်သွားခဲ့ပါသည်။ နက်ရှိုင်းသောဆိတ်ငြိမ်မှုသည် သည်းမခံနိုင်လောက်အောင် တိတ်ဆိတ်လွန်းလှပါသည်။ လူထုကြီးအားယိမ်းယိုင်သွားစေသည့် ပြင်းထန်သောမုန်တိုင်းတစ်ခုနှင့်တူသောတန်ခိုးတော်အားဖြင့် ခရစ်တော်မိန့်တော်မူသည်ကား "ငါ့အိမ်ကိုလူအမျိုးမျိုးဆုတောင်းရာအိမ်ဟူ၍ခေါ်ဝေါ်ကြလတ္တံ့ဟု ကျမ်းစာ၌လာသည်မဟုတ်လော။ သို့သော်လည်း သင်တို့သည် ငါ့အိမ်ကိုဓားပြတွင်းဖြစ်စေကြပြီတကား" ဟူ၍ဖြစ်၏။ အသံတော်



သည် တံပိုးခရာသံတစ်ခုနှယ် ဗိမာန်တော်ထဲဝယ်မြည်ဟည်းနေပြီး မျက်နှာတော်ပေါ်ဝယ်ထင်ပေါ်နေသည့်မနှစ်မြို့မှုများသည် လောင်ကျွမ်းသည့်မီးလျှံနှယ်ဖြစ်နေပါသည်။ ထိုနောက် တန်ခိုးအာဏာနှင့်ပြည့်သောအသံဖြင့် "ဤဥစ္စာများကိုယူသွားကြ" ဟူ၍မိန့်တော်မူလိုက်၏။ ယောဟန် ၂း၁၆။

လွန်ခဲ့သည့်သုံးနှစ်အချိန်က ဤယဇ်ပုရောဟိတ်များသည် ခရစ်တော်၏နှင်ထုတ်မှုကြောင့် ဗိမာန်တော်မှထွက်ပြေးခဲ့ရကာ အရှက်ကွဲခဲ့ဖူးပါသည်။ သူတို့သည် ထိုအချိန်မှစ၍ သူမတူအောင်နိမ့်ကျသည့်ထိုသူကို အဘယ်ကြောင့်ကြောက်ရွံ့ခဲ့မိကြပြီး ဘာမျှစောဒကမတက်ဘဲ နားထောင်မိခဲ့ကြကြောင်းကို စဉ်းစားတွေးတောခဲ့ဖူးကြပါသည်။ ထိုကဲ့သို့သော မိမိတို့၏ဂုဏ်အသရေနှင့်မအပ်စပ်သည့်အဖြစ်အပျက်မျိုး နောက်တစ်ခါမဖြစ်နိုင်ဟု သူတို့ထင်မိခဲ့ကြသော်လည်း ယခုအကြိမ်တွင် ယခင်အကြိမ်ကထက်ပို၍ကြောက်အားပိုခဲ့ကြပြီး ကိုယ်တော်၏အမိန့်တော်ကိုလည်းအမြန်နာခံမိခဲ့ကြပါသည်။ ကိုယ်တော်၏အာဏာတော်အား စောဒကတက်ဝံ့သည့်သူတစ်ဦးမျှမရှိခဲ့ချေ။ ယဇ်ပုရောဟိတ်များနှင့်ထိုကုန်သည်များသည် ၎င်းတို့၏တိရစ္ဆာန်များကိုမောင်းနှင်ကာ ကိုယ်တော်ရှေ့တော်မှထွက်သွားခဲ့ကြပါသည်။

ထိုသို့ထွက်ပြေးကြစဉ် ကိုယ်တော်ရှင်ကိုမေးမြန်းစုံစမ်းလျက် လူနာတစ်ဦးအားသယ်ယူလာသည့်လူတစ်စုနှင့် လမ်း၌သူတို့တွေ့ကြပါသည်။ ထွက်ပြေးသွားကြသည့် ထိုလူများ၏သတင်းပေးမှုများကြောင့် တချို့လူများသည် ကိုယ်တော်ရှင့်ထံသို့ဆက်မလာတော့ဘဲ လှည့်၍ပြန်သွားခဲ့ကြပါသည်။ ကြည့်လိုက်ရုံနှင့် ယဇ်ပုရောဟိတ်များထွက်ပြေးသွားလောက်အောင် တန်ခိုးကြီးတော်မူသော ထိုပုဂ္ဂိုလ်နှင့်သွားရောက်တွေ့ဆုံရန် သူတို့ရွံ့ခဲ့ကြပါသည်။ သို့သော်လည်း များပြားလှစွာသောလူအုပ်ကြီးမှာမူ တစ်ခုတည်းသောမျှော်လင့်ရာ ထိုသခင်ထံသို့အရောက်လှမ်းရန် အသော့နှင်နေသောလူအုပ်ကြီးကိုဖြတ်ကျော်ကာ တိုးဝှေ့ချဉ်းကပ်နေပါသည်။ အချို့လူများသည် ဗိမာန်တော်မှထွက်ပြေးသွားကြသော်လည်း ဗိမာန်တော်တွင်လူပေါင်းမြောက်မြားစွာကျန်ရှိနေပါသေးသည်။ ထိုလူများသည် နောက်ထပ်ရောက်ရှိလာသူ

များနှင့်ပူးပေါင်းလိုက်ကြသောအခါ ဗိမာန်တော်၌လူနာများသေတော့မည့်ဆဲဆဲများနှင့် နောက်တစ်ဖန်ပြည့်သိပ်လာခဲ့ပါသည်။ ထိုအခါခရစ်တော်သည် ထိုလူများကိုတစ်ဖန် အလုပ်အကျွေးပြုတော်မူပြန်ပါသည်။

ခဏအကြာတွင် ယဇ်ပုရောဟိတ်များတို့သည်အရဲစွန့်ကာ ဗိမာန်တော်သို့ပြန်လာခဲ့ကြပါသည်။ သူတို့သည်ကြောက်ရွံ့မှုများလျော့ပါးသွားသော်လည်း ခရစ်တော်၏နောက်ထပ်ပြုလုပ်မည့်လှုပ်ရှားမှုကို သိလိုစိတ်များပေါက်ဖွားလာခဲ့ပါသည်။ ကိုယ်တော်သည် ဒါဝိဒ်၏ပလ္လင်ကိုသိမ်းပိုက်တော့မည်ဟုလည်း သူတို့မျှော်လင့်ခဲ့ကြပါသည်။ ထိုကြောင့် ဗိမာန်တော်သို့တိုးတိုးတိတ်တိတ်ပြန်လာခဲ့ကြရာ ယောကျ်ား၊ မိန်းမမှစ၍ကလေးငယ်များပါမကျန် ဘုရား၏ဂုဏ်တော်အားချီးမွမ်းနေသည်ကို သူတို့ကြားခဲ့ကြပါသည်။ ဗိမာန်တော်ထဲသို့ဝင်လိုက်သောအခါ အံ့သြဖွယ်ရာမြင်ကွင်းတစ်ခု၏ရှေ့တွင် ဖျပ်ဖျပ်လူးအောင်ခံစားလျက် သူတို့ရပ်တည်ခဲ့ကြပါသည်။ လူနာများနေကောင်းလာသည်ကိုလည်းကောင်း၊ မျက်ကန်းသူများမျက်စိပြန်မြင်လာသည်ကိုလည်းကောင်း၊ နားပင်းသောသူများပြန်၍ကြားလာသည်ကိုလည်းကောင်း သူတို့မြင်တွေ့ခဲ့ရပါသည်။ ကလေးသူငယ်များသည် အလွန်ဝမ်းသာရွှင်မြူးနေကြပါသည်။ သခင်ယေရှုသည် ၎င်းတို့၏အနာရောဂါများကို ကုသပေးတော်မူခဲ့ပါသည်။ မိမိအားနှစ်နှစ်ကာကာနမ်းရှုပ်နေသောကလေးငယ်များအား ကိုယ်တော်သည် လက်မောင်းတော်ဝယ်ပွေ့ပိုက်ထားတော်မူပါသည်။ အချို့ကလေးများသည် လူအများအားဟောကြားနေသည့် ကိုယ်တော်၏ရင်ခွင်တော်ဝယ် အိပ်ပျော်နေကြပါသည်။ ယခုတွင်မူ ကလေးငယ်များသည် ဝမ်းမြောက်သောအသံများဖြင့် ကိုယ်တော်အားချီးမွမ်းထောမနာပြုနေကြပါသည်။ ယခင်နေ့ကသီဆိုခဲ့သော "ဟောရှဏ္ဏာ" သီချင်းကိုပြန်လည်သီဆိုကာ ကယ်တင်ရှင်၏ရှေ့မှောက်ဝယ် အောင်မြင်သောအထိမ်းအမှတ်အဖြစ် စွန်ပလွံခက်များကိုဝှေ့ယမ်းနေကြပါသည်။ ဗိမာန်တော်ထဲတွင် "ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း။" "တရားသဖြင့်စီရင်၍ ကယ်တင်ခြင်းသို့ရောက်သောသခင်သည် --- သင်ရှိရာသို့ကြွလာတော်မူသည်ကိုကြည့်ရှုလော့။" "ဒါဝိဒ်၏သားတော်အား ဟောရှဏ္ဏာဖြစ်စေသတည်း" ဟူသောဂုဏ်တော်ချီးမွမ်းသံများဖြင့် ပဲ့တင်ထပ်နေပါသည်။ ဆာလံ ၁၁၈း၂၆။ ဇာခရိ ၉း၉။



ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် အထိန်းအချုပ်မရှိချီးမွမ်းထောမနာပြုနေသည့်ဤအသံများသည် ထိုဗိမာန်တော်အကြီးအကဲများအတွက် စိတ်ဆင်းရဲစရာတစ်ခုဖြစ်နေပါသည်။ ထိုကဲ့သို့သောဆန္ဒပြမှုမျိုးကိုရပ်တန့်ပစ်ရန် သူတို့စီမံခဲ့ကြပါသည်။ ဘုရားသခင်၏အိမ်တော်သည် ကလေးငယ်များ၏ခြေထောက်များနှင့် ဤအော်ဟစ်သံများကြောင့်ညစ်ညမ်းခဲ့ရသည်ဟု သူတို့ကအခိုင်အမာပြောလာကြပါသည်။ သို့သော် မိမိတို့၏ပြောဆိုချက်များသည် လူထုကြီးအပေါ်အရာမထင်မှန်းတွေ့လာကြသောအခါ ကိုယ်တော်ထံသို့သူတို့ချဉ်းကပ်၍ "ဤသူတို့သည် အဘယ်သို့ပြောဆိုသည်ကိုကြားသလောဟု ယေရှုအားမေးကြသော်လည်း ငါကြား၏။ နို့စို့သူငယ်တို့၏နှုတ်ထဲမှ ကိုယ်တော်သည်ချီးမွမ်းခြင်းကိုပြင်ဆင်တော်မူသည်ဟူသောစကားကို သင်တို့သည်တစ်ရံတစ်ခါမျှမဖတ်ဖူးသလော" ဟုမိန့်တော်မူ၏။ ခရစ်တော်အားဖြင့်ကြိုတင်ဟောကြားထားသည့်အတိုင်း ထိုစကားသည်လည်း ပြည့်စုံခြင်းသို့ရောက်ရပေမည်။ ထိုယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့သည် ကိုယ်တော်ရှင်၏ဘုန်းတန်ခိုးတော်ကိုအများသိစေရန်၊ ကြေညာပေးရန်ငြင်းဆိုကြသဖြင့် ဘုရားသခင်သည်ကလေးသူငယ်များအား မိမိ၏သက်သေခံများအဖြစ် ပြောင်းရွှေ့ရွေးချယ်တော်မူခဲ့ရပါသည်။ အကယ်၍ ထိုကလေးငယ်များအား နှုတ်ဆိတ်စေလိမ့်မည်ဆိုလျှင် ထိုဗိမာန်တော်၏တိုင်များသည် ကိုယ်တော်ကိုချီးမွမ်းထောမနာပြုကြလိမ့်မည်သာတည်း။

ထိုဖာရိရှဲများသည် စိတ်နှလုံးရှုပ်ထွေးကာ လုံးလုံးအကြံရခက်နေကြပါသည်။ မိမိတို့ခြိမ်းခြောက်ခြင်းငှာမစွမ်းနိုင်သည့် ထိုပုဂ္ဂိုလ်သည်အမိန့်အာဏာနှင့်ပြည့်စုံလျက်ရှိနေပါသည်။ သခင်ယေရှုသည် ဗိမာန်တော်၏ဂေါပကလူကြီးတစ်ဦးကဲ့သို့ပြုမူလုပ်ဆောင်နေပါသည်။ ထိုကဲ့သို့သောကြီးမားသည့် အာဏာတန်ခိုးမျိုးကို ကိုယ်တော်တစ်ခါမျှအသုံးမပြုခဲ့ဖူးချေ။ ကိုယ်တော်၏

နှုတ်ထွက်စကားများနှင့် လုပ်ဆောင်မှုများသည်လည်း မည်သည့်အချိန်ကမှ ယခုတစ်ကြိမ်လောက် တန်ခိုးတော်နှင့်မပြည့်စုံခဲ့ဖူးချေ။ ကိုယ်တော်သည် ယေရုရှလင်မြို့အနှံ့အပြားတွင် အံ့သြဖွယ်ရာနိမိတ်လက္ခဏာများကို ပြတော်မူခဲ့ဖူးသော်လည်း မည်သည့်အချိန်ကမှ ယခုတစ်ကြိမ်လောက်စိုးရွံ့ထိတ်လန့်၍ စိတ်လှုပ်ရှားစရာကောင်းသောနိမိတ်လက္ခဏာမျိုးကိုမပြခဲ့ဖူးချေ။ ပြုတော်မူသည့်နိမိတ်လက္ခဏာများကိုမြင်တွေ့ခဲ့ရသည့် ထိုလူများ၏ရှေ့မှောက်တွင် ယဇ်ပုရောဟိတ်များသည် ကိုယ်တော်အားဖြောင်ကျကျ ရန်မမူဝံ့ကြတော့ချေ။ ကိုယ်တော်၏အဖြေကြောင့်အမျက်ဒေါသထွက်ကာ အရှက်တကွဲဖြစ်နေသော ထိုသူတို့သည် ထိုနေ့တွင် မည်သည့်အရာကိုမျှပြီးမြောက်အောင်မလုပ်နိုင်ခဲ့ကြချေ။

နောက်တစ်နေ့နံနက်တွင် ဆန်ဟီဒရင်အဖွဲ့ဝင်များသည် သခင်ယေရှုအားမည်သို့အရေးယူမည်အကြောင်းကို တစ်ဖန်စဉ်းစားသုံးသပ်ကြပြန်ပါသည်။ လွန်ခဲ့သောသုံးနှစ်တာအချိန်ကမေရှိယဖြစ်ကြောင်း အထောက်အထားတစ်ခုကိုပြရန် ကိုယ်တော်အားသူတို့တောင်းခံခဲ့ဖူးပါသည်။ ထိုအချိန်မှစ၍ ကြီးမားသောနိမိတ်လက္ခဏာများကို နေရာအနှံ့အပြားတွင် ကိုယ်တော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူနာများကိုကုသပေးခဲ့ပါသည်။ ထောင်ပေါင်းများစွာသောလူတို့အား အံ့သြဖွယ်ကောင်းလောက်အောင် ကျွေးမွေးတော်မူခဲ့ပါသည်။ ရေလှိုင်းများပေါ်တွင်လမ်းလျှောက်တော်မူခဲ့ပါသည်။ လှိုင်းလေပြင်းထန်နေသောပင်လယ်ကြီးအား ငြိမ်သက်စေခဲ့ပါသည်။ လူသားများ၏ စိတ်နှလုံးများကိုလည်း ဖွင့်ထားသည့်စာအုပ်များနှယ် ထပ်ခါတလဲလဲကိုယ်တော်ဖတ်တော်မူခဲ့ပါသည်။ ၎င်းပြင် နတ်ဆိုးများကိုနှင်ထုတ်တော်မူ၍ လူသေများကိုလည်း ထမြောက်စေတော်မူခဲ့ဖူးပါသည်။ မိမိတို့အလိုရှိသည့်မေရှိယဖြစ်ကြောင်းအထောက်အထားများကို သူတို့ရရှိခဲ့ကြပေပြီ။ ယခုတွင်မူ ကိုယ်တော်ထံမှမေရှိယဖြစ်ကြောင်း နိမိတ်လက္ခဏာကိုတောင်းခံရန် သူတို့မဆုံးဖြတ်ကြတော့ဘဲ ကိုယ်တော်ရှင်အားလုပ်ကြံဖို့ခွင့်ပြုမိန့်ကိုထုတ်ပေးရန်သာ သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။



ထိုနောက်သူတို့သည် ကိုယ်တော်ရှင်သွန်သင်လျက်ရှိသည့်ဗိမာန်တော်သို့ပြန်ခဲ့ကြပြီး "ကိုယ်တော်သည် ဤအမှုများကိုအဘယ်အခွင့်နှင့်ပြုသနည်း။ ဤသို့မပြုရသောအခွင့်ကို အဘယ်သူပေးသနည်း" ဟုမေးလျှောက်ကြ၏။ မိမိသည် ဘုရားသခင်ထံမှအခွင့်အာဏာရခဲ့သည်ဟုဖြေဆိုလိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ ထိုသို့ပြောမည်ဆိုလျှင် သူတို့ငြင်းဆိုရန်ရည်ရွယ်ထားကြပါသည်။ သို့ရာတွင် သခင်ယေရှုသည် အခြားအကြောင်းအရာတစ်ခုနှင့်စပ်ဆိုင်နေသည့်မေးခွန်းတစ်ခုအားဖြင့် ၎င်းတို့အားရင်ဆိုင်ခဲ့ပြီး "ယောဟန်၏ဗတ္တိဇံတရားသည် ဘုရားကဖြစ်သလော၊ လူကဖြစ်သလော" ဟူသောမေးခွန်းဖြင့် မိမိ၏မေးခွန်းကိုဖြေဆိုပေးမှုအပေါ်တွင်မူတည်၍ ၎င်းတို့၏အမေးကိုအဖြေပေးရန် ကိုယ်တော်တုံ့ပြန်ခဲ့ပါသည်။

မည်သည့်စဉ်းလဲသောဆင်ခြင်ဆင်လက်ကမှ မကယ်တင်နိုင်သည့်အကျဉ်းအကျပ်ထဲတွင် မိမိတို့ကျရောက်နေပြီဖြစ်ကြောင်းကို ယဇ်ပုရောဟိတ်များမြင်တွေ့လာခဲ့ကြပါသည်။ အကယ်၍ယောဟန်၏ဗတ္တိဇံတရားသည် ဘုရားကဖြစ်သည်ဟုသူတို့ဖြေဆိုခဲ့လျှင် ၎င်းတို့၏ရှေ့နောက်မညီသည့်လုပ်ရပ်များသည် ထင်ရှားလာပေလိမ့်မည်။ ထိုသို့ဖြေဆိုလျှင် သင်တို့သည် သူ့ကိုအဘယ်ကြောင့်မယုံကြည်ကြသနည်းဟုလည်း ခရစ်တော်ကပြောတော်မူလိမ့်မည်ဖြစ်ပါသည်။ "ဤလောက၏အပြစ်ကိုဆောင်သွားသော သိုးသငယ်ကိုကြည့်လော့" ဟူသောခရစ်တော်၏အကြောင်းကို ဆရာယောဟန်သက်သေခံခဲ့ပါသည်။ ထိုယဇ်ပုရောဟိတ်များသည် ဆရာယောဟန်၏သက်သေခံချက်ကို ယုံကြည်ခဲ့ကြလျှင် ခရစ်တော်သည်မေရှိယဖြစ်ကြောင်းကို အဘယ်သို့ငြင်းဆိုနိုင်မည်နည်း။ အကယ်၍သူတို့သည် တကယ်တမ်းယုံကြည်သည်အတိုင်း ဆရာယောဟန်၏ဗတ္တိဇံတရားသည် လူကဖြစ်ပါသည်ဟုဖြေဆိုခဲ့ပါလျှင် ၎င်းတို့အပေါ်သို့ လူထုကြီး၏ဒေါသမုန်တိုင်းတိုက်ခတ်လာလိမ့်မည်ဖြစ်ပါသည်။ အကြောင်းမှာ လူအပေါင်းတို့သည် ယောဟန်အားပုရောဖက်တစ်ပါးဖြစ်သည်ဟု ယုံကြည်နေသောကြောင့်ဖြစ်ပါသည်။

လူအုပ်ကြီးသည် ၎င်းတို့ပေးမည့်ဆုံးဖြတ်ချက်ကို စိတ်ဝင်တစားစောင့်ဆိုင်းနားထောင်နေကြပါသည်။ ထိုယဇ်ပုရောဟိတ်များသည် ဆရာယောဟန်

၏အမှုတော်ကိုဝန်ခံခဲ့ပြီးဖြစ်သဖြင့် ဆရာယောဟန်သည် ဘုရားသခင်ပြုမူဆောင်ရွက်တတ်သော ထိုယဇ်ပုရောဟိတ်မင်းကြီး၏မျက်နှာပေါ်တွင် မတွေ့ရသောကာယိန္ဒြေရှိမှုနှင့် ကျေးဇူးပြုတတ်သည့်သဘောများကို ထိုမျက်နှာပေါ်ဝယ်ပေါ်လွင်နေပါသည်။ ထိုဗိမာန်တော်ထဲဝယ် သခင်ယေရှုပြုတော်မူခဲ့သောလုပ်ရပ်များနှင့် မိန့်တော်မူခဲ့သောစကားများကို မြင်ခဲ့ကြားခဲ့ရသောသူများထဲမှ လူများစွာတို့သည် ထိုအချိန်မှစ၍ကိုယ်တော်အား ဘုရားသခင်၏ပုရောဖက်တစ်ပါးအနေနှင့် စွဲလမ်းလာခဲ့ကြပါသည်။ သို့ရာတွင် ကိုယ်တော်ချစ်ခင်ကြည်ညိုသူများလာသည်နှင့်အမျှ ခရစ်တော်အပေါ်ထားရှိသည့်ယဇ်ပုရောဟိတ်များတို့၏မုန်းမာန်ပွားမှုသည်လည်း တိုးပွားလာခဲ့ပါသည်။ ကိုယ်တော်၏ဘုရားဇာတိတော်အတွက် အသစ်သောအထောက်အထားဖြစ်သည့် ၎င်းတို့ထောင်ထားသောထောင်ချောက်မှလွတ်မြောက်စေခဲ့သည့် ကိုယ်တော်ရှင်၏ပညာတော်သည် ၎င်းတို့အားပို၍ပင်အမျက်ထွက်စေခဲ့ပါသည်။

ထိုစကားစစ်ထိုးပွဲတွင် ခရစ်တော်သည်မိမိ၏ပြိုင်ဘက်များအား အရှက်တကွဲအကျိုးနည်းဖြစ်အောင်လုပ်ရန် ရည်ရွယ်ချက်မရှိခဲ့ပါချေ။ ထိုသူများဒုက္ခရောက်နေသည်ကိုမြင်ရသည့်အတွက်လည်း ကိုယ်တော်ဝမ်းမမြောက်ခဲ့ပါ။ ထိုသို့ပြုလုပ်ခြင်းတွင် ၎င်းတို့အားသွန်သင်ရန် ကိုယ်တော်၌အရေးကြီးသောသင်ခန်းစာတစ်ခုရှိနေပါသည်။ ကိုယ်တော်အတွက် ၎င်းတို့ထောင်ထားသောထောင်ချောက်တွင် ၎င်းတို့ကိုယ်တိုင်အားမိစေခြင်းအားဖြင့် ထိုသူများကို မခံချိမခံသာဖြစ်စေတော်မူခဲ့ပါသည်။ ဆရာယောဟန်၏ဗတ္တိဇံတရားတော်သည် မည်သူ့ထံမှလာကြောင်းမသိကြောင်း ၎င်းတို့၏အသိအမှတ်ပြုခြင်းသည် ကိုယ်တော်အားမိန့်တော်မူရန် အခွင့်အလမ်းပွင့်စေခဲ့ပါသည်။ မိန့်တော်မူခဲ့ပြီးသားဖြစ်သည့်သတိပေးစကားများကိုအသုံးပြု၍ ၎င်းတို့၏အခြေအနေမှန်ကိုသိရှိရန် ၎င်းတို့အားပြောပြခြင်းအားဖြင့် ကိုယ်တော်သည် ထိုအခွင့်အလမ်းကိုပိုမိုတိုးပွားစေခဲ့ပါသည်။

"သင်တို့သည် အဘယ်သို့ထင်ကြသနည်း၊ တစ်စုံတစ်ယောက်သောသူ၌သားနှစ်ယောက်ရှိ၏။ သားအကြီးဆီသို့သွား၍ငါ့သား၊ ယနေ့ငါ့စပျစ်



ဥယျာဉ်သို့သွား၍လုပ်ဆောင်လော့ဟုဆိုလျှင် သားက ငါမသွားဘူးဟုပြန်ပြောသော်လည်း နောက်မှနောင်တရ၍သွားလေ၏။ အဘသည် အခြားသောသားဆီသို့သွား၍ ရှေ့နည်းအတိုင်းဆိုလျှင် သားကသွားပါမည်အဘသခင်ဟုဆိုသော်လည်း မသွားဘဲနေ၏။ ထိုသားနှစ်ယောက်တို့တွင် အဘယ်သူသည်အဘ၏အလိုကိုဆောင်သနည်း" ဟု ကိုယ်တော်မေးတော်မူ၏။

ပြတ်တောင်းလှသောၤမေးခွန်းသည် တရားနာပရိသတ်ကြီးအား ပျာပျာသလဲဖြစ်စေခဲ့ပါသည်။ ကိုယ်တော်ပြောတော်မူသည့်ပုံပမာကို ကောင်းမွန်စွာနားထောင်ခဲ့ကြသည့်အတွက် ချက်ချင်းပင် "သားအကြီးဆောင်ပါသည်" ဟုဖြေဆိုခဲ့ကြ၏။ ထိုအခါ ကိုယ်တော်သည် ၎င်းတို့အားသေချာစွာစူးစိုက်ကြည့်ရှုတော်မူပြီး ပြတ်သား၍သိက္ခာတော်နှင့်ပြည့်စုံသောအသံဖြင့်မိန့်တော်မူသည်မှာ "ငါအမှန်ဆိုသည်ကား၊ အခွန်ခံတို့နှင့်ပြည့်တန်ဆာတို့သည် သင်တို့အရင် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်တတ်ကြ၏။ အကြောင်းမူကား၊ ယောဟန်သည်ဖြောင့်မတ်သောအကျင့်ကိုကျင့်၍ သင်တို့ဆီသို့လာသော်လည်း သင်တို့မယုံကြည်ကြ၊ အခွန်ခံနှင့်ပြည့်တန်ဆာတို့မူကားယုံကြည်ကြ၏။ ထိုအကြောင်းကိုသင်တို့သည်မြင်သော်လည်း ယုံကြည်မည်အကြောင်း နောက်တစ်ဖန်နောင်တမရကြဟူ၍ဖြစ်၏။

ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ခရစ်တော်၏မေးခွန်းအတွက် အဖြေပေးရုံမှလွဲ၍ဘာမျှမတတ်နိုင်ကြချေ။ ထိုကြောင့်သားကြီး၏လုပ်ရပ်ကိုထောက်ခံသည့်အဖြေကို သူတို့ထံမှရရှိခဲ့ပါသည်။ ဤသားကြီးသည် ဖာရိရှဲများကအထင်သေးမုန်းတီးသောအခွန်ခံများကို ပုံဆောင်ပါသည်။ အခွန်ခံများသည် အလွန်အကျွံစာရိတ္တပျက်ပြားခဲ့သူများဖြစ်ကြပါသည်။ မိမိတို့၏အသက်တာတွင် ဘုရားသခင်၏ခိုင်းစေမှုများကိုဆန့်ကျင်ခဲ့ခြင်းအားဖြင့် ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးခဲ့သူများဖြစ်ကြပါသည်။ ထိုသူများသည် ကျေးဇူးတရားမသိတတ်သူများ၊ မသန့်ရှင်းသောသူများဖြစ်ကြပါသည်။ ဘုရားသခင်၏စပျစ်ဥယျာဉ်တွင် သွားရောက်အလုပ်လုပ်ရန်ခိုင်းစေသောအခါ ခါးခါးသီးသီးငြင်းဆိုခဲ့ကြပါသည်။ သို့ရာတွင် ဆရာယောဟန်

ရောက်လာပြီး နောင်တရခြင်းနှင့်စပ်ဆိုင်သောတရား၊ ဗတ္တိဇံနှင့်ပတ်သက်သောတရားများကိုဟောကြားသောအခါ ထိုအခွန်ခံများသည် ၎င်း၏သတင်းစကားကိုကြိုဆိုလက်ခံခဲ့ပြီး ဗတ္တိဇံကိုခံယူခဲ့ကြပါသည်။

သားငယ်သည် ယုဒနိုင်ငံကိုခေါင်းဆောင်သောသူများအားပုံဆောင်ထားပါသည်။ အချို့သောဖာရိရှဲများသည် နောင်တရကာ ဆရာယောဟန်၏ဗတ္တိဇံကိုယူခဲ့ကြသော်လည်း ဤယုဒလူအကြီးအကဲများမှာမူ ၎င်းအားဘုရားသခင်ထံမှကြွလာခဲ့သူအဖြစ် အသိအမှတ်မပြုခဲ့ကြချေ။ သူ၏သတိပေးဆုံးမစကားများတို့သည် ထိုသူများအားပြုပြင်ပြောင်းလဲခြင်းငှာ မစွမ်းနိုင်ခဲ့ပါချေ။ "သူတို့အကျိုးအလို့ငှာ၊ ဘုရားသခင်ကြံစည်တော်မူသောကျေးဇူးတော်ကိုပယ်၍ ယောဟန်၏ဗတ္တိဇံကိုမခံဘဲနေကြ၏။" လုကာ ၇း၃၀။ သူတို့သည် ၎င်း၏သတင်းစကားကိုအထင်သေးခဲ့ကြပါသည်။ သွားပါမည်ဟုကတိပြုပြီးမှ မသွားဘဲနေသောသားငယ်ကဲ့သို့ ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်ပါမည်ဟုဝန်ခံပြီးမှ မလိုက်လျှောက်ဘဲနေခဲ့ကြသည်။ သူတို့သည် ဘုရားတရားကိုင်းရှိုင်းမှုများကို နှုတ်အားဖြင့်အကြီးအကျယ်လုပ်ခဲ့ကြပြီး ပညတ်တော်အတိုင်းလိုက်လျှောက်လျက်ရှိကြောင်း အခိုင်အမာပြောဆိုခဲ့ကြသော်လည်း မှားယွင်းသောလိုက်လျှောက်မှုများကိုသာ သူတို့ပြုလုပ်ခဲ့ကြပါသည်။ အခွန်ခံများသည် ဘုရားတရားမရှိသူများအဖြစ် ဖာရိရှဲများ၏ပြစ်တင်ရှုတ်ချခြင်းကို ခံခဲ့ကြရပါသည်။ သို့ရာတွင် ထိုအခွန်ခံများသည် ဘုရားတရားကိစ္စများတွင် အပြောနှင့်အလုပ်မညီသောကြီးမားသည့်အလင်းတရားများကိုရရှိခဲ့ပြီး မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုအထင်ရောက်နေသော ထိုဖာရိရှဲများထက်အရင်ဦး၍ ကောင်းကင်နိုင်ငံတော်သို့ဝင်စားလိမ့်မည်ဖြစ်ကြောင်း ၎င်းတို့၏အကျင့်နှင့်ယုံကြည်ခြင်းတို့ကဖော်ပြနေပါသည်။

ဖာရိရှဲများသည် ထိရောက်မှုရှိလှသောဤသမ္မာတရားများကို မကြားလိုကြသော်လည်း ကိုယ်တော်ရှင်ပြောတော်မူသောစကားများထဲမှ အပြစ်တင်ခွင့်တစ်ခုခုကိုတွေ့ရှိနိုးဖြင့် ငြိမ်သက်စွာနားထောင်နေကြပါသည်။ သို့ရာတွင် သူတို့သည် သည်းခံ၍ဆက်လက်နားထောင်ကြရမည်သာတည်း။



ခရစ်တော်က "အခြားသောဥပမာကိုနားထောင်ကြလော့၊ အိမ်ရှင်တစ်ဦးသည် စပျစ်ဥယျာဉ်ကိုစိုက်ပျိုး၍ စောင်ရန်းကိုလုပ်ပြီးမှ စပျစ်သီးရာကျင်းကိုတူးလေ၏။ မှီခိုရာလင့်စင်ကိုလည်းဆောက်လေ၏။ လုပ်ဆောင်သောသူတို့အားဥယျာဉ်ကိုငှား၍ အခြားသောပြည်သို့သွားလေ၏။ အသီးသီးချိန်ရောက်သောအခါ အသီးကိုခံစေခြင်းငှာငယ်သားများတို့ကို ဥယျာဉ်စောင့်တို့ရှိရာသို့စေလွှတ်လေ၏။ ထိုသူတို့သည် ငယ်သားများကိုဖမ်းပြီးလျှင် တစ်ဦးကိုရိုက်၍ တစ်ဦးကိုသတ်၍ တစ်ဦးကိုခဲနှင့်ပစ်ကြ၏။ နောက်တစ်ဖန်အရင်ထက်များသော အခြားငယ်သားတို့ကိုစေလွှတ်ပြန်လျှင်ဥယျာဉ်စောင့်တို့သည် ရှေးနည်းအတူပြုကြ၏။ နောက်ဆုံး၌ ဥယျာဉ်ရှင်က ထိုသူတို့သည် ငါ့သားကိုအားနာကြလိမ့်မည်ဟုဆို၍ မိမိသားကိုစေလွှတ်လေ၏။ ဥယျာဉ်စောင့်တို့သည်သားကိုမြင်လျှင် ဤသူသည်အမွေခံဖြစ်၏။ လာကြ၊ သူ့ကိုသတ်၍ သူ၏အမွေဥစ္စာကိုယူကြကုန်အံ့ဟု အချင်းချင်းတိုင်ပင်၍ ဥယျာဉ်ရှင်၏သားကိုဖမ်းယူပြီး ဥယျာဉ်ပြင်သို့ထုတ်၍သတ်ပစ်ကြ၏။ သို့ဖြစ်လျှင် ဥယျာဉ်ရှင်သည်လာသောအခါ ဥယျာဉ်စောင့်တို့ကိုအဘယ်သို့ပြုမည်နည်း" ဟုမေးတော်မူ၏။

ယေရှုသည် ထိုနေရာတွင်ရောက်ရှိနေကြသောလူအပေါင်းတို့အားမေးမြန်းနေသော်လည်း "ထိုလူဆိုးတို့အား ဆိုးသောဖျက်ဆီးခြင်းကိုစီရင်ပါလိမ့်မည်။ အသီးသီးချိန်တွင် အသီးကိုဆက်အံ့သောအခြားလူတို့အား ထိုဥယျာဉ်ကိုငှားပါလိမ့်မည်" ဟု ဖာရိရှဲများနှင့်ယဇ်ပုရောဟိတ်များကသာဖြေဆိုခဲ့ကြပါသည်။ အဖြေပေးခဲ့ကြသောထိုသူများသည် ပုံပမာ၏ဆိုလိုရင်းအဓိပ္ပါယ်ကို အစအဦးတွင်မသိခဲ့ကြသော်လည်း ကိုယ့်ကိုကိုယ်ပြန်၍တရားစီရင်နေကြခြင်းဖြစ်ကြောင်းကို ယခုတွင်တွေ့မြင်လာခဲ့ကြပါသည်။ ဤပုံပမာတွင် ဥယျာဉ်ရှင်သည် ဘုရားသခင်ကိုလည်းကောင်း၊ စောင်ရန်းသည်၎င်း၏အကာအကွယ်ဖြစ်သောပညတ်တော်ကိုလည်းကောင်း၊ အသီးသီးပုံဆောင်ထားပါသည်။ မှီခိုရာလင့်စင်သည် ဗိမာန်တော်၏အထိမ်းအမှတ်တစ်ခုဖြစ်ပါသည်။ စပျစ်ဥယျာဉ်ရှင်သည် စပျစ်ခြံအတွက်လိုအပ်သမျှကို လုပ်ဆောင်ပေးတော်မူခဲ့ပါသည်။

"ငါ့စပျစ်ဥယျာဉ်၌ငါကျေးဇူးပြုနိုင်လျက်၊ မပြုသေးသောအရာတစ်စုံတစ်ခုရှိသလော။" ဟေရှာယ ၅း၄။ ဤကဲ့သို့သောလုပ်ဆောင်မှုသည် ဣသရေလလူများအတွက် မမောတမ်းမပန်းတမ်းပြုတော်မူခဲ့သော ဘုရားသခင်၏စောင့်ရှောက်မှုများကို ရုပ်လုံးဖော်ထားပါသည်။ ဥယျာဉ်စောင့်များသည် သင့်လျော်သောအချိုးအဆရှိသည့်စပျစ်သီးများအား ဥယျာဉ်ရှင်အားပြန်ပေးရန်တာဝန်ရှိသကဲ့သို့ ဘုရားသခင်၏သားသမီးများသည်လည်း သန့်စင်သောအခွင့်အရေးများကို ရရှိထားသူများပီပီ တော်လျော်သောအသက်တာအားဖြင့် ကိုယ်တော်အားချီးမြှောက်ရန်တာဝန်ရှိပါသည်။ သို့ရာတွင် ဥယျာဉ်စောင့်များသည် စပျစ်သီးကိုစုယူရန်အတွက် ဥယျာဉ်ရှင်ကစေလွှတ်လိုက်သောကျွန်များအား သတ်ပစ်လိုက်ကြသကဲ့သို့ ယုဒလူများသည်လည်း မိမိတို့အားနောင်တလမ်းသို့ပို့ဆောင်ရန် ဘုရားသခင်စေလွှတ်တော်မူခဲ့သောပရောဖက်များကို သတ်ပစ်ခဲ့ကြပါသည်။ စေတမန်များကိုလည်း တစ်ယောက်ပြီးတစ်ယောက်ကွပ်မျက်ခဲ့ကြပါသည်။ ယခုအခြေအနေအထိ ထိုပုံပမာ၏ဆိုလိုရင်းအဓိပ္ပါယ်ကိုမငြင်းဆိုနိုင်သည့်အပြင် ဆက်လက်ဖော်ပြသည့်အကြောင်းအရာများသည်လည်း ထင်ရှားပေါ်လွင်မှုနည်းပါးမသွားခဲ့ပါချေ။ ကျိုးနွံမှုမရှိသောကျွန်များထံသို့ နောက်ဆုံးစေလွှတ်လိုက်သော ဥယျာဉ်ရှင်၏ချစ်လှစွာသောသား၊ ထိုသူများကဖမ်း၍သတ်ပစ်လိုက်ကြသောထိုသားတွင် ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ခရစ်တော်နှင့်တကွ မကြာမီတွင်ကိုယ်တော်အပေါ်တွင်ကျရောက်လာမည့်ကံကြမ္မာများကို ထင်ရှားစွာတွေ့မြင်လာခဲ့ကြပါသည်။ နောက်ဆုံးလုပ်ဆောင်မှုတစ်ခုအနေဖြင့် ဘုရားသခင်ကငင်းတို့ထံစေလွှတ်တော်မူခဲ့သော ထိုသားတော်ကိုလုပ်ကြံရန် သူတို့စီစဉ်ခဲ့ကြပါသည်။ ကျေးဇူးမသိတတ်သော ဥယျာဉ်စောင့်များအပေါ်သို့ကျရောက်သည့်ပြစ်ဒဏ်စီရင်ချက်များတွင် ခရစ်တော်အားလုပ်ကြံမည့်သူများခံယူရမည့်အပြစ်ဒဏ်များကို ရုပ်လုံးဖော်ပြထားပါသည်။

ကိုယ်တော်သည် ထိုသူများအားသနားကြင်နာစွာဖြင့်ကြည့်တော်မူ၍ ဆက်လက်မိန့်တော်မူသည်ကား၊ "တိုက်ကိုတည်ဆောက်သောသူများပယ်ထားသောကျောက်သည် နောက်တစ်ဖန်တိုက်ထောင့်အထွက်ဖျားသို့ရောက်ပြန်၏။



ထိုအမှုသည် ထာဝရဘုရားပြုတော်မူသောအမှုဖြစ်၏။ ငါတို့မျက်မှောက်၌လည်း အံ့ဩဖွယ်ဖြစ်၏ဟူသောစကားကို စာ၌သင်တို့သည် တစ်ခါတရံမျှမဖတ်ဖူးသလော၊ ထိုကြောင့် ငါဆိုသည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို သင်တို့မှနုတ်၍ နိုင်ငံတော်၏အသီးကိုသီးအံ့သောလူမျိုးအားပေးရလတ္တံ့၊ အကြင်သူသည် ထိုကျောက်အပေါ်သို့ကျ၏။ ထိုသူသည်ကျိုးလတ္တံ့။ အကြင်သူ၏အပေါ်သို့ထိုကျောက်သည်ကျ၏။ ထိုသူသည်ညက်ညက်ကြေလတ္တံ့" ဟုမိန့်တော်မူ၏။

ယုဒလူများသည် ကြွလာတော်မူမည့်မေရှိယကိုရည်ညွှန်း၍ ဤအနာဂတ္တိစကားကို ဗိမာန်တော်၌မကြာခဏရွတ်ဆိုခဲ့ကြပါသည်။ ခရစ်တော်သည် ယုဒလူမျိုးများ၏အိမ်ထောင်မှုစီမံအုပ်ချုပ်သည့်နည်းစနစ်နှင့် ကယ်တင်ခြင်းစီမံကိန်းတစ်ခုလုံး၏တိုက်ထောင့်အထွတ်ကျောက်ဖြစ်တော်မူပါသည်။ ထိုတိုက်မြစ်ကျောက်ကို ယုဒအမျိုးသားတည်ဆောက်ရေးသမားများ၊ ယဇ်ပုရောဟိတ်များနှင့်ဣသရေလအကြီးအကဲများက ယခုငြင်းဆိုကြလျက်ရှိပါသည်။ ကိုယ်တော်သည်ထိုလူများအား ငင်းတို့အပေါ်တွင်ကျရောက်မည့်ဘေးဥပဒ်အန္တရာယ်များကိုပြသပေးမည့်ထိုအနာဂတ္တိစကားများကို ဂရုပြုရန်တောင်းဆိုတော်မူခဲ့ပါသည်။ ငင်းတို့လုပ်ဆောင်ကြတော့မည့်ဆဲဆဲဖြစ်သော လုပ်ရပ်များ၏သဘာဝကိုရှင်းလင်းစွာနားလည်သဘောပေါက်စေရန်လည်း တတ်နိုင်သမျှနည်းမျိုးစုံကိုအသုံးပြု၍ ကြိုးစားဖော်ပြတော်မူခဲ့ပါသည်။

"ဥယျာဉ်ရှင်လာသောအခါ ဥယျာဉ်စောင့်တို့ကိုအဘယ်သို့ပြုမည်နည်း" ဟုမေးသောစကားထဲတွင် ကိုယ်တော်၌အခြားရည်ရွယ်ချက်တစ်ခုရှိနေခဲ့ပါသည်။ ဖာရိရှဲများသည် မိမိတို့လုပ်ဆောင်ခဲ့သည့်အတိုင်း ဖြေဆိုကြလိမ့်မည်ဖြစ်ကြောင်း၊ ထိုအဖြေများအားဖြင့် မိမိကိုယ်ကိုမိမိအပြစ်စီရင်လိမ့်မည်ဖြစ်ကြောင်းများကို ကိုယ်တော်ကြိုတင်ခန့်မှန်းခဲ့ပြီးဖြစ်ပါသည်။ ငင်းတို့အားနောင်တလမ်းထဲသို့ပို့ဆောင်နိုင်ခဲ့သော ကိုယ်တော်၏သတိပေးစကားများသည် ငင်းတို့ခံယူရမည့်အပြစ်ဒဏ်ကိုတံဆိပ်ခတ်ပေးလိမ့်မည်။ ငင်းတို့သည် ကိုယ့်ကိုကိုယ်ဒုက္ခရောက်အောင်လုပ်နေကြကြောင်းကို ပြန်လည်သိရှိလာစေရန်

ကိုယ်တော်လိုလားတော်မူခဲ့ပါသည်။ ၎င်းတို့၏အမျိုးသားရေးဆိုင်ရာအခွင့်အရေးများကို ပြန်လည်ရုပ်သိမ်းတော်မူခြင်းတွင် ဘုရားသခင်သည် တရားမျှတတော်မူကြောင်းကိုဖော်ပြရန် ကိုယ်တော်ကြံရွယ်တော်မူခဲ့ပါသည်။ ထိုရုပ်သိမ်းမှုကိုအစပြုလုပ်ဆောင်နေပြီဖြစ်ပြီး ယေရုရှလင်မြို့တော်နှင့်ဗိမာန်တော်တို့အားအဖျက်ဆီးခံရမှုတွင် အဆုံးမသတ်သေးဘဲ ယုဒလူများအရပ်ရပ်သို့ ပျံ့လွင့်သွားမည့်အချိန်ရောက်မှ အဆုံးသတ်ပေလိမ့်မည်။

တရားနာလူထုကြီးသည် ဤသတိပေးစကားကိုသတိပြုမိခဲ့ကြပါသည်။ သို့ရာတွင် မိမိတို့ကိုယ်တိုင်ချမှတ်ထားသည့်စီရင်ချက်ကို "ဤသူသည်အမွေခံဖြစ်၏။ လာကြသူ့ကိုသတ်ကြကုန်အံ့" ဟူသောစကားများအားဖြင့် ယဇ်ပုရောဟိတ်များသည် ပြည့်စုံစေခဲ့ကြပါသည်။ "ကိုယ်တော်ကိုဖမ်းဆီးခြင်းငှာရှာကြံသော်လည်း စုဝေးသောသူများကိုကြောက်ကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ကိုယ်တော်ကိုပုရောဖက်ကဲ့သို့ထင်မှတ်ကြ၏။"

ခရစ်တော်သည် ပစ်ထားခြင်းခံရသည့်ကျောက်နှင့်ပတ်သက်သောအနာဂတ္တိစကားကိုကိုးကားမိန့်ဆိုရာ၌ ဣသရေလသမိုင်းတွင်ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာတစ်ခုကိုရည်ညွှန်း၍ မိန့်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကို ပထမဦးဆုံးသောဗိမာန်တော်တည်ဆောက်စဉ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ခရစ်တော်၏ပထမအကြိမ်ကြွလာမည့်အချိန်နှင့်အထူးသက်ဆိုင်ပြီး ယုဒများအားဝေဖန်ဆုံးဖြတ်ရန် အပူတပြင်းတောင်းခံနေခဲ့သကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း သင်ခန်းစာတစ်ခုဖြစ်နေပါသည်။ ရှောလမုန်တည်ဆောက်သည့်ဗိမာန်တော်၏နံရံများနှင့်တိုက်မြစ်များအတွက် အလွန်ကြီးမားသည့်ကျောက်တုံးကြီးများကို ကျောက်ကျင်းထဲမှာပင် အားလုံးပြင်ဆင်ထုလုပ်ခဲ့ပါသည်။ တည်ဆောက်သူများသည် ထိုကျောက်တုံးကြီးများကို တည်ဆောက်မည့်နေရာသို့သယ်ဆောင်လာပြီး မည်သည့်ပြင်ဆင်ပုံသွင်းမှုများကိုမျှမလုပ်တော့ဘဲ ကျောက်တုံးတစ်လုံးအပေါ်တစ်လုံးဆင့်၍ တည်ဆောက်ခဲ့ကြပါသည်။ တိုက်မြစ်အတွက်အလွန်တရာကြီးမားလှပြီး အထူးပုံသွင်းထားသည့်ကျောက်တုံးတစ်တုံးကိုသယ်ဆောင်လာကြရာ တည်ဆောက်သူများသည်



ထိုကျောက်တုံးနှင့်သင့်လျော်သည့်နေရာကို မတွေ့ရှိကြသဖြင့် ထိုကျောက်တုံးကိုလက်မခံခဲ့ကြချေ။ အသုံးချ၍မရသောထိုကျောက်တုံးသည် မိမိတို့၏လုပ်ငန်းခွင်တွင်ရှုပ်နေသည့်အတွက် သူတို့စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါသည်။ ထိုကျောက်တုံးသည် အချိန်ကြာမြင့်စွာစွန့်ပစ်ထားခြင်းကိုခံခဲ့ရပါသည်။ သို့ရာတွင် တည်ဆောက်သူများသည် တိုက်ထောင့်ကျောက်အတွက် တိုက်မြစ်ချရန်အချိန်ရောက်လာသော် တိုက်မြစ်ချမည့်နေရာအတွက် သင့်လျော်မည့်အရွယ်အစား၊ အတန်အစားနှင့်ပုံသဏ္ဍာန်ရှိပြီး ကြီးမားသောအလေးဒဏ်ကိုခံရပ်နိုင်မည့်ကျောက်တုံးတစ်တုံးကို အချိန်ကြာမြင့်စွာရှာဖွေခဲ့ကြရပါသည်။ အရေးပါသည့်ဤတိုက်ထောင့်ကျောက်အတွက် သတိပညာနှင့်မရွေးချယ်ခဲ့ပါလျှင် အဆောက်အဦတစ်ခုလုံးအတွက် အန္တရာယ်ရှိလာနိုင်ပါသည်။ နေဒဏ်၊ နှင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံနိုင်မည့်ကျောက်တုံးတစ်တုံးကို သူတို့ရှာဖွေရပါမည်။ ကျောက်တုံးပေါင်းများစွာကိုရွေးချယ်ကာအသုံးချခဲ့ဖူးသော်လည်း ကြီးမားသောအလေးချိန်၏ဖိနှိပ်မှုကြောင့် ထိုကျောက်တုံးများသည် ကြေမွကုန်ခဲ့ကြပါသည်။ အချို့ကျောက်တုံးများမှာမူ ရုတ်တရက်ပြောင်းလဲသောပတ်ဝန်းကျင်အခြေအနေများကို ခံနိုင်ရည်မရှိခဲ့ကြချေ။ သို့ရာတွင် နောက်ဆုံး၌ ကာလရှည်လျားစွာပယ်ထားခဲ့သည့် ထိုကျောက်တုံးကြီးကို အာရုံပြုလာမိခဲ့ကြပါသည်။ ထိုကျောက်တုံးကြီးသည် မိုးဒဏ်၊ နေဒဏ်နှင့်လေဒဏ်များကိုခံခဲ့ရသော်လည်း အက်ရာကလေးတစ်ခုပင်မရှိခဲ့ချေ။ တည်ဆောက်သူများသည် ထိုကျောက်ကိုစမ်းသပ်စစ်ဆေးခဲ့ကြပါသည်။ စမ်းသပ်ချက်တစ်ခုမှလွဲ၍ ကျန်စမ်းသပ်ချက်များကိုအောင်မြင်ခဲ့ပါသည်။ အကယ်၍သာ ထိုကျောက်သည် အလွန်ပြင်းထန်သည့်ဖိအားကိုခံနိုင်ရည်ရှိမည်ဆိုလျှင် ၎င်းကိုတိုက်ထောင့်ကျောက်အတွက်အသုံးပြုရန် ဆုံးဖြတ်ကြပါလိမ့်မည်။ စစ်ဆေးစမ်းသပ်ကြည့်ပြီး ထိုကျောက်ကိုလက်ခံအသုံးပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုနောက်သတ်မှတ်ထားသောနေရာသို့သယ်ဆောင်လာကာ နေသားတကျချထားကြည့်ရာ အံဝင်ခွင်ကျဖြစ်နေသည်ကိုတွေ့ရှိခဲ့ကြရပါသည်။ ထိုကျောက်သည် ခရစ်တော်

ကိုပုံဆောင်ထားကြောင်းကို ဟေရှာယပုရောဖက်အား ရူပါရုံဖြင့်အသိပေးတော်မူခဲ့ပါသည်။ “ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားကို ရိုသေခြင်းရှိကြလော့။ ထိုဘုရားကိုသာကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းရှိကြလော့။ ထိုသို့ပြုလျှင် ထိုဘုရားသည် သင်တို့ခိုလှုံရာဖြစ်တော်မူလိမ့်မည်။ သို့ရာတွင် ဣသရေလလူနှစ်မျိုးတို့ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာကျောက်၊ ယေရုရှလင်မြို့သားတို့၌ကျော့ကွင်းနှင့်ထောင်ချောက်ဖြစ်တော်မူလိမ့်မည်။ ထိုသူအများတို့သည် ထိမိ၍တိမ်းလဲကျိုးပဲ့ခြင်း၊ ကျော့မိဖမ်းဆီးခြင်းသို့ရောက်ကြလိမ့်မည်။” ဟေရှာယ ၈း၁၃–၁၅။ ရှောလမုန်၏ဗိမာန်တော်အတွက် တိုက်ထောင့်ကျောက်အဖြစ်အသုံးခံရမည့်ထိုကျောက်တုံးကို စမ်းသပ်စစ်ဆေးမှုများသည် ခရစ်တော်ခံရမည့် စုံစမ်းစစ်ဆေးခြင်းများ၏အထိမ်းအမှတ်သာဖြစ်ကြောင်း၊ ထိုရူပါရုံသည် ပထမအကြိမ်ကြွလာခြင်းအထိသက်ဆိုင်ကြောင်း ဟေရှာယအားဖော်ပြတော်မူခဲ့ပါသည်။ “အရှင်ထာဝရဘုရားက စုံစမ်းသောအမြစ်ကျောက်တည်းဟူသော မလှုပ်နိုင်အောင်မြဲမြံသော တိုက်ထောင့်အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာငါချထားမည်။ ထိုကျောက်ကိုအမှီပြုသောသူသည် ပြေးရသောအကြောင်းမရှိ။” ဟေရှာယ ၂၈း၁၆။

ထာဝရဘုရားသည် အနန္တဉာဏ်တော်အားဖြင့် ထိုတိုက်မြစ်ကျောက်ကိုကိုယ်တိုင်ရွေးချယ်၍ ကိုယ်တော်တိုင်တိုက်မြစ်ချခဲ့ပါသည်။ ထိုကျောက်ကို “မြဲမြံသောတိုက်ထောင့်အမြစ်” ဟု ကိုယ်တော်သမုတ်တော်မူခဲ့ပါသည်။ လောကသားအားလုံးသည် မိမိတို့၏တာဝန်များနှင့်ဝမ်းနည်းကြေကွဲမှုများကို ဤကျောက်ပေါ်ဝယ်တင်နိုင်ကြပြီး ထိုကျောက်သည် တင်သမျှဝန်အားလုံးကို ခံနိုင်စွမ်းရည်ရှိတော်မူပါသည်။ သူတို့သည် ထိုကျောက်ပေါ်မှာထပ်ဆင့်၍ စိတ်ချလုံခြုံစွာတည်ဆောက်နိုင်ကြပါသည်။ ခရစ်တော်သည် “စုံစမ်းသောအမြစ်ကျောက်” ဖြစ်တော်မူ၏။ ကိုယ်တော်အားယုံကြည်ကိုးစားသူအပေါင်းအား မည်သည့်အခါမျှ စိတ်ပျက်စေတော်မူလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်ရှင်သည် စုံစမ်းခြင်းအပေါင်းကိုခံတော်မူခဲ့ပြီးချေပြီ။ ကိုယ်တော်သည် အာဒံအပြစ်ဝန်များနှင့် ၎င်း၏သားစဉ်မြေးဆက်များတို့၏အပြစ်ဝန်ထုပ်များ၏ဖိစီး





မှုကို ခံနိုင်စွမ်းရှိတော်မူခဲ့ပြီးဖြစ်သဖြင့် ဒုစရိုက်တန်ခိုးအရှင်စာတန်ထက်ပို၍အောင်မြင်မှုကိုရရှိတော်မူခဲ့ပါသည်။ နောင်တရသည့်အပြစ်သားတိုင်းမှစွန့်ပစ်သောအပြစ်ဝန်များကို ကိုယ်တော်ထမ်းရွက်တော်မူခဲ့ရပါသည်။ အပြစ်ကျူးလွန်သောနှလုံးသားသည် ခရစ်တော်၌သက်သာခြင်းအခွင့်ကိုတွေ့ရှိခဲ့ပါသည်။ ကိုယ်တော်အားမှီခိုအားကိုးသောသူအပေါင်းတို့သည် လုံခြုံအေးချမ်းစွာနားနေရပါသည်။

ဟေရှာယ၏အနာဂတ္တိစကားထဲတွင် ခရစ်တော်အားမြဲမြံသောတိုက်ထောင့်ကျောက်အနေဖြင့်သော်လည်းကောင်း၊ ထိမိ၍လဲစရာကျောက်အနေဖြင့်သော်လည်းကောင်း ဖွင့်ဆိုထားပါသည်။ ရှင်ပေတရုကလည်း ခရစ်တော်သည် မည်သူ့အတွက်တိုက်ထောင့်ကျောက်မြစ်ဖြစ်၍ မည်သူ့အတွက်မှားယွင်းစရာကျောက်ဖြစ်နေကြောင်းကို ဝိညာဉ်တော်အားဖြင့်ရှင်းလင်းစွာဖော်ပြထားပါသည်။

“သင်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍ --- လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသောအသက်ကျောက်မြတ်တည်းဟူသော ထိုသခင်ထံသို့သင်တို့သည်ရောက်၍ အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ်တည်ဆောက်လျက်ရှိသဖြင့် ဗိမ္မာန်တိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ဓမ္မယဇ်ကိုပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်မျိုးလည်းဖြစ်ကြ၏။ ထိုသို့နှင့်အညီကျမ်းစာလာသည်ကား၊ ရွေးချယ်သောတိုက်ထောင့်အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာငါချထား၏။ ထိုကျောက်ကိုအမှီပြုသောသူသည် ရှက်ကြောက်ခြင်းမရှိနိုင်ရာ ဟုလာသတည်း။ သို့ဖြစ်၍ ယုံကြည်ခြင်းရှိသောသူတို့၌ကား ဘုန်းအသရေရှိ၏။ နားမထောင်သောသူတို့၌ကား တိုက်ကိုတည်လုပ်သောသူများပယ်ထားသောကျောက်သည် နောက်တစ်ဖန် တိုက်ထောင့်အထွတ်ဖျားသို့ရောက်ပြန်၏။ နားမထောင်ဘဲ နှုတ်ကပတ်တရားတော်ကို ထိမိ၍လဲသောသူတို့သည် ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာကျောက်လည်းဖြစ်၏။” ၁ပေ ၂း၁–၈။

ခရစ်တော်သည် ယုံကြည်သူများအတွက်မြဲမြံသောကျောက်မြတ်ဖြစ်ပါသည်။ ထိုကျောက်မြတ်ပေါ်သို့ကျသောသူများသည် ကျိုးပဲ့ကြမည်သာတည်း။ ခရစ်တော်၏စိုးမိုးမှုကိုခံယူ၍ ကိုယ်တော်ကိုယုံကြည်သောသူများကိုဤနေရာတွင်ရုပ်လုံးဖော်ထားပါသည်။ ကျွန်ုပ်တို့၏အပြစ်ကျူးလွန်မှုများအတွက် နောင်တရလျက် ကိုယ်တော်၏ခွင့်လွှတ်ခြင်းမေတ္တာတော်ကိုယုံကြည်လျက်၊ ကလေးတစ်ဦးကဲ့သို့နှိမ့်ချလျက် ခရစ်တော်ထံသို့သွားရောက်ကာမိမိကိုယ်ကိုဖြောင့်မတ်မည်ဟုထင်နေသောစိတ်ကို စွန့်လွှတ်ခြင်းသည် ကျောက်ပေါ်သို့ကျ၍ကျိုးပဲ့သွားခြင်းပင်ဖြစ်ပါသည်။ ထိုနည်းနှင်နှင်ပင် ယုံကြည်ခြင်းနှင့်နားထောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်တည်းဟူသောတိုက်မြစ်ပေါ်တွင် ထပ်ဆင့်တည်ဆောက်ကြပါသည်။

ယုဒနှင့်တစ်ပါးအမျိုးသားများသည် အသက်ရှင်သောဤကျောက်မြတ်ပေါ်တွင် အခွင့်အရေးတူညီစွာတည်ဆောက်နိုင်ကြပါသည်။ ဤတိုက်မြစ်သည် လုံခြုံစိတ်ချစွာကျွန်ုပ်တို့တည်ဆောက်နိုင်သည့် တစ်ခုတည်းသောတိုက်မြစ်ဖြစ်ပါသည်။ ဤကျောက်သည် လူသားအားလုံးအတွက် လုံလောက်သောအကျယ်အဝန်းရှိပြီး လောကီနိုင်ငံတစ်ခုလုံး၏ဝန်များကို ထမ်းထားနိုင်လောက်အောင်ခွန်အားရှိပါသည်။ ဤတိုက်မြစ်ပေါ်တွင် ထပ်ဆင့်တည်ဆောက်သောသူအပေါင်းတို့သည် သက်ရှင်ကျောက်တည်းဟူသော ခရစ်တော်နှင့်ဆက်သွယ်ပေါင်းဖက်ခြင်းအားဖြင့် သက်ရှင်ကျောက်များဖြစ်လာကြပါသည်။ များစွာသောလူများသည် ကိုယ့်အားကိုယ်ကိုးကာ ထုလုပ်အရောင်တင်အလှဆင်ခဲ့ကြသော်လည်း ၎င်းတို့သည် သက်ရှင်ကျောက်များဖြစ်မလာနိုင်ကြချေ။ အကြောင်းမူကား၊ သူတို့သည် ခရစ်တော်နှင့်မဆက်သွယ်ခဲ့ကြခြင်းကြောင့်ဖြစ်ပါသည်။ မည်သူမဆို ကိုယ်တော်နှင့်မဆက်သွယ်ခဲ့လျှင် ကယ်တင်ခြင်းသို့မရောက်နိုင်ကြချေ။ ကျွန်ုပ်တို့၌ခရစ်တော်အသက်မရှင်လျှင် စုံစမ်းနှောင့်ယှက်ခြင်းမုန်တိုင်းများကို ကြံ့ကြံ့ခံနိုင်ကြမည်မဟုတ်ချေ။ ကျွန်ုပ်တို့၏ထာဝရလုံခြုံမှုသည် မြဲမြံသောကျောက်အပေါ်တွင် ထပ်ဆင့်တည်ဆောက်မှုအပေါ်၌မူတည်နေပါသည်။ များစွာသောလူများသည် အစမ်းအသပ်မခံနိုင်သည့်



တိုက်မြစ်များပေါ်တွင် ထပ်ဆင့်၍ယနေ့တည်ဆောက်နေကြပါသည်။ လေပြင်းမုန်တိုင်းကျကာ မိုးသည်းထန်သဖြင့် ရေလွှမ်းမိုးလာသောအခါ ၎င်းတို့၏အိမ်သည် ပြိုကျပျက်စီးသွားလိမ့်မည်။ အကြောင်းမူကား ထာဝရကျောက်တည်းဟူသော တိုက်ထောင့်ကျောက်ခရစ်တော်အပေါ်တွင် ထပ်ဆင့်မတည်ဆောက်ခြင်းကြောင့်ဖြစ်ပါသည်။

“နားမထောင်ဘဲနှုတ်ကပတ်တရားတော်ကို ထိမိ၍လဲသောသူတို့အတွက် ခရစ်တော်သည် မှားယွင်းစရာကျောက်ဖြစ်တော်မူ၏။” သို့ရာတွင် “တည်ဆောက်သူများပယ်ထားသောကျောက်သည် နောက်တစ်ဖန် တိုက်ထောင့်အထွတ်အဖျားသို့ပြန်ရောက်၏။” လောကအမှုတော်တွင် ခရစ်တော်သည် ပယ်ထားခြင်းခံရသောကျောက်တုံးကဲ့သို့ လျစ်လျူရှုခြင်းနှင့်ကြမ်းတမ်းစွာဆက်ဆံမှုများကို ခံတော်မူခဲ့ရပါသည်။ “မထီမဲ့မြင်ပြုခြင်းကိုခံ၍ လူတို့တွင်အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူဖြစ်၏။ --- မထီမဲ့မြင်ပြုခြင်းကိုခံလျက်ရှိ၍ ငါတို့သည်မရိုသေကြ။” ဟေရှာယ ၅၃း၃။ သို့သော် ကိုယ်တော်ရှင်အား ဂုဏ်အသရေနှင့်ပြည့်စုံစေမည့်အချိန်သည် မဝေးတော့ပြီ။ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအားဖြင့် “တန်ခိုးနှင့်ပြည့်စုံသော ဘုရားသခင်၏သားတော်” ဟူ၍ ကိုယ်တော်အားကြွေးကြော်ခဲ့ကြလိမ့်မည်။ ရောမ ၁း၄။ ဒုတိယအကြိမ်ကြွလာသောအချိန်တွင် ကိုယ်တော်အား ကောင်းကင်နှင့်မြေကြီး၏အရှင်သခင်အဖြစ်ထင်ရှားစေပါလိမ့်မည်။ ထိုအချိန်တွင် ကိုယ်တော်အားကပ်တိုင်တင်ကြမည့်သူများသည်လည်း ကိုယ်တော်၏ကြီးမြတ်မှုကို အသိအမှတ်ပြုလာကြပါလိမ့်မည်။ ပယ်ခြင်းခံရသောကျောက်မြတ်သည် စကြဝဠာရှေ့မှောက်တွင် အထွတ်ထောင့်ကျောက်မြတ်ဖြစ်လာပါလိမ့်မည်။

၎င်းပြင် အကြင်သူသည် ထိုကျောက်အပေါ်သို့ကျ၏။ ထိုသူသည်ကျိုးလတ္တံ့။ ခရစ်တော်ကိုငြင်းပယ်ခဲ့သောထိုသူများသည် မိမိတို့၏မြို့တော်နှင့်တကွ တိုင်းပြည်ကိုအဖျက်ဆီးခံရသည်ကို မကြာမီတွင်တွေ့ကြရတော့မည်။ ၎င်းတို့၏ဘုန်းအသရေများပျောက်လွင့်ကာ လေတိုက်ရာသို့လွင့်ပါ

သွားသည့် ဖုန်မှုန့်ကလေးများနှယ် နေရာအနှံ့သို့ပျံ့လွင့်ကုန်ခဲ့ကြပါသည်။ မည်သည့်အရာက ယုဒလူများအားဖျက်ဆီးခဲ့ပါသနည်း၊ ထိုကျောက်မြတ်သည် ၎င်းတို့၏လုံခြုံရာဖြစ်ပါသည်။ မထီမဲ့မြင်အပြုခံခဲ့ရသောအရာမှာ ဘုရားသခင်၏ကောင်းမြတ်ခြင်းဖြစ်ပါသည်။ မလေးမစားအပြုခံခဲ့ရသောအရာမှာ ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားဖြစ်ပြီး အထင်သေးခြင်းခံခဲ့ရသောအရာမှာ ကိုယ်တော်၏ကရုဏာတော်ဖြစ်ပါသည်။ လူသားများသည် မိမိတို့ဘာသာ ဘုရားသခင်နှင့်ဆန့်ကျင်လျက်ရပ်တည်ခဲ့ကြသဖြင့် ၎င်းတို့အတွက် ကယ်တင်ခြင်းဖြစ်စေသောအရာအားလုံးသည် ပျက်စီးရာပျက်စီးကြောင်းများအဖြစ်သို့ ပြောင်းလဲသွားခဲ့ပါသည်။ ယုဒလူများကခရစ်တော်အား ကပ်တိုင်တင်ခြင်းသည် ယေရုရှလင်မြို့ပျက်စီးခြင်းနှင့်ပတ်သက်နေပါသည်။ ကရာနီကုန်းထက်ဝယ် သွန်းလောင်းတော်မူခဲ့သောအသွေးတော်သည် ဤလောကအသက်တာတွင် သာမက တမလွန်ဘဝအတွက်ပါ ဆုံးရှုံးဖို့ရန်နစ်မြုပ်စေသည့်တာဝန်တစ်ခုဖြစ်ပါသည်။ ဘုရားသခင်၏ကရုဏာတော်ကို ငြင်းပယ်သောသူများအား တရားစီရင်မည့်နောက်ဆုံးသောနေ့ရက်ကြီးတွင်လည်း ထိုနည်းနှင်နှင်ဖြစ်ပျက်ပါလိမ့်မည်။ ၎င်းတို့အတွက် မှားယွင်းစေသောကျောက်တည်းဟူသော ခရစ်တော်သည် လက်တုံ့ပြန်သောတောင်တစ်လုံးကဲ့သို့ သူတို့ရှေ့တွင် ထိုအချိန်၌ပေါ်ထွန်းလာပါလိမ့်မည်။ ကိုယ်တော်၏မျက်နှာတော်သည် ဖြောင့်မတ်သူများအတွက် ဘုန်းရောင်ခြည်တော်ကဲ့သို့ဖြစ်ပြီး ဆိုးယုတ်သောသူများအတွက် လောင်သောမီးကဲ့သို့ဖြစ်ပါလိမ့်မည်။ မေတ္တာတော်ကိုငြင်းပယ်၍ ကျေးဇူးတော်ကိုမထီလေးစားလုပ်ခဲ့ကြသောကြောင့် အပြစ်သားသည် ဖျက်ဆီးခြင်းကိုခံရလိမ့်မည်။

ဘုရားသခင်၏သားတော်ကိုငြင်းပယ်ခြင်းကြောင့် ယုဒလူများခံရမည့်ဆိုးကျိုးများအကြောင်းကို များစွာသောသာဓကများနှင့် အထပ်ထပ်သောသတိပေးစကားများအားဖြင့် သခင်ယေရှုဖော်ပြသွန်သင်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်အား ကယ်တင်ရှင်အဖြစ်လက်ခံရန် ငြင်းဆိုကြမည့်လူသားများအားလုံးကို ထိုသတိပေးစကားများအားဖြင့် ကိုယ်တော်မိန့်မြွက်လျက်ရှိ



ပါသည်။ သတိပေးစကားတိုင်းသည် ထိုသူများအတွက်ဖြစ်ပါသည်။ မလေးမစားပြုခြင်းခံခဲ့ရသည့် ဗိမာန်တော်၊ နားထောင်မှုမရှိသောသားငယ်၊ မှားယွင်းသောဥယျာဉ်စောင့်၊ မထီမဲ့မြင်ပြုတတ်သောတည်ဆောက်သူများတို့၏အကျင့်များကို အပြစ်သားတိုင်း၏အတွေ့အကြုံများတွင်ရှိတတ်ပါသည်။ အကယ်၍ အပြစ်သားတစ်ဦးသည် နောင်တမရခဲ့လျှင် ထိုသူများအပေါ်ကျရောက်ခဲ့သည့် ပြစ်ဒဏ်စီရင်မှုများသည် သူ့အတွက်ဖြစ်သွားပေလိမ့်မည်။

****

# tcef; (66)
# tacstwi;faj;ynopk;jci;f;

မဿဲ ၂၂း၁၅–၄၆။ မာကု ၁၂း၁၃–၄၀။ လုကာ ၂၀း၂၀–၄၇ တို့ကိုအခြေပြုထားပါသည်။

ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ထိရောက်သော ခရစ်တော်၏ဆုံးမစကားများကို ငြိမ်၍နားထောင်နေကြပါသည်။ ကိုယ်တော်၏ အပြစ်တင်မှုများကိုလည်း သူတို့မငြင်းကွယ်ခဲ့ကြချေ။ သို့ရာတွင် ကိုယ်တော်ရှင်အားလှည့်ဖြားသောနည်းဖြင့်ဖမ်းဆီးရန် ပို၍ခိုင်မာစွာဆုံးဖြတ်ချက်ချကာ ထိုရည်ရွယ်ချက်ဖြင့် "ကိုယ်တော်ကိုချောင်းမြောင်းလျက် စကားတော်၌အပြစ်ရှာ၍ မြို့ဝန်မင်းလက်သို့အပ်နှံသောအခွင့်ကိုရခြင်းငှာ သူတော်ကောင်းဖြစ်ယောင်ဆောင်သောသူလျှိုတို့ကို အထံတော်သို့စေလွှတ်ကြ၏။" စေလွှတ်ခဲ့သောသူလျှိုများသည် ခရစ်တော်မကြာခဏတွေ့ဖူးထားသည့် အသက်ကြီးသောဖာရိရှဲများမဟုတ်တော့ဘဲ ဖာရိရှဲမှန်းခရစ်တော်သိတော်မူခြင်းမရှိဟု သူတို့ယူဆသည့်စိတ်ဓာတ်ပြင်းထန်သော လူငယ်ဖာရိရှဲများဖြစ်ကြပါသည်။ ဟေရုဒ်၏တပည့်တော်တချို့သည်လည်း ကိုယ်တော်အားရှုံးတင်စစ်ဆေးမေးမြန်းသောအခါ ဆန့်ကျင်၍သက်သေခံနိုင်ရန်အလို့ငှာ ကိုယ်တော်ပြောသောစကားများကိုကြားနာဖို့ သူတို့နှင့်အတူလိုက်လာခဲ့ကြပါသည်။ ဖာရိရှဲများနှင့် ဟေရုဒ်၏တပည့်များသည် ခါးသီးသောရန်သူများဖြစ်ခဲ့ကြသော်လည်း ယခုအချိန်တွင် ခရစ်တော်ကိုရန်ငြိုးဖွဲ့ခြင်း၌ တစ်လုံးတစ်ဝတည်းဖြစ်နေခဲ့ကြပါသည်။

ဖာရိရှဲများသည် ရောမများတောင်းခံသည့်အခွန်အကောက်များကြောင့် အမြဲတမ်းစိတ်ဆိုးအမျက်ထွက်နေကြသူများဖြစ်ပါသည်။ ထိုအခွန်အကောက်များကိုပေးခြင်းသည် ဘုရားသခင်၏ပညတ်တော်နှင့်ဖီလာဆန့်ကျင်သည်ဟု သူတို့ထင်ခဲ့ကြပါသည်။ ယခုတွင် ခရစ်တော်အားဒုက္ခပေးရန် အကွက်ကောင်း



တွေ့ပြီအထင်ရှိကာ ကိုယ်တော်ထံသို့ချဉ်းကပ်ပြီး မိမိတို့လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ရိုးရိုးသားသားသိလိုသောသဘောမျိုးဖြင့် "အရှင်ဘုရား၊ ကိုယ်တော်သည် သစ္စာရှိပါ၏။ အဘယ်သူကိုမျှမကြောက်၊ လူမျက်နှာကို မထောက်ဘဲ ဘုရားသခင်၏တရားလမ်းကို ဟုတ်မှန်စွာပြတော်မူသည်ကို အကျွန်ုပ်တို့သိကြပါ၏" ဟုဆိုကြ၏။

သူတို့သည် အမှန်တကယ်ရိုးသားမှုရှိသူများဖြစ်ကြပါလျှင် ကိုယ်တော်သည် --- ဟုတ်မှန်စွာပြတော်မူသည်ကို အကျွန်ုပ်တို့သိကြပါ၏ ဟူသောစကားများသည် အံ့သြစရာကောင်းသောဝန်ခံမှုတစ်ရပ်ဖြစ်ခဲ့ပါလိမ့်မည်။ သို့ရာတွင် သူတို့၏သက်သေခံချက်သည် မှန်ကန်ပါသော်လည်း ထိုသက်သေခံချက်ကိုလှည့်ဖြားရန်အတွက်သာ အသုံးပြုပြောဆိုခဲ့ကြပါသည်။ ဖာရိရှဲများသည် ခရစ်တော်ဟုတ်မှန်စွာပြတော်မူကြောင်းကို မသိရှိခဲ့ကြချေ။ သို့သော်လည်း ၎င်းတို့၏သက်သေခံချက်အတိုင်း ၎င်းတို့သည်တရားစီရင်ခံကြရပါလိမ့်မည်။

သခင်ယေရှုအား ဤမေးခွန်းကိုမေးမြန်းခဲ့သူများအနေနှင့် ကိုယ့်ကိုကိုယ်လုံလုံပြီဟုအထင်ရှိနေကြသော်လည်း ကိုယ်တော်သည် ဖွင့်ထားသောစာအုပ်တစ်အုပ်ကိုဖတ်သည့်နှယ် သူတို့၏စိတ်နှလုံးများကိုဖတ်ရှုနေပြီး ၎င်းတို့၏လျှို့ဝှက်မှုများသည် ထင်ရှားပေါ်လွင်လျက်ရှိပါသည်။ သို့ဖြစ်၍ အဘယ်ကြောင့်ငါ့ကိုစုံစမ်းနှောင့်ယှက်ကြသနည်းဟု ကိုယ်တော်မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူခြင်းအားဖြင့် မိမိသည် ၎င်းတို့၏လျှို့ဝှက်သောအကြံအစည်များကို ဖတ်နေကြောင်းဖော်ပြလျက် ၎င်းတို့မတောင်းခံသည့်နိမိတ်လက္ခဏာတစ်ခုကို ပေးတော်မူလျက်ရှိပါသည်။ "အခွန်ငွေတစ်ပြားကိုပြပါ" ဟုမိန့်တော်မူသောအချိန်တွင် သူတို့ပို၍စိတ်ရှုပ်သွားကြပါသည်။ ဒေနာရိတစ်ပြားကို ကိုယ်တော်ထံသို့ယူလာခဲ့ကြသောအခါ "ဤပုံဤလိပ်စာကားအဘယ်သူ၏ပုံအဘယ်သူ၏လိပ်စာဖြစ်သနည်း" ဟုမေးတော်မူလျှင် ကဲသာဘုရင်၏ပုံလိပ်စာဖြစ်ပါသည်ဟုလျှောက်ကြလေ၏။ ထိုအခါ ထိုငွေဒင်္ဂါးပြားကိုညွှန်လျက် "ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်အားဆက်ပေးကြလော့။ ဘုရားသခင်၏ဥစ္စာကိုကား ဘုရားသခင်အားဆက်ပေးကြလော့" ဟုမိန့်တော်မူ၏။

သခင်ယေရှုသည် မိမိတို့၏အမေးကို တစ်နည်းမဟုတ်တစ်နည်းဖြင့် မသွယ်မဝိုက်ဘဲအဖြေပေးလိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ ကဲသာဘုရင်ကိုအခွန်ပေးခြင်းသည် တရားနှင့်မကိုက်ညီဟုကိုယ်တော်ပြောခဲ့လျှင် ပုန်ကန်ထကြွမှုဖြစ်ရန်ဆွပေးမှုဖြင့်ဖမ်းဆီးရန် ရောမအာဏာပိုင်များထံ ကိုယ်တော်အားအပ်နှံကြပါလိမ့်မည်။ သို့ရာတွင် အကယ်၍များအခွန်ဆောင်ခြင်းသည် ပညတ်နှင့်ကိုက်ညီသောလုပ်ဆောင်မှုဖြစ်ကြောင်း ကိုယ်တော်ဖွင့်ဆိုခဲ့လျှင် ဘုရားသခင်၏ပညတ်တော်ကိုဆန့်ကျင်သူအဖြစ်စွပ်စွဲရန် သူတို့ကြံစည်ထားကြပါသည်။ ယခုတွင်မူ သူတို့သည် ဟန့်တားထိုးနှိပ်မှုကိုခံလိုက်ကြရပါသည်။ သူတို့၏အစီအစဉ်များသည် ကစဉ့်ကလျားဖြစ်ကုန်ပါသည်။ ၎င်းတို့၏မေးခွန်းကို အတိုချုံး၍ဖြေဆိုလိုက်သဖြင့် သူတို့သည်ပါးစပ်အဟောင်းသားဖြစ်ခဲ့ကြရပါသည်။

ခရစ်တော်၏တုံ့ပြန်ဖြေဆိုချက်သည် ဝေ့လည်ကြောင်ပတ်ဖြေဆိုခြင်းမျိုးမဟုတ်ဘဲ ပွင့်လင်းသောအဖြေတစ်ခုဖြစ်ပါသည်။ ကိုယ်တော်သည် ကဲသာဘုရင်၏ရုပ်ပုံနှင့်အမည်ရိုက်နှိပ်ထားသော ရောမငွေဒင်္ဂါးတစ်ခုကို လက်တော်တွင်ကိုင်ထားလျက် ၎င်းတို့သည် ရောမအာဏာပိုင်၏အုပ်ချုပ်မှုအောက်တွင် နေထိုင်ကြရသောကြောင့် ဘုရားသခင်၏စေခိုင်းချက်များနှင့်မဆန့်ကျင်သရွေ့ ကာလပတ်လုံး အုပ်ချုပ်သူအစိုးရများကို ထောက်ခံမှုပေးသင့်ကြသည်ဟု ကိုယ်တော်ဖွင့်ဆိုတော်မူခဲ့ပါသည်။ ထိုနိုင်ငံ၏တရားဥပဒေများကို ငြိမ်းချမ်းစွာလိုက်လျှောက်နေစဉ်တွင် သူတို့သည် ဘုရားသခင်ကိုအမြဲတမ်းဦးစားပေးသစ္စာစောင့်သိဖို့သင့်ကြောင်းကိုလည်း ထပ်လောင်းမိန့်တော်မူခဲ့ပါသည်။

"ဘုရားသခင်၏ဥစ္စာကိုကား ဘုရားသခင်အားဆက်ပေးကြလော့" ဟူသော ကယ်တင်ရှင်၏စကားများသည် လျှို့ဝှက်စွာကြံစည်နေကြသော ယုဒလူများအတွက် ပြင်းထန်သောဆုံးမချက်တစ်ရပ်ဖြစ်ပါသည်။ အကယ်၍ သူတို့သည် ဘုရားသခင်အားပြုရမည့်ဝတ်များကို သစ္စာရှိစွာဖြင့်လုပ်ဆောင်ခဲ့ကြမည်ဆိုလျှင် သူတို့၏နိုင်ငံသည် အကွဲကွဲအပြားပြားဖြစ်ပြီး အခြားနိုင်ငံတစ်ခု၏အုပ်ချုပ်မှုကိုခံကြရလိမ့်မည်မဟုတ်ချေ။ မည်သည့်ရောမအလံတစ်ခုမျှ



ယေရုရှလင်မြို့ပေါ်တွင် တလူလူနှင့်လွင့်နေလိမ့်မည်မဟုတ်ချေ။ မည်သည့်ရောမစစ်သားတစ်ဦးမျှ ယေရုရှလင်မြို့၏ဂိတ်များတွင် ကင်းစောင့်နေလိမ့်မည်မဟုတ်ချေ။ မည်သည့်ရောမအရာရှိတစ်ဦးတစ်ယောက်မျှ ယေရုရှလင်မြို့တံတိုင်းအတွင်းတွင် အုပ်ချုပ်ခွင့်ရလိမ့်မည်မဟုတ်ချေ။ သို့သော် ယုဒနိုင်ငံသည် ဘုရားသခင်ထံမှဖောက်ပြန်ခဲ့မှုအတွက် အပြစ်ဒဏ်များကိုခံယူနေခဲ့ရပါသည်။

ထိုဖာရိရှဲများသည် ခရစ်တော်၏အဖြေကိုကြားရလျှင် အံ့သြ၍အထံတော်မှထွက်ခွာသွားကြ၏။ ကိုယ်တော်သည် ၎င်းတို့၏သူတော်ကောင်းယောင်ဆောင်မှုများနှင့် ရဲတင်းမှုများကိုဆုံးမတော်မူ၍ နိုင်ငံတော်အစိုးရအပေါ်မှာသော်လည်းကောင်း၊ ဘုရားသခင်အပေါ်မှာသော်လည်းကောင်း ပြုရမည့်ဝတ်များကို ရှင်းလင်းစွာဖော်ပြသည့်နိယာမတစ်ခုကို ထုတ်ဖော်တော်မူခဲ့ပါသည်။ လူများစွာတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းသော မေးခွန်းတစ်ခု၏အဖြေကိုရသွားကြပြီး ထိုအခါမှစ၍ ထိုနိယာမကို သူတို့စွဲကိုင်ကျင့်သုံးကြရန်ဖြစ်ပါသည်။ လူများစွာတို့သည် မကျေမနပ်ဖြစ်ကာထွက်သွားကြသော်လည်း မေးမြန်းသည့်မေးခွန်းကို အလေးပြုဖြေဆိုထားသည့်နိယာမတစ်ခုကိုဖော်ထုတ်လိုက်သည်ကိုမြင်တွေ့ကာ ခရစ်တော်၏နက်နဲသောဉာဏ်တော်အတွက် သူတို့အံ့သြခဲ့ကြရပါသည်။

ဖာရိရှဲများနောက်ဆုတ်သွားပြီးနောက် မကြာမီတွင်ပင် ဇဒ္ဒုကဲများသည် ပါးနပ်လိမ္မာသောမေးခွန်းများကိုမေးရန် ရောက်ရှိလာခဲ့ကြပါသည်။ ဤအဖွဲ့နှစ်ဖွဲ့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခါးခါးသီးသီးဆန့်ကျင်ခဲ့ကြသူများဖြစ်ကြပါသည်။ ဖာရိရှဲများသည် ရိုးရာဓလေ့များကိုတိတိကျကျလိုက်လျှောက်သူများဖြစ်ပြီး အပေါ်ယံဝိနည်းထုံးဖွဲ့ဥပဒေများကို စိုက်လိုက်မတ်တတ်ကျင့်ဆောင်သူများဖြစ်ကာ ခြေလက်ဆေးကြောခြင်း၊ အစာရှောင်ခြင်း၊ ဆုတောင်းချက်အရှည်ကြီးများကိုအသုံးပြုကာဆုတောင်းခြင်း၊ လူသိရှင်ကြားအလှူအတန်းလုပ်ခြင်းများကို စိတ်အားထက်သန်စွာကျင့်ဆောင်သူများဖြစ်ကြပါသည်။ သို့ရာတွင် ၎င်းတို့သည် လူတို့တီထွင်ထားသည့်ပညတ်များကို သွန်သင်နေ

ခြင်းအားဖြင့် ဘုရားသခင်၏ပညတ်တော်ကိုပယ်နေကြသည်ဟု ခရစ်တော်မိန့်မြွက်ခဲ့ပါသည်။ ဖာရိရှဲများသည် အဖွဲ့အစည်းတစ်ရပ်အနေနှင့်တစ်ယူသန်သူများ၊ သူတော်ကောင်းယောင်ဆောင်သူများဖြစ်ကြသော်လည်း ၎င်းတို့ထဲတွင် ခရစ်တော်၏သွန်သင်ချက်များကိုလက်ခံယုံကြည်ကာ တပည့်တော်ဖြစ်လာကြမည့် စစ်မှန်သောဘုရားတရားရှိသူများလည်းရှိပါသည်။ ဇဒ္ဒုကဲများက ဖာရိရှဲများ၏ရိုးရာဓလေ့များကို ငြင်းပယ်ကြပါသည်။ သူတို့သည် သမ္မာကျမ်းစာမှကျမ်းချက်များစွာတို့ကိုယုံကြည်ကြောင်း၊ ထိုကျမ်းချက်များသည် လုပ်ကိုင်ဆောင်ရွက်မှုများအတွက် စည်းမျဉ်းဥပဒေများဖြစ်သည်ဟုဝန်ခံခဲ့ကြသော်လည်း လက်တွေ့ပိုင်းတွင်မူသူတို့သည် သမ္မာတရား၏သွန်သင်ချက်များကို သံသယရှိသည့်ရုပ်ဝတ္ထုသမားများသာဖြစ်ကြပါသည်။

ကောင်းကင်တမန်များတည်ရှိခြင်းကိုလည်းကောင်း၊ သေလွန်သူများရှင်ပြန်ထမြောက်ခြင်းကိုလည်းကောင်း၊ အကျိုးအပြစ်ကိုဆပ်ပေးခြင်းခံရမည့် တမလွန်ဘဝနှင့်ပတ်သက်သည့်ယုံကြည်ချက်ကိုလည်းကောင်း ဇဒ္ဒုကဲများငြင်းဆိုကြပါသည်။ အထက်ဖော်ပြပါအချက်များတွင် ၎င်းတို့သည် ဖာရိရှဲများနှင့်ယုံကြည်မှုကွဲပြားခြားနားခဲ့ကြပါသည်။ ထိုအဖွဲ့နှစ်ဖွဲ့ကြားတွင် ရှင်ပြန်ထမြောက်ခြင်းအကြောင်းသည် အထူးသဖြင့်ငြင်းခုံစရာယုံကြည်ချက်တစ်ခုဖြစ်ခဲ့ပါသည်။ ဖာရိရှဲများသည် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို စွဲစွဲမြဲမြဲယုံကြည်သူများဖြစ်ကြသော်လည်း တမလွန်ဘဝနှင့်ပတ်သက်သောရှုထောင့်မှာမူ ရှုပ်ထွေးနေကြပါသည်။ သေခြင်းအကြောင်းသည် သူတို့အတွက်လိပ်ပတ်လည်အောင်ရှင်းမပြတတ်သည့် ခက်ခဲနက်နဲမှုတစ်ခုဖြစ်နေပါသည်။ ဇဒ္ဒုကဲတို့၏ငြင်းဆိုမှုကို ကောင်းမွန်စွာရှင်းပြနိုင်စွမ်းမရှိခဲ့ကြသဖြင့် သူတို့နှစ်ဖွဲ့အကြား အမြဲတမ်းစိတ်ဆိုးစရာများဖြစ်ပျက်ခဲ့ရပါသည်။ သူတို့နှစ်ဖွဲ့ဆွေးနွေးကြသည့်အခါတိုင်း စိတ်ဆိုးမာန်ဆိုးငြင်းခုံမှုများဖြင့်သာ အဆုံးသတ်ခဲ့ကြသောကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ပို၍သာစိမ်းကားသွားကြပါတော့သည်။

ဇဒ္ဒုကဲများသည် ဖာရိရှဲများထက်လူအရေအတွက်နည်းပြီး သာမန်လူတန်းစားများအပေါ်တွင် များစွာဩဇာမရှိကြသော်လည်း ၎င်းတို့အထဲမှ



လူအများစုသည် လူချမ်းသာများဖြစ်သဖြင့် စည်းစိမ်ဂုဏ်ရှိန်ရှိသူများဖြစ်ကြပါသည်။ ၎င်းတို့အဖွဲ့ထဲတွင် ယဇ်ပုရောဟိတ်အများစုပါဝင်နေကြပြီး ထိုသူများထဲမှ ယဇ်ပုရောဟိတ်မင်းကြီးကိုရွေးချယ်လေ့ရှိပါသည်။ ထို့ကြောင့် မိမိတို့၏မယုံကြည်သောအတွေးအခေါ်များကို လူသိရှင်ကြားထုတ်ဖော်ပြဋ္ဌာန်းကာ ထင်ထင်ရှားရှားမပြောခဲ့ကြချေ။ ဖာရိရှဲများသည် လူဦးရေများသည့်ပြင် ရေပန်းစားသူများဖြစ်သောကြောင့် ဇဒ္ဒုကဲများသည် ယဇ်ပုရောဟိတ်ရာထူးများကိုရရှိထားစဉ် ၎င်းတို့၏ယုံကြည်ချက်များကိုအပေါ်ယံအားဖြင့်လိုက်လျောကြဖို့လိုအပ်ပါသည်။ သို့ရာတွင် ထိုကဲ့သို့သောရာထူးအတွက် အရည်အချင်းပြည့်မီခြင်းသည် ၎င်းတို့အားအမှားလုပ်ရပ်များကိုလုပ်ဆောင်ရန် ဩဇာလွှမ်းမိုးစေခဲ့ပါသည်။

ဇဒ္ဒုကဲများသည် သခင်ယေရှု၏သွန်သင်ချက်များကို လက်မခံခဲ့ကြချေ။ ကိုယ်တော်သည် ၎င်းတို့၏အသိအမှတ်မပြုသည့် ဝိညာဉ်တစ်ခု၏လှုံ့ဆော်မှုကိုခံရသည့်အတွက်ကြောင့်တစ်ကြောင်း၊ ဘုရားသခင်နှင့်စပ်လျဉ်း၍လည်းကောင်း၊ တမလွန်ဘဝနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြုတော်မူသည့်ကိုယ်တော်၏သွန်သင်ချက်များသည် ၎င်းတို့၏အယူအဆနှင့်ဆန့်ကျင်ဖီလာနေခြင်းကြောင့်တစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တော်အားသူတို့ငြင်းပယ်ခဲ့ကြပါသည်။ ဘုရားသခင်သည် လူသားများထက်မြင့်မြတ်တော်မူကြောင်း သူတို့ယုံကြည်ကြသော်လည်း ဘုရားသခင်၏စိုးမိုးစီစဉ်မှုနှင့် မြင့်မြတ်သောအမြော်အမြင်ရှိခြင်းများသည် လူသားများအားကောင်းမြတ်သောတန်ခိုးသတ္တိကိုကင်းမဲ့စေပြီး ကျွန်တစ်ဦး၏အဆင့်သို့တိုင် ယုတ်ညံ့သွားစေသည်ဟု သူတို့ငြင်းချက်ထုတ်ကြပါသည်။ ဘုရားသခင်သည် လူသားများကိုဖန်ဆင်းပြီးနောက် မည်သူ၏ဩဇာလွှမ်းမိုးမှုမရှိသည့် လွတ်လပ်သောအခြေအနေတွင်ထားရစ်ခဲ့ကြောင်း၊ လူသည်မိမိ၏အသက်တာနှင့်တကွ ကမ္ဘာ့ဖြစ်ရပ်များကို လွတ်လွတ်လပ်လပ်ပုံဖော်နိုင်သူဖြစ်သောကြောင့် ၎င်း၏အနာဂတ်ရေးသည် ၎င်း၏လက်ထဲတွင်သာရှိကြောင်း သူတို့ယုံကြည်လက်ခံကြပါသည်။ လူသားများ၏လုပ်ဆောင်မှုတွင်သော်လည်းကောင်း၊

ပကတိနည်းလမ်းများအားဖြင့်သော်လည်းကောင်း သန့်ရှင်းသောဝိညာဉ်တော် ပါဝင်လုပ်ဆောင်သည်ဆိုသည်ကို သူတို့ငြင်းဆိုခဲ့ကြပါသည်။ သို့စေကာမူ လူသည် မိမိ၏ပင်ကိုတန်ခိုးများကိုအသုံးပြု၍ မြင့်မြတ်လာနိုင်ကြောင်း အသိဉာဏ်များတိုးပွားလာနိုင်ကြောင်းကိုလည်းကောင်း၊ ကျပ်တည်းပြင်းထန်၍ အလွန်ခြိုးခြံသောအကျင့်များအားဖြင့် မိမိ၏အသက်တာကို သန့်စင်စေနိုင်သည်ဟူ၍လည်းကောင်း သူတို့ခံယူခဲ့ကြပါသည်။

ဘုရားသခင်အပေါ်ထားရှိသည့် သူတို့၏သဘောထားအတိုင်း သူတို့၏စာရိတ္တသည်ပုံပေါ်လျက်ရှိပါသည်။ ဘုရားသခင်သည် လူသားများ အရေးကိုစိတ်ဝင်စားမှုမရှိဟု သူတို့ယူဆထားသည့်အတိုင်း သူတို့အချင်းချင်း သည်လည်း တစ်ဦးနှင့်တစ်ဦးဂရုမထားကြချေ။ ဇဒ္ဒုကဲအဖွဲ့၌စည်းလုံးညီညွတ်မှုမရှိပါချေ။ လူသားတို့၏လုပ်ဆောင်မှုတွင်ပါဝင်ပတ်သက်နေသော သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ကိုအသိအမှတ်ပြုရန် သူတို့ငြင်းဆန်ကြသော ကြောင့် သူတို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုမရခဲ့ကြချေ။ သူတို့သည် ကျန်ယုဒလူများကဲ့သို့ အာဗြဟံ၏သားသမီးများအဖြစ် မွေးဖွားခဲ့ရခြင်းနှင့် ပညတ်တော်၏တောင်းဆိုချက်များကို တိတိကျကျလုပ်ဆောင်မှုများအတွက် များစွာကြွားဝါခဲ့ကြသော်လည်း ပညတ်တော်၏စစ်မှန်သောသဘောထား အာဗြဟံတွင်ရှိခဲ့သောယုံကြည်ခြင်းနှင့် ကျေးဇူးပြုတတ်သည့်သဘောများမှာမူ ၎င်းတို့၌လုံးဝမရှိခဲ့ကြချေ။ ၎င်းတို့၏စိတ်တွင်ရှိသော ပကတိကြင်နာသနားမှုသည် အငန်းအတာကျဉ်းမြောင်းလှပါသည်။ အသက်တာတွင်လိုအပ်သောကောင်းချီးမင်္ဂလာများနှင့် နှစ်သိမ့်မှုများကိုကြိုးစားအားထုတ်ကာ လူတိုင်းလူတိုင်းရရှိနိုင်ကြသည်ဟု သူတို့ယုံကြည်ကြသဖြင့် အခြားသူများ၏လိုအပ်ချက်များနှင့်ဒုက္ခဝေဒနာများကို သူတို့ဂရုမစိုက်ကြချေ။ သူတို့သည် မိမိတို့ကိုယ်ကျိုးအတွက်သာ အသက်ရှင်ခဲ့ကြပါသည်။

ခရစ်တော်သည် မိမိ၏နှုတ်တော်ထွက်စကားများနှင့်လုပ်ဆောင်မှုများအားဖြင့် သဘာဝလွန်အကျိုးဆက်များကိုဖြစ်ပေါ်စေသော မြင့်မြတ်သည့်တန်ခိုးတော်တစ်ခုအကြောင်းကိုလည်းကောင်း၊ တမလွန်ဘဝအကြောင်းကိုလည်းကောင်း၊ လူသားများကိုစိတ်ဝင်တစားအမြဲတမ်းစောင့်ကြည့်သော ဖခင်တစ်ဦးနှင့်တူသည့် ဘုရားသခင့်အကြောင်းကိုလည်းကောင်း သက်သေခံခဲ့ပါသည်။ ဇဒ္ဒုကဲများ၏သီးသီးသန့်သန့်နေထိုင်လိုသည့် တစ်ကိုယ်ကောင်းစိတ်ထားများကိုပြစ်တင်ဆုံးမခဲ့သော ကျေးဇူးပြုခြင်း၊ သနားကြင်နာခြင်းနှင့်ပြည့်စုံသည့်တန်ခိုးတော်တစ်ခု၏လုပ်ဆောင်မှုကို ကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။ လူသားများ၏ပစ္စုပ္ပန်ရေးနှင့်ထာဝရရေးရာများအတွက် ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စိတ်နှလုံးကိုလှုပ်ရှားပေးတော်မူကြောင်းကိုလည်း ကိုယ်တော်သွန်သင်တော်မူခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်သာ ပြုပြင်ပြောင်းလဲပေးနိုင်သည့် အကျင့်စာရိတ္တအသစ်ပြုပြင်ပြောင်းလဲရေးတွင် လူအစွမ်းသတ္တိများကိုကိုးစားခြင်းသည် မှားယွင်းသောလုပ်ရပ်တစ်ခုဖြစ်ကြောင်း ကိုယ်တော်ထုတ်ဖော်ခဲ့ပါသည်။

ဇဒ္ဒုကဲများသည် ဤသွန်သင်ချက်ကို အယုံအကြည်မရှိခဲ့ကြချေ။ ခရစ်တော်နှင့်ယခုကဲ့သို့စကားအချေအတင်ပြောကာ ငြင်းခုံရန်ကြိုးစားခြင်းဖြင့် ကိုယ်တော်အားအပြစ်မစီရင်နိုင်ဦးတောင်မှ နာမည်ပျက်အောင်တော့လုပ်နိုင်လိမ့်မည်ဟု သူတို့ယုံကြည်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်အားမေးခွန်းထုတ်ရန် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို သူတို့ရွေးချယ်ခဲ့ကြပါသည်။ ကိုယ်တော်သည် သူတို့နှင့်ယုံကြည်ချက်တူပါလျှင် ဖာရိရှဲများနှင့်ဆက်လက်တိုက်လှန်ရပေဦးမည်။ အကယ်၍ သူတို့၏ယုံကြည်ချက်နှင့်ခြားနားနေပါလျှင် ကိုယ်တော်၏သွန်သင်ချက်ကိုပြက်ရယ်ပြုကြရန် သူတို့ကြံစည်ထားကြပါသည်။

ခန္ဓာကိုယ်သည် သေကျေပျက်စီးနိုင်သောယခုအခြေအနေမျိုးတွင် ပေါင်းစပ်ဖွဲ့စည်းထားသောအရာများကိုအသုံးပြုလျက် မသေနိုင်မပုပ်မပျက်နိုင်သည့်ခန္ဓာကိုယ်ကို ပေါင်းစပ်ဖွဲ့စည်းမည်ဆိုလျှင် ရှင်ပြန်ထမြောက်လာသောအချိန်တွင် လူ၏ခန္ဓာကိုယ်၌အသွေးအသားရှိလိမ့်ဦးမည်။ ဤလောကရှိလုပ်လက်စအရာများကို ထာဝရအသက်တာတွင်ဆက်လက်လုပ်ဆောင်ရလိမ့်ဦးမည်ဟု ဇဒ္ဒုကဲများကဆင်ခြင်ပေးသုံးသပ်ခဲ့ကြပါသည်။ ထိုသို့ဆိုလျှင် လောက၏သံယောဇဉ်နှောင်ဖွဲ့မှုများကို ဆက်လက်ကျင့်သုံးရလိမ့်ဦးမည်။

ခင်ပွန်းနှင့်ဇနီးများပြန်ပေါင်းထုပ်ကြရလိမ့်ဦးမည်။ လက်ထပ်ထိမ်းမြားမှုများ ဆက်လက်လုပ်ဆောင်ကြရလိမ့်ဦးမည်။ မသေမီကကဲ့သို့အရာခပ်သိမ်းတို့သည် ဆက်လက်ဖြစ်ပျက်လိမ့်ဦးမည်ဖြစ်ပြီး ဤဘဝတွင်ကျင့်သုံးခဲ့ကြသည့် စာရိတ္တဖောက်ပြန်မှုများနှင့် ကာမဂုဏ်ခံစားမှုများသည် တမလွန်ဘဝတွင် ထာဝရကျင့်သုံးသွားကြလိမ့်ဦးမည်ဟု သူတို့မှတ်ယူခဲ့ကြပါသည်။

သခင်ယေရှုသည် ၎င်းတို့၏အမေးကိုပြန်လည်ဖြေဆိုခြင်းအားဖြင့် တမလွန်ဘဝအကြောင်းကို ထင်ရှားစွာဖော်ပြတော်မူခဲ့ပါသည်။ "ထမြောက်ရာကာလ၌စုံဖက်ခြင်းကိုမပြု၊ ထိမ်းမြားပေးစားခြင်းကိုမပြု ကောင်းကင်သားဘုရားသခင်၏တမန်တော်ကဲ့သို့ဖြစ်ကြ၏။" "သင်တို့သည် ကျမ်းစာကိုနားမလည်၊ ဘုရားသခင်၏တန်ခိုးတော်ကိုမသိသောကြောင့် မှားသောအယူကိုယူကြ၏" ဟူ၍ ဇဒ္ဒုကဲများ၏မှားယွင်းသောယုံကြည်ချက်များနှင့် မမှန်ကန်သောယူဆချက်များကို ကိုယ်တော်ထုတ်ဖော်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဖာရိရှဲများအား လျှို့ဝှက်သောသူများဟုစွပ်စွဲတော်မမူခဲ့သော်လည်း ၎င်းတို့၏မှားယွင်းသောယုံကြည်ချက်များအတွက် ဇဒ္ဒုကဲများကိုအပြစ်တင်တော်မူခဲ့ပါသည်။

ဇဒ္ဒုကဲများသည် မိမိကိုယ်ကို သမ္မာကျမ်းစာ၏သွန်သင်ချက်များအတိုင်း တိတိကျကျအလိုက်လျှောက်ဆုံးသူများဖြစ်သည်ဟု ကြွားဝါနေကြသော်လည်း ၎င်းတို့သည် ကျမ်းစာ၏အနက်ကိုမသိကြသေးဟု ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။ သမ္မာကျမ်းစာနှင့်ပတ်သက်သော အသိပညာများသည် စိတ်နှလုံးတွင်သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးမှုအားဖြင့်သာ သိသာထင်ရှားစေနိုင်ပါသည်။ သမ္မာကျမ်းစာနှင့်ဘုရားသခင်၏တန်ခိုးတော်ကိုမသိနားမလည်ခြင်းသည် ယုံကြည်ခြင်းတွင်စိတ်ရှုပ်ထွေးခြင်းနှင့် စိတ်၏မှောင်မိုက်ကျမှုများအတွက် အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ကိုယ်တော်ရှင်မိန့်ဆိုတော်မူပါသည်။ သူတို့သည် ဘုရားသခင်၏နက်နဲမှုများကို မိမိတို့၏မပြောပလောက်သောဆင်ခြင်တုံတရားကိုအသုံးပြုကာ သိရှိရန်ကြိုးစားနေကြပါသည်။ ၎င်းတို့၏တတ်သိနားလည်မှုများကို ပိုမိုကျယ်ပြန့်စေသည့်သန့်ရှင်း



သောသမ္မာတရားများအားနားလည်ရန် စိတ်နှလုံးများကိုဖွင့်ပေးဖို့ ကိုယ်တော်ရှင်တောင်းဆိုတော်မူပါသည်။ ထောင်ပေါင်းများစွာသောသူများသည် ဘုရားသခင်ကိုမယုံကြည်သူများဖြစ်လာခဲ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏အကန့်အသတ်ရှိသောအသိစိတ်များသည် ဘုရားသခင်၏နက်နဲမှုများကိုနားမလည်နိုင်ကြခြင်းကြောင့်ဖြစ်ပါသည်။ သူတို့သည် ကိုယ်တော်၏ပညာအမြော်အမြင်များတွင်ဖော်ပြထားသည့် အံ့ဖွယ်သောတန်ခိုးတော်အကြောင်းကို ရှင်းပြနိုင်ခြင်းမရှိကြချေ။ ထို့ကြောင့် ထိုကဲ့သို့သောတန်ခိုးတော်၏အထောက်အထားများကို သူတို့အနည်းငယ်သိရှိနားလည်ထားသည့် သဘာဝတရား၏အစွမ်းသတ္တိများကြောင့်ဖြစ်ပေါ်လာသည်ဟု ယိုးမယ်ဖွဲ့ကာ ထိုတန်ခိုးတော်ကိုငြင်းပယ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် တည်ရှိနေသောနက်နဲမှုများကို သိရှိနားလည်ရန်တစ်ခုတည်းသောသော့ချက်မှာ ထိုအရာများထဲတွင်ဘုရားသခင်ရှိတော်မူကြောင်းကို အသိအမှတ်ပြုရန်ဖြစ်ပါသည်။ ဘုရားသခင်အား အရာခပ်သိမ်းကိုအမိန့်ပေးပိုင်ခွင့်နှင့် စီရင်ပိုင်ခွင့်ရှိသောစကြဝဠာ၏ဖန်ဆင်းရှင်တစ်ပါးဖြစ်ကြောင်း အသိအမှတ်ပြုရန်လိုအပ်ပါသည်။ သူတို့သည် ကိုယ်တော်၏ဂုဏ်တော်နှင့်တန်ခိုးတော်၏နက်နဲမှုများကို ပို၍ကျယ်ပြန့်စွာသိရှိရန်လည်းလိုအပ်ပါသည်။

သေသောသူများသည် ရှင်ပြန်ထမြောက်ခြင်းမရှိကြလျှင် ၎င်းတို့၏ယုံကြည်ပါသည်ဟု ဝန်ခံထားသောသမ္မာကျမ်းစာသည် အသုံးမရဖြစ်သွားလိမ့်မည်ဟု တရားနာပရိသတ်အား ခရစ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။ ထိုနောက် ဆက်လက်၍ "ထိုမှတစ်ပါး သေလွန်သောသူတို့သည် ထမြောက်ခြင်းအရာမှာ ဘုရားသခင်က ငါသည်အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟု သင်တို့အားမိန့်မြွက်တော်မူကြောင်းကို သင်တို့သည်မဖတ်ဖူးသလော။ ဘုရားသခင်သည် သေနေသောသူတို့၏ဘုရားမဟုတ်၊ အသက်ရှင်သောသူတို့၏ဘုရားဖြစ်တော်မူသည်" ဟုမိန့်တော်မူ၏။ ဘုရားသခင်သည် အရာခပ်သိမ်းကိုသူတို့ထင်မှတ်သကဲ့သို့မှတ်ယူတော်မမူချေ။ ကိုယ်တော်သည်အစမှအဆုံးအထိ တွေ့မြင်တော်မူပြီး အမှုတော်၏အကျိုး

ဆက်ကိုလည်း ယခုပင်ပြီးမြောက်ခဲ့သကဲ့သို့ ရှုမြင်တော်မူပါသည်။ အာဒံမှသည်နောက်ဆုံးသေဆုံးမည့်သူတော်စင်တိုင်အောင် အဖိုးထိုက်တန်လှသော သေဆုံးလျက်ရှိသူအပေါင်းတို့သည် သားတော်၏အသံကိုကြားရလိမ့်မည်။ ထိုနောက် သင်္ချိုင်းတွင်းမှထမြောက်ကြကာ မသေဆုံးနိုင်သောဘဝသို့ဝင်စားကြလိမ့်မည်။ ဘုရားသခင်သည် သူတို့၏ဘုရားသခင်ဖြစ်တော်မူလိမ့်မည်။ သူတို့သည်လည်း ကိုယ်တော်၏သားသမီးများဖြစ်ကြလိမ့်မည်။ ဘုရားသခင်နှင့်ထမြောက်သောသူတော်စင်များအကြား ရင်းနှီးသောဆက်ဆံမှုများရှိလိမ့်မည်။ ကိုယ်တော်ရှင်ကြံရွယ်မျှော်လင့်ထားသည့် ဤအခြေအနေသည် ဖြစ်ပျက်လျက်ရှိသကဲ့သို့ ကိုယ်တော်မြင်တွေ့နေရပါသည်။ သေလွန်သူများသည် ကိုယ်တော်ရှင်၌အသက်ရှင်ကြပါလိမ့်မည်။

ခရစ်တော်မိန့်တော်မူသောထိုစကားများကြောင့် ဇဒ္ဒုကဲများသည် တိတ်ဆိတ်သွားပါသည်။ သူတို့သည် ကိုယ်တော်ကိုမချေပနိုင်ကြချေ။ ကိုယ်တော်အားအပြစ်စီရင်နိုင်ရန် အခွင့်သာစေမည့်စကားလေးတစ်လုံးတစ်ပါဒကိုမျှ မပြောနိုင်ခဲ့ကြချေ။ ဇဒ္ဒုကဲများသည် ပရိသတ်၏အထင်သေးခြင်းမှတစ်ပါး မည်သည့်အရာကိုမျှမရရှိခဲ့ကြချေ။

မည်သို့ပင်ဖြစ်စေ၊ ဖာရိရှဲများအနေနှင့် အပြစ်တင်ခွင့်ရစေမည့်စကားများကိုယေရှုရှင်ပြောလာအောင် လက်မလျှော့ဘဲဆက်လက်ဆွပေးခဲ့ကြပါသည်။ ပညတ်တော်ဆယ်ပါးတွင် မည်သည့်ပညတ်သည် အမြတ်ဆုံးဖြစ်သနည်းဟူသောမေးခွန်းကို တချို့ကျမ်းပြုဆရာများက ယေရှုရှင်အားမေးလာအောင် သူတို့လှုံ့ဆော်ပေးနိုင်ခဲ့ကြပါသည်။

ဖာရိရှဲများသည် ဖန်ဆင်းရှင်အတွက်လူသားများပြုရမည့်ဝတ်များကို ဖော်ပြထားသော ပညတ်တော်ဆယ်ပါးမှပထမလေးပါးကို လူသားအချင်းချင်းအပေါ်ပြုရန်ဝတ်များအားဖော်ပြထားသည့် ဒုတိယခြောက်ပါးထက်ပို၍အရေးပါသည်ဟုထင်ကာ အလေးထားခဲ့ကြပါသည်။ ထို့ကြောင့် သူတို့၌လက်တွေ့ကျသောဘုရားတရားရှိမှုတွင် များစွာချွတ်ယွင်းခဲ့ကြပါသည်။ အပင်သည် ၎င်း၏အသီးအားဖြင့် မည်သည့်အမျိုးအစားဖြစ်သည်ကိုသိရှိနိုင်ကြောင်း





ကိုယ်တော်ဖွင့်ဆိုလျက် ၎င်းတို့၏ချို့တဲ့မှုများကိုဖော်ပြကာ ကောင်းသောအကျင့်တို့ကိုကျင့်ဆောင်ရန်လိုအပ်ကြောင်း ကိုယ်တော်သွန်သင်တော်မူခဲ့၏။ ထိုသို့မိန့်တော်မူသဖြင့် ကိုယ်တော်အားပညတ်တော်ဆယ်ပါးမှ ဒုတိယခြောက်ပါးကို ပထမလေးပါးထက်အလေးပေးသည်ဟုဆိုကာ အပြစ်တင်ခဲ့ကြပါသည်။

ကျမ်းပြုဆရာတစ်ဦးသည် ခရစ်တော်ထံသို့တိုက်ရိုက်ချဉ်းကပ်လာကာ "ပညတ္တိကျမ်း၌အဘယ်မည်သောပညတ်သည် သာ၍ကြီးသနည်းဟုမေးလျှောက်သော် ယေရှုက၊ ပညတ်တကာတို့တွင် အမြတ်ဆုံးပညတ်ဟူမူကား၊ အိုဣသရေလအမျိုးနားထောင်လော့၊ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသောထာဝရဘုရားဖြစ်တော်မူ၏။ ထာဝရဘုရားသည် တစ်ပါးတည်းဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှ၊ အစွမ်းရှိသမျှနှင့်ချစ်လော့။ ဤပညတ်သည် ပထမပညတ်ဖြစ်၏။ ထိုမှတစ်ပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပထမပညတ်နှင့်သဘောချင်းတူ၏။ ဤပညတ်တို့ထက်သာ၍ကြီးမြတ်သောပညတ်မရှိ။" "ဤပညတ်နှစ်ပါးတို့ကားပညတ္တိကျမ်းတို့နှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏အချုပ်အခြာပင်ဖြစ်သတည်း" ဟု မိန့်တော်မူ၏။

ပညတ်တော်ဆယ်ပါး၏ပထမလေးပါးကို "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့်ချစ်လော့" ဟူ၍ကြီးမြတ်သောပညတ်တစ်ပါးအဖြစ် ချုံး၍ဖွင့်ဆိုလိုက်ပြီး ဒုတိယခြောက်ပါးကို "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဟူ၍ဖွင့်ဆိုလိုက်ပါသည်။ ဤပညတ်နှစ်ပါးစလုံးသည် မေတ္တာ၏နိယာမကိုဖွင့်ဆိုမှုတစ်ရပ်သာဖြစ်ပါသည်။ ဒုတိယပညတ်ခြောက်ပါးကိုကျူးလွန်နေစဉ်တွင် ပထမပညတ်လေးပါးကို မစောင့်ရှောက်နိုင်သကဲ့သို့ ပထမပညတ်လေးပါးကိုကျူးလွန်နေစဉ်တွင်လည်း ဒုတိယပညတ်ခြောက်ပါးကို စောင့်ရှောက်နိုင်ခြင်းမရှိချေ။ ဘုရားသခင်သည် မိမိအတွက်နေရာမှန်ဖြစ်သော ကျွန်ုပ်တို့၏နှလုံးသားပလ္လင်ထက်ဝယ် စိုးစံတော်မူသောအချိန်တွင် ကိုယ်နှင့်စပ်ဆိုင်သောသူများကို ၎င်းတို့၏နေရာမှန်၌ ကျွန်ုပ်တို့ထားနိုင်ကြလိမ့်မည်ဖြစ်ပါသည်။ ထိုအချိန်တွင်

၎င်းတို့အား ကိုယ်နှင့်အမျှချစ်တတ်လာကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် ထာဝရဘုရားကို အမွန်မြတ်ထား၍ချစ်တတ်လာသောအချိန်၌သာ ကိုယ်နှင့်စပ်ဆိုင်သောသူများကိုဘက်မလိုက်ဘဲ ချစ်နိုင်လာကြပါလိမ့်မည်။

ပညတ်တော်ဆယ်ပါးကိုအကျဉ်းချုံးလိုက်လျှင် ဘုရားကိုချစ်ခြင်းနှင့်လူကိုချစ်ခြင်းဖြစ်သောကြောင့် ဤနိယာမကိုမချိုးဖောက်ဘဲ မည်သည့်ပညတ်တစ်ခုခုကိုမျှ လွန်ကျူးခြင်းမရှိပါချေ။ ဘုရားသခင်၏ပညတ်တော်သည် တစ်လုံးတစ်ဝတည်းရှိကြောင်း၊ အချို့ပညတ်ချက်များသည် ဂရုမထားလျှင်လည်း ဘာအပြစ်မှမဖြစ်နိုင်လောက်အောင် အရေးမပါသည့်အခြေတွင်ရှိကြသော်လည်း ပညတ်တော်ဆယ်ပါးမှာမူ တစ်ခုနှင့်တစ်ခုအဆင့်အတန်းကွဲပြားခြားနားမှုမရှိကြောင်းကို ဤသို့သောနည်းအားဖြင့် ခရစ်တော်သွန်သင်ခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးမှ ပထမလေးပါးနှင့်ဒုတိယခြောက်ပါးတို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြောင်းကို ကိုယ်တော်တင်ဆက်တော်မူခဲ့ပါသည်။ ဘုရားသခင်ကိုချစ်ကြောင်းကို ကိုယ်တော်၏ပညတ်တော်အားလုံးအားလိုက်နာစောင့်ရှောက်ခြင်းအားဖြင့် ထင်ရှားစေရမည်ဖြစ်ကြောင်းကိုလည်း သွန်သင်တော်မူပါသည်။

ခရစ်တော်ကိုမေးခွန်းထုတ်ခဲ့သောကျမ်းပြုဆရာသည် ပညတ်တော်ကိုသင်အံလေ့လာထားပြီး တီးမိခေါက်မိရှိသူတစ်ဦးဖြစ်သဖြင့် ကိုယ်တော်၏စကားကိုကြားရသောအခါ အံ့အားသင့်သွားခဲ့ပါသည်။ ကိုယ်တော်သည် သမ္မာကျမ်းပညာကို ဤမျှလောက်နက်နက်နဲနဲ ကျေကျေညက်ညက်နားလည်လိမ့်မည်ဟု သူမမျှော်လင့်မိခဲ့ချေ။ သူသည် သန့်ရှင်းသောပညတ်တော်ကိုအခြေခံထားသည့်နိယာမများ၏ကျယ်ပြန့်သောရှုထောင့်ကိုကြားနာသိရှိခဲ့ရသောကြောင့် ခရစ်တော်သည် ပညတ်တော်အကြောင်းကိုမှန်ကန်စွာအနက်ဖွင့်တော်မူခဲ့ကြောင်း စုရုံးနေကြသည့်ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများရှေ့တွင် ရိုးသားစွာဖြင့်အသိအမှတ်ပြုကာ "အရှင်ဘုရား၊ အကယ်စင်စစ်ကိုယ်တော်သည် လျောက်ပတ်စွာမိန့်တော်မူပြီ၊ ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်မှတစ်ပါးအခြားဘုရားသခင်မရှိ၊ ထိုဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှအစွမ်းရှိသမျှနှင့်ချစ်ခြင်း၊ ကိုယ်နှင့်စပ်ဆိုင်



သောသူကိုလည်း ကိုယ်နှင့်အမျှချစ်ခြင်းအကျင့်သည် မီးရှို့သောယဇ်ကောင်မှစ၍ ယဇ်အမျိုးမျိုးတို့ကိုပူဇော်ခြင်းအကျင့်ထက် သာ၍မြတ်ပါသည်ဟု လျှောက်လေ၏။"

ခရစ်တော်၏ကျွမ်းကျင်လိမ္မာစွာဖြေဆိုမှုကြောင့် ထိုကျမ်းပြုဆရာသည် အမှန်တရားကိုသိသွားခဲ့ပါသည်။ ယုဒဘာသာတရားတွင် အမှန်တကယ်ဘုရားတရားရှိမှုမပါရှိဘဲ အပြင်ပန်းဝိနည်းထုံးဖွဲ့ဆိုင်ရာအကျင့်များဖြင့်သာဖွဲ့စည်းထားပါသည်။ ဝိနည်းထုံးဖွဲ့ဆိုင်ရာပူဇော်သကာများ၏အရေးမပါခြင်းနှင့် အပြစ်၏အခအတွက်ယုံကြည်ခြင်းကင်းမဲ့စွာဖြင့် သွန်းလောင်းခဲ့သောအသွေးများ၏ထိရောက်မှုမရှိခြင်းတို့ကို သူခံစားခဲ့ရပါသည်။ ထာဝရဘုရားကိုချစ်ခင်နားထောင်ခြင်းနှင့် လူသားများအပေါ်အတ္တမဆန်သောသဘောတရားများသည် သူ့အတွက်ဝိနည်းထုံးဖွဲ့ဆိုင်ရာကျင့်ဆောင်မှုများထက် တန်ဖိုးရှိသယောင်ဖြစ်လာပါသည်။ ခရစ်တော်၏ကျိုးကြောင်းပြအမှားပြင်ပေးခြင်းကိုဆောလျင်စွာအသိအမှတ်ပြုတတ်သည့် ထိုသူ၏စိတ်သဘောထားနှင့် လူအများရှေ့တွင်ခိုင်မာသောတုံ့ပြန်ချက်ကို ချက်ချင်းဖော်ပြတတ်သည့် ၎င်း၏စိတ်ထားများသည် ထိုယဇ်ပုရောဟိတ်များ၊ ဖာရိရှဲများတို့၏စိတ်နေသဘောထားနှင့်လုံးဝကွဲပြားခြားနားကြောင်း ထင်ရှားပေါ်လွင်နေပါသည်။ စိတ်နှလုံးမှပွင့်ထွက်လာသောအမှန်တရားကို ဖွင့်ဟလိုက်ခြင်းကြောင့်ဖြစ်ပေါ်လာမည့်ယဇ်ပုရောဟိတ်များ၏မျက်မုန်းကျိုးခြင်းနှင့် ယုဒလူအကြီးအကဲများ၏ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဝံ့သောထိုကျမ်းပြုဆရာများကို ယေရှုရှင်ကြင်နာသနားတော်မူပါသည်။ "ထိုသို့ပညတ်သတိနှင့်ပြန်လျှောက်သည်ကိုယေရှုသည်သိမြင်လျှင် သင်သည်ဘုရားသခင်၏နိုင်ငံတော်နှင့်မဝေးဟုမိန့်တော်မူ၏။"

ထိုကျမ်းပြုဆရာသည် ဘုရားသခင်၏နိုင်ငံတော်နှင့်မဝေးရခြင်းမှာ သူသည်မီးရှို့ရာယဇ်မှစ၍ ယဇ်အမျိုးမျိုးတို့ကိုပူဇော်ခြင်းထက် ဖြောင့်မတ်ခြင်းအကျင့်ကို ပို၍ဘုရားသခင်လက်ခံတော်မူကြောင်းကို အသိအမှတ်ပြုခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ခရစ်တော်ကိုယုံကြည်ကိုးစားခြင်းအား

ဖြင့် ဖြောင့်မတ်ခြင်းပါရမီဆိုင်ရာအကျင့်ဆောင်နိုင်ရန် တန်ခိုးတော်ကိုရရှိနိုင်ကြောင်းနှင့် ကိုယ်တော်၏မြင့်မြတ်သောစာရိတ္တတော်အကြောင်းကို သူ အသိအမှတ်ပြုဖို့လိုအပ်နေပါသေးသည်။ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့် ဆက်နွယ်မှုမရှိလျှင် ဝတ်ပြုကိုးကွယ်မှုများသည် မည်သို့မျှအကျိုးမပြုနိုင်ပါချေ။ ပညတ်တော်ဆယ်ပါးကိုစောင့်ရှောက်ခြင်းသည်ပင်လျှင် ပညတ်တော်နှင့်ခရစ်တော်အကြားဆက်စပ်မှုများကိုနားမလည်ပါလျှင် ပညတ်တော်၏ကြံရွယ်ချက်များကို အထမြောက်အောင်မြင်မှုရှိလိမ့်မည်မဟုတ်ချေ။ အဖဘုရားသခင်၏ပညတ်တော်၌ ယုံကြည်အားကိုးထိုက်သောအမိန့်ပေးစကားများထက် လေးနက်သောအရာများပါဝင်နေကြောင်း ခရစ်တော်ထပ်ခါတလဲလဲ ဖော်ပြတော်မူခဲ့ပါသည်။ ထိုပညတ်တော်ထဲတွင် ဧဝံဂေလိတရားတော်၌ဖော်ပြထားသည့်နိယာမကိုပင် ရုပ်လုံးဖော်ထားပါသည်။ ပညတ်တော်သည် လူသားများလုပ်ဆောင်ရမည့်တာဝန်ကိုထောက်ပြကာ ဒုစရိုက်အပြစ်ကိုဖော်ပြထားပါသည်။ လူသည်အပြစ်ခွင့်လွှတ်ခြင်းကိုရရှိရန်နှင့် ပညတ်တော်ကပြဋ္ဌာန်းသောအရာများအား ကျင့်ဆောင်နိုင်ရန်တန်ခိုးကို ခရစ်တော်ထံတွင်တောင်းခံရပါသည်။

ခရစ်တော်သည် ထိုကျမ်းပြုဆရာ၏အမေးကိုဖြေဆိုတော်မူစဉ်တွင် ဖာရိရှဲများသည် ကိုယ်တော်အနားသို့ချဉ်းကပ်လာကြပါသည်။ ကိုယ်တော်သည် သူတို့ဘက်သို့လှည့်တော်မူလျက် "သင်တို့သည် ခရစ်တော်ကိုအဘယ်သို့ထင်မှတ်ကြသနည်း၊ အဘယ်သူ၏သားဖြစ်သနည်း" ဟုမေးတော်မူ၏။ မိမိအားမေရှိယအဖြစ်လက်ခံခြင်းရှိမရှိထင်ရှားစေရန် စမ်းသပ်မှုတစ်ရပ်အနေဖြင့် ထိုမေးခွန်းကိုကိုယ်တော်မေးလိုက်ခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ညီညာသောအသံဖြင့် ဒါဝိဒ်၏သားဖြစ်သည်ဟုလျှောက်ကြ၏။ ဒါဝိဒ်သားဟူသောဘွဲ့နာမသည် အနာဂတ္တိစကားတွင် မေရှိယကိုခေါ်ဝေါ်သည့်ဘွဲ့နာမတစ်ခုဖြစ်ပါသည်။ သခင်ယေရှုသည် မိမိ၏ဘုရားဇာတိတော်ကိုအသုံးပြု၍ ကြီးကျယ်သောနိမိတ်လက္ခဏာများကို ပြသောအချိန်တွင်သော်လည်းကောင်း၊ လူနာများကိုကုသ၍ လူသေများကိုရှင်ပြန်ထမြောက်စေသောအခါတွင်



သော်လည်းကောင်း လူထုကြီးက ဤသူသည်ဒါဝိဒ်၏သားမဟုတ်လောဟု အချင်းချင်းမေးမြန်းခဲ့ကြပါသည်။ ခါနာန်အမျိုးသမီးတစ်ဦးသည်လည်းကောင်း၊ မျက်မမြင်ဗာတိမဲသည်လည်းကောင်း၊ အခြားသူများစွာတို့သည်လည်းကောင်း ဒါဝိဒ်၏သားတော် အကျွန်ုပ်ကိုကယ်မသနားတော်မူပါဟု ဟစ်ကြွေးခဲ့ဖူးကြပါသည်။ မဿဲ ၁၅း၂၂။ မြည်းကလေးကိုစီး၍ ယေရုရှလင်မြို့ထဲသို့ဝင်လာခဲ့စဉ်ကလည်း ဒါဝိဒ်၏သားတော်အား ဟောရှဏ္ဏာဖြစ်စေသတည်း၊ ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်းဟု ပျော်ရွှင်စွာဟစ်ကြွေးကြိုဆိုခဲ့ကြပါသည်။ မဿဲ ၂၁း၉။ ထိုနေ့၌ဗိမာန်တော်ထဲတွင်ရှိနေကြသော ထိုကလေးငယ်များသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထိုနာမကိုဟစ်ကြွေးခဲ့ကြပါသည်။ သို့သော် ခရစ်တော်အား ဒါဝိဒ်၏သားတော်ဟုခေါ်ဝေါ်ခဲ့ကြသူများထဲမှ အများစုသည် ကိုယ်တော်၏ဘုရားဇာတိတော်ကို အသိအမှတ်မပြုခဲ့ကြချေ။ ဒါဝိဒ်၏သားတော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုလည်း သူတို့နားမလည်ခဲ့ကြချေ။

ခရစ်တော်သည် မိမိအားဒါဝိဒ်၏သားတော်ဟူ၍ ခေါ်ဝေါ်ဟစ်ကြွေးနေသည်ကိုတုံ့ပြန်သည့်အနေဖြင့် သို့ဖြစ်လျှင် ဒါဝိဒ်သည် ခရစ်တော်ကိုသခင်ဟူ၍ ဝိညာဉ်တော်အားဖြင့်အဘယ်ကြောင့်ခေါ်သနည်း၊ ဒါဝိဒ်၏စကားမှာ ထာဝရဘုရားကသင်၏ရန်သူတို့ကိုသင်ခြေတင်ရာ ငါမချမထားမီတိုင်အောင် ငါ့လက်ယာဘက်၌ထိုင်နေလော့ဟု ငါ၏သခင်အားမိန့်တော်မူသည်ဟု ဒါဝိဒ်ဆိုသတည်း။ ထိုသို့ဒါဝိဒ်သည် ခရစ်တော်ကိုသခင်ဟူ၍ခေါ်လျှင် အဘယ်သို့သူ၏သားဖြစ်သနည်းဟု မေးတော်မူသည်ရှိသော် အဘယ်သူမျှစကားတစ်ခွန်းကိုမျှပြန်လျှောက်ခြင်းငှာ မတတ်နိုင်ကြ။ ထိုနေ့မှစ၍ နောက်တစ်ဖန်အဘယ်သူမျှမမေးမလျှောက်ဝံ့ကြ။

****

# tcef; (67)
# zm&d&Sf;Irsm;tay:usa&muf;onfhtr*Fvmrsm;

ရှင်မဿဲခရစ်ဝင် ၂၃။ ရှင်မာကု ၁၂း၄၁–၄၄။ ရှင်လုကာ ၂၀း၄၅–၄၇။ ၂၁း၁–၄ တို့ကိုအခြေပြုထားပါသည်။

ထိုနေ့သည် ဗိမာန်တော်တွင် ခရစ်တော်သွန်သင်ခြင်းပြုခဲ့သည့်နေ့များ၏နောက်ဆုံးသောနေ့ဖြစ်ပါသည်။ ယေရုရှလင်မြို့တွင်စုရုံးရောက်ရှိနေကြသောလူအုပ်ကြီးသည် ကိုယ်တော်ကိုအာရုံစူးစိုက်နေကြပါသည်။ ဗိမာန်တော်တွင်စုရုံးနေကြသောလူအုပ်ကြီးသည် တဖြည်းဖြည်းပြင်းထန်လာသော ထိုအချေအတင်ပြောဆိုနေခြင်းကိုစောင့်ကြည့်နေကြပြီး ကိုယ်တော်ရှင်၏နှုတ်တော်မှထွက်လာသည့်စကားတစ်လုံးတလေကိုမျှ လွတ်မသွားစိမ့်သောငှာ နားစွင့်လျက်ရှိနေကြပါသည်။ ဤကဲ့သို့သောမြင်ကွင်းမျိုးကို တစ်ခါမျှသူတို့မမြင်စဖူးခဲ့ကြချေ။ ထိုဂါလိလဲလူငယ်သည် လောကအဆောင်အယောင်များမပါဘဲ လူထုအလယ်တွင်မတ်တတ်ရပ်နေပြီး ၎င်း၏ပတ်လည်တွင်မူ ဝတ်ကောင်းစားလှများကိုဝတ်ဆင်ထားသည့်ဖာရိရှဲများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏တံဆိပ်များတပ်ဆင်ထားသည့်ဝတ်ရုံများကို ဝတ်ဆင်ထားကြသည့် ယုဒအကြီးအကဲများနှင့်အကိုးအကားပြုရန် စာလိပ်ကြီးများကိုလက်ထဲတွင် ကိုင်ဆောင်ထားကြသည့်ကျမ်းပြုဆရာများသည် ဝန်းရံလျက်ရှိကြပါသည်။ သခင်ယေရှုသည် ဘုရားတစ်ပါး၏သိက္ခာမျိုးဖြင့် ၎င်းတို့ရှေ့မှောက်တွင် တည်ငြိမ်စွာရပ်နေပါသည်။ ကောင်းကင်မှပေးသောတန်ခိုးအာဏာကိုရရှိထားသူတစ်ဦးနှယ် ကိုယ်တော်သည် မိမိအားရန်ရှာသူများအားစူးစိုက်လျက် ရဲဝံ့စွာကြည့်နေတော်မူပါသည်။ ထိုသူများသည် ကိုယ်တော်၏သွန်သင်ချက်များကို မထီမဲ့မြင်ပြုကာငြင်းဆိုခဲ့ကြပြီး ကိုယ်တော်အားလုပ်ကြံရန် ဆန္ဒပြင်းပြနေသူများဖြစ်ကြပါသည်။ သူတို့သည်ကိုယ်တော်အား အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ကြဖူးသော်လည်း ၎င်းတို့၏လှည့်ဖြားလုပ်ကြံမှုများသည် အချည်းနှီးသာ



ဖြစ်ခဲ့ပါသည်။ ကိုယ်တော်သည် ယဇ်ပုရောဟိတ်များ၊ ဖာရိရှဲများ၏မိုက်မဲသောမာနယွင်းမှုများနှင့် ကွဲပြားခြားနားသည့်သန့်စင်မွန်မြတ်သော သမ္မာတရားကိုတင်ဆက်ယင်း၊ စိန်ခေါ်မှုအဖုံဖုံကို ရင်ဆိုင်တော်မူခဲ့ပါသည်။ ဤအကြီးအကဲများရှေ့တွင် ၎င်းတို့၏အခြေအနေမှန်ကိုလည်းကောင်း၊ ၎င်းတို့၏မှားယွင်းသောဒုစရိုက်လုပ်ရပ်များကြောင့် မမိတ်မသုန်ခံစားရမည့်ဆိုးကျိုးများကိုလည်းကောင်း ကိုယ်တော်ပြောပြခဲ့ဖူးပါသည်။ သူတို့အားအမှန်အတိုင်းသတိပေးနိုးဆော်ခဲ့ပြီးသော်လည်း ရည်ရွယ်ချက်တစ်ခုကိုပြည့်မြောက်စေရန် ဆောင်ရွက်စရာအမှုတစ်ခုခု ခရစ်တော်တွင်ကျန်ရှိနေပါသေးသည်။

လူထုကြီးသည် ခရစ်တော်အပေါ်တွင်လည်းကောင်း၊ အမှုတော်မြတ်ကိုလည်းကောင်း တစ်စထက်တစ်စပို၍စိတ်ဝင်စားလာကြပါသည်။ သူတို့သည် ကိုယ်တော်၏သွန်သင်ချက်များကိုကြားနာရသဖြင့် နှစ်ထောင်းအားရရှိကြသော်လည်း အကြီးအကျယ်စိတ်ရှုပ်နေကြပါသည်။ ယဇ်ပုရောဟိတ်များနှင့်ရဗ္ဗိများကို ၎င်းတို့၏အသိပညာကြွယ်ဝမှုများနှင့် ထင်ရှားသောဘုရားတရားရှိမှုများကြောင့် သူတို့လေးစားခဲ့ကြပါသည်။ သာသာရေးကိစ္စအားလုံးတွင် ထိုယဇ်ပုရောဟိတ်ကြီးများခိုင်းသမျှကို သူတို့လုပ်ဆောင်ခဲ့ကြပါသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီးများသည် ယခုအချိန်တွင် ပင်ကိုအစွမ်းသတ္တိနှင့်အသိပညာဘက်တွင် ပို၍ထွန်းတောက်သောဆရာတစ်ဦးဖြစ်သည့်ခရစ်တော်အားအသရေပျက်အောင်ကြိုးစားနေကြကြောင်းကို သူတို့တွေ့မြင်နေကြရပါသည်။ ယဇ်ပုရောဟိတ်များနှင့် ဖာရိရှဲများ၏သုန်မှုန်သောမျက်နှာများတွင် အကြံအိုက်နေသည့်အသွင်နှင့် စိတ်ရှုပ်ထွေးမှုများကို သူတို့မြင်တွေ့နေကြရပါသည်။ ကိုယ်တော်၏သွန်သင်ချက်များသည် ရိုးရိုးရှင်းရှင်းကလေးဖြစ်သော်လည်း ထိုပုဂ္ဂိုလ်ကြီးများက ကိုယ်တော်အားမယုံကြည်ကြသည့်အတွက်ကြောင့် သူတို့အံ့သြခဲ့ကြရပါသည်။ မိမိတို့သည် မည်သည့်လမ်းကိုလိုက်လျှောက်ရမည်ကို ထိုသူများကိုယ်တိုင်မသိရှိကြချေ။ သူတို့သည် မိမိတို့အမြဲတမ်းအကြံတောင်းခဲ့ရသည့် ထိုယဇ်ပုရောဟိတ်ကြီးများ၏လုပ်ကိုင်လှုပ်ရှားမှုများကိုသာ စိုးရိမ်ပူပန်စွာဖြင့်စောင့်ကြည့်ခဲ့ကြပါသည်။

ခရစ်တော်သည် ယုဒလူအကြီးအကဲများကိုသတိပေးရန်နှင့် သွန်သင်မှုကိုလက်ခံဖို့ဆန္ဒရှိနေကြသောလူထုကြီးအားပဲ့ပြင်ရန် ရည်ရွယ်ချက်များဖြင့်ဤပုံပမာကိုမိန့်မြွက်တော်မူခဲ့ပါသည်။ ထိုယုဒလူများသည် မိမိတို့၏ရိုးရာဓလေ့များအပေါ်ရှိသေလေးစားမှုများနှင့် ယိုယွင်းပျက်စီးနေသောယဇ်ပုရောဟိတ်များ၏လုပ်ရပ်များအပေါ် အကြွင်းမဲ့ယုံကြည်နေကြသဖြင့် ကျွန်ဘဝကိုကျရောက်နေကြရပါသည်။ ထို့ကြောင့် သူတို့အားယခုထက်ပို၍ ရှင်းရှင်းလင်းလင်းသွန်သင်ပေးရန်လိုအပ်နေပါသည်။ ခရစ်တော်သည် ၎င်းတို့အားကျွန်ဘဝရောက်စေသည့်အနှောင်အဖွဲ့များကို ဖြတ်တောက်ပစ်ရပါမည်။ ထိုယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲများ၏ဇာတိရုပ်မှန်ကိုလည်း ပို၍ထင်ရှားအောင်ထုတ်ဖော်ပေးရပါမည်။

“ယေရှုသည် တပည့်တော်တို့နှင့်လူအပေါင်းတို့အား ဟောပြောတော်မူသည်ကား၊ ကျမ်းပြုဆရာဖာရိရှဲတို့သည် မောရှေ၏ထိုင်ရာပလ္လင်ပေါ်မှာထိုင်ကြ၏။ ထို့ကြောင့် သူတို့စီရင်ထုံးဖွဲ့သမျှတို့ကို စောင့်ရှောက်၍ပြုကြလော့၊ သူတို့၏အကျင့်အတိုင်းမကျင့်ကြနှင့်။ အကြောင်းမူကား၊ သူတို့သည် စီရင်ထုံးဖွဲ့သော်လည်း ကိုယ်တိုင်မကျင့်ကြ။” မြင့်မြတ်သောတန်ခိုးအာဏာများကို မောရှေအားပေးအပ်တော်မူသကဲ့သို့ ၎င်းတို့အားလည်း ဘုရားသခင်ပေးအပ်ထားသည်ဟု ထိုကျမ်းပြုဆရာများက အခိုင်အမာပြောဆိုခဲ့ကြပါသည်။ သူတို့သည် ပညတ်တော်ကိုအနက်ဖွင့်သူများ၊ လူထုကိုတရားစီရင်သည့်တရားသူကြီးများအဖြစ် မောရှေ၏နေရာတွင်အစားထိုးဆောင်ရွက်ခဲ့ကြပါသည်။ ယုဒလူထုအား မိမိတို့ခိုင်းသည့်အတိုင်းလုပ်ဆောင်၍ မိမိတို့သွန်သင်သည့်အတိုင်းလိုက်နာရန် အတင်းအကျပ်ခိုင်းစေကြပါသည်။ ယုဒလူများသည် ထိုရဗ္ဗိများ၏သွန်သင်ချက်အတိုင်း လိုက်နာလုပ်ဆောင်ကြရန်ဖြစ်သော်လည်း ၎င်းတို့ကျင့်ဆောင်သည့်အတိုင်းမလုပ်ဆောင်ကြရန် ကိုယ်တော်မြစ်တားတော်မူပါသည်။ အကြောင်းမူကား၊ ၎င်းတို့သည် မိမိတို့သွန်သင်သည့်အတိုင်းမကျင့်ဆောင်ကြသောကြောင့်ဖြစ်ပါသည်။

၎င်းပြင် သူတို့၏သွန်သင်ချက်အများစုသည်လည်း ကျမ်းစာတော်မြတ်၏သွန်သင်ချက်များနှင့် ဆန့်ကျင်ဖီလာနေပါသည်။ ထို့ကြောင့် အလွန်



လေး၍ထမ်းခဲသောဝန်တို့ကိုပြင်ဆင်၍ သူတစ်ပါးပခုံးပေါ်မှာတင်တတ်ကြ၏။ မိမိတို့မူကား၊ လက်ဖျားနှင့်မျှမရွေ့လိုကြဟု ယေရှုရှင်မိန့်တော်မူ၏။ ဖာရိရှဲများသည် ရိုးရာဓလေ့များအပေါ်တွင်အခြေခံ၍ လူပုဂ္ဂိုလ်တစ်ဦးချင်း၏လွတ်လပ်မှုကို တရားလွန်ကန့်သတ်ချုပ်ထားသည့်အတိုင်း မသိများပြားလှစွာသောစည်းကမ်းဥပဒေများကို ပြဋ္ဌာန်းခဲ့ကြပါသည်။

အချို့စည်းကမ်းဥပဒေများကို သူတို့ကိုယ်တိုင်လျှို့ဝှက်စွာလျစ်လျူရှုထားခဲ့ကြပါသည်။ သို့သော် လူအများကိုလိုက်နာစောင့်ထိန်းရန် သူတို့ပြဋ္ဌာန်းခဲ့ကြပါသည်။ ထိုပြဋ္ဌာန်းချက်များသည် ၎င်းတို့၏လုပ်ဆောင်ချက်များနှင့်ငြိစွန်းလာသောအချိန်တွင် ထိုပြဋ္ဌာန်းချက်များမှ မိမိတို့ကင်းလွတ်ခွင့်ရကြောင်း အတိအလင်းပြောဆိုလာတတ်ကြပါသည်။

သူတို့၏ခိုင်မြဲသောရည်မှန်းချက်မှာ မိမိတို့ဘုရားတရားရှိကြောင်းကို လူအများသိစေရန်ပင်ဖြစ်ပါသည်။ ဤရည်ရွယ်ချက်ကိုဖြည့်ဆည်းနိုင်သည့် သန့်ရှင်းစင်ကြယ်မှုတစ်စုံတစ်ခုမျှ သူတို့၌မရှိချေ။ ပညတ်တော်များနှင့်စပ်လျဉ်း၍ မောရှေအားဘုရားသခင်၏မိန့်တော်မူသည်ကား၊ “ထိုစကားကိုလည်း သင်၏လက်၌လက္ခဏာသက်သေဖို့ရာလည်းကောင်း၊ သင်၏မျက်စိကြားမှသင်းကျစ်ကဲ့သို့လည်းကောင်း ချည်ထားရမည်” ဟူ၍ဖြစ်၏။ တရားဟော ၆း၈။ ဤကျမ်းချက်၌ လေးနက်သောအဓိပ္ပါယ်ရှိပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဆင်ခြင်သုံးသပ်၍ လက်တွေ့ကျင့်သုံးသောအချိန်တွင် လူတစ်ကိုယ်လုံးသည်မြင့်မြတ်လာပါလိမ့်မည်။ လက်များသည်လည်းဖြောင့်မတ်၍ သနားခြင်းကရုဏာနှင့်ပြည့်ဝသောလုပ်ဆောင်မှုများတွင် ဘုရားသခင့်ပညတ်တော်၏စည်းမျဉ်းများကို အမှတ်တံဆိပ်တစ်ခုကဲ့သို့ထုတ်ဖော်လာကြပါလိမ့်မည်။ ထိုလက်များသည် မေတ္တာကရုဏာနှင့်ဆိုင်သောလုပ်ငန်းများတွင် လှုပ်ရှားလုပ်ဆောင်ပါလိမ့်မည်။ မြင့်မြတ်သောရည်မှန်းချက်များကိုရှေးရှုလျက်ရှိသည့် မျက်ဝန်းအစုံတို့သည်လည်း ကြည်လင်တောက်ပနေပါလိမ့်မည်။ အတွင်းစိတ်ကိုဖော်ပြနေသည့်မျက်နှာထားနှင့် စကားပြောနေသောမျက်လုံးများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုမြတ်နိုးလေးစား

သော ထိုသူ၏အပြစ်ကင်းစင်မှုကို သက်သေခံပါလိမ့်မည်။ သို့ရာတွင် ခရစ်တော်အချိန်ကယုဒလူများသည် ဤအရာအားလုံးကိုမသိနားမလည်ခဲ့ကြချေ။ သမ္မာကျမ်းစာမှပညတ်ချက်များကို လူပုဂ္ဂိုလ်တစ်ဦးအပေါ်တွင် ဝတ်ဆင်ထားသင့်သည်ဟူ၍ မောရှေအားပေးတော်မူသည့်အမိန့်တော်ကို တစ်မျိုးအဓိပ္ပါယ်ကောက်ယူခဲ့ကြပါသည်။ ထိုကြောင့်ပညတ်ချက်များကို အဝတ်စများပေါ်မှာရေးသား၍ ထင်ထင်ရှားရှားမြင်သာသောဦးခေါင်းနှင့် လက်ကောက်ဝတ်များတွင်ချည်နှောင်စည်းပတ်ထားတတ်ကြပါသည်။ သို့ရာတွင် ဤအပြုအမူသည် ဘုရားသခင်၏ပညတ်တော်အား စိတ်နှလုံးထဲတွင်အခြေခိုင်မြဲမှုမဖြစ်စေနိုင်ချေ။ ထိုအဝတ်စများကို သူတစ်ပါးစိတ်ဝင်စားလာအောင် တံဆိပ်များအဖြစ်ဝတ်ဆင်ခြင်းမျှသာဖြစ်ပါသည်။ ထိုသို့ဝတ်ဆင်သောသူများသည် ဘုရားတရားရှိသည့်ပုံပန်းမျိုးပေါ်လွင်နေသည်ဟုထင်ရပါသည်။ ခရစ်တော်သည် ထိုကဲ့သို့အချည်းနှီးဟန်ဆောင်မှုမျိုးကို ထိုးနှိပ်သည့်အနေဖြင့်–

"သူတို့သည် ပြုသမျှအကျင့်အမူတို့ကို လူများရှေ့မှာထင်ရှားစေခြင်းငှာပြုကြ၏။ ကျယ်သောလက်ဖွဲ့ကိုလည်းကောင်း၊ ကြီးသောပန်းပွားတို့ကိုလည်းကောင်း ဝတ်လေ့ရှိကြ၏။ ပွဲသဘင်တရားဇရပ်တို့၌ မြင့်မြတ်သောနေရာထိုင်ရာကိုလည်းကောင်း၊ ဈေး၌ရှိသေစွာနှုတ်ဆက်ခြင်းကိုလည်းကောင်း၊ အရှင်ဘုရား၊ အရှင်ဘုရားဟု လူများခေါ်ဝေါ်ခြင်းကိုလည်းကောင်း နှစ်သက်ကြ၏။ သင်တို့မူကား၊ အရှင်ဘုရားဟုခေါ်ဝေါ်ခြင်းကိုမခံကြနှင့်။ ခရစ်တော်တည်းဟူသော သင်တို့ဥပဇ္ဈာယ်ဆရာတစ်ပါးတည်းရှိ၏။ သင်တို့အပေါင်းတို့သည် ညီအစ်ကိုချင်းဖြစ်ကြ၏။ မြေကြီးပေါ်မှာအဘယ်သူကိုမျှအဘဟူ၍ မခေါ်ဝေါ်ကြနှင့်။ ကောင်းကင်ဘုံ၌သင်တို့အဘတစ်ပါးတည်းရှိတော်မူ၏။ ဥပဇ္ဈာယ်ဆရာဟုခေါ်ဝေါ်ခြင်းကိုမခံကြနှင့်။ ခရစ်တော်တည်းဟူသော သင်တို့၏ဥပဇ္ဈာယ်ဆရာတစ်ပါးတည်းရှိ၏" ဟု ခရစ်တော်မိန့်တော်မူ၏။ ဥစ္စာဓနကိုတပ်မက်ပြီး မနာလိုဝန်တိုမှုများနှင့်ပြည့်ဝနေစဉ်မှာပင် ရာထူးနှင့်တန်ခိုးအာဏာများကိုလက်လှမ်းလျက် ဟန်ပြနှိမ့်ချမှုအတုများနှင့်ပြီးသောတစ်ကိုယ်ကောင်းစိတ်များနှင့်ပြည့်လျှံနေသည့် ၎င်းတို့၏သဘောထားများကို



ထိုကဲ့သို့ရှင်းလင်းသောစကားလုံးများအားအသုံးပြုကာ ကိုယ်တော်ဖွင့်ဟတော်မူခဲ့ပါသည်။ ညှော့ခံပွဲများသို့တက်ရန် ဖိတ်ကြားခြင်းခံရသောညှော့သည်တော်များသည် ၎င်းတို့၏ရာထူးအဆင့်အလိုက်ခုံနေရာများကို ထိုင်စေတတ်ပါသည်။ အမြင့်မြတ်ဆုံးသောနေရာတွင် ထိုင်ခွင့်ရသောသူသည် ပထမဦးစားပေးခြင်းနှင့်အထူးဂရုပြုခြင်းကိုခံကြရပါသည်။ ဖာရိရှဲများသည် ဂုဏ်ရှိသောနေရာများကိုထိုင်ခွင့်ရအောင် အမြဲတမ်းကြံစည်ခဲ့ကြပါသည်။ ဤအကျင့်ဆိုးကို ခရစ်တော်ပြစ်တင်ဆုံးမတော်မူခဲ့ပါသည်။

၎င်းပြင် ရဗ္ဗိ (သို့မဟုတ်) အရှင်ဘုရားစသည့်ဘွဲ့နာမများ အခေါ်ခံချင်သောအချည်းနှီးသော ပကာသနကိစ္စများကိုလည်း ကိုယ်တော်ပြစ်တင်တော်မူခဲ့ပါသည်။ ထိုဘွဲ့နာမသည် လူသားများနှင့်မသက်ဆိုင်ဘဲ ခရစ်တော်ပိုင်ဆိုင်သောဘွဲ့နာမဖြစ်ကြောင်း မိန့်တော်မူခဲ့ပါသည်။ အားလုံးသောယဇ်ပုရောဟိတ်များ၊ ကျမ်းပြုဆရာများ၊ ယုဒလူအကြီးအကဲများနှင့်ပညတ်တော်၏အနက်ကိုဖွင့်ဆိုကြသည့်ကျမ်းတတ်ဆရာများသည် တစ်ပါးတည်းရှိတော်မူသော အဖဘုရားသခင်၏သားသမီးများတည်းဟူသော ညီအစ်ကိုများသာဖြစ်ကြပါသည်။ မိမိတို့၏သြတ္တပ္ပစိတ် (သို့မဟုတ်) ယုံကြည်ခြင်းကိုထိန်းချုပ်သည့်အဓိပ္ပါယ်ကိုဖော်ညွှန်းနေသော ဂုဏ်ပြုသည့်ဘွဲ့နာမတစ်ခုကို မည်သည့်လူသားကိုမျှပေးအပ်ဖို့မလိုကြောင်း၊ ထိုသူများအား ခရစ်တော်သိရှိနားလည်စေခဲ့ပါသည်။

ခရစ်တော်သည် ကမ္ဘာလောကတွင် ယနေ့အသက်ရှင်နေထိုင်တော်မူခဲ့ပါလျှင် ကိုယ်တော်၏အနားတွင်ဝိုင်းနေသည့် "ရက်ဗရင့်ထ် (သို့မဟုတ်) ရိုက်ထ်ရက်ဗရင့်" ဟူသောဘွဲ့နာမများကိုခံယူထားသူများအား "သင်တို့မူကား အရှင်ဘုရားဟုခေါ်ဝေါ်ခြင်းကိုမခံကြနှင့်၊ ခရစ်တော်တည်းဟူသော သင်တို့အရှင်ဘုရားတစ်ပါးတည်းရှိ၏" ဟုထပ်လောင်းမိန့်မြွက်တော်မူလိမ့်မည်လား။ ဆာလံကျမ်း ၁၁၁း၉ တွင် ဘုရားသခင်၏နာမတော်နှင့်ပတ်သက်၍ သမ္မာကျမ်းစာကဖွင့်ဆိုထားသည်မှာ "နာမတော်သည်သန့်ရှင်း၏။ ကြောက်ရွံ့ရိုသေဖွယ် (ရက်ဗရင့်ထ်) ဖြစ်၏" ဟူ၍ဖြစ်၏။ ဤဘွဲ့နာမမျိုးကို မည်သည့်လူသားနှင့်ထိုက်တန်ပါသနည်း။ လူသားများသည် ထိုနာမတော်ကဖော်ညွှန်း

နေသည့် ဉာဏ်တော်နှင့်ဖြောင့်မတ်ခြင်းတရားများကို မည်မျှသေးသိမ်စွာဖော်ပြနေကြပါသနည်း။ ထိုနာမတော်ကိုအသုံးပြုနေကြသူများထဲမှ မည်မျှများစွာသောသူများသည် ဘုရားသခင်၏နာမတော်နှင့်ဂုဏ်တော်ကို မှားယွင်းစွာရုပ်လုံးဖော်နေကြပါသနည်း။ လောကဆန်သောရည်မှန်းချက်များ၊ အကန့်အသတ်မရှိသည့်အာဏာတန်ခိုးများနှင့် အယုတ်ညံ့ဆုံးသောအပြစ်များကို ကြီးမြတ်သန့်ရှင်းသောရာထူးတစ်ခုအတွက် ဝတ်ဆင်ထားသည့်လှပစွာရက်လုပ်ထားသောဝတ်ရုံကြီးအောက်တွင် အကြိမ်မည်မျှဝှက်ထားခဲ့ဖူးကြပြီနည်း။ ထိုနောက်ကယ်တင်ရှင်ကဆက်လက်၍–

"သင်တို့တွင်အကြီးဖြစ်သောသူသည် သင်တို့အစေခံဖြစ်ရ၏။ အကြင်သူသည်မိမိကိုယ်ကိုချီးမြှောက်အံ့။ ထိုသူသည် နှိမ့်ချခြင်းသို့ရောက်လတ္တံ့။ အကြင်သူသည် မိမိကိုယ်ကိုနှိမ့်ချအံ့၊ ထိုသူသည် ချီးမြှောက်ခြင်းသို့ရောက်လတ္တံ့" ဟုမိန့်တော်မူ၏။ စစ်မှန်သောကြီးမြတ်ခြင်းကို ကိုယ်ကျင့်တရား၏တန်ဖိုးဖြင့်တိုင်းတာကြောင်းကို ခရစ်တော်သည် ထပ်ခါတလဲလဲမိန့်တော်မူခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်၏အကဲဖြတ်ချက်အရ စာရိတ္တကောင်းမြတ်ခြင်းတွင် ကျွန်ုပ်တို့လုပ်ဖော်ဆောင်ဖက်မိတ်ဆွေသူငယ်ချင်းများ၏သာရေးနာရေးကိစ္စများအတွက် မစကူညီခြင်းနှင့် မေတ္တာကရုဏာနှင့်စပ်ဆိုင်သောလုပ်ဆောင်မှုများတို့ပေါင်းစပ်ပါဝင်နေပါသည်။ ဘုန်းတော်၏ဘုရင်ခရစ်တော်ရှင်သည် အပြစ်တွင်ကျဆုံးနေသော လူသားတစ်ရပ်လုံး၏အစေကျွန်တစ်ဦးဖြစ်ခဲ့ပါသည်။

လျှို့ဝှက်သောကျမ်းပြုဆရာဖာရိရှဲတို့၊ သင်တို့သည်အမင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်၏တံခါးကို လူတို့ရှေ့မှာပိတ်ထား၍ မိမိတို့လည်းမဝင်၊ ဝင်လိုသောသူတို့ကိုလည်းဆီးတားကြ၏။ "ထိုယဇ်ပုရောဟိတ်များနှင့်ကျမ်းပြုဆရာများသည် သမ္မာကျမ်းစာကို အလွဲအမှားပြယ်ကောက်စေခြင်းအားဖြင့် ခရစ်တော်၏နိုင်ငံတော်နှင့်ဆိုင်သောအသိပညာများကို အခြားနည်းများဖြင့်ရရှိထားသူများ၏စိတ်နှလုံးများနှင့် မှန်ကန်သောသန့်ရှင်းခြင်းအတွက် အဓိကကျသောမြင့်မြတ်သည့်အတွင်းအသက်တာများကိုမှောင်မိုက်ကျစေကြပါသည်။



လျှို့ဝှက်သောကျမ်းပြုဆရာဖာရိရှဲတို့၊ သင်တို့သည်အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ မုဆိုးမအိမ်ကိုလုယူသိမ်းထား၍ အပြစ်မပေါ်စေခြင်းငှာရှည်စွာသောပတ္ထနာစကားကိုရွတ်တတ်ကြ၏။ ထို့ကြောင့် သာ၍ကြီးစွာသောဒဏ်ကိုခံကြရလတ္တံ့။" ဖာရိရှဲများသည် လူထုအပေါ်တွင်ဩဇာညောင်းကြပါသည်။ ဤသည်ကိုအခွင့်ကောင်းယူ၍ မိမိတို့၏ကိုယ်ကျိုးအတွက် အမြတ်ထုတ်ခဲ့ကြပါသည်။ သူတို့သည် ဘုရားတရားရှိသောမုဆိုးမများ၏ယုံကြည်မှုကိုခံကြရပါသည်။ ထိုသို့ယုံကြည်မှုရရှိနေသောအချိန်တွင် ဘာသာရေးလုပ်ငန်းများအတွက်အသုံးပြုရန် မိမိတို့ပိုင်ပစ္စည်းများကိုလှူဒါန်းဖို့တာဝန်ရှိသည်ဟုမုဆိုးမများအားသူတို့တိုက်တွန်းလာကြပါသည်။ ၎င်းတို့၏လှူဒါန်းပစ္စည်းများကို လက်ဝယ်ရရှိလာကြသောအခါ ထိုမသမာသူများသည် ထိုဥစ္စာပစ္စည်းများကို မိမိတို့အကျိုးအလို့ငှာ အသုံးပြုခဲ့ကြပါသည်။ မိမိတို့၏မရိုးသားသောလုပ်ဆောင်မှုများကိုဖုံးဖိရန် သူတို့သည်လူပုံအလယ်တွင် အရှည်ကြီးဆုတောင်းတတ်ကြပါသည်။ ဘုရားတရားရှိဟန်ဆောင်တတ်ကြပါသည်။ ထိုကဲ့သို့သူတော်ကောင်းယောင်ဆောင်ခြင်းများသည် သူတို့အားသာ၍ကြီးမားသောဒဏ်ကိုခံစေလိမ့်မည်ဟု ခရစ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။ ထိုမိန့်မြွက်ချက်သည် ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်နေသော ယခုလူသားများအတွက်လည်းအကျုံးဝင်ပါသည်။ သူတို့၏အသက်တာများသည် တစ်ကိုယ်ကောင်းဆန်မှုများ၊ ဥစ္စာခနေတပ်မက်ခြင်းများနှင့်ညစ်စွန်းနေသော်လည်း သန့်စင်သည့်ဟန်ရှိသောအပေါ်ယံဝတ်ရုံဖြင့် ထိုအရာများကိုဖုံးအုပ်ထားခြင်းဖြင့် အခိုက်အတန့်အားဖြင့် မိမိတို့၏အပေါင်းအသင်းရောင်းရင်းများကိုလှည့်စားနိုင်ခဲ့ကြပါသည်။ သို့သော် ဘုရားသခင်ကိုသူတို့မလှည့်ဖြားနိုင်ကြပါချေ။ ကိုယ်တော်သည် စိတ်နှလုံးများတွင်ကြံစည်နေသော အကြံအစည်တိုင်းကိုဖတ်တော်မူ၍ မိမိ၏အကျင့်အတိုင်း ထိုသူကိုတရားစီရင်တော်မူပါလိမ့်မည်။

ခရစ်တော်သည် မတရားမှုများကိုမခြွင်းမချန်ဆုံးမပြစ်တင်တော်မူခဲ့သော်လည်း လူသားများပြုရမည့်ဝတ်ကို ယုတ်ညံ့သေးသိမ်မသွားစေရန်

ဂရုပြုတော်မူပါသည်။ မုဆိုးမထံမှဥစ္စာပစ္စည်းများကို မရမကတောင်းခံကာ အလွဲအသုံးပြုခြင်းများကိုဖြစ်စေသည့် တစ်ကိုယ်ကောင်းစိတ်ကိုပြစ်တင်ဆုံးမနေသည့်တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ဘဏ္ဍာတော်တိုက်တွင် ထည့်ဝင်လှူဒါန်းမှုများအတွက် မုဆိုးမများကိုချီးမွမ်းတော်မူခဲ့ပါသည်။ လှူဒါန်းသည့်လှူဖွယ်ဝတ္ထုများကို လူသားများကအလွဲအသုံးပြုခြင်းကြောင့် ဘုရားသခင်ထံတော်မှ ကောင်းချီးမင်္ဂလာများသည် အလှူရှင်ထံမှ သွေဖည်မသွားနိုင်ပါချေ။

သခင်ယေရှုသည် ဘဏ္ဍာငွေသေတ္တာထားသည့် ဗိမာန်တော်ထဲတွင် ရှိနေတော်မူသဖြင့် အလှူဘဏ္ဍာများကိုလာရောက်ထည့်ဝင်သူများအားကြည့်ရှုတော်မူခဲ့ပါသည်။ များစွာသောသူဌေးသူကြွယ်များသည် အလှူငွေအများကြီးယူဆောင်လာကြကာ လူမြင်ကွင်းတွင်လူသိရှင်ကြားထည့်ဝင်လှူဒါန်းကြပါသည်။ ၎င်းတို့၏ရက်ရောစွာထည့်ဝင်လှူဒါန်းမှုအပေါ် တစ်စုံတစ်ရာဝေဖန်မှုမပြုသော်လည်း သူတို့အားဝမ်းနည်းစွာဖြင့်ကြည့်တော်မူခဲ့ပါသည်။ ထိုစဉ်တွင် အခြားသူများမြင်သွားမှာစိုး၍ သုတ်သီးသုတ်ပျာဖြင့် အလှူငွေသေတ္တာရှိရာသို့ ချဉ်းကပ်လာသောမုဆိုးမတစ်ယောက်ကိုမြင်သောအခါ ကိုယ်တော်၏မျက်နှာတော်သည် တောက်ပလာခဲ့ပါသည်။ သူဌေးသူကြွယ်များသည် အလှူငွေထည့်ရန်ချဉ်းကပ်လာကြသောအခါတွင် သူမသည်ရှေ့သို့မတိုးရဲတော့ဘဲ နောက်သို့ဆုတ်သွားခဲ့ပါသည်။ သို့ရာတွင် မိမိလှူဒါန်းမည့်အလှူငွေသည် နည်းပင်နည်းငြားသော်လည်း မိမိမြတ်နိုးသောအမှုတော်အတွက်ထည့်ဝင်လှူဒါန်းရန် သူမလိုလားတောင့်တခဲ့ပါသည်။ လက်ထဲတွင် အသင့်ပါလာသည့်အလှူငွေကို ပြန်၍သူမကြည့်လိုက်ပါသည်။ အနားတွင် ထည့်ဝင်နေသူများ၏အလှူငွေများနှင့် မနှိုင်းယှဉ်နိုင်အောင်နည်းပါးလှကြောင်း သူမတွေ့ခဲ့ရပါသည်။ သို့ရာတွင် ထိုအလှူငွေသည် သူမ၌ရှိသမျှဘဏ္ဍာအားလုံးဖြစ်ပါသည်။ သူမသည် အခွင့်အရေးရမည့်အချိန်ကိုစောင့်ကြည့်လျက်အခွင့်ရသည်နှင့်တစ်ပြိုင်နက် သူမလက်ထဲတွင်ရှိနေသည့်ကြေးနီဒင်္ဂါးနှစ်ပြားကို အလျင်အမြန်ပစ်ထည့်လိုက်ပါသည်။ ထိုနောက် သုတ်ခြေတင်ကာလှည့်



ထွက်သွားခဲ့ပါသည်။ သို့ရာတွင် ထိုလုပ်ဆောင်မှုသည် ခရစ်တော်၏မျက်စိအစုံကို သူမအားအာရုံစူးစိုက်ကြည့်ရှုစေခဲ့ပါသည်။

ကယ်တင်ရှင်သည် တပည့်တော်များကိုအနားသို့ခေါ်တော်မူ၍ ထိုမုဆိုးမ၏ဆင်းရဲနွမ်းပါးမှုကို အာရုံစိုက်စေတော်မူပြီးနောက် “ငါအမှန်အကန်ဆိုသည်ကား၊ ဘဏ္ဍာတိုက်ထဲသို့သွင်းချသောသူအပေါင်းတို့ထက် ထိုဆင်းရဲသောမုဆိုးမသည် သာ၍သွင်းချခဲ့ပြီ” ဟု ကိုယ်တော်ပြောဆိုခဲ့သော ချီးမွမ်းစကားများသည် သူမနားထဲသို့ဝင်ရောက်သွားခဲ့ပါသည်။ မိမိ၏လုပ်ဆောင်မှုကိုနားလည်သဘောပေါက်ကာ အသိအမှတ်ပြုခြင်းခံခဲ့ရသဖြင့် သူမ၏မျက်လုံးအစုံတွင် ဝမ်းသာမျက်ရည်များဖြင့်ပြည့်နေခဲ့ပါသည်။ ကြွယ်ဝသောယဇ်ပုရောဟိတ်များ၏လက်ထဲသို့ပေးကမ်းလိုက်လျှင် ထိုအရာကလေးသည်ဘဏ္ဍာတိုက်ထဲသို့ယူဆောင်လာကြသည့် အဖိုးတန်လက်ဆောင်ပစ္စည်းများအလယ်တွင် ဘာမျှအရာမရောက်ဘဲပျောက်သွားမည်ဖြစ်သဖြင့် မဖြစ်စလောက်ထိုငွေကလေးကို လိုတာရှိလျှင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားဖို့ မိတ်ဆွေများကသူမအားအကြံပေးခဲ့ကြပါသည်။ သို့ရာတွင် သူမ၏သဘောထားကိုသခင်ယေရှုနားလည်တော်မူပါသည်။ ဗိမာန်တော်၏အမှုတော်လုပ်ငန်းဖြစ်ကြောင်းကို သူမယုံကြည်ထားပါသည်။ ထို့ကြောင့် ထိုလုပ်ငန်းအတွက်တတ်နိုင်သမျှပေးကမ်းလှူဒါန်းခဲ့သော သူမ၏အပြုအမူသည် ခေတ်အဆက်ဆက်တွင်သူမကိုသတိရစေဖို့ မှတ်တိုင်တစ်ခုသဖွယ်ဖြစ်ခဲ့ပြီး သူမအတွက်လည်း ထာဝရပျော်ရွှင်မှုကိုဖြစ်စေခဲ့ပါသည်။ သူမ၏နှလုံးသားသည် သူမပေးခဲ့သောအလှူငွေနှင့်လိုက်ဖက်ညီခဲ့ပါသည်။ ကိုယ်တော်သည် ထိုအရာ၏တန်ဖိုးကို ငွေဒင်္ဂါးတန်ကြေးအားဖြင့်မဟုတ်ဘဲ သူမအား ထိုသို့လုပ်ဆောင်ရန်လှုံ့ဆော်ပေးခဲ့သော ဘုရားသခင်အပေါ်တွင်ထားရှိခဲ့သည့် သူမ၏ချစ်ခြင်းမေတ္တာနှင့် ကိုယ်တော်၏အမှုတော်အပေါ်တွင်ထားရှိသည့် သူမ၏စိတ်ဝင်စားမှုများအားဖြင့် တိုင်းတာခဲ့ပါသည်။

ထိုသူအပေါင်းတို့ထက် ထိုဆင်းရဲသောမုဆိုးမသည် သာ၍သွင်းချခဲ့ပြီဟူ၍ သူမအကြောင်းကို ထိုကဲ့သို့ခရစ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။

လူချမ်းသာများသည် မိမိတို့၏ကြွယ်ဝချမ်းသာမှုများထဲမှနုတ်၍ များစွာသော အလှူငွေများကိုပေးကမ်းခဲ့ကြသဖြင့် လူများတို့၏ဂုဏ်ပြုခြင်းကိုခံခဲ့ကြရပါသည်။ ထိုအလှူငွေများကိုနုတ်ယူလှူဒါန်းလိုက်သည့်အတွက် သူတို့၌ဘာမျှမထိခိုက်ခဲ့ချေ။ မည်သည့်နစ်နာမှုမျှမရှိခဲ့ချေ။ ထိုကြောင့် ဆင်းရဲသူမုဆိုးမထည့်ဝင်လိုက်သောကြေးနီဒင်္ဂါးနှစ်ပြားနှင့်တန်ဖိုးရှိမှုတွင် မယှဉ်သာအောင်ဖြစ်နေပါသည်။

ကျွန်ုပ်တို့၏လုပ်ဆောင်မှုများတွင် အကျင့်စာရိတ္တကိုပေါ်လွင်စေသော ကျွန်ုပ်တို့၏စိတ်နေသဘောထားသည် အရှက်ရခြင်းကိုသော်လည်းကောင်း၊ မြင့်မြတ်သောစာရိတ္တတန်ဖိုးကိုသော်လည်းကောင်း၊ တစ်ခုခုကိုထင်ရှားစေလျက်ရှိပါသည်။ မျက်လုံးအစုံတိုင်းနှင့်မမြင်နိုင်သောနှုတ်ခမ်းတိုင်းနှင့် မချီးမွမ်းနိုင်သောကြီးမြတ်သည့်အရာများကို ဘုရားသခင်သည် အထူးမွန်မြတ်သော အရာအဖြစ် မှတ်ယူတော်မူပါသည်။ နှစ်ထောင်းအားရစွာဖြင့်ထမ်းဆောင်ခဲ့သော သေးငယ်သည့်တာဝန်များ၊ သူတစ်ပါးမသိအောင်လှူဒါန်းခဲ့သော သေးနွားသည့်အလှူအတန်းများနှင့် လူသားများ၏မျက်စိထဲတွင် တန်ဖိုးမရှိဟုထင်ရသောအရာများသည် တစ်ခါတစ်ရံတွင် ဘုရားသခင့်ရှေ့မှောက်တွင် အမြင့်မြတ်ဆုံးသောအရာများဖြစ်နေတတ်ပါသည်။ ယုံကြည်၍ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသောနှလုံးသားတစ်ခုသည် အဖိုးထိုက်တန်ဆုံးသောလက်ဆောင်ပစ္စည်းတစ်ခုထက် ဘုရားသခင်၏ရှေ့တော်တွင်တန်ဖိုးကြီးလှပါသည်။ ဆင်းရဲသူထိုမုဆိုးမသည် အနည်းငယ်သောထိုအလှူငွေကလေးကိုထည့်ဝင်နိုင်ရန် ကြိုးစားလုပ်ဆောင်ခဲ့ရပါသည်။ မြတ်နိုးသောအမှုတော်မြတ်အတွက် ထိုကြေးနီဒင်္ဂါးနှစ်ပြားကိုလှူဒါန်းနိုင်စေရန်အလို့ငှာ ထမင်းနပ်ကျော်ရသည့်အခါများလည်းရှိခဲ့ပါသည်။ အဖဘုရားသခင်သည် သူမ၏လိုအပ်ချက်ကို မစမှုမရှိဘဲကျော်သွားလိမ့်မည်မဟုတ်ကြောင်း၊ သူမယုံကြည်လျက် ထိုယုံကြည်ခြင်းဖြင့်အလှူကိုလှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ တစ်ကိုယ်ကောင်းမဆန်သော ဤစိတ်ဓာတ်နှင့် ကလေးငယ်နှင့်တူသောသူမ၏ယုံကြည်ခြင်းသည် ခရစ်တော်၏ချီးမွမ်းမှုကိုရယူနိုင်ခဲ့ပါသည်။





ကိုယ်တော်၏ကျေးဇူးတော်နှင့်သမ္မာတရားများအတွက် ဘုရားသခင်အား ကျေးဇူးတင်လိုသူများသည် ဆင်းရဲသားများထဲတွင် များစွာရှိနေကြပါသည်။ သူတို့သည် မိမိတို့ထက်ပို၍ချမ်းသာကြွယ်ဝသူများနှင့်ယှဉ်၍ အမှုတော်မြတ်အတွက် ထောက်ပံ့လိုကြပါသည်။ ဤအသက်ဝိညာဉ်များကိုငြင်းပယ်ဖို့မသင့်ပါချေ။ ကောင်းကင်ဘဏ္ဍာတော်တိုက်တွင် ၎င်းတို့အား ကြေးနီဒင်္ဂါးပြားကလေးများကို ထည့်ဝင်ခွင့်ပြုကြပါသည်။ ဘုရားသခင်ကိုချစ်သည့်မေတ္တာစိတ်ဖြင့်ပေးလှူပါလျှင် သေးသိမ်သည်ဟုထင်ရသည့် ထိုအလှူငွေများသည် ဆက်ကပ်သောအလှူငွေများ၊ ဘုရားသခင်နှစ်သက်တော်မူ၍ ကောင်းချီးပေးတော်မူသော တန်ဖိုးမဖြတ်နိုင်သည့်အလှူငွေများဖြစ်လာပါသည်။

“သူမသည် ထိုသူအပေါင်းတို့ထက်သာ၍သွင်းချခဲ့ပြီ” ဟုမိန့်တော်မူရာတွင် အလှူငွေထည့်သည့်သဘောထားအတွက်သာမက ထိုအလှူငွေ၏အကျိုးသက်ရောက်မှုများအတွက်လည်း ထိုစကားများသည် မှန်ကန်လှပါသည်။ တစ်ပဲလောက်တန်သောထိုကြေးနီနှစ်ပြားသည် ချမ်းသာသောယုဒများ၏အလှူငွေများထက် အလွန်များပြားသောငွေများကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲတွင် ဖြစ်ပေါ်စေခဲ့ပါသည်။ အနည်းငယ်သောထိုအလှူငွေ၏အကျိုးသက်ရောက်မှုသည် ချောင်းကလေးတစ်ခုနှယ် အစပထမတွင်သေးငယ်သော်လည်း၊ ခေတ်အဆက်ဆက်စီးဆင်းလာစဉ်တွင် တဖြည်းဖြည်းကျယ်ပြန့်နက်ရှိုင်းလာခဲ့ပါသည်။ ဤအလှူငွေသည် ဆင်းရဲသားများကိုမစရာတွင်လည်းကောင်း၊ ဧဝံဂေလိတရားတော်ကိုဟောပြောရာတွင်လည်းကောင်း နည်းလမ်းပေါင်းတစ်ထောင်ဖြင့်အကျိုးပြုခဲ့ပါသည်။ ကမ္ဘာအရပ်ရပ်တွင် ခေတ်အဆက်ဆက်အသက်ရှင်ခဲ့ကြသော ထောင်ပေါင်းများစွာသောလူသားများသည် သူမ၏အနစ်နာခံသောအသက်တာပုံစံကိုနမူနာယူကာ ထပ်ခါတလဲလဲကျင့်သုံးခဲ့ကြပါသည်။ သူမ၏အပြုအမူကလေးက လူချမ်းသာ၊ လူဆင်းရဲနှစ်မျိုးစလုံးအားအလှူငွေထည့်ရန် ပန်ကြားတောင်းခံခဲ့ပြီး ထိုအလှူငွေများအားဖြင့် သူမ၏အလှူငွေကလေးကို တန်ဖိုးကြီးမားလာစေခဲ့ပါသည်။ ထိုမုဆိုးမ၏အလှူငွေအပေါ်တွင်ချပေးခဲ့သော ဘုရားသခင်၏ကောင်းချီးမင်္ဂလာများသည်

ထိုအလှူငွေကို ကြီးမားသောအကျိုးရလဒ်များ၏အခြေအမြစ်တစ်ခုဖြစ်စေခဲ့ပါသည်။ ဘုရားသခင်၏ဘုန်းတော်အတွက် ရိုးသားသောစိတ်ဆန္ဒဖြင့် လုပ်ဆောင်ခဲ့သည့်အပြုအမူတိုင်းနှင့် လှူဒါန်းခဲ့သောအလှူအတန်းတိုင်းသည်လည်း ထိုနည်းအတူဖြစ်စေပါလိမ့်မည်။ ထိုအရာသည် အနန္တတန်ခိုးရှင်၏အကြံတော်နှင့်ဆက်နွှယ်နေပါသည်။ ထိုအလှူငွေ၏ကောင်းကျိုးပြုမှုများကို မည်သည့်လူသားကမျှတိုင်းတာနိုင်မည်မဟုတ်ချေ။

ကယ်တင်ရှင်သည် ဖာရိရှဲနှင့်ကျမ်းပြုဆရာများအား ဆက်လက်၍မိန့်တော်မူသည်ကား၊ လမ်းပြသောလူကန်းတို့ သင်တို့သည်အမင်္ဂလာရှိကြ၏။ ဗိမာန်တော်ကိုတိုင်တည်၍ကျိန်ဆိုခြင်းပြုလျှင်မတည်၊ ဗိမာန်တော်၏ရွှေကိုတိုင်တည်၍ကျိန်ဆိုခြင်းပြုလျှင် တည်သည်ဟုသင်တို့ဆိုကြ၏။ လူမိုက်လူကန်းတို့ အဘယ်အရာသည်သာ၍မြတ်သနည်း၊ ထိုရွှေကားမြတ်သလော၊ တစ်နည်းကား ယဇ်ပလ္လင်ကိုတိုင်တည်၍ကျိန်ဆိုခြင်းကိုပြုလျှင်မတည်၊ ယဇ်ပလ္လင်ပေါ်မှာရှိသော ပူဇော်သကာကိုတိုင်တည်၍ ကျိန်ဆိုခြင်းကိုပြုလျှင်တည်သည်ဟု သင်တို့ဆိုကြ၏။ လူမိုက်လူကန်းတို့၊ အဘယ်အရာသည်သာ၍မြတ်သနည်း၊ ထိုပူဇော်သကာကားမြတ်သလော။ ထိုပူဇော်သကာကိုသန့်ရှင်းစေသောယဇ်ပလ္လင်ကားမြတ်သလော။ ထိုယဇ်ပုရောဟိတ်များသည် ဘုရားသခင်၏တောင်းဆိုချက်များကို ၎င်းတို့၏မှားယွင်း၍ကျဉ်းမြောင်းသောစံများကိုအသုံးပြု၍အနက်ဖွင့်တတ်ကြပါသည်။ သူတို့သည် ဒုစရိုက်အပြစ်အမျိုးမျိုးမှတချို့ကို ပေါ့သောအပြစ်များဟူ၍လည်းကောင်း၊ အချို့ကိုအပြစ်မလွှတ်နိုင်သောဒုစရိုက်များဟူ၍လည်းကောင်း တူညီသောအပြစ်များအလိုက် အဆင့်အတန်းခွဲခြားခြင်းသည် မှန်ကန်သည်ဟုသူတို့မှတ်ယူခဲ့ကြပါသည်။ သူတို့သည် ငွေကြေးမျက်နှာကိုကြည့်၍ အသင်းသားများအား ၎င်းတို့၏ကတိကဝတ်များမှ ကင်းလွတ်ခွင့်ပြုခဲ့ကြပါသည်။ ဤယဇ်ပုရောဟိတ်များသည် တစ်ခါတစ်ရံတွင်အလှူငွေများရသဖြင့် အလွန်ဆိုးရွားသောဒုစရိုက်များကိုပင်လျစ်လျူရှုနေသည့်တစ်ချိန်တည်းမှာပင် အသေးအဖွဲပြစ်မှုများအတွက် ပြင်းထန်သောအပြစ်ဒဏ်များပေးတတ်ကြပါသည်။



လျှို့ဝှက်သောကျမ်းပြုဆရာဖာရိရှဲတို့၊ သင်တို့သည်အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ပင်စိမ်း၊ စမွှတ်၊ ဇီယာအသီးအရွက်ကိုဆယ်ဖို့တစ်ဖို့လှူကြသည်တွင် တရားသဖြင့်စီရင်ခြင်း၊ သူတစ်ပါးကိုသနားခြင်း၊ သစ္စာစောင့်ခြင်းတည်းဟူသောပညတ်တရားတွင် လေးသောအရာတို့ကိုကား လှပ်၍ထားကြ၏။ အရင်ဆိုသောအရာတို့ကိုလှပ်မထား၊ နောက်ဆိုသောအရာတို့ကိုကျင့်ရမည်ဟု ကိုယ်တော်ရှင်မိန့်မြွက်တော်မူခဲ့ပါသည်။ ခရစ်တော်သည် ၎င်းတို့လုပ်ဆောင်သင့်သည့် မွန်မြတ်သောတာဝန်များကို အလွဲအသုံးပြုမှုများအတွက် ဤစကားများအားဖြင့် တစ်ဖန်ပြစ်တင်ဆုံးမတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုတာဝန်များကိုမလုပ်ဆောင်တော့ရန် ဖယ်ရှားတော်မူခဲ့ခြင်းမဟုတ်ပါ။ ဆယ်ဖို့တစ်ဖို့ထည့်ဝင်ခြင်းစနစ်ကို ဘုရားသခင်ကိုယ်တော်တိုင်စတင်ပြဋ္ဌာန်းခဲ့သဖြင့် ထိုစနစ်ကိုရှေးဦးမှစ၍ကျင့်သုံးလာခဲ့ကြပါသည်။ ယုံကြည်ခြင်း၏အဖဟုသမုတ်ခြင်းခံရသည့်အာဗြဟံသည် မိမိ၏ဥစ္စာပစ္စည်းများမှ ဆယ်ဖို့တစ်ဖို့ကိုပေးလှူခဲ့ပါသည်။ ဤယုဒခေါင်းဆောင်များသည် ဆယ်ဖို့တစ်ဖို့ထည့်ဝင်ရမည့်တာဝန်ကို အသိအမှတ်ပြုခြင်းအရာတွင် မှန်ကန်မှုရှိလှပါသည်။ သို့ရာတွင် သူတို့သည် ယုဒလူများအားအသိစိတ်ဓာတ်ဖြင့် ထိုတာဝန်ကိုလုပ်ဆောင်စေခြင်းမဟုတ်ဘဲ ဥပဒေစည်းမျဉ်းများချမှတ်ကာ ဖွတ်အတင်းထည့်ဝင်စေခဲ့ကြခြင်းဖြစ်ပါသည်။ ခိုင်းစေချက်များသည် လိုက်နာလုပ်ဆောင်ရန်မဖြစ်နိုင်လောက်သည့်အခြေသို့ရောက်သည့်တိုင်အောင် အထူးရှုပ်ထွေးလာခဲ့ပါသည်။ မိမိတို့၏တာဝန်ဝတ္တရားများကိုကျေပွန်အောင် မည်သူမျှမဆောင်ရွက်နိုင်ခဲ့ကြချေ။ ဤစနစ်ကိုဘုရားသခင်ပေးတော်မူခဲ့သောကြောင့် တရားမျှတမှုရှိ၍ လုပ်ထိုက်သောစနစ်တစ်ခုဖြစ်ပါသည်။ သို့သော် ယဇ်ပုရောဟိတ်များနှင့်ရဗ္ဗိများက ထိုစနစ်ကိုငြီးငွေ့ဖွယ်ကောင်းသော ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေခဲ့ကြပါသည်။

ဘုရားသခင်ခိုင်းစေသည့်အရာတိုင်းသည် အရေးစိုက်၍လုပ်ဆောင်ရမည့်အရာများဖြစ်ကြပါသည်။ ခရစ်တော်အနေနှင့် ဆယ်ဖို့တစ်ဖို့ပေးခြင်းကို တာဝန်တစ်ရပ်အနေဖြင့်အသိအမှတ်ပြုတော်မူခဲ့သော်လည်း လုပ်ဆောင်

ရမည့်အခြားတာဝန်များကိုလုပ်ဆောင်ရန် ပျက်ကွက်မှုအားခွင့်ပြုတော်မမူကြောင်း ကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။ ဖာရိရှဲများသည် တန်ဖိုးနည်းသည့်ပင်စိမ်း၊ စမွတ်၊ ဇီယာ စသည့်ဥယျာဉ်ထွက်ပစ္စည်းများအတွက် ဆယ်ဖို့တစ်ဖို့ပေးကြသဖြင့် ၎င်းတို့၏တိကျမှုနှင့်ဘုရားဝတ်၌မွေ့လျော်မှုများအတွက် ဂုဏ်သတင်းကျော်စောခဲ့ကြပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏အသုံးမဝင်သည့်တားမြစ်ချုပ်ချယ်မှုများသည် ယုဒလူများအားဖိစီးခဲ့ပြီး၊ ဘုရားသခင်ကိုယ်တော်တိုင်ခန့်ခွဲသတ်မှတ်ထားသည့် မွန်မြတ်သောထိုစနစ်အပေါ်ထားရှိသည့်လူအများ၏လေးစားမှုကို ပျက်စီးစေခဲ့ပါသည်။ သူတို့သည် လူအများ၏စိတ်နှလုံးကိုအသေးအဖွဲအရာများနှင့်သာပြည့်ဝနေစေပြီး၊ အဓိကကျသောသမ္မာတရားများမှလွဲဖည်စေခဲ့ကြပါသည်။ ပညတ်တရားတွင် ပို၍အရေးပါသည့်တရားသဖြင့်စီရင်ခြင်း၊ သူတစ်ပါးကိုသနားခြင်းနှင့် သစ္စာစောင့်ခြင်းအကျင့်များကိုမူ လျစ်လျူရှုခဲ့ကြပါသည်။ အရင်ဆိုခဲ့သောအရာများကိုချန်လုပ်ထားခြင်းမရှိဘဲ နောက်ဖော်ပြသည့်အရာများကိုလည်း ကျင့်ဆောင်သင့်သည်ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

ဤရဗ္ဗိများသည်အခြားပညတ်များကိုလည်း ဤနည်းအတိုင်းပင်လမ်းလွဲစေခဲ့ကြပါသည်။ သွေးသားမသန့်စင်မှုများနှင့်အသက်တိုမှုများကိုဖြစ်စေနိုင်သဖြင့် ဝက်သားနှင့်တကွ မသန့်ရှင်းသောအခြားအစားအစာများကိုမစားကြရန် ဘုရားသခင်သည် မောရှေအားဖြင့်ညွှန်ကြားတော်မူကာ တားမြစ်ခဲ့ပါသည်။ ဖာရိရှဲများသည် ဘုရားသခင်ပြုတော်မူခဲ့သော ထိုတားမြစ်ချက်များကို ချန်လုပ်ထားခြင်းမရှိပါ။ သို့ရာတွင် ခွင့်ပြုထားခြင်းမရှိသည့်တစ်ဖက်စွန်းရောက်မှုများကို သူတို့ကျင့်သုံးခဲ့ကြပါသည်။ မသန့်ရှင်းဟုသတ်မှတ်ထားသည့်အကောင်ကလေးများကိုမသောက်မိစေရန် ရေကိုစစ်၍သောက်ရမည်ဟုသူတို့ခိုင်းစေခဲ့ကြပါသည်။ ထို့ကြောင့် ကြီးမားသောပြစ်မှုများကိုကျူးလွန်နေစဉ်တွင် အသေးအဖွဲများကိုတိတိကျကျလုပ်ဆောင်နေသော၎င်းတို့အားသင်တို့သည်ခြင်တစ်ကောင်ကိုမျှမပါစေခြင်းငှာ ရေကိုစစ်လျက်နှင့်ကုလားအုတ်ကိုမျို၏ဟု ခရစ်တော်ဆုံးမတော်မူခဲ့ပါသည်။



လျှို့ဝှက်သောကျမ်းပြုဆရာဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား အဖြူသုတ်သောသင်္ချိုင်းတွင်းနှင့်တူကြ၏။ ထိုတွင်းသည် အပြင်၌တင့်တယ်စွတကား။ အတွင်း၌ကားလူသေအရိုး၊ အညစ်အကြေးအမျိုးမျိုးနှင့်ပြည့်လျက်ရှိကြ၏။ အဖြူရောင်သုတ်၍လှပစွာမွမ်းမံထားသောသင်္ချိုင်းဂူများသည် အတွင်း၌ပုပ်သိုးနေသော အညစ်အကြေးများနှင့်ပြည့်လျက်ရှိသကဲ့သို့ အပေါ်ယံသန့်ရှင်းမှုများနှင့်ပြည့်ဝနေသော ဖာရိရှဲများနှင့်ယဇ်ပုရောဟိတ်များ၏အတွင်းစိတ်၌လည်း မကောင်းမှုများနှင့်ပြည့်လျက်ရှိပါသည်။

ခရစ်တော်ဆက်လက်မိန့်တော်မူသည်ကား၊ လျှို့ဝှက်သောကျမ်းပြုဆရာဖာရိရှဲတို့၊ သင်တို့သည်အမင်္ဂလာရှိကြ၏။ အကြောင်းမူကား ပုရောဖက်မှစ၍ ဖြောင့်မတ်သောသူတို့၏သင်္ချိုင်းတွင်းနှင့်အရိုးအိုးတို့ကို တည်လုပ်၍တန်ဆာဆင်သဖြင့် ငါတို့သည်ဘိုးဘေးတို့လက်ထက်၌ရှိသော ပုရောဖက်တို့ကိုသတ်သည့်အမှုကို လက်မခံပြီဟုဆိုကြ၏။ ထိုသို့ဆိုသော် သူတို့သည် ပုရောဖက်ကိုသတ်သောသူတို့၏အမျိုးအနွယ်ဖြစ်သည်ကို ကိုယ့်အဖို့သတ်သေခံကြ၏ဟူ၍ဖြစ်၏။ ယုဒလူများသည် သေဆုံးသွားကြသည့်ပုရောဖက်များ၏သင်္ချိုင်းဂူများကို အလှအပမွမ်းမံခြင်းအားဖြင့် မိမိတို့၏ရိုသေလေးမြတ်မှုကိုဖော်ပြကြသော်လည်း၊ မိမိတို့၏သွန်သင်ချက်များအားဖြင့်သော်လည်းကောင်း၊ ထိုသွန်သင်ချက်များကို မိမိတို့ကိုယ်တိုင်လိုက်လျှောက်မှုမရှိခြင်းအားဖြင့်သော်လည်းကောင်း အကျိုးကျေးဇူးမဖြစ်စေခဲ့ကြပါ။

ခရစ်တော်၏နေ့ရက်များတွင် သေသောသူများကိုမြှုပ်နှံထားသည့်သင်္ချိုင်းကုန်းများအား ငွေကြေးအမြောက်အမြားအသုံးပြုကာ အလှအပမွမ်းမံသည့်အယူသီးမှုတစ်ခုကို ကျင့်သုံးခဲ့ကြပါသည်။ ဤလုပ်ရပ်သည် ဘုရားသခင်၏ရှေ့မှောက်တွင် ရုပ်တုကိုးကွယ်မှုတစ်ရပ်သာဖြစ်နေပါသည်။ သူတို့သည် လူသေများအပေါ်တွင် တော်လျော်သောအရေးတယူပြုမှုထက် လွန်ကဲစွာအလေးထားခြင်းအားဖြင့် သူတို့အတွက်အချစ်ခင်အမြတ်နိုးဆုံးပုဂ္ဂိုလ်သည် ဘုရားသခင်မဟုတ်ကြောင်း၊ အိမ်နီးနားချင်းများကို ကိုယ်နှင့်အမျှမချစ်ကြောင်းများကို ဖော်ပြခဲ့ကြပါသည်။ ယုဒလူများသည် လူသေများအတွက်

အထိမ်းအမှတ်သင်္ချိုင်းဂူများကို ငွေကြေးအမြောက်အမြားအသုံးပြုကာ တည်ဆောက်နိုင်စေရန်အလို့ငှာ၊ မုဆိုးမများ၊ မိဘမဲ့များ၊ လူနာများနှင့်ဆင်းရဲသားများကို လျစ်လျူရှုခြင်းတည်းဟူသောဒုစရိုက်ကို ကျူးလွန်နေကြပါသည်။ လူသေများအတွက်ငွေကြေး၊ အချိန်နှင့်လုပ်အားများကို အဟန့်အတားမရှိ အသုံးပြုနေစဉ်တွင် ခရစ်တော်ကိုယ်တော်တိုင်ပြဋ္ဌာန်းခဲ့သည့် အသက်ရှင်လျက်ရှိသော လူသားများအားပြုရမည့်ဝတ်များကိုမလုပ်ဘဲ သူတို့ချန်လှပ်ခဲ့ကြပါသည်။

ဖာရိရှဲများသည် ရှေးပုရောဖက်များ၏သင်္ချိုင်းဂူများကိုတည်ဆောက်၍ မွမ်းမံခြယ်သကာ ကျွန်ုပ်တို့သာရှေးဘိုးဘေးများအချိန်ကအသက်ရှင်ခဲ့ကြပါလျှင် ဘုရားသခင်၏ထိုပုရောဖက်များအား သတ်ဖြတ်သူများထဲတွင် ကျွန်ုပ်တို့ပါဝင်ခဲ့ကြလိမ့်မည်မဟုတ်ဟု တစ်ဦးကိုတစ်ဦးပြောဆိုကြပါသည်။ ထိုသို့ပြောဆိုနေစဉ်မှာပင် သားတော်ဘုရား၏အသက်ကိုလုပ်ကြံရန် သူတို့စီစဉ်နေကြပါသည်။ ဤအရာသည် ကျွန်ုပ်တို့အတွက်သင်ခန်းစာတစ်ခုဖြစ်ပါသည်။ သမ္မာတရားအလင်းမှကျောခိုင်းလာသောသူများအားလှည့်ဖြားရန် ကြံစည်နေသည့်စာတန်၏တန်ခိုးကို ဤဖြစ်ရပ်ကကျွန်ုပ်တို့အားမြင်တွေ့စေပါသည်။ များစွာသောလူများသည် ဖာရိရှဲများ၏လမ်းစဉ်ကိုလိုက်လျှောက်ကြကာ မိမိတို့၏ယုံကြည်ခြင်းအတွက် သေဆုံးခဲ့သူများအား ရိုသေသမှုပြုကြပါသည်။ ခရစ်တော်ကိုငြင်းပယ်ခဲ့ကြသည့် ထိုယုဒလူများ၏မသိနားမလည်မှုကိုလည်း သူတို့အံ့ဩခဲ့ကြပါသည်။ ကျွန်ုပ်တို့သာကိုယ်တော်အသက်ရှင်သောအချိန်တွင် အသက်ရှင်နေထိုင်ခွင့်ရကြမည်ဆိုလျှင် ကိုယ်တော်၏သွန်သင်ချက်များကို ဝမ်းပန်းတသာလက်ခံကြမည်သာတည်း။ ကယ်တင်ရှင်အားငြင်းပယ်သူများနှင့်ရော၍ မည်သည့်အခါမျှဒုစရိုက်ကျူးလွန်ခဲ့လိမ့်မည်မဟုတ်ဟု သူတို့ဖွင့်ဆိုနေကြပါသည်။ သို့ရာတွင် ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်ရန် ကိုယ်ကိုကိုယ်ငြင်းပယ်၍ နှိမ့်ချမှုရှိကြဖို့တောင်းဆိုလာသောအခါ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ဩတ္တပ္ပစိတ်၏အသိကလေးကိုမသိကျိုးကျွန်ပြုကာ အလိုတော်ကိုလိုက်လျှောက်ရန် ငြင်းဆန်နေကြပါသည်။ သူတို့သည်



ဤနည်းအားဖြင့် ခရစ်တော်ကိုကွပ်မျက်ခဲ့ကြသောဖာရိရှဲများနှင့် စိတ်သဘောတူသူများအဖြစ် သိသာထင်ရှားစေကြပါသည်။

ခရစ်တော်ကိုငြင်းပယ်ခြင်းနှင့်ဆက်နွှယ်နေသော ကြောက်မက်ဖွယ်ရာတာဝန်ဝတ္တရားများအကြောင်းကို ထိုယုဒများသည် ကောင်းမွန်စွာသိရှိခဲ့ခြင်းမရှိကြချေ။ အပြစ်မဲ့သောအာဗေလ၏အသွေးသည် ကာဣနကြောင့်ကျခဲ့သည့်အချိန်မှစ၍ ဒုစရိုက်များသည် တိုးပွားများပြားလျက်ရှိပြီး ထိုကဲ့သို့သောဖြစ်ရပ်များသည် ထပ်ခါတလဲလဲဖြစ်ပျက်လျက်ရှိပါသည်။ ခေတ်အဆက်ဆက်တွင် ပုရောဖက်များသည် ၎င်းတို့အားဘုရားသခင်ပွဲပြင်တော်မူသည့်အတိုင်း ဘုရင်များ၊ အကြီးအကဲများနှင့် လုပ်သားပြည်သူများ၏အပြစ်များကိုဖော်ပြကာ သွန်သင်ခဲ့ကြပါသည်။ ၎င်းတို့ကိုယ်တိုင်လည်း အသက်အန္တရာယ်စိုးရိမ်ရသည်ကိုသိလျက်နှင့် ကိုယ်တော်၏အလိုတော်ကို နာခံလိုက်လျှောက်ခဲ့ကြပါသည်။ အလင်းတော်နှင့်သမ္မာတရားကိုငြင်းပယ်သူများအတွက် ကြောက်လန့်စရာကောင်းသောအပြစ်ဒဏ်များကို ၎င်းတို့အပေါ်သို့ကျရောက်စေကြလျက်ရှိပါသည်။ ထိုယဇ်ပုရောဟိတ်များနှင့်အကြီးအကဲများ၏ဒုစရိုက်အပြစ်များသည် ရှေးယခင်လူမျိုးဆက်များကျူးလွန်ခဲ့သောဒုစရိုက်များထက် ကြီးမားခဲ့ပါသည်။ ခရစ်တော်ကိုငြင်းပယ်ခြင်းအားဖြင့် သူတို့သည်အာဗေလအချိန်မှသည် ခရစ်တော်အချိန်တိုင် သွန်းလောင်းခဲ့ရသည့်ဖြောင့်မတ်သူအားလုံး၏အသွေးများအတွက် မိမိကိုယ်ကိုတာဝန်ရှိစေလျက်ရှိကြပါသည်။ သူတို့သည် မိမိတို့၏ဒုစရိုက်ခွက်ဖလားကိုလျှံသွားစေခြင်းငှာ ဖြည့်ကြတော့မည်ဖြစ်ပါသည်။

အကျိုးအပြစ်ကိုတရားမျှတစွာဆပ်ပေးသည့်အနေဖြင့် ထိုဒုစရိုက်အပြစ်များကို မကြာမီတွင် ၎င်းတို့အပေါ်သို့သွန်းလောင်းတော့မည်ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ၎င်းတို့အားခရစ်တော်သတိပေးတော်မူသည်ကား၊ ဖြောင့်မတ်သောအာဗေလ၏အသွေးမှစ၍ ဗိမာန်တော်နှင့်ယဇ်ပလ္လင်အကြား၌ သင်တို့သတ်ကြသောဇာရခိသား၊ ဇာခရိ၏အသွေးတိုင်အောင် မြေကြီးအပေါ်မှာသွန်းပြီးသမျှသော သူတော်ကောင်းတို့၏အသွေးသည် သင်တို့ခေါင်းပေါ်သို့ရောက်လိမ့်မည်၊ ငါအမှန်အကန်ဆိုသည်ကား၊ ဤအရာများတို့သည် ယခုပင်ဖြစ်သောလူများအပေါ်သို့ရောက်ကြလိမ့်မည်ဟူ၍ဖြစ်၏။

ကိုယ်တော်၏စကားများသည်မှန်ကန်ကြောင်း၊ သခင်ယေရှုမိန့်တော်မူသည်ကိုကြားနာလျက်ရှိသော ဖာရိရှဲများနှင့်ကျမ်းပြုဆရာများသိရှိကြပါသည်။ ပုရာဖက်ဇာခရိသေဆုံးခဲ့ရပုံကိုလည်း သူတို့သိရှိခဲ့ကြပါသည်။ ဇာခရိသည် ဘုရားသခင်ထံမှလာသော နှုတ်ထွက်စကားများကိုဟောကြားနေစဉ်တွင် အယူမှားနေသောဘုရင်ကြီးသည် ဒေါသူပုန်ထလာကာ ထိုပုရောဖက်အားအဆုံးစီရင်ရန် အမိန့်ပေးလိုက်ပါသည်။ သူ၏အသွေးများသည် ဗိမာန်တော်ရှိကျောက်တုံးများအပေါ်သို့ကျရောက်စွန်းထင်းခဲ့ပြီး ဖျက်မရအောင်ရှိခဲ့ကာ ထိုအသွေးများသည် အယူဖောက်ပြန်သောဣသရေလများ၏တစ်ဖက်တွင်သက်သေခံရန် ဆက်လက်တည်ရှိခဲ့ပါသည်။ ထိုဗိမာန်တော်ကြီးတည်ရှိနေသရွေ့ ကာလပတ်လုံး ဖြောင့်မတ်သူများ၏ထိုအသွေးများသည် မိမိတို့အတွက်လက်စားချေပေးရန် ဘုရားသခင်ထံ၌အော်ဟစ်တောင်းခံလျက် ဗိမာန်တော်တွင်ဆက်လက်စွန်းထင်းနေကြပါလိမ့်မည်။ ခရစ်တော်သည် ကြောက်မက်ဖွယ်ကောင်းလှသည့်ထိုဒုစရိုက်အပြစ်များကို အကြောင်းပြုမိန့်တော်မူစဉ်တွင် ယုဒလူထုကြီးတစ်ရပ်လုံးသည် ဘဝင်တုန်ရင်ခုန်ခဲ့ကြရပါသည်။ ယုဒလူများ၏နှောင်တသံဝေဂမရမှုများနှင့် ဘုရားသခင်၏ကျွန်များကိုသည်းမခံခဲ့မှုများသည် ယခုမျက်မှောက်အချိန်တွင်လည်း ရှေးယခင်ကကဲ့သို့ပင်ရှိနေသေးကြောင်း ခရစ်တော်သည် အနာဂတ်ကိုမျှော်ကြည့်လျက်မိန့်တော်မူသည်ကား၊ "ပုရောဖက်၊ ပညာရှိ၊ ကျမ်းပြုဆရာတို့ကို သင်တို့ရှိရာသို့ငါစေလွှတ်၏။ ထိုသူအချို့တို့ကိုကွပ်မျက်၍ လက်ဝါးကပ်တိုင်၌သတ်ကြလိမ့်မည်။ အချို့တို့ကို တရားဇရပ်၌ရိုက်၍ တစ်မြို့မှတစ်မြို့သို့ ညှဉ်းဆဲနှင်ထုတ်ကြလိမ့်မည်" ဟူ၍ဖြစ်၏။ သတေဖန်နှင့်ယာကုပ်မှစ၍ ပုရောဖက်ပညာရှိများ၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောယုံကြည်သူများကို ကွပ်မျက်ခဲ့ကြလိမ့်မည်။ ခရစ်တော်သည် လက်တော်ကိုမြှောက်လျက် ကိုယ်တော်၏ပတ်လည်တွင်လည်း ကောင်းကင်၏ဘုန်းထွန်းတောက်လျက် ရှေ့တော်တွင်ရှိနေကြသူများအား တရားစီရင်သူတစ်ဦးကဲ့သို့ မိန့်တော်မူခဲ့ပါသည်။ နူးညံ့သိမ်မွေ့၍ တိုးလျှိုးတောင်းပန်သည့်လေသံဖြင့် မကြာခဏကြားနေရသည့် ကိုယ်တော်၏အသံ



သည် ယခုအချိန်တွင်မှ ဆုံးမပြစ်တင်သည့်စကားများပြောနေသည်ကို ကြားနေရပါသည်။ ကြားနေသူများသည်ထိတ်လန့်၍ သိမ့်သိမ့်တုန်သွားခဲ့ကြပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများသည် မည်သည့်အခါကမျှယခုလောက်စွဲမှတ်စရာမဖြစ်ခဲ့ဖူးသည့်အပြင် ကိုယ်တော်၏အကြည့်ကိုလည်း မေ့မရနိုင်အောင်ဖြစ်ခဲ့ကြရပါသည်။

ခရစ်တော်သည် ၎င်းတို့၏သူတော်ကောင်းယောင်ဆောင်ခြင်းများနှင့် ညစ်ညမ်းသောအပြစ်များကြောင့် အမျက်ဒေါသထွက်ခဲ့ခြင်းဖြစ်ပါသည်။ လူသားများသည် ထိုအပြစ်များအားဖြင့် မိမိတို့၏အသက်ဝိညာဉ်များကို ဖျက်ဆီးနေကြပါသည်။ အခြားလူသားများကိုလှည့်ဖြားနေကြပါသည်။ ဘုရားသခင်၏အသရေတော်ကို ရှုတ်ချနေကြပါသည်။ ထိုယဇ်ပုရောဟိတ်များနှင့်အကြီးအကဲတို့၏ယုတ္တိဟန်ညီမရှိသည့် လှည့်ဖြားသောဆင်ခြေပေးမှုများတွင် စာတန်၏လုပ်ဆောင်မှုများကို ကိုယ်တော်တွေ့မြင်တော်မူပါသည်။ ကိုယ်တော်သည်ဒုစရိုက်များကို အပြင်းအထန်ပြစ်တင်ဝေဖန်တော်မူခဲ့သော်လည်း လက်စားချေတုံ့ပြန်သည့် မည်သည့်စကားတစ်လုံးကိုမျှ မိန့်တော်မမူခဲ့ချေ။ ကိုယ်တော်သည် အမှောင်၏သခင်စာတန်ကိုသာ အမျက်ထွက်တော်မူခဲ့သော်လည်း စိတ်တိုသည့်သဘော၊ စိတ်ဆိုးသည့်သဘောများကိုဖော်ပြတော်မမူခဲ့ချေ။ ထိုနည်းတူစွာ မေတ္တာကရုဏာစိတ်များနှင့်ပြည့်ဝလျက် ဘုရားသခင်၏အလိုတော်နှင့်အညီအသက်ရှင်လျက်ရှိကြသောခရစ်ယာန်များသည် အပြစ်အတွက်အမျက်ဒေါသထွက်ကြရမည်ဖြစ်သော်လည်း၊ မိမိအားနင်ပဲဆဆဲရေးတိုင်းထွာလာသူများအားတုံ့ပြန်၍ နင်ပဲငဆလုပ်ကြလိမ့်မည်မဟုတ်ပါချေ။ မှားယွင်းမှုများကို ဆက်လက်အတည်ဖြစ်စေသောတန်ခိုးတစ်ခု၏လွှမ်းမိုးမှုအောက်တွင် ကျရောက်နေသူများနှင့်တွေ့ကြုံရသောအခါများတွင်ပင် ထိုသူသည် ခရစ်တော်၌ဆက်လက်၍ စိတ်တည်ငြိမ်မှုရှိနေပါလိမ့်မည်။

ကိုယ်တော်သည် ဗိမာန်တော်နှင့်တကွ တရားနာပရိသတ်ကြီးကို ကြည့်ရှုကာ ထိုသူများကိုပြစ်တင်ရှုတ်ချနေတော်မူစဉ်တွင် မျက်နှာတော်၌ ဘုရားသခင်၏ကြင်နာမှုမျိုးသည် ပေါ်လွင်နေလျက်ရှိပါသည်။ စိတ်နှလုံးမှ

ပေါ်ထွက်လာသောဝမ်းနည်းမှုများကြောင့် တစ်ဆို့နေသောအသံဖြင့်မျက်ရည်များကျလျက် မိန့်တော်မူသည်ကား "အိုယေရုရှလင်မြို့၊ သင်သည်ပုရောဖက်တို့ကိုသတ်မြဲရှိ၏။ သင်ရှိရာသို့စေလွှတ်သောသူကိုလည်း ကျောက်ခဲနှင့်ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကိုအတောင်အောက်၌စုရုံးသကဲ့သို့ သင်၏သားတို့ကိုစုရုံးစေခြင်းငှာ ငါအလိုရှိပြီ၊ သင်မူကားအလိုမရှိ" ဟူ၍ဖြစ်၏။ ဤစကားသည် ယေရုရှလင်မြို့နှင့်ဘုရားသခင်အကြားခွဲခွာခြင်းအတွက် ရန်းကန်လှုပ်ရှားမှုဖြစ်ပါသည်။ ခရစ်တော်၏မြည်တမ်းမှုတွင် ဘုရားသခင်၏နှလုံးသားကို သွန်ချလျက်ရှိပါသည်။ ဤမြည်တမ်းညည်းတွားခြင်းသည် စိတ်ရှည်တော်မူသောဘုရားသခင့်မေတ္တာတော်၏ခွဲခွာမှုအတွက် နှုတ်ဆက်ခြင်းဖြစ်ပါသည်။

ဖာရိရှဲများနှင့်ဇဒ္ဒုကဲများသည် တိတ်ဆိတ်လျက်ရှိနေကြပါသည်။ ထိုအချိန်တွင် ခရစ်တော်သည် တပည့်တော်များကိုခေါ်တော်မူ၍ မိမိအားရန်ဖက်ပြုသူများရှေ့မှရှုံးနိမ့်သူတစ်ပါးအနေဖြင့်မဟုတ်ဘဲ လုပ်ဆောင်ရန်အမှုပြီးသွားသည့်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ဗိမာန်တော်မှပြန်ထွက်ခွာရန် ပြင်ဆင်တော်မူခဲ့ပါသည်။ ထိုနောက် အချေအတင်ငြင်းခုံပွဲမှ အောင်နိုင်သူတစ်ပါးအသွင်ဖြင့် ကိုယ်တော်ထွက်ခွာသွားခဲ့ပါသည်။

ထူးခြားသောထိုနေ့တွင် ခရစ်တော်၏နှုတ်တော်မှထွက်ပေါ်လာခဲ့သော သမ္မာတရား၏အရေးပါသောအချက်များကို များစွာသောနှလုံးသားများတွင် သိမ်းမှီးသိမ်းဆည်းထားခဲ့ပါသည်။ ထိုသူများအတွက် အသစ်သောအတွေးအခေါ်များသည် ၎င်းတို့၏အသက်တာတွင်စတင်ခဲ့ပြီး အသစ်သောလှုံ့ဆော်မှုများနိုးကြားစေခဲ့ကာ အသစ်သောသမိုင်းစဉ်တစ်ခုကို အစပျိုးခဲ့ပါသည်။ ခရစ်တော်အသေခံတော်မူပြီးနောက် ရှင်ပြန်ထမြောက်ပြီးသောအချိန်တွင် ထိုပုဂ္ဂိုလ်များသည် ကြီးမားသောအမှုတော်နှင့်တော်လျော်သောဉာဏ်ပညာ၊ ခွဲလုံ့လများနှင့်ပြည့်ဝစွာဖြင့် ဘုရားပေးတာဝန်များကိုရှေ့တန်းမှနေ၍ ကျေပွန်အောင်ဆောင်ရွက်ခဲ့ကြပါသည်။ သူတို့သည် လူအများ၏စိတ်နှလုံးကိုထိခိုက်စေပြီး ထောင်ပေါင်းများစွာသောလူသားများအား အချိန်ကြာမြင့်



စွာကတည်းက သေးသိမ်စေခဲ့သည့်ရှေးအယူသီးမှုများကို အားနည်းစေသောသတင်းစကားများကို ဟောကြားခဲ့ကြပါသည်။ ၎င်းတို့၏သက်သေခံမှုများရှေ့မှောက်တွင် လူသားများတီထွင်ထားသည့်အယူအဆများနှင့်ဒဿနများသည် ပျင်းစရာကောင်းသောဒဏ္ဍာရီပုံပြင်များနှယ် ဖြစ်လာခဲ့ကြပါသည်။ ခရစ်တော်၏နှုတ်ထွက်စကားများသည် ယေရုရှလင်မြို့၏ဗိမာန်တော်ထဲတွင်ရှိသောအံ့အားသင့်ကာ အထူးစိုးရွံ့ကြောက်လန့်နေကြသည့်လူထုကြီးအတွက် များစွာအကျိုးကျေးဇူးရှိခဲ့ပါသည်။

သို့ရာတွင် ဣသရေလများသည် လူမျိုးတစ်မျိုးအနေဖြင့် ဘုရားသခင်နှင့်လုံးဝကွဲကွာခြားခဲ့ချေပြီ။ သံလွင်ပင်၏နဂိုအကိုင်းများသည်ကျိုးခဲ့ရချေပြီ။ ခရစ်တော်သည် ဗိမာန်တော်၏အတွင်းပိုင်းသို့ နောက်ဆုံးအကြိမ်အဖြစ်ကြည့်တော်မူလျက် သနားစဖွယ်ရေရွတ်တော်မူသည်ကား သင်တို့နေသောအိမ်သည် သင်တို့၌လူဆိတ်ညံလျက်ကျန်ရစ်ရ၏။ ငါဆိုသည်ကား ထာဝရဘုရား၏အခွင့်နှင့်ကြွလာသောသူသည် မင်္ဂလာရှိစေသောဟု သင်တို့မပြောမီတိုင်အောင် ယခုမှစ၍ သင်တို့သည်ငါ့မျက်နှာကိုမမြင်ကြရဟူ၍ဖြစ်၏။ ထိုကဲ့သို့မိန့်တော်မူနေသည့်အချိန်အထိ ထိုဗိမာန်တော်ကို ငါ့အဖ၏အိမ်တော်ဟု ကိုယ်တော်ခေါ်ဝေါ်ခဲ့သော်လည်း ထိုဗိမာန်တော်၏တံတိုင်းများမှ သားတော်ဘုရားထွက်ခွာသွားသည့် ထိုအချိန်မှစ၍ မိမိ၏ဘုန်းတော်ကိုထင်ရှားစေရန် တည်ဆောက်ထားသည့် ထိုဗိမာန်တော်မှဘုရားသခင်သည် ထာဝရရုပ်သိမ်းထွက်ခွာသွားတော်မူခဲ့ပါသည်။ ထိုအချိန်မှစ၍ ပြုလုပ်ကျင်းပသောဝိနည်းထုံးဖွဲ့ဆိုင်ရာလုပ်ဆောင်မှုများသည် အဓိပ္ပါယ်ကင်းမဲ့ခဲ့ပြီး ဝတ်ပြုကိုးကွယ်မှုများမှာလည်း အချည်းနှီးအားထုတ်လုပ်ဆောင်မှုများသာ ဖြစ်ခဲ့ကြပါတော့သည်။

****

# tcef; (68)
# Adrmefawmf\tjyify&d0kPfü

ရှင်ယောဟန်ခရစ်ဝင် ၁၂း၂၀–၄၃ ကိုအခြေပြုထားပါသည်။

"ကိုးကွယ်ခြင်းအမှုနှင့် ထိုပွဲသို့ရောက်လာသောသူတို့တွင် ဟေလလသလူအချို့ပါ၏။ ထိုသူတို့သည် ဂါလိလဲပြည်ဗက်ဇဲဒမြို့သားဖြစ်သော ဖိလိပ္ပုထံသို့သွား၍ အကျွန်ုပ်တို့သည်ယေရှုကိုမြင်ချင်ပါသည်ခင်ဗျားဟုတောင်းပန်ကြ၏။ ဖိလိပ္ပုသည်သွား၍အန္ဒြေကိုကြားပြောပြီးမှ ထိုသူနှစ်ယောက်တို့သည်ယေရှုကိုလျှောက်ကြ၏။"

ဤအချိန်တွင် ခရစ်တော်၏အမှုတော်သည် အပြင်းအထန်အရေးနိမ့်မည့်လက္ခဏာပေါ်လွင်နေပါသည်။ ကိုယ်တော်သည် ဖာရိရှဲများနှင့်အချေအတင်ပြောဆိုခဲ့ရာတွင် အောင်နိုင်သူတစ်ပါးဖြစ်ခဲ့သော်လည်း ထိုသူများသည် ကိုယ်တော်အားမေရှိယအဖြစ် မည်သည့်အခါမျှလက်ခံကြတော့မည်မဟုတ်ကြောင်းမှာ ထင်ရှားနေပါသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦးချာပြဲခဲ့ကြပေပြီ။ ဤကိစ္စသည် တပည့်တော်များအတွက်မျှော်လင့်ချက်ကင်းမဲ့သယောင်ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ခရစ်တော်သည် မိမိအမှုတော်၏အဆုံးသတ်မည့်အချိန်သို့ ချဉ်းကပ်လျက်ရှိပါသည်။ ယုဒလူမျိုးတစ်မျိုးနှင့်သာမက တစ်ကမ္ဘာလုံးနှင့်ပါပတ်သက်နေသည့်မဟာဖြစ်ရပ်ကြီးတစ်ခုသည် ဖြစ်ပျက်တော့မည်ဆဲဆဲအခြေတွင်ရှိနေပါသည်။ ကိုယ်တော်ရှင်၏မေတ္တာကိုဆာငတ်ခင်မွတ်နေသောကမ္ဘာသူကမ္ဘာသားအချို့တို့၏အော်ဟစ်သံများကို ပွဲတင်ထပ်စေခဲ့ပါသည်။ "ယေရှုကိုမြင်ချင်သည်" ဟူသောပြောဆိုသံကို ခရစ်တော်ကြားတော်မူသောအခါ မျက်နှာတော်သည်တောက်ပဝင်းလက်လာပြီး "လူသားသည်ဘုန်းပွင့်ရသောအချိန်ရောက်လာပြီ" ဟုမိန့်တော်မူ၏။

ကိုယ်တော်သည် မိမိပြုလုပ်ရမည့်မဟာဆက်ကပ်မှုကြီး၏အစဦးအကျိုးဖြစ်ထွန်းမှုများကို ထိုဟေလလသလူများ၏တောင်းဆိုသံတွင် ကြားတော်မူခဲ့ရပါသည်။



ခရစ်တော်ကိုမွေးဖွားတော်မူစဉ်တွင် အရှေ့တိုင်းမှလာခဲ့ကြသောပညာရှိများကဲ့သို့ ကိုယ်တော်၏လောကအသက်တာအဆုံးသတ်လုချိန်တွင်ကယ်တင်ရှင်အားဖူးတွေ့ရန် ဤသူများသည် အနောက်တိုင်းမှလာခဲ့ကြသူများဖြစ်ကြပါသည်။ ခရစ်တော်ဖွားတော်မူခြင်းကိုခံယူစဉ်အချိန်က အသက်ရှင်ခဲ့ကြသောယုဒလူများသည် ၎င်းတို့၏ရည်မှန်းချက်ကြီးမားသောစီမံကိန်းများနှင့် စိတ်နှလုံးထွေပြားနေကြသည့်အတွက် ကိုယ်တော်၏ကြွလာခြင်းကိုမသိရှိခဲ့ကြချေ။ သို့သော် တစ်ပါးအမျိုးသားနိုင်ငံမှမာဂုပညာရှိများသည် ကယ်တင်ရှင်အားဆက်ကပ်လှူဒါန်း၍ ဝတ်ပြုကိုးကွယ်ကြရန် နွားစားခွက်ရှိရာသို့ရောက်ရှိလာခဲ့ကြပါသည်။ ထိုနည်းအတူ ကမ္ဘာအရပ်ရပ်ရှိလူမျိုးအပေါင်းတို့အားကိုယ်စားပြုသော ဤဟေလလသလူများသည် သခင်ယေရှုကိုဖူးတွေ့ရန်ရောက်ရှိလာခဲ့ကြပါသည်။ ထိုနည်းအတူ ကမ္ဘာအရပ်ရပ်မှ ခေတ်အဆက်ဆက်အသက်ရှင်ခဲ့သောလူသားများကို ကယ်တင်ရှင်၏ကပ်တိုင်အားဖြင့်ဆွဲယူတော်မူပါလိမ့်မည်။ ထိုနည်းအတူ "လူများတို့သည်အရှေ့အရပ်၊ အနောက်အရပ်မှလာ၍ ကောင်းကင်နိုင်ငံတော်၌ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့်တကွလျောင်းကြရလတ္တံ့။" မဿဲ ၈း၁၁။

ထိုဟေလလသလူများသည် ယေရုရှလင်မြို့ထဲသို့အောင်မြင်စွာကြွေးကြော်၍ဝင်တော်မူခဲ့သည့် ကိုယ်တော်ရှင်၏အကြောင်းကိုကြားဖူးခဲ့ကြပါသည်။ ကိုယ်တော်သည် ယဇ်ပုရောဟိတ်များနှင့်ကျမ်းပြုဆရာများကို ဗိမာန်တော်မှမောင်းထုတ်ကာ ဒါဝိဒ်၏ပလ္လင်ကိုသိမ်းပိုက်ပြီး ဣသရေလဘုရင်တစ်ပါးအဖြစ်စိုးစံတော့မည်ဟုအချို့ကအထင်ရှိကာ သတင်းဖြန့်ဝေခဲ့ကြပါသည်။ ထိုဟေလလသလူများသည် ကိုယ်တော်ရှင်၏အမှုတော်နှင့်စပ်လျဉ်းသောသမ္မာတရားကို သိလိုခဲ့ကြပါသည်။ ထို့ကြောင့် အကျွန်ုပ်တို့သည် ယေရှုကိုမြင်ချင်ပါသည်ဟု သူတို့တောင်းခံခဲ့ကြပါသည်။ ထိုသတင်းကို သခင်ယေရှုထံကြားပြောသောအချိန်တွင် ကိုယ်တော်သည် ယုဒလူမျိုးများမှလွဲ၍ မည်သည့်လူမျိုးများမှမဝင်ရသည့် ဗိမာန်တော်၏အခန်းတစ်ခုထဲတွင်ရှိနေသော်လည်း၊ ထိုသူများရှိရာအပြင်ပရိဝုဏ်သို့ထွက်ကြွတော်မူ၍ ၎င်းတို့နှင့်စကားပြောတော်မူခဲ့ပါသည်။

ခရစ်တော်၏ဘုန်းပွင့်သောအချိန်သည် ရောက်လာပေပြီ။ ကိုယ်တော်သည် ကပ်တိုင်၏မှောင်ရိပ်တွင်ရပ်တော်မူလျက်ရှိပြီး မိမိပြုတော်မူတော့မည့် ပူဇော်ဆက်ကပ်ခြင်းသည် များစွာသောသားသမီးများအား ဘုရားသခင်ထံတော်သို့ ပို့ဆောင်မည်ဖြစ်ကြောင်းကို ထိုဟေလသလူများ၏တောင်းဆိုမှုများက ထင်ရှားပေါ်လွင်စေခဲ့ပါသည်။ ထိုဟေလသလူများသည် ၎င်းတို့တစ်ခါမျှမတွေးမိခဲ့သောအခြေအနေမျိုးတွင် ကိုယ်တော်ရှင်ရောက်ရှိနေလိမ့်မည်ကို မကြာမီတွင်တွေ့ရတော့မည်ဖြစ်ကြောင်း ခရစ်တော်သိရှိတော်မူခဲ့ပါသည်။ ဘုရား၏သားတော်ထက်အရင်ဦး၍ အကျဉ်းထောင်မှလွတ်မြောက်ခွင့်ပေးရန် ရွေးချယ်ခြင်းခံရသောဓားပြတစ်ယောက်ဖြစ်သည့်ပြင် လူသတ်သမားတစ်ဦးလည်းဖြစ်သောဗာရဗ္ဗနှင့်ယှဉ်၍ ကိုယ်တော်ရှင်ရပ်တော်မူသည်ကို သူတို့တွေ့ကြရလိမ့်မည်။ ခရစ်ဟုခေါ်ဝေါ်သောယေရှုကို အဘယ်သို့ပြုရမည်နည်းဟူသော ပိလတ်မင်း၏အမေးကို ထိုယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲတို့၏လှုံ့ဆော်ပေးမှုကြောင့် သူသည်လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်းကိုခံပါလေစေဟူ၍ လူထု၏ပြန်လည်ဖြေဆိုသံများကိုလည်း သူတို့ကြားကြရပါလိမ့်မည်။ မဿဲ ၂၇:၂၂။ လူသားများကျူးလွန်ခဲ့သည့်အပြစ်ဒုစရိုက်များအတွက် မိမိကိုယ်ကို အပြစ်ဖြေစရာဖြစ်စေခြင်းအားဖြင့် မိမိ၏နိုင်ငံတော်သည် ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း၊ ကမ္ဘာအနှံ့ကျယ်ပြန့်သွားလိမ့်မည်ဖြစ်ကြောင်း ကိုယ်တော်သိတော်မူပါသည်။ ခရစ်တော်သည် ကယ်တင်ရှင်တစ်ပါးအနေဖြင့် အမှုတော်ကိုဆောင်ရွက်လိမ့်မည်ဖြစ်ပြီး သူ၏ဝိညာဉ်သည်လည်း အောင်ပွဲဆင်တော်မူလိမ့်မည်။ ခေတ္တခဏမျှအနာဂတ်ကိုမျှော်ကြည့်တော်မူလိုက်ရာ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဟူသောကြွေးကြော်သံများကို ကမ္ဘာအနှံ့တွင်ကြားခဲ့ရပါသည်။ ယုဒလူများနှင့်တစ်ပါးအမျိုးသားတို့အကြား ကာရံထားသည့်တံတိုင်းကြီးကိုဖြိုချပြီးသောအချိန်တွင် လူမျိုးအပေါင်းတို့သည် ကယ်တင်ခြင်းသတင်းစကားကိုကြားနာရလိမ့်မည့် အချိန်၌ ဖြစ်ပေါ်လာမည့်မဟာရိတ်သိမ်းပွဲကြီး၏အထိမ်းအမှတ်ကို ဤသည့်သည်အာဂန္တုများတွင် ခရစ်တော်တွေ့ရှိတော်မူခဲ့ပါသည်။ ဤကိစ္စအပေါ်တွင်



ထားရှိသည့် မိမိ၏မျှော်မှန်းချက်နှင့် မိမိမျှော်လင့်ချက်များ၏ပြည့်စုံမှုများကို စကားအားဖြင့်ဖွင့်ဟတော်မူသည်ကား၊ လူသားသည် ဘုန်းပွင့်ရသောအချိန်ရောက်လာပြီဟူ၍ဖြစ်၏။ သို့ရာတွင် မည်ကဲ့သို့ဘုန်းပွင့်တော်မူလိမ့်မည်ဆိုသည့်အချက်ကို မည်သည့်အခါမျှခရစ်တော်သတိမလစ်ခဲ့ချေ။ ဤတစ်ပါးအမျိုးသားများ၏စုရုံးလာမှုပြီးလျှင် ကိုယ်တော်၏အသေခံခြင်းကဏ္ဍသည် ဆက်တိုက်ဖြစ်ပေါ်လာရမည်ဖြစ်ပါသည်။ ကိုယ်တော်အသေခံတော်မူခြင်းအားဖြင့်သာလျှင် လောကီသားများတို့ကိုကယ်တင်နိုင်ပါလိမ့်မည်။ စပါးစေ့ကလေးတစ်စေ့နှယ် သားတော်သည်အသေခံတော်မူ၍ မြေတွင်မြှုပ်နှံခြင်းကိုခံရမည်ဖြစ်သော်လည်း တစ်ဖန်ရှင်ပြန်ရဦးမည်သာတည်း။

ခရစ်တော်သည် မိမိ၏အနာဂတ်ရေးကိုဖော်ပြရာတွင် တပည့်တော်များနားလည်သဘောပေါက်စေရန်အလို့ငှာ သဘာဝတွင်ရှိနေကြသောအရာများကိုသာ သာဓကေပြုလျက်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်အမှုတော်၏စစ်မှန်သောရလဒ်ကို ကိုယ်တော်အသေခံတော်မူခြင်းအားဖြင့်သာ ရရှိနိုင်မည်ဖြစ်သဖြင့် "ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသောစပါးစေ့သည်မပျက်လျှင် တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား၊ များစွာသောအသီးကိုသီးတတ်၏" ဟူ၍သာဓကေပြုကာမိန့်တော်မူခဲ့ပါသည်။ စပါးစေ့သည် မြေတွင်ကျ၍ ပျက်သွားကာ အညှောက်များထွက်လာပြီးမှ အသီးကိုသီးနိုင်ပါသည်။ ထိုနည်းအတူ ခရစ်တော်၏အသေခံခြင်းသည်လည်း ဘုရားသခင်၏နိုင်ငံတော်အတွက် အသီးအပွင့်များကို သီးပွင့်စေခြင်းအားဖြင့်အကျိုးပြုပါလိမ့်မည်။ ထိုသို့သောသစ်ပင်လောက၏နိယာမအတိုင်း ကျွန်ုပ်တို့၏အသက်ရှင်ခြင်းသည် ကိုယ်တော်အသေခံခြင်း၏ရလဒ်ဖြစ်ပါသည်။

မြေကိုထွန်ယက်နေကြသူများသည် ဤသာဓကကိုအမြဲတမ်းမြင်တွေ့နေကြရပါသည်။ လူများသည်၎င်းတို့၏မျိုးစေ့များကို သင့်လျော်သောနေရာများတွင် ကြဲဖြန့်ထားခြင်းအားဖြင့် သိုထားတတ်ကြပါသည်။ ထိုနောက်အခိုက်အတန့်အားဖြင့်ထယ်ကြောင်းထဲတွင် မြေကြီး၏ဖုံးဖိခြင်းကိုခံရပြီး၊ မကြာမီမှာပင် ထိုအစေ့သည်အညှောက်များ၊ အစို့များထွက်လာခဲ့ပါသည်။ သို့ရာတွင်

ထိုအစေ့ကလေးကို မြေကြီးထဲတွင်မြှုပ်နှံ၍မပျက်စီးစေခဲ့လျှင် ထိုကဲ့သို့တိုးတက်ဖွံ့ဖြိုးမှုဖြစ်ပေါ်စေခဲ့လိမ့်မည်မဟုတ်ချေ။

မြေကြီးထဲတွင်မြှုပ်နှံထားသည့်ထိုမျိုးစေ့သည် အသီးများကိုသီးပွင့်ခဲ့ပြီး ထိုအသီးများကိုတစ်ဖန်ထပ်မံ၍ မြေတွင်မြှုပ်နှံခြင်းအားဖြင့် များစွာသောအသီးများကိုတိုးပွားလာစေပါသည်။ ထိုနည်းအတူ ကရာနီကုန်းပေါ်မှလက်ဝါးကပ်တိုင်ထက်ဝယ် အသေခံတော်မူခဲ့သော ခရစ်တော်၏သေခြင်းအားဖြင့် ထာဝရကာလတိုင်အသီးများသီးပွင့်ပါလိမ့်မည်။ ဤပူဇော်ဆက်ကပ်ခြင်းကိုဘာဝနာပွားခြင်းအမှုသည် ခေတ်အဆက်ဆက်အသက်ရှင်နေထိုင်ကြမည့်သူများအတွက် ထိုဆက်ကပ်ခြင်း၏အသီးဖြစ်သော ဘုန်းပွင့်ခြင်းပင်ဖြစ်ပါလိမ့်မည်။

စပါးစေ့သည်မပျက်လျှင်မူကား၊ အသီးသီးနိုင်လိမ့်မည်မဟုတ်ချေ။ တစ်စေ့တည်းသာရှိနေပါလိမ့်မည်။ အကယ်၍ ကိုယ်တော်သည်အလိုရှိပါလျှင် မိမိကိုယ်ကိုသေခြင်းမှကယ်တင်နိုင်တော်မူပါသည်။ သို့ရာတွင် ထိုသို့ကိုယ်တော်ပြုတော်မူခဲ့မည်ဆိုလျှင် တစ်ပါးတည်းသာနေထိုင်တော်မူရမည်ဖြစ်ပါသည်။ ဘုရားသခင့်ထံတော်သို့ မည်သည့်သားသမီးတစ်ဦးတစ်ယောက်ကိုမျှ ပို့ဆောင်နိုင်လိမ့်မည်မဟုတ်ချေ။ မိမိ၏အသက်တော်ကိုပေးအပ်ခြင်းအားဖြင့်သာလျှင် ကိုယ်တော်သည်မဟာရိတ်သိမ်းပွဲကြီးကိုဖြစ်စေမည့် မျိုးစေ့တစ်စေ့ဖြစ်လာနိုင်ပါသည်။ ထိုမဟာရိတ်သိမ်းပွဲတွင် လူမျိုးတကာတို့မှများစွာသောလူအုပ်ကြီးသည် ဘုရားသခင်ထံတော်၌ ကယ်တင်ခြင်းဆုကျေးဇူးကို ခံယူရရှိကြမည်ဖြစ်ပါသည်။

လူအပေါင်းတို့နားလည်သဘောပေါက်နိုင်စေရန်အလို့ငှာ ခရစ်တော်သည် ဤသင်္ခာတရားကို ကိုယ်ကျိုးစွန့်ခြင်းသင်ခန်းစာနှင့်ဆက်နွယ်၍မိန့်တော်မူသည်ကား၊ မိမိအသက်ကိုနှမြောသောသူသည် အသက်ဆုံးလိမ့်မည်။ ဤလောက၌ မိမိအသက်ကိုမုန်းသောသူဟူမူကား၊ ထာဝရအသက်ကိုစောင့်ရှောက်လျက်နေ၏ဟူ၍ဖြစ်၏။ ခရစ်တော်နှင့်အတူအမှုတော်ဆောင်သောသူများအဖြစ် အသီးသီးမည့်သူများသည် ရှေးဦးစွာမြေတွင်မြှုပ်နှံခြင်းကိုခံကြရပါမည်။ အသက်တာကို လောကလိုအပ်ချက်များတည်းဟူသောထယ်ကြောင်း





များထဲတွင် စွန့်ပစ်ထားရပါမည်။ ကိုယ်ကိုကိုယ်ချစ်သောစိတ်များ၊ တစ်ကိုယ်ကောင်းကြံချင်သောစိတ်များသည် ပပျောက်စေရပါမည်။ ၎င်းပြင် အနစ်နာခံခြင်းစည်းမျဉ်းသည် မိမိကိုယ်ကိုဘေးကင်းအောင် ကာကွယ်ထိန်းသိမ်းခြင်းနိယာမပင်ဖြစ်ပါသည်။ လယ်လုပ်သူသည် မိမိ၏မျိုးစေ့များကိုကြဲဖြန့်ခြင်းအားဖြင့် ထိုမျိုးစေ့အားဆက်လက်ထိန်းသိမ်းထားသည့်နည်းတူ လူသားများ၏အသက်တာများကိုလည်း သူတစ်ပါးအတွက်အနစ်နာခံခြင်းအားဖြင့် ဆက်လက်၍တည်မြဲစေပါသည်။ ပေးကမ်းခြင်းသည်ချစ်ခြင်းမေတ္တာဖြစ်၏။ ဘုရားသခင်အတွက်သော်လည်းကောင်း၊ လူသားများအတွက်သော်လည်းကောင်း အတားအဆီးမရှိအလုပ်အကျွေးပြုသောအသက်တာသည် ပျက်စီးခြင်းနှင့်ကင်းလွတ်အောင်စောင့်ရှောက်မှုကိုခံရပါလိမ့်မည်။ လောကအသက်တာတွင် ခရစ်တော်အတွက်အနစ်နာခံသူများသည် ထာဝရကာလတိုင် ထိန်းသိမ်းစောင့်ရှောက်မှုကိုခံရပါလိမ့်မည်။

မိမိအတွက်အသက်ရှင်နေထိုင်သောအသက်တာသည် စားသောက်ပစ်ခြင်းခံရသောစပါးစေ့နှင့်တူပါသည်။ တိုးပွားမှုမရှိသည့်အပြင် ပျောက်ပျက်သွားလိမ့်မည်သာဖြစ်သည်။ လူတစ်ဦးသည် မိမိကိုယ်ကျိုးအတွက်သာ တတ်နိုင်သမျှစုသိမ်းမည်ဆိုက မိမိသဘောအတိုင်းစုသိမ်းနိုင်ပါသည်။ မိမိကောင်းစားရေးအတွက်သာ တွေးတောစီမံလုပ်ဆောင်မည်ဆိုကလည်း မိမိသဘောအတိုင်းလုပ်ဆောင်နိုင်ပါသည်။ သို့ပါသော်လည်း ၎င်း၏အသက်တာသည် ဆုံးခန်းတိုင်သို့ရောက်ရှိသွားသောအချိန်တွင် သူပိုင်ဆိုင်သည့်အရာတစ်စုံတစ်ခုမျှရှိတော့မည်မဟုတ်ချေ။ မိမိအတွက်သာအလုပ်အကျွေးပြုခြင်းသည် ပျက်စီးရာပျက်စီးကြောင်းအတွက် နိယာမတစ်ခုဖြစ်ပါသည်။

"ငါ၏အမှုကိုဆောင်ရွက်သောသူဖြစ်လျှင် ငါ့နောက်သို့လိုက်ရမည်။ ငါ၏အမှုဆောင်လည်း ငါရှိရာအရပ်၌ရှိလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သောသူဖြစ်လျှင် ထိုသူကိုခမည်းတော်ချီးမြှောက်တော်မူလတ္တံ့။" ခရစ်တော်နှင့်အတူအနစ်နာခံခြင်းတည်းဟူသော ကပ်တိုင်ထမ်းသောသူအပေါင်းတို့သည် ကိုယ်တော်နှင့်အတူ ဘုန်းဝင်စားကြရပါလိမ့်မည်။ တပည့်တော်များသည်

မိမိနှင့်အတူဘုန်းဝင်စားနိုင်စေရန်အလို့ငှာ မိမိခံစားခဲ့ရသောနာကျင်မှုဝေဒနာများနှင့်နှိမ့်ချမှုများအတွက် ခရစ်တော်ဝမ်းမြောက်တော်မူပါသည်။ ထိုသူများသည် ကိုယ်တော့်အနစ်နာခံမှု၏အသီးအပွင့်များဖြစ်ကြပါသည်။ ၎င်းတို့၏အသက်တာတွင် ကိုယ်တော်၏စာရိတ္တနှင့်စိတ်နေသဘောထားများကိုပေါ်လွင်အောင်လုပ်ဆောင်မှုသည် ကိုယ်တော်အတွက်ဆုလာဘ်တစ်ခုဖြစ်ပါသည်။ ထာဝရကာလတစ်လျှောက်လုံးအတွက်လည်း ဝမ်းမြောက်စရာဖြစ်ပါလိမ့်မည်။ မိမိတို့၏လုပ်ဆောင်မှုများနှင့်အနစ်နာခံမှုများ၏အသီးအပွင့်အနေဖြင့် ကိုယ်တော်နှင့်အတူမျှဝေခံစားခဲ့ရသော ဤဝမ်းမြောက်မှုမျိုးကို အခြားသူများ၏စိတ်နှလုံးများနှင့်အသက်တာများတွင်လည်း တွေ့မြင်ကြရပါသည်။ ထိုသူတို့သည် ခရစ်တော်နှင့်လုပ်ဆောင်ကြသည့် အမှုတော်ဆောင်များဖြစ်ကြပြီး အဖဘုရားသခင်သည် မိမိသားတော်ကိုချီးမြှောက်သည့်နှယ် ထိုသူများကိုလည်းချီးမြှောက်တော်မူပါလိမ့်မည်။

တစ်ပါးအမျိုးသားများ၏စုရုံးခြင်းကိုပြညွှန်ထားသည့် ထိုဟေလသလူများ၏သတင်းသည် မိမိအမှုတော်တစ်ခုလုံးကို ခရစ်တော်၏စိတ်ထဲတွင်မြင်ယောင်လာစေခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်တွင် ကယ်တင်ခြင်းစီမံကိန်းချမှတ်တော်မူသည့်အချိန်မှသည် မကြာမီအချိန်တွင် မိမိခံယူရမည့်အသေခံခြင်းအထိတိုင်အောင် ကယ်တင်ခြင်းစီမံကိန်း၏လုပ်ဆောင်မှုအဆင့်ကို ကိုယ်တော်မြင်ယောင်လာခဲ့ပါသည်။ နားလည်ဖို့ရန်ခက်လှသောမိုးတိမ်လွှာတစ်ခုသည် ဘုရားသခင်၏သားတော်အပေါ်၌ လွှမ်းခြုံထားသယောင်ဖြစ်နေပါသည်။ ထိုအမှောင်ရိပ်ကို ကိုယ်တော်အပါးတွင်ရှိနေကြသူများလည်း ခံစားခဲ့ကြရပါသည်။ ကိုယ်တော်သည်ထိုင်တော်မူယင်း ဘဝင်ဆိုက်လျက်ရှိပါသည်။ နောက်ဆုံးတွင် ထိုဆိတ်ငြိမ်မှုကိုဝမ်းနည်းနေသောအသံဖြင့် ဖြိုခွင်းတော်မူလိုက်သည်ကား ငါသည်ယခုစိတ်နှလုံးပူပန်ခြင်းရှိ၏။ အဘယ်သို့ငါလျှောက်ရမည်နည်း။ ထိုအချိန်မှအကျွန်ုပ်ကိုကယ်တင်တော်မူပါအဖ ဟူ၍ဖြစ်၏။ ခရစ်တော်သည် မျှော်လင့်ချက်အပြည့်ဖြင့် ခါးသီးသောထိုခွက်ဖလားကိုသောက်လျက်ရှိပါသည်။ ဖြစ်ပျက်နေသောအရာအားလုံးကိုကြည့်ခြင်းအားဖြင့် ဘုရားသခင်



သည် ကိုယ်တော်အားစွန့်ပစ်ထားမလိုဖြစ်နေသောအချိန်တွင် အများအမြင်၌ဘုရားသခင်သည် ကိုယ်တော်အားအဆုံးစီရင်လိုက်သလို၊ ထိုးနှိပ်လိုက်သလိုဖြစ်နေသောဤအချိန်တွင် လူသားဇာတိကိုခံယူထားသည့်ကိုယ်တော်အနေနှင့် တွန့်ရွံ့မိခဲ့ပါသည်။ ကိုယ်တော်သည် မိမိအားအထင်ကရဖြစ်စေသည့် လူမြင်ကွင်းတွင်ရပ်တည်ရန် နောက်တွန့်နေပါသည်။ အဆိုးရွားဆုံးသောရာဇဝတ်သားတစ်ဦးကဲ့သို့ဆက်ဆံမှုကို ခံယူရန်သော်လည်းကောင်း၊ ရှက်ကြောက်ဖွယ်အသရေယုတ်သောအသေခံခြင်းကို ခံယူရန်သော်လည်းကောင်းနောက်တွန့်နေပါသည်။ အမှောင်၏တန်ခိုးရှင်များနှင့်ပြုလုပ်နေသည့် တိုက်လှန်ပွဲ၏မကောင်းသောနိမိတ်တစ်ခုသည်လည်းကောင်း၊ လူသားများကျူးလွန်ခဲ့သောအပြစ်များအတွက် ရွံ့ရှာဖွယ်သောအပြစ်ဝန်များ၏ဖိစီးမှုသည်လည်းကောင်း၊ အပြစ်ဒုစရိုက်အပေါ်ထားရှိသည့် ဘုရားသခင်၏ဒေါသအမျက်သည်လည်းကောင်း ကိုယ်တော်၏စိတ်နှလုံးကိုပူပန်စေ၍ မျက်နှာတော်ကိုလည်းဖြူရော်စေခဲ့ပါသည်။

ထိုနောက် ဘုရားသခင်၏အလိုတော်ကိုဝန်ခံသည့်အနေဖြင့် "အကြောင်းရှိ၍သာ ထိုအချိန်သို့ရောက်လာပြီ၊ အိုအဖ၊ ကိုယ်တော်၏နာမတော်ကိုချီးမြှောက်တော်မူပါ" ဟူ၍ကိုယ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။ ခရစ်တော်အသေခံခြင်းအားဖြင့်သာ စာတန်၏နိုင်ငံကိုအောင်မြင်နိုင်မည်ဖြစ်ပါသည်။ ထိုနည်းအားဖြင့်သာ လူသားများကိုကယ်တင်နိုင်မည်ဖြစ်ပြီး ဘုရားသခင်ကိုလည်းချီးမြှောက်နိုင်မည်ဖြစ်ပါသည်။ သခင်ယေရှုသည် ဒုက္ခဝေဒနာများကိုခံစားရန် အလိုတူတော်မူခဲ့ပြီး ဆက်ကပ်ပူဇော်ရန်လက်ခံတော်မူခဲ့ပါသည်။ ကောင်းကင်ဗိုလ်ခြေအရှင်သည် အပြစ်ကိုယူတင်ဝတ်ဆောင်သူအနေဖြင့် ဒုက္ခဝေဒနာများကိုခံစားရန် အလိုတူတော်မူခဲ့ပါသည်။ "အိုအဖ၊ ကိုယ်တော်၏နာမတော်ကိုချီးမြှောက်တော်မူပါ" ဟုပြောဆိုနေစဉ်တွင် ကိုယ်တော်၏ဦးခေါင်းပေါ်မှာရစ်ဝဲနေသောမိုးတိမ်တိုက်ထဲမှ "ငါချီးမြှောက်ခဲ့ပြီ။ တစ်ဖန်ချီးမြှောက်ဦးမည်" ဟုတုံ့ပြန်သံတစ်ခုထွက်ပေါ်လာခဲ့ပါသည်။ ခရစ်တော်သည် နွားစားခွက်မှသည်ယခုအချိန်တိုင်အောင် ဘုရားသခင်ကိုချီးမြှောက်

တော်မူခဲ့ပါသည်။ ၎င်းပြင် မကြာမီတွင်ပြုလုပ်တော့မည့်စုံစမ်းစစ်ဆေးမှုတွင် ဘုရားဇာတိနှင့်လူသားဇာတိပေါင်းစပ်ထားသူအနေဖြင့် ကိုယ်တော်ခံစားရမည့် ဒုက္ခဝေဒနာများသည် အဖဘုရားသခင်၏နာမတော်ကို အထူးချီးမြှောက်တော်မူပါလိမ့်မည်။

ထိုအသံတော်ကိုကြားနေရစဉ်တွင် အလင်းတန်းတစ်ခုသည် မိုးတိမ်တိုက်ထဲမှလျှပ်တစ်ပြက်ပေါ်လာပြီး၊ အနန္တတန်ခိုးရှင်၏လက်မောင်းတော်များသည် ခရစ်တော်ကိုမီးတံတိုင်းကြီးနှင့်ပတ်ရစ်ထားသည့်နှယ် ရစ်ဝိုင်းဖက်ယမ်းထားပါသည်။ လူထုကြီးသည် ဤမြင်ကွင်းကိုစိုးရွံ့အံ့ဩစွာဖြင့် ကြည့်ရှုခဲ့ကြရပါသည်။ မည်သူတစ်စုံတစ်ယောက်မျှစကားမပြောဝံ့ကြချေ။ လူအပေါင်းတို့သည် နှုတ်ဆိတ်လျက်အသက်ပင်မရှူရဲကြဘဲ သခင်ယေရှုကိုစူးစိုက်ပြီးကြည့်နေကြပါသည်။ ပြုတော်မူခဲ့သောအဖဘုရားသခင်၏သက်သေခံချက်နှင့်မြင့်တက်သွားသော မိုးတိမ်တိုက်တို့သည် ကောင်းကင်ယံဝယ်ပျံ့လွင့်သွားခဲ့ပါသည်။ ထိုအခိုက်တွင် အဖဘုရားသခင်နှင့်သားတော်တို့အကြား မြင်သာသောဆက်နွယ်မှုများသည် ပြီးဆုံးသွားခဲ့ပါသည်။

"ဝန်းရံလျက်ရှိသောလူအစုအဝေးတို့ကြားလျှင် မိုးချုန်းသည်ဟုဆိုကြ၏။ အချို့ကလည်း ကိုယ်တော်အားကောင်းကင်တမန်မြွက်သည်ဟုဆိုကြ၏။" သို့ရာတွင် ခရစ်တော်နှင့်တွေ့ရန်အခွင့်တောင်းနေကြသော ထိုဟေလသလူများမှာမူ မိုးတိမ်ကိုမြင်တွေ့ခဲ့ကြပြီး အသံတော်ကိုလည်းကြားရကာ အနက်အဓိပ္ပါယ်ကိုသိရှိကြသဖြင့် ခရစ်တော်ကိုနားလည်ခဲ့ကြပါသည်။ ၎င်းတို့အတွက်ကိုယ်တော်သည် ဘုရားသခင်စေလွှတ်တော်မူသောပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ထင်ရှားခဲ့ပါသည်။

ဘုရားသခင်၏အသံတော်ကိုအမှုတော်အစ နှစ်ခြင်းမင်္ဂလာခံယူစဉ်ကတစ်ကြိမ်၊ အရောင်အဆင်းနှင့်ပြည့်စုံတော်မူခဲ့သည့်ကိုယ်တော်အား ဧလိယနှင့်မောရှေတို့လာရောက်တွေ့ဆုံခဲ့သည့်တောင်ပေါ်တွင်တစ်ကြိမ် ကြားခဲ့ဖူးကြပါသည်။ ယခုအမှုတော်အဆုံးသတ်ချိန်တွင် များပြားစွာသောလူအုပ်ကြီးသည် ထူးခြားသောအခြေအနေတွင် တတိယအကြိမ်အဖြစ်ကြားခဲ့ရပြန်ပါသည်။ ခရစ်တော်သည် ယုဒလူများ၏အခြေအနေမှန်ကို ယခုတွင်ပင်မိန့်တော်မူခဲ့ပြီး နောက်ဆုံးအကြိမ်အနေဖြင့်တောင်းခံမှုကိုပြုတော်မူခဲ့ကာ ၎င်းတို့ခံယူရမည့်အပြစ်ဒဏ်များကို စီရင်မိန့်မြွက်တော်မူခဲ့ပါသည်။ ယခုတွင်တစ်ဖန်ဘုရားသခင်သည် မိမိသားတော်၏အမှုတော်အတွက် တံဆိပ်ခတ်တော်မူပြန်ပါသည်။ ထာဝရဘုရားသခင်သည် ဣသရေလများကငြင်းပယ်နေသူတစ်ဦးအား အသိအမှတ်ပြုတော်မူခဲ့ပါသည်။ ယေရှုကလည်း "ထိုစကားသံသည် ငါ့အဖို့အလိုငှာလာသည်မဟုတ်၊ သင်တို့အဖို့အလိုငှာလာ၏" ဟုမိန့်တော်မူ၏။ ဤအရာသည် ကိုယ်တော်အားမေရှိယဖြစ်ကြောင်း ထင်ရှားစေသောအထောက်အထားတစ်ခုဖြစ်ပြီး ခရစ်တော်ပြောသောစကားများသည်မှန်ကန်၍ ကိုယ်တော်သည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်း အမှတ်အသားတစ်ခုဖြစ်ပါသည်။



"ယခုတွင် ဤလောကသည်တရားစီရင်ခြင်းကိုခံရ၏။ ယခုတွင် ဤလောကကိုအစိုးရသောမင်းသည် ပြင်သို့နှင်ထုတ်ခြင်းကိုခံရလိမ့်မည်။ ငါသည်လည်းမြေကြီးနှင့်ခွာ၍ မြှောက်ထားခြင်းကိုခံရလျှင် လူအပေါင်းတို့ကိုငါ့ထံသို့ ငါဆွဲမည်ဟုမိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော် မိမိသည်အဘယ်သို့သေရမည့်အရိပ်ကိုပေးတော်မူ၏။" ဤအချိန်သည် ဤကမ္ဘာလောကအတွက်အရေးကြီးသောအချိန်ဖြစ်ပါသည်။ ခရစ်တော်သည် လူသားများ၏အပြစ်အတွက် အပြစ်ဖြေရာဖြစ်လာခဲ့ပါလျှင် ဤလောကသည် အလင်းနှင့်ပြည့်စုံပါလိမ့်မည်။ အသက်ဝိညာဉ်များအပေါ် စာတန်၏ချုပ်ကိုင်မှုသည်လည်း ကျိုးပျက်သွားခဲ့လိမ့်မည်ဖြစ်ပါသည်။ လူသားများ၌ရှိသောဘုရားသခင်၏ရုပ်လုံးတော်သည်လည်း ပျက်ယွင်းရာမှပြန်လည်ပေါ်လာပါလိမ့်မည်။ ယုံကြည်သောသန့်ရှင်းသူမိသားစုများသည် နောက်ဆုံး၌ကောင်းကင်ရွှေအိမ်တော်တွင် အမွေခံကြရပါလိမ့်မည်။ ဤအရာသည် ခရစ်တော်အသေခံခြင်းကြောင့် ပေါ်ထွက်လာမည့်ရလဒ်တစ်ခုဖြစ်ပါသည်။ ကိုယ်တော်သည် မိမိ၏ရှေ့တွင်မြင်ယောင်နေသော ထိုအောင်မြင်မှုမြင်ကွင်းကို အာရုံစူးစိုက်ကြည့်ရှုတော်မူပါသည်။ ကြောက်ရွံ့စရာများနှင့်လည်းကောင်း၊ ဘုန်းတန်ခိုးတော်နှင့်လည်း

ကောင်း ရစ်ပတ်ထွန်းတောက်နေသော ရက်စက်ကြမ်းကြုတ်၍ရှက်ဖွယ်အလိဖြစ်သော ထိုကပ်တိုင်ကိုလည်း ကိုယ်တော်မြင်တွေ့တော်မူခဲ့ပါသည်။

သို့ရာတွင် လူသားများအားကယ်တင်ရန် ကပ်တိုင်တွင်ဆောင်ရွက်ပြီးစီးခဲ့သည့်အရာများသည် အလုံးစုံသောလုပ်ငန်းများမဟုတ်ကြသေးချေ။ ဘုရားသခင်၏မေတ္တာတော်သည် စကြဝဠာအတွက်ထင်ရှားနေပါသည်။ ဤလောကကိုအစိုးရသောမင်းကို အပြင်သို့နှင်ထုတ်တော်မူခဲ့ပါသည်။ ထာဝရဘုရားအပေါ် စာတန်ပြုလုပ်ခဲ့သည့် စွပ်စွဲပြစ်တင်မှုများကိုမဟုတ်မမှန်ကြောင်းထင်ရှားစွာဖော်ပြခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်အပေါ် ၎င်းပြုလုပ်ခဲ့သောအပြစ်တင်မှုများကိုလည်း ထာဝစဉ်ဖယ်ရှားပစ်လိုက်ပါသည်။ လူသားများကိုကယ်တင်ရှင်ထံသို့ဆွဲယူတော်မူသကဲ့သို့ ကောင်းကင်တမန်များကိုလည်းဆွဲယူတော်မူနေပါသည်။ “ငါသည်လည်းမြေကြီးနှင့်ခွာ၍ မြှောက်ထားခြင်းကိုခံရလျှင် လူအပေါင်းတို့ကိုငါ့ထံသို့ငါဆွဲမည်ဟု” ကိုယ်တော်မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူစဉ်တွင် အနားပတ်ဝန်းကျင်၌ လူအများစုရုံးနေသည်ဖြစ်ရာ အချို့လူများက “ခရစ်တော်သည် အစဉ်အမြဲတည်သည်ဟုပညတ္တိကျမ်း၌လာကြောင်းကို အကျွန်ုပ်တို့ကြားသိရပြီ။ သို့ဖြစ်လျှင် လူသားသည်မြှောက်ထားခြင်းကိုခံရမည်ဟု သင်သည်အဘယ်သို့ဆိုသနည်း၊ ထိုလူသားသည် အဘယ်သို့သောသူနည်းဟုဆိုကြ၏။ “ယေရှုကလည်း အလင်းသည်သင်တို့တွင်ခဏသာရှိ၏။ အလင်းရှိစဉ်အခါသွားလာကြလော့။ သို့မဟုတ်လျှင် မှောင်မိုက်သည်သင်တို့ကိုမီလိမ့်မည်။ မှောင်မိုက်၌သွားလာသောသူသည် အဘယ်သို့မိမိသွားသည်ကိုမိမိမသိ၊ အလင်းရှိစဉ်အခါ အလင်း၏သားဖြစ်အံ့သောငှာ အလင်းကိုယုံကြည်ကြလော့” ဟုမိန့်တော်မူ၏။

ထိုသူများသည် တစ်ချိန်က “အကျွန်ုပ်တို့သည် ကိုယ်မျက်စိနှင့်မြင်၍ ကိုယ်တော်ကိုယုံကြည်မည်အကြောင်း အဘယ်နိမိတ်လက္ခဏာကိုပြတော်မူသနည်းဟု ကယ်တင်ရှင်အားမေးခဲ့ဖူးကြပါသည်။ သို့ရာတွင် “ထိုမျှလောက်ကြီးစွာသောနိမိတ်လက္ခဏာတို့ကို သူတို့မျက်မှောက်၌ပြတော်မူ



သော်လည်း သူတို့သည်ယုံကြည်ခြင်းသို့မရောက်ကြ။” မရေမတွက်နိုင်အောင်များပြားလှသည့်နိမိတ်လက္ခဏာများကိုပြခဲ့သော်လည်း သူတို့သည်မျက်စိကိုပိတ်ထားကြပြီး စိတ်နှလုံးခိုင်မာလျက်ရှိကြပါသည်။ ယခုတွင် အဖဘုရားသခင်ကိုယ်တော်တိုင်မိန့်တော်မူခဲ့သဖြင့် နောက်ထပ်နိမိတ်လက္ခဏာတစ်ခုပြရန်သူတို့တောင်းခံစရာမလိုတော့သော်လည်း ယုံကြည်ရန်ကိုမူငြင်းဆန်နေကြဆဲဖြစ်ပါသည်။

“သို့သော်လည်း အရာရှိများတို့သည် ကိုယ်တော်ကိုယုံကြည်ကြ၏။ တရားဇရပ်မှ ဖာရိရှဲတို့သည်နှင်ထုတ်မည်ကိုစိုးရိမ်သောကြောင့် ထင်ရှားစွာဝန်မခံကြ။” သူတို့သည် ဘုရားသခင်ပြုတော်မူမည့်ချီးမွမ်းခြင်းထက် လူအချင်းချင်းပြုမည့်ချီးမွမ်းခြင်းကို ပို၍နှစ်သက်ခဲ့ကြပါသည်။ မိမိတို့အားသူတစ်ပါးကအပြစ်မတင်နိုင်စေရန်အလို့ငှာ သူတို့သည်ခရစ်တော်ကိုငြင်းပယ်၍ ပေးအပ်တော်မူသည့်ထာဝရအသက်ကိုရယူရန် ငြင်းဆန်ခဲ့ကြပါသည်။ ခေတ်အဆက်ဆက်တွင် ထိုနည်းနှင်နှင်ငြင်းပယ်မှုများကို မည်မျှများစွာသောလူသားများပြုလုပ်ခဲ့ကြပါသနည်း။ ထိုသူများအား ခရစ်တော်သတိပေးပြောကြားတော်မူသည်ကား၊ မိမိတို့အသက်ကိုနှမြောသောသူသည် အသက်ဆုံးလိမ့်မည်။ “ငါ့ကိုပယ်၍ငါ့စကားကိုနားမခံသောသူအား အပြစ်စီရင်သူရှိသေး၏။ ငါဟောပြောသောစကားပင် နောက်ဆုံးသောနေ့၌ ထိုသူအားအပြစ်စီရင်လိမ့်မည်။” ယောဟန် ၁၂း၄၈။

အလိုလေး၊ ထိုသူများသည် မိမိတို့အားအပြစ်ဒဏ်စီရင်မည့်အချိန်ကိုမသိကြပါတကား။ ခရစ်တော်သည် ဗိမာန်တော်ပရိဝုဏ်မှဝမ်းနည်းကြေကွဲသောစိတ်ဖြင့် ဖြည်းညင်းစွာထာဝရထွက်ကြွတော်မူခဲ့ပြီတကား။

****